www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

(ရှေ့မျက်နှာဖုံး)
ကြောက်ရွံ့ခြင်းမှ လွတ်ကင်းရေး
အောင်ဆန်းစုကြည်

(ရှေ့မျက်နှာဖုံးအတွင်း စာမျက်နှာ)
"စစ်သားမဟုတ်ပေမယ့် နိုင်ငံအတွက် အမျိုးမျိုးအနစ်နာခံ၊ အမျိုးမျိုးစွန့်စားလုပ်ကြတဲ့ လူတွေလည်း ရှိတာပဲ။ အဲ့ဒါကြောင့် စစ်သားမှ စစ်သားဆိုတဲ့ စိတ်ဓာတ်ကို ပြောင်းကြရမယ်။ ငါတို့ဟာ လက်နက်ကိုင်တွေ ဖြစ်ကြသော်လည်း မတရားမလုပ်၊ နိုင်ငံရဲ့ ရန်သူတွေမဟုတ်၊ နိုင်ငံရဲ့ မိတ်ဆွေတွေဖြစ်တယ်ဆိုတာကို သဘောပေါက်ရမယ်။" **(အောင်ဆန်း)**
"အောင်ဆန်းစုကြည်သည် အမှန်တရားကို ပြောဆိုနေ၍ငင်း၊ မြန်မာနှင့် ကမ္ဘာ့ အခြေခံအယူအများကို ရောင်ပြန်ဟပ်နေ၍ငင်း၊ သူမအား နှုတ်ဆိတ်အောင် မပြုလုပ်နိုင်ပါ။" **(ဗားစလဗ်ဟာဗဲလ်)**
"အောင်ဆန်းစုကြည်သည် အမျိုးသားယဉ်ကျေးမှုအမွေအနှစ်၏ အကောင်းဆုံး အင်္ဂါလက္ခဏာများဟု သူမက ယူဆထားသည်များကို ဂရုပြုလာစေရန် ကြိုးစား၍ သူမကိုယ်တိုင်လည်း ယင်းအင်္ဂါလက္ခဏာရပ်များနှင့် ထပ်တူထပ်မျှ ဖြစ်စေရန် ကြိုးပမ်းအားထုတ်သည်။" **(နိုဘဲလ်ကော်မတီဥက္ကဋ္ဌ၊ ၁၉၉၁)**

(အဖွင့်စာမျက်နှာ)
**ကြောက်ရွံ့ခြင်းမှ လွတ်ကင်းရေး**

(အဖွင့်စာမျက်နှာ)
**အောင်ဆန်းစုကြည်**
**ကြောက်ရွံ့ခြင်းမှ လွတ်ကင်းရေး**
**နှင့်**
**အခြားစာတမ်းများ**

ဒေါက်တာအောင်ခင် တည်းဖြတ်သည်။

La Haule Books

(ထုတ်ဝေသူများ၏ စာမျက်နှာ)
မကြောက်မရွံ့နှင့်
လွတ်လပ်မှန်ကန်စွာ
ရေးသားပြောဆိုပိုင်ခွင့်ရစေမည့်
နိုင်ငံရေးစနစ်ကို
တောင့်တနေသူ
မြန်မာတိုင်းရင်းသားအပေါင်းအား
ရည်ညွှန်းပါသည်။

This collection copyright © Aung San Suu Kyi, 1993
The moral right of the author has been asserted.

ISBN 0 86120 049 7

www.burmeseclassic.com

www.burmeseclassic.com

This first edition of
*Freedom from Fear and Other Writings*
in the Burmese language
first published in 1993 by
La Haule Books
West Lodge
La Haule
Jersey
Channel Islands
United Kingdom

The Buddhist symbol on the title and spine
is the *abhayamudra*, the "gesture of fearlessness"
Printed in England by Biddles Ltd., Guildford

(မာတိကာ)

## မာတိကာ

စာရေးသူ၏ အမှာ ၁
စတည်း၏ အမှာ ၂
ဗားစလပ်ဟာဗဲလ်၏ စကားဦး ၅
ဒေါ်သန်းအေးရေးသားသော ‘စု’ နှင့် မိတ်ဆက်ခြင်း ၇
နော်ဝေးနိုင်ငံ နိုဘဲလ်ကော်မတီဥက္ကဌ မိန့်ခွန်း ၄၃

### အပိုင်း – က

၁၉၈၄ ခုနှစ် – ၁၉၉၃ ခုနှစ်အတွင်း ရေးသားသော
စာတမ်းများနှင့် အထွေထွေမိန့်ခွန်းများ

၁။ အောင်ဆန်း ၅၄
၂။ ဒီမိုကရေစီရှာပုံတော် ၉၇
၃။ ကြောက်ရွံ့ခြင်းမှ လွတ်ကင်းရေး ၁၁၃
၄။ ‘ဗိုလ်’၏ အဓိပ္ပာယ်အစစ်အမှန် ၁၂၀
၅။ ရည်မှန်းချက်များ ၁၂၇
၆။ တော်လှန်ရေး၏ အလယ်ဗဟိုတွင် ၁၃၂
၇။ ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင်သို့ အိတ်ဖွင့်ပေးစာ ၁၃၈
၈။ ပြည်သူလူထုက လွတ်လပ်ရေးကို လိုချင်သည် ၁၄၁
၉။ နိုဘဲလ်ဆုရှင်ကိုယ်စားပြောသော မိန့်ခွန်း ၁၄၅
၁၀။ နိုဘဲလ်ကော်မတီသို့ ပေးစာ ၁၅၁
၁၁။ လူ့အခွင့်အရေးဥပဒေအဖွဲ့မှပေးသော ဆုအတွက်မိန့်ခွန်း ၁၅၃
၁၂။ စပိန်အိုလံပစ်မိန့်ခွန်း ၁၅၅
၁၃။ စစ်မှန်သောလုံခြုံရာသို့ ၁၅၉

### အပိုင်း – ခ

www.burmeseclassic.com

www.burmeseclassic.com

၁၉၈၈ ခုနှစ် ဩဂုတ်လမှ ၁၉၈၉ ခုနှစ် ဇူလိုင်လအထိ
ပြောကြားခဲ့သော မိန့်ခွန်းနှင့် သတင်းစာရှင်းလင်းပွဲများ

၁၄။ ရွှေတိဂုံစေတီတော်အနောက်မုခ်လူထုစည်းဝေးပွဲ ၁၇၂
၁၅။ ဒီမိုကရေစီရရှိရေးနှင့် ပြည်သူများ၏ အခန်းကဏ္ဍ ၁၈၂
၁၆။ သတင်းစာရှင်းလင်းပွဲအမှတ်–၃ ၁၈၇
၁၇။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ၁၉၈
၁၈။ ဒီမိုကရေစီအင်အားစုများညီညွတ်ရေး ၂၀၃
၁၉။ ဇူလိုင်ခုနစ်ရက်နေ့ ၂၁၂
၂၀။ တပ်မတော်ဟာ ဘယ်သူ့အတွက်လဲ ၂၁၉
၂၁။ နဝတနှင့် ရင်ဆိုင်ဆွေးနွေးရေး ၂၂၇
၂၂။ သတင်းစာရှင်းလင်းပွဲအမှတ်–၆ ၂၃၅
၂၃။ ပြည်သူလိုချင်တာ အောင်ဆန်းလမ်းစဉ် ၂၅၃
၂၄။ မိန့်ခွန်းကောက်နုတ်ချက်များ ၂၆၆

**စာရေးသူ၏ အမှာ**

စာရေးခြင်း၊ မိန့်ခွန်းပြောခြင်း၊ စကားပြောခြင်း စသော လုပ်ရပ်များ၏ အဓိကရည်ရွယ်ချက်တခုကား လူအချင်းချင်း နားလည်မှုတိုးပွားစေရန် ဖြစ်သည်ဟု ကျမ ယူဆပါသည်။ မြန်မာ့လူမှုရေး၊ နိုင်ငံရေးနှင့် ဒီမိုကရေစီအရေးတို့ကို ကမ္ဘာက ပိုမို၍ သိရှိနားလည်စေရန် ရည်ရွယ်၍ ဤစာအုပ်ပါ ဆောင်းပါးများကို ရေးသားခဲ့ခြင်း ဖြစ်ပါသည်။

နိုင်ငံတနိုင်ငံကို အမှန်တကယ်အကျိုးပြုနိုင်မည့် စီးပွားရေး၊ နိုင်ငံရေး၊ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်ရန် ပြည်သူပြည်သားအပေါင်းတွင် ပွင့်လင်းပြတ်သားစွာ သုံးသပ်ဝေဖန်ပိုင်ခွင့်နှင့် အသိအမြင်၊ အတွေးအခေါ်များကို လွတ်လပ်စွာ ဆွေးနွေးဖလှယ်ပိုင်ခွင့်များ ရှိရမည်ဟုလည်း ကျမ ယုံကြည်ပါသည်။ ၁၉၈၈–၈၉ ခုနှစ်များအတွင်း ကျမပြောကြားခဲ့သော မိန့်ခွန်းများနှင့် သတင်းစာရှင်းလင်းပွဲများ၏ ဦးတည်ချက်သည် ဒီမိုကရေစီသဘောတရားများနှင့် ဒီမိုကရေစီစနစ်ကို တည်ထောင်လိုသူတို့၏ အတွေးအခေါ်၊ အမြင်တို့ကို အများပြည်သူ ဝေဖန်သုံးသပ်နိုင်ငံရေးပင် ဖြစ်ပါသည်။

ဆောင်းပါးများ၊ မိန့်ခွန်းများ၊ သတင်းစာရှင်းလင်းပွဲများကို စုပေါင်း၍ စာအုပ်ထုတ်ဝေလိုက်ခြင်းဖြင့် မြန်မာ့နိုင်ငံရေးနှင့် ဒီမိုကရေစီရေးများကို နားလည်သုံးသပ်လိုသူများအတွက် အထောက်အကူဖြစ်နိုင်မည်ဟု မျှော်လင့်ပါသည်။

ဤစာအုပ်ကို ထုတ်ဝေနိုင်ရန် အားပေးကူညီခဲ့သူတို့အား ကျေးဇူးတင်လျက်ရှိပါသည်။ များပြားလှသော အလုပ်တာဝန်များကြားမှ စေတနာပြည့်ဝစွာဖြင့် အဓိကဘာသာပြန်သူအဖြစ်ရင်း၊ စာတည်းဖြတ်သူအဖြစ်ရင်း ဆောင်ရွက်ခဲ့သည့် ဒေါက်တာအောင်ခင်(လန်ဒန်) ကို အထူးကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။

အောင်ဆန်းစုကြည်

**စာတည်း၏ အမှာ**

(၁)

လွန်ခဲ့သော ရှစ်နှစ်ခန့် ၁၉၈၅ ခုနှစ်က ဖြစ်သည်။ နှင်းထူထပ်စွာကျနေသည့် ထိုနှစ် ဆောင်းရာသီတနေ့တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် ပထမဆုံးအကြိမ် ကျနော် တွေ့ဆုံခဲ့ရသည်။ ထိုစဉ်က အင်္ဂလန်တွင် ရန်ကုန်တက္ကသိုလ်မှ

www.burmeseclassic.com

www.burmeseclassic.com

လုပ်ဖော်ကိုင်ဖက်ဟောင်း သမိုင်းဆရာ–ဆရာမများ ရောက်ရှိနေခိုက်ဖြစ်သဖြင့် အောက်စဖို့ဒ်တက္ကသိုလ်တွင် တနေ့ စုဝေးကြသည်။

ထိုနေ့၌ပင် ဒေါ်အောင်ဆန်းစုကြည်တို့ ဇနီးမောင်နှံက သူတို့အိမ်တွင် လွှက်ရည်ပွဲ ပြင်ဆင်ထားသဖြင့် ကျနော်တို့ သမိုင်းအုပ်စု သွားကြသည်။ ကျနော်နှင့် ကျနော့်ဇနီးအပါအဝင် အားလုံး ဧည့်သည် ရှစ်ယောက် ရှိ၏။ ဒေါ်စုကိုယ်တိုင် လုပ်ထားသော ကိတ်မုန့်များ စားသောက်၍ တပျော်တပါး ရှိလှသည်။ ကျနော်သည် ဒေါ်စု၏ခင်ပွန်း ဒေါက်တာမိုက်ကယ်အဲရစ်နှင့်သာ စကားပြောရသည်ကများပြီး ဒေါ်စုမှာမူ အမျိုးသမီးဝိုင်းတွင် လက်မလည်နိုင်အောင် ဧည့်ခံရင်း စကားလက်ဆုံ ကျနေသည်က များ၏။

ဒေါ်စုတို့အိမ်မှာ အတော်လေးကျယ်ဝန်းသည်ဟု ဆိုနိုင်သော်လည်း ကုလားထိုင်များ၊ စားပွဲများနှင့် စာအုပ်စင်များကလွဲ၍ ကျနော် ဘာမျှ မတွေ့မိ။ လင်မယားနှစ်ယောက်စလုံး ရိုးရိုးကုပ်ကုပ်နှင့် စာပေလိုက်စားသူများ ဖြစ်သည်ဟူ၍သာ ကျနော့်စိတ်ထဲ၌ မှတ်ချက်ချမိသည်။

(၂)

ထိုနေ့ တွေ့ဆုံပြီးနောက်ပိုင်း ကျနော်နှင့် ဒေါ်စုတို့ဇနီးမောင်နှံ လုံးဝ အဆက်အသွယ် မရှိသလောက် ဖြစ်သွားသည်။ ၁၉၈၈ ခုနှစ်ရောက်မှ မြန်မာပြည် ဒီမိုကရေစီအရေးတော်ပုံတွင် ဒေါ်စု ဖောက်ချ၍ လုပ်ကိုင်နေသည်များကို သတင်းစာများတွင် ဖတ်ရသည်။ လူကြုံများနှင့် ပါလာသော ဗွီဒီယိုအခွေများတွင်လည်း ဒေါ်စုကို တွေ့ရသည်။

ကျနော်သည် မဆလခေတ်ကို စက်ဆုပ်ရွံရှာပြီး မဆလဒဏ်ကိုလည်း မခံနိုင်သည့်အဆုံး နိုင်ငံခြားထွက်လာခဲ့သူဖြစ်သည်။ ဒေါ်စုမှာမူ လွတ်လပ်နေရာမှ အမိနိုင်ငံသို့ပြန်ရင်း မိမိ၏ ယုံကြည်ချက်အတိုင်း ဒီမိုကရေစီထွန်းကားရေးအတွက် တိုက်ပွဲဝင် ရုန်းကန်နေသူဖြစ်သည်။

ဒေါ်စုကို ရိုးသားဖြောင့်မတ် သိမ်မွေ့သော အိမ်ရှင်မတဦးအဖြစ်သာ သိရှိထားခဲ့သဖြင့် ရေရှည်တိုက်ပွဲတွင် ခံနိုင်ရည်ရှိပါ့မလားဟု အစတွင် ကျနော် သံသယဖြစ်မိသည်။ သို့သော် ဒေါ်စု ဦးဆောင်သည့် ဒီမိုကရေစီတိုက်ပွဲ အချိန်ကြာလာသည်နှင့်အမျှ ထိုသံသယစိတ်တို့ လွင့်စင်ကွယ်ပျောက်ကုန်တော့သည်။

(၃)

ဒေါ်စု အင်္ဂလိပ်ဘာသာဖြင့်ရေးသား၍ ခင်ပွန်းသည် ဒေါက်တာမိုက်ကယ်အဲရစ် တည်းဖြတ်ထုတ်ဝေသော **"Freedom From Fear"** စာအုပ်ကို ၁၉၉၁ ခုနှစ် ဒီဇင်ဘာလတွင် ဖတ်လိုက်ရသည်။ ထိုစာအုပ်ကို မြန်မာဘာသာ ပြန်ဆိုထုတ်ဝေသင့်သည်ဟု ကျနော် တွေးမိသည်။ ထိုစာအုပ်ကို တကယ်တမ်း မြန်မာပြန်ရာတွင် ကျနော် အဓိကအခန်းမှ ပါဝင်လာရမည်ဟု ထိုစဉ်က မထင်မှတ်ခဲ့ပါ။ ကျနော် နောက်ဆုံး မြန်မာပြန်ဆို ရေးသားထုတ်ဝေခဲ့သည့် အတွေ့အကြုံမှာ ၁၉၇၁ ခုနှစ်က ဖြစ်သည်။ နှစ်ပေါင်း ၂၀ ကျော်ခန့် မြန်မာပြန်ထုတ်ဝေသည့် အလေ့အထ ပြတ်လပ်နေခဲ့သဖြင့် အစတွင် ဒေါ်စုစာအုပ်ကို မြန်မာပြန်ရန် မဝံ့မရဲ ဖြစ်မိသော်လည်း မြန်မာတိုင်းရင်းသားတိုင်း ဖတ်ရှုသင့်သည့်စာအုပ်ဟု ယုံကြည်သည့်အတွက် အတတ်နိုင်ဆုံး အားထုတ်ပြန်ဆိုခဲ့ရသည်။ အထူးသဖြင့် မြန်မာစာဖတ်ပရိသတ်အတွက် ရည်စူးထားသည့်အလျောက် အင်္ဂလိပ်စာအုပ်နှင့်မတူဘဲ တမူထူးခြားနေမှာ အမှန်ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းကို မြန်မာ့လွတ်လပ်ရေးဖခင်ဟု လူတိုင်းလိုလို ငယ်စဉ်ကတည်းက သိရှိထားခဲ့ကြသော်လည်း ဗိုလ်ချုပ်၏ အတွေးအခေါ်အယူအဆများကို လေးလေးနက်နက် နားလည်သဘောပေါက်မိသူ အလွန်နည်းပါးလိမ့်မည်ထင်သည်။ ထိုလူနည်းစုထဲတွင် ဒေါ်စု အထင်ရှားဆုံးဖြစ်မည်မှာ ပြောရန်မလိုဟု ယုံကြည်သည်။ ဗိုလ်ချုပ်အောင်ဆန်း၏ အတွေးအခေါ်အယူအဆများပေါ်တွင် အခြေခံ၍ မိမိကိုယ်ပိုင် ယုံကြည်ချက်များကို တည်ဆောက်ထားသော ဒေါ်စု၏ အတွေးအခေါ်ကို မြန်မာတိုင်းရင်းသားတိုင်း သိရှိနားလည် သဘောပေါက်ရန် လိုအပ်သည်။

မြန်မာနိုင်ငံတွင် ၁၉၆၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ပြည်သူလူထု ယုံကြည်အားထားလောက်သည့် နိုင်ငံရေးခေါင်းဆောင်မျိုး ပေါ်ပေါက်ရန် အခွင့်အလမ်း မရှိခဲ့ပါ။ ၁၉၈၈ ခုနှစ် ဒီမိုကရေစီအရေးတော်ပုံ

www.burmeseclassic.com

www.burmeseclassic.com

ပေါ်ပေါက်လာသည့်အခါတွင်မှ ကိုယ်ကျိုးစွန့်၍ တိုင်းပြည်အတွက် အနစ်နာခံလုပ်ကြမည့် ငယ်ရွယ်သောခေါင်းဆောင်များ ပေါ်ပေါက်လာခြင်းဖြစ်သည်။ ထိုအထဲတွင် ဒေါ်စုသည် ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံရေးအမွေကို ဆက်ခံမည့်သူအဖြစ်၎င်း၊ ငြိမ်းချမ်းသောနည်းဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ရယူနိုင်မည့်သူအဖြစ်၎င်း၊ တပ်မတော်သားတို့က ရိုသေလေးစားရသူအဖြစ်၎င်း၊ အများပြည်သူ၏ ယုံကြည်ကိုးစားမှု ရယူထားသူအဖြစ်၎င်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေးကို လုပ်ဆောင်နိုင်မည့်သူအဖြစ်၎င်း ပေါ်ထွက်လာပါသည်။

(၄)

ကွယ်လွန်သူ သမိုင်းပညာရှင် ဗိုလ်မှူးဘရှင် ရေးသား၍ ၁၉၅၀ ခုနှစ်က ပထမဆုံးအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့သည့် "မြန်မာနိုင်ငံတော်သမိုင်း" စာအုပ်တွင် မြန်မာ့ရှေးဟောင်းသမိုင်းပညာရှင်ကြီး ပါမောက္ခ ဂျီ၊ အိတ်ချ်၊ လုစ် က "ဗမာမဟုတ်သော နိုင်ငံသားများအပေါ် ကွယ်လွန်သူ အောင်ဆန်း ထားရှိသော သဘောထားများကို ကျနော် များစွာလေးစားမိပါ၏။ မြန်မာနိုင်ငံ စည်းလုံးရေးကို ဓားဖြင့်မဟုတ်ဘဲ နိုင်ငံ့ခေါင်းဆောင်ပီသစွာ လေးလေးနက်နက် အဓိပ္ပာယ်ရှိရှိ ကြိုးပမ်းရာတွင် 'ကျန်စစ်သား' လွန်သည်မှစ၍ အောင်ဆန်းသည် ပထမဆုံးသော ဗမာဖြစ်သည်ဟု ကျနော် ယူဆပါသည်"ဟု ၎င်း၏ အမှာစာတွင် မှတ်တမ်းတင်ထားသည်။

ဒေါ်စုသည် ဖခင်လုပ်သူ၏ ခြေရာအတိုင်း လိုက်နိုင်မည်ဟု ကျနော် ယုံကြည်၏။ သို့သော် မြန်မာနိုင်ငံ၌ ဒီမိုကရေစီထွန်းကားရန် ဒေါ်စုတဦးတည်း အနစ်နာခံကြိုးပမ်း၍ ရမည်မဟုတ်၊ လူတိုင်းက မိမိတို့၏ ကိုယ်ကျိုးသက်သက်ကိုသာ ကြည့်မနေဘဲ၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ဒီမိုကရေစီအရေးတို့အတွက် တတ်နိုင်သ၍ တာဝန်သိသိ ကူညီမှသာ မြန်မာနိုင်ငံတွင် ဒီမိုကရေစီထွန်းကား၍ စစ်မှန်သော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ရရှိနိုင်မည်ဖြစ်သည်။

စာအုပ်ပါ အသုံးအနှုန်းများကို နေ့စဉ်သုံး မြန်မာစကားနှင့် အနီးစပ်ဆုံးဖြစ်စေရန် ရည်ရွယ်ထားသဖြင့် ဥပမာ "ကျွန်မ–ကျွန်တော်" ဟူသော စာလုံးပေါင်းကို မသုံးဘဲ "ကျမ–ကျနော်" ဖြင့် အစားထိုး သုံးစွဲထားသည်။ မူရင်း မြန်မာစကားတွင် မိမိကိုယ်မိမိ "ငါ"ဟူ၍ ရည်ညွှန်းသော်လည်း အာဏာရှင်ဘုရင်များခေတ်တွင် "ကျွန်" ဟူသော ဝေါဟာရ ခေတ်စားလာခဲ့၍ "ငါ" ဟူသော မူလအသုံးအနှုန်းမှာ ဘုရားစာများတွင်သာ ကျန်နေတော့မည် ဖြစ်သည်။

စာအုပ်ဖြစ်မြောက်ရေးအတွက် အဖက်ဖက်မှ ကူညီကြသည့် လန်ဒန်မြို့မှ အရှင်ဥတ္တရ၊ ဦးစိန်ကျော်လှိုင်နှင့် အခြား မြန်မာပြန်ဆိုကူညီသူများအား အထူးလိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။ မြန်မာပြန်ဆိုရာ၌ တစုံတရာ ချွတ်ယွင်းမှုရှိမည်ဆိုလျှင် ကျနော့်တွင်သာ တာဝန်ရှိပါသည်။

ဒေါက်တာအောင်ခင်
လန်ဒန်
၇–၉–၉၃

**ဗားစလပ် ဟာဗဲလ်၏ စကားဦး**

ဗားစလပ်ဟာဗဲလ် (Vaclav Havel) သည် အထူးရိုလေးစားခြင်းခံရသော ပြဇာတ်နှင့် စာရေးဆရာဖြစ်ပြီး ယခုအခါတွင် ချက် (Czech) နိုင်ငံ၏ သမတဖြစ်သည်။ ချာတာ–၇၇ ဟု ထင်ရှားသော လူ့အခွင့်အရေးလှုပ်ရှားမှုကို ၁၉၇၇ ခုနှစ်၌ စတင်တည်ထောင်ရာတွင်လည်း ပါဝင်ခဲ့သည်။ ဤလှုပ်ရှားမှုကြောင့် ချက်ကိုစလိုဗားကီးယား (Czechoslovakia) တွင် ဒီမိုကရေစီကို ကျင့်သုံးလာနိုင်ခြင်း ဖြစ်၏။ တပါတီအာဏာရှင်စနစ်အောက်တွင် နှစ်ပေါင်းများစွာ ထောင်ချခံရခြင်း၊ နေအိမ်တွင် အကျယ်ချုပ်ဖြင့် ဖမ်းဆီးခံရခြင်း စသည့် အတွေ့အကြုံများ ရှိခဲ့သူဖြစ်သဖြင့် ဗားစလပ် ဟာဗဲလ်သည် အောင်ဆန်းစုကြည်အပေါ်တွင် အထူး စာနာထောက်ထား၊ ရိုသေလေးစားသူ ဖြစ်သည်။ သူမကို ၁၉၉၁ ခုနှစ်၌ နိုဘဲလ်ငြိမ်းချမ်းရေးဆုပေးရန် အဆိုပြုသူများထဲတွင် ၎င်းပါဝင်သည်။

www.burmeseclassic.com

www.burmeseclassic.com

* * *

ဒေါ်အောင်ဆန်းစုကြည်သည် နိုဘဲလ်ငြိမ်းချမ်းရေးဆုကို ရရှိခဲ့ပြီဖြစ်သည်။ လွတ်လပ်မှုနှင့် လူ့ဂုဏ်သိက္ခာအတွက် အာဏာရှင်စနစ်အား ဆန့်ကျင်သည့် သူမ၏ တိုက်ပွဲကို ယခုအခါ အပြည်ပြည်ဆိုင်ရာက အသိအမှတ်ပြုလိုက်ခြင်းပင်ဖြစ်သည်။ သူမသည် ဤဆုနှင့် အလွန်ပင် ထိုက်တန်သူတဦးဖြစ်သည်။ သူမသည် ရှင်းလင်းပြတ်သားခိုင်မာစွာ ပြောဆိုသူဖြစ်သည်။ သူမအား နှုတ်ဆိတ်သွားစေရန် ရည်ရွယ်၍ နိုင်ငံခြားသို့ အမြဲတမ်းသွားရောက်နေထိုင်ပါရန် ဆွဲဆောင်ကမ်းလှမ်းလာသည်ကို သူမက လက်မခံဘဲ ငြင်းပယ်ထားပါသည်။ အကျယ်ချုပ်ကျခံနေရသည့်ဘဝတွင် သစ္စာတရားကို စောင့်ထိန်းလျက်ရှိသည်။ အာဏာမဲ့သူတို့၏ စွမ်းအားကို သူမက အလွန်ထင်ရှားစွာ ဥပမာပြနေပါသည်။ နိုဘဲလ်ငြိမ်းချမ်းရေးဆုအတွက် သူမအား အဆိုပြုခဲ့ရသည်ကို ကျနော် လေးနက်စွာ ဂုဏ်ယူမိသည့်အလျောက် သူမအား ရွေးချယ်လိုက်သည်ကို ကောင်းချီးသြဘာပေးကြသူများတွင် ကျနော်အပါအဝင် ဖြစ်သည်။

မြန်မာပြည်၌ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးရရှိရန် ဦးတည်သော တိုက်ပွဲတွင် ဘဝကို မြှုပ်နှံထားခြင်းဖြင့် ဒေါ်အောင်ဆန်းစုကြည်သည် သူမ၏ တိုင်းပြည်၌ တရားမျှတမှုရှိရန်အတွက်သာမက မိမိတို့၏ ပန်းတိုင်ကို မိမိတို့ကိုယ်တိုင် လွတ်လပ်စွာ ရွေးချယ်လိုသူ အားလုံးအတွက်ပါ ရဲရင့်စွာ ပြောဆိုနေခြင်းဖြစ်ပါသည်။ ကမ္ဘာတခွင်လုံးတွင် လွတ်လပ်မှုရရှိရေးအတွက် ကြိုးပမ်းအားထုတ်ရန် လိုအပ်နေသမျှ ကာလပတ်လုံး ဒေါ်အောင်ဆန်းစုကြည်၏ ထုတ်ဖော်ပြောဆိုချက်ကဲ့သို့သော ပြောဆိုမှုများသည် အခြားသူများကိုပါ လှုံ့ဆော်သိမ်းသွင်းလာလိမ့်မည် ဖြစ်ပါသည်။ လွတ်လပ်ရေး တောင့်တသည့် ဟစ်ကြွေးသံသည် ဥရောပအလယ်ပိုင်းမှ ထွက်ပေါ်လာသည်ဖြစ်စေ၊ ရုရှားမှဖြစ်စေ၊ အာဖရိကမှဖြစ်စေ၊ သို့မဟုတ် အာရှမှဖြစ်စေ တသံတည်းထွက်နေပါသည်။ ၎င်းမှာ လူသားအားလုံးကို လူ့ဂုဏ်သိက္ခာနှင့်အညီ ဆက်ဆံပါရန်နှင့် လူသားအားလုံးတွင် မျှော်လင့်ချက်ရှိရန် လိုအပ်သည်ဟူသော ဟစ်ကြွေးသံပင်ဖြစ်ပါသည်။ ဒေါ်အောင်ဆန်းစုကြည်သည် အမှန်တရားကို ပြောဆိုနေ၍၎င်း၊ သူမ၏ စကားများသည် မြန်မာနှင့် ကမ္ဘာ့အခြေခံအယူအဆကို ရောင်ပြန်ဟပ်နေ၍၎င်း၊ သူမအား နှုတ်ဆိတ်အောင် မပြုလုပ်နိုင်ပါ။ “လူသား၏ သန္တေပါ ဂုဏ်သိက္ခာ၊ လူသားနှင့် ခွဲခွာ၍မရသော ညီမျှသော အခွင့်အရေးများကို အသိအမှတ်ပြုသည့် အယူအဆ၊ လူတိုင်းတွင် အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်နှင့် ဆင်ခြင်တုံတရားရှိသည်ကို လက်ခံထားသော အယူအဆ၊ လူလူချင်း ညီအကိုမောင်နှမသဖွယ် မေတ္တာထားရန် အကြံပြုသော အယူအဆ စသည့် အတွေးအခေါ်အယူအဆတို့သည် မိမိတို့၏ တန်ဖိုးထားမှုများနှင့် မည်ကဲ့သို့ ဆန့်ကျင်ဘက်ဖြစ်နိုင်မည်ကို မြန်မာနိုင်ငံသူ နိုင်ငံသားများအနေနှင့် နားမလည်နိုင်အောင် ဖြစ်ရပေသည်”ဟု ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ရေးသားထားပါသည်။ ရဲရင့်သတ္တိရှိသော ဤအမျိုးသမီးအား နိုဘဲလ်ငြိမ်းချမ်းရေးဆု ချီးမြှင့်ခြင်းသည် တရားမျှတမှုကို ကြိုးစားရှာဖွေနေကြသူ ကျနော်တို့အားလုံးအတွက် သူမက ပြောဆိုနေသည်ကို ရှင်းလင်းစွာ ပြသလိုက်ခြင်းပင် ဖြစ်ပါသည်။

## ဒေါ်သန်းအေးရေးသားသော ‘စု’နှင့် မိတ်ဆက်ခြင်း

ဒေါ်သန်းအေး ပညာတော်သင်အဖြစ် အင်္ဂလန်နိုင်ငံ၌ ရောက်ရှိနေစဉ် ဗိုလ်ချုပ်အောင်ဆန်းနှင့် တွေ့ဆုံခဲ့သည်။ ထို့နောက် သူမသည် ဒေါ်ခင်ကြည်၏ မိတ်ဆွေဖြစ်လာပြီး အောင်ဆန်းစုကြည်နှင့် ဘဝတလျောက်လုံးတွင် ချစ်ခင်ရင်းနှီးသူဖြစ်သည်။ ဒေါ်သန်းအေးကို ထိုခေတ်က အဆိုတော် ‘ဘိလပ်ပြန်သန်း’ ဟု လူသိများခဲ့၏။ ဆရာမအဖြစ်၎င်း၊ တာဝန်ထမ်းဆောင်ပြီးသောအခါတွင် ကမ္ဘာ့ကုလသမဂ္ဂ၌ ပထမဆုံး အမှုထမ်းသော မြန်မာအမျိုးသမီး ဖြစ်လာသည်။ ကုလသမဂ္ဂတွင် နှစ်ပေါင်း (၂၅) နှစ်ကြာ အမှုထမ်းပြီးနောက် အငြိမ်းစားယူကာ ယခုအခါ သြစတြီးယားနိုင်ငံ၌ နေထိုင်လျက်ရှိသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

စတြာစ်ဘောက်မြို့ (Strasbourg) ၌ (၁၂) နိုင်ငံပါဝင်သော ဥရောပပါလီမန်သည် ၁၉၉၁ ခုနှစ် ဇူလိုင်လ (၁၉) ရက်နေ့တွင် တည်ငြိမ်သိက္ခာရှိသော အထူးစည်းဝေးပွဲကျင်းပကာ မြန်မာနိုင်ငံမှ ဒေါ်အောင်ဆန်းစုကြည်အား လွတ်လပ်စွာ တွေးခေါ်မှုအတွက် ၁၉၉၁ ခုနှစ် ဆာခါရော့ (Sakharov) ဆုကို ချီးမြှင့်လိုက်ပါသည်။ ယခင်နှစ်များက တောင်အာဖရိကမှ နယ်ဆင်မန်ဒဲလား (Nelson Nandela)၊ ဆိုဗီယက်ပြည်ထောင်စုမှ အနာတိုလီမာချန်ကို (Anatoly Marchenko) နှင့် ချက်ကိုဆလိုဗက်ကီးယားနိုင်ငံမှ အလက်ဇန္ဒားဒုဗ်ချက် (Alexander Dubcek) တို့အား အလားတူ ဂုဏ်ပြုခဲ့ပါသည်။ ပါလီမန်ဥက္ကဋ္ဌဖြစ်သူ ဘာရွန်ခရက်(စ်)ပို (Baron Crespo) က ခန့်ညားထယ်ဝါသော စပိန်ဘာသာစကားနှင့် မြွက်ကြားလိုက်သော ကြေညာချက်ကို ကျမတို့ နားကြပ်များထဲမှ ဘာသာပြန်က အင်္ဂလိပ်စကားနှင့် ပြန်ပြောလိုက်သည်မှာ 'ကျနော်တို့သည် ဤဆုကို ရဲရင့်သော အာရှသူတဦးအား ချီးမြှင့်လိုက်ပါသည်။ ဤအမျိုးသမီး၏ အမည်သည် လွတ်လပ်ခြင်းနှင့် ဒီမိုကရေစီအတွက် အကြမ်းမဖက်သောနည်းနှင့် တိုက်ပွဲဝင်ခြင်းတို့နှင့် ထပ်တူထပ်မျှပင် ဖြစ်ပါသည်'။ မိန့်ခွန်းအပြီး၌ ဥက္ကဋ္ဌကြီးသည် အခမ်းအနား စင်မြင့်ပေါ်၌ ဖခင်နှင့်အတူ ထိုင်နေသော ကင်မ် (ဒေါ်အောင်ဆန်းစုကြည်၏ သားငယ် မောင်ထိန်လင်း) အား ဆုလက်မှတ်ကို အပ်နှင်းလိုက်ခြင်းဖြင့် တိုတောင်းသော်လည်း စိတ်လှုပ်ရှားဖွယ်အတိဖြစ်သော အခမ်းအနားကို နိဂုံးချုပ်လိုက်ပါသည်။ မိတ်ဆွေသူငယ်ချင်းများက 'စု' ဟူ၍ ခေါ်လေ့ရှိသော သူမသည်ကား ဤဆုကို ကိုယ်တိုင်လာရောက် လက်မခံနိုင်ရှာပါ။ သူသည် မြန်မာစစ်အစိုးရ၏ အကျဉ်းကျခံတဦးအနေနှင့် ရန်ကုန်မြို့၌ အထိန်းသိမ်းခံဘ 'သုံး' နှစ်မြောက် သက်တမ်းကို စတင်ရင်ဆိုင်လျက် ရှိပါသည်။

ဤဖမ်းဆီးချုပ်နှောင်ခြင်းနှင့် ဤဂုဏ်ပြုချီးမြှင့်ခြင်းတို့ကို ဖြစ်ပေါ်လာစေခဲ့သော စု၏ ဘဝလမ်းကြောင်းကို စဉ်းစားသုံးသပ်ရင်း ကျမကိုယ်ကိုကျမ (ဤနေရာတွင် ဓါတ်ပုံများ ထည့်ပါသည်)

(ဓါတ်ပုံအောက်မှစာသားများ)

**အပေါ်** – မိခင်ကိုယ်စား သားငယ်ကင်မ် (ထိန်လင်း)က လွတ်လပ်စွာတွေးခေါ်မှုဆိုင်ရာ ဆာခါရော့ဆုကို ၁၉၉၁ ခုနှစ် ဇူလိုင်လ ၁၀ ရက်နေ့တွင် လက်ခံရယူစဉ်

**အောက်** – ယခု ထောင်ဒဏ်ကျခံနေရသော ဦးကြည်မောင်နှင့်အတူ ၁၉၈၉ ခုနှစ်၌ တွေ့ရစဉ်

ဗြိတိသျှဝန်ကြီးချုပ် အတ္တလီ၏ အမှတ် (၁၀) ဒေါင်းနင်းလမ်း လန်ဒန်မြို့နေအိမ်တွင် ၁၉၄၇ ခုနှစ် ဇန္နဝါရီ၌ တွေ့ဆုံစဉ် (ဝဲမှ ယာ) ဦးဘဘေ၊ မစ္စတာကလီမန့်အတ္တလီ၊ ဗိုလ်ချုပ်အောင်ဆန်း၊ ဦးတင်ထွတ်၊ လော့ဒ်ပီသစ်လောရင့်

(ဒေါ်သန်းအေးဆောင်းပါး အဆက်)

မေးခွန်းအမျိုးမျိုး ထုတ်နေမိပါသည်။ 'ဒါတွေဟာ ဘယ်လိုကဘယ်လို ဖြစ်ပေါ်ခဲ့တာပါလိမ့်၊ ဒီလိုအခြေအနေဆိုးတွေ၊ ဖိစီးချုပ်ချယ်မှုတွေကို ခံနိုင်စွမ်းပေးတဲ့ ကြံ့ခိုင်တဲ့စိတ်ဓာတ်ရဲ့ အရင်းအမြစ်ဟာ ဘာပါလိမ့်၊ ဘယ်ကများ ထွက်ပေါ်လာပါလိမ့်၊ ဘယ်လောက် ကြာဦးမယ်မသိအောင် ဆက်လက်ထိန်းသိမ်းခံနေရဦးမှာနဲ့ မြန်မာ့နိုင်ငံရေးဇာတ်ကွင်းထဲ သူမ စွမ်းဆောင်ခဲ့သမျှကို စစ်အစိုးရက တမင်တကာ တိုက်ဖျက်နေတာတွေကို သူမ ဘယ်လိုများ မြင်ပါလိမ့်။' သူမသည် ထိုဇာတ်ကွင်းထဲသို့ ၁၉၈၈ ခုနှစ်၌ နိုင်ငံရေးပါတီတရပ် တည်ထောင်စဉ်က ဝင်ရောက်ခဲ့ပါသည်။ သူမအား ဖမ်းဆီးလိုက်ပြီး (၁၀) လခန့်အကြာတွင် ကျင်းပခဲ့သော ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲ၌ ထိုပါတီက အပြတ်အသတ် အနိုင်ရခဲ့ပါသည်။

ကျမ၏ အထင်အမြင်အရ၊ စု၏ အနိုင်မခံ အရှုံးမပေးစိတ်ဓာတ်နှင့် အများနှင့်မတူ တမူထူးသော သဘောသဘာဝတို့၏ ခိုင်မြဲသော ဇစ်မြစ်သည် မေ့ပျောက်၍ မရနိုင်သော သူမ၏ ဖခင် ဗိုလ်ချုပ်အောင်ဆန်း၏ သတိရတမ်းတဖွယ်ရာ အရည်အချင်းများနှင့် သူမ၏ ထူးခြားသောမိခင် ဒေါ်ခင်ကြည်၏ ပြုစုပျိုးထောင်မှုတို့ပင် ဖြစ်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ ဘဝဇာတ်လမ်းသည် မြန်မာ့သမိုင်း၏ တစိတ်တပိုင်းဖြစ်၍ အများကသိပြီး၊ မှတ်တမ်းတင်ပြီး ဖြစ်ပါသည်။ (နောက်ဆုံးမှတ်တမ်းတရပ်ကို သူ့သမီးကိုယ်တိုင် ပြုစုခဲ့ပါသည်။) ဗြိတိသျှလက်အောက်ခံ မြန်မာနိုင်ငံအတွင်းသို့ ဂျပန်တပ်မတော်နှင့်အတူ ရှေ့ဦးမှ ချီတက်မည့် ရဲဘော်သုံးကျိပ်ခေါင်းဆောင်အဖြစ် ဂျပန်တို့ထံမှ စစ်ပညာသင်ကြားခဲ့ပုံ၊ ဂျပန်တို့လက်အောက်ခံအဖြစ် နေခဲ့ရသော

www.burmeseclassic.com

www.burmeseclassic.com

အတုအယောင်လွတ်လပ်ရေးကာလ နောက်ပိုင်း၌ မြန်မာပြည်ကို ပြန်လည်သိမ်းပိုက်ရန် ဝင်ရောက်လာသော မဟာမိတ်တပ်များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပုံ၊ နောက်ဆုံး စစ်ပြီးခေတ်၌ လုံးဝလွတ်လပ်ရေးတောင်းဆိုချက်ကို ဗြိတိသျှတို့ လိုက်လျောရသည်အထိ အပတ်တကုတ် ကြိုးပမ်းလှုပ်ရှားခဲ့ပုံ စသည်တို့ကို စာရေးဆရာအများက အသေးစိတ် ရေးသားတင်ပြပြီး ဖြစ်ပါသည်။ ဒေါ်ခင်ကြည်၏ အတ္ထုပ္ပတ္တိကိုမူ စေ့စေ့ငှငှ မှတ်တမ်းတင်ထားခြင်း မရှိပါ။

ဗိုလ်ချုပ်နှင့်ပတ်သက်၍ ကျမ သတိရနေသော အချက်အချို့မှာ အထူးအောက်မေ့လွမ်းဆွတ်ဖွယ် ဖြစ်ပါသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးကိစ္စများကို အတ္တလီ **(Attlee)** အစိုးရနှင့် ဆွေးနွေးရန် ကိုယ်စားလှယ်အဖွဲ့ကို ခေါင်းဆောင်ကာ ဗိုလ်ချုပ်ရောက်လာသော ၁၉၄၇ ခုနှစ် ဇန္နဝါရီလမှာ အင်္ဂလန်နိုင်ငံ၌ အဆိုးဆုံးဆောင်းကာလ၏ ရာသီဒဏ်ကို အလူးအလဲခံနေရချိန် ဖြစ်ပါသည်။ လန်ဒန်မြို့လယ်၌ နှင်းစိုင်နှင်းခဲများသည် ရှင်းလင်း၍ မထားနိုင်လောက်အောင် ထူထပ်စွာပုံနေပြီး ကိုယ်စားလှယ်အဖွဲ့ တည်းခိုရာ ဒေါ်ချက်(စ်)တာဟိုတယ် **(Dorchester Hotel)** သွားလမ်းကိုပင် ပိတ်ဆို့လုမတတ် ဖြစ်နေပါသည်။ စစ်ပြီးစခေတ် ခြိုးခြံစွာနေထိုင်ရေးစနစ်သည် အားလုံးအပေါ် သက်ရောက်မှုရှိသဖြင့် မြန်မာများလည်း အခြားလန်ဒန်တွင် နေထိုင်သူ လူအများနည်းတူ နေ့စဉ် နာရီပေါင်းများစွာ လျှပ်စစ်ဓာတ်အား ဖြတ်တောက်ခံရသည့်ဒုက္ခကို ကောင်းကောင်းကြီး ရင်ဆိုင်နေကြရပါသည်။ ဟိုတယ်ခန်းများတွင် မီးသွေးမီး၊ ထင်းမီးတို့နှင့် ဟုန်းဟုန်းတောက်နေသော မီးလင်းဖိုကြီးများ မရှိပါ။ သေးငယ်သော ဓာတ်မီးလင်းဖိုကလေးများသာ ရှိပါသည်။ အနေရအထိုင်ရ မသက်သာလှသော အချိန်ဖြစ်သော်လည်း၊ မျှော်လင့်ခြင်းနှင့် စိတ်ဓာတ်တက်ကြွခြင်းတို့ မြင့်မားနေချိန်လည်း ဖြစ်ပါသည်။

ဗိုလ်ချုပ်သည် လန်ဒန်ရှိ မြန်မာများအားလုံးနှင့် တွေ့ဆုံနိုင်ရန် ဂရုတစိုက် စီစဉ်ခဲ့၏။ လန်ဒန်ရှိ မြန်မာများဆိုသည်မှာ ပညာသင်နေသူများ၊ အလုပ်လုပ်ကိုင် နေထိုင်နေသူများ၊ ခရီးသွားရင်းလာရင်း ခဏတဖြုတ် ရပ်နားနေသူများနှင့် ကျမကဲ့သို့ ခပ်ကြာကြာ အလည်အပတ်ရောက်နေသော ဧည့်သည်များ ဖြစ်ကြပါသည်။ စိုဟိုရပ်ကွက် **(Soho)** ရှိ မြန်မာထမင်းဆိုင်တဆိုင်တွင် ဗိုလ်ချုပ်အား ဂုဏ်ပြုသည့် ဧည့်ခံပွဲကျင်းပကြပါသည်။ အတော်အတန် ပြည့်ကြပ်နေသော ဧည့်ပရိသတ်ကို နှုတ်ခွန်းဆက်စကား ပြောပြီးနောက် ဗိုလ်ချုပ်က ကျမတို့တဦးချင်းနှင့် ခင်မင်ရင်းနှီးစွာ စကားပြောပါသည်။ ဗိုလ်ချုပ်၏ ရန့်သင်းသော ဂုဏ်သတင်းများ ကျမတို့ထံ ရောက်ခဲ့သည်မှာ အတန်ကြာပါပြီ။ လူအများ အသိအမှတ်ပြုရသော သူ၏ အရှိန်အဝါ၊ တောက်ပြောင်လှသော သူ၏ တည်ကြည်ဖြောင့်မတ်မှု၊ အတိုက်အခံများအား ကိုင်တွယ်ရာ၌ လိမ္မာပါးနပ်ပုံ၊ ဂျပန်ခေတ်အတွင်းက ဂျပန်များနှင့် စစ်ပြီးခါနီးနှင့် စစ်ပြီးခေတ်၌ အင်္ဂလိပ်များအပါအဝင်၊ သူနှင့် ဆက်ဆံလုပ်ကိုင်ရသူများနှင့် အဆင့်အမြင့်ဆုံး အာဏာပိုင်များ၏ လေးစားခြင်းကို ရယူနိုင်ပုံ၊ သူလိုလားသည့် လွတ်လပ်ရေးဆွေးနွေးပွဲများအား အကောင်အထည်ဖော်နိုင်သည့် အဆင့်တိုင်အောင် မြန်မာနိုင်ငံကို သယ်ဆောင်လာခဲ့သော သူ၏ လှုပ်ရှားမှုများ စသည့် ကိစ္စအပေါင်းကို အားလုံး သိနှင့်ကြပြီး ဖြစ်ပါသည်။ ဤအမျိုးသားသူရဲကောင်းကြီးသည် ကျမတို့ တဦးချင်းစီ၏ နက်ရှိုင်းသော ရိုသေလေးစားမှုကို ရရှိပြီး ဖြစ်ပါသည်။ သူ၏ ရိုးသား၍ ဟန်ပန်မပါသော ခင်မင်မှုသည် ကျမတို့၏ အသဲနှလုံးများကိုပါ သိမ်းကြုံးလိုက်ပါတော့သည်။

ဗိုလ်ချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ အလုပ်တာဝန်မှ အားလပ်သော ညနေများတွင် ကျမကို ဗိုလ်ချုပ်တို့တည်းခိုနေသော ဟိုတယ်ဧည့်ဆောင်၌ ထမင်းစားရန် ဖိတ်ခေါ်လေ့ရှိပါသည်။ ထမင်းစားသောက်ပြီးသောအခါ ဓာတ်မီးလင်းဖို ခပ်မှိန်မှိန်လေးကို ဝိုင်းရံကာ စစ်မဖြစ်မီက အကြောင်းများ၊ ဂျပန်များထံမှ စစ်ပညာသင်ကြားစဉ်က အကြောင်းများ၊ အနာဂတ်အတွက် မျှော်လင့်ချက်ထားနိုင်သော ပစ္စုပ္ပန်ကာလ အကြောင်းများ စသည်တို့ကို ဆွေးနွေးကြပါသည်။ စစ်အတွင်း မြန်မာပြည်အကြောင်းနှင့် စစ်ပြီးစကာလ၌ ဗြိတိသျှအစိုးရက ဗိုလ်ချုပ်၏ တောင်းဆိုချက်များကို လက်ခံလာစေရန် လှုပ်ရှားရန်းကန်ခဲ့ရပုံ အကြောင်းတို့ကိုကား များစွာ ပြောလေ့ပြောထမရှိပါ။ အဖွဲ့တဖွဲ့လုံးအတွက် ကိုယ်ရောစိတ်ပါ သက်သာစေရန် အပန်းဖြေချိန်ပင် ဖြစ်ပါသည်။ စစ်အတွင်းကာလတွင် ကျမက နယူးဒေလီရှိ အိန္ဒိယပြည်လုံးဆိုင်ရာ အသံလွှင့်ဌာန၌ အလုပ်လုပ်နေခဲ့ပါသည်။ ထိုဌာနမှ ဘာသာစကာ

(ဓါတ်ပုံများ)

ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒေါ်ခင်ကြည် ၁၉၄၂ ခုနှစ်တွင် ထိမ်းမြားလက်ထပ်စဉ်က

www.burmeseclassic.com

www.burmeseclassic.com

**အပေါ်**
ဗိုလ်ချုပ်အောင်ဆန်းနှင့်မိသားစု။
ရှေ့တန်းတွင် ထိုင်နေသူမှာ
အောင်ဆန်းစုကြည်

**အောက်**
ဗိုလ်ချုပ်အောင်ဆန်းက
စုစုကို ပွေ့ချီထားစဉ်

(ဒေါ်သန်းအေးဆောင်းပါးအဆက်)

အမျိုးမျိုးဖြင့် ဂျပန်များ သိမ်းပိုက်ထားသော အာရှနယ်မြေများသို့ အသံလွှင့်ပါသည်။ ထို့နောက် ဆန်ဖရန်စစ္စကို (San Francisco) သို့သွား၍ ယခု ဗွီအိုအေ (VOA) ခေါ် ထိုစဉ်က အမေရိကန်ပြည်ထောင်စု စစ်ပြန်ကြားရေးရုံး၌ အလားတူအလုပ်မျိုး လုပ်ပါသည်။ မြန်မာပြည်မှရောက်လာသော မိတ်ဆွေများနှင့် မတွေ့ရသည်မှာ နှစ်ပေါင်းများစွာ ကြာပြီဖြစ်၍ ကွဲကွာနေကြရစဉ်အတွင်း ဖြစ်ကြောင်းရယ်တဲ့ကုန်စင်အောင် ပြောရန်အချိန်ပင် မလောက်နိုင်ပါ။

ထိုခေတ်မီးလင်းဖို မှိန်မှိန်လေးကို ဝိုင်းရံနေကြသည့် လူစုထဲ ပါဝင်သူများမှာ ဗိုလ်ချုပ်နှင့် သူ၏ ကိုယ်ရံတော်၊ ကိုယ်စားလှယ်အဖွဲ့ဝင်အချို့၊ ဘီဘီစီ၌ အလုပ်လုပ်နေသော မြန်မာတဦးနှင့် ရံဖန်ရံခါ ကျမကဲ့သို့သော ဧည့်သည်များ ဖြစ်ကြပါသည်။ ရဲဘော်သုံးကျိပ်ဝင်တဦးဖြစ်ပြီး၊ ဂျပန်ခေတ်ကာလအတွင်းက အမည်ခံအရ လွတ်လပ်သော မြန်မာနိုင်ငံ၏ စစ်သံမှူးအဖြစ် တိုကျိုတွင် တာဝန်ထမ်းဆောင်ခဲ့သော ဗိုလ်စကြာလည်း ထိုလူစုထဲတွင် ပါဝင်သည်။ စကားအနည်းငယ်စဲသောအချိန်များ၌ သူက ဂျပန်တွင် နေစဉ်က တတ်ခဲ့သော အလွမ်းအဆွေးသီချင်းများဆိုပြီး၊ ကျမတို့က မြန်မာသီချင်းများ ဆိုကြပါသည်။ ဗိုလ်ချုပ်က သူ၏ မိသားစု၊ ဇနီးနှင့် သားသမီး သုံးယောက်အကြောင်း၊ အငယ်ဆုံးမှာ မိန်းကလေးဖြစ်ကြောင်းတို့ကို ပြောလေ့ရှိပြီး၊ ၎င်းတို့အတွက် လက်ဆောင်များ ဝယ်ပေးပါဟု ကျမကို ပြောပါသည်။ သို့နှင့် ကိုယ်စားလှယ်အဖွဲ့ အလုပ်ကိစ္စများ ပြီးစီး၍ လန်ဒန်မှ ပြန်သွားသောအခါ သူ၏ မိသားစုဝင် တဦးချင်းစီအတွက် ကျမ ဝယ်ပေးလိုက်သော လက်ဆောင်များ ဗိုလ်ချုပ်နှင့် အတူပါသွားပါသည်။ စုအတွက် အရုပ်ကြီးတခု ဝယ်ပေးလိုက်ပါသည်။ နှစ်ပေါင်းများစွာကြာသောအခါ ထိုအရုပ်ကြီးကို စုက မပျက်မစီး ကောင်းမွန်စွာ ထိန်းသိမ်းထားလျက်ရှိသေးသည်ကို တွေ့ရ၍ ကျမ ကျေနပ်အံ့အားသင့်ရပါသည်။

ကိုယ်စားလှယ်အဖွဲ့ မပြန်မီ ရက်အနည်းငယ်အလိုတွင် မိမိတို့ ပြီးစီးလုပ်ဆောင်နိုင်ခဲ့သော ကိစ္စအဝဝနှင့် ပတ်သက်၍ ဘီဘီစီမြန်မာပိုင်း အစီအစဉ်မှ အသံလွှင့်ရန် စာတမ်းတစောင်ကို ဗိုလ်ချုပ် ပြင်ဆင်ထားပါသည်။ အသံလွှင့်မည့်နေ့တွင် ကျမတို့က ဗိုလ်ချုပ်နှင့် သူ၏ ကိုယ်ရံတော်တို့အား ဘီဘီစီ စားသောက်ဆိုင်၌ဆုံပြီး နေ့လည်စာ အတူစားရန်ဖြစ်ပါသည်။ ထိုနေ့လည်စာစားပွဲမှာ ပျော်ရွှင်အားရဖွယ်မဟုတ်ခဲ့ပါ။ ထမင်းစား စားပွဲသည် ဆိတ်ငြိမ်နေပြီး ဗိုလ်ချုပ်၏ မျက်နှာမှာ ခြိမ်းတော့မည့်မိုးကဲ့သို့ အုံ့မှိုင်းနေ၏။ ဘီဘီစီမြန်မာပိုင်းအစီအစဉ် ဌာနမှူးဖြစ်သူ (အင်္ဂလိပ်အမျိုးသားတဦး) က အင်္ဂလိပ်လို ဘာသာပြန်ထားသော ဗိုလ်ချုပ်မိန့်ခွန်း၏ အစိတ်အပိုင်းအချို့ကို ဖြတ်တောက်ပြင်ဆင်ခဲ့ပြီး၊ မူရင်း မြန်မာစာတမ်းကိုလည်း အလားတူ ပြင်ဆင်ရမည်ဟု အကြပ်ကိုင်နေပါသည်။ ဘီဘီစီမှ ထုတ်လွှင့်သော မိန့်ခွန်းများပါ နိုင်ငံရေးအကြောင်းအရာများနှင့် ပတ်သက်၍ ထားရှိသော စည်းမျဉ်းကန့်သတ်ချက်များနှင့် ကိုက်ညီရန်ဖြစ်သည်ဟု ရှင်းလင်းပြပါသည်။ ဤအဖြတ်အတောက်များကို လက်ခံလိုက်ရမည်လော၊ အသံလွှင့်အစီအစဉ်ကိုပဲ ဖျက်သိမ်းလိုက်ရမည်လောနှင့် ဗိုလ်ချုပ်မှာ စိတ်ဒွိဟဖြစ်နေ၏။ ဗိုလ်ချုပ်၏ မိသားစုအတွက် လက်ဆောင်များ ယူလာသော ကျမက စားသောက်ခန်းသို့ အနည်းငယ် အရောက်နောက်ကျပါသည်။ ကျမရောက်သွားပြီးနောက်ပိုင်း တဖြည်းဖြည်း တင်းမာမှုနှင့် စိတ်မချမ်းမြေ့မှုများ လျော့ပါးသွားကာ နေ့လည်စာစားပွဲ စတင်ပါတော့သည်။ ထို့နောက် ဗိုလ်ချုပ်က မြန်မာနိုင်ငံသူ နိုင်ငံသားများထံ အသံလွှင့်အစီရင်ခံရန် ထွက်သွားပါသည်။ သို့သော်လည်း ကြိုတင်အသိပေးခြင်း

www.burmeseclassic.com

www.burmeseclassic.com

မရှိဘဲနှင့် သူ၏ စာတမ်းကို မပြုလုပ်သင့်ဟု သူ ယူဆသော တည်းဖြတ်မှုများ ပြုလုပ်ခြင်းကြောင့် မည်မျှ မကျေနပ်မနှစ်မြို့ဖြစ်ရကြောင်းကို ရှင်းရှင်းလင်းလင်းကြီး သိသာစေခဲ့၏။ ဤသည်ကား ဗိုလ်ချုပ်၏ အသွင်တပုံ။

ကိုယ်စားလှယ်အဖွဲ့၏ အလုပ်လည်း ပြီးဆုံး၍ ပြန်ချိန်လည်း နီးလာလေပြီ။ ဗိုလ်ချုပ်အား ညှော်ခံကြည့်ရှုခဲ့သော အင်္ဂလိပ်များနှင့် လုပ်ဖော်ကိုင်ဖက်များအတွက် ညှော်ခံပွဲကြီး ကျင်းပပါသည်။ ညှော်ပရိသတ်လည်း အတော်များပါသည်။ ဗြိတိသျှပါလီမန်အမတ်များ၊ ကိုယ်စားလှယ်အဖွဲ့၏ အလုပ်ကိစ္စအဝဝ အဆင်ပြေချောမွေ့စေရန် တာဝန်ယူခဲ့သော အဆင့်မြင့်အရာရှိကြီးများ၊ သတင်းစာအယ်ဒီတာများ၊ သတင်းထောက်များ၊ စာရေးဆရာများ၊ မြန်မာပြည်နှင့် မြန်မာပြည်၏ အနာဂတ်တွင် စိတ်ဝင်စားကြသူများနှင့် လာရောက်နိုင်သော မြန်မာမှန်သမျှတို့ အသီးသီးပါဝင်ကြပါသည်။ ညှော်ခံပွဲမတိုင်မီညက ဗိုလ်ချုပ်က ကျမကို ညှော်ခံပွဲ၌ သီချင်းဆိုရန် ပြောပါသည်။ ကျမက လုပ်ရိုးလုပ်စဉ် ဟုတ်မည်မထင်ဟုပြောကာ ငြင်းခဲ့၏။ ညှော်ခံပွဲနေ့၌ ဧည့်သည်များ ဝင်လာသည်အထိ မြန်မာပြည်တွင် အုပ်ချုပ်ရေးအရာရှိအဖြစ် အမှုထမ်းခဲ့သော အင်္ဂလိပ်မိတ်ဆွေဟောင်းတယောက်ထံ ကျမ အလည်သွားခဲ့၏။ သူ၏ အိမ်ရှိရာအရပ်မှ လန်ဒန်သို့ အပြန်ခရီးမှာ နေးကွေးလှ၍ ကျမနှင့်အတူ ပါလာသော မိတ်ဆွေများ ညှော်ခံပွဲ အရောက်နောက်ကျမည်စိုးကာ ရင်တမမ ဖြစ်နေ၏။ ညှော်ခံပွဲမမီလိုက်က ဗိုလ်ချုပ်တို့နှင့် နောက်ဆုံးတွေ့ရမည့်အခွင့်အရေး လွတ်သွားမည်ထင်ကာ ကျမတို့ ပူပန်နေကြခြင်းဖြစ်ပါသည်။ သို့သော်လည်း ကမန်းကတန်း အဝတ်အစားလဲပြီး ရောက်သွားသောအခါ ဗိုလ်ချုပ်က စောင့်နေပါသည်။ အချမ်းပြေ မုန့်အနည်းငယ် စားသောက်ပြီးနောက် ဗိုလ်ချုပ်က ကျမကို စင်မြင့်ပေါ်တင်ထားသော စန္ဒယားရှိရာသို့ ခေါ်သွားပြီး၊ ‘မြန်မာအမျိုးသမီးလေးတယောက်က သီချင်းဆိုညှော်ခံပါမည်’ ဟု ပရိသတ်အား ကြေညာလိုက်ပါသည်။ ကျမလည်း သီချင်းဆိုရပါတော့သည်။ ထိုညက ဆိုခဲ့သော သီချင်းများမှာ အင်္ဂလိပ်သီချင်းတပုဒ်၊ ပြင်သစ်သီချင်းတပုဒ်နှင့် မြန်မာသီချင်းတပုဒ်တို့ဖြစ်ပါသည်။ ယခု ပြန်လည်တွေးကြည့်သောအခါ နောက်ဆုံးတပုဒ်ကိုသာ ဆိုခဲ့သင့်သည်ဟု ကျမ ထင်မိပါသည်။ သို့သော်လည်း ထိုသီချင်းကို မြန်မာများကသာ နားလည်နှစ်သက်ကြမည် ဖြစ်ပါသည်။ ထိုသီချင်းမှာ ကျမတို့အားလုံး သိကြသော လှိုင်ထိတ်ခေါင်တင်၏ ‘စိန်ခြူးကြာညောင်’ ဘောလယ်ဖြစ်ပါသည်။ ပရိသတ်က ယဉ်ကျေးစွာ သြဘာပေးကြပါသည်။ ထို့နောက် ဗိုလ်ချုပ်က ကျမကို စင်မြင့်ပေါ်မှ ဆင်းရန် လာခေါ်ပြီး ကျမ၏ အဆိုကို သူ မည်မျှသဘောကျနှစ်သက်ကြောင်း ပြောပါသည်။ (ခါတ်ပုံလာသည်)

**အပေါ်**

အောင်ဆန်းဦး၊

ဒေါ်ခင်ကြည်၊

အောင်ဆန်းလင်းနှင့်

စုစု (ထိုင်နေသူ)

၁၉၄၈ ခုနှစ်

**အောက်**

စုစု ခြောက်နှစ်သမီးအရွယ်

၁၉၅၁ ခုနှစ်

(ဆောင်းပါးအဆက်)

ကိုယ်စားလှယ်အဖွဲ့ အထူးလေယာဉ်နှင့် လန်ဒန်မြို့မြောက်ပိုင်းရှိ စစ်ဖက်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားချိန်၌ တတိုင်းပြည်လုံး နှင်းစိုင်နှင်းခဲများနှင့် ဖုံးလွှမ်းထားဆဲပင် ဖြစ်ပါသည်။ နှုတ်ဆက်ရန် အဆင့်မြင့် အင်္ဂလိပ်အရာရှိများ အဖွဲ့ကြီးတဖွဲ့ ရောက်နေပါသည်။ ကျမတို့ မြန်မာအချို့လည်း ကိုယ်စားလှယ်များ၊ အခြားသူများနှင့်အတူ ဟုန်းဟုန်းတောက်နေသည့် မီးလင်းဖိုကြီး၏ အပူရှိန်နှင့် နွေးနေသော ညှော်ကြိုခန်းမကြီး၌ သွားရောက်စုဝေးနေပါသည်။ ကျမတို့အားလုံး ဝိုင်းထိုင်စကားပြောကြပါသည်။ ခဏကြာသောအခါ ဗိုလ်ချုပ်က အင်္ဂလိပ်များအကြားမှ ထလာပြီး ကျမတို့နှင့် စကားပြောပါသည်။ ကျမကို ပြုံးပြီး ‘ကျနော်တို့နှင့် ဗမာပြည်ကို

www.burmeseclassic.com

www.burmeseclassic.com

လိုက်ခဲ့ပါလား’ ဟု ပြောပါသည်။ ထို့နောက် ကျမတို့အပေါင်းအဖော်တစု နှင်းခဲများအကြားရပ်ပြီး ကိုယ်စားလှယ်အဖွဲ့ လေယာဉ်ရှိရာသို့လျှောက်၍ ထွက်ခွာသွားနေသည်ကို ငေးမျှော်ကြည့်ရင်း လက်များဝှေ့ရမ်း နှုတ်ဆက်ကြပါသည်။ ဆောင်းနေ့ကလေး၏ လွမ်းဖွယ့်အသွင်နှင့် မိတ်ဆွေများနှင့် ခွဲခွာရခြင်း၊ အထူးသဖြင့် ဗိုလ်ချုပ်နှင့် ခွဲခွာရခြင်းတို့ကြောင့် ကျမတို့တတွေ ဝမ်းနည်းတသသ ဖြစ်နေကြပါသည်။ ဗိုလ်ချုပ်ခမျာ တိုတောင်းလှသော ဘဝသက်တမ်းလေးမျှသာ ကျန်တော့သည်ကိုကား ကျမတို့ မည်ကဲ့သို့မျှ မမှန်းဆမိခဲ့ကြပါ။

ဂျပန်ခေတ်နှင့် စစ်ဒဏ်တို့ကြောင့် ပျက်စီးယိုယွင်းနေသော တိုင်းပြည်ကို ပြန်လည်ထူထောင်၍ မြန်မာပြည်တွင် ခေတ်သစ်ထွန်းစေမည် ဟူသည့် ဗိုလ်ချုပ် သယ်ဆောင်သွားသော မျှော်မှန်းချက်များမှာ နိုင်ငံရေးပြိုင်ဘက်တဦး၏ ပယောဂကြောင့် ထိုနှစ်တွင်ပင် ပြိုကွဲခဲ့ရပါတော့သည်။ ဘုရင်ခံ၏ အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးကျင်းပနေစဉ် အခန်းအတွင်းသို့ လူသတ်သမားများ အတင်းဝင်ရောက်လာကာ စစ်သေနတ်များဖြင့် အလယ်တွင်ထိုင်နေသော ဗိုလ်ချုပ်ကို ဦးစွာပစ်ခတ်ပြီး အခြားပုဂ္ဂိုလ် ရှစ်ဦးကိုပါ လုပ်ကြံသတ်ဖြတ်သွားပါသည်။ နှစ်စဉ်နှစ်တိုင်း တနိုင်ငံလုံး သတိတရယူကျုံးမရဖြစ်ရသော အာဇာနည်နေ့ ၁၉ ဇူလိုင် ၁၉၄၇ ခုနှစ် ဖြစ်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ ကျန်ရစ်သူ ဇနီး ဒေါ်ခင်ကြည်သည် မိမိအတွက်သာမက တမျိုးသားလုံးအတွက်ပါ ကြေကွဲဖွယ်ရာ ဤအဖြစ်ဆိုးကြီးနောက်ပိုင်း၌ သူမဘဝကို ပြန်လည်ပျိုးထောင်ရပါတော့သည်။ မြန်မာပြည် လွတ်လပ်ရေးရပြီးနောက် မိခင်နှင့် ကလေးစောင့်ရှောက်ရေးဌာန၊ ထို့နောက် လူမှုဝန်ထမ်းဌာနတို့၏ အကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်၏။ မအားမလပ် အလုပ်တာဝန်များအထဲ နစ်မြုပ်နေစဉ်ပင် ကံကြမ္မာ၏ဒဏ်ကို နောက်တဖန်ခံရပြန်၏။ ဒုတိယသားဖြစ်သူ အောင်ဆန်းလင်းခမျာ ရန်ကုန်နေအိမ်ခြံဝင်းအတွင်းရှိ ရေကန်ဘောင်ရိုးပေါ် ကစားနေစဉ် လိမ့်ကျကာ ရေနစ်သေဆုံးသွားရှာသည်။ အောင်ဆန်းလင်းသည် ‘စု’ အထူးချစ်မြတ်နိုး အားကိုးသောအကိုဖြစ်၍ စုအဖို့ ထိုအဖြစ်ဆိုးကြီးကြောင့် စိတ်တုန်လှုပ်ထိခိုက်ခဲ့ရမှုသည် အတော်နှင့် ပျောက်ကွယ်သွားခြင်း မရှိနိုင်ခဲ့ပါ။ ‘စု’သည် သူမ၏ အကိုကို မည်သည့်အခါမျှ မမေ့နိုင်သကဲ့သို့ သူမ၏ ဖခင်ကိုလည်း မည်သည့်အခါမျှ မမေ့နိုင်ခဲ့ပါ။ ဖခင်၏ ဘဝဇာတ်ကြောင်း၊ စာပေအရေးအသား၊ တိုင်းသူပြည်သားများအား ဆော်ဩချက်များနှင့် (၃၂) နှစ်တာ သက်တမ်းအတွင်း ဖြစ်မြောက်ခဲ့သော အံ့ဩဖွယ်ရာ စွမ်းဆောင်ချက်များကို လေ့လာခြင်းမှာ ‘စု’အတွက် အဆက်မပြတ်နိုင်သော စွဲလမ်းချက်တရပ်ဖြစ်ပါသည်။

ဒေါ်ခင်ကြည်သည် သားသမီးများအား ငယ်စဉ်ကပင် သူတို့၏ ဖခင်ပေးခဲ့သော အမွေအနှစ်ကို အမြဲသတိရနေစေရန် ကြိုးပမ်းခဲ့၏။ ဗိုလ်ချုပ်၏ ရဲဘော်ရဲဖက်များနှင့် သူထူထောင်ခဲ့သော တပ်မတော်မှ အဖွဲ့ဝင်များက ဗိုလ်ချုပ်၏ မိသားစုအပေါ် ထားရှိသော သံယောဇဉ်မှာ ပျက်ကွက်သွားခြင်း မရှိခဲ့ပါ။ ထို့ကြောင့် ‘စု’ က တပ်မတော်သားများလက်ပေါ် ကြီးပြင်းလာခဲ့သည်ဟု ပကတိရှိရင်းအတိုင်း ပြောနိုင်ပါသည်။ အရည်အချင်းကြွယ်ဝ၊ အတွေ့အကြုံများပြား၊ ရာထူးရာခံမြင့်မားသော မြန်မာလူကြီးလူကောင်း အများအပြား ဒေါ်ခင်ကြည်နှင့် ရင်းနှီးခင်မင်စွာ ဆက်ဆံခြင်းသည်လည်း သားသမီးများအပေါ် ဩဇာသက်ရောက်မှုရှိခဲ့၏။ နှစ်ပေါင်းများစွာ နိုင်ငံတော်ဝန်ထမ်းတဦးအဖြစ် ပြောင်မြောက်စွာ တာဝန်ထမ်းရွက်ခဲ့သော တရားသူကြီးချုပ် ဦးမြင့်သိန်းဆိုလျှင် တသက်တာ ရင်းနှီးခင်မင်သော မိတ်ဆွေကောင်းတဦးဖြစ်ပါသည်။ ရိုသေလေးစားမှု၊ ကြည်ညိုမှု၊ ချစ်ခင်မှု စသော အရှိန်အဝါများက သူနှင့် သူမ၏ မိသားစုတို့အပေါ် လွှမ်းခြုံထားပါသည်။

ဒေါ်ခင်ကြည်သည် မိမိ၏ သားသမီးများအား မြန်မာ့လူမှုရေးနှင့် ကိုယ်ကျင့်သီလ၏ တန်ဖိုးကို အလေးထားပြီး၊ ဗုဒ္ဓဘာသာတရားကို ယုံကြည်ကိုင်းရှိုင်းရန် သွန်သင်ဆုံးမခဲ့၏။ ကျမ၏ အမြင်အရ ဝတ်စား၊ သွားလာ၊ နေထိုင်မှုအရပ်ရပ်နှင့် စပ်လျဉ်း၍ လူအများမြင်ကွင်းတွင်ဖြစ်စေ၊ အိမ်တွင်းအသိုင်းအဝိုင်းတွင်ဖြစ်စေ၊ ‘စု’ သည် မြန်မာ့ယဉ်ကျေးမှုအရ စံတင်လောက်ပါသည်။ ဥပမာတခု ပေးရမည်ဆိုလျှင် မိမိထက် တနှစ်၊ တရက်၊ တမနက်ကြီးသူမှန်သမျှကို ကိုယ်အမူအယာ၊ နှုတ်အမူအယာအရ ရိုသေလေးစားသမှုပြခြင်းဖြစ်သော လူကြီးများရှေ့မှ ဖြတ်သန်းသွားသောအခါ ခါးညွှတ်ခြင်း၊ လူကြီးများထံပါးတွင် ကျို့ကျို့ယို့ယို့ နေထိုင်ခြင်း၊ ယဉ်ကျေးလေးစားသော အသံနေအသံထားနှင့် စကားလုံးများကို ရွေးချယ်သုံးခြင်း၊ စသည်တို့မှာ ‘စု’ အတွက် အရိုးစွဲနေသော အမူအကျင့်များဖြစ်ပါသည်။ ဤကဲ့သို့ ထင်ရှားလှသော မြန်မာဆန်မှုတို့ကြောင့် ‘စု’ ကို မြန်မာများက ချစ်မြတ်နိုးကြပြီး နိုင်ငံရပ်ခြားတွင် နှစ်ပေါင်းများစွာ နေထိုင်သော်လည်း ‘စု’ ၏ မြန်မာပီသမှုမှာ မှေးမှိန်ယိမ်းယိုင်သွားသည်ဟူ၍ မရှိခဲ့ပါ။ မြန်မာနိုင်ငံလူထုကြီးအား စွဲဆောင်၍ ၎င်းတို့၏ အတက်ကြွဆုံး၊

www.burmeseclassic.com

www.burmeseclassic.com

အာလိုက်သည်းလိုက် ထောက်ခံမှုကို 'စု' ရယူနိုင်ခြင်း၏ အဓိကအကြောင်းရင်း တချက်မှာ သူမ၏ မြန်မာပီသမှုပင် ဖြစ်ပါသည်။

၁၉၆၀ ခုနှစ်တွင် ဦးနုအစိုးရသည် ဒေါ်ခင်ကြည်အား အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပါသည်။ ထိုရာထူးနေရာတွင် ၁၉၆၂ ခု ဦးနေဝင်းက စစ်အာဏာသိမ်းပိုက်ပြီး နောက်ပိုင်း၌ပင် ဒေါ်ခင်ကြည် ဆက်လက်တာဝန်ထမ်းဆောင်နိုင်ခြင်းသည် သူမအား ရိုသေလေးစားမှုအတိုင်းအတာ မည်မျှ ကြီးမားကြောင်းကို ပြသပါသည်။ အလုပ်သက်တမ်းပြီးဆုံး၍ အငြိမ်းစားယူသောအခါ ဒေါ်ခင်ကြည်သည် အင်းလျားကန်ဘောင်ရှိ မိမိအိမ်၌ ပြန်လည်နေထိုင်ပါသည်။ အင်းလျားကန်ဘောင်တလျှောက်တွင် မြန်မာနိုင်ငံရေးနှင့် စီးပွားရေးလောကမှ အထင်ကရပုဂ္ဂိုလ်အများအပြား နေထိုင်ကြပါသည်။ ယခု 'စု' လည်း ထိုအင်းလျားကန်နေအိမ်တွင်ပင် အကျယ်ချုပ်ဘဝနှင့် အထိန်းသိမ်းခံနေရပါသည်။

နယူးဒေလီမြို့သို့ မိခင်နှင့်အတူ ရောက်လာစဉ်က 'စု' သည် ကျစ်ဆံမြီး တုတ်တုတ်ရှည်ရှည်ကြီးများနှင့် (၁၅) နှစ်အရွယ် ကလေးမလေးဖြစ်ပါသည်။ ယေရှုနှင့်မေရီ ကွန်ဘင့်ကျောင်း **(Convent of Jesus and Mary)** နှင့် လေဒီရှယ်ရီရမ်ကောလိပ် **(Lady Shri Ram College)** တို့၌ ဆက်လက်ပညာသင်ပါသည်။ သူမ၏ အိန္ဒိယမိတ်ဆွေအသိုင်းအဝိုင်းမှာ ကျယ်ပြန့်လာပါသည်။ မဟတ္တမဂန္ဒီနှင့် ဂျဝါဟာလာနေရူးတို့၏ တိုင်းပြည်ကို စူးစမ်းလေ့လာ နားလည်နိုင်ရန် 'စု' အဖို့ အခွင့်ကောင်းဖြစ်ပါသည်။ 'စု' ၏ ဖခင်လည်း ဤတိုင်းပြည်ကို ရောက်ဖူးပြီး နေရူးနှင့် တွေ့ဆုံဆွေးနွေးကာ ရင်းနှီးခင်မင်သော နားလည်မှု ရရှိခဲ့ပါသည်။ 'စု' ၏ မိခင် သံအမတ်အဖြစ် ခန့်အပ်ခြင်းခံရချိန်တွင် နေရူးက ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ဆဲဖြစ်ပါသည်။

'စု' ဗဟုသုတ အတွေ့အကြုံ ကျယ်ပြန့်စေရန် သူမ၏မိခင် စီစဉ်ပေးသော ကိစ္စများအနက် ဂျပန်ပန်းအလှပြင်နည်း၊ အနုပညာသင်ခြင်းနှင့် မြင်းစီးသင်ခြင်းတို့ ပါဝင်ပါသည်။ အိန္ဒိယနိုင်ငံ သမ္မတကြီး၏ ကိုယ်ရံတော်တပ်ဖွဲ့လေ့ကျင့်ရာ မြင်းစီးကွင်း၌ အိန္ဒိယအရာရှိကြီးများ၏ သားသမီးများ၊ နိုင်ငံတကာ သံအမတ်များ၏ သားသမီးများနှင့် ပန်ဒစ်နေရူး၏ မြေး၊ အင်ဒီရာဂန္ဒီ၏ သားဖြစ်သူ ဆန်ဂျေးတို့နှင့် 'စု' တွေ့ဆုံလေ့ရှိပါသည်။ နံပါတ် (၂၄) အက္ကဘာလမ်း **(24 Akbar Road)** ရှိ နေအိမ်တွင် စန္ဒယား ဆက်သင်ရပါသည်။ ထိုသံအမတ်နေအိမ်သည် ကြီးမား၍ အလွန်ခန့်ညားတင့်တယ်သော ပန်းဥယျာဉ်ပျိုးထားသည့် ခြံဝင်းကျယ်ကြီးအတွင်း တည်ရှိပါသည်။ အဆင့်အမြင့်ဆုံး အိန္ဒိယအရာရှိကြီးများအတွက် သတ်မှတ်ထားသော အိမ်မျိုးဖြစ်ပြီး အစိုးရက ဗြိတိသျှလက်ထက်ကကဲ့သို့ပင် လှပကောင်းမွန်စွာ ထိန်းသိမ်းထားပါသည်။ ဒေါ်ခင်ကြည်ကို အထူးလေးစားသောအားဖြင့် ထိုနေအိမ်ကို ပေးထားခြင်းဖြစ်ပါသည်။

'စု' အထူးနှစ်သက်မက်မောသော ဝါသနာမှာ စာဖတ်ခြင်းပင်။ သူမ၏ စာအုပ်စာပေမြတ်နိုးမှုကို အားပေးခဲ့သော ဦးအုန်းကို 'စု' အစဉ် ချစ်ခင်ကျေးဇူးတင်စွာ သတိရလေ့ရှိပါသည်။ သတင်းစာဆရာတဦး ဖြစ်ခဲ့သော ဦးအုန်းသည် ဗိုလ်ချုပ်အောင်ဆန်းနှင့် အကျွမ်းဝင်ခဲ့သူတဦးဖြစ်ပြီး စစ်ပြီးခေတ်၌ လန်ဒန်တွင် ဖဆပလအဖွဲ့ချုပ် ကိုယ်စားလှယ်အဖွဲ့ တာဝန်ထမ်းဆောင်ပါသည်။ နောင်တွင် မော်စကိုမြို့တော်သို့ မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ခန့်အပ်ခြင်းခံရပါသည်။ သူသည် 'စု' အား ဖတ်သင့် (ဓါတ်ပုံလာသည်)

(ဓါတ်ပုံ)

**အပေါ်**

ပန်ဒစ်နေရူးနှင့် ဒေါ်ခင်ကြည်

**အောက်**

ဒေါ်ခင်ကြည်နှင့် စု ဒေလီမြို့တွင်

(ဆောင်းပါးအဆက်)

ဖတ်ထိုက်သည့် မြန်မာနှင့် အင်္ဂလိပ်စာအုပ် စာရင်းရှည်ကြီးများ ပေးသူများအနက် တဦးအပါအဝင်ဖြစ်ပါသည်။ 'စု' ၏ အသိပညာ အတွေးအခေါ်ပိုင်း ဖွံ့ဖြိုးတိုးတက်မှုကို ပို၍သတိပြုမိပြီး စိတ်ဝင်စားခဲ့သူမှာ အလွန်နာမည်ကြီးခဲ့သော

www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်တက္ကသိုလ် အိုးဝေမဂ္ဂဇင်း၏ တချိန်က အယ်ဒီတာဖြစ်ခဲ့ပြီး 'စု' ၏ ဖခင်နှင့်အတူ တက္ကသိုလ်တွင်ရှိခဲ့သော ဦးညိုမြပင် ဖြစ်ပါသည်။ နောက်ပိုင်းတွင် ဦးညိုမြကို စာနယ်ဇင်းသမားတဦးနှင့် အလွန်နာမည်ရသော စာအုပ်များစွာကို ရေးသားသည့် စာရေးဆရာတဦးအဖြစ် လူသိများလာပါသည်။ သူက တခြားသူများထက်ပင်ပို၍ 'စု' ဖတ်ရန် အင်္ဂလိပ်နှင့် မြန်မာစာအုပ်ပေါင်းများစွာကို လမ်းညွှန်ပေးခဲ့ပါသည်။ ဦးညိုမြ လက်ဆောင်ပေးခဲ့သော အလွန်အဖိုးတန်သည့် ဟားဗက်ဂန္ထဝင် စာအုပ်တွဲ တစုံလုံး (Harvard Classics) ကို အလွန်တန်ဖိုးထားပြီး မကြာခဏ ဖတ်ခဲ့ကြောင်းလည်း 'စု' က ယခုထိ သတိရနေပါသည်။ ဤစာအုပ်များက 'စု' ကို စာပေလောကတံခါး ဖွင့်ပေးခဲ့ပါသည်။ 'စု' ၏ စာဖတ်ဝါသနာမှာ အိန္ဒိယမရောက်မီကပင် အမြစ်တွယ်ပြီးဖြစ်ပါသည်။

နယူးဒေလီမြို့ ဆင်ခြေဖုံးအစွန်အဖျားရှိ မေရော်လီ (Mehrauli) ရပ်ကွက်တွင် ဂရုတစိုက်ထိန်းသိမ်းထားနိုင်ခြင်း မရှိသည်မှာ ကြာပြီဖြစ်၍ ပျက်စီးယိုယွင်းနေသည့် အာသောကဝိဟာရ အမည်တွင်သော ဗုဒ္ဓဘာသာဌာနတခုရှိပါသည်။ ထိုဌာန ပြန်လည်ရှင်သန်လာနိုင်စေရန် ဒေလီရှိ ဗုဒ္ဓဘာသာဝင်များ အထူးသဖြင့် ဗုဒ္ဓဘာသာကိုးကွယ်သော နိုင်ငံများမှ သံအမတ်များ၏ အကူအညီကို ဒေါ်ခင်ကြည် ရယူခဲ့ပါသည်။ ဤလုပ်ဆောင်မှုကြောင့် ဒေလီရှိ ဗုဒ္ဓဘာသာဝင်များနှင့် အိန္ဒိယနိုင်ငံ အခြားဒေသများမှ ဗုဒ္ဓဘာသာဝင်အချို့အတွက် ပြန်လည်အသက်ဝင်လာပြီဖြစ်သော အာသောကဝိဟာရသည် နှစ်စဉ်ကျရောက်သော ဗုဒ္ဓဘာသာပွဲတော်ကြီးများ ကျင်းပရာ၊ ဘုရားဝတ်ပြုရာ ကမ္မဋ္ဌာန်း ဘာဝနာစီးဖြန်းရာဌာန ဖြစ်လာပါသည်။

အမျိုးသားရေးကိစ္စများဆိုင်ရာ၊ ကိုယ်ရေးကိုယ်တာကိစ္စများဆိုင်ရာ အခမ်းအနား ကြီးငယ်အများအပြားတို့တွင် 'စု' ပါဝင်ကူညီခဲ့၏။ ဒေါ်ခင်ကြည်သည် မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယား နိုင်ငံသား ဗုဒ္ဓသာသနာဘုန်းတော်ကြီးများအား မှန်မှန်ပင့်ဖိတ် ဆွမ်းကပ်တရားနာလေ့ရှိ၏။ 'စု' ၏ အကိုလည်း ကျောင်းပိတ်ရက်များအတွင်း အင်္ဂလန်မှ ရောက်လာသောအခါ ဤကိစ္စများတွင် ပါဝင်ဆောင်ရွက်ပါသည်။ အမေနှင့် သမီးကို မြန်မာများ ချစ်ခင်လေးစားသည့်အတိုင်း ဒေါ်ခင်ကြည်၏ လုပ်ဖော်ကိုင်ဖက် သံတမန်များနှင့် ပန်ဒစ်နေရူးမှ အစချီ၍ အိန္ဒိယအစိုးရအဖွဲ့ဝင်အပေါင်းတို့ကလည်း ချစ်ခင်လေးစားကြပါသည်။ အိန္ဒိယတွင် ရရှိခဲ့သော အတွေ့အကြုံများသည် 'စု' အတွက် အင်မတန် အရေးပါ စိတ်အားထက်သန်ဖွယ်ရာဖြစ်ခဲ့ပါသည်။ ယခုတိုင် သူမ အိန္ဒိယနိုင်ငံအပေါ် ထားရှိသောမေတ္တာနှင့် သံယောဇဉ်တို့မှာ ခိုင်မာလျက်ရှိပါသည်။

ထိုအချိန်က ဒေလီရှိ ဗြိတိသျှမဟာမင်းကြီးမှာ ဆာပေါ(လ်)ဂိုးဘူ(သ်)(Sir Paul Gore-Booth) နောင်အခါ လော(ဒ်)ဂိုးဘူ(သ်)၊ (Lord Gore-Booth) ဖြစ်ပါသည်။ ယခင် မြန်မာနိုင်ငံတွင် သံအမတ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့စဉ်က သူနှင့် သူ၏ ဇနီး ပက်ထြီရှာ (Patricia) တို့သည် ဒေါ်ခင်ကြည်နှင့် ကောင်းစွာသိကျွမ်းခဲ့၏။ ထိုခင်မင်ရင်းနှီးမှုမှာ အိန္ဒိယ၌ ပြန်လည်ဆန်းသစ်ရှင်သန်လာပါသည်။ သို့နှင့် 'စု' အောက်စဖို့ဒ်တက္ကသိုလ်သို့ ပညာသင်ရန် သွားသောအခါ ပေါ(လ်)နှင့် ပက်ထြီရှာတို့က မိဘကိုယ်စား ကြည့်ရှုစောင့်ရှောက်ရန် တာဝန်ယူခဲ့၏။ 'စု' သည် သူတို့၏ မိသားစုဝင်တဦးကဲ့သို့၊ သူတို့ သားနှစ်ယောက်နှင့် သမီးနှစ်ယောက်တို့၏ ညီအမရင်းချာတဦးကဲ့သို့ ဖြစ်လာပါသည်။ ထိုမိသားစုအိမ်တွင်ပင် ၎င်းတို့၏ မိတ်ဆွေများအပြင် ၎င်းတို့ဖိတ်ကြားဧည့်ခံသော နိုင်ငံရေးသမားများနှင့် အစိုးရအရာရှိများကို 'စု' သိကျွမ်းခွင့်ရခဲ့ပါသည်။ ထိုပုဂ္ဂိုလ်များ၏ အသွင်အပြင်၊ အမူအကျင့်၊ အပြောအဆိုနှင့် ထူးခြားသော ဓလေ့စရိုက်ကလေးများကို 'စု' စိတ်ဝင်စားစွာ လေ့လာခဲ့၏။ ထိုပုဂ္ဂိုလ်များမှာ သူမ ဝင်ရတော့လုဆဲဖြစ်သည့် ကျယ်ဝန်းလှသော ကမ္ဘာလောကမှ ပုဂ္ဂိုလ်များပင် မဟုတ်ပါလား။

နွေရာသီကျောင်းပိတ်ရက်များအတွင်း 'စု' သည် မိခင်ရှိရာ နယူးဒေလီသို့ ပြန်လေ့ရှိ၏။ သို့သော် တနှစ်တွင် ကျမနှင့် အဲ(လ်)ဂျီးယား(စ်)မြို့ (Algiers) တွင် လာနေပါသည်။ ကျမသည် နယူးဒေလီ ကုလသမဂ္ဂပြန်ကြားရေးဌာနမှ အယ်(လ်)ဂျီးရီးယားနိုင်ငံ (Algeria) ၏ မြို့တော်သို့ ပြောင်းရွှေ့ကာ အလားတူဌာနတခုဖွင့်ရန် တာဝန်ပေးခြင်း ခံရပါသည်။ အယ်(လ်)ဂျီးရီးယားသည် ၁၉၆၂ ခုနှစ်တွင် ချား(လ်)ဒီဂိုး(လ်) (Charles de Gaulle) အစိုးရနှင့် အေဗီယန်စာချုပ် (Treaty of Evian) ကို လက်မှတ်ထိုးပြီး လွတ်လပ်ရေးရခဲ့သည်မှာ မကြာသေးပါ။ ပြင်သစ်ထံမှ လွတ်လပ်ရေးရရန် ရှစ်နှစ်ကြာ ရန်းကန်မှုနောက်ပိုင်း တဖြည်းဖြည်း နာလန်ထူဆဲနိုင်ငံဖြစ်ပါသည်။ ထို့ကြောင့် အယ်(လ်)ဂျီးယား(စ်)မြို့တွင် နေရာထိုင်ခင်း အလွန်ရှားပါးနေခြင်း၊ ပျက်စီးယိုယွင်းနေသော ရပ်ကွက်ဒေသများ ပေါများနေခြင်း၊ အခြေအနေကောင်းမွန်သော

www.burmeseclassic.com

www.burmeseclassic.com

ဟိုတယ်များနည်းပါးနေခြင်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများ လွန်စွာမှ ကန့်သတ်ထားခြင်းတို့မှာ အံ့သြဖွယ်ရာမဟုတ်ပါ။ ဖွင့်လှစ်စသံရုံးများ၊ ကုလသမဂ္ဂရုံးများနှင့် ဝင်ရောက်လာဆဲ စီးပွားရေးလုပ်ငန်းများသာမက အဲ(လ်)ဂျီးရီးယန်းလူမျိုးများကပါ အိမ်နေရာများနှင့် လုပ်ငန်းခွင်နေရာများရရှိရန် သဲသဲမဲမဲ လုံးပမ်းရှာဖွေနေရပါသည်။ အဲ(လ်)ဂျီးရီးယားတွင် ကြာမြင့်စွာ အခြေချနေထိုင်ခဲ့သော ပြင်သစ်လူမျိုးမြောက်မြားစွာမှာ ဤတိုင်းပြည်မှ ထွက်ခွာသွားကြပြီးဖြစ်သော်လည်း အခြားလူသစ်များမှာ ဝင်လာမစဲဖြစ်ပါသည်။ ထိုသူများမှာ စစ်မှုထမ်းမည့်အစား၊ ပရဟိတလုပ်ငန်းအမျိုးမျိုးတို့တွင် ဝင်ရောက်တာဝန်ထမ်းဆောင်ရန် ရွေးချယ်သော ပြင်သစ်အမျိုးသားလူငယ်များ၊ ကျောင်းဆရာ၊ ဆရာမများ၊ ထောက်ပံ့ရေး စီမံကိန်းအလုပ်သမားများနှင့် အလည်အပတ်သက်သက်လာသူများ ဖြစ်ကြပါသည်။

'စု' ရောက်လာချိန်မှာ ဟွာရီဘူမီဒီယန် (Houari Boumedienne) က အာမက်ဘင်ဘဲလား (Ahmed Ben Bella) အား စံနမူနာထားလောက်အောင် (ဓါတ်ပုံလာသည်)

(ဓါတ်ပုံ)

**အပေါ်**

စုနှင့် ဒေါ်သန်းအေး

အယ်လ်ဂျီးရီးယား

ရောက်ရှိနေစဉ်

**အောက်**

ပန်းချီဆရာ ဂျဲရယ်ကယ်လီ

ရေးဆွဲထားသော ဒေါ်သန်းအေး၏

ပုံတူဆီဆေးပန်းချီကား

(ဆောင်းပါးအဆက်)

သွေးထွက်သံယိုမှုကင်းမဲ့သော အာဏာသိမ်းပွဲပြုလုပ်ကာ ဖြုတ်ချအပြီး ရက်အနည်းငယ်အတွင်း ဖြစ်ပါသည်။ ဖိတ်ကြားခံရသော ညှိခံပွဲများစွာသို့ သွားရမည်ထက် 'စု' က အဲ(လ်)ဂျီးရီးယန်းလူမျိုးများနှင့် တွေ့ဆုံကာ ၎င်းတို့တိုင်းပြည်အတွင်း ဖြစ်ပျက်နေသမျှကို လေ့လာရန် ပိုမို၍ စိတ်ထက်သန်ပါသည်။ 'စု' မှာ ဖတ်ရှုကျက်မှတ်ရန် စာအုပ်တသေတ္တာလည်း ပါလာပါသည်။ နှစ်ပေါင်းများစွာ လွတ်လပ်ရေးရုန်းကန်မှုဒဏ်ကို ခံခဲ့ရသူများအား ကူညီထောက်ပံ့ရန် စီမံကိန်းများကို ကွပ်ကဲနေသော အဖွဲ့အစည်းတခုနှင့် ကျမတို့ ဆက်သွယ်ပါသည်။ စီမံကိန်းတရပ်၏ တာဝန်ခံဖြစ်သူ လူငယ်တဦး လာရောက်၍ ၎င်းတို့လုပ်ငန်းအကြောင်း ရှင်းပြပါသည်။ လွတ်လပ်ရေးတိုက်ပွဲတွင် ကျဆုံးခဲ့သော ရဲဘော်များ၏ ကျန်ရစ်သူဇနီးများအတွက် နေအိမ်များ ဆောက်လုပ်နေကြရာ အဲ(လ်)ဂျီးရီးယန်းလူမျိုးများသာမက နိုင်ငံတကာမှ လူငယ်များပါ ဝင်ရောက်ကူညီရန် ဖိတ်ခေါ်ကြိုဆိုကြောင်း ပြောပါသည်။ 'စု' လည်း ထိုဆောက်လုပ်ရေးစခန်းတွင် ရက်သတ္တပတ်အတော်ကြာ သွားရောက်နေထိုင်ကာ လုပ်အားပေးခဲ့ပါသည်။ အလုပ်သွန်သင်ကြီးကြပ်သူမှာ ရုရှားလူမျိုးဖြစ်ပြီး လုပ်ဖော်ကိုင်ဖက်များမှာ အဲ(လ်)ဂျီးရီးယား၊ ပြင်သစ်၊ လက်ဗနွန်၊ ဟော်လန်နှင့် ဂျာမနီ စသော တိုင်းပြည်များမှ လူငယ်များဖြစ်ပါသည်။ အစားအသောက်နှင့် နေရာထိုင်ခင်း ပေးသော်လည်း လုပ်ခမပေးပါ။

'စု' ၏ မိတ်ဆွေများသည် သူမအား ကာဗီးလီး (Kabyle) တောင်တန်းများသို့ လက်ထပ်မင်္ဂလာပွဲတပွဲ တက်ရောက်ကြည့်ရှုရန် ခေါ်သွားဖူးသည်။ ကျမတို့နှစ်ဦးအတူ ဆဟာရသဲကန္တာရအစပ်ရှိ မြို့လေးတမြို့တိုင်အောင်လည်း ခရီးရှည်ထွက်ခဲ့ပါသည်။ နွေရာသီအပူရှိန် ပြင်းထန်လွန်းလှသဖြင့် ထိုထက်လွန်၍ မသွားနိုင်ခဲ့ပါ။ နောက် အလည်အပတ်ခရီးတရပ်အနေနှင့် ရောမခေတ်က ဆောက်လုပ်တည်ခဲ့သော မြို့ပျက်ကြီးရှိရာသို့ သွားခဲ့၏။ ထိုမြို့ပျက်တွင်းရှိ လဟာပြင်ဇာတ်ရုံကြီး၏ ကျောက်ပြားခင်းထားသော တလင်းပြင်ပေါ်တွင် ဘင်ဘဲလား၏ သစ္စာခံများက 'ဘင်ဘဲလား အသက်ရှည်ပါစေ' ဟု စာလုံးကြီးများနှင့်

www.burmeseclassic.com

www.burmeseclassic.com

ရေးထားပါသည်။ 'စု' မော်ရော်ကိုသို့ ခရီးတခေါက်ထွက်ခဲ့ပြီး စပိန်နိုင်ငံ တောင်ဘက်ကမ်းခြေကိုလည်း ခြေချမိသည်ဆိုသလောက်တော့ ရောက်ခဲ့ပါသည်။ ထို့နောက် ပြန်လည်စာဖတ်ပြီး ကျောင်းပိတ်ရက်အဆုံးတွင် ကျေကျေနပ်နပ်ကြီးနှင့် အောက်စဖို့ဒ်သို့ ပြန်သွားနိုင်ခဲ့ပါသည်။

ဘွဲ့ရပြီးနောက် 'စု' သည် လပိုင်းမျှ စာသင်ပို့ချခြင်းနှင့် သမိုင်းဆရာ ဟယူးတင်ကာ (Hugh Tinker) နှင့်အတူ သုတေသနလုပ်ခြင်း စသည်တို့ကို ဆောင်ရွက်ပြီးသောအခါ နယူးယောက်ရှိ ကျမနှင့် လာ၍နေပါသည်။ အဲ(လ်)ဂျီးယားတွင် လေးနှစ်မျှ တာဝန်ထမ်းဆောင်ပြီးနောက်ပိုင်း ကျမ ကုလသမဂ္ဂဌာနချုပ်သို့ ပြန်ရောက်နေပါသည်။ မိသားစုမိတ်ဆွေတဦးဖြစ်သူ ဖရင့်ထရေဂါ (Frank Trager) က ၎င်းအပြည်ပြည်ဆိုင်ရေးရာ ပါမောက္ခအဖြစ် ဆောင်ရွက်နေသော နယူးယောက်တက္ကသိုလ်၌ 'စု' ဘွဲ့လွန်သင်တန်းတက်ရန် စီစဉ်ပါသည်။ ပါမောက္ခထရေဂါသည် အမေရိကန် ထောက်ပံ့ရေးအစီအစဉ်တခုဖြင့် မြန်မာပြည်တွင် နှစ်အတန်ကြာ နေခဲ့ဖူးပါသည်။ သူသည် အရှေ့တောင်အာရှနှင့် အရှေ့ဖျားနိုင်ငံများတွင် ကျယ်ပြန့်စွာ ခရီးလှည့်လည်ဖူးကာ၊ ထိုဒေသများ၏ ကိစ္စအဝဝတို့တွင် စိတ်ဝင်စားသူတဦးဖြစ်ပါသည်။ သူရေးသော *ဘားမား၊ ပဒေသရာဇ်နိုင်ငံမှ သမတနိုင်ငံသို့* အမည်ခံစာအုပ်ထွက်ခဲ့သည်မှာလည်း မကြာသေးပါ။ သူသည် 'စု' ၏ တိုးတက်မှုကို ဂရုတစိုက်လေ့လာပါသည်။ ကျမတို့နေရာ မြို့လယ် မန်ဟတ်တင် (Midtown Manhatten) မှ နယူးယောက်တက္ကသိုလ်သို့ သွားရသောဘတ်စ်ကားခရီးမှာ အတော်ရှည်ပြီး ကားမူးတတ်သော 'စု' အတွက် ပင်ပန်းခက်ခဲပါသည်။ ဘတ်စ်ကားမှတ်တိုင်မှ ပန်းခြံတခုကိုဖြတ်ပြီး၊ ဝါရှင်တန်ရင်ပြင် (Washington Square) သို့ သင်တန်းတက်ရန် 'စု' သွားရသောလမ်း၌ ကျက်စားလေ့ရှိသော လူကြမ်းများ၏ အန္တရာယ်ကလည်း ရှိပါသေးသည်။ ကုလသမဂ္ဂရုံးသို့ ကျမတို့နေအိမ်မှ ခြောက်မိနစ်လောက်သာ လမ်းလျှောက်ရပါသည်။ သို့ဖြင့် လောလောဆယ် 'စု' ကုလသမဂ္ဂတွင် အလုပ်ဝင်ပြီး နောက်မှ စာဆက်သင်ရန် စိတ်ကူးပေါ်ပါသည်။ အလုပ်လျှောက်လွှာများ၊ ထောက်ခံစာများ၊ တွေ့ဆုံမေးမြန်းခြင်းများနှင့် ဖြစ်ရိုးဖြစ်စဉ် ကြန့်ကြာမှုနှင့် အခက်အခဲများကို ကျော်လွှန်ပြီးသောအခါ 'စု' ကုလသမဂ္ဂဝန်ထမ်းတဦး ဖြစ်သွားပါတော့သည်။ သုံးနှစ်ကြာမျှ 'စု' ကုလသမဂ္ဂတွင် အလုပ်လုပ်ပြီး နောက်ဆုံးနှစ်နှစ်တွင် အုပ်ချုပ်ရေးနှင့် ဘတ်ဂျက်ပြုစုရေးဆိုင်ရာ အကြံပေးကော်မတီကို အထောက်အကူပြုရသော ကုလသမဂ္ဂရုံးအဖွဲ့တွင် တာဝန်ထမ်းဆောင်ပါသည်။ ကော်မတီဝင်များသည် မိမိတို့နိုင်ငံများ၏ ကိုယ်စားလှယ်များအဖြစ် ခန့်အပ်ထားရခြင်း မဟုတ်ဘဲ၊ ဘဏ္ဍာရေးဆိုင်ရာကိစ္စများတွင် ကျွမ်းကျင်သူများအဖြစ် ခန့်အပ်ခြင်းခံရသူများဖြစ်ပါသည်။ ကုလသမဂ္ဂနှင့် အရံအဖွဲ့အစည်းများ အားလုံးအပြင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ စားနပ်ရိက္ခာနှင့် လယ်ယာစိုက်ပျိုးရေးအဖွဲ့များကဲ့သို့သော အထူးအေဂျင်စီများ၏ စီမံကိန်းအစီအစဉ်များနှင့် ဘတ်ဂျက်များကို ထိုကော်မတီက လေ့လာမှတ်ချက်ချပြင်ဆင်ပြီး သဘောတူညီမှုရရန် တင်ပြရပါသည်။ အလုပ်များခက်ခဲသော်လည်း ကုလသမဂ္ဂလုပ်ငန်းများ၏ ကုန်ကျစရိတ်ကို အသေးစိတ်စီစစ်ရခြင်းနှင့် ထက်မြက်ထူးချွန်သော အဖွဲ့ဝင်များတို့ကြောင့် စိတ်ဝင်စားဖွယ်ကောင်းလှပါသည်။ ထိုအဖွဲ့ဝင်များနှင့် 'စု' ကောင်းစွာ သိကျွမ်းလာပါသည်။

ကုလသမဂ္ဂဝန်ထမ်းများသည် ညနေပိုင်းနှင့် သတင်းပတ်ကုန်ပိုင်း အားလပ်ချိန်များ၌ ပရဟိတလုပ်ငန်းများတွင် လုပ်အားပေးလေ့ရှိကြပါသည်။ မန်ဟတ်တင်ရှိ ကျမတို့နေအိမ်မှ ဘတ်စ်ကားနှင့်သွားလျှင် ဆယ်မိနစ်ခန့်သာဝေးသော ဘဲ(လ်)ဗယူး (Belleview) ဆိုသည်မှာ နယူးယောက်ဆေးရုံကြီးတခု၏ အစိတ်အပိုင်းဖြစ်ပါသည်။ မြို့ကြီးရှိ အဆင်းရဲဆုံး၊ ကုမရသော ရောဂါစွဲကပ်နေသူများနှင့် ခိုကိုးရာမဲ့များအတွက် ဖြစ်ပါသည်။ ဘဝကို ရင်မဆိုင်နိုင်တော့ဘဲ ကိုယ်စိတ်နှစ်ဖြာပြိုလဲလုမတတ် ဖြစ်နေသူများကို ထိုဆေးရုံသို့ ခေါ်လာလေ့ရှိပါသည်။ လူမမာများအား စာဖတ်ပြပေးရန်၊ အဖော်ပြုရန် အစီအစဉ်များတွင် ပါဝင်ရန် အမျိုးသမီး၊ အမျိုးသားများ အမြဲ (ဓါတ်ပုံလာသည်)

(ဓါတ်ပုံ)

စု ရန်ကုန်နေအိမ်သို့ ပြန်လည်ရောက်ရှိနေသည့် နှစ်များတွင် ရိုက်ကူးထားသည်။

(ဆောင်းပါးအဆက်)

www.burmeseclassic.com

www.burmeseclassic.com

အလိုရှိနေပါသည်။ ထိုအစီအစဉ်တွင် ‘စု’ ပါဝင်၍ အပတ်စဉ် နာရီပေါင်းများစွာ လုပ်အားပေးပါသည်။ ဤကား သူမ မိခင်၏ ပရဟိတလုပ်ငန်း အစဉ်အလာအရ ဆောင်ရွက်ခြင်းဖြစ်ပါသည်။

ထိုအချိန်က မြန်မာနိုင်ငံမှ ဦးသန့်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဖြစ်ပါသည်။ ဟဒ်စင်မြစ်ကို လှမ်း၍မြင်ရသော သူ၏အိမ်ကြီးသည် ရီးဗားဒေး(လ်) **(Riverdale)** အရပ်တွင်ရှိပြီး ကျမတို့နေအိမ်မှ ကားနှင့် တနာရီခန့် သွားရပါသည်။ ဦးသန့်အိမ်၌ တည်ခင်းကျင်းပသော တနင်္ဂနွေနေ့ ထမင်းစားပွဲများမှာ ကျမတို့အဖို့ အလွန်စိတ်ရွှင်လန်းဖွယ်ရာ ဖြစ်ပါသည်။ အခြား မြန်မာမိတ်ဆွေများလည်း လာကြပြီး ကျမတို့အကြိုက် မြန်မာအစားအစာများ ကျွေးမွေးလေ့ရှိပါသည်။ ဦးသန့်၏ မြေးတဦးဦး၏ မွေးနေ့ကဲ့သို့သော အထူးနေ့များတွင် မြန်မာများအပြင် နိုင်ငံတကာမှ ကုလသမဂ္ဂ အမြဲတန်းကိုယ်စားလှယ်များကိုပါ ဖိတ်ကြားဧည့်ခံပါသည်။ အစားအစာမှာမူ အစဉ်အမြဲ အကောင်းဆုံးမြန်မာထမင်းဟင်းများ ဖြစ်ပါသည်။ ဦးသန့်မိသားစုက နွေးထွေးပျူငှာကာ ဧည့်ဝတ်ကျေလှပါသည်။ ကျမတို့ကမူ ဧည့်သည်တွေ သိပ်မများသော ထမင်းစားပွဲများကို ပိုမို၍ နှစ်သက်သော်လည်း၊ ထိုအခါများ၌ပင်လျှင် လူမှုရေး၊ နိုင်ငံရေး၊ ကမ္ဘာ့အခြေအနေ၊ ဦးသန့်ကိုင်တွယ်နေရသော ပြဿနာများ စသည်တို့ကို စိတ်ပါလက်ပါ ဝိုင်းဝန်းဆွေးနွေးနိုင်ခြင်းမရှိပါ။ ဦးသန့်၏ အိမ်ရှင်အနေနှင့် ဆောင်ရွက်ရသော တာဝန်အဝဝကြောင့် ထိုကဲ့သို့ စကားဝိုင်းဆွေးနွေးပွဲများ မဖြစ်နိုင်ခဲ့ဟု ထင်ပါသည်။

မြန်မာနိုင်ငံမှ ကုလသမဂ္ဂ အမြဲတန်းကိုယ်စားလှယ်ဖြစ်သူ ဦးစိုးတင်၏ ဖိတ်ကြားဧည့်ခံပုံများမှာမူ အနည်းငယ်ကွာခြားပါသည်။ သူလည်း ရီးဗားဒေး(လ်)၌ပင် ဦးသန့်၏ ဂေဟာလောက် ကြီးကျယ်ခမ်းနားခြင်းမရှိသော အိမ်တလုံး၌ နေပါသည်။ အထွေထွေညီလာခံကြီး ကျင်းပချိန်ဖြစ်သော စက်တင်ဘာလ ဒုတိယအပတ်မှ ဒီဇင်ဘာလလယ်ခန့်အတွင်းဆိုလျှင် ဦးစိုးတင်သည် အလုပ်ကိစ္စများ၊ မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် အခြားကိုယ်စားလှယ်အဖွဲ့များကို ဧည့်ခံကျွေးမွေးရခြင်းဖြင့် မအားမလပ်ဖြစ်နေလေ့ရှိပါသည်။ အခြားအချိန်များတွင်မူ နယူးယောက်ရှိ မြန်မာများကို သူ၏ အိမ်သို့ ဗုဒ္ဓဘာသာပွဲတော် အခါသမယများ၌ ဖိတ်ခေါ်လေ့ရှိပါသည်။ ကျမတို့သည် သူ၏ ဇနီးနှင့် သားသမီးများကို ခင်မင်နှစ်သက်ပါသည်။ ဦးစိုးတင်သည် သဘောထားကြီးသူဖြစ်သည့်အလျောက် မြန်မာများကို သိုးများ၊ ဆိတ်များဟူ၍ ခွဲခြားပြီး မဆက်ဆံပါ။ ဆိတ်များဆိုသည်မှာ ဦးနေဝင်းလက်အောက် မြန်မာနိုင်ငံ၏ အခြေအနေကို ဝေဖန်သူတို့ဖြစ်ပြီး၊ သာမန်အားဖြင့် သံရုံးအရာရှိများ၏ ပထားခြင်းကို ခံရတတ်ပါသည်။ ဦးစိုးတင်အိမ်၌ကား အခြေအတင်ဆွေးနွေးငြင်းခုန်နိုင်ပါသည်။ တခါတရံ အငြင်းအခုန်မှာ ပြင်းထန်သော်လည်း အများအားဖြင့် ဖွေမယူတမ်း၊ ခင်မင်သော သဘောဆောင်ပါသည်။

တချိန်တွင် ကုလသမဂ္ဂအထွေထွေညီလာခံ ကျင်းပဆဲအချိန်အတွင်း ကျမနှင့် ‘စု’ ကို ဦးစိုးတင်အိမ်သို့ ထမင်းစားဖိတ်ပါသည်။ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်အချို့က ကျမတို့နှင့်တွေ့လိုကြောင်း ပြောပါသည်။ ဦးစိုးတင်သည် အစဉ်ယဉ်ကျေးဖော်ရွေသူတဦး ဖြစ်သော်လည်း ဤဖိတ်ကြားပုံမှာမူ ထူးခြားနေသဖြင့် ‘တခုခုတော့ တခုခုပဲ’ ဟု ကျမ ထင်မိပါသည်။ သူ၏ ရီးဗားဒေး(လ်)နေအိမ်သို့ ကျမတို့ နေ့လယ်လောက် ရောက်သွားပါသည်။ ပန်းများ၊ ရွက်လှပင်များ၊ အနက်နှင့် ရွှေရောင်ခြယ် မြန်မာယွန်းထည်များနှင့် ပြည့်နေသော လေးထောင့်ပုံ ဧည့်ခန်းကြီးအတွင်းရှိ ဆိုဖာများနှင့် ကုလားထိုင်များကို အခန်းဘေးကိုကပ်၍ ရွှေ့ထားပြီး၊ ကော်ဖီပန်းကန်တင် စားပွဲကြီးများကို ထိုင်ခုံများရှေ့တွင် စီထား၏။ ဆိုဖာများနှင့် ကုလားထိုင်များပေါ်တွင် အထွေထွေညီလာခံတက်ရန် ရောက်နေသော မြန်မာသံအမတ်ကြီးများ တသီတတန်းကြီး ထိုင်နေကြ၏။ ကျမတို့နှင့် မတွေ့ဖူးသေးသော သူများအား မိတ်ဆက်ပေးပြီး ‘စု’ ကို အခန်းတဖက်စွန်း၌ လူကြီးနှစ်ယောက်အကြားတွင် ထိုင်စေပါသည်။ ကျမကိုမူ ကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်သူ ဗိုလ်မှူးကြီးမောင်လွင်ရှိရာနှင့် မဝေးလှသော လူနှစ်ဦးအကြား၌ ထိုင်စေပါသည်။ ဦးစိုးတင်၏ ဇနီးက သစ်သီးဖျော်ရည်များ လိုက်၍ကမ်းခြင်း၊ အာလူးကြော် စသော သွားရည်စာများကို စားပွဲများပေါ်ချခြင်း စသည့် ဝတ္တရားများ ပြီးစီးသည်နှင့် အထူးဧည့်သည်တော်များနှင့် ထိုက်တန်အောင် ချက်ပြုတ်ထားသော ထမင်းပွဲကို အပြီးသတ်စီမံရန် ကပ်လျက်အခန်းထဲသို့ ထွက်သွားပါသည်။ အားလုံး အလ္လာပ၊ သလ္လာပ စကားများ ပြောကြပါသည်။ ဦးစိုးတင်သည် ယဉ်ကျေးစွာ ပြုံးနေသော်လည်း အနေရခက်နေပုံရပါသည်။ ရောက်ရှိနေသော လူစုလူဝေးက ‘စု’ အပေါ်တွင် စီရင်ချက်တမျိုးမျိုးချရန် စိုင်းပြင်းနေသည်မှာ ထင်ရှားပါသည်။ ဘယ်လိုစီရင်ချက်မျိုး ချမည်ကိုတော့ ကျမ မတွေးနိုင်ဖြစ်နေပါသည်။ ကိုယ်စားလှယ်အဖွဲ့အကြီးအကဲက

www.burmeseclassic.com

www.burmeseclassic.com

ဦးဆောင်တိုက်ခိုက်ပါတော့သည်။ ‘စု’ မည်ကဲ့သို့ ကုလသမဂ္ဂ၌ အလုပ်လုပ်နေပါသနည်း၊ မည်သည့်နိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားပါသနည်း၊ သူမမိခင်သည် သံအမတ်ကြီး မဟုတ်တော့သဖြင့် ‘စု’ အနေနှင့် သံတမန်များဆိုင်ရာ နိုင်ငံကူးလက်မှတ် ပြန်အပ်ရမည် ဖြစ်ပါသည်။ ယခုထိ ပြန်မအပ်ရသေးဆိုသည်မှာ မှန်ပါသလား။ သံတမန်များဆိုင်ရာ နိုင်ငံကူးလက်မှတ်ကို ဆက်လက်ကိုင်ထားခြင်းမှာ ဥပဒေနှင့်မညီကြောင်း သူမ သိမည်ဖြစ်ပါသည်။ အလွန်မှ နည်းလမ်းမကျသော ကိစ္စဖြစ်သဖြင့် အမြန်ဆုံးပြင်ဆင်ရန် လိုပါသည်။

တစုတဝေးလုံးက ဦးလွင်ပြောသမျှကို မျက်နှာလိုမျက်နှာရ အောက်ကျို့သောအသွင်ဖြင့် ထောက်ခံသံများပြုကာ ‘စု’ ကို ဝိုင်းကြည့်နေကြပါတော့သည်။ ‘စု’ က အနေမပျက် တည်ငြိမ်စွာရှိနေခြင်းမှာ ကျမအတွက် အတော်စိတ်သက်သာရာဖြစ်စေပါသည်။ သူမက ဣန္ဒြေရှိရှိ လေအေးအေးနှင့် ပြန်ဖြေပါသည်။ နိုင်ငံကူးလက်မှတ်အသစ်ရရန် လန်ဒန်ရှိ မြန်မာသံရုံး၌ သူမ လျှောက်ထားသည်မှာ အချိန်အတော်ကြာသွားပြီ ဖြစ်သော်လည်း ယခုတိုင် အဖြေမရသေးကြောင်း၊ မည်ကဲ့သို့သော အကြောင်းကြောင့် ဤမျှ ထူးထူးခြားခြား ကြန့်ကြာနေရသည်ကို မပြောနိုင်ကြောင်း၊ နယူးယောက်သို့ သူမ ပညာသင်ရန် လာခဲ့ရာ၌ ရှိလက်စ နိုင်ငံကူးလက်မှတ်ကိုပင် ကိုင်ဆောင်ခဲ့ရကြောင်း၊ စားဝတ်နေထိုင်ရေးအတွက် အလုပ်ရှာရန် လိုနေသည့်အချိန်၌ ကံအားလျော်စွာ ကုလသမဂ္ဂ၌ အလုပ်ရရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံသားဖြစ်ကြောင်း အထောက်အထားပြရန် နိုင်ငံကူးလက်မှတ်မှာ လိုအပ်ချက်ဖြစ်ကြောင်း၊ လပေါင်းများစွာကပင် လျှောက်ထားခဲ့သော နိုင်ငံကူးလက်မှတ်ကို လန်ဒန်သံရုံးမှ ပို့ပေးရန် စောင့်နေလျက်ပင်ဖြစ်ကြောင်း၊ နိုင်ငံကူးလက်မှတ် အသစ်ရောက်သည်နှင့် အဟောင်းကို ဝမ်းသာစွာပြန်အပ်မည်ဖြစ်ကြောင်း၊ နိုင်ငံခြား၌ အလုပ်လုပ်ကိုင်နိုင်ရန် နိုင်ငံကူးလက်မှတ် (သံတမန်ဆိုင်ရာပဲဖြစ်စေ၊ ရိုးရိုးပဲဖြစ်စေ) တမျိုးမျိုး လိုအပ်သည်ကို အခန်းတွင်းရှိ ဦးလေးအားလုံး နားလည်ကြမည်ဟု သူမ ယူဆကြောင်း၊ ‘စု’ က ယဉ်ကျေးသိမ်မွေ့သော အသံနေအသံထားနှင့် တိကျကောင်းမွန်သော မြန်မာစကားလုံးများကိုသုံး၍ ပြောသွားပါသည်။

လန်ဒန်မှ မြန်မာသံအမတ်က ထကာ ‘စု’ အနေနှင့် နိုင်ငံကူးလက်မှတ်အသစ်ရရန် လျှောက်ထားခဲ့သည်မှာ လပေါင်းများစွာ ရှိပြီဖြစ်ကြောင်းကို အတည်ပြုကာ ထုံးစံအတိုင်း လျှောက်လွှာကို ရန်ကုန်သို့ပို့ထားကြောင်း ပြောပါတော့သည်။ အဘယ့်ကြောင့် လပေါင်းများစွာ ကြာပြီဖြစ်သော်လည်း အကြောင်းမပြန်သေးသည်ကို သူ မသိရကြောင်းလည်း ပြောပါသည်။ အမှန်အားဖြင့် မြန်မာပြည်၌ ဤသို့နည်းတူ နှောင့်နှေးကြန့်ကြာမှုများကို ဖြစ်ပေါ်စေသော ရှုပ်ထွေးပွေလီလှသည့် ဗျူရိုကရက်ယန္တရားနှင့် အလုပ်အကိုင်မပီပြင်မှုများအကြောင်းကို အခန်းတွင်းရှိ ကျမတို့အားလုံး သိရှိပြီးဖြစ်ပါသည်။ ထိုအခါမှ အခြားသံအမတ်များကလည်း ‘စု’ အနေနှင့် မိမိလုပ်ခဲ့ပုံမှလွဲ၍ အခြားရွေးချယ်ရာလမ်းမရှိခဲ့ဟု သဘောတူကြပါတော့သည်။ ကိုယ်စားလှယ်အဖွဲ့အကြီးအကဲ၏ မျက်နှာထားကား မတင်မကျဖြစ်လာ၏။ တောင်းပန်သကဲ့သို့သော လေသံနှင့် အစကအခြေအနေကို လုံးစေ့ပတ်စေ့ နားမလည်ခဲ့ကြောင်း၊ ရန်ကုန်ပြန်ရောက်သောအခါ နိုင်ငံကူးလက်မှတ်ရုံးက လုပ်စရာရှိသည်များကို လျင်မြန်စွာလုပ်ရန် သူကိုယ်တိုင်ညွှန်ကြားလိုက်မည်ဖြစ်ကြောင်း ပြောပါသည်။ ဤပုဂ္ဂိုလ်ကြီးများမှာ ‘စု’ ထက် အသက်အားဖြင့် ကြီးကြသူများဖြစ်ကြသော်လည်း ကောင်းသောအရည်အချင်းအားဖြင့် ကြီးသူများမဟုတ်ဟု ကျမ ထင်မိပါသည်။ ကျမလည်း ချက်ကောင်းယူကာ ‘နိုင်ငံကူးလက်မှတ်တွေ လုံးလုံးမလိုတော့တဲ့နေ့ မြန်မြန်ရောက်ပါစေလို့ ကျမတို့ မျှော်လင့်ရမှာပဲ’ ဟု ပြောလိုက်ပါသည်။ ထို့နောက် ကျမတို့ နေ့လယ်စာစားကြပါသည်။

အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ထဲတွင် မြန်မာပြည်အခြေအနေများကို ကျမတို့ ပွင့်ပွင့်လင်းလင်း ဆွေးနွေး၍ရသော မိတ်ဆွေတဦး ပါဝင်ပါသည်။ ထိုမိတ်ဆွေကား “စု၏ ဝေဖန်ချက်များ သိပ်ရဲလွန်းသည်ဟု ယူဆသောအခါများ၌ ‘စု’ က ယုံကြည်ချက်အရ သတ္တိရှိရုံမက၊ အဆက်အနွယ်အရလည်း သတ္တိရှိတာကိုး”ဟု နောက်ပြောင်လေ့ရှိ၏။ သူမ ဆိုလိုသည်မှာ ‘စု’ သည် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒေါ်ခင်ကြည်တို့၏ သမီးဖြစ်သဖြင့် တော်တော်နှင့် နှိမ်လို့ရမည်မဟုတ်၊ ကျမအထင်မှာတော့ ‘စု’ သည် သွေးသားအရထက် စိတ်ဓာတ်အရ သူမ မိဘနှစ်ပါး၏ သမီး ပီသပါပေသည်။

ကုလသမဂ္ဂရုံး၌ သုံးနှစ်ကြာ တာဝန်ထမ်းဆောင်ပြီးနောက် ‘စု’ သည် ဆက်လက်တာဝန်မထမ်းတော့ဘဲ သားသမီးများနှင့် သိုက်သိုက်ဝန်းဝန်းရှိမည့် အိမ်ထောင်သည်ဘဝကို ရွေးချယ်ရန် ဆုံးဖြတ်လိုက်ပါသည်။ သို့နှင့်

www.burmeseclassic.com

www.burmeseclassic.com

ဘဝသစ်တရပ် စပါတော့သည်။ ဤအချိန်မှစသော ဖြစ်စဉ်များမှာ အများသိပြီးဖြစ်ပါသည်။ ခင်ပွန်းဖြစ်သူ မိုက်ကယ်အဲရစ်သည် နှစ်အတော်ကြာကာပင် ဟိမဝန္တာနိုင်ငံလေးဖြစ်သော ဘူတန်၌ ဘုရင့်သားသမီးများ၏ စာပြဆရာအဖြစ်ရင်း၊ အစိုးရဘာသာပြန်ဌာန အကြီးအကဲအဖြစ်ရင်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။ 'စု' လည်း ဘူတန်၌ တနှစ်ခန့် နေခဲ့ပါသည်။ ဘူတန်သည် ကုလသမဂ္ဂအဖွဲ့တွင်းသို့ မကြာသေးမီကမှ ဝင်ခဲ့သဖြင့် 'စု' သည် ချက်ချင်းပင် ဘူတန်နိုင်ငံခြားရေးရုံး၌ ကုလသမဂ္ဂကိစ္စများဆိုင်ရာ အကြံပေးအရာရှိအဖြစ် အလုပ်ရပါသည်။ 'စု' တို့ ဇနီးမောင်နှံသည် သားဦး အလက်ဇန္ဒားအား မျက်နှာမြင်ရန် အင်္ဂလန်သို့ ပြန်လာပါသည်။ မိုက်ကယ်ကား လန်ဒန်တက္ကသိုလ်၌ ပါရဂူဘွဲ့သင်တန်း စတင်ပြီး၊ မများမကြာမီ အောက်စဖို့ဒ်၌ ပညာရှင်အလုပ်ခွင်ထဲဝင်လိုက်ပါသည်။ ဒုတိယသား ကင်မ်ကို ၁၉၇၇ ခုနှစ်တွင် ဖွားမြင်ပါသည်။ 'စု' လည်း ကလေးများအား ပြုစုပျိုးထောင်ခြင်း၊ ရန်ကုန်ရှိ မိခင်ထံ အလည်အပတ်သွားခြင်းတို့ဖြင့် အေးဆေးစွာ နေခဲ့ပါသည်။

မိသားစုကို ကြည့်ရှုထိန်းသိမ်းရင်း 'စု' စာပေများ စဉ်ရေးသားပါသည်။ စာဖတ်ဝါသနာသန်သည့်အလျောက် သူမသည် အင်္ဂလိပ်နှင့် ပြင်သစ်ဘာသာစာအုပ် အမြောက်အမြား စုဆောင်းထားပါသည်။ မိုက်ကယ်၏ တိဗက်စာပေရေးရာ သုတေသနများနှင့်ဆိုင်သော စာအုပ်စာတမ်းများလည်း တနေ့ထက်တနေ့ များပြားလာပါသည်။ သို့နှင့် သူတို့၏ အောက်စဖို့ဒ်နေအိမ်မှာ စာအုပ်များနှင့် ပြည့်လျှံနေပါသည်။ ကလေးများလည်း စာဖတ်ဝါသနာပါသူများအဖြစ် ကြီးပြင်းလာပါသည်။ 'စု' သည် သူမ ဖခင်၏ အထုပ္ပတ္တိရေးရန် စတင်စဉ်းစားပါသည်။ ဂျပန်ဘာသာစကားကို ဖွဲ့ကြီးစွာဖြင့် စူးစူးစိုက်စိုက်သင်ပါတော့သည်။ မြန်မာပြည်အကြောင်း ရေးထားသော အင်္ဂလိပ်နှင့် မြန်မာစာအုပ်များ၊ ဂျပန်ပြည်အကြောင်း ရေးထားသော အင်္ဂလိပ်နှင့် ဂျပန်စာအုပ်များ တဖြည်းဖြည်း စုဆောင်းမိလာသည်။ ဖခင် အထုပ္ပတ္တိစာအုပ်ပြုစုရန် သုတေသနစတင်ပါသည်။ လန်ဒန်ရှိ အရှေ့တိုင်းနှင့် အာဖရိကဆိုင်ရာကျောင်း၌ ပါရဂူဘွဲ့ယူရန်လည်း စတင်စီစဉ်ပါသည်။ ထိုအချိန်က သူမ၏ လုပ်ကိုင်လုပ်ရှားမှုများသည် လုံ့လကြီးခြင်းနှင့် သန္နိဋ္ဌာန်ခိုင်ခြင်းကို ပြသသည်ဟု ဆိုရပေမည်။

၁၉၈၅ ခုနှစ်တွင် ဂျပန်နှင့်ဆက်စပ်သော သူမ ဖခင်၏ ဘဝအစိတ်အပိုင်းနှင့်ပတ်သက်၍ သုတေသနပြုရန် တိုကျိုတက္ကသိုလ်က ကမ်းလှမ်းသော ပညာသင်ဆုကို 'စု' လက်ခံလိုက်ပါသည်။ ဂျပန်-မြန်မာ အစည်းအရုံးဝင်များကို တွေ့ဆုံကာ၊ ၎င်းတို့မှတဆင့် သူမဖခင်နှင့် သိကျွမ်းခဲ့သော အသက်ရှင်ဆဲရှိနေသည့် ဂျပန်များနှင့် အဆက်အသွယ်ပြုခဲ့ပါသည်။ တွေ့ဆုံသူတိုင်းက သူမအား ထိုစဉ်က အဖြစ်အပျက်များအကြောင်း တခုမဟုတ်တခု ပြောပြကြပါသည်။ ဂျပန်များအကြောင်း ဗဟုသုတတိုးပွားလာပြီး အဆက်အသွယ် (ဓါတ်ပုံများ လာသည်)

(ဓါတ်ပုံ)

စု လက်ထပ်ထိမ်းမြားသောနေ့၊ ဇန္နဝါရီလ ၁ ရက်နေ့ ၁၉၇၂ ခုနှစ်

**အပေါ်** – ဘူတန်နိုင်ငံ တောင်ပေါ်ခရီး ၁၉၇၁ ခုနှစ်
**အောက်** – ခင်ပွန်း မိုက်ကယ်အဲရစ်နှင့်အတူ၊ မော်လမြိုင်မြို့တွင် ၁၉၇၃ ခုနှစ်

သားဦး အလက်ဇန္ဒား
(မြင့်ဆန်းအောင်)
နှင့်အတူ
၁၉၇၃

(ဆောင်းပါးအဆက်)

များလည်း ကျယ်ပြန့်လာပါသည်။ ထိုအချိန်၌ မိုက်ကယ်သည် အိန္ဒိယပြည်မြောက်ပိုင်း ဆင်းမလားမြို့ရှိ အိန္ဒိယနိုင်ငံ အဆင့်မြင့်စာပေလေ့လာရေးဌာန၌ သုတေသနပညာရှင်တဦးအဖြစ် ရောက်ရှိနေပါသည်။ သားကြီးက အောက်စဖို့ဒ်တွင် ကျောင်းအိပ်ကျောင်းစားအဖြစ် နေခဲ့ပြီး၊ သားငယ်က 'စု' နှင့် တိုကျိုမြို့သို့ ပါလာပါသည်။ ၁၉၈၆

www.burmeseclassic.com

www.burmeseclassic.com

ခုနှစ်တွင် ကျမကို တိုကျိုတက္ကသိုလ် အပြည်ပြည်ဆိုင်ရာ ရိပ်သာ၌ သူတို့နှင့်အတူ လာနေရန် 'စု' က ဖိတ်ခေါ်ပါသည်။ ကျမလည်း သုံးလခန့်သွားနေဖြစ်ပါသည်။ ဂျပန်များနှင့်၎င်း၊ ဘာသာရပ်အမျိုးမျိုးလေ့လာရန် ဂျပန်ပညာသင်ဆုများ ရရှိထားသော နိုင်ငံတကာမှ ပညာရှင်များနှင့်၎င်း 'စု' ခင်ခင်မင်မင် ရင်းရင်းနှီးနှီးရှိပါသည်။ ဂျပန်၌ ဖြစ်မြောက်မှုအတော်ရှိသည်ဟု 'စု' ယူဆပါသည်။ နောက်နှစ်နှစ်တွင် ဆင်းမလားရှ် မိုက်ကယ်ထံသို့ 'စု'၊ သားငယ်နှင့် အင်္ဂလန်မှ သားကြီးပါ ရောက်လာကာ မိသားစုအားလုံး ပြန်ဆုံကြပါသည်။ မိုက်ကယ် အလုပ်လုပ်နေသောဌာန၌ 'စု' လည်း သုတေသနပညာရှင်အဖြစ် ခန့်အပ်ခြင်းခံရပါသည်။ ၁၉၈၇ ခုနှစ်တွင် ကျမ အိန္ဒိယ၌ ရှိသည်ဖြစ်ရာ သုတေသနရှိ သူတို့တိုက်ခန်း၌ တလခန့် ပျော်ပျော်ပါးပါး သွားလည်နိုင်ခဲ့ပါသည်။ ဌာနတည်ရှိရာ အဆောက်အဦးကြီးသည် လွတ်လပ်ရေးမရမီ အချိန်ကာလက ဗြိတိသျှဘုရင်ခံချုပ်များနှင့် ၎င်းတို့၏ ရုံးအဖွဲ့များ နွေရာသီတွင်နေထိုင်ရာအိမ်တော်ဖြစ်ပါသည်။

ထိုနှစ်တွင်ပင် ဒေါ်ခင်ကြည်သည် မျက်စေ့မှတိမ်ကို ခွဲစိတ်ကုသရန်အတွက် လန်ဒန်သို့ရောက်လာပါသည်။ ခွဲစိတ်မှုများ အောင်အောင်မြင်မြင်ရှိသဖြင့် ဆေးကုသမှုကြောင့် မသက်မသာရှိရသော်လည်း ဒေါ်ခင်ကြည်အတွက် စိတ်ရွှင်လန်းချမ်းမြေ့ဖွယ်အချိန်ဖြစ်ပါသည်။ 'စု' သည် ဆင်းမလားမှ သူမ၏ အလုပ်ကို ရပ်ထားခဲ့ကာ မိခင်ကို ပြုစုရန် ရောက်လာပါသည်။ အမေရိကန်ပြည်ထောင်စုတွင် နေထိုင်အလုပ်လုပ်နေသာ သူမအကိုလည်း ဆယ်ရက်ခန့် အလည်ရောက်လာပါသည်။ ကျမလည်း လန်ဒန်၌ ရှိသည့်အလျောက် ဒေါ်ခင်ကြည်ကို နေ့တိုင်းလိုလိုပင် တွေ့ဖြစ်ပါသည်။ အခြားမိတ်ဆွေဟောင်းများ၊ မိတ်ဆွေသစ်များလည်း လာ၍သတင်းမေးကြကာ ရယ်ရယ်မောမော ရေးဟောင်းနှောင်းဖြစ်များအကြောင်း ပြောလိုက်ကြနှင့် ရွှင်လန်းချမ်းမြေ့ဖွယ်ဖြစ်ပါသည်။ ဒေါ်ခင်ကြည် တည်းနေသောတိုက်ခန်းသည် သစ်သီးများ၊ ပန်းများနှင့် မြန်ဆန်စွာ ရောဂါပျောက်ကင်းကျန်းမာစေရန် ဆုတောင်းပို့သသော ကဒ်များနှင့် ပြည့်နေပါသည်။ 'စု' သည် အိမ်ထောင်မပြုမီကရင်း၊ အိမ်ထောင်ပြုပြီးသောအခါ၌၎င်း မြန်မာပြည်ရှိ မိခင်ထံ မှန်မှန်အလည်သွားခဲ့ပါသည်။ ဒေါ်ခင်ကြည်သည် သားမြေးများ ကြီးပြင်းလာသည်ကို မြင်ခဲ့ရပြီး မျက်စေ့မခွဲမီနှစ်တွင် မိမိ၏ရန်ကုန်အိမ်၌ ကလေးများ၏ ရှင်ပြုမင်္ဂလာပွဲကို ကိုယ်တိုင်ကြီးကြပ်ပြီး ကျင်းပခဲ့ပါသည်။ လန်ဒန်တွင် နှစ်နှစ်ကြာနေပြီးနောက် ဒေါ်ခင်ကြည်သည် မျက်စိများ အတော် အခြေအနေကောင်းလာပြီဖြစ်၍ မြန်မာပြည်သို့ ရွှင်လန်းစွာပြန်သွားပါသည်။ လန်ဒန်ကို အလည်ရောက်စဉ်က မည်မျှစိတ်ချမ်းမြေ့ခဲ့ကြောင်း၊ (ဓါတ်ပုံလာပါသည်)

**အပေါ်** – စု၊ သားငယ် ကင်မ် (ထိန်လင်း)နှင့် မိခင်ကြီးတို့ အာဇာနည်နေ့အခမ်းအနား တက်ရောက်စဉ် ၁၉၈၆ ခုနှစ်
**အောက်** – သားများကို ၁၉၈၇ ခုနှစ်တွင် ရှင်ပြုစဉ်က (ဝဲမှယာ) ကင်မ် (ရှင်တေဇ)၊ ဦးပဥ္ဇင်း၊ ရွှေကြက်ယက်ဆရာတော်–ပုံလွန်၊ ဦးပဥ္ဇင်း၊ အလက်ဇန္ဒား (ရှင်ပညာ)

(ဆောင်းပါးအဆက်)
၎င်းတို့နှင့် တွေ့ဆုံခဲ့ရသည်ကိုလည်း ပီတိဖြစ်ရကြောင်း စသဖြင့် မိတ်ဆွေအများအပြားကို စာရေးအသိပေးပါသည်။ သို့သော် ရန်ကုန်ပြန်ရောက်၍မှ ဆယ်လမပြည့်မီ နောက်နှစ် ၁၉၈၈ မတ်လကုန်ပိုင်းတွင် ပြင်းထန်သော လေဖြတ်ခြင်းဒဏ်ကို ခံရပါသည်။ စု၊ မိုက်ကယ်နှင့် သားနှစ်ယောက်သည် အိန္ဒိယမှ အောက်စဖို့ဒ်သို့ ၁၉၈၇ စက်တင်ဘာလအတွင်း ပြန်ရောက်လာခဲ့ကြပြီး တက္ကသိုလ်ပညာရှင်များလောကတွင် ပြန်လည်နေသားကျစအချိန်၌ ဒေါ်ခင်ကြည် လေဖြတ်ကြောင်းသတင်း ရောက်လာပါသည်။ 'စု' လည်း ချက်ချင်းပင် ရသည့်လေယာဉ်ဖြင့် မိခင်အား ပြုစုရန် ရန်ကုန်သို့ လိုက်သွားပါသည်။

၁၉၈၈ ခုနှစ် မြန်မာပြည်အတွင်း အဖြစ်အပျက်များကို အများသိပြီးဖြစ်ပါသည်။ နှစ်ဦးပိုင်းက ဆန္ဒပြကျောင်းသားများ သေနတ်ပစ်ခတ်ခြင်း ခံကြရစဉ်ကစ၍ ပြဿနာများ၊ ပေါ်ပေါက်မည့်အလားအလာများ ရှိခဲ့ပါသည်။ နောင်တွင် ဆန္ဒပြပွဲများ ပိုမိုကြီးထွားလာကာ အကြမ်းဖက်မှုများလည်း ဖြစ်ပေါ်လာလေသည်။ '၈–၈–၈၈' နေ့သည် ပြည်သူပေါင်းမြောက်မြားစွာ ချီတက်ဆန္ဒပြကြပြီး ဒီမိုကရေစီတောင်းဆိုသောနေ့ ဖြစ်ပါသည်။ ဤဆန္ဒပြချီတက်ပွဲများကို နှိမ်နင်းရန် အစိုးရတပ်များက ပစ်ခတ်သတ်ဖြတ်ခဲ့၍ ကျဆုံးဒဏ်ရာရသူများအရေအတွက်မှာ နောင်တနှစ်ကြာတွင် ပီကင်းမြို့ တီယံအာမင်ရင်ပြင်၌ သေကြေပျက်စီးမည့်

www.burmeseclassic.com

www.burmeseclassic.com

တရုတ်ပြည်သူဦးရေထက် များစွာပိုမိုပါသည်။ 'စု' ခေါင်းရှောင်နေ၍ မဖြစ်တော့ပါ။ ဤလက်သစ် အကြမ်းဖက်အာဏာရှင်စနစ်ကို တိုက်ဖျက်ရန် ပြည်သူလူထုကို ခေါင်းဆောင်ပေးနိုင်မည့် သူမ၏ဖခင်ကား မရှိတော့ပြီ။ အဖေ့သမီးပီသစွာ သူမ ပါဝင်လှုပ်ရှားရပေတော့မည်။

'စု' သည် တည်ထောင်ပြီးစ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အထွေထွေအတွင်းရေးမှူးအနေဖြင့် မြန်မာနိုင်ငံတဝှမ်း စည်းရုံးရေးဆင်းပါသည်။ ဤစည်းရုံးရေးခရီးများ၏ ရည်ရွယ်ချက်မှာ အဖွဲ့ချုပ်ရုံးများ ဖွင့်လှစ်ရန်သာမက ဦးနေဝင်း၏ ဖိနှိပ်ချုပ်ချယ်သော စစ်အာဏာရှင်စနစ် (နောက်ပိုင်းတွင်တော့ အရပ်သားအရေခြုံ စစ်အစိုးရ) လက်အောက်တွင် နှစ်ပေါင်းများစွာ နေခဲ့ရ၍ စွဲကပ်နေသော ကြောက်ရွံ့စိတ်များမှ မြန်မာနိုင်ငံသူနိုင်ငံသားများ ရုန်းထွက်လွတ်မြောက်နိုင်စေခြင်းငှာ လမ်းပြနှိုးဆော်ရန်ဖြစ်ပါသည်။

'စု' က အင်္ဂလိပ်ရော၊ မြန်မာပါ ဘာသာစကားနှစ်မျိုးလုံးတွင် နိုင်နင်းကျွမ်းကျင်ပါသည်။ မြန်မာဘာသာစကားကို အသုံးပြုကာ သူမ၏ဖခင်ကဲ့သို့ပင် မြန်မာပြည်သူလူထု၏ ရင်ထဲအတွေးထဲသို့ရောက်အောင် စွမ်းဆောင်ပါသည်။ သူမ၏ အတွေးအမြင်များနှင့် ဆောင်ရွက်ချက်များကို ကမ္ဘာသို့တင်ပြရန်အတွက် အင်္ဂလိပ်ဘာသာစကားကို သုံးပါသည်။ ထိုင်းမှိုင်းဖွယ်ရာဘဝ၌ နှစ်ပေါင်းများစွာ နစ်မြုပ်နေခဲ့ပြီး မကြာခင်ကမှ ဆန္ဒပြရန် နိုးကြားလာခဲ့ကြသော မြန်မာပြည်သူလူထုကို လှုံ့ဆော်စည်းရုံးပေးရန် မြန်မာဘာသာစကားသည် အရေးအပါဆုံးဖြစ်ပါသည်။ ဤသို့ ပြည်သူလူထုကို လှုံ့ဆော်စည်းရုံးရန်အတွက် 'စု' သည် ကိုယ်စိတ်နှစ်ပါးလုံး အလွန်ပင်ပန်းစွာ အားထုတ်ရသည့်အပြင် မရေမတွက်နိုင်လောက်အောင် အန္တရာယ်မျိုးစုံနှင့် စွန့်စားမှုများကိုလည်း ကြုံတွေ့ရပါသည်။ အထူးသဖြင့် စစ်အစိုးရက ထုတ်ပြန်ထားသော အမိန့်အရ လူ လေးဦးထက်ပို၍ စုဝေးခြင်းသည် ဥပဒေနှင့်ဆန့်ကျင်ပြီး စစ်တပ်က အင်အားသုံးကာ လူစုခွဲခွင့်ရှိပါသည်။

တခါတွင် စစ်အစိုးရ၏ အမိန့်ထုတ်ပြန်ထားချက်နှင့်အညီဟု ထင်ပါသည်။ ကြည်းတပ်မှ ဗိုလ်ကြီးတဦးက 'စု' နှင့် သူမ၏ စည်းရုံးရေးအဖွဲ့ဝင်တို့ကို ရှေ့ဆက်သွားလျှင် ပစ်ခတ်မည်ဟု ခြိမ်းခြောက်ပြီး သေနတ်များဖြင့်ချိန်ကာ လမ်းခရီးကို ပိတ်ဆို့ပါသည်။ 'စု' က အလွန်တည်ငြိမ်စွာဖြင့် သူမ၏အဖော်များကို ဘေးသို့ဖယ်၍ စောင့်နေရန်မှာပြီး သူမက လမ်းကို တဦးတည်းသာ ဆက်၍သွားပါသည်။ သူမက လိုအပ်လျှင် အသက်တချောင်းကိုသာစွန့်ရန်နှင့် ယင်းမှာလည်း သူမ၏ အသက်သာဖြစ်စေရမည်ဟု ယတိပြတ်ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါသည်။ ဤလုပ်ရပ်သည် အလွန်ရဲရင့်ပြီး အောင်မြင်မှုလည်း ရခဲ့ပါသည်။ အကြောင်းမှာ ထိုနောက်ဆုံးအချိန်ပိုင်းကလေးမှာပင် ဘေးမှ ဗိုလ်မှူးတယောက်က ကြားဝင်၍ ပစ်ခတ်မည်ကို တားဆီးခဲ့ပါသည်။ တခါတရံ 'စု' က သူမမိခင် ဒေါ်ခင်ကြည်၏ စည်းကမ်းစနစ်ကျစွာ သွန်သင်ထိန်းကြောင်း လမ်းညွှန်မှုအောက်တွင် သူမ ကြီးပြင်းလာခဲ့ရပုံများကို ပြောပြတတ်ပြီး ဤသို့သော ပဲ့ပြင်သွန်သင်မှုများကြောင့်ပင်လျှင် ဘဝတွင်တွေ့ကြုံရသော မထင်မှတ်သည့် အခက်အခဲ၊ ဒုက္ခများကို ကျော်လွှားအောင်မြင်နိုင်ခြင်းဖြစ်ပါသည်။ ဆိုခဲ့ပြီးသော အဖြစ်အပျက်များမှာလည်း ဤကဲ့သို့သော အခက်အခဲ အကြပ်အတည်းများစွာထဲမှ တခုသာဖြစ်ပါသည်။

ဤအဖြစ်အပျက်အကြောင်းကို ကြားရ၊ ဖတ်ရသည့်အခါ ကျမအနေနှင့် ဒေါ်ခင်ကြည်ကို တဖန်ပြန်လည် သတိရစေပါသည်။ အခါပေါင်းများစွာ သူမလည်း လက်ရုံးရည်၊ ဖြတ်ထိုးဉာဏ်နှင့် ဆုံးဖြတ်ချက်၊ ထိုးထွင်းဉာဏ်၊ မိမိအလိုသို့ပါအောင် ဆွဲဆောင်စည်းရုံးတတ်မှုနှင့် လူအများနှင့် ပြေပြစ်အောင် ဆက်ဆံတတ်မှုတို့ကို အသုံးချကာ အကျဉ်းအကြပ်ထဲမှ လွတ်အောင် ဆိုးဝါးသော ဘေးအန္တရာယ်မှ ဖယ်ရှားနိုင်အောင် ကြံဆောင်နိုင်ခဲ့ပါသည်။ ဒေါ်ခင်ကြည်က ကျမတို့ကို သူမ တွေ့ကြုံခဲ့ရသော အဖြစ်အပျက်များစွာကို ပြောပြတတ်ပြီး 'စု' လည်း ဤအဖြစ်အပျက်အားလုံးကို သိထားပြီးဖြစ်ပါသည်။ ဒေါ်ခင်ကြည်သည် အလုပ်တာဝန်မှ အငြိမ်းစားယူပြီးနောက်မှာပင် အများနှင့်ဆက်ဆံရာ၌ အလွန်သိုသိပ်ခြင်း၊ မှန်ကန်စွာဆုံးဖြတ်ခြင်းတို့ ရှိခဲ့ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းမှာမူ အများသိပြီးဖြစ်သည့်အတိုင်း လက်ရုံးရည်ရော၊ နှလုံးရည်ပါ ပြည့်ဝရအောင် တသက်တာလုံး ကြိုးပမ်းခဲ့ပါသည်။

'စု' ၏ သဘောသဘာဝနှင့် ကြံ့ခိုင်သောစိတ်ဓာတ်တို့၏ ဇစ်မြစ်ကို လေ့လာစူးစမ်းရာတွင် ကျမ၏ ရည်ရွယ်ချက်မှာ ဥပမာအားဖြင့် မြေကြီးကို အမှီပြုကာ အလွန်ထူးဆန်းရှားပါးသော အဖူးအပွင့်ကလေးတခု ဖြစ်ပေါ်လာရသကဲ့သို့ပင် မိဘနှစ်ဦးကို အရင်းခံပြီး ဤထူးခြားပြောင်မြောက်သော ရင်သွေးတဦးဖြစ်ထွန်းလာရပုံကို ဆက်သွယ်ကြည့်ရန်ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

'စု' နှင့် ကိုယ်ကျင့်တရားဖြောင့်မတ်ခြင်း၊ တည့်မတ်သော ရည်ရွယ်ချက်ပန်းတိုင်ရှိခြင်း၊ မလျော့သော ဇွဲလုံ့လနှင့် စူးစူးစိုက်စိုက် ရည်မှန်းချက်ကိုရောက်အောင် ကြံဆောင်တတ်ခြင်း စသော အရည်အသွေးများသည် အခက်အခဲနှင့် ရင်ဆိုင်ရသောအခါများတွင် စိတ်ဓာတ်ကျလျှော့မရှိခြင်း၊ ဘယ်အရာကိုမဆို အကောင်းဘက်မှ ကြည့်တတ်ခြင်း၊ သူတပါး၏ ဆိုလိုရင်းကို နားလည်တတ်ခြင်း၊ ဖိနှိပ်ချုပ်ချယ်မှုနှင့် ရန်မူမှုများနှင့် တွေ့ကြုံရသောအခါ ဣန္ဒြေမပျက်ခြင်း၊ သန္နိဋ္ဌာန်ခိုင်ခြင်း စသည်တို့နှင့်လည်း အတူတွဲလျက်ရှိနေပါသည်။ သူမ အောက်စဖို့ဒ်တွင် ပညာသင်ကြားခဲ့သောနှစ်များ၊ အိမ်ထောင်ရှင်မဘဝနှင့် သူမ၏ သားနှစ်ယောက်ကို ပြုစုပျိုးထောင်ရမှု၊ အင်အားချိနဲ့သူများနှင့် သက်ကြီးရွယ်အိုများအပေါ် ဂရုစိုက်စောင့်ရှောက်တတ်မှု၊ သူမ၏ ကျယ်ပြန့်သော သူငယ်ချင်းမိတ်ဆွေအသိုင်းအဝိုင်း၊ ပိုမိုတိုးပွားလာသော သူမ၏ စိတ်ဝင်စားမှုများ၊ သူမ၏ အဆိုအရ သူမခင်ပွန်းသည်ကို စံနမူနာပြု၍ အားကျအတုယူပြီး ပညာထူးချွန်အောင် လေ့လာလိုက်စားမှု၊ နောက်ပိုင်းနှစ်များတွင် ရရှိခဲ့သော အတွေ့အကြုံများအားလုံးတို့ကို စုပေါင်းလိုက်သောအခါတွင် ရလဒ်မှာ ရင့်ကျက်မှု၊ လိုက်လျောညီထွေဆက်ဆံတတ်မှု၊ အလွန်အရေးပါသော စိန်ခေါ်မှုများကို လိုလားစွာ ကိုင်တွယ်နိုင်စွမ်းရှိလာမှုတို့ပင် ဖြစ်ပါသည်။ အတိုပြောရလျှင် 'စု' သည် အဖိနှိပ်ခံနေရသော ပြည်သူတရပ်လုံး၏ မျှော်လင့်ရာ၊ အားထားရာ ဖြစ်လာပါသည်။

ယခုလက်ရှိအခြေအနေတွင် သူမအတွက် အချိန်သည် ရပ်တန့်လျက် ရှိနေသကဲ့သို့ ထင်ရသော်လည်း သူမ၏ အရည်အသွေးများ ပိုမိုစူးရှတောက်ပြောင်လာမှုကိုမူ မတားဆီးနိုင်ပါ။ သူမကို ဖိနှိပ်ချုပ်ချယ်ရသော လူတစုကိုယ်တိုင်ကပင် သူမကို အထင်မကြီးဘဲ မနေနိုင်ကြဟု ယူဆပါသည်။ မြန်မာပြည်သူပြည်သားများအပေါ် လွှမ်းခြုံလျက်ရှိသည့် "ကြောက်ရွံ့ခြင်း ဆိုသော မှိုင်းထုကြီး" ကို ဖြိုခွဲပစ်ရန် သူမ၏ ကြိုးပမ်းချက်များမှာ အလွန်မွန်မြတ်လှသော ရည်မှန်းချက်တရပ်ဖြစ်ပြီး၊ ဤရည်မှန်းချက် အောင်မြင်အောင် တိုက်ပွဲဝင်ရန်အတွက် သူမတွင် ကာယစွမ်းရည်၊ ဉာဏစွမ်းအား၊ ဖြူစင်သော ကိုယ်ကျင့်တရားတို့နှင့်လည်း ပြည့်စုံပြီးဖြစ်ပါသည်။ အရေးတော်ပုံအောင်ပါစေ။

* * *

စုနှင့် သူမ၏ မိသားစုတို့အကြောင်းကို အထက်ပါအတိုင်း ကျမရေးခဲ့သည်မှာ အချိန်အတော်ကြာသွားပြီဖြစ်ပါသည်။

ဤအချိန်အတွင်း ကျမတို့၏ မြန်မာပြည်သူများ မည်သို့သောအခြေအနေများ ကြုံတွေ့နေကြရပါသလဲ။ 'စု' တယောက်ရော ဘယ်မှာလဲ။ မြန်မာပြည်သူ၊ ပြည်သားများ ကောင်းစားရေးအတွက် ကြိုးပမ်းနေသည်ဟု အသံကောင်းလွှင့်နေသော နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (နဝတ) က သူတို့အပြောနှင့်ညီအောင် ဘာတွေများ လုပ်နေကြပါသလဲ။

ဝမ်းနည်းစရာကောင်းလောက်အောင်ပင် ကျမတို့ မြန်မာပြည်သူလူထု၏ ဘဝများမှာ ပင်ပန်းဆင်းရဲမှုနှင့် နာကျင်မှုများ ပြည့်နှက်လျက်ရှိနေဆဲဖြစ်ပါသည်။ သာမန်လူတယောက်အတွက် လူနေမှုအဆင့်အတန်းမှာလည်း နိမ့်ကျမြဲသာဖြစ်ပါသည်။ နဝတ က ဈေးကွက်တွင် လူသုံးကုန်များ ပို၍ ပေါများလာပါသည်ဟု ဆိုသော်လည်း ကုန်ဈေးနှုန်းများမှာ တက်မြဲတက်လျက်သာ ဖြစ်နေပါတော့သည်။ မြန်မာတပြည်လုံးကို ကြောက်ရွံ့ခြင်းက လွှမ်းမိုးထားဆဲဖြစ်ပါသည်။ တပ်မတော် ထောက်လှမ်းအဖွဲ့ဝင်များကလည်း ထုံးစံအတိုင်း နေရာအနှံ့ရှိနေပါသည်။ မည်သူမျှ တဦးအပေါ်တဦး မယုံကြည်ရဲကြပါ။ ဥပဒေနှင့်မညီသော တဖက်သတ်အမိန့်စီရင်ချမှတ်ခြင်းများ၊ တရားမျှတမှုမရှိခြင်းနှင့် တပ်မတော်ကသာ ကြီးစိုးချယ်လှယ်ခြင်းတို့လည်း ဆက်၍ဖြစ်ပွားနေပါသည်။ အာဏာချုပ်ကိုင်ထားသော တပ်မတော်အတွင်း အဂတိလိုက်စားမှုများအကြောင်းကိုလည်း လူတိုင်းအသိပင်ဖြစ်ပါသည်။ မည်သည့်ဝေဖန်မှုကိုမှ ခွင့်မပြု၊ လက်ခံကြပါ။ လွတ်လပ်စွာပြောဆိုခွင့်ဆိုသည်မှာလည်း လုံးဝမရှိပါ။

နဝတ က ၎င်းတို့၏ ကန့်သတ်ချုပ်ချယ်မှုပေါင်းများစွာထဲမှ အနည်းငယ်ကို အလျှော့ပေးသယောင် ဟန်ပြသော်လည်း ၎င်းတို့အပေါ်တွင် လူထုက ယုံကြည်လာအောင် မလုပ်နိုင်ပါ။ ထိုင်း၊ တရုတ်နှင့် မြန်မာတို့ မှောင်ခိုကူးခြင်းလုပ်ငန်းကို တရားဝင်ခွင့်ပြုပြီး လမ်းများ ဖွင့်ပေးလိုက်ခြင်းသည်လည်း ဆင်းရဲသားများ၏ ဘဝများကို မည်သို့မျှ မချောင်လည်စေပါ။ စစ်အစိုးရက တရုတ်၊ ထိုင်းနိုင်ငံတို့နှင့် ပိုမိုခင်မင်ရင်းနှီးစွာ ဆက်ဆံခြင်းဖြင့်

www.burmeseclassic.com

www.burmeseclassic.com

စစ်လက်နက်များ ဝယ်ယူနိုင်ရန်နှင့် ဖက်စပ်စီမံကိန်းလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် ကြံဆောင်ချက်များမှာလည်း မြန်မာပြည်သူပြည်သားအပေါင်းတို့၏ အနာဂတ်အတွက် ရင်လေးဖွယ်ဖြစ်သည့်အပြင် မြန်မာနိုင်ငံအတွက် ဆင်းရဲတွင်း ပို၍နက်စေပါသည်။ နိုင်ငံအတွင်းမှ သဘာဝသယံဇာတများကို မတန်တဆ ဈေးများလျှော့၍ရောင်းပြီး ရသည့်ငွေဖြင့် လူနည်းစုတိုင်းရင်းသားများနှင့် ဖြစ်နေသော မဆုံးနိုင်သည့် ပြည်တွင်းစစ်ပွဲများတွင် အသုံးပြုရန်အတွက် လက်နက်များ ဝယ်ယူကြပါသည်။

နဝတ က သူတို့ပြောသမျှကို ခေါင်းညိတ်မည့်သူများဟု ယူဆရသော နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်အချို့ကို ရွေးချယ်ခေါ်ယူပြီး အမျိုးသားညီလာခံတရပ် ကျင်းပနေပါသည်။ သူတို့က “ပါတီစုံဒီမိုကရေစီစနစ်ကို အရင်းခံသော အခြေခံဥပဒေတရပ်ကို ရေးဆွဲရန်” ကြိုးပမ်းနေသည်ဟု ပြောပါသည်။ သူတို့ရွေးချယ်ခေါ်ယူထားသော “ဟုတ်ကဲ့” ဟုသာ ဖြေမည်ဟု ယူဆရသည့် ပါတီကိုယ်စားလှယ်များထဲမှပင် အချို့က နောင်အနာဂတ်တွင်လည်း စစ်တပ်က ယခုလိုပင် နိုင်ငံရေးတွင် ဦးစီးဦးဆောင်ပြုသော အခန်းကဏ္ဍမှ ပါဝင်နိုင်ရန် အဆိုပြုသည်ကို ကန့်ကွက်ခဲ့ကြပါသည်။ စူးစမ်းလေ့လာသူများက ဤအမျိုးသားညီလာခံကို လက်ရှိအာဏာရှင်များအနေနှင့် အာဏာကို အချိန်အကန့်အသတ်မရှိ ဆုပ်ကိုင်ထားနိုင်အောင် အကွက်ဆင်ထားသော လုပ်ရပ်တခုသာဖြစ်သည်ဟု သတ်မှတ်ကြပါသည်။

နဝတ အစိုးရသည် ၎င်းတို့၏ လူ့အခွင့်အရေးချိုးဖောက်ကျူးလွန်သော လုပ်ရပ်များအတွက် ကဲ့ရဲ့ရှုတ်ချမှု အမျိုးမျိုးခံရပါသည်။ ကုလသမဂ္ဂ အထွေထွေညီလာခံက ၁၉၉၁ နှင့် ၁၉၉၂ ခုနှစ်များတွင် ထိုသို့သော ဝေဖန်ကန့်ကွက်သည့် ဆုံးဖြတ်ချက်စာတမ်းများ ထုတ်ပြန်ခဲ့ပါသည်။ ၁၉၉၂ ခုနှစ်တွင် ထုတ်ပြန်သော ကြေညာချက်တွင် ကုလသမဂ္ဂ အထွေထွေညီလာခံက သတ်သတ်မှတ်မှတ် အမည်နှင့်တကွ ထုတ်ဖော်ကာ ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ အခြားထိန်းသိမ်းခံနေရသည့် နိုင်ငံရေးသမားများအား လွှတ်ပေးရန် တောင်းဆိုခဲ့ပါသည်။

ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင်အဖွဲ့က ဂျီနီဗာမြို့၌ကျင်းပသော ဆွေးနွေးပွဲတွင် နိုင်ငံရေးအကျဉ်းသားများအား လွှတ်ပေးရန် အကြိမ်ကြိမ်တောင်းဆိုခဲ့ပြီး အတိုက်အခံအဖွဲ့၏ အထင်ရှားဆုံးခေါင်းဆောင်ဖြစ်သော ဒေါ်အောင်ဆန်းစုကြည်ကို နဝတ က ဆက်၍ဖမ်းဆီးထားခြင်းကိုလည်း ရှုတ်ချခဲ့ပါသည်။ ဤကော်မရှင်က မြန်မာပြည်အတွင်း၌ ဆက်လက်ဖြစ်ပွားနေသော ပို၍ဆိုးဝါးလာသည့် လူ့အခွင့်အရေးချိုးဖောက်ကျူးလွန်မှုများ၊ ဥပမာ ရွာများကို ရွာလုံးကျွတ် အဓမ္မပြောင်းရွှေ့စေခြင်း၊ ပြည်သူများကို အတင်းအကြပ် စစ်တပ်အတွက် ပေါ်တာများအဖြစ် ခိုင်းစေကာ အစာမကျွေးဘဲထားခြင်း၊ စစ်ကြောင်းအရှေ့မှ မိုင်းရှင်းရာတွင် လူများကို အသုံးချခြင်း၊ စစ်ပွဲများမှ ဖမ်းဆီးသော စစ်သုံ့ပန်းများကိုရော၊ နိုင်ငံရေးအကျဉ်းသားများကိုပါ လူမဆန်စွာ ညှဉ်းပန်းနှိပ်စက်ခြင်းများအပါအဝင် အခြားမြောက်မြားလှစွာသော လူ့အခွင့်အရေးချိုးဖောက်မှုများကို သွားရောက်လေ့လာပြီး ပြန်လည်တင်ပြအစီရင်ခံရန်အတွက် အထူးကိုယ်စားလှယ်အဖွဲ့များအား နှစ်ကြိမ်စေလွှတ်ခဲ့ပါသည်။

နဝတ အစိုးရသည် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏ တလေးတစားဆက်ဆံမှုကို ဆုံးရှုံးခဲ့ပြီး ယခုမှသာ ပြုပြင်ထားသော အသွင်တမျိုးအား ကမ္ဘာ့နိုင်ငံများကို တင်ပြရန် ကြိုးစားနေပါသည်။ အချည်းနှီးပါတည်း။ ယောက်ျား၊ မိန်းမ၊ ကလေးများပါမကျန် ဘုန်းတော်ကြီးများ အားလုံးတို့မှာ ငြိမ်းချမ်းစွာ ဒီမိုကရေစီလွတ်လပ်ခွင့်နှင့် လူ့အခွင့်အရေးများကို တောင်းဆိုခဲ့ကြသူများဖြစ်ပြီး ထိုမြန်မာပြည်သူလူထုအပေါင်းအား ရက်ရက်စက်စက် သတ်ဖြတ်ခြင်းကို မည်သည့်အခါမှ မေ့နိုင်ကြမည်မဟုတ်ပါ။ ယခုတိုင် ပြင်းထန်ကြမ်းတမ်းရက်စက်သော နည်းမျိုးစုံဖြင့် အတိုက်အခံမှန်သမျှကို နှိမ်နင်းချေမှုန်းနေရာတွင် အထူးသဖြင့် လူမဆန်သော ညှဉ်းပန်းနှိပ်စက်မှုများ အသုံးပြုနေကြသည်ကို လူ့အခွင့်အရေးအဖွဲ့အစည်းများနှင့် အစိုးရများက စုံစမ်းသိရှိခဲ့ကြပြီး ရှုတ်ချကန့်ကွက်ခဲ့ကြပါသည်။ နဝတ ၏ အသိသာအထင်ရှားဆုံးသော အပြစ်တခုမှာ ၁၉၉၀ ပြည့်နှစ် မေလတွင် ကျင်းပခဲ့သော ရွေးကောက်ပွဲတွင် အပြတ်အသတ်အနိုင်ရခဲ့သည့် ‘စု’ တည်ထောင်ခဲ့ပြီး နိုင်ငံရေးမြေပုံပေါ်ကို တင်ခဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ထံသို့ အာဏာလွှဲပြောင်းရေးကိစ္စကို မရေရာဝေးကွာလှသည့် အနာဂတ်ဆီသို့ ရွှေ့ဆိုင်းထားခြင်းပင်ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာ့နိုင်ငံများအလယ်တွင် နဝတ စစ်အစိုးရ၏ ဂုဏ်သိက္ခာမှာ ကျဆင်းခဲ့ရသ၍ 'စု' မှာမူ သူ၏ နိုင်ငံတွင်း၌သာမက တကမ္ဘာလုံး၏အမြင်တွင် ဂုဏ်ရှိန်မြင့်တက်ကျော်ဇောလျက်ရှိနေပါတော့သည်။ သူမကို အကျယ်ချုပ်နှင့်ဖမ်းဆီးထားပြီး လူမြင်ကွင်းမှ ဖယ်ရှားထားသည့်ကြားကပင် သူမ၏ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ၁၉၉၀ မေလရွေးကောက်ပွဲတွင် လွှတ်တော်နေရာအများဆုံး အနိုင်ရခဲ့ပါသည်။ ကမ္ဘာ့နေရာအနှံ့အပြားက သူမကို ဂုဏ်ထူးများ၊ ဆုများ အမြောက်အမြား အပ်နှင်းခဲ့ပါသည်။ ထိုအထဲမှ အမြင့်မားဆုံး ဆုတခုမှာ သူမ၏ အကြမ်းမဖက်သော ဒီမိုကရေစီ၊ ငြိမ်းချမ်းရေး၊ လွတ်လပ်ရေးနှင့် သူမ၏ ပြည်ထောင်စုသားများအတွက် လူ့အခွင့်အရေးရရှိအောင် ရပ်တည်ချက်၊ ကြိုးပမ်းချက်များအတွက် ၁၉၉၁ ခုနှစ်တွင် ဂုဏ်ပြုချီးမြှင့်ခြင်းခံခဲ့ရသော နိုဘဲလ်ငြိမ်းချမ်းရေးဆုပင် ဖြစ်ပါသည်။ နိုဘဲလ်ကော်မတီ၏ သဘာပတိက ဆုပေးပွဲတွင် မိန့်ကြားခဲ့သော မိန့်ခွန်းတွင် "သူမသည် ယခုအခါ၌ မြန်မာနိုင်ငံတွင်သာမက ကျန်အာရှတခွင်နှင့် အခြားသော ကမ္ဘာ့နေရာအနှံ့အပြားတို့တွင် ပေါ်ပေါက်နေသော အကြမ်းဖက်မှုတို့ကို ဆန့်ကျင်တိုက်ဖျက်ရေးနှင့် လွတ်လပ်သော လူ့အဖွဲ့အစည်း ဖြစ်ပေါ်လာရေးတို့အတွက် လှုပ်ရှားမှုများ၏ အထိန်းအမှတ်သင်္ကေတတခုပင်ဖြစ်ပါသည်" ဟု ပြောသွားပါသည်။

၁၉၉၃ ခု နှစ်ဦးပိုင်းက တောင်အာဖရိကမှ ခရစ်ယာန်ဘုန်းတော်ကြီး ဘိရှော့တူးတူးနှင့် တိဘက်ဘုန်းတော်ကြီး ဒလိုင်လားမားတို့အပါအဝင် အခြားနိုဘဲလ်ဆုရှင်များပါဝင်သည့် အဖွဲ့တဖွဲ့က ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးရန် အထူးတိုက်တွန်းခဲ့ပါသည်။ သို့သော် အရာမထင်ခဲ့ပါပေ။ ထိုအဖွဲ့က သတင်းစာရှင်းလင်းပွဲတခု ပြုလုပ်ခဲ့ပါသည်။ နဝတ နှင့် ကမ္ဘာတဝှမ်းသို့ အသံလွှင့်ခဲ့ပါသည်။ သူတို့က "ဒေါ်အောင်ဆန်းစုကြည်သည် ကမ္ဘာတဝှမ်းတွင် လွတ်လပ်ခြင်း၏ အထိမ်းအမှတ်သင်္ကေတဖြစ်ပြီး မြန်မာပြည်သူလူထုတရပ်လုံးကိုလည်း စိတ်ဓာတ်တက်ကြွအောင် လှုံ့ဆော်နိုင်ဆဲပင်ဖြစ်ပါသည်။ သူမကို လွတ်လပ်ခွင့် ပြန်ပေးရန် သင့်ပါသည်" ဟု ပြောခဲ့ပါသည်။

အင်းလျားကန်ဘေးမှ သူမ၏ နေအိမ်အတွင်း တဦးတည်း အချိန်ကြာရှည်စွာ ချုပ်နှောင်မှုခံနေရသည်မှာ ယခုဆိုလျှင် ငါးနှစ်တာကာလအတွင်း ဝင်ရောက်လာပြီဖြစ်သော 'စု' အကြောင်းကို ကျမ တွေးနေမိပါသည်။ ဤသို့သော ဆိုးဝါးလှသည့် အခြေအနေမျိုးကို ရင်ဆိုင်နိုင်အောင် ဘယ်အရာကများ သူမကို စွမ်းဆောင်ပေးနေပါလိမ့်။

သူမ အကောင်အထည်ဖော် ကြံဆောင်လျက်ရှိသည့် ရည်မှန်းချက်မှာ အထူးမှန်မြတ်လှပြီး မလွဲမသွေ မုချအောင်မြင်ရလိမ့်မည်ဟူသော မည်သို့မျှ ယိုင်နဲ့ဖျက်ဆီးပစ်၍ မရနိုင်သည့် ခိုင်မာသောယုံကြည်ချက်တခု သူမတွင် ရှိပါလိမ့်မည်။

ဒီမိုကရေစီနှင့် မြန်မာပြည်သူအပေါင်းအတွက် လူ့အခွင့်အရေးများရရှိအောင် ကြိုးပမ်းချက်များအပေါ်တွင်လည်း 'စု' က သူမ၏ မိသားစုထံမှ အဆုံးစွန်သော ယုံကြည်မှု၊ နားလည်မှုနှင့် ထောက်ခံအားပေးမှုများကို ရထားပါသည်။ 'စု' ထံတွင် ပင်ကိုယ်စွမ်းရည်သတ္တိများ ရှိထားပြီးဖြစ်ပါသည်။ စူးရှထက်မြက်သော စိတ်စွမ်းအားနှင့် အသိဉာဏ်၊ အလိမ္မာများလည်း ပြည့်စုံပြီးဖြစ်ပါသည်။ စည်းစနစ်လည်းကျပြီး သူမ၏ဘဝကို ပညာဗဟုသုတရှာဖွေခြင်းနှင့် ဗုဒ္ဓဘာသာတရားတော်များကို လေ့လာကျင့်ကြံခြင်းအားဖြင့် ဖြည့်ဆည်းတတ်ပါသည်။

သူမ၏ဖခင် ဗိုလ်ချုပ်၏ စွမ်းဆောင်ချက်များ၊ မြန်မာပြည်သူလူထုအပေါ်ထားသော ဗိုလ်ချုပ်၏ မေတ္တာစေတနာနှင့် လူထုတရပ်လုံးကလည်း ဗိုလ်ချုပ်ကို လေးစားချစ်ခင်စွာ သတိရလျက်ရှိနေကြောင်းများကို 'စု' အမြဲစဉ်းစားနေလိမ့်မည်ဟု ကျမ ထင်ပါသည်။

သူမက အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှု ရရှိရေးနှင့် ငြိမ်းချမ်းစွာ အတူတကွ ပူးပေါင်းပြီး သဘောထားကွဲလွဲမှုများကို ဖြေရှင်းနိုင်ရေးအတွက် အဓိပ္ပာယ်ရှိသော ဆွေးနွေးပွဲများ ပေါ်ပေါက်လာနိုင်အောင် နဝတ အစိုးရကို ယခင်ကလည်း ဖိတ်ခေါ်ခဲ့ပြီး ယခုထိလည်း ဖိတ်ခေါ်နေဆဲဖြစ်ပါသည်။

'စု' သည် ကျမတို့၏ မြင်ကွင်းများမှ ပျောက်နေသော်လည်း ကျမတို့၏ အတွေးများထဲမှ မည်သည့်အခါမှ ကွယ်ပျောက်သွားလိမ့်မည်မဟုတ်ပါ။ မြန်မာပြည်သူပြည်သားများရော၊ ပြည်ပတွင်ရောက်နေသူ မြန်မာတိုင်းရင်းသားများပါ အားလုံးက 'စု' ကို သတိရနေပြီး၊ 'စု' အကြောင်းကို တွေးတောလျက်ရှိနေကြပါသည်။ ကမ္ဘာကလည်း 'စု' လွတ်မြောက်လာမည့်နေ့ကိုလည်း စောင့်မျှော်လျက်၊ မြန်မာပြည်သူလူထုကို ဖိနှိပ်ချုပ်ချယ်မှုမှ

www.burmeseclassic.com

www.burmeseclassic.com

လွတ်မြောက်အောင် လမ်းပြခေါ်ဆောင်ရမည့် သူမ၏ ကံကြမ္မာကို သူမ ဖြည့်ဆည်းခွင့်ရတော့မည့် ထိုအချိန်အခါကို စောင့်ကြည့်နေကြပါသည်။ 'စု' သည် ပြည်သူလူထုနှင့်အတူ ရှိနေပါသည်။ 'စု' သည် ပြည်သူလူထုဘက်မှသာ ရပ်တည်ပါသည်။ မြန်မာပြည်သူလူထု၏ ယုံကြည်မှုနှင့် မျှော်လင့်ချက်များကို 'စု' က ဖြည့်စွမ်းပေးမည်ဆိုသည်ကို စိုးစဉ်းမျှပင် သံသယမဖြစ်မိပါ။

'စု' လွတ်မြောက်လာမည့်နေ့ကိုသာ ကျမတို့အားလုံး မျှော်လင့်တကြီး စောင့်စားနေမိကြပါတော့သည်။

မသန်းဇ

၁၉၉၃ ခုနှစ်၊ စက်တင်ဘာလ

## နော်ဝေးနိုင်ငံ နိုဘဲလ်ကော်မတီဥက္ကဋ္ဌ မိန့်ခွန်း

၁၉၉၁ ခုနှစ် ဒီဇင်ဘာလ (၁၀) ရက်နေ့၌ အော်စလိုမြို့တော်တွင် ကျင်းပသော ၁၉၉၁ ခုနှစ် နိုဘဲလ်ငြိမ်းချမ်းရေးဆု ချီးမြှင့်ပွဲအခမ်းအနား၌ နော်ဝေးနိုင်ငံ နိုဘဲလ်ကော်မတီဥက္ကဋ္ဌ ပါမောက္ခ ဖရန်စစ်စီဂျာစတက် (Francis Sejersted) ပြောကြားသောမိန့်ခွန်း

* * *

ဘုရင်မင်းမြတ်၊ ဖိဘုရားကြီး၊ အစိုးရအဖွဲ့ဝင်များ၊ သံတမန်များနှင့် အမျိုးသမီး၊ အမျိုးသားများ ခင်ဗျား၊

ယနေ့ ဤနေရာတွင် ကျနော်တို့ စုဝေးကြသည်မှာ အောင်ဆန်းစုကြည်၏ ထင်ရှားသော လူ့အခွင့်အရေးနှင့် ဒီမိုကရေစီဆောင်ရွက်မှုများကို ဂုဏ်ပြုရန်နှင့် သူမအား ၁၉၉၁ ခုနှစ်အတွက်ဖြစ်သော နိုဘဲလ်ငြိမ်းချမ်းရေးဆုကို ချီးမြှင့်ရန်ပင် ဖြစ်ပါသည်။ ခံစားချက် အမျိုးမျိုး၊ အဖုံဖုံဖြစ်ပေါ်ရသည့် အခါသမယဖြစ်ပါသည်။ ငြိမ်းချမ်းရေးဆုရှင်ကိုယ်တိုင် မလာရောက်နိုင်ဘဲ ဖြစ်နေရပါသည်။ ကျနော်တို့ အသိအမှတ်ပြုနေသော ကြိုးပမ်းမှုကြီးမှာလည်း ဆုံးခန်းရောက်ရန် လိုပါသေးသည်။ သူမသည် သူမ၏ယုံကြည်ချက်အတိုင်း ဖြစ်မြောက်ရန် တိုက်ပွဲဝင်နေဆဲပင်ဖြစ်ပါသည်။ သူမ၏ စွမ်းရည်သတ္တိနှင့် တာဝန်ယူဆောင်ရွက်မှုများကြောင့် သူမသည် မြန်မာပြည်၌ ယုံကြည်ချက်၏ အကျဉ်းသားဘဝ၌ ရောက်ရှိနေပါသည်။ သူမ မလာရောက်နိုင်သည့်အတွက် ကျနော်တို့ စိုးရိမ်ကြောင့်ကြစိတ်များ ဖြစ်ပေါ်လာသော်လည်း သူမ၏မိသားစု ခံစားနေရသော စိုးရိမ်ပူပန်မှုနှင့်စာလျှင် ပြောပလောက်မည်မဟုတ်ပါ။ သူမ၏မိသားစုဖြစ်သော ခင်ပွန်းသည် မိုက်ကယ်အဲရစ်နှင့် သားများဖြစ်ကြသော အလက်ဇန္ဒားနှင့် ကင်မ်တို့အား အလွန်ပင် ကိုယ်ခြင်းစာနာမိကြောင်း ဤအခမ်းအနားတွင် ပြောလိုပါသည်။ ကျနော်တို့သည် သင်တို့နှင့်အတူ ခံစားကြရပြီး သင်တို့၏ဇနီးနှင့် မိခင်ဖြစ်သူကိုယ်စား အော်စလိုသို့ လာရောက်၍ နိုဘဲလ်ဆု လက်ခံယူသည်ကို ကျနော်တို့ များစွာကျေးဇူးတင်ရှိပါသည်။

ကျနော်တို့၏ စိုးရိမ်ကြောင့်ကြမှုများသည် ယုံကြည်အားထားမှု၊ မျှော်လင့်မှုတို့ဖြင့်လည်း ရောထွေး၍ဖြစ်ပေါ်နေပါသည်။ ငြိမ်းချမ်းရေးနှင့် စေ့စပ်ဖြန်ဖြေရေးကိုရယူရန် တိုက်ပွဲဝင်ကြိုးပမ်းရာတွင် ကျနော်တို့ စံနမူနာအဖြစ် ထားရမည့်ပုဂ္ဂိုလ်များသည် ကျနော်တို့ရယူရန် ကြိုးပမ်းနေသည့် အရာများ၏ သင်္ကေတအဖြစ်ရပ်တည်ပြီး ကျနော်တို့တွင်ရှိသမျှ အကောင်းဆုံးစွမ်းရည်ကို လှုပ်ရှားတက်ကြွစေသော ပုဂ္ဂိုလ်မျိုးတို့ကို အားထားကြရပါသည်။ အောင်ဆန်းစုကြည်သည် ဤသို့သောပုဂ္ဂိုလ်ပင် ဖြစ်ပါသည်။ သူမသည် လေးနက်စွာတာဝန်ယူမှုနှင့် (ဓါတ်ပုံလာသည်)

(ဓါတ်ပုံ)

**အပေါ်** – နိုဘဲလ်ငြိမ်းချမ်းရေးဆုတံဆိပ်

**အောက်** – နိုဘဲလ်ဆုရှင်အား ချီးမြှင့်အပ်နှင်းသည့်လက်မှတ်

www.burmeseclassic.com

www.burmeseclassic.com

(ဆောင်းပါးအဆက်)

ဖွဲ့သတ္တိခိုင်မြဲမှုတို့ကို ဦးတည်ချက်နှင့်နည်းလမ်းတို့ တသားတည်းဖြစ်သောစိတ်ကူးအမြင်ဖြင့် ပေါင်းစပ်ပေးထားပါသည်။ ယင်းအမြင်၏ အရေးကြီးဆုံးသောအင်္ဂါအစိတ်အပိုင်းများမှာ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများကို ရိုသေလေးစားမှု၊ အုပ်စုများအကြား စေ့စပ်ဖြန်ဖြေမှု၊ အကြမ်းမဖက်မှုနှင့် တဦးခြင်းအနေဖြင့်ငင်း၊ စုပေါင်း၍ငင်း စည်းကမ်းကျနမှု စသည်တို့ပင် ဖြစ်ပါသည်။

သူမအား စတင် စိတ်ဓာတ်တက်ကြွလှုပ်ရှားစေသော ပုဂ္ဂိုလ်များသည် ပဓါနအားဖြင့် မဟတ္တမဂန္ဒီနှင့် သူမ၏ဖခင် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုခေါင်းဆောင် အောင်ဆန်းတို့ပင်ဖြစ်ကြောင်း သူမကိုယ်တိုင် ရှင်းလင်းစွာ ရည်ညွှန်းထားပါသည်။ အကြမ်းမဖက်ရေး အတွေးအခေါ်သမားကြီးနှင့် ဗိုလ်ချုပ်ကြီးတို့အကြား ကွဲပြားခြားနားချက်များ အများအပြားရှိသော်လည်း အခြေခံတူညီချက်များကို တွေ့ရှိရပါသည်။ ၎င်းတို့နှစ်ဦးစလုံးတွင် စစ်မှန်သောလွတ်လပ်ရေးစိတ်ထား၊ စစ်မှန်သောနိဝါတတရားနှင့် အောင်ဆန်းစုကြည်က သူ့ဖခင်နှင့်ပတ်သက်၍ ရေးသားရာတွင် အသုံးပြုသည့်စကားအတိုင်း “နက်ရှိုင်းလှသော ရိုးသားမှု” တို့ကို တွေ့ရှိရပါသည်။ အောင်ဆန်းအဖို့ ခေါင်းဆောင်မှုသည် တာဝန်ဖြစ်၍ မိမိခေါင်းဆောင်မည့် ပြည်သူလူထု၏ ယုံကြည်မှုနှင့် ရိုသေလေးစားမှုတို့ကိုရယူ၍ တာဝန်ထမ်းဆောင်ရာတွင် နိဝါတတရားရှိမှ တာဝန်ကျေပွန်မည် ဖြစ်ပါသည်။

ဂန္ဒီနှင့် ဖခင်ဖြစ်သူတို့ထံမှ အားထားနမူနာယူစရာ စိတ်ဓာတ်ရေးရာများကို ရယူခဲ့သော်လည်း အောင်ဆန်းစုကြည်တွင်လည်း လွတ်လပ်သောအတွေးအခေါ်များရှိပြီး ယင်းတို့သည် သူမ၏နိုင်ငံရေးဝါဒ ဖြစ်လာပါတော့သည်။ အဓိကမူရင်းမှာ သူမ၏ဖခင်၌ သူမ မြင်တွေ့ရသော “နက်ရှိုင်းလှသော ရိုးသားမှု” ပင် ဖြစ်ပါသည်။ သူမ၏အတွေးအခေါ်တွင် လူ့အခွင့်အရေးကို အလယ်ဗဟို၌ နေရာပေးထားသည်မှာ လူ့ဂုဏ်သိက္ခာကို ကာကွယ်ရန် တကယ်တမ်းလိုအပ်သည့်သဘောကို ရောင်ပြန်ဟပ်နေပုံရပါသည်။ လူသားသည် လွတ်လပ်သောလူ့အဖွဲ့အစည်းတွင် နေထိုင်ခွင့်ရှိသည်သာမကဘဲ ရိုသေလေးစားခံပိုင်ခွင့်လည်း ရှိရမည်ဖြစ်ပါသည်။ ဤအယူအဆအပေါ်တွင် အမြင့်ဆုံးမျှော်မှန်းချက် စိတ်ကူးအမြင်နှင့် တည်ငြိမ်သောလက်တွေ့ဝါဒတို့ကို ထူးခြားစွာပေါင်းစပ်ထားသော လမ်းစဉ်တရပ်ကို သူမက ချမှတ်တည်ထောင်ထားပါသည်။ သူမအဖို့ ဤသည်မှာ သီအိုရီအယူအဆမျှသာ မဟုတ်ပါ။ ဤသို့သော အယူအဆကို လက်တွေ့နိုင်ငံရေး၌ ကျင့်သုံးနိုင်သည်ကို ပြသရာတွင် သူမသည် များစွာအထောက်အကူပြုသူ ဖြစ်နေပါသည်။

ငြိမ်းချမ်းရေးနှင့် စေ့စပ်ဖြန်ဖြေရေးမူဝါဒကို လက်တွေ့အကောင်အထည်ဖော်ရာတွင် လုံးဝမရှိမဖြစ်သော လိုအပ်ချက်တရပ်မှာ ကြောက်ရွံ့ခြင်းကင်းမဲ့မှုပင် ဖြစ်ပါသည်။ဤအချက်ကို အောင်ဆန်းစုကြည် သိနားလည်ပါသည်။ သူမ၏စာတမ်းတခုတွင် အာဏာကြောင့်မဟုတ်ဘဲ ကြောက်ရွံ့မှုကြောင့်သာ လူသားတိုင်း ဖောက်ပြန်ကြခြင်းဖြစ်သည်ဟု စတင်ရေးသားဖော်ပြထားပါသည်။ သူမ၏ တိုင်းပြည်မှ အာဏာရှင်စနစ်အား ရည်ရွယ်၍ ဝေဖန်ထားခြင်းပင်ဖြစ်ပါသည်။ ၎င်းတို့က ဦးဆောင်လမ်းပြပုံရမည်ဖြစ်သော ပြည်သူလူထုကို ၎င်းတို့က ကြောက်ရွံ့နေသဖြင့် ၎င်းတို့ကိုယ်၎င်းတို့ ဖောက်ပြန်စေခဲ့ခြင်းပင်ဖြစ်ပါသည်။ ဤသည်ကြောင့် ၎င်းတို့သည် မကောင်းမှုသံသရာ လည်နေကြရပါသည်။ သို့သော်လည်း သူမ၏အတွေးအခေါ်တွင် ကြောက်ရွံ့မှုကင်းမဲ့ရန် နှိုးဆော်ချက်သည် ဦးစွာပထမအနေဖြင့် အများနှင့်သက်ဆိုင်သော နှိုးဆော်ချက်ဖြစ်ပါသည်။ ကျနော်တို့အားလုံး ကြောက်ရွံ့ခြင်းကင်းမဲ့ကြရန် တောင်းဆိုခြင်းဖြစ်ပါသည်။ သူမကိုယ်တိုင်လည်း ကြောက်ရွံ့မှုကင်းမဲ့ကြောင်းကို လက်တွေ့ပြခဲ့ပါသည်။ သူမသည် သေနတ်များဖြင့် ချိန်ထားသည်ကို တကိုယ်တည်း ဆန့်ကျင်ခဲ့သူဖြစ်ပါသည်။ ဤသို့သောသတ္တိကို မည်သည့်အရာက ခံနိုင်ပါမည်နည်း။ သူမအား မပစ်ရန် နောက်ဆုံးအမိန့်ပေးလိုက်သူ ဗိုလ်မှူး၏ စိတ်ထဲတွင် မည်သို့ရှိပါသနည်း။ သူမ၏သတ္တိကို လေးစား၍လည်း ဖြစ်နိုင်သည်၊ ကြမ်းတမ်းသော အင်အားဖြင့် မည်သည့်အရာကိုမျှ အောင်မြင်နိုင်မည်မဟုတ်သည်ကို ယင်းဗိုလ်မှူး သဘောပေါက်သွား၍လည်း ဖြစ်နိုင်ပါသည်။

အကြမ်းဖက်မှု၏ အဆိုးဝါးဆုံးသောရန်သူသည် အကြမ်းဖက်မှုပင်ဖြစ်၍ ယင်းကိုတိုက်ဖျက်ရာတွင် ကြောက်ရွံ့မှုကင်းမဲ့ခြင်းသည် အထက်မြက်ဆုံး လက်နက်ဖြစ်ပါသည်။ သူမ၏ အားကျဖွယ်ရာ ရဲစွမ်းသတ္တိကြောင့် အောင်ဆန်းစုကြည်သည် ဂန္ဒီနှင့် ဖခင်ဖြစ်သူ အောင်ဆန်းကဲ့သို့ အာနိသင်ကြီးမားသော သင်္ကေတ

www.burmeseclassic.com

www.burmeseclassic.com

အမှတ်အသားအဖြစ်သို့ ရောက်ရှိလာခြင်းဖြစ်ပါသည်။ အောင်ဆန်းသည် ၎င်း၏ကြိုးပမ်းမှုများ မပြီးပြတ်သေးမီ သေနတ်ပစ်ခံရခြင်းဖြစ်ပါသည်။ ဤသို့လုပ်ဆောင်ခြင်းဖြင့် အောင်ဆန်းအား မြန်မာ့နိုင်ငံရေးမှ ဖယ်ရှားနိုင်မည်ဟု လုပ်ကြံသတ်ဖြတ်ရန်စီစဉ်သူများက ယူဆခဲ့ပါလျှင် မှားယွင်းသောယူဆချက်သာဖြစ်ပါသည်။ အောင်ဆန်းသည် လွတ်လပ်သော မြန်မာပြည်အတွက် စည်းလုံးညီညွတ်မှု၏ သင်္ကေတဖြစ်လာပြီး လွတ်လပ်သောလူ့အဖွဲ့အစည်းကို တည်ဆောက်နိုင်ရန် ယခု တိုက်ပွဲဝင်ကြိုးပမ်းနေသူများအား စိတ်ဓာတ်တက်ကြွစေသည့် ပုဂ္ဂိုလ်လည်း ဖြစ်လာပါတော့သည်။ ဤသို့ စံနမူနာထားစရာ၊ စိတ်ဓာတ်တက်စရာအပြင် ပြည်သူလူထုစိတ်နှလုံးတွင် အောင်ဆန်းရယူထားသည့်နေရာကြောင့် ၎င်းသေဆုံးပြီး နှစ်ပေါင်း (၄၀) ကျော်အကြာတွင် အောင်ဆန်းစုကြည်သည် နိုင်ငံရေးစတင်လုပ်ကိုင်ရန် လိုအပ်သောအခြေခံကို ရရှိနိုင်ခဲ့ပါသည်။ သူမသည် ဖခင်၏အမွေအနှစ်ကို ဆက်ခံခဲ့ပြီး ယခုအခါ သူမကိုယ်တိုင်ပင် မြန်မာပြည်တွင်သာမကဘဲ အာရှတိုက်တခွင်လုံးနှင့် အခြားကမ္ဘာ့နေရာ အနှံ့အပြားတွင် အကြမ်းဖက်မှုကို တော်လှန်၍ လွတ်လပ်သော လူ့အဖွဲ့အစည်း တည်ထောင်ရန် ကြိုးပမ်းချက်၏ သင်္ကေတဖြစ်နေပါသည်။

အောင်ဆန်းစုကြည်၏ ရဲစွမ်းသတ္တိနှင့် မြင့်မားသော မျှော်မှန်းချက်တို့သည် ကျနော်တို့တွင်ရှိသော အကောင်းဆုံးစွမ်းရည်ကို ပေါ်ထွက်လာစေမည်ဟု ကျနော်တို့ကဲ့သို့သော သာမန်ပုဂ္ဂိုလ်တို့က ခံစားကြရသည်ဟု ကျနော်ယုံကြည်ပါသည်။ အနာဂတ်တွင် ယုံကြည်မှုရှိနေသေးရန်အတွက် သူမကဲ့သို့သောပုဂ္ဂိုလ်မျိုးကို ကျနော်တို့ လိုအပ်သည်ဟု ခံစားမိပါသည်။ ယင်းအချက်သည် သူမ ကြိုးပမ်းမှု၏ စွမ်းအားကြီးသော သင်္ကေတတရပ်ဖြစ်ပြီး သူမကို မတရားလုပ်တိုင်း ကျနော်တို့နှလုံးသားတွင် အမြတ်တနိုး စောင့်ရှောက်ထိန်းသိမ်းထားသည့်အရာကို ချိုးဖောက်ခံရသကဲ့သို့ပင် ခံစားကြရပါသည်။ နေအိမ်တွင် ဖမ်းဆီးခြင်းခံနေရသူ ဤအမျိုးသမီးသည် မျှော်လင့်ချက်ရောင်ခြည်ဖြစ်ပါသည်။ သူမ ထိုနေရာ၌ရှိနေခြင်းဖြင့် ကောင်းမှုကုသိုလ်၏ အင်အားကို ကျနော်တို့ ပို၍ ယုံကြည်ကိုးစားလာကြပါသည်။

အောင်ဆန်းစုကြည်ကို ၁၉၄၅ ခုနှစ်တွင် မွေးဖွားပါသည်။ သူမ၏ဖခင် လုပ်ကြံသတ်ဖြတ်ခံရစဉ်က သူမသည် (၂) နှစ်သမီးဖြစ်ပါသည်။ ဖခင်ကို မှတ်မိနိုင်သောအရွယ်မဟုတ်ပါ။ မိခင်ဖြစ်သူမှာ သံတမန်ဖြစ်သဖြင့် အောင်ဆန်းစုကြည်သည် ငယ်စဉ်ကာလကရော၊ နောက်ပိုင်းကာလများတွင်ရော နိုင်ငံခြား၌ နေထိုင်ခဲ့ပါသည်။ ၁၉၆၇ ခုနှစ်တွင် သူမသည် အောက်စဖို့ဒ်တက္ကသိုလ် စိန့်ဟူးစ်ကောလိပ်မှ နိုင်ငံရေးပညာ၊ ဒဿနိကဗေဒ၊ ဘောဂဗေဒ ဘာသာရပ်များဖြင့် ဘွဲ့ရခဲ့ပါသည်။ ၁၉၆၉ ခုနှစ်မှစ၍ နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်တွင် (၂) နှစ်မျှ အလုပ်လုပ်ပါသည်။ ၁၉၇၂ ခုနှစ်တွင် သူမသည် တိဗက်ရေးရာ ဗြိတိသျှပညာရှင်ဖြစ်သူ မိုက်ကယ်အဲရစ်နှင့် လက်ထပ်ပါသည်။ ဘူတန်နိုင်ငံတွင် ခေတ္တနေထိုင်ပြီးနောက် အောက်စဖို့ဒ်တွင် ၁၉၇၅ ခုနှစ်လောက်၌ ပြန်လည်နေထိုင်ပါသည်။ သူမသည် ကလေးငယ် (၂) ယောက်ရှိသော အိမ်ရှင်မတာဝန်အပြင် ပညာရေးဘက်တွင်လည်း ဆက်လက်ကြိုးစားပြီး မြန်မာ့သမိုင်းနှင့် စာပေကို အဓိကထားလေ့လာပါသည်။ သူမသည် ဂျပန်ပြည် ကျိုတိုတက္ကသိုလ်နှင့် အိန္ဒိယနိုင်ငံ အဆင့်မြင့်သုတေသနဌာနတို့တွင် ဧည့်သည်တော်ပညာရှင်အဖြစ် လေ့လာခဲ့ပါသည်။ ၁၉၈၈ ခုနှစ် မြန်မာပြည်သို့ ပြန်လာသောအခါတွင် လန်ဒန်တက္ကသိုလ် အရှေ့တိုင်းနှင့် အာဖရိကလေ့လာရေးဌာနတွင် လေ့လာခြင်းကို ရပ်နားလိုက်ရပါသည်။ ဤသို့သော ပြင်ပအဖြစ်အပျက်များက ၁၉၈၈ ခုနှစ်၌ သူမ စတင်မည့် အခန်းကဏ္ဍကို ရည်ညွှန်းခဲ့ခြင်းမရှိပါ။ သို့သော် သူမသည် ကောင်းစွာ အဆင်သင့် ပြင်ဆင်ထားပြီးသူပင် ဖြစ်ပါသည်။

မြန်မာပြည်သူပြည်သားတို့၏ ကံကြမ္မာနှင့်ပတ်သက်၍ အစဉ်သဖြင့် သူမ ရင်လေးနေခဲ့ရသော သာဓကများရှိပါသည်။ သူမသည် တနေ့တွင် မြန်မာပြည်သို့ ပြန်ရဖွယ်ရာရှိသည်၊ ယင်းသို့သောအခါတွင် ခင်ပွန်းသည်၏ ထောက်ခံအားပေးမှုလိုကြောင်း သူမက ပြောခဲ့သည်ကို သူမ၏ခင်ပွန်းက ပြောခဲ့ဖူးပါသည်။ သူမ လေ့လာဆည်းပူးသော ကိစ္စရပ်များတွင်လည်း မြန်မာနိုင်ငံ၏ ခေတ်သစ်သမိုင်းကိုသာ ပို၍ အဓိကထားလေ့လာသည်ကို တွေ့ရပါသည်။ ဖခင်နှင့် မြန်မာ့သမိုင်းတွင် ဖခင်ဖြစ်သူ ပါဝင်ခဲ့သော အခန်းကဏ္ဍကို လေ့လာခြင်းအားဖြင့် သူမ၏ နိုင်ငံရေးတာဝန်ယူမှုနှင့် ဖခင်၏ အရိုက်အရာ ဆက်ခံရမည်ဟူသော သဘောကိုလည်း ပိုမိုခိုင်မာလာစေပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဂျပန်သို့သွားသောအခါ၌ ဖခင်ဖြစ်သူ၏ ခြေရာအတိုင်း လိုက်နေသကဲ့သို့ ဖြစ်သွားရပါသည်။ ဒုတိယကမ္ဘာစစ်အတွင်း အောင်ဆန်းသည် ဂျပန်ရှိ စစ်စခန်းတခုတွင် ဗမာ့လွတ်လပ်ရေးတပ်မတော်ကို တည်ထောင်ခြင်းပင် ဖြစ်ပါသည်။ မြန်မာပြည်ကို ဂျပန်က ကျူးကျော်ဝင်ရောက်လာသည့်အခါတွင် အောင်ဆန်းတို့အဖွဲ့လည်း အတူလိုက်ပါလာခဲ့ပါသည်။ သို့သော် မကြာမီတွင် ၎င်းတို့သည် ဗြိတိသျှကိုလိုနီအစိုးရကို တိုက်ခိုက်နေရာက ဂျပန်ကို တော်လှန်ပုန်ကန်ပြီး မဟာမိတ်များ မြန်မာပြည်ကို ပြန်လည်သိမ်းပိုက်ရာတွင် အကူအညီပေးကြပါသည်။ စစ်ပြီးသည့်အခါတွင် ၎င်းကဦးဆောင်၍ ဗြိတိသျှတို့နှင့် စေ့စပ်ဆွေးနွေးနိုင်ခဲ့ဖြင့် နောက်ဆုံး လွတ်လပ်ရေးရရှိပါသည်။ လွတ်လပ်သော မြန်မာနိုင်ငံဘဝသို့ ရောက်ရှိလာသောဖြစ်စဉ်ကို လေ့လာရန်နှင့် နိုင်ငံရေးကိုထိန်းကွပ်ထားသည့် အမြင့်ဆုံးမျှော်မှန်းချက်များကို နားလည်သဘောပေါက်ရန် အရေးတကြီးလိုအပ်နေသည်ဟု အောင်ဆန်းစုကြည်က ခံစားနေပုံရပါသည်။ အိန္ဒိယနှင့် မြန်မာနိုင်ငံတို့၏ ကိုလိုနီခေတ်အတွေ့အကြုံကို နှိုင်းယှဉ်ထားသည့် ပြောင်မြောက်သော စာတမ်းတစောင်တွင် မြန်မာပြည်ယဉ်ကျေးမှု ရိုးရာအမွေအနှစ်၏ ထူးခြားသော လက္ခဏာရပ်များကို သူမက ရေးသားဖော်ပြထားပါသည်။

သမိုင်းသည် အရေးကြီး၏။ မိမိသည် မည်သည့်ရိုးရာအစဉ်အလာတွင် ပါဝင်သည်ကို မိမိဘာသာဆုံးဖြတ်ခြင်းအားဖြင့် မိမိမည်သူဖြစ်သည်ကို ဆုံးဖြတ်ရာရောက်သည်။ အောင်ဆန်းစုကြည်သည် အမျိုးသားယဉ်ကျေးမှု ရိုးရာအမွေအနှစ်၏ အကောင်းဆုံးအင်္ဂါလက္ခဏာများဟု သူမက ယူဆသောအရာများကို ဂရုပြုလာစေရန် ကြိုးစား၍ သူမကိုယ်တိုင်လည်း ယင်းအင်္ဂါလက္ခဏာရပ်များနှင့် ထပ်တူထပ်မျှဖြစ်စေရန် ကြိုးပမ်းအားထုတ်ပါသည်။ ဤသို့ လေးနက်သောအသိပညာဖြင့် မိမိ၏အခန်းကဏ္ဍကို နက်နဲစွာ သဘောပေါက်ခြင်းသည် နိုင်ငံရေးကြိုးပမ်းမှုတွင် အလွန်ကြီးမားသော အင်အားပင်ဖြစ်ပါသည်။

ထူးခြားသည်ဟုဆိုနိုင်သော်လည်း ၁၉၈၈ ခုနှစ်၌ အောင်ဆန်းစုကြည် မြန်မာပြည်သို့ပြန်သွားရသည့် အကြောင်းမှာ နိုင်ငံရေးအခြေအနေကြောင့် မဟုတ်ဘဲ မိခင်အိုကြီး နေထိုင်မကောင်းဖြစ်နေသောကြောင့်ပင် ဖြစ်ပါသည်။ သို့သော်လည်း နိုင်ငံရေးမုန်တိုင်း စတင်တိုက်ခတ်နေပြီဖြစ်ပါသည်။ ဆန္ဒပြပွဲများ၊ ရဲနှင့်ရင်ဆိုင် ထိပ်တိုက်တွေ့မှုများ ဖြစ်ပွားခဲ့ပြီး လူပေါင်း (၂၀၀) ခန့် သေဆုံးခဲ့ရပြီးဖြစ်ပါသည်။ နေမကောင်းသူ မိခင်ကြီးအားပြုစုနေစဉ် မငြိမ်မသက်ဖြစ်မှုများ ဆက်လက်ဖြစ်ပွားပါသည်။ ယင်းသို့သော အခြေအနေတွင် "ဒုတိယမြောက် အမျိုးသားလွတ်လပ်ရေးကြိုးပမ်းမှု" ဟု သူမကိုယ်တိုင်ခေါ်ဆိုသော တိုက်ပွဲတွင် တက်တက်ကြွကြွ ပါဝင်ရန် ဆုံးဖြတ်လိုက်ခြင်းပင်ဖြစ်ပါသည်။

မြန်မာပြည်တွင် စစ်တပ်က ၁၉၆၂ ခုနှစ်၌ အာဏာသိမ်းယူပါသည်။ ၁၉၈၈ ခုနှစ်တွင်ဖြစ်ပွားသော ဆူပူမှုများမှာ ပိုမိုတိုးပွားလာသော ဖိနှိပ်ချုပ်ချယ်မှုများကို တန်ပြန်ခြင်းပင် ဖြစ်ပါသည်။ ထိုနှစ် နွေရာသီအခြေအနေ မရေရာသေးသည့်အချိန်တွင် အောင်ဆန်းစုကြည်သည် အစိုးရထံ အိတ်ဖွင့်ပေးစာ ရေးသား၍ ပါတီစုံရွေးကောက်ပွဲကျင်းပသည်အထိ တိုင်းပြည်ကို ဦးဆောင်သွားရန်အလို့ငှာ ရိုသေလေးစားရသော၊ သိက္ခာရှိသောပုဂ္ဂိုလ်များပါဝင်သည့် အတိုင်ပင်ခံကော်မတီကို ဖွဲ့စည်းခန့်အပ်ရန် တင်ပြခဲ့ပါသည်။ ထိုစာတွင် စည်းကမ်းစနစ်ရှိကြရန်နှင့် အင်အားသုံးမှုကို နှစ်ဘက်စလုံးက ရှောင်ကြဉ်ရန် လိုအပ်ကြောင်း အလေးထား၍ဖော်ပြပြီး နိုင်ငံရေးအကျဉ်းသားများကို လွှတ်ပေးရန် တောင်းဆိုထားပါသည်။

ရက်အနည်းငယ်ကြာသောအခါတွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီရှေ့တွင် ထောင်၊ သောင်းချီတက်ရောက်သော လူထုစည်းဝေးပွဲ၌ သူမ မိန့်ခွန်းပြောဆို၍ လူ့အခွင့်အရေး၊ ဒီမိုကရေစီနှင့် အကြမ်းမဖက်ရေးအပေါ်တွင် မူတည်သော နိုင်ငံရေးအစီအစဉ်တရပ်ကို တင်ပြပါသည်။ လက်နက်ကိုင်တပ်ဖွဲ့များသည် ရက်သတ္တပတ်အတော်ကြာ တုန့်ဆိုင်းနေပြီးမှ စက်တင်ဘာလ (၁၈) ရက်နေ့တွင် ပို၍ တင်းကြပ်စွာချုပ်ကိုင်ခြင်းဖြင့် တန်ပြန်လိုက်ပါသည်။ "နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့" (နဝတ) ကို ဖွဲ့စည်းကာ အစည်းအဝေးပွဲများကို ပိတ်ပင်တားမြစ်လိုက်ပြီး စစ်အုပ်ချုပ်ရေးဥပဒေကို ကျင့်သုံး၍ အမှုစစ်ခြင်းမရှိဘဲ အပြစ်ဒဏ်ပေးပါတော့သည်။

နိုင်ငံရေးပါတီများကိုမူ ပိတ်ပင်တားမြစ်ခြင်းမရှိပါ။ (အစည်းအဝေးများမလုပ်ရန် ပိတ်ပင်ထားပြီးဖြစ်၍ ပိတ်ပင်ရန်မလိုတော့ဟု ယူဆထားဟန်ရှိပါသည်)။ နဝတဖွဲ့စည်းပြီး ရက်သတ္တတပတ်အကြာတွင် အောင်ဆန်းစုကြည်နှင့် အခြား အတိုက်အခံအချို့က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (အင်အယ်ဒီ) ကို တည်ထောင်လိုက်ပါသည်။ သူမသည် နိုင်ငံရေးလှုပ်ရှားမှုများတွင် အားသွန်ခွန်စိုက် ဆက်လက်ပါဝင်ကာ

www.burmeseclassic.com

www.burmeseclassic.com

အစည်းအဝေးများ ပိတ်ပင်ထားသည်ကိုရင်း၊ စစ်တပ်က ခြိမ်းခြောက်သည်ကိုရင်း လွန်ဆန်၍ လူပေါင်းများစွာ တက်ရောက်သော နိုင်ငံရေးစည်းဝေးပွဲများကို တပြည်လုံးတွင် ကျင်းပနိုင်ခဲ့ပါသည်။ သူမ နိုင်ငံရေး စည်းရုံးရေးဆင်းရာတွင် ထူးခြားထင်ရှားသော လက္ခဏာတရပ်မှာ အစဉ်အလာအရ တဦးနှင့်တဦး မတည့်ကြသော တိုင်းရင်းသားလူမျိုးအားလုံးကို ဆွဲဆောင်နိုင်ခြင်းပင်ဖြစ်ပါသည်။

သူမ၏ဂုဏ်သိက္ခာကြောင့် စစ်အစိုးရသည် အတော်ကြာတွန့်ဆိုင်းနေခဲ့ပြီးမှ ၁၉၈၉ ခုနှစ် ဇူလိုင်လမှာပင် သူမအား နေအိမ်တွင် ထိန်းသိမ်းလိုက်ခြင်းဖြစ်ပေသည်။ ၁၉၉၀ ခုနှစ် မေလတွင်ကျင်းပသော ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အကြီးအကျယ်အနိုင်ရရှိပြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေ (၈၀) ရာခိုင်နှုန်းကျော် အနိုင်ရရှိသွားပါသည်။ ဤသည်မှာ အောင်ဆန်းစုကြည်၏ အောင်ပွဲပင်ဖြစ်သည်ဟု လူတိုင်းက သဘောတူကြပါသည်။

နဝတ သည် မည်သည့်အတွက် လွတ်လပ်သောရွေးကောက်ပွဲကို ကျင်းပခွင့်ပြုပါသနည်း။ ၎င်းတို့က ဆန့်ကျင်ဖက်ရလဒ်တမျိုး ထွက်လာမည်ဟု မျှော်လင့်ထားပုံရပါသည်။ ၎င်းတို့ အာဏာဆက်လက်ရယူရန်အတွက် တရားဥပဒေအရ လုပ်ပိုင်ခွင့်ပေးမည့် ရွေးကောက်ပွဲရလဒ်ကို မျှော်လင့်ကြဟန်တူပါသည်။ ဤသို့သော အစိုးရမျိုး၏ အကြပ်အတည်းမှာ မိမိ၏လိမ်လည်ပြောဆိုချက်တွင် မိမိပါ ပြန်ပိတ်မိနေခြင်းပင်ဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေ နဝတ သည် ရွေးကောက်ပွဲရလဒ်ကို လက်ခံရန်ငြင်းဆန်လိုက်ပါသည်။ ရွေးကောက်ပွဲကို ဖျက်သိမ်းလိုက်ရသည့် သဘောပင်ဖြစ်ပါသည်။ သို့သော် နဝတ ကမူ တရားဝင်သည့်သဘော ပိုမိုနည်းပါးသော်လည်း ဆက်လက်အုပ်ချုပ်နေပါသည်။ တရားဝင်မှုမရှိခြင်းကြောင့်ပင် ပို၍ရက်စက်ကြမ်းတမ်းစွာ လုပ်ဆောင်နေကြရပါသည်။ လူ့အခွင့်အရေးများ အကြီးအကျယ် ဆက်လက်ဖောက်ဖျက်နေသည်ကို အင်မနစ်တီ (Amnesty) ကမ္ဘာ့လူ့အခွင့်အရေးအဖွဲ့က အစီရင်ခံထားပါသည်။ နဝတ အစိုးရသည် ယနေ့ကမ္ဘာတွင် အဖိနှိပ်အချုပ်ချယ်ဆုံးသော အစိုးရအဖြစ်သို့ ရောက်ရှိသွားပြီဖြစ်ပါသည်။

လွန်ခဲ့သော ဆယ်စုနှစ်များတွင် လူ့အခွင့်အရေးဆိုင်ရာ လုပ်ဆောင်ချက်များကို အသိအမှတ်ပြုသည့်အနေဖြင့် နော်ဝေး နိုဘဲလ်ကော်မတီသည် ငြိမ်းချမ်းရေးဆုအချို့ကို ချီးမြှင့်ခဲ့ပါသည်။ ငြိမ်းချမ်းရေး၏ အခြေခံလိုအပ်ချက်သည် လူသားအားလုံး၏ ဘဝရှင်သန်မှုနှင့် ရှိသေလေးစားခံရမှုဆိုင်ရာ အခွင့်အရေးတို့ကို အသိအမှတ်ပြုခြင်းဖြစ်သည်ဟူသော ယုံကြည်ချက်ဖြင့် ချီးမြှင့်ခဲ့ခြင်းဖြစ်ပါသည်။ ဤသို့ချီးမြှင့်ရခြင်း၏ အခြားရည်ရွယ်ချက်တရပ်မှာ အခြေခံအားဖြင့် လူ့အခွင့်အရေးအယူအဆသည် အနောက်တိုင်းအယူအဆသာ မဟုတ်ဘဲ ယဉ်ကျေးမှုအားလုံးတွင်လည်း ရှိသည်ကိုပြသလိုသော ရည်ရွယ်ချက်ပင်ဖြစ်ပါသည်။ ဤအကြောင်းနှင့်စပ်လျဉ်း၍ အောင်ဆန်းစုကြည်၏ "ဒီမိုကရေစီရှာပုံတော်" စာတမ်းမှ စာပိုဒ်တပိုဒ်ကို ကိုးကားတင်ပြပါမည်။

> တရားမျှတမှုမရှိသော နေရာဒေသတွင် စိတ်ချရသောငြိမ်းချမ်းမှုလည်း မရှိနိုင်ပါ။ ငြိမ်းချမ်းရေးဟူသည်မှာ အတိုက်အခံအားလုံး နှုတ်ဆိတ်နေခြင်းဖြစ်သည်ဟူ၍၎င်း၊ လုံခြုံရေးဟူသည်မှာ မိမိတို့အာဏာတည်မြဲရေးကို သေချာအောင်ပြုလုပ်ခြင်းဖြစ်သည်ဟူ၍၎င်း အဓိပ္ပာယ်ကောက်ယူကြသော သဘောထားကျဉ်းမြောင်းသူတို့ကသာလျှင် လူ့အခွင့်အရေးသည် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးတို့၏ အခြေခံဖြစ်သည်ဟူသော အချက်ကို ငြင်းဆိုကြမည်ဖြစ်ပါသည်။ မြန်မာတို့သည် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးသဘောကို အေးမြသောအရိပ်နှင့် တွဲဖက်ထားကြပါသည်။

> "သစ်ပင်၏အရိပ်သည် အေးမြပေသည်
> ထိုထက် မိဘ၏အရိပ်သည် ပို၍ အေးမြ၏
> ထိုထက် ဆရာသမား၏အရိပ်သည် ပို၍ပင် အေးမြ၏
> ထိုထက် မင်း၏အရိပ်မှာ ပို၍ပင်သာ အေးမြပေသည်။
> သို့သော် အအေးမြဆုံးမှာ ဗုဒ္ဓမြတ်စွာဘုရား၏
> အရိပ်ပင် ဖြစ်ပေသည်။"

www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် ပြည်သူလူထုကို ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဟူသည့် အေးမြသော အရိပ်အာဝါသပေးနိုင်ရန်အတွက် အုပ်ချုပ်သူတို့သည် ဗုဒ္ဓရှင်တော်၏ အဆုံးအမဩဝါဒများကို လိုက်နာရမည်ဖြစ်ပါသည်။ ယင်းဩဝါဒများထဲတွင် သစ္စာတရားရှိခြင်း၊ တရားဓမ္မ စောင့်စည်းခြင်းနှင့် ဂရုဏာထားခြင်းတို့သည် အဓိကဖြစ်ပါသည်။ ဤသို့သော အရည်အချင်းများပေါ်တွင် အခြေပြုသော အစိုးရကို ရရှိရန်ရည်ရွယ်၍ မြန်မာပြည်သားတို့က ဒီမိုကရေစီတိုက်ပွဲဝင်နေကြခြင်းပင် ဖြစ်ပါသည်။

ပြည်တွင်း၌ နိုင်ငံရေးအဖိနှိပ်ခံနေရသဖြင့် နိုဘဲလ်ငြိမ်းချမ်းရေးဆုရှင်ကိုယ်တိုင် မလာရောက်နိုင်သည်မှာ ဤအကြိမ်သည် ပထမအကြိမ် မဟုတ်ပါ။ ဟစ်တလာ၏ တခုသော အကျဉ်းစခန်းတွင် ဖျားနာနေသူ ကာလ်းဗွန် အော်စီအက်စကီ (Carl Von Ossietzky) သည်လည်း ၁၉၃၆ ခုနှစ်က မလာရောက်နိုင်ခဲ့ပါ။ အင်ဒရေဆာခါရော့ဗ် (Andrei Sakharov) နှင့် လက်ဘိုဝင်စာ (Lech Walesa) တို့သည်လည်း ထိုနည်းတူပင်ဖြစ်ခဲ့ရပါသည်။ အော်စီအက်စကီသည် နာဇီအစိုးရမပြုတ်ကျမီ သေဆုံးသွားရပြီး ဆာခါရော့ဗ်နှင့် ဘိုဝင်စာတို့မှာမူ ၎င်းတို့၏ ကြိုးပမ်းမှုများ အောင်ပွဲခံသည်ကို တွေ့မြင်ကြရပါသည်။ အောင်ဆန်းစုကြည်သည်လည်း သူမ၏ ကြိုးပမ်းမှုအောင်ပွဲခံသည်ကို မြင်ရမည်ဟု ကျနော်တို့ မျှော်လင့်ပါသည်။

သို့သော်လည်း ငြိမ်းချမ်းရေးဆုရှင်ကိုယ်တိုင် ရောက်မလာနိုင်သည်မှာ ဤအကြိမ်သည် နောက်ဆုံးဖြစ်ချင်မှ ဖြစ်မည်ဟူသော အလားအလာကိုလည်း ကျနော်တို့ သိရှိထားရမည်ဖြစ်ပါသည်။ ကျနော်တို့နေထိုင်ရာ ကမ္ဘာမျိုးတွင် ငြိမ်းချမ်းရေးနှင့် စေ့စပ်ဖြန်ဖြေရေးကို တခါတည်းနှင့် မရနိုင်သည်ကိုလည်း သတိပြုကြရမည် ဖြစ်ပါသည်။ ကျနော်တို့၏ စံသတ်မှတ်ချက်များကိုလည်း နိမ့်ကျသွားအောင် ပြုလုပ်နိုင်မည်မဟုတ်ပါ။ ထိုသို့မလုပ်ဘဲ ပိုမိုကောင်းမွန်သောလောကကို လိုအပ်ပါက ကျနော်တို့ ပို၍ နိုးကြားဖျတ်လတ်ရန် ကြောက်ရွံ့မှုမှ ပို၍ ကင်းရှင်းရန် ယခုနှစ်ဆုရှင်ပြောသကဲ့သို့ “နက်ရှိုင်းသော ရိုးသားမှု” ရှိကြရန် ကျနော်တို့ ကြိုးစားကြရမည်ဖြစ်ပါသည်။ ဤသည်မှာ ကျနော်တို့အားလုံး တဦးစီပြုလုပ်ရမည့် ကိစ္စဖြစ်သော်လည်း အာဏာရာထူးအဆင့်ရှိသူများ ကျင့်သုံးရန် အထူးလိုအပ်ပါသည်။ အောင်ဆန်းစုကြည်ကဲ့သို့ပင် ရိုးသားနှိမ့်ချမှုနှင့် ကြောက်ရွံ့ခြင်းကင်းမှုကို ပြကြပါ။ ပို၍ နေချင်ဖွယ်ကောင်းသော ကမ္ဘာလောက ပေါ်ပေါက်လာမည် ဖြစ်ပါသည်။

(တမျက်နှာစာ ဒေါ်စုဓါတ်ပုံလာသည်)

(တမျက်နှာလုံးတွင် တပ်ရမည့်ခေါင်းစဉ်ကြီး)

## အပိုင်း–က
## ၁၉၈၄ ခုနှစ် – ၁၉၉၃ ခုနှစ်အတွင်း
## ရေးသားသော
## စာတမ်းများနှင့် အတွေ့ထွေ့မိန့်ခွန်းများ

(နောက်ထပ်တမျက်နှာ ဆောင်းပါး)

**အောင်ဆန်း**

အင်္ဂလိပ်ဘာသာဖြင့် ၁၉၉၁ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသော စာအုပ်မှ စာမျက်နှာ ၃–၃၇ ကို မြန်မာပြန်သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

ကျမ မှတ်မိနိုင်သော အရွယ်မရောက်မီကပင် ကျမ၏ဖခင် ကွယ်လွန်သွားပါသည်။ ထို့ကြောင့် "ဖေဖေဟာ ဘယ်လိုလူစားမျိုးပါလိမ့်" ဟူသော သိချင်စိတ်ဖြင့် ဖခင်၏ ဘဝလုပ်ဆောင်ချက်များနှင့်ပတ်သက်သော စာပေအထောက်အထားများကို ကျမ စတင်စုဆောင်း လေ့လာဖတ်ရှုခြင်းပင်ဖြစ်ပါသည်။ အောက်တွင် ဖော်ပြပါ အထုပ္ပတ္တိစာတမ်းကို ရေးသားရာ၌ ပုံနှိပ်ထုတ်ဝေခြင်း အထောက်အထားများကို အဓိကအခြေခံထားပါသည်။ အကြောင်းအရာနှစ်ရပ်နှင့်ပတ်သက်၍သာလျှင် ကျမတို့မိသားစုနှင့် ဖေဖေ့အား ကောင်းစွာသိကျွမ်းခဲ့သူများထံမှ သိရှိရသောအချက်အလက်များအပေါ်တွင် အတော်အသင့် အခြေခံထားပါသည်။ သွေးသားနီးကပ်စွာ တော်စပ်သူတဦး၏ အထုပ္ပတ္တိကို ရေးရသည်မှာ မလွယ်ကူပါ။ ဓမ္မဓိဋ္ဌာန်ကျကျ ရေးနိုင်မည်မဟုတ်ဟု အစွပ်စွဲခံရနိုင်ပါသည်။ တကယ်တမ်းတွင်လည်း အထုပ္ပတ္တိရေးသူတို့သည် မိမိတို့ ရှာဖွေစုဆောင်းရရှိသော အထောက်အထားများဖြင့် မိမိတို့၏ ကိုယ်ပိုင်ဆုံးဖြတ်ဉာဏ်ကို ပုံစံသွင်းပေးခဲ့သော အဖြစ်အပျက်၊ အတွေ့အကြုံများ၏ ဩဇာသက်ရောက်မှုမှ ကင်းလွတ်နိုင်မည်မဟုတ်ပါ။ ကျမအနေဖြင့် ကျမဖခင်၏ ရုပ်ပုံလွှာကို ကျမမြင်သည့်အတိုင်း မှန်ကန်စွာ ပေါ်လွင်စေရန် ကြိုးပမ်းရေးသားထားပါသည်ဟုသာ ပြောနိုင်ပါသည်။

* * *

အောင်ဆန်းကို မြန်မာနိုင်ငံ အညာဒေသရှိ နတ်မောက်မြို့ကလေး၌ ၁၉၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် ဖွားမြင်ပါသည်။ မန္တလေးမြို့တော်ရှိ မြန်မာဘုရင်အုပ်ချုပ်ရေးစနစ်ကို ပျက်သုန်းစေပြီး မြန်မာတနိုင်ငံလုံး ဗြိတိသျှအုပ်ချုပ်ရေးလက်အောက်သို့ ကျဆင်းစေခဲ့သော တတိယအင်္ဂလိပ်–မြန်မာစစ်ပွဲအပြီး နှစ်ပေါင်း (၃၀) အကြာတွင်ဖြစ်ပါသည်။ နတ်မောက်နယ်သူနယ်သားများသည် မြန်မာဘုရင်များ၏ အမှုကိုထမ်းဆောင်သည့် အစဉ်အလာရှိသူများဖြစ်၏။ အောင်ဆန်း၏ မိခင်မျိုးရိုးထဲတွင် ရာထူးကြီး မင်းမှုထမ်းအချို့ ပါဝင်ခဲ့ပါသည်။ ဖခင်ဖြစ်သူ ဦးဖာသည် လယ်သမားမျိုးရိုးမှဖြစ်ပြီး လောကီရေးရာတွင် လိမ္မာရေးခြားမရှိ၊ စကားမပြော တုံဏှိဘာဝေ နေတတ်သူတဦးဖြစ်ပါသည်။ ဉာဏ်ရည်ကောင်း၍ စာပေဖက်တွင် ထူးချွန်သော်လည်း စကားနည်းလွန်းသဖြင့် ဦးဖာသည် မိမိ၏ အသက်မွေးဝမ်းကြောင်းအလုပ်ဖြစ်သော ရှေ့နေအလုပ်၌ အောင်မြင်ခြင်းမရှိခဲ့ပါ။ ထို့ကြောင့် ထက်မြက်သွက်လက်လှသော မိခင် ဒေါ်စုသာလျှင် မိသားစုစားဝတ်နေရေးကို အဓိကတာဝန်ယူရပါသည်။ ဒေါ်စု၏ ဦးလေးတော်သူသည် ဗြိတိသျှတို့ကို ရှေးဦးစွာ တော်လှန်ဆန့်ကျင်ခဲ့သော မြန်မာအုပ်စုတစုကို ခေါင်းဆောင်ခဲ့ပါသည်။ နောက်ဆုံး၌ "ဗိုလ်လရောင်" ခေါ် "ဦးမင်းရောင်"အား ဗြိတိသျှတို့က ဖမ်းဆီးသတ်ဖြတ်လိုက်ပါသည်။ "ကုလားတို့ကျွန်မခံ" ဟူသော စိတ်ထားရှိခဲ့သည့် ထိုရဲရဲတောက် မျိုးချစ်ပုဂ္ဂိုလ်ကြီးကား အောင်ဆန်းမိသားစုနှင့် နယ်သူနယ်သားများ ဂုဏ်ယူစံထား အားကျဖွယ်ရာဖြစ်လာပါသည်။

ညီအကိုမောင်နှမ (၆) ဦး [ကလေးဘဝကပင် ကွယ်လွန်ကြသူများအပါအဝင်ဆိုလျှင် မွေးချင်း – ၉ ဦး] အနက် အထွေးဆုံးဖြစ်သူ အောင်ဆန်းသည် သူကိုယ်တိုင်ရေးခဲ့သော မှတ်တမ်းအရ ညစ်ပတ်ချုချာ အစားကြူး၍ လုံးဝ နှစ်လိုဖွယ်မဟုတ်သော ကလေးတဦးဖြစ်ပါသည်။ စကားပြောလည်း နောက်ကျလှသဖြင့် မိသားစုက 'စွန့်အ' နေသလားဟူ၍ပင် ပူပင်ခဲ့ရ၏။ သို့သော် အောင်ဆန်းကလေးသည် ပရိယာယ်မရှိခြင်း၊ အလွန်ရိုးသားဖြောင့်မတ်ခြင်း၊ ဆင်းရဲသူများအား သနားကြင်နာတတ်ခြင်း စသော ချစ်စဖွယ်စိတ်ဓာတ်များဖြင့် ပြည့်စုံသည်ဟု သူ့အား ငယ်စဉ်က ကောင်းစွာသိခဲ့သူများနှင့် သူ့မိသားစုဝင်များက ကောက်ချက်ချကြပါသည်။ အောင်ဆန်းမိသားစုမှာ ဉာဏ်ရည်ကောင်းပြီး ပညာဖက်တွင် ထွန်းပေါက်သူများအဖြစ် နာမည်ကောင်းရထားပါသည်။ အောင်ဆန်း၏ အကို (၃) ဦးမှာ အသက်ငယ်ငယ်လေးတွင် ကျောင်းစတက်ကြ၏။ သို့သော် အောင်ဆန်းမှာမူ အမေပါတက်မှ ကျောင်းတက်မည်ဆိုကာ ကတ်ဖဲ့နေ၏။ စိတ်ဓာတ်ကြံ့ခိုင်လှပါသည်ဟု ဆိုရမည်ဖြစ်သော ဒေါ်စုသည် သားထွေးလေးကို အလွန်ညှာတာလေ့ရှိပြီး သူ့စိတ်ပါမှသာ ကျောင်းတက်ပါစေတော့ဟု အလိုလိုက်ထားခဲ့၏။ သို့ဖြင့် (၈) နှစ်သားအရွယ်ရောက်သောအခါမှ အောင်ဆန်း ကျောင်းတက်ရန် ဆုံးဖြတ်ပါတော့သည်။ အကိုဖြစ်သူ အောင်သန်း ရှင်သာမဏေဘောင်သို့ ဝင်သောအခါ၌ ဘုန်းကြီးကျောင်းနေ သံဃာတို့ဘဝကို သဘောကျ၍ပေလား၊ ရှင်လောင်းများစီးသည့် ကကြိုးတန်ဆာ ဆင်ရင်ထားသော မြင်းဖြူလေးကို သဘောကျ၍လားမသိ၊ အောင်ဆန်းက သူလည်း ရှင်ပြုချင်ပါသည်ဟု ဆိုလာပါတော့သည်။ လိမ္မာပါးနပ်သောအမေက အခွင့်ကောင်းကို ချက်ချင်းယူ၍ ရှင်မပြုမီ စာရေးစာဖတ်တတ်ရန် လိုမည်ဟု ထောက်ပြလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျောင်းစတက်သည်ဆိုသည်နှင့် အောင်ဆန်းသည် ထူးချွန်သော ကျောင်းသားတဦးဖြစ်ကြောင်း ပေါ်လွင်လာပါသည်။ စာကြိုးစား၍ စည်းကမ်းရှိသေပြီး အတန်းထဲတွင် အစဉ်ထိပ်တန်းက ရှိနေခဲ့ပါသည်။ အောင်ဆန်း၏ ပထမကျောင်းမှာ နတ်မောက် ဦးသောဘိတ ဘုန်းတော်ကြီးကျောင်းပင်ဖြစ်ပါသည်။ လောကုတ္တရာပညာသာမက ခေတ်သစ်ပညာရပ်အချို့ကိုပါ သင်ကြားပေးသော ထိုစဉ်အခါ လောကဓာတ်ကျောင်းမျိုးဖြစ်ပါသည်။ သို့သော် နတ်မောက်ကျောင်းတွင် အင်္ဂလိပ်စာ သင်ကြားပေးခြင်းမရှိပေ။ ထိုအချိန်က အထက်တန်းပညာသင်ကြားရာ၌ လိုအပ်ချက်တခုဖြစ်သော အင်္ဂလိပ်စာကို အကိုကြီးများက သင်ထားပြီးဖြစ်သည့်အတိုင်း အောင်ဆန်းကလည်း တတ်အောင်သင်မည်ဟု စိတ်ပိုင်းဖြတ်ထားလိုက်၏။ သို့ဖြင့် အောင်ဆန်းလည်း ရေနံချောင်း အမျိုးသားကျောင်းသို့ အသက် (၁၃) နှစ်အရွယ်၌ ပြောင်းသွားပါသည်။ သားထွေးလေးကို အိမ်မှ ခွဲခွာမသွားစေလိုသော ဒေါ်စုထံမှ ရေနံချောင်းကျောင်းတက်ခွင့်ရရန် အောင်ဆန်း အစာငတ်ခံဆန္ဒပြပွဲလေးတခုကို ဆင်နွှဲခဲ့ရပါသေးသည်။ ရေနံချောင်းရောက်သောအခါ ကျောင်းတွင် ဆရာတဦးအဖြစ် အလုပ်လုပ်နေသော အကိုကြီး ဦးဘဝင်း၏ ထိန်းကြောင်းစောင့်ရှောက်မှုအောက်တွင် နေခဲ့ရသည်မှာ အောင်ဆန်းအတွက် လွန်စွာမှ ကံကောင်းပါသည်။ ဦးဘဝင်းသည် ညီငယ်လေး၏ ပညာရေး၊ စားဝတ်နေရေး၊ အထွေထွေကောင်းမွန်တိုးတက်ရေးတို့ကို စည်းကမ်းရှိရှိ၊ ဆင်ဆင်ခြင်ခြင် အထူးဂရုစိုက်ခဲ့၏။ ညီဖြစ်သူကလည်း ပညာရေးဖက်တွင် အားကောင်းကြောင်း ဆက်လက်ပြသကာ အသက် (၁၅) နှစ်အရွယ်၌ သတ္တမတန်းစာမေးပွဲတွင် ဗုဒ္ဓဘာသာစာသင်ကျောင်းများနှင့် အမျိုးသားကျောင်းများ၌ ပထမစွဲသူများအား ချီးမြှင့်သော ဦးရွှေဘို ရွှေတံဆိပ်နှင့် ပညာသင်ထောက်ပံ့ကြေးဆုကို ရရှိခဲ့၏။

အမျိုးသားကျောင်းများမှာ ၁၉၂၀ ခုနှစ် ရန်ကုန်တက္ကသိုလ် အက်ဥပဒေဆန့်ကျင်သပိတ်မှ ထွက်ပေါ်လာခြင်းဖြစ်ပါသည်။ ထိုအက်ဥပဒေသည် အခွင့်ထူးခံလူနည်းစုလေးကိုသာ အထက်တန်းပညာသင်ကြားခွင့်ပေးရန် ရည်ရွယ်သည်ဟု ဆန့်ကျင်သူများက ယူဆခဲ့ပါသည်။ အမျိုးသားကျောင်းများသည် မြန်မာလူငယ်တို့အား သူတို့၏ ကိုလိုနီလက်အောက်ခံ ဘဝအခြေအနေကို နိုင်ငံရေးအသိတရားအရ ခံစားနားလည်စေပြီး၊ ထိုဘဝမှ လွတ်မြောက်လိုစိတ်များ အသဲနှလုံးအတွင်းမှ ဖြစ်ပေါ်လာရန် ကျိုချက်ပေးလိုက်သော နေရာများသဖွယ်ဖြစ်ပါသည်။ မိမိ၏ နိုင်ငံကို လူမျိုးခြားတို့အုပ်ချုပ်မှုအောက်မှ လွတ်မြောက်အောင် ဆောင်ရွက်လိုသောဆန္ဒသည် ရေနံချောင်းအမျိုးသားကျောင်း မတက်မီကာလကပင် အောင်ဆန်း၏စိတ်တွင် ကိန်းအောင်းနေခဲ့ပုံရပါသည်။ ကလေးဘဝက ဗြိတိသျှတို့အား ပုန်ကန်မောင်းထုတ်ရန် နည်းအမျိုးမျိုးကို ကြံစည်စဉ်းစားခဲ့ပုံ၊ တခါတရံ ပြဒါးရှင်လုံးကဲ့သို့သော တန်ခိုးသိဒ္ဓိရှင်ပစ္စည်းများ အကူအညီဖြင့် မြန်မာပြည်လွတ်မြောက်ရေးကို ရယူရန် စိတ်ကူးယဉ်ခဲ့ပုံအကြောင်းကို သူ၏ ကိုယ်ရေးအထုပ္ပတ္တိဆောင်းပါးတွင် ရေးသားထားပါသည်။ အမျိုးသားကျောင်း၌ နေစဉ်အတွင်း နိုင်ငံရေးလောက၌ နာမည်ကြီးသောပုဂ္ဂိုလ်များ၏ မိန့်ခွန်းများကို စိတ်ဝင်စားလာပြီး စကားရည်လုပွဲများတွင်လည်း ပါဝင်ဆင်နွှဲခဲ့၏။ သူ၏ ဟောပုံပြောပုံမှာ အားတက်စရာမဟုတ်သော်လည်း ကိုင်တွယ်ရမည့်အကြောင်းအရာနှင့်ပတ်သက်၍ သေချာစေ့စပ်စွာ ပြင်ဆင်ထားခြင်း၊ ယုံကြည်ချက်အပြည့်အဝရှိခြင်းတို့ကြောင့် အဟောကောင်း၊ အပြောကောင်းဟူ၍ နာမည်ရခဲ့၏။ ကျောင်းဂျာနယ် စာတည်းအဖြစ်လည်း ဆောင်ရွက်ခဲ့၏။ ထိုကဲ့သို့ စာသင်ခန်းပြင်ပလုပ်ငန်းများတွင် ပါဝင်သော်လည်း တယောက်တည်း အတွေးနယ်ထဲ နစ်မြုပ်နေတတ်ခြင်း၊ နေပုံထိုင်ပုံထောင့်မကျိုးခြင်းတို့ကြောင့် အောင်ဆန်းကို လူ့ဂွစာ လူထူးလူဆန်းအဖြစ် ကျောင်းနေဖက်များက မြင်ကြပါသည်။ ၁၉၃၂ ခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ မြန်မာစာ၊ ပါဠိဘာသာဂုဏ်ထူးများဖြင့် "အေ" အဆင့်မှ အောင်မြင်ကာ ရန်ကုန်တက္ကသိုလ်သို့ ပညာဆက်သင်ရန် ရောက်သွားပါသည်။

အောင်ဆန်း ရန်ကုန်တက္ကသိုလ်သို့ ရောက်လာသည့်နှစ်သည်ကား ဆရာစံသူပုန်ကို ဗြိတိသျှအစိုးရက ချေမှုန်းကာ ခေါင်းဆောင်များကို သေဒဏ်ပေးခဲ့ပြီး တနှစ်ကြာကာလကပင်ဖြစ်ပါသည်။ တောင်သူလယ်သမားများ ခံစားနေရသော အတိဒုက္ခများမှ ပေါ်ပေါက်လာရသော ပုန်ကန်မှုကို ဗြိတိသျှအစိုးရက ရှင်ဘုရင်ဖြစ်လိုသော အယူသည်းသူတယောက် ဦးဆောင်သည့် တောသူတောင်သားပုန်ကန်မှုမျှသာဖြစ်သည်ဟု သေးသိမ်စေရန် နှိမ်၍ ဖော်ပြခဲ့ပါသည်။ သို့သော်လည်း မြန်မာများအနေဖြင့် ကိုယ်ထိလက်ရောက် ပါဝင်ဆင်နွှဲခဲ့သူ မများပြားသော်လည်း

www.burmeseclassic.com

www.burmeseclassic.com

ထိုပုန်ကန်မှုအပေါ် အတော်ပင် ဂရုဏာထားကြပါသည်။ ဆရာစံကို စွဲဆောင်နိုင်စွမ်းရှိသူတဦးအဖြစ် မမြင်သူများကပင် သူပုန်တို့၏ မျိုးချစ်စိတ်နှင့် သတ္တိပြောင်မြောက်မှုကြောင့် စိတ်လှုပ်ရှားတက်ကြွခဲ့ရပြီး အစိုးရ၏ ရက်စက်ကြမ်းတမ်းတုံ့ပြန်မှုများကြောင့် အရေးနိမ့်သွားရသော သူပုန်တို့ကို များစွာ သနားကြင်နာခဲ့ကြ၏။

ဗြိတိသျှအုပ်ချုပ်မှု အစောပိုင်းကာလတွင် ကျင့်သုံးသော ငြိမ်ဝပ်အေးချမ်းရေးလမ်းစဉ်မှာ အတော်အတန် အောင်မြင်မှုရှိခဲ့သော်လည်း လူမျိုးခြားကြီးစိုးမှုကို မြန်မာများက ကျေနပ်စွာလက်ခံခြင်းမရှိပါ။ ကိုလိုနီအစိုးရ ပိုမိုခိုင်မြဲလာသည်နှင့် အုပ်ချုပ်သူလူမျိုးခြားတို့၏ ပ လွှားမောက်မာသော အမူအကျင့်များနှင့် တိုင်းပြည်အတွက် စစ်မှန်သော ကောင်းကျိုးကိစ္စရပ်တို့ကို လျစ်လျူရှုမှုများသည် တိုင်းသူပြည်သားတို့၏ မနှစ်သက်မကျေနပ်စိတ်များကို ဆွပေးသကဲ့သို့ ဖြစ်လာပါသည်။ ပထမဦးစွာပေါ်ထွန်းခဲ့သော အမျိုးသားရေးရာ အဖွဲ့အစည်းများသည် ဗုဒ္ဓဘာသာနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု တည်တံ့ခိုင်မြဲရန်နှင့် သန့်ရှင်းစင်ကြယ်ရန်ကိုသာ ဆောင်ရွက်ကြသည်။ သို့သော် ခေတ်ပညာတတ် မြန်မာလူငယ်အရေအတွက် များပြားလာသည်နှင့်အမျှ နိုင်ငံရေးရည်မှန်းချက်များပါ ပေါ်ပေါက်လာပါသည်။ ၁၉၀၆ ခုနှစ်တွင် တည်ထောင်သော ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (ဝိုင်အမ်ဘီအေ) သည် နိုင်ငံရေးရာများကို စတင်ကိုင်တွယ်သော အဖွဲ့အစည်းဖြစ်ပြီး ရန်ကုန်တက္ကသိုလ်သပိတ်ကို အောင်မြင်စွာ စည်းရုံးလှုံ့ဆော်ခဲ့ပါသည်။

အမျိုးသားလှုပ်ရှားမှု အရှိန်အဟုန်ရလာသောအခါ 'ဝိုင်အမ်ဘီအေ' သည် ၁၉၂၀ ခုနှစ်၌ 'ဂျီစီဘီအေ' အသွင်သို့ ကူးပြောင်းသွားပါသည်။ ပထမဦးဆုံး ပေါ်ပေါက်လာသော အမျိုးသားမဟာမိတ်အဖွဲ့ဟု ခေါ်နိုင်ပါသည်။ မြန်မာ့အမျိုးသားရေးရာလှုပ်ရှားမှုကို တိုက်ရည်ခိုက်ရည်သွင်းပေးလိုက်သော ပုဂ္ဂိုလ်မှာ ဆရာတော်ဦးဥတ္တမဖြစ်သည်။ ဆရာတော်၏ စိတ်အားထက်သန်သော လွတ်လပ်ရေးတောင်းဆိုမှုတို့ကြောင့် နိုင်ငံတဝှမ်းတွင် မျိုးချစ်စိတ်ဓာတ်ပြင်းပြစွာ တက်ကြွလာပါသည်။ သို့သော်လည်း စုပေါင်းညီညာသော လွတ်လပ်ရေးလှုပ်ရှားမှုပေါ်ပေါက်စေမည့် အင်အားများမှာ နိုင်ငံရေးအကွဲအပြားများကြောင့် လွင့်စင်သွားရ၏။ ၁၉၂၂ ခုနှစ်တွင် (၂၁) ဦးပါတီသည် ဂျီစီဘီအေမှ ခွဲထွက်သွားပြီးနောက်တွင် ထပ်မံကွဲကြပြန်သဖြင့် ၁၉၂၀ ခုနှစ်များ ကုန်ဆုံးခါနီးတွင် အဖွဲ့အစည်း (၃) ဖွဲ့ဖြစ်သွားပါတော့သည်။ ၁၉၃၀ ခုနှစ်များ၏ အစပိုင်းကာလတွင်မူ ဗြိတိသျှအုပ်ချုပ်မှုအောက်တွင် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ ပူးတွဲထားသင့်၊ မထားသင့် ဟူသော "ခွဲရေး–တွဲရေး" ကိစ္စအပေါ် မြန်မာနိုင်ငံရေးသမားများ စိတ်ဝင်စားစွာ အငြင်းပွားကြသည်ကို တွေ့ရပါသည်။ ထိုနိုင်ငံရေးသမားများအနက် အချို့မှာ ဆရာစံသူပုန်တို့အား ဗြိတိသျှအစိုးရက ခုံရုံးတင်စစ်ဆေးရာ၌ သူပုန်များဘက်မှ ခုခံကာကွယ်ပေးခဲ့သဖြင့် ထင်ပေါ်ကျော်ကြားလာသူများဖြစ်ပါသည်။ တချိန်တည်းမှာပင် ငြိမ်၍ခေါင်းငုံ့ခံသည့်ကာလမှာလည်း ဆုံးခန်းသို့ ဦးတည်လာကာ ထိုးနှက်တိုက်ခိုက်ခြင်း သဘောဆောင်သော နည်းဗျူဟာများသုံးစွဲရန် တွန့်ဆုတ်လိမ့်မည်မဟုတ်သော အမျိုးသားရေးစိတ်ဓာတ်ရှိသည့် မျိုးဆက်သစ်များလည်း နိုင်ငံရေးဇာတ်ခုံပေါ်သို့ ရောက်ရှိလာပါသည်။

အသက် (၁၈) နှစ်အရွယ် အောင်ဆန်းသည် ခပ်ရိုင်းရိုင်း အညာသားကလေးပင်ဖြစ်ပါသည်။ မိမိတို့ကိုယ်မိမိတို့ လူ့မလိုင်ဟု အထင်ရောက်နေကြပြီး ကြော့ရှင်းဝံ့ကြွားစွာ ဝတ်ဆင်နေထိုင်ကြသော ရန်ကုန်တက္ကသိုလ်ကျောင်းသားများ အသိုင်းအဝိုင်းတွင် မျက်နှာထားရှုသိုးသိုးနှင့် အဝတ်အစား ပိုသီပတ်သီဝတ်ဆင်သော အောင်ဆန်းသည် အံမဝင်ဂွင်မကျ ဖြစ်နေ၏။ ထို့အပြင် သူ့ထက်သိမ်မွေ့ပါးနပ်သော ကျောင်းနေဖက်များ၏ ဝေဖန်နောက်ပြောင်မှုကိုလည်း ဂရုမစိုက်ကြောင်း စောစီးစွာပေါ်လွင်စေခဲ့၏။ အောင်ဆန်း တက္ကသိုလ်ရောက်စ ပထမနှစ်ပတ်တွင် ကျောင်းသားသမဂ္ဂမှ စကားရည်လုပွဲတရပ် ကျင်းပပါသည်။ ထိုစကားရည်လုပွဲအပြီး၌ အောင်ဆန်းသည် ပရိသတ်အကြားမှထကာ သူ့အကိုအောင်သန်း တင်သွင်းသော "ဘုန်းတော်ကြီးများ နိုင်ငံရေးမလုပ်သင့်" ဟူသည့် အဆိုကို ထောက်ခံလိုက်ပါသည်။ ဤသည်မှာ မိသားစုသွေးစည်းရေး သဘောဆောင်သည့် အပြုအမူမဟုတ်ပါ။ ယုံကြည်ချက်အရ လုပ်ဆောင်လိုက်ခြင်းဖြစ်ပါသည်။ အောင်ဆန်း အင်္ဂလိပ်စကားပြောရာတွင် အသံထွက် အမှားမှားအယွင်းယွင်း ကို့ယို့ကားရား ချောမွေ့ပြေပြစ်ခြင်းမရှိသောကြောင့် သူ့စကားများမှာ နားမလည်နိုင်သလောက်ပင် ဖြစ်၏။ ပရိသတ်က ပြောင်လှောင်သရော်အော်ဟစ်ကြသဖြင့် အကိုဖြစ်သူ အတော်ပင် အနေရခက်သွား၏။ အောင်ဆန်းကမူ ကြောက်ရွံ့၍ အသံပျောက်သွားခြင်းမရှိ၊ ကဲ့ရဲ့သံများ၊ မြန်မာစကားနှင့်သာ ပြောရန် ရိုင်းရိုင်းစိုင်းစိုင်း

www.burmeseclassic.com

www.burmeseclassic.com

အော်ဟစ်သံများကို လျစ်လျူရှုကာ အဆင့်အတန်းမမီသော သူ့အင်္ဂလိပ်စကားကို ပါဠိအသုံးအနှုန်းများဖြင့် ဖြည့်စွက်၍ သူပြောလိုရာအားလုံးကို ပြီးဆုံးအောင် ဆက်လက်ပြောဆိုသွားပါသည်။

ထိုပထမစကားရည်လုပွဲ အဖြစ်အပျက်သည် နောင်အတွက် အစဉ်အလာတရပ် ချမှတ်ပေးလိုက်သကဲ့သို့ ဖြစ်သွားပါသည်။ ပရိသတ်က ကဲ့ရဲ့ရှုတ်ချနေသည့်ကြားကပင် သူပြောလိုရာကို အင်္ဂလိပ်စကားနှင့်ပြောခြင်း၊ သုန်သုန်မှုန်မှုန် နေတတ်ခြင်းတို့ကြောင့် သူသည် အူကြောင်ကြောင်နိုင်သော အရူးတယောက်ဟူ၍ပင် နာမည်ရခဲ့၏။ သို့သော် အောင်ဆန်းသည် အဝေဖန်ခံရမည်ကို ကြောက်ရွံ့ပြီး သူလုပ်ကိုင်ရန် ဆုံးဖြတ်ထားသောကိစ္စများကို မလုပ်ဘဲနေမည့် လူမျိုးမဟုတ်ပါ။ ခေတ်ပြိုင်ကမ္ဘာတွင် အင်္ဂလိပ်စကား အရေးပါပုံကို သိရှိနားလည်သဖြင့် အင်္ဂလိပ်စကားကို ပိုင်ပိုင်နိုင်နိုင်သုံးစွဲနိုင်ရန် သူ ကြိုးစား၏။ အင်္ဂလိပ်စာအုပ်များကို သဲကြီးမဲကြီးဖတ်ခြင်း၊ အခြားသူများ ပြောပုံဆိုပုံကို နားထောင်လေ့လာခြင်း၊ အင်္ဂလိပ်စာသင်ကျောင်းတွင် ပညာဆည်းပူးခဲ့သူ မိတ်ဆွေရင်းတဦးထံမှ အကူအညီယူခြင်း စသည်တို့ဖြင့် ဘုန်းကြီးကျောင်းထွက် အညာသားတဦးအတွက် ထူးခြားလောက်သော အင်္ဂလိပ်စကားကျင်လည်မှုကို သူ ရရှိလာ၏။

ထိုပထမစကားရည်လုပွဲတွင် အောင်ဆန်း ထောက်ခံခဲ့သောအဆိုမှာ သူ၏ ရေရှည်ယုံကြည်ချက်တရပ်အား ဖော်ထုတ်ခဲ့ခြင်းဖြစ်သည်ကို သတိမူသင့်ပါသည်။ ထိုယုံကြည်ချက်မှာ သံဃာတော်များ နိုင်ငံရေးတွင် ဝင်ရောက်လုပ်ကိုင်ခြင်း မပြုသင့်ကြောင်းပင်ဖြစ်ပါသည်။ မကွယ်လွန်မီတနှစ်ကျော်ခန့်က ပြောကြားခဲ့သော ရွှေတိဂုံစေတီတော် အလယ်ပစ္စယံညီလာခံမိန့်ခွန်း၌ "ဘာသာရေးနှင့် နိုင်ငံရေးကို ရောစပ်ပါမူ ဘာသာရေး၏ သဘောတရားကို ဆန့်ကျင်ရာရောက်ပေ၏" ဟု ပြောခဲ့၏။ ရဟန်းသံဃာများအား "အရှင်ဘုရားတို့က သာသနာတော်ရောင် ထွန်းပြောင်အောင် အားထုတ်တော်မူကြပါ – ကမ္ဘာသူကမ္ဘာသားတို့ မေတ္တာတရားပွားများ၍ သမစိတ္တနှင့် ညီရင်းအကို မောင်ရင်းနှမကဲ့သို့ နေနိုင်ကြပါလိမ့်မည် –– ဤကဲ့သို့ ဆောင်ရွက်မှုသည် သာသနာဖက်ကသာကြည့်၍ မြင့်မတ်သည်မဟုတ်ပါ၊ တပည့်တော်တို့၏ နိုင်ငံနှင့် လူမျိုးအတွက် အမြင့်မြတ်ဆုံးသော နိုင်ငံရေးကို ဆောင်ရွက်ရာတွင် ရောက်ပါသည်ဘုရား" စသဖြင့် လျှောက်ထားခဲ့ပါသည်။

အများက နိုင်ငံသတ္တဝါ ပကတိအဖြစ်ဖြင့်မြင်ကြသော အောင်ဆန်းမှာ စင်စစ်တွင် ဘာသာရေး၌ လေးနက်စွာ တသက်လုံးစိတ်ဝင်စားသူပင် ဖြစ်ပါသည်။ ရေနံချောင်း၌ ကျောင်းတက်နေစဉ် ဖခင်ကွယ်လွန်သွားသဖြင့် ဝမ်းနည်းကြေကွဲကာ ရဟန်းဘောင်ဝင်ရန်ပင် စိတ်ကူးခဲ့ပါသည်။ တက္ကသိုလ်ရောက်စအချိန်ကလည်း အီတလီလူမျိုး ဗုဒ္ဓဘာသာဘုန်းတော်ကြီး ဦးလောကနန္ဒကို ကြည်ညိုလေးစားလှသဖြင့် ဆရာတော်နှင့် အတူလိုက်ပြီး သာသနာပြုလုပ်ငန်းများ ဆောင်ရွက်ရန် မိခင်ထံ အခွင့်တောင်းဖူး၏။ အခွင့်ကား မရခဲ့ပေ။ သို့သော် လောကုတ္တရာကိစ္စများကို အောင်ဆန်း ဆက်လက်၍ ဂရုတစိုက်အလေးထားပါသည်။ နိုင်ငံရေးလောကထဲသို့ ခြေစုံပစ်ဝင်ပြီးနောက်ပိုင်း၌ပင် သူနှင့် အရင်းနှီးဆုံးမိတ်ဆွေတဦးအား သူ၏ "သစ္စာတရားနှင့် လုံးဝအပြစ်ကင်းစင်မှု ရှာပုံတော်ဘဝခရီး" အကြောင်းနှင့် ကာယကံ၊ ဝစီကံ၊ မနောကံအရ ရိုးဖြောင့်နိုင်ရန် သတိပြုကြိုးပမ်းနေကြောင်းတို့ကို စာရေး၍ ရှင်းပြဖူးပါသည်။ ခေတ်လူငယ် စိတ်ပိုင်းဆိုင်ရာ အသိတရားခေါင်းပါးနေသည်ကို စိုးရိမ်မိကြောင်း၊ လောကဓံတ်လှိုင်းများကို ကြံ့ကြံ့ခိုင် ရင်ဆိုင်တွန်းလှန်နိုင်စွမ်းမရှိပါက ထိုအသိတရားများ လုံးဝကွယ်ပျောက်ပြီး စိတ်ဓာတ်ဗလ မွဲပြာကျသောအဖြစ်သို့ ရောက်ရှိသွားမည်ကို စိုးရိမ်ပူပန်မိကြောင်း စသဖြင့်လည်း ရေးသားထားပါသည်။

## ကျောင်းသားနိုင်ငံရေးနှင့် သခင်များ

ကိုအောင်ဆန်း ကျောင်းသားနိုင်ငံရေးတွင် ပါဝင်မှုမှာ အစ၌ ခပ်ဖြေးဖြေး မှန်မှန်သာဖြစ်သော်လည်း ၁၉၃၅ ခုနှစ်နောက်ပိုင်း၌ အရှိန်အဟုန် မြင့်မားလာ၏။ ထိုအချိန်တွင် သူသည် ကိုနု၊ ကိုလှဖေ (နောင် ဗိုလ်လက်ျာ)၊ ကိုသိန်းဖေ၊ ကိုကျော်ငြိမ်း၊ ကိုရာရှစ်ကဲ့သို့သော ပုဂ္ဂိုလ်များနှင့်အတူ စတင်လုပ်ကိုင်နေပြီး မြန်မာ့လွတ်လပ်ရေးလှုပ်ရှားမှုတွင် ထင်ရှားလာမည့် ထိုလူငယ်များနှင့် အောင်ဆန်းတို့ လက်တွဲကာ ကျောင်းသားများ အတော်ပင်ဂရုပြုရမည့် နိုင်ငံရေးအင်အားစုတစုဖြစ်လာအောင် စည်းရုံးပါသည်။ ကိုအောင်ဆန်းတို့လူစုသည် အာဏာပိုင်အလိုတော်ရိများ လွှမ်းမိုးထားသော တက္ကသိုလ်ကျောင်းသားသမဂ္ဂကို ထိုးထွင်းဝင်ရောက်နိုင်ရန် ကြိုးပမ်းခြင်းဖြင့် စတင်လှုပ်ရှား၏။ ပထမတွင် အောင်မြင်မှုသိပ်မရှိခဲ့ပေ။ ၎င်းတို့အထဲမှ

www.burmeseclassic.com

www.burmeseclassic.com

ကိုကျော်ငြိမ်းနှင့် ကိုသိန်းဖေတို့သာ သမဂ္ဂအမှုဆောင်များအဖြစ် အရွေးချယ်ခံရသည်။ သို့သော် နောက်ပိုင်းတွင် ထက်သန်သော အမျိုးသားရေးစိတ်ဓာတ်နှင့် ဖွဲ့လုံ့လတို့၏ အကျိုးအမြတ်များ ထွန်းကားလာ၏။ တက္ကသိုလ်ကျောင်းသားများ၏ စိတ်နေစိတ်ထားလည်း ပြောင်းလာ၏။ လှုပ်ရှားတက်ကြွသော ပြည်ချစ်စိတ်လွှမ်းမိုးလာ၏။ ၁၉၃၅–၃၆ စာသင်နှစ်အတွင်း ကျောင်းသားသမဂ္ဂအမှုဆောင် ရွေးကောက်ပွဲတွင် အဓိကနေရာအားလုံး အမျိုးသားရေးစိတ်ဓာတ် ထက်သန်သောလူငယ်များက ရရှိသွားကြ၏။ ကိုအောင်ဆန်းသည် အမှုဆောင်အဖွဲ့ဝင်တဦးအဖြစ် အရွေးခံရပြီး သမဂ္ဂ မဂ္ဂဇင်း၏ အယ်ဒီတာလည်း ဖြစ်လာပါသည်။

သမဂ္ဂ မဂ္ဂဇင်း "အိုးဝေ" တွင် "ငရဲခွေးကြီး လွတ်နေပြီ" ဟူသော ဆောင်းပါးကို ထည့်သွင်းခဲ့ခြင်းသည် ကျယ်ပြန့်စွာ ထိရောက်မှုရှိခဲ့သည့် ၁၉၃၆ ခုနှစ် တက္ကသိုလ်ကျောင်းသားသပိတ်ကို သွယ်ဝိုက်သောနည်းဖြင့် လှုံ့ဆော်ပေးခြင်းပင် ဖြစ်ပါသည်။ ဤဆောင်းပါးသည် တက္ကသိုလ်အရာရှိတဦးအား ပုပ်ခတ်တိုက်ခိုက် ရေးသားထားခြင်းဖြစ်သည်ဟု အာဏာပိုင်များက ယူဆကာ ဆောင်းပါးရှင်အမည်ကို ဖော်ထုတ်ရန် အယ်ဒီတာကိုအောင်ဆန်းအား တောင်းဆိုလာတော့၏။ ကိုအောင်ဆန်းကလည်း ယင်းကဲ့သို့ ဖော်ထုတ်ခြင်းသည် သတင်းစာဆရာကျင့်ဝတ်နှင့် ကိုက်ညီမည်မဟုတ်ဟုဆိုကာ ငြင်းဆန်လိုက်၏။ အာဏာပိုင်များက ယခုကဲ့သို့ ငြင်းဆန်မှုကို အခွင့်ကောင်းယူပြီး ကိုအောင်ဆန်းအား ကျောင်းမှထုတ်ပယ်လိုက်တော့၏။ မကြာသေးမီကပင် ကိုနုသည်လည်း ကျောင်းအုပ်ကြီးအား ပစ်ပစ်ခါခါ ဝေဖန်မှုဖြင့် ကျောင်းထုတ်ခံခဲ့ရသောကြောင့် ကျောင်းသားများထဲတွင် မကျေနပ်မှု၊ ဒေါသထွက်မှု ပို၍များပြားလာလေသည်။ သို့ဖြင့် သပိတ်မှောက်ရန် ဆုံးဖြတ်ကြပါတော့သည်။ တက္ကသိုလ်စာမေးပွဲများစစ်ချိန် ဖြစ်လေရာ ဤဆုံးဖြတ်ချက်မှာ အထူးလေးနက်သည့် ကိစ္စတရပ်ဖြစ်ပါသည်။ သပိတ်သတင်းမှာ ချက်ချင်းပင် ဟိုလေးတကျော်ဖြစ်သွားလေသည်။ သတင်းစာများနှင့်တကွ တနိုင်ငံလုံးက သပိတ်မှောက်ကျောင်းသားများကို ကြင်နာစွာ ထောက်ခံကြပါသည်။ ဤကဲ့သို့ အများထောက်ခံမှုကို ရယူနိုင်ခြင်း၊ လေးစားလောက်အောင် စီမံကွပ်ကဲနိုင်ခြင်း၊ စည်းကမ်းရှိခြင်း စသည်တို့ကြောင့် ကျောင်းသားများ၏ လုပ်ရည်ကိုင်ရည်နှင့် ကျောင်းသားအင်အား၏ တန်ခိုးအာနိသင်ကို လူကြီးပိုင်း နိုင်ငံရေးသမားများ အသိအမှတ်ပြုလာကြရသည်။ အစိုးရအနေဖြင့်လည်း သပိတ်မှောက်သူများ၏ မကျေနပ်ချက်များကို လေးနက်စွာ မစဉ်းစား၍ မဖြစ်တော့ပါ။ နောက်ဆုံး၌ နိုင်လူမင်းထက်ပြုတတ်သော ကျောင်းအုပ်ကြီးမှာ အငြိမ်းစားယူလိုက်ရ၏။ တက္ကသိုလ်အက်ဥပဒေတွင် ကျောင်းသားများထည့်သွင်းလိုသော ပြင်ဆင်ချက်များကို လေ့လာရန် ကော်မတီတရပ်ကိုလည်း ဖွဲ့စည်းလိုက်ရပြီး အရေးမပါလှသော တောင်းဆိုချက်များကိုမူ လိုက်လျောလိုက်လေသည်။ လူငယ်အမျိုးသားရေးဝါဒီများ၏ နိုင်ငံရေးဖွံ့ဖြိုးတိုးတက်မှုတွင် အရေးကြီးသည့် မှတ်တိုင်တတိုင်ဖြစ်သော ၁၉၃၆ ခုနှစ်သပိတ်ကြောင့် ကိုအောင်ဆန်းသည်လည်း ကျောင်းသားခေါင်းဆောင်တဦးအဖြစ် လူသိများလာပါသည်။ သူ့ဂုဏ်သိက္ခာလည်း အရှိန်မှန်မှန်မြင့်မားလာပြီး ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂနှင့် သပိတ်မှောက်ပြီးနောက် တည်ထောင်ခဲ့သော မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂတို့၏ အမှုဆောင်အဖွဲ့များတွင်လည်း တဆင့်ထက်တဆင့် ပိုမိုအရေးပါသော အမှုဆောင်နေရာများတွင် တာဝန်ထမ်းဆောင်ရ၏။ ၁၉၃၈ ခုနှစ်တွင် သမဂ္ဂနှစ်ရပ်စလုံး၏ ဥက္ကဋ္ဌဖြစ်လာပါသည်။ ထိုအချိန်၌ ကိုအောင်ဆန်း တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရပြီး၍ ဥပဒေဝိဇ္ဇာတန်းတွင် တက်ရောက်နေ၏။ ထိုကဲ့သို့ ဥပဒေတန်းဆက်တက်နေခြင်းမှာ တက္ကသိုလ်တွင် ဆက်လက်နေထိုင် လှုပ်ရှားနိုင်ခွင့်ရရှိရန်ဟူသော အကြောင်းလည်း ပါဝင်ပါသည်။ ဖြောင့်မတ်တည်ကြည်ခြင်း၊ ဖွဲ့လုံ့လကြီးခြင်း၊ အလုပ်လုပ်နိုင်စွမ်းရှိခြင်း စသည်တို့ကြောင့် ကိုအောင်ဆန်းအနေဖြင့် လေးစားခြင်းခံရသော်လည်း အခြားကျောင်းသားခေါင်းဆောင်များကဲ့သို့ ယဉ်ကျေးသိမ်မွေ့၍ ဆက်ဆံရေးပြေပြစ်ခြင်းမရှိသော လူ့ဂွစာတဦးပင် ဖြစ်ပါသည်။ သုန်သုန်မှုန်မှုန်နေတတ်ခြင်း၊ မသပ်ရပ်ခြင်း၊ စိတ်မပါလျှင် သူတပါး အနေရကြပ်လောက်အောင် တံ့ဏှိဘာဝေနေတတ်ခြင်း၊ စိတ်ပါပြန်တော့လည်း သူတပါး မခံနိုင်လောက်အောင် စကားဖောင်ဖွဲ့ခြင်းနှင့် အခြား ထောင့်မကျိုးသော အမူအကျင့်တို့ကြောင့် ကိုအောင်ဆန်း မကြာခဏအဝေဖန်ခံရပါသည်။ သူကိုယ်တိုင်လည်း "ရံဖန်ရံခါ လူ့ယဉ်ကျေးများနှင့် အသားမကျခဲ့ချေ၊ မျက်စေ့နောက် မြင်ပြင်းကပ်လာသည်။ ထိုအခါ လူ့ယဉ်ကျေးများနှင့် ငါ လူရိုင်းဟု ဇာတိခွဲပစ်ချင်သည့် (ခါတ်ပုံလာသည်)

(ခါတ်ပုံ)

www.burmeseclassic.com

www.burmeseclassic.com



(ဆောင်းပါးအဆက်)

စိတ်များရှိလာသည်” ဟု ရေးသားခဲ့ဖူး၏။ သို့သော် လူရိုင်းများကို အောင်ဆန်းမြင်ပုံမှာ စိတ်ကူးယဉ်ဆန်၏။ ရိုးဖြောင့်တည်ကြည်၊ ကျန်းမာသန်စွမ်းပြီး၊ လွတ်လပ်ချမ်းသာစွာနေထိုင်သူများဟု သူက အမှန်းတင်ထားခြင်းပင်ဖြစ်ပါသည်။

၁၉၃၈ ခုနှစ်တွင် ကိုအောင်ဆန်းသည် ၁၉၃၀ ခုနှစ် ကုလား–ဗမာအဓိကရုဏ်းမှမြစ်ဖျားခံသော ဒို့ဗမာအစည်းအရုံးထဲသို့ ဝင်ရောက်လှုပ်ရှားနိုင်ရန် တက္ကသိုလ်မှ ထွက်လိုက်ပါသည်။ ထိုအစည်းအရုံးသည် အမျိုးသားရေးစိတ်ဓာတ်ပြင်းပြ၍ နယ်ချဲ့တက်ကြွသည့် အခြေခံလက္ခဏာရှိပြီး အစည်းအရုံးခေါင်းဆောင်များသည် သက်ကြီးနိုင်ငံရေးသမားများနှင့်မတူ တမူထူးခြားကြပါသည်။ မျိုးချစ်အရေးတော်ပုံ၌ ဘဝကိုမြှုပ်နှံရန် အာသီသပြင်းထန်နေသော ခေတ်သစ်ပညာတတ်လူငယ်များက ထိုသက်ကြီးနိုင်ငံရေးသမားများသည် ရဲသင့်သည်လောက်မရဲ၊ မြန်မာဆန်သင့်သည်လောက်မဆန်၊ အခြေခံမှ ပြောင်းလဲမှုများလုပ်ရန် ဆန္ဒရှိသင့်သည်လောက်မရှိ၊ ငယ်ရွယ်သင့်သလောက်လည်း မငယ်ရွယ်ဟု ယူဆကြပါသည်။ ဒို့ဗမာအစည်းအရုံးဝင်များကို လူတိုင်းက ကြိုက်ကြသည်တော့မဟုတ်ပါ။ အချို့က သူတို့ကို ကလေကချေ ပြဿနာရှာနေသော လူမိုက်လူဆိုးလေးများဟူ၍ အထင်သေးပြီး၊ အမည်ရှေ့တွင် ‘သခင်’ တပ်၍ ခေါ်ဝေါ်ခြင်းကို ကြီးကျယ်သည်၊ မလုပ်သင့်မလုပ်ထိုက်ဟု ဝေဖန်ကြပါသည်။ ဗြိတိသျှအုပ်ချုပ်ရေးသမားများကို လက်အောက်ခံဖြစ်နေသော ဗမာတို့က ‘သခင်’ ဟု ခေါ်လေ့ခေါ်ထရှိရာ၊ ဗမာများသည် ကျွန်မျိုးမဟုတ် ကိုယ့်ကိုကိုယ် အုပ်စိုးနိုင်သည့် မွေးရာပါအခွင့်အရေးရှိသူများဖြစ်ကြောင်းကို ရှင်းရှင်းလင်းလင်း ရဲရဲတင်းတင်း ဖော်ပြသည့်အနေနှင့် အစည်းအရုံးဝင်များက ‘သခင်’ ဘွဲ့ကို သုံးစွဲခြင်း ဖြစ်ပါသည်။

အတွင်းသဘောထား မတိုက်ဆိုင်မှုများကြောင့် ဒို့ဗမာအစည်းအရုံး နှစ်ခြမ်းကွဲသွားပါသည်။ သခင်အများစုပါဝင်သည့်အပိုင်းကို ခေါင်းဆောင်သူမှာ မြန်မာ့စာပေနှင့် နိုင်ငံရေးလောကတွင် အထင်ကရပုဂ္ဂိုလ်ကြီးဖြစ်ပြီး မူလက အစည်းအရုံး၏ နာယကဖြစ်သော ဆရာကြီးသခင်ကိုယ်တော်မှိုင်းဖြစ်ပါသည်။ ကိုအောင်ဆန်းလည်း သခင်ကိုယ်တော်မှိုင်း ဦးဆောင်သည့် ဒို့ဗမာအစည်းအရုံးဝင်တဦး ဖြစ်လာပါသည်။ ‘မှိုင်းသခင်’ များအနက် ကိုနု၊ ကိုလှဖေနှင့် ကိုသိန်းဖေတို့အပြင် ကျောင်းသားခေါင်းဆောင်များ မဟုတ်ခဲ့သော်လည်း မြန်မာ့နိုင်ငံရေးတွင် ထင်ရှားအရေးပါလာမည့် သခင်သန်းထွန်းနှင့် သခင်စိုးတို့လည်း ပါဝင်ပါသည်။ မကြာမီ သခင်အောင်ဆန်းသည် ဒို့ဗမာအစည်းအရုံး အထွေထွေအတွင်းရေးမှူး ဖြစ်လာပြီးနောက် အစည်းအရုံး၏ ကြေညာစာတမ်းကို စီရင်ရေးသားခဲ့ပါသည်။

၁၉၃၈–၁၉၃၉ ခုနှစ်များတွင် ‘၁၃၀၀ ပြည့် အရေးတော်ပုံ’ ဟု အမည်တွင်မည့် အရေးအခင်းများ ဖြစ်ပေါ်ခဲ့ပါသည်။ ရေနံမြေအလုပ်သမားများ ချီတက်ပွဲ၊ တောင်သူလယ်သမားများ ချီတက်ပွဲ၊ ရဲ၏ နံပါတ်တုတ်ဒဏ်ဖြင့် ဗိုလ်အောင်ကျော် ကျဆုံးခဲ့ရသော ကျောင်းသားဆန္ဒပြပွဲ၊ ထိုဖြစ်ရပ်ကြောင့် ပေါ်ပေါက်ရသော နိုင်ငံအဝှမ်း ကျောင်းသားသပိတ်များ၊ ဗမာတို့နှင့် အိန္ဒိယအနွယ် မူဆလင်များအကြား ဖြစ်ပွားခဲ့သော အဓိကရုဏ်း၊ အလုပ်သမားများသပိတ်၊ ရဲ၏ လက်ချက်ဖြင့် အာဇာနည် (၁၇) ဦး ကျဆုံးခဲ့သော မန္တလေးဆန္ဒပြပွဲ၊ ဒေါက်တာဘမော်အစိုးရ ပြုတ်ကျသွားခြင်း စသည်တို့ တသီတတန်းကြီး ဖြစ်ပေါ်ခဲ့ပါသည်။ ဤအရေးအခင်းများကြောင့် နိုင်ငံအတွင်း မကြုံစဖူး မငြိမ်မသက် ဆူဆူပွက်ပွက်ဖြစ်လာပြီး အမျိုးသားရေးလှုပ်ရှားမှုများ အရှိန်အဟုန်ပြင်းထန်လာသည်။ သို့သော် ဤမျှစိတ်လှုပ်ရှားဖွယ်ဖြစ်ရပ်များ အကြားကပင် မြန်မာ့နိုင်ငံရေး၏ ကပ်ကြီးနှစ်ပါးဖြစ်သော ဂိုဏ်းဂဏဝါဒနှင့် မနာလိုမုန်းတီးရေးဝါဒတို့၏ ဆိုးဝါးသော အရှိန်သြဇာများ လွှမ်းမိုးလာ၏။ အုပ်စုတအုပ်စု၊ လူတဦးချင်းတို့အနေနှင့် မိမိတို့သာလျှင် အထိရောက်ဆုံး၊ မျိုးချစ်စိတ်အထက်သန်ဆုံး၊ အတော်ဆုံးဟူ၍ ဂုဏ်တု၊ ဂုဏ်ပြိုင်လုပ်လိုသော စိတ်ရူးများဝင်ကာ၊ အပြန်အလှန် စွပ်စွဲပုတ်ခတ်မှုများ၊ ခါးသီးမှုများ ပျံ့နှံ့လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဂိုဏ်းဂဏစိတ်နှင့် မနာလိုဝန်တိုစိတ်များမှ ကင်းရှင်းသည်ဟုအများက သတ်မှတ်ထားသော လူနည်းစုလေးတွင် သခင်အောင်ဆန်း ပါဝင်၏။ သူသည် လက်ဝဲဝါဒများဖက်သို့ယိမ်း၍ ၁၉၃၉ ခုနှစ်တွင် ပေါ်ပေါက်လာသော အချို့က မာ့က်ဆ်ဝါဒ လေ့လာရေးအုပ်စုဟူ၍၎င်း၊ အချို့က ပထမဦးဆုံး မြန်မာကွန်မြူနစ်ကလပ်စည်းဟူ၍လည်းင်း၊ ခေါ်ဝေါ်သည့် အုပ်စုကိုတည်ထောင်ခဲ့သူတဦးဖြစ်ပြီး၊ ထိုအုပ်စု၏ အထွေထွေအတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့၏။ သို့သော် သခင်အောင်ဆန်းသည် ကွန်မြူနစ်ဝါဒကိုသော်၎င်း၊ အခြားတင်းကြပ်သော ဝါဒများကိုသော်၎င်း၊ မဆင်မခြင် အစွန်းရောက်အမြင်ဖြင့် ယုံကြည်လက်ခံခြင်း မရှိခဲ့ပါ။ ကျယ်ဝန်းထွေပြားသော ဆိုရှယ်လစ်သီအိုရီ အယူအဆအမျိုးမျိုးအနက် သူ့အား ဆွဲဆောင်နိုင်သော သဘောတရားများ အတော်အတန်ရှိခဲ့ပါသည်။ သို့သော် သူ၏ အဓိကရည်မှန်းချက်မှာ သူ့တိုင်းပြည်အတွက် လွတ်လပ်ရေးနှင့် စည်းလုံးညီညွတ်ရေး စွမ်းဆောင်ပေးနိုင်မည့် အတွေးအခေါ်များ၊ နည်းဗျူဟာများကို လေ့လာသုံးစွဲရန်သာဖြစ်ပါသည်။

၁၉၃၉ ခုနှစ် ဥရောပတိုက်တွင် ဒုတိယကမ္ဘာစစ်မီး စတင်လောင်ကျွမ်းပြီး မျှားမကြာမီ 'ကိုလိုနီဝါဒအခက်၊ လွတ်လပ်ရေးအချက်' ဟုမြင်ကာ 'ထွက်ရပ်ဂိုဏ်းကြီး' တည်ထောင်နိုင်ရန် သခင်အောင်ဆန်း ကူညီပေးခဲ့ပါသည်။ ဒေါက်တာဘမော်၏ ဆင်းရဲသားပါတီ၊ ဒို့ဗမာအစည်းအရုံး၊ ကျောင်းသားများနှင့် ပုဂ္ဂလိကနိုင်ငံရေးသမားများ စုပေါင်းဖွဲ့စည်းလိုက်သော ထို 'ထွက်ရပ်ဂိုဏ်းကြီး' သည် သခင်အောင်ဆန်း၏ တီထွင်မှုဖြစ်သည်ဟု သခင်နုက သတ်မှတ်ခဲ့၏။ 'ထွက်ရပ်ဂိုဏ်းကြီး' ၏ ပြည်သူလူထုကို တိုက်တွန်းဆော်ဩချက်မှာ စစ်ပြီးသည်နှင့် လွတ်လပ်ရေးပေးရန် သဘောတူသော ကတိရမှသာလျှင် ဗြိတိသျှစစ်ရေးကြိုးပမ်းချက်များကို ကူညီပံ့ပိုးရမည်။ ဗြိတိသျှအစိုးရအနေနှင့် ထိုကဲ့သို့ ကတိကြေညာချက်မပြုပါက စစ်ရေးကြိုးပမ်းချက်များကို အင်တိုက်အားတိုက် ဆန့်ကျင်ရမည်။ တုံ့ပြန်သည့်အနေနှင့် ဗြိတိသျှအစိုးရသည် အမျိုးသားရေးလှုပ်ရှားနေသူ အများအပြားကို ဖမ်းဆီးလိုက်ပါသည်။ ၁၉၄၀ ခုနှစ် ကုန်ဆုံးချိန်၌ သခင်ခေါင်းဆောင် အမြောက်အမြားနှင့် ဒေါက်တာဘမော်တို့မှာ ထောင်ထဲရောက်နေကြပေပြီ။ သခင်အောင်ဆန်းကို ဖမ်းဆီးရန် ဝရမ်းအမိန့်ထုတ်ခဲ့သော်လည်း အချိန်မီသတိပေးချက်ရသဖြင့် သူသည် ခြေရာဖျောက်ကာ တိမ်းရှောင်သွားနိုင်ခဲ့သည်။

## ဂျပန်နှင့် မဟာမိတ်ဖွဲ့ခြင်း

သခင်အောင်ဆန်းသည် လက်နက်ကိုင်တိုက်ပွဲဆင်နွှဲရန် လိုအပ်ကောင်းလိုအပ်မည်ဟု ယူဆခဲ့သည်မှာ ကာလအတန်ကြာကပင် ဖြစ်ပါသည်။ ကလေးဘဝက တိုက်ခိုက်တော်လှန်ရန် စိတ်ကူးယဉ်အိပ်မက်ခဲ့သော်လည်း လွတ်လပ်ရေးကို အခြေခံဥပဒေဘောင်အတွင်းမှ နိုင်ငံရေးနည်းဖြင့် ရယူနိုင်မည့် အလားအလာကို အစဉ်တစိုက် ပယ်ထားခဲ့သူမဟုတ်ပါ။ တက္ကသိုလ်ကျောင်းသားဘဝက အစိုးရဝန်ထမ်း (ထိုစဉ်က အိုင်စီအက်၊ ဘီစီအက်) စာမေးပွဲဖြေဆိုကာ ၎င်းတို့၏ ပညာရှင်ပီသစွာ နိုင်ငံရေးလုပ်ကိုင်မှုနှင့် မျိုးချစ်စိတ်ထက်သန်မှုတို့ကြောင့် သူကိုယ်တိုင်လေးစားသော အိန္ဒိယနိုင်ငံရေးသမားအချို့၏ နမူနာအတိုင်း လုပ်ကိုင်ရန်ကိုလည်း သခင်အောင်ဆန်း စဉ်းစားခဲ့ဖူး၏။ အများသိ ကျောင်းသားခေါင်းဆောင်တဦး ဖြစ်လာပြီးနောက်ပိုင်း၌ ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာပါမောက္ခအား ပေးပို့သော စာတစောင်တွင် သူသည် 'ငြိမ်းချမ်းသော တော်လှန်ရေးသမား' သာ ဖြစ်သည်ဟု ရေးသားခဲ့ကြောင်း ကြားသိရပါသည်။ သို့သော်လည်း မြန်မာနိုင်ငံအတွင်း အရေးအခင်းများ၏ ဒီရေလှိုင်းသည် သူ့အား သဘောထားပြောင်းလဲစေခဲ့သည်။ ၁၉၄၀ ခုနှစ်က သူ၏ တွေးခေါ်ပုံကို အောက်ပါအတိုင်း ရှင်းပြထားပါသည်။

"ကျနော်တဦးချင်းအနေနှင့်ကား ကျနော်တို့၏ အရေးတော်ပုံအတွက် ကမ္ဘာ့ဝါဒဖြန့်မှုနှင့် ကမ္ဘာ့အကူအညီလိုသည်မှာ မှန်သော်လည်း အဓိကလုပ်ငန်းမှာ ပြည်တွင်းတွင်သာရှိသည်။ အဓိကလုပ်ငန်းမှာ အမျိုးသားရေးတိုက်ပွဲအတွက် ပြည်သူလူထုကို စည်းရုံးရန်ဖြစ်သည်ဟု ယူဆခဲ့သည်။ ကျနော့်မှာလည်း အကြမ်းမျဉ်းအစီအစဉ်တခုရှိခဲ့သည်။ ၎င်းအစီအစဉ်မှာ ဗြိတိသျှနယ်ချဲ့စနစ်ကို တပြည်လုံးတွင် ဆန့်ကျင်ရန်၊ ဤလှုပ်ရှားမှုကို ကမ္ဘာ့အခြေအနေ ဗမာ့အခြေအနေနှင့်အညီ တဆတဆတိုးချဲ့ရန်၊ မြို့နေအလုပ်သမား

www.burmeseclassic.com

www.burmeseclassic.com

တောနေအလုပ်သမားတို့၏ ဒေသအလိုက်သပိတ်များမှစ၍ အထွေထွေသပိတ်များ၊ အခွန်အခပေးရေးသပိတ်များအထိ တိုးချဲ့ဆင်နွှဲရန်၊ တက်ကြွလာသော ဝါဒဖြန့်ချိမှုများဖြစ်သည့် လူထုဆန္ဒပြပွဲများ ချီတက်ပွဲများမှစ၍ ပြည်သူတို့၏ အာဏာဖီဆန်ရေးတိုက်ပွဲအထိ ဆက်လက်ဆင်နွှဲရန်၊ စီးပွားရေးအရတွင်လည်း ဗြိတိသျှကုန်ပစ္စည်းများကို သပိတ်မှောက်ရာမှစ၍ လူထုနှင့်ချီ၍ အခွန်မပေးရေးတိုက်ပွဲအထိ ဆင်နွှဲရန် စစ်ဖက်အုပ်ချုပ်ရေးဖက်နှင့် ပုလိပ်ဖက်ကင်းစခန်းများ ဆက်သွယ်ရေးလမ်းကြောင်းများကို ပြောက်ကျားနည်းနှင့် ဝင်ရောက်တိုက်ခိုက်၍ ဗမာပြည်အတွင်း ဗြိတိသျှအုပ်ချုပ်မှုစနစ်ကို လုံးဝသွက်ချာပါဒလိုက်သည်အထိ တိုက်ပွဲဆင်နွှဲရန်၊ ထိုအခါ ကမ္ဘာ့ဖြစ်ပေါ်တိုးတက်မှုနှင့် တပြိုင်နက် နောက်ဆုံးပိတ် အာဏာသိမ်းပွဲကို ဆင်နွှဲရန် အစီအစဉ်ပင်ဖြစ်သည်။ ဗြိတိသျှအစိုးရ၏ လက်နက်ကိုင်တပ်များ၊ အထူးသဖြင့် ဗြိတိသျှလူမျိုးမဟုတ်သော တပ်များသည် ကျနော်တို့ဖက်သို့ ကူးပြောင်းလာကြလိမ့်မည်ဟုလည်း ကျနော်တွက်ခဲ့သည်။ ဤအစီအစဉ်တွင် ဂျပန်များ ဝင်ရောက်တိုက်ခိုက်မှုကိုလည်း မှန်းဆခဲ့သည်။ သို့သော် ဤနေရာတွင် ကျနော်မှာ ရှင်းလင်းသောအမြင် မရှိခဲ့ပေ။ ထိုအခါက ကျနော်တို့အထဲမှ မည်သူမျှ ရှင်းရှင်းလင်းလင်းမရှိခဲ့။ သို့သော် ယခုဖြစ်ပျက်ပြီးသွားသည့်အခါတွင်ကား လူအချို့အနေနှင့် ကျန်လူများထက်ပို၍ သိမြင်ခဲ့ဟန် ဟန်ဆောင်ကောင်း ဆောင်ကြမည်။)”

အထက်ပါအကြံအစည်များမှာ သူ၏ “ကြီးမားသောအစီအစဉ်” သာဖြစ်ကြောင်း သခင်အောင်ဆန်း ဝန်ခံခဲ့ပါသည်။ သူ၏ ရဲဘော်ရဲဘက်များတွင် ထိုစီမံကိန်းကို ထောက်ခံသူ မများလှပါ။ ထိုကဲ့သို့မထောက်ခံခြင်းမှာ သခင်အောင်ဆန်းအမြင်အရ “ကျနော်တို့မှာ ဓနရှင်ပေါက်စ ဇာတိရှိသူများဖြစ်ရာ စဉ်းစားစရာ ပြောဆိုရာတွင် ရဲရင့်သလောက်၊ ပြတ်သားသော ဆောင်ရွက်ချက်ကိုလုပ်ရာ၌ တွန့်ဆုတ်လေ့ရှိကြလေသည်။ ပြည်သူလူထုကို နိုးဆွရမည့်လုပ်ငန်း ကြာရှည်ခက်ခဲမည်ကိုလည်း စိတ်မရှည်ကြပေ။ ကျနော်တို့အများစုမှာ လူထုတိုက်ပွဲအကြောင်း ပြောဟောကြသော်လည်း လူထုတိုက်ပွဲ အကျိုးအာနိသင်ကို သဘောမပေါက်ကြ” စသည်တို့ကြောင့်ပင် ဖြစ်ပါသည်။ သို့သော် သခင်အောင်ဆန်းသည် အမျိုးသားရေးဝါဒီများ ပြောက်ကျားတိုက်ပွဲ ဆင်နွှဲနိုင်ရန် လက်နက်များရှိရန်လိုသည် ဟူသော ထင်မြင်ချက်ကို အခိုင်အမာဆက်လက်ဆုပ်ကိုင်ထားပါသည်။ နောက်ဆုံးတွင် ၎င်းတို့အနက်မှ တဦးဦး မြန်မာပြည်ပြင်ပသို့သွားပြီး အကူအညီ၊ အထောက်အပံ့နှင့် လက်နက်များရှာရန် ဆုံးဖြတ်လိုက်ပါသည်။ “ထိုအခါက ကျနော်တဦးတည်းသာ မြေအောက်၌ နေနေရသောကြောင့် ထိုသို့သွားရန် ကျနော့်ကိုရွေးချယ်ခဲ့ကြလေသည်” ဟု သခင်အောင်ဆန်း မှတ်တမ်းတင်ခဲ့ပါသည်။

၁၉၄၀ ခုနှစ် ဩဂုတ်လတွင် သခင်အောင်ဆန်းနှင့် သခင်လှမြိုင် (နောင်အခါ ဗိုလ်ရန်အောင်ဟုထင်ရှားသူ) တို့ မြန်မာပြည်မှ ဟိုင်လီအမည်ရှိ သင်္ဘောနှင့်ထွက်ခွာခဲ့ရာ တရုတ်နိုင်ငံ အမွိုင်မြို့ရှိ ‘အပြည်ပြည်ဆိုင်ရာဒေသ’ ဖြစ်သော ကူလန်စုသို့ ရောက်သွားကြပါသည်။ ထိုနေရာ၌ သူတို့နှစ်ဦး လအနည်းငယ်မျှ သောင်တင်နေပြီး တရုတ်ကွန်မြူနစ်များနှင့် ဆက်သွယ်ရန် ကြိုးစားချက်များလည်း အောင်မြင်ခြင်းမရှိခဲ့ပါ။ တရုတ်ကွန်မြူနစ်များနှင့် အဆက်အသွယ်မလုပ်နိုင်ခဲ့သော်လည်း ဂျပန်ကိုယ်စားလှယ်တဦး သူတို့အား ချဉ်းကပ်ပြီး ဂျပန်တပ်မတော်အရာရှိတဦးဖြစ်သူ ဗိုလ်မှူးကြီးစူဇူကီးကေအီဂျီနှင့်တွေ့ရန် တိုကျိုသို့ လေယာဉ်နှင့် ပို့လိုက်ပါသည်။ ထိုဗိုလ်မှူးကြီးသည် နောင်အခါ၌ ‘မြန်မာပြည် လွတ်လပ်ရေးကို ကူညီရန်နှင့် တရုတ်မြန်မာလမ်းမကြီးကို ပိတ်ဆို့ရန်’ ရည်ရွယ်ချက်များနှင့် တည်ထောင်သော မီနာမီကီကန် လျှို့ဝှက်အသင်း၏ ခေါင်းဆောင်အဖြစ် ထင်ရှားမည့်သူဖြစ်ပါသည်။

မြန်မာနိုင်ငံရေးသမားများနှင့် ဂျပန်တို့အကြား အဆက်အသွယ်ရှိခြင်းမှာ အသစ်အဆန်းမဟုတ်ချေ။ ဒေါက်တာဘမော်နေရာ၌ ဝန်ကြီးချုပ်ဖြစ်လာသော ဦးစောသည် ဂျပန်ထောက်ပံ့မှုကြောင့် ချမ်းသာကြွယ်ဝလာသူဟူ၍ နာမည်ထွက်ခဲ့ပါသည်။ ဒေါက်တာဘမော်ကိုယ်တိုင်လည်း ‘ထွက်ရပ်ဂိုဏ်း’ အတွက် ဂျပန်တို့ထံမှ အကူအညီရှာခဲ့ပါသည်။ ဒေါက်တာဘမော်၏ အစိုးရအတွင်း ဝန်ကြီးတဦးဖြစ်ခဲ့သော ဝါရင့်နိုင်ငံရေးသမားကြီး ဒေါက်တာသိမ်းမောင်ကမူ ဂျပန်သို့ အလည်အပတ်သွားရောက်ခဲ့ပြီး ဂျပန်–ဗမာ ချစ်ကြည်ရေးအသင်းကို ရှေ့ဆောင်တည်ထောင်ခဲ့ပါသည်။ ၁၉၄၀ ခုနှစ်လယ်တွင် ဗိုလ်မှူးကြီးစူဇူကီး မြန်မာပြည်သို့ အလည်ရောက်စဉ်က ဒေါက်တာသိမ်းမောင်နှင့် တွေ့ခဲ့၏။ ဤတွေ့ဆုံဆက်သွယ်မှုမှတဆင့် ဂျပန်များက အမွိုင်ရောက် သခင်နှစ်ဦးအား ရှာဖွေတွေ့ရှိနိုင်ခဲ့ခြင်း ဖြစ်ပါသည်။ ‘ထွက်ရပ်ဂိုဏ်း’ဝင်များအနက်

www.burmeseclassic.com

www.burmeseclassic.com

ဂျပန်အကူအညီလက်ခံသင့်၊ မခံသင့်နှင့်ပတ်သက်၍ စိတ်သဘောထားကွဲပြားမှုများ ရှိနေခဲ့ပါသည်။ ကွန်မြူနစ်များ (၎င်းတို့အနက် အထင်ရှားဆုံးမှာ သခင်စိုး၊ သခင်ဗဟိန်း၊ သခင်သန်းထွန်းနှင့် သခင်သိန်းဖေ) က အထူးသဖြင့် ဖက်ဆစ်ဂျပန်နှင့် ပူးပေါင်းဆောင်ရွက်ရေးကို ဆန့်ကျင်ကြသည်။ သခင်အောင်ဆန်းကတော့ အကူအညီကို ရသည့်နေရာမှယူပြီး အခြေအနေများ မည်ကဲ့သို့ ပြောင်းလဲဖြစ်ပေါ်လာမည်ကို စောင့်ကြည့်သင့်သည်ဟု လက်တွေ့အကျိုးဖြစ်မည့် နည်းလမ်းအမြင် အယူအဆကို စွဲကိုင်ခဲ့၏။ သို့သော် သူ၏စကားအတိုင်းဆိုရလျှင် သူသည် ဂျပန်တို့နှင့်ပူးပေါင်းခြင်းကြောင့် နောင်ဖြစ်ပေါ်လာမည့် အကျိုးဆက်များကို အသေအချာ ရှင်းရှင်းလင်းလင်း တွက်ဆခဲ့ပုံမပေါ်။

တိုကျိုတွင် သခင်အောင်ဆန်းနှင့် ဗိုလ်မှူးကြီးစူဇူကီးတို့နှစ်ဦး နားလည်မှုယူနိုင်ခဲ့ကြ၏။ သို့သော် နှစ်ဦးနှစ်ဖက်လုံးတွင် ထိန်ချန်ထားသော သဘောမတွေ့မှုလေးများ ရှိခဲ့ပုံရပါသည်။ ဗိုလ်မှူးကြီးစူဇူကီးသည် သခင်အောင်ဆန်း၏ ဖြောင့်မတ်တည်ကြည်မှုနှင့် မျိုးချစ်စိတ်တို့ကို လေးစားသော်လည်း 'သူ၏ နိုင်ငံရေးအတွေးအခေါ်များ မရင့်ကျက်လှသေး' ဟု ထင်မြင်၏။ ဤဝေဖန်ချက်သည် ထိုစဉ်က အနေအထားအရ ဓမ္မဓိဋ္ဌာန်မကျဟု မဆိုနိုင်ပါ။ သခင်အောင်ဆန်း ကိုယ်တိုင်ရေးခဲ့သည်မှာ သူနှင့် သူ့ရဲဘော်ရဲဘက်တို့ ဂျပန်များအား မြန်မာနိုင်ငံကို ဝင်ရောက်သိမ်းပိုက်ရန် ဖိတ်ခေါ်သကဲ့သို့ ဖြစ်ရသည်မှာ "ဖက်ဆစ်စနစ်ကို လိုလား၍မဟုတ်၊ ကျနော်တို့၏ လူပါးမဝမှုကြောင့် ခနရှင်ပေါက်စ စိုးရိမ်မှုကြောင့်တို့သာ ဖြစ်လေသည်။" သူသည် ဂျပန်ပြည်သို့အသွား၌ စိုးရိမ်ကြောင့်ကြစိတ်များ ဖြစ်ပေါ်ခဲ့သည်။ ရောက်သွားသောအခါ သူစိုးရိမ်ခဲ့သလောက် မဆိုးလှသဖြင့် စိတ်သက်သာရာရသော်လည်း စိတ်မချဖွယ်၊ မနှစ်သက်ဖွယ် ကိစ္စလေးများ ကျန်လျက်ရှိနေပါသည်။ ဂျပန်လူမျိုးတို့၏ မျိုးချစ်စိတ်၊ သန့်ပြန့်စွာနေထိုင်ပုံနှင့် ကိုယ့်အလိုကိုယ်မလိုက်၊ ခြိုးခြံခြံ နေနိုင်သော အရည်အချင်းတို့ကို သခင်အောင်ဆန်း လေးစားသော်လည်း ၎င်းတို့၏ စစ်ဝါဒီဆန်သော သဘောထားအချို့၏ ရိုင်းစိုင်းကြမ်းကြုတ်မှုကို သူ မနှစ်မြို့သည့်အပြင် ဂျပန်များ အမျိုးသမီးတို့အပေါ်ဆက်ဆံပုံမှာ သူ့အမြင်တွင် အံ့သြထိတ်လန့်ဖွယ်ရာ ဖြစ်နေ၏။

၁၉၄၁ ခုနှစ် ဖေဖော်ဝါရီလတွင် သခင်အောင်ဆန်းသည် တရုတ်သင်္ဘောသားအသွင်ဖြင့် မြန်မာပြည်သို့ ပြန်ရောက်လာလေသည်။ သူမှတဆင့် ဂျပန်တို့ကမ်းလှမ်းလိုက်သည့် သဘောတူညီချက်အရ၊ တော်လှန်ပုန်ကန်ရန် လက်နက်များနှင့် ငွေကြေးထောက်ပံ့မည်ဟု မြန်မာတို့က နားလည်ခဲ့၏။ ထို့ပြင် လက်ရွေးစင်လူငယ်တစုကို စစ်သင်တန်းပေးမည်။ ထိုလူငယ်များကို မြန်မာနိုင်ငံမှ ခိုးထုတ်သွားရန်လိုပေမည်။ သခင်အောင်ဆန်း မြန်မာပြည်၌ ကြာမြင့်စွာမနေပါ။ ဂျပန်သို့ သခင်လှဖေနှင့် အခြားလူငယ်သုံးဦးတို့နှင့်အတူ ပြန်သွားပါသည်။ ထိုအုပ်စုမှာ 'ရဲဘော်သုံးကျိပ်' ၏ ရှေ့ပြေးတပ်ဦး ဖြစ်ပါသည်။ နောင် ဗမာ့လွတ်လပ်ရေးတပ်မတော်၏ မဏ္ဍိုင်သဖွယ်ဖြစ်လာမည့် ဤရဲဘော်သုံးကျိပ်ဝင် ပုဂ္ဂိုလ်များကို ရွေးချယ်ရာ၌ အလွယ်တကူ လိုက်ပါနိုင်မှုနှင့် သခင်ပါတီအတွင်းရှိ ဂိုဏ်းဂဏအသီးသီးက ကျေနပ်လက်ခံနိုင်မှုတို့အပေါ် မူတည်ခဲ့သဖြင့် အကျဉ်းကျခံနေရသော အမျိုးသားရေးခေါင်းဆောင်များ မပါဖြစ်သည့်အပြင် နောင် အချင်းချင်းအကြား စိတ်ဝမ်းကွဲစေမည့် မျိုးစေ့ကို ပျိုးလိုက်သကဲ့သို့လည်း ဖြစ်သွားပါသည်။

ရဲဘော်သုံးကျိပ်သည် ဟိုင်နန်ကျွန်း၌ ပင်ပန်းကြီးစွာ စစ်ပညာသင်ယူရပါသည်။ ၎င်းတို့အနက် သခင်အောင်ဆန်း၊ သခင်လှဖေ (ဗိုလ်လက်ျာ)၊ သခင်အောင်သန်း (ဗိုလ်စကြာ) နှင့် သခင်ထွန်းအုပ်တို့ကို စစ်ဌာနချုပ်စီးကွပ်ကဲရေးနှင့် အုပ်ချုပ်ရေးတို့ကို အထူးလေ့လာရန် ရွေးချယ်လိုက်ပါသည်။ သခင်ပါတီ အုပ်စုတစုကို ကိုယ်စားပြုသော သခင်ထွန်းအုပ်အား နိုင်ငံရေးခေါင်းဆောင်တင်မြှောက်လိုက်၏။ သို့သော်လည်း သခင်အောင်ဆန်းသည် ရဲဘော်သုံးကျိပ်၏ ခေါင်းဆောင်အဖြစ် ထင်ထင်ရှားရှား ပေါ်ထွက်လာသည်။ ဗမာ့လွတ်လပ်ရေးတပ်မတော် ဖွဲ့သောအခါ၌လည်း တပ်မတော်၏ ပြိုင်ဖက်မရှိခေါင်းဆောင်ဖြစ်လာလေသည်။ သခင်အောင်ဆန်းသည် ကိုယ်ခန္ဓာညှက်ပြီး အားကောင်းသန်မာလှခြင်းမရှိသော်လည်း တိုက်ရေးခိုက်ရေးကျွမ်းကျင်ကာ သတ္တိရှိ၍ အပင်ပန်းခံနိုင်သော စစ်သားတဦးဖြစ်လာ၏။ သူ့အား လူမှုဆက်ဆံရေးညံ့ဖျင်းသည်ဟု စွပ်စွဲချက်များရှိခဲ့သော်လည်း ရဲဘော်များ ကိုယ်ပင်ပန်း၊ စိတ်ပင်ပန်းဖြစ်နေချိန်များတွင် စိတ်ဓာတ်ပြန်လည်တက်ကြွလာစေရန် အားပေးခြင်း၊ အငယ်ဆုံးရဲဘော်များကို အထူးဂရုစိုက်ခြင်း၊ စစ်သင်တန်းသားဘဝ၏ ကရိကထများကြောင့်၎င်း၊ ဂျပန်များကြောင့်၎င်း၊ နာကျည်းစိတ်များ

www.burmeseclassic.com

www.burmeseclassic.com

ဆူပွက်လာချိန်တွင် စိတ်လိုက်မာန်ပါမလုပ်ရန် အကြံပေးတိုက်တွန်းခြင်း၊ စသည်တို့ကို သူ စွမ်းဆောင်နိုင်ခဲ့သည်။ လူငယ်စစ်သင်တန်းသားများသည် ဂျပန်နည်းပြဆရာအချို့ကို လေးစားချစ်ခင်ကြသော်လည်း၊ ဂျပန်စိတ်နေသဘောထားအချို့ကိုမူ များစွာမနှစ်မြို့ရကား၊ ၁၉၄၁ ခုနှစ်ကုန်ပိုင်း မြန်မာပြည်တွင်းသို့ မချီတက်မီကပင် ဗမာနှင့် ဂျပန်တို့အကြား ကတောက်ကဆဖြစ်မှုများ စတင်ပေါ်ပေါက်ခဲ့သည်။ (ဓါတ်ပုံလာသည်)

(ဓါတ်ပုံ)

**အပေါ်** – ဗိုလ်လက်ျာ၊ ဗိုလ်စကြာ၊ ဗိုလ်အောင်ဆန်း ၁၉၄၁ ခုနှစ် ဂျပန်ပြည်

**အောက်** – ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်အဖွဲ့ဝင်အချို့ ၁၉၄၃

(ဆောင်းပါးအဆက်)

ဟိုင်နန်သင်တန်းကျောင်းဆင်းများ၊ ထိုင်းနိုင်ငံနေ မြန်မာများနှင့် မီနာမီအဖွဲ့ဝင်များပါဝင်သော ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ၁၉၄၁ ခုနှစ် ဒီဇင်ဘာလတွင် ဘန်ကောက်မြို့၌ တရားဝင်ဖွဲ့စည်းလိုက်၏။ စူဇူကီးသည် ဗိုလ်ချုပ်ကြီးရာထူးဖြင့် တပ်မတော်အကြီးအကဲဖြစ်လာပြီး အောင်ဆန်းသည် ဗိုလ်ချုပ်ရာထူးနှင့် စစ်ဦးစီးချုပ်ဖြစ်လာပါသည်။ အပုံသင်စ တပ်မတော်အဖွဲ့ဝင်များသည် သစ္စာရေသောက်ပြီး အရာရှိများက သူရဲကောင်းဆန်သော ပါဠိအမည်များကို ခံယူကြပါသည်။ စူဇူကီးသည် ဗိုလ်မိုးကြိုးဖြစ်လာပြီး၊ အောင်ဆန်းသည် ဗိုလ်တေဇဖြစ်လာသည်။ မိမိတို့အမည်သစ်များနှင့် ထင်ရှားလာမည့် ရဲဘော်သုံးကျိပ်ဝင်များအနက် ဗိုလ်လက်ျာ၊ ဗိုလ်စကြာ၊ ဗိုလ်ဇေယျ၊ ဗိုလ်နေဝင်း၊ ဗိုလ်ရန်နိုင်၊ ဗိုလ်ကျော်ဇော စသည်တို့ ပါဝင်ပါသည်။ 'ဗိုလ်ချုပ်တေဇ' ကမူ ကျောင်းသားခေါင်းဆောင်နှင့် သခင်ခေါင်းဆောင်အဖြစ် တိုင်းပြည်ကသိခဲ့သော အောင်ဆန်းအမည်ကိုသာ ပြန်လည်သုံးစွဲကာ 'ဗိုလ်ချုပ်အောင်ဆန်း' ဟူ၍ ပြည်သူတို့ အမြတ်တနိုးထားသော အာဇာနည်သူရဲကောင်းအဖြစ် ထင်ပေါ်လာပါသည်။

ဗမာ့လွတ်လပ်ရေးတပ်မတော် ဂျပန်များနှင့် ရင်ဘောင်တန်း၍ မြန်မာပြည်တွင်းသို့ ချီတက်လာခြင်းသည် မြန်မာများအတွက် ဂုဏ်ယူဖွယ်၊ ပျော်ရွှင်ဖွယ်ဖြစ်ပါသည်။ ကျဆင်းနေသော မိမိတို့၏ အမျိုးသားဂုဏ်သိက္ခာကို ပြန်လည်မြှင့်တင်ပေးလိုက်သကဲ့သို့ ဖြစ်သွားပါသည်။ သို့သော် ဗိုလ်ချုပ်အောင်ဆန်းနှင့် သူ၏ ရဲဘော်ရဲဘက်အချို့က ရှေ့တွင်ပြဿနာများရှိမည်ကို သိနှင့်ကြပြီ။ ဘန်ကောက်မှာ ရှိနေစဉ်ကပင် မြန်မာပြည်တွင်းသို့ ဂျပန်များဝင်လာသောအခါ နိုင်ငံအတွင်းရှိ အမျိုးသားရေးခေါင်းဆောင်များ၏ စီမံလုပ်ဆောင်ချက်ဖြင့် လွတ်လပ်ရေးကြေညာပြီးနိုင်ငံ၌ ရင်ဆိုင်ရမည့် အခြေအနေကို စီစဉ်ရန် ကြိုးစားခဲ့ကြောင်း ဗိုလ်ချုပ်အောင်ဆန်း မှတ်တမ်းတင်ခဲ့၏။ ထိုကဲ့သို့မဆောင်ရွက်နိုင်ပါက ပြည်သူလူထုကို စည်းရုံးလှုံ့ဆော်ကာ မြေအောက်တော်လှန်ရေး စတင်ထားခြင်းဖြင့် ကျူးကျော်ဝင်ရောက်လာသူများ ခြေကုပ်မရနိုင်အောင် အခြေအနေဖန်တီးရန် ဖြစ်၏။ သို့သော် မြန်မာနိုင်ငံမှာ ကမောက်ကမဖြစ်နေပြီး နိုင်ငံရေးသမားအများစုလည်း ထောင်သွင်းအကျဉ်းချခံဘဝ ရောက်နေကြရာ အစီအစဉ်နှစ်ခုလုံး လက်တွေ့ကျကျ အကောင်အထည်ဖော်ရန် မဖြစ်နိုင်ပါ။ ဂျပန်များလည်း မြန်မာပြည်ကို ဝင်ရောက်သိမ်းပိုက်လိုက်ပါသည်။

ဂျပန်ခေတ်ကား အထင်အမြင်ကြီးခဲ့သမျှ ပြိုကွဲရပြီး မသေချာမရေရာမှုများနှင့် ဒုက္ခပေါင်းစုံဖြစ်နေသောကာလဖြစ်ပါသည်။ ဗြိတိသျှတို့ထံမှ လွတ်လပ်ရေးရမည်ဟု မျှော်မှန်းခဲ့သူများသည် အာရှတိုက်သားချင်း၏ ဖနောင့်အောက်သာ ရောက်ရကြောင်း သိလာသောအခါ အကြေကွဲကြီး ကြေကွဲခဲ့ရ၏။ အများက လွတ်လပ်ရေးပေးမည့် ကယ်တင်ရှင်များအဖြစ် ကြိုဆိုခဲ့သော နိပ္ပွန်စစ်သားများသည် လူကြိုက်မများသော ဗြိတိသျှတို့ထက်ပင် ဆိုးဝါးသည်ကို တွေ့ရတော့၏။ တနေ့တခြား စက်ဆုပ်ဖွယ်ရာဖြစ်ရပ်များ တိုးပွားလာလေ (ဓာတ်ပုံလာသည်)

(ဓါတ်ပုံ)

အောင်ဆန်းနှင့် သခင်လှမြိုင် (ဗိုလ်ရန်အောင်) တို့ ၁၉၄၀ ခုနှစ်တွင် ဂျပန်ပြည်သို့

ရောက်ရှိသွားခဲ့ပြီးနောက် ၁၉၄၁ ခုနှစ် ဖေဖော်ဝါရီလတွင် အောင်ဆန်းအား

www.burmeseclassic.com

www.burmeseclassic.com

မြန်မာနိုင်ငံသို့ လျှို့ဝှက်စွာ ပြန်လည်ခေါ်ဆောင်လာခဲ့သူ မိဆုရုစူဂီးနှင့်
၄-၃-၄၂ ၌ အတူတွေ့ရစဉ်၊ ရန်ကုန်

(ဆောင်းပါးအဆက်)
သည်။ 'ကင်ပေအိ' (စစ်ပုလိပ်) ဟူသော အမည်သည် ကြောက်မက်ဖွယ်ရာဝေါဟာရဖြစ်လာသည်။ လူများ အစအနမကျန် ပျောက်သွားခြင်း၊ အနှိပ်စက်အညှင်းဆဲခံရခြင်း၊ ချွေးတပ်ဆွဲခံရခြင်း စသည်တို့မှာ နိစ္စဓူဝကိစ္စမျှသာဖြစ်သော လောကကြီးတွင်နေတတ်အောင် နေကြရလေသည်။ ထို့အပြင် မဟာမိတ်လေတပ်၊ ဂျပန်လေတပ်တို့၏ ဗုံးကြဲဒဏ်၊ စစ်တွင်းရိက္ခာရှားပါးမှုဒဏ်၊ ထောက်လှမ်းရေးသတင်းပေးများဒဏ်၊ စိတ်ဓာတ်နှင့် ယဉ်ကျေးမှုအရ ဖီလာဆန့်ကျင်နေသူများအကြား ဖြစ်ပွားသော ပဋိပက္ခများ၊ ဘာသာစကားမတူသူတို့အကြား ဖြစ်တတ်သော အထင်အမြင်လွဲမှုများ စသည်ဖြင့် ဒုက္ခအပေါင်းကိုလည်း ထပ်လောင်းခံရပါသေးသည်။ မြန်မာပြည်ရောက် ဂျပန်များအနက် တရားမျှတရေး၊ လူသားချင်းစာနာရေး စိတ်ဓာတ်များအရ ကျင့်ကြံနေထိုင်သူများ ရှိကြသော်လည်း၊ ၎င်းတို့၏ ကောင်းမွန်သောဆောင်ရွက်ချက်များသည် စစ်ဝါဒီများ၏ လူမျိုးခွဲခြားရေးစနစ်ကြောင့် အချည်းအနှီးဖြစ်ရပါသည်။

မိမိတို့ကတိသစ္စာ တည်ကြည်နိုင်ရန် မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးသင့်သည်ဟု ယုံကြည်သော မီနာမီကီကန် အဖွဲ့ဝင်များသည် ဖြစ်ပေါ်လာသောအခြေအနေများကြောင့် စိတ်မချမ်းမြေ့ဟန်တူပါသည်။ ၁၉၄၂ ခုနှစ်၊ ရန်ကုန်မြို့ကို ဂျပန်တပ်များသိမ်းပြီးသည်နှင့် ဗိုလ်မိုးကြိုးသည် ဗဟိုအစိုးရတည်ထောင်ကာ သခင်ထွန်းအုပ်ကို ဦးစီးဦးဆောင်ခန့်လိုက်ပါသည်။ ထိုအစိုးရ ကြာကြာမခံပါ။ ဂျပန်တပ်များ တိုင်းပြည်ကို ဆက်လက်သိမ်းပိုက်သည်နှင့်အမျှ ဂျပန်စစ်အုပ်ချုပ်ရေး ကျယ်ကျယ်ပြန့်ပြန့်လွှမ်းမိုးလာကာ မြန်မာနိုင်ငံကို စစ်ရှုံးနယ်မြေတခုကဲ့သို့ ကိုင်တွယ်လာလေသည်။ ဗမာ့လွတ်လပ်ရေးတပ်မတော်၏ အနေအထားသည်လည်း မရေမရာနှင့် အားကျဖွယ်ရာလုံးဝမရှိပေ။ တပ်မတော်သည် ချီတက်လာရာလမ်းတလျှောက် စိတ်အားထက်သန်စွာ ဝင်လာသူများနှင့် ဖောင်းပွနေ၏။ ထိုစစ်သားသစ်များကို ထိရောက်သည့် တိုက်ရည်ခိုက်ရည်ရှိသော တပ်များဖြစ်လာစေရန် စနစ်တကျ၊ စည်းကမ်းရှိရှိ လေ့ကျင့်ပေးရပေဦးမည်။ ဗိုလ်ချုပ်အောင်ဆန်းကား မိမိတပ်များကို အမိန့်ပေးအုပ်ချုပ်ပိုင်ခွင့်မရှိ။ သူသည် ဗိုလ်မိုးကြိုး၏ လက်ထောက်အရာရှိများအနက် အဆင့်မြင့်ဆုံးမျှသာဖြစ်၏။ ဗိုလ်မိုးကြိုးကိုယ်တိုင်လည်း မြန်မာပြည်၏ အနာဂတ်အရေးများတွင် သူနှင့် ဗမာ့လွတ်လပ်ရေးတပ်မတော်တို့ မည်သည့်အခန်းကဏ္ဍက ပါဝင်ရမည်ဟူသော ကိစ္စနှင့်ပတ်သက်၍ စစ်အုပ်ချုပ်ရေးဆိုင်ရာများနှင့် ပြဿနာတက်နေပုံရ၏။ ဗိုလ်ချုပ်အောင်ဆန်းနှင့် သူ၏ ရဲဘော်ရဲဘက်များကမူ ဗမာ့လွတ်လပ်ရေးတပ်မတော်သည် မြန်မာအရာရှိများလက်အောက်တွင်သာ ရှိသင့်သည်ဟု ယူဆကြသည်။ ထိုကိစ္စနှင့်ပတ်သက်၍ ဗိုလ်လက်ျာက သူ၊ ဗိုလ်ချုပ်အောင်ဆန်းနှင့် အခြားရဲဘော်သုံးကျိပ်ဝင်အချို့ ဗိုလ်မိုးကြိုးနှင့်ရင်ဆိုင်ခဲ့စဉ်က ဇာတ်ဆန်ဆန် အဖြစ်အပျက်အကြောင်းကို ရေးသားခဲ့ဖူး၏။ ရင်ဆိုင်မှု၏ ရလဒ်ကား ဗိုလ်ချုပ်အောင်ဆန်းကို ဗမာ့လွတ်လပ်ရေးတပ်မတော်၏ သေနာပတိချုပ်အဖြစ်၎င်း၊ ဗိုလ်လက်ျာကို စစ်ဦးစီးအဖြစ်၎င်း ခန့်အပ်လိုက်ခြင်းဖြစ်ပါသည်။ (ဓာတ်ပုံလာသည်)

(ဓါတ်ပုံ)
ဗိုလ်ချုပ်အောင်ဆန်း
ဗမာ့လွတ်လပ်ရေးတပ်မတော် ၁၉၄၂ ခုနှစ်

(ဆောင်းပါးအဆက်)

ဗိုလ်ချုပ်အောင်ဆန်းသည် သူ၏အနေအထားနှင့်ပတ်သက်၍၎င်း၊ မြန်မာနိုင်ငံအခြေအနေနှင့် ပတ်သက်၍၎င်း၊ စိတ်ကူးယဉ်ပြီး ထင်ယောင်ထင်မှားမဖြစ်ခဲ့ပါ။ လွတ်လပ်ရေးရှန်းကန်မှုကား ဆုံးခန်းတိုင်ရန် များစွာလိုသေးသည်ကို သူသိနားလည်သည့်အလျောက် တပ်မတော် တောင့်တင်းခိုင်မာရန်နှင့် စည်းကမ်းရှိရန်ကို အာရုံစိုက်ခဲ့၏။ ဗမာ့တပ်မတော်ကို ပါတီနိုင်ငံရေးမှ ကင်းကင်းရှင်းရှင်းနေရန်နှင့် အရပ်သားအုပ်ချုပ်ရေးဖက်တွင်

www.burmeseclassic.com

www.burmeseclassic.com

ဝင်ရောက်စွက်ဖက်ခြင်း မပြုရန်ကိုလည်း သူကြိုးပမ်းခဲ့၏။ သို့သော်လည်း နိုင်ငံရေးသမားများကို ဗဟိုမဏ္ဍိုင်ပြုကာ ဖွဲ့စည်းခဲ့သော တပ်မတော်အနေနှင့် နိုင်ငံရေးနှင့် ကင်းကင်းရှင်းရှင်း နေနိုင်ဖို့ရန်မှာ အချိန်များစွာမှ နှောင်းသွားပြီဖြစ်ကြောင်း သူ ကောန်သိရှိခဲ့မည်ဖြစ်သည်။

၁၉၄၂ ခုနှစ် ဇူလိုင်လတွင် ဗိုလ်မိုးကြိုး မြန်မာပြည်မှ ထွက်ခွာသွားပါသည်။ ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဗမာ့ကာကွယ်ရေးတပ်မတော်အဖြစ် ပြန်လည်ဖွဲ့စည်းလိုက်ပြီး အောင်ဆန်းသည် ဗိုလ်မှူးကြီးရာထူးနှင့် စစ်သေနာပတိဖြစ်လာပါသည်။ သို့သော်လည်း အသစ်ဖွဲ့စည်းလိုက်သော တပ်မတော်၏ အဆင့်ဆင့်၌ ဂျပန်'အကြံပေးအရာရှိ'များ တွဲခန့်အပ်ထားပြီး မြန်မာအရာရှိများ၏ လက်တွေ့အာဏာများကို တင်းကျပ်စွာ ကန့်သတ်ချုပ်ချယ်ထားပါသည်။ ဩဂုတ်လတွင် ဂျပန်တပ်များ၏ သေနာပတိချုပ် ဗိုလ်ချုပ်ကြီးအီဒါသည် မြန်မာ့အုပ်ချုပ်ရေးကို တရားဝင်အတည်ပြုလိုက်ကာ ဒေါက်တာဘမော်အား နိုင်ငံတော်အကြီးအကဲအဖြစ် ခန့်အပ်လိုက်ပါသည်။ အပေါ်ယံအားဖြင့် မြန်မာအစိုးရအာဏာသည် မြန်မာပြည်သူပြည်သားတို့လက်သို့ ကူးပြောင်းသွားသည်ဟု မြင်နိုင်သော်လည်း စင်စစ်မှာတော့ ဂျပန်အုပ်ချုပ်ရေး ခြေကုပ်ရသွားခြင်းပင်ဖြစ်ပါသည်။

## ဖက်ဆစ်တော်လှန်ရေး

ဗိုလ်ချုပ်အောင်ဆန်းနှင့် သူ၏ ရဲဘော်ရဲဘက်များသည် ဗမာ့လွတ်လပ်ရေးတပ်မတော်နှင့် ချီတက်လာရာတွင် ပင်ပန်းဆင်းရဲဒဏ် အတော်ကြီးပင် ခံခဲ့ရ၏။ အများအပြားသည် ငှက်ဖျားရောဂါစွဲကပ်၍ရင်း၊ ခြေကုန်လက်ပန်းဖြစ်၍ရင်း ဆေးရုံတက်ရကြ၏။ ဗိုလ်ချုပ်နှင့်အပေါင်းဖော်အချို့လည်း ရန်ကုန်ဆေးရုံကြီးသို့ ရောက်လာလေသည်။ ထိုဆေးရုံကို မိမိတို့အလုပ်တာဝန်အပေါ် အထူးသစ္စာထားသော ဆရာဝန်၊ ဆရာမတစုက အခက်အခဲများစွာကြားမှ စီမံဖွင့်လှစ်ထားခြင်းဖြစ်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် မျက်နှာထား တည်လွန်းတင်းလွန်းပြီး အရောတဝင် မနေတတ်သူဟူ၍ အများက သိနေကြပါသည်။ ထို့အပြင် သူရဲကောင်းတဦးအဖြစ် တနေ့တခြား နာမည်ထွက်လာနေရာ သူနာပြုဆရာမငယ်များသည် သူ့အနားကပ်ရမည်ကိုပင် ကြောက်ရွံ့နေကြပါသည်။ သို့သော် ဆရာမကြီးဖြစ်သူ မခင်ကြည်ကိုယ်တိုင် ဗိုလ်ချုပ်အား ပြုစုရပါသည်။ မခင်ကြည်သည် စွဲမက်ဖွယ်ရာရုပ်ရည်နှင့် ချစ်စဖွယ်အမူအယာရှိပြီး မိမိ၏ သူနာပြုလုပ်ငန်းကို စေတနာပြည့်ဝစွာဖြင့် အထူးတာဝန်သိသိ ဆောင်ရွက်ခြင်းကြောင့် လူနာများနှင့် လုပ်ဖော်ကိုင်ဖက်များက လေးစားချစ်ခင်ကြပါသည်။ ဆရာမ မခင်ကြည်သည် ဗိုလ်ချုပ်ကို ပြုစုရာ၌ တင်းသင့်သည့်နေရာတွင် တင်းသော်လည်း၊ ယုယကြည်သာစွာ စိတ်ရှည်စွာ ဆက်ဆံပါသည်။ အလွန်ကြောက်မက်ဖွယ်ကောင်းပါသည်ဟူသော စစ်သေနာပတိကြီးလည်း အစွဲကြီးစွဲသွားပါတော့သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ရှက်တတ်၍ရင်း၊ သူ၏ ဘဝရည်မှန်းချက်အပေါ် တာဝန်သိစိတ်ပြင်းထန်၍ရင်း အမျိုးသမီးများနှင့် ခပ်ခွာခွာနေခဲ့၏။ အကျင့်သီလနှင့်ပတ်သက်၍ တင်းတင်းကြပ်ကြပ် တွေးခေါ်သူတဦးဖြစ်ရကား တိုကျိုမြို့၌ စုဇူကီးက အမျိုးသမီး အလိုရှိပါက စီစဉ်ပေးမည်ဟု ကမ်းလှမ်းသော်လည်း ဗိုလ်ချုပ် အံ့ဩတုန်လှုပ်သွားပါသည်။ စုဇူကီးအနေနှင့် ဂျပန်ယဉ်ကျေးမှုအရ ညှိဝတ်ကျေစေရန် ပြောခဲ့ပုံရပါသည်။ သို့သော် ဗိုလ်ချုပ်ကတော့ သူ့အား 'အကျင့်စာရိတ္တ ပျက်ပြားယုတ်ညံ့သွားအောင် ကြိုးစားနေလေရော့လား' ဟု သံသယစိတ်ဝင်ခဲ့၏။ ဗိုလ်ချုပ်အောင်ဆန်းသည် သူ့စိတ်ကိုသူ ကောင်းစွာသိသည့်အပြင် ပွင့်လင်းပြတ်သားစွာ လုပ်တတ်သူလည်း ဖြစ်ပါသည်။ သို့ဖြင့် ရှည်ရှည်ဝေးဝေး လူပျိုလှည့်ခြင်းမျိုး မလုပ်နေဘဲ၊ ၁၉၄၂ ခုနှစ် စက်တင်ဘာလ ၆ ရက်နေ့တွင် ဆရာမ မခင်ကြည်နှင့် လက်ထပ်ထိမ်းမြားလိုက်ပါသည်။

"ဒေါ်ခင်ကြည်သည် အောင်ဆန်းကို လက်ထပ်ရာ၌ လူပုဂ္ဂိုလ်တဦးကိုသာ လက်ထပ်လိုက်သည်မဟုတ်၊ ကံအကြောင်းတရားတရပ်ကိုပါ လက်ထပ်လိုက်ခြင်းဖြစ်သည်" ဟု အပြောရှိခဲ့ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းကလည်း သူ၏ ဘဝကြင်ဖော်အနေနှင့် ရှိအပ်သောသတ္တိနှင့် နွေးထွေးသော မေတ္တာတို့ကို ပိုင်ဆိုင်နိုင်ရုံသာမက သူကွယ်လွန်သွားပြီးနောက် သူ၏ စံတင်ထားမှုများကို ဂုဏ်သရေရှိရှိ၊ ကြံ့ကြံ့ခိုင်ခိုင် ထိန်းသိမ်းသွားမည့် အမျိုးသမီးတဦးကို လက်ထပ်လိုက်ခြင်း ဖြစ်ပါသည်။ ဗိုလ်ချုပ်တို့၏ အိမ်ထောင်ရေးကား သာယာအောင်မြင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

သူတို့လေးစားမြတ်နိုးလှသော လူငယ်ဗိုလ်ချုပ် အိမ်ထောင်ပြုသွားသဖြင့် ကနဦးတွင် စိတ်မချမ်းသာဖြစ်ခဲ့သော ရဲဘော်များလည်း လျင်မြန်စွာပင် သဘောတူကျေနပ်လာလေသည်။ အိမ်ထောင်သည်ဖြစ်လာပြီးနောက် ဗိုလ်ချုပ်အောင်ဆန်း၏ နူးညံ့ပျော့ပြောင်းသော အသွင်လက္ခဏာများ ပိုမိုတောက်ပြောင်လာသည်။ သူသည် ခင်ပွန်းသည်တဦးအနေနှင့်၎င်း၊ ဖခင်တဦးအနေနှင့်၎င်း ကြင်နာယုယတတ်၏။ သူ၏ ခက်ခဲ၊ အန္တရာယ်များသောဘဝကို အတူရင်ဆိုင်ရန် စွမ်းရည်၊ နားလည်မှုတို့နှင့်ပြည့်စုံသော ဘဝကြင်ဖော် သူ၏အနား၌ ရှိနေခြင်းသည် အရေးကြီးသောလုပ်ငန်းများ ဆောင်ရွက်ရာ၌ သူ့ကို အားပြည့်စေသည်ဟု ယုံမှားသံသယရှိဖွယ် မဟုတ်ချေ။

၁၉၄၃ ခုနှစ် မတ်လတွင် အောင်ဆန်းအား ဗိုလ်ချုပ်အဆင့်သို့ တိုးမြှင့်ခန့်အပ်လိုက်ပြီး ဂျပန်ဘုရင်မင်းမြတ်ထံမှ ဘွဲ့တံဆိပ်ရယူရန် ဂျပန်သို့ဖိတ်ကြားပါသည်။ တိုကျိုသို့သွားသောအဖွဲ့ကို ဒေါက်တာဘမော်ဦးဆောင်ပြီး ထိုအဖွဲ့တွင် ဗိုလ်ချုပ်အောင်ဆန်းအပြင် ဒေါက်တာသိမ်းမောင်နှင့် သခင်မြတို့ ပါဝင်ပါသည်။ ဇန္နဝါရီလအတွင်းက ဂျပန်ဝန်ကြီးချုပ်တိုဂျိုသည် မြန်မာနိုင်ငံ မကြာမီ လွတ်လပ်ရေးရတော့မည်ဟု ကြေညာထားပြီးဖြစ်ပါသည်။ မြန်မာအဖွဲ့ ပြန်လာသောအခါ သဘောတူညီချက်စာတမ်းတစောင် သယ်ယူလာခဲ့ပါသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ ခပ်ပြတ်ပြတ် စကားအသုံးအနှုန်းအရ စာတမ်းပါအကြောင်းအရာများမှာ "မြန်မာနိုင်ငံသည် ၁၉၄၃ ခုနှစ် ဩဂုတ်လ (၁) ရက်နေ့တွင် လွတ်လပ်ရေးရမည်ဖြစ်ပြီး ကျွန်ုပ်တို့တွေ စာချုပ်အချို့ကို ချုပ်ဆိုရန် စသဖြင့်" ဖြစ်ပါသည်။ စာတမ်းကို အလွန်အမင်း အရေးထားခြင်းမရှိခဲ့ပါ။ အစီအစဉ်အတိုင်း ဩဂုတ်လ (၁) ရက်နေ့တွင် မြန်မာပြည်ကို လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ်၎င်း၊ "မဟာအရှေ့အာရှ သာတူညီမျှ ကြီးပွားရေးနယ်မြေ" ၏ တန်းတူညီတူအဖွဲ့ဝင်နိုင်ငံအဖြစ်၎င်း ကြေညာလိုက်ပါသည်။ ဒေါက်တာဘမော်အား အဓိပတိဟူသောဘွဲ့နှင့် နိုင်ငံခေါင်းဆောင် ဝန်ကြီးချုပ်အဖြစ် ခန့်အပ်လိုက်ပြီး ဗိုလ်ချုပ်အောင်ဆန်းကား စစ်ဝန်ကြီးဖြစ်လာပါသည်။ မြန်မာ့အမျိုးသားတပ်မတော်ဟု အမည်သစ်ပြောင်းထားသော ဗမာ့တပ်မတော် ထိရောက်မှုမရှိစေရန် ဂျပန်တို့ နည်းပရိယာယ်မျိုးစုံ သုံးစွဲပါတော့သည်။ ပထမတွင် တပ်များကို နိုင်ငံအဝှမ်းဖြန့်ကြဲထားသည်။ ထို့နောက် နေရာအချို့တွင် စုပြုံထားပြန်သည်။ စစ်ဝန်ကြီးဌာနနှင့် တပ်များအကြား ဆက်သွယ်ရေးခက်ခဲစေရန် ဖြစ်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းကား မတုန်မလှုပ်။ ဂျပန်တွေ အကြံပေးသမျှကို သဘောတူလိုက်ကာ သူ့ထင်မြင်ချက်များကို လူသိမပေးဘဲ သူ့အစီအစဉ်နှင့်သူ ဆက်လုပ်သွားပါသည်။

တိုကျိုမှ ပြန်ရောက်လာချိန်လောက်တွင် ဗိုလ်ချုပ်အောင်ဆန်းသည် ဗိုလ်လက်ျာ၊ ဗိုလ်ဇေယျ၊ ဗိုလ်နေဝင်းနှင့် ဗိုလ်ကျော်ဇောတို့အပါအဝင် သူ၏ အရာရှိအချို့ကိုခေါ်၍ တော်လှန်ရေးစတင်ရန် အချိန်ကို တိုင်ပင်ဆွေးနွေးပါသည်။ အရာရှိများက အခြေအနေ ပိုမိုစိတ်ချရသည်အထိ စောင့်ဆိုင်းရန် အကြံပေးပါသည်။ တဖန် သခင်သန်းထွန်းနှင့်တိုင်ပင်ရာ ၎င်းကလည်း တော်လှန်ရေးစရန် အချိန်မတန်သေးဟု တင်ပြသဖြင့် ဗိုလ်ချုပ်လည်း စိတ်ပါလက်ပါမရှိလှသော်လည်း စောင့်ဆိုင်းရန် သဘောတူလိုက်ပါသည်။ အခြားကွန်မြူနစ်များ၊ အထူးသဖြင့် သခင်စိုးနှင့် သခင်သိန်းဖေတို့သည် ဗြိတိသျှတို့ ဆုတ်ခွာသွားသဖြင့် သူတို့ ထောင်မှလွတ်သည့် အချိန်မတိုင်ခင်ကပင် ဂျပန်တော်လှန်ရေးတရားဟောခဲ့၏။ ဂျပန်တပ်များချီတက်လာသည်နှင့် သူတို့နှစ်ဦး တောခိုသွားပါသည်။ သခင်သိန်းဖေသည် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗိုလ်နေဝင်းတို့ကို ရွှေဘို၌ ခဏတွေ့ပြီး ဗြိတိသျှတပ်များနှင့် အဆက်အသွယ်ရရေး ကြိုးပမ်းရန် အိန္ဒိယသို့ ထွက်ခွာသွားပါသည်။ ၁၉၄၃ ခုနှစ် နိဝင်ဘာလရောက်ချိန်တွင် တော်လှန်ရေးအစီအစဉ်များ အတော်ပင် ခရီးရောက်နေပြီဖြစ်ရကား၊ မြန်မာနိုင်ငံ တောတောင်များထဲတွင် ပြောက်ကျားတပ်များဖွဲ့စည်းရန် ကြိုးစားနေသော ဗိုလ်မှူး စီဂရင်း ခေါ် ဗြိတိသျှတပ်မတော်အရာရှိသည်၊ 'ဗမာ့ကာကွယ်ရေးတပ်မတော်မှ အောင်ဆန်းဆိုသူသည် အခါအခွင့်ကြုံလာလျှင် သူ၏တပ်များနှင့် ဂျပန်ကို ပြန်တိုက်ရန်စီစဉ်နေသည်' ဟု အိန္ဒိယသို့ သတင်းပို့ခဲ့ပါသည်။ လောလောဆယ်တွင်မူ တော်လှန်ရေးအစီအစဉ်များ ပြီးစီးသည်အထိ ဗိုလ်ချုပ်အောင်ဆန်းသည် ဂျပန်တို့၏ သံသယစိတ်များ ပျောက်ကွယ်သွားစေရန် အားထုတ်ရပါသည်။ သို့သော်လည်း သူသည် လက်ရှိလွတ်လပ်ရေးသည် အတုအယောင်မျှသာဖြစ်ကြောင်း၊ စစ်မှန်သော လွတ်လပ်ရေးရရှိရန် ရုန်းကန်ရမည်ဖြစ်ကြောင်းကို သူ၏ မိန့်ခွန်းများတွင် ပြည်သူတို့အား အသိပေးခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com

၁၉၄၂ ခုနှစ်ကုန်ပိုင်းတွင် ကရင်များနှင့် ဗမာ့လွတ်လပ်ရေးတပ်မတော်အတွင်းမှ တာဝန်မဲ့သူတို့အကြား ပေါ်ပေါက်ခဲ့သော ပဋိပက္ခတို့မှစ၍ သွေးထွက်သံယိုမှုနှင့် လူမျိုးရေးအဓိကရုဏ်းများ ဖြစ်ပွားလာသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာနိုင်ငံရှိ တိုင်းရင်းသားများအကြား ဆက်ဆံရေးကောင်းမွန်မှုကို အထူးအလေးပေးခဲ့၏။ ထိုကဲ့သို့ ဆက်ဆံရေးကောင်းမှသာလျှင် နိုင်ငံစည်းလုံးညီညွတ်မည်ဖြစ်ကြောင်း သူ ကောင်းစွာသဘောပေါက်ခဲ့၏။ စုဗူးကီးအတွက် သခင်အောင်ဆန်းရေးဆွဲခဲ့သော 'မြန်မာနိုင်ငံ စီမံကိန်း' တွင် 'ယခုအခါ၌ ဗြိတိသျှပယောဂကြောင့် လူများစုဖြစ်သော ဗမာတို့နှင့် ရခိုင်၊ ရှမ်း စသော တောင်ပေါ်တိုင်းရင်းသားများအကြားတွင် တည်ရှိနေသော ကွာဟချက်များ ကျဉ်းမြောင်းသွားစေပြီး အားလုံးတန်းတူညီမျှရှိသော နိုင်ငံထူထောင်ရန်' လိုအပ်ကြောင်းကို အလေးအနက်ဖော်ပြခဲ့ပါသည်။ ကရင်–ဗမာ အဓိကရုဏ်းသည် သူ့အား များစွာ ဒေါမနဿ ဖြစ်စေပါသည်။ ၁၉၄၃ ခုနှစ်နောက်ပိုင်းတွင် ဗိုလ်ချုပ်အောင်ဆန်း၊ သခင်သန်းထွန်းနှင့် ဗိုလ်လက်ျာတို့သည် ဤလူမျိုးစုနှစ်စုအကြား ငြိမ်းချမ်းရေးနှင့် နားလည်မှုရရှိစေရန် အပန်းတကြီး ဆောင်ရွက်ခဲ့ပါသည်။ ၎င်းတို့၏ စုပေါင်းကြိုးပမ်းမှုမှ သီးပွင့်လာသောအကျိုးကား ကရင်ခေါင်းဆောင်များ မြန်မာခေါင်းဆောင်တို့အား ယုံကြည်စိတ်ချလာခြင်းနှင့် မြန်မာ့တပ်မတော်အတွင်း ကရင်တပ်ရင်းတခု ဖွဲ့စည်းလိုက်ခြင်းဖြစ်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်း အစောတလျှင် ကိုင်တွယ်ရန်လိုနေသော နောက်ကိစ္စတရပ်မှာ ကွန်မြူနစ်များနှင့် ပြည်သူ့အရေးတော်ပုံပါတီအတွင်းမှ ဆိုရှယ်လစ်များအကြား တနေ့တခြားကြီးထွားနေသော အာဃာတများပင် ဖြစ်ပါသည်။ ကွန်မြူနစ်ခေါင်းဆောင်များမှာ ဂျပန်ခေတ်တလျှောက်လုံး တောခိုနေခဲ့သော သခင်စိုး၊ သစ်တောနှင့် လယ်ယာစိုက်ပျိုးရေးဝန်ကြီးဖြစ်နေသော သခင်သန်းထွန်းနှင့် သခင်ဗဟိန်းတို့ ဖြစ်ကြပါသည်။ ဦးကျော်ငြိမ်းနှင့် ဦးဘဆွေတို့သည်ကား ထင်ရှားသော ဆိုရှယ်လစ်ခေါင်းဆောင်နှစ်ဦး ဖြစ်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် နှစ်ဖက်ခေါင်းဆောင်များအကြား ပြေလည်စေရန် အထူးကြိုးပမ်းခဲ့ပါသည်။ စေ့စပ်ဖြန်ဖြေရေးကို အမြန်ဆုံးဆောင်ရွက်ရန် လိုအပ်နေခြင်းမှာ နိုင်ငံရေးသဘောထားကွဲလွဲမှုများသည် တပ်မတော်ထဲသို့ စိမ့်ဝင်နေကာ ရဲဘော်များ၏ ညီညွတ်ရေးနှင့် တော်လှန်ရေး၏ အောင်မြင်ရေးတို့ကို ခြိမ်းခြောက်နေ၍ ဖြစ်ပါသည်။ ထို့အပြင် သခင်စိုးသည် ဖက်ဆစ်ဆန့်ကျင်ရေး စည်းရုံးဆော်သြရာတွင် တပ်မတော်ကို ထိခိုက်နစ်နာစေသော ဝါဒဖြန့်ချိရေးပြုလုပ်နေသဖြင့် တပ်အတွင်း မကျေနပ်မှုများ ဖြစ်ရုံသာမက ဗိုလ်ချုပ်အောင်ဆန်းလည်း ဒေါသထွက်ရပါသည်။ လပေါင်းများစွာ သဘောထားချင်း ဖလှယ်ပြီးနောက် ဗိုလ်ချုပ်အောင်ဆန်းသည် သခင်စိုး၊ သခင်သန်းထွန်း၊ သခင်ဗဟိန်းတို့နှင့် ၁၉၄၄ ခုနှစ် ဩဂုတ်လတွင် ရက်အနည်းငယ်ကြာ လျှို့ဝှက်စည်းဝေးပါသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့ တည်ထောင်ရန်အဆိုကို ဆွေးနွေးကြပြီး အဖွဲ့၏ ကြေညာစာတမ်းနှင့် စုပေါင်းဆောင်ရွက်ရမည့် စီမံကိန်းတရပ်ကို သဘောတူအတည်ပြုလုပ်ပါသည်။ များမကြာမီ ကွန်မြူနစ်ခေါင်းဆောင်များနှင့် ပြည်သူ့အရေးတော်ပုံပါတီခေါင်းဆောင်များ အတူစည်းဝေးရန် စီစဉ်လိုက်ပြီး၊ ထိုအစည်းအဝေး၌ ဗိုလ်ချုပ်အောင်ဆန်းသည် "ဖက်ဆစ်ဓါးပြများကို တိုက်ထုတ်ကြလော့" ခေါင်းစဉ်ပါ ကြေညာစာတမ်းကို ဖတ်ကာ တော်လှန်ရေးကို တရားဝင် အကောင်အထည်ဖော်လိုက်ပါသည်။ အဖွဲ့၌ သခင်စိုးသည် နိုင်ငံရေးခေါင်းဆောင်ဖြစ်ပြီး သခင်သန်းထွန်းသည် အထွေထွေအတွင်းရေးမှူးတာဝန်နှင့် မဟာမိတ်များနှင့်ဆက်သွယ်ရေး တာဝန်တို့ကို ယူကာ ဗိုလ်ချုပ်အောင်ဆန်းသည် စစ်ရေးခေါင်းဆောင်ဖြစ်ပါသည်။ ထိုအချိန်၌ လူငယ်တပ်မတော်အရာရှိအချို့သည် စတင်လှုပ်ရှားရန် ဇောကြီးကာ သခင်ခေါင်းဆောင်အချို့နှင့် တပ်မတော် အဆင့်မြင့်အရာရှိအချို့တို့ကိုသာ တိုင်ပင်လေ့ရှိသော ဗိုလ်ချုပ်၏ ဆိတ်ဆိတ်နေမှုကြောင့် မချင့်မရဲဖြစ်နေကြပါသည်။ ၎င်းတို့သည် တော်လှန်ရေးတရပ်ကို မိမိတို့ဖာသာ စတင်ရန် ကြံစည်ကြပါသည်။ ဤကိစ္စကို ဗိုလ်ချုပ်အောင်ဆန်း သိသွားသောအခါ ၎င်းတို့အား ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့၏ လှုပ်ရှားမှုထဲ၌ တိကျသော အခန်းကဏ္ဍများ စီစဉ်ပေးခြင်းဖြင့် အခြေအနေကို ပြေလည်စေခဲ့ပါသည်။

အတွင်းအင်အားစုများ၏ ညီညွတ်မှုရယူပြီးနောက် တော်လှန်ရေးအစီအစဉ် အပြီးသတ်နိုင်ရန် မဟာမိတ်တပ်များနှင့် မည်ကဲ့သို့သော သဘောတူညီမှုများ ရနိုင်မည်ကိုသာ သိရှိရန် လိုပါတော့သည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် အပေါင်းအဖော်များသည် ပြည်ပအကူအညီ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ဂျပန်ကို တော်လှန်ရန် ဆုံးဖြတ်ချက်ချပြီးဖြစ်သော်လည်း အောင်မြင်မှုများ ပို၍ပို၍ ရနေသော မဟာမိတ်တပ်များနှင့်

www.burmeseclassic.com

www.burmeseclassic.com

ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် လက်တွေ့အကျိုးအမြတ်များ ရရှိနိုင်မည်ဖြစ်ကြောင်း ထင်ရှားလာပါသည်။ အမှန်မှာ နိုင်ငံအဝှမ်း မြန်မာတပ်များ ဂျပန်တို့ကို စတင်တော်လှန်သော ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့ရောက်သည့်တိုင် ဗြိတိသျှတို့နှင့် ရှင်းလင်းသောသဘောတူညီချက် မရရှိသေးပေ။ ထိုနေ့မတိုင်မီ (၁၀) ရက်အလိုက ဗိုလ်ချုပ်အောင်ဆန်းသည် ရန်ကုန်မြို့၌ စစ်ရေးပြအခမ်းအနားတရပ်တွင် ပါဝင်ပြီးနောက် သူ၏ တပ်များနှင့်အတူ စစ်လေ့ကျင့်ခန်းဆင်းရန်ဟု အကြောင်းပြကာ မြို့တော်မှ ထွက်ခွာခဲ့ပါသည်။ ဗိုလ်ချုပ်ကြီးစလင်း၏ တပ်မ (၁၄) သည် ဧရာဝတီမြစ်ကို မန္တလေးမြောက်ပိုင်းမှ ဖြတ်ကူးနေပြီး၊ သခင်သန်းထွန်းသည် ဗြိတိသျှတပ်မတော်အရာရှိတဦးနှင့်ဆုံရန် တောင်ငူသို့ထွက်ခွာသွားပေပြီ။ များမကြာမီ တော်လှန်ရေးရေစီးကြောင်းကား တဟုန်တည်းစီးဆင်းလာပေတော့သည်။ မေလ (၁၅) ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းသည် လက်ထောက်အရာရှိတဦးနှင့်အတူ စလင်းနှင့်တွေ့ဆုံရန် ၎င်း၏ ဌာနချုပ်သို့ ရောက်သွား၏။ တွေ့ဆုံရာတွင် ဗိုလ်ချုပ်အောင်ဆန်းသည် မိမိကိုယ်မိမိ မြန်မာနိုင်ငံ ယာယီအစိုးရ၏ ကိုယ်စားလှယ်အဖြစ် မိတ်ဆက်ပြီး၊ မဟာမိတ်စစ်ဦးစီးတဦးအဖြစ် အသိအမှတ်ပြုရန် ရဲရဲတင်းတင်း တောင်းဆိုလိုက်ပါသည်။ ဗြိတိသျှဗိုလ်ချုပ်ကြီးထံမှ လိုက်လျောမှုအများဆုံး ရရှိနိုင်ရန် တဖက်ကကြိုးစားလျက် တဖက်ကလည်း လက်တွေ့ကျကျ တွေးမြင်တတ်ကြောင်း၊ ပူးပေါင်းဆောင်ရွက်လိုကြောင်း၊ မိမိနှင့်ဆက်ဆံသူများ စိတ်ခွေ့ရလောက်အောင် ရိုးသားဖြောင့်မတ်ကြောင်းတို့ကို ဗိုလ်ချုပ်အောင်ဆန်း ပြသခဲ့ရာ စလင်း၏ နှစ်သက်သဘောကျမှုနှင့် လေးစားမှုတို့ကို ရရှိခဲ့၏။ စလင်း၏ စကားအရ "သူနှင့်ပတ်သက်၍ ကျနော် မှတ်မှတ်ရရကြီး သတိပြုမိသည်ကတော့၊ သူ၏ ရိုးသားဖြောင့်မတ်မှုဖြစ်ပါသည်။ သူသည် အာသွက်လျှာသွက် အကြိုက်လိုက် အာမခံချက်ပေးခြင်းမျိုးမရှိ။ လွယ်လွယ်နှင့် ကတိမပေး။ သို့သော် တခုခုလုပ်ပါမည်ဟု သဘောတူခဲ့လျှင်တော့ စကားတည်မည့်သူဟု ကျနော် မြင်ပါသည်။"

ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗိုလ်ချုပ်ကြီးစလင်းတို့ တွေ့ဆုံပြီးနောက်၊ မြန်မာတပ်များနှင့် ဗြိတိသျှတပ်များ ပူးတွဲ၍ ဂျပန်တို့ကို တိုက်လေရာ ဂျပန်တပ်များ အလျင်အမြန် ပြိုကွဲသွားပါသည်။ ဇွန်လ (၁၅) ရက်နေ့တွင် ရန်ကုန်မြို့ အောင်ပွဲစစ်ချီအခမ်းအနားများ ကျင်းပရာ၌ ဗြိတိသျှအင်ပိုင်ယာတပ်များ၊ မဟာမိတ်တပ်များနှင့်အတူ မြန်မာ့တပ်မတော်ကလည်း ပါဝင်ခဲ့ပါသည်။ ဂျပန်တော်လှန်ရေးကား ပြီးဆုံးသွားပေသည်။ အမျိုးသားရေးလှုပ်ရှားနေသော မြန်မာများသည် တူညီသောရည်မှန်းချက်အောင်မြင်စေရန် ဝါဒရေးရာ မတိုက်ဆိုင်မှုများနှင့် ပုဂ္ဂိုလ်ရေးဆန်သော သဘောထားများကို ဘေးဖယ်ခဲ့သော ဂုဏ်ယူဖွယ်အကောင်းဆုံး အချိန်ကာလဖြစ်ပါသည်။ ၁၉၄၅ ခုနှစ် ဩဂုတ်လတွင် ကျယ်ပြန့်သော လူမှုရေးနှင့် နိုင်ငံရေးအင်အားစုများကို ကိုယ်စားပြုသော ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများပါဝင်နိုင်ရန် ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့ကို တိုးချဲ့ဖွဲ့စည်းပြီး 'ဖက်ဆစ်ဆန့်ကျင်ရေး၊ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ချုပ်' (ဖဆပလ) ဟူ၍ အမည်သစ်ပေးလိုက်ပါသည်။

### ဗြိတိသျှနှင့် စေ့စပ်ဆွေးနွေးခြင်း။

ဂျပန်တို့ကို မဟာမိတ်များနှင့်ပေါင်း၍ တိုက်ခိုက်ရန် ဖက်ဆစ်ဆန့်ကျင်ရေးအဖွဲ့၏ ကမ်းလှမ်းချက်ကို ဗြိတိသျှတို့ လက်ခံခဲ့ခြင်းမှာ၊ အရှေ့တောင်အာရှ မဟာမိတ်တပ်များ၏ စစ်ဦးစီးချုပ် လော့ဒ်မောင့်ဘက်တင်၏ နိုင်ငံရေးပါးနပ် အမြော်အမြင်ရှိမှုတို့ကြောင့် ဖြစ်ပါသည်။ ၁၉၄၂ ခုနှစ် မြန်မာနိုင်ငံမှ ဗြိတိသျှသို့ ဆုတ်ခွာပြီးနောက် အိန္ဒိယတွင် အဝေးရောက်အစိုးရရုံးစိုက်ခဲ့ပါသည်။ ထိုအစိုးရကို လွှမ်းမိုးနေသော အရာရှိများသည် အမျိုးသားရေးစိတ် ပြင်းထန်သော လူငယ်များက ၎င်းတို့၏ ဩဇာကို စိန်ခေါ်ခြင်းနှင့် ၎င်းတို့၏ အုပ်ချုပ်ရေး ဝရန်းသုန်းကားဖြစ်စေရန် လှုပ်ရှားခဲ့သည်ကို ခံခဲ့ရသူများ ဖြစ်ပေသည်။ ဤအရာရှိများသည် ဖဆပလနှင့် ပူးပေါင်းဆောင်ရွက်မှုမှန်သမျှကို လုံးဝဆန့်ကျင်၍ ဗြိတိသျှတို့ မြန်မာနိုင်ငံကို ပြန်လည်သိမ်းပိုက်ပြီးစ စစ်အုပ်ချုပ်ရေးကာလအတွင်း ဖဆပလကို မတရားသင်း ကြေညာကာ၊ ဗိုလ်ချုပ်အောင်ဆန်းကို နိုင်ငံတော်သစ္စာဖောက်အဖြစ် ဖမ်းဆီးရန် လိုလားကြပါသည်။ ပိုမို၍ အမိဌာနက်ကျစွာ ရှုမြင်နိုင်သော အနေအထားတွင် ရှိနေသော မောင့်ဘက်တင်ကမူ မြန်မာနိုင်ငံကိစ္စများကို ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်ရာတွင်၊ မြန်မာလူထုကြီးက မိမိတို့လွတ်မြောက်ရေးကို ဆောင်ကျဉ်းပေးခဲ့သူဟူ၍ အသိအမှတ်ပြုထားသော ပုဂ္ဂိုလ်၏ ပူးပေါင်းဆောင်ရွက်မှုကို ရယူရန် လိုအပ်မည်ကို နားလည်သည်။ လူထု၏ စိတ်နေသဘောထားနှင့် ကင်းကွာနေသော

www.burmeseclassic.com

www.burmeseclassic.com

စစ်အုပ်ချုပ်ရေးခေါင်းဆောင် အရပ်သားအရာရှိ၏နေရာတွင် လျင်မြန်စွာပင် ဝါရင့်တပ်မတော်အရာရှိတဦးဖြစ်သူ ဗိုလ်ချုပ်ရန်စ်အား ခန့်အပ်လိုက်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်း ဖြေရှင်းရသော လတ်တလောပြဿနာတရပ်မှာ ဗမာ့မျိုးချစ်တပ်မတော်ဟု အမည်ပြောင်းထားသော မြန်မာ့တပ်မတော်၏ အနာဂတ်အရေး ဖြစ်ပါသည်။ တပ်များကို ကျွေးမွေးရေးနှင့် လက်နက်တပ်ဆင်ပေးရေးလုပ်ငန်းများသည် လွန်စွာမှ ခက်ခဲနေ၏။ မဟာမိတ်တို့ စစ်အောင်ပွဲခံပြီးနောက် ဗိုလ်ချုပ်အောင်ဆန်းသည် မောင့်ဘက်တင်နှင့် တွေ့ဆုံဆွေးနွေး၍ ဗမာ့မျိုးချစ်တပ်မတော်ဝင်များသည် မိမိတို့ဆန္ဒအလျောက် ဗြိတိသျှလက်အောက်ရှိ မြန်မာ့တပ်မတော်ထဲသို့ ဝင်လိုက ဝင်နိုင်စေရန် သဘောတူလိုက်ပါသည်။ ဤသဘောတူညီချက်၏ အသေးစိတ်အချက်များကို ၁၉၄၅ ခုနှစ် စက်တင်ဘာလတွင် မဟာမိတ်စစ်ဦးစီးဌာနနှင့် ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်လက်ျာ၊ သခင်သန်းထွန်းတို့ပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တို့ ကန္ဒီအစည်းအဝေး၌ ဆုံးဖြတ်ခဲ့ကြသည်။ ကန္ဒီသို့အသွား ကိုယ်စားလှယ်အဖွဲ့ဝင်အချို့ ကာလကတ္တားမြို့တွင် ခေတ္တခဏရပ်စဉ် သခင်သိန်းဖေနှင့်တွေ့ဆုံပြီး ဗိုလ်ချုပ်အောင်ဆန်း၏ အနာဂတ်အရေးကို ဆွေးနွေးကြ၏။ သဘောထားအမြင်တခုအရ လာမည့်နိုင်ငံရေးတိုက်ပွဲတွင် ဗိုလ်ချုပ်ပါဝင်ရန် လိုအပ်သည်။ "သူသည်သာ အမျိုးသားရေးအင်အားစုအပေါင်းကို ညီညွတ်သော တပ်ဦးတရပ်ဖြစ်လာစေရန် စွမ်းဆောင်ပြီး ခေါင်းဆောင်မှုပေးနိုင်မည့် တဦးတည်းသော ပုဂ္ဂိုလ်ဖြစ်သည်။" သခင်သိန်းဖေမှအပ အခြားကွန်မြူနစ်များ တင်ပြသော အခြားအမြင်တခုအရ ဗိုလ်ချုပ်သည် နိုင်ငံရေးခေါင်းဆောင်တဦးရှိသင့်သော အရည်အချင်းပေါင်းစုံမရှိ၊ လူမှုဆက်ဆံရေးညံ့ဖျင်းနေပြီး နိုင်ငံရေးနည်းပရိယာယ်မကျွမ်းကျင်၊ ထို့ကြောင့် နိုင်ငံရေးစွန့်လွှတ်ပြီး တပ်မတော်ထဲတွင်သာ နေသင့်သည်။ "နောက်ဆုံးတိုက်ပွဲကြီး" တွင် အင်အားစုအားလုံး၏ စည်းလုံးညီညွတ်ရေးရရှိစေရန် မြန်မာနိုင်ငံ လိုအပ်နေသော အမျိုးသားခေါင်းဆောင်သည် ဗိုလ်ချုပ်အောင်ဆန်းသာလျှင် ဖြစ်ကြောင်းကို ခိုင်ခိုင်မာမာ ယုံကြည်သော ဗိုလ်လက်ျာက ကွန်မြူနစ်တို့ အကြံပေးချက်ကို အဓိပ္ပာယ်ဖွင့်ပုံရာ၌ "နိုင်ငံရေးနယ်ပယ်ကို သူတို့သာ လွှမ်းမိုးထားလို၍ ဗိုလ်ချုပ်ကို ဘေးဖယ်ထားပြီး၊ သူတို့အလိုရှိသောအခါမှ ဗိုလ်ချုပ်အနေနှင့် သွယ်ဝိုက်သောနည်းများနှင့် အထောက်အကူပေးရန်ဖြစ်သည်။" ဗိုလ်ချုပ်အောင်ဆန်းသည် နှစ်ဖက်သဘောထားများကို နားထောင်ပြီး ကိုယ်ပိုင်ဆုံးဖြတ်ချက် ချလိုက်သည်။ တပ်မတော်မှထွက်၍ နိုင်ငံရေးရှေ့တန်းမှ လွတ်လပ်ရေးတိုက်ပွဲကို အစွမ်းကုန်ဆင်နွှဲတော့မည်။

၁၉၄၅ ခုနှစ်နှင့် ၁၉၄၇ ခုနှစ်များအတွင်း ဗိုလ်ချုပ်အောင်ဆန်းသည် အင်အားကြီးသော ခေါင်းဆောင်တဦးအဖြစ်၎င်း၊ လူထု၏ ယုံကြည်မှုနှင့် မေတ္တာကိုရရှိသော လုပ်ရည်ကိုင်ရည်ရှိ နိုင်ငံရေးသမားတဦးအနေနှင့်၎င်း၊ ထင်ပေါ်လာ၏။ ၎င်းအား စစ်တပ်အတွင်းသာ နေစေလိုသောသူတို့၏ ဝေဖန်ချက်များမှာ ခိုင်လုံမှုမရှိကြောင်းကို အတိအလင်းပြနိုင်ခဲ့၏။ ၁၉၄၅ ခုနှစ် မေလတွင် ဗြိတိသျှအစိုးရသည် စက္ကူဖြူစီမံကိန်းဖြင့် မြန်မာနိုင်ငံ အနာဂတ်အပေါ်ထားသော ၎င်းတို့၏ အခြေခံမူဝါဒကို ကြေညာလိုက်ပါသည်။ ထိုစီမံကိန်းအရ ဘုရင်ခံသည် နိုင်ငံကို သုံးနှစ်ကြာတိုက်ရိုက်အုပ်ချုပ်ပြီး ကာလအားလျော်စွာ ရွေးကောက်ပွဲများကျင်းပခြင်း၊ မြန်မာကောင်စီနှင့် ဥပဒေပြုအဖွဲ့တို့တည်ထောင်ခြင်းတို့ကို ဆောင်ရွက်သွားမည်။ ဤအချက်များသည် ၁၉၃၅ ခုနှစ် မြန်မာနိုင်ငံအက်ဥပဒေပါ အချက်အလက်များထက် သာလွန်တိုးတက်ခြင်းသဘောကို မဆောင်ပါ။ ကောင်စီနှင့် ဥပဒေပြုအဖွဲ့ ပြန်လည်တည်ထောင်ပြီးမှ ရှေ့တဆင့်တိုး၍ မြန်မာနိုင်ငံကို ဒိုမီနီယန်အဆင့်ရစေမည့် အခြေခံဖွဲ့စည်းပုံဥပဒေကို ပါတီပေါင်းစုံက ရေးဆွဲရန်ဖြစ်ပါသည်။ သို့သော် တောင်တန်းနှင့် နယ်စပ်ဒေသများသည် ပြည်မနှင့်ပေါင်းစည်းလိုကြောင်း တိတိကျကျ မဖော်ပြလျှင် သီးခြားဒေသများကို ဤစီမံကိန်း၌မထည့်ဘဲ ထားမည်ဖြစ်ပါသည်။

စက္ကူဖြူစီမံကိန်းပါ အချက်အလက်များ လုံးဝလက်ခံနိုင်ဖွယ် မရှိကြောင်းကို စစ်အုပ်ချုပ်ရေးမပြီးဆုံးမီကပင် ဗိုလ်ချုပ်အောင်ဆန်းနှင့် သခင်သန်းထွန်းတို့သည် မြန်မာပြည်ကို ပြန်လာမည်ဖြစ်သော ဘုရင်ခံ ဆာရက်ဂီနဲလ်ဒေါ်မန်ဆမစ်အား ရှင်းလင်းစွာအသိပေးပြီးဖြစ်ပါသည်။ ဖဆပလ ခေါင်းဆောင်များသည် ၎င်းတို့ပါတီသာ နိုင်ငံကို ကိုယ်စားပြုသောကြောင့်၊ ၎င်းတို့သည်သာ စစ်အုပ်ချုပ်ရေးကို အစားထိုးရန် ယာယီအမျိုးသားအစိုးရတရပ် ဖွဲ့ခွင့်ရှိသင့်ကြောင်း တင်ပြခဲ့ပါသည်။ ဒေါ်မန်ဆမစ်သည် စိတ်စေတနာကောင်း

www.burmeseclassic.com

မရှိသူမဟုတ်ပါ။ သို့သော် သူ့အား ဝိုင်းရံနေသော ဝန်ထမ်းအရာရှိများနည်းတူ စစ်ပြီးခေတ် မြန်မာနိုင်ငံ၏ ရှုပ်ထွေးပွေလီ အပြောင်းအလဲမြန်လှသော နိုင်ငံရေးဥတုကို နားမလည်နိုင်ချေ။ ဖဆပလအဖွဲ့ချုပ်သည် မြန်မာပြည်သူအများစု၏ ထောက်ခံမှုရရှိထားသည်ဟူသော အချက်ကို ဒေါ်မန်ဆမစ် ယုံကြည်လက်ခံရန် အခက်အခဲတွေ့နေပြီး ထိုအချိန်၌ မြန်မာနိုင်ငံတွင် အရေးပါဆုံးပုဂ္ဂိုလ်သည် ဗိုလ်ချုပ်အောင်ဆန်းဖြစ်ကြောင်းကို သူ မမြင်၍မဖြစ်သော်လည်း ထိုအချက်ကိုလည်း လက်ခံရန် ဝန်လေးနေ၏။ ထို့အပြင် စစ်တွင်းကာလတလျောက် မိမိ၏ အစိုးရအပေါ် သစ္စာစောင့်ခဲ့သော ဝါရင့် မြန်မာနိုင်ငံရေးသမားကြီးများကို ချီးမြှင့်လိုသော အံ့ဖွယ်ရာမဟုတ်သည့် ဆန္ဒသည် သူ၏နားလည်မှုကို ချို့ယွင်းစေပါသည်။ ဝါရင့်နိုင်ငံရေးသမားများ၏ ကဏ္ဍ ခေတ်သစ်မြန်မာနိုင်ငံ၌ မရှိတော့ပြီဟူသောအချက်ကို သူမမြင်နိုင်၍သော်၎င်း၊ မမြင်လို၍သော်၎င်း ဖြစ်နိုင်ပါသည်။ ဗြိတိသျှအင်ပိုင်ယာ ပြိုပျက်ခြင်းကို လက်မခံနိုင်ဟူသော ချာချီ၏ ဇေရာဇ် စိတ်ဓာတ်ပြင်းပြသည့် ခံယူချက်သည် မြန်မာနိုင်ငံကို အထောက်အကူမပြုခဲ့ပါ။ ချာချီအား ဝန်ကြီးချုပ်နေရာ၌ဆက်ခံသူ အတ္တလီကလည်း မြန်မာနိုင်ငံအတွင်းရှိ အယူအဆ၊ သဘောထားအသွယ်သွယ်ကို အကဲဖြတ်ရန် အခက်အခဲတွေ့နေရာ တိကျသောမူဝါဒတရပ် ချမှတ်ရန် နှေးကွေးခဲ့၏။

၁၉၄၅ ခုနှစ် အောက်တိုဘာလတွင် ဒေါ်မန်ဆမစ် ရန်ကုန်သို့ ပြန်လည်ရောက်ရှိလာသောအခါ အရပ်သားအစိုးရ ပြန်လည်ဖွဲ့စည်းလိုက်ခြင်းဖြင့် မြန်မာနိုင်ငံ လွတ်လပ်ရေးတိုက်ပွဲ ပြီးဆုံးပြီဖြစ်ကြောင်းကို အလေးအနက်ပြသလိုက်ပါသည်။ သို့သော် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဖဆပလတို့၏ သဘောထားကား ထိုကဲ့သို့ မဟုတ်ပါ။ ၎င်းတို့လိုလားသော လွတ်လပ်ရေးကို ၎င်းတို့တောင်းဆိုချက်များနှင့်အညီ ဗြိတိသျှအစိုးရက ပေးရန်ပျက်ကွက်ပါက၊ လက်နက်ကိုင်တိုက်ပွဲ ထပ်မံဆင်နွှဲရမည့် အလားအလာကို ၎င်းတို့ မပယ်ချထားပါ။ ပထမဦးဆုံးတိုက်ပွဲကား ဘုရင်ခံကောင်စီဖွဲ့စည်းရေးကိစ္စနှင့်ပတ်သက်ပါသည်။ ဖဆပလသည် ရာထူးနေရာ (၁၁) နေရာအနက် (၇) နေရာတွင် ၎င်းတို့အမည် တင်သွင်းသောပုဂ္ဂိုလ်များကို ခန့်အပ်ရန် အတင်းအကြပ်တောင်းဆို၏။ ထို့အပြင် ဘုရင်ခံကောင်စီကို ၎င်းတို့ မူလက တောင်းဆိုခဲ့သော ယာယီအမျိုးသားအစိုးရပုံစံဖြစ်စေမည့် အခြားလိုအပ်ချက်များကိုပါ တွဲ၍တောင်းဆိုလိုက်ပါသည်။ မျှော်လင့်ထားသည့်အတိုင်း ဗြိတိသျှအစိုးရသည် တောင်းဆိုချက်များကို ငြင်းပယ်လိုက်ပါသည်။ ထို့နောက် ဒေါ်မန်ဆမစ်သည် ကောင်စီနှင့် ဥပဒေအဖွဲ့ဝင်များအဖြစ် အလယ်အလတ်လမ်းစဉ်သမားများဟု မိမိယုံကြည်သူတို့ကို ခန့်အပ်လိုက်ပါသည်။ သို့သော် ထိုပုဂ္ဂိုလ်များအနက် ကပ်ပါးရပ်ပါး မင်းမြှောင်များ၊ အမျိုးသားရေးသစ္စာဖောက် ကိုယ်ကျိုးရှာသမားများဟု မြန်မာအများက ယူဆထားသူအချို့လည်း ပါဝင်နေပါသည်။ ၁၉၄၆ ခုနှစ် ဇန္နဝါရီလတွင် အများသဘောတူ တညီတညွတ်တည်း ထောက်ခံမှုဖြင့် ဗိုလ်ချုပ်အောင်ဆန်းကို ဖဆပလဥက္ကဋ္ဌ တင်မြှောက်လိုက်ပါသည်။ ကန္ဒီသဘောတူညီမှုရှိထားပါသော်လည်း မြန်မာ့တပ်မတော်အတွင်း ဝင်ရောက်အမှုထမ်းခြင်းမရှိသော ဗမာ့မျိုးချစ်တပ်မတော်သား အများအပြား ကျန်နေပါသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် စစ်မှုထမ်းဟောင်းများနှင့် အသစ်ဝင်လာသူများကိုပေါင်းကာ သူ့ပြည်သူ့ရဲဘော်အဖွဲ့ကို တည်ထောင်လိုက်ပါသည်။ ပြည်သူ့ရဲဘော်အဖွဲ့တပ်သားများသည် ယူနီဖောင်းဝတ်ဆင်ကာ ပွင့်ပွင့်လင်းလင်းပင် စစ်လေ့ကျင့်ရေးများ ပြုလုပ်ပါသည်။ ပြည်သူ့ရဲဘော်အဖွဲ့သည် တရားဝင်အားဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေသော လူမှုရေးအဖွဲ့အစည်းတရပ်သာ ဖြစ်သော်လည်း ဖဆပလ၏ လက်ရုံးတပ်ဖြစ်လာနိုင်သော အခြေခံအရည်အချင်းများ ရှိနေသောကြောင့် အစိုးရအတွက် စိတ်မအေးဖွယ်ဖြစ်နေပါသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ဘုရင်ခံ၏ မကျေနပ်ချက်များကို သိမ်မွေ့စွာ တုံ့ပြန်လိုက်ပါသည်။ ကြေညာချက်တရပ်တွင် တပ်ဖွဲ့၏ ရည်ရွယ်ချက်များကိုဖော်ပြကာ၊ ၎င်းတို့အနက် တချက်မှာ "သူခိုးဓားပြ စသော ရာဇဝတ်မှုများ ပပျောက်ရန်နှင့် ရပ်ရွာငြိမ်ဝပ်ပိပြားရေးအတွက် သက်ဆိုင်ရာအစိုးရအဖွဲ့ဝင်များ၊ အခြားအဖွဲ့အစည်း၊ တိုင်းသူပြည်သားများနှင့် ပူးပေါင်းဆောင်ရွက်၍ ပြည်သူ့ကာကွယ်ရေးအတွက် ကူညီစောင့်ရှောက်ပေးရန်" ဖြစ်ပါသည်။

ဒေါ်မန်ဆမစ်လည်း မည်သို့အဓိပ္ပာယ်ကောက်ရမည် မသိဖြစ်နေပါသည်။ ဘုရင်ခံသည် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဖဆပလတို့ကို ကိုင်တွယ်ရာ၌ မနိုင်မနင်းဖြစ်နေ၏။ မြန်မာခေါင်းဆောင်နှင့်ပတ်သက်၍ သူ စိတ်မပိုင်းဖြတ်နိုင်။ လှိုက်လှိုက်လှဲလှဲ ချီးကျူးသည့်အခါများရှိသကဲ့သို့ ဇဝေဇဝါ၊ သံသယစိတ်များ

www.burmeseclassic.com

www.burmeseclassic.com

လွှမ်းမိုးသည့်အခါများလည်းရှိပြီး နာရီချိန်သီးပမာ အတွေးနှစ်ဖက်အကြား စိတ်မတည်မငြိမ်ဖြစ်နေ၏။ ဗိုလ်ချုပ်အောင်ဆန်းသည် လွတ်လပ်ရေးရယူရာ၌ ပြည်သူလူထုခံနေရဆဲ အတိဒုက္ခများကို ပိုမိုဆိုးဝါးစေမည့် လက်နက်ကိုင်တိုက်ပွဲကို မလိုလားကြောင်း အရိပ်အမြွက်ပြပါသည်။ တချိန်တည်းတွင် မြန်မာ့လွတ်လပ်ရေးရရန်အတွက် လိုအပ်မည်ဆိုပါက အကြမ်းဖက်နည်းများသုံးရန်ကို တွန့်ဆုတ်နေမည်က မဟုတ်ကြောင်းကိုလည်း ထင်ရှားစေသည်။ လူထုစည်းဝေးပွဲကြီးများတွင်၎င်း၊ ဆန္ဒပြချီတက်နေစဉ် ပုလိပ်လက်ထက်ဖြင့် ကျဆုံးခဲ့သော တောင်သူလယ်သမားများ၏ ဈာပနကဲ့သို့သော စိတ်လှုပ်ရှားဖွယ် အခမ်းအနားများတွင်၎င်း ဗိုလ်ချုပ်အောင်ဆန်းသည် ဗြိတိသျှအုပ်ချုပ်ရေး၏ မူဝါဒများကို ရှုတ်ချပြီး လွတ်လပ်ရေးအတွက် တတိုင်းပြည်လုံး ဆထက်ထမ်းပိုး ကြိုးစားဆောင်ရွက်ရန် နှိုးဆော်နေလျက်ကပင် လူအုပ်ကြီးများ ငြိမ်သက်စည်းကမ်းရှိစေရန် ထိန်းသိမ်းထားနိုင်ကြောင်း ပြသခဲ့၏။

သို့သော်လည်း ဒေါ်မန်ဆမစ်နှင့် သူ၏ အကြံပေးပုဂ္ဂိုလ်တို့သည် ပြဿနာများကို အေးချမ်းစွာ ဖြေရှင်းနိုင်ရန် ဗိုလ်ချုပ်အောင်ဆန်း၏ ပူးပေါင်းဆောင်ရွက်မှုလိုအပ်သည်ကို လက်ခံရန် ဝန်လေးနေကြ၏။ ဖဆပလ၏ အင်အားကို စမ်းရန် အခြားပါတီအဖွဲ့အစည်းများ တည်ထောင်၍ ရ၊ မရ စဉ်းစားကြသည်။ ဤကဲ့သို့ အားစမ်းရန် စိတ်သန်သော နိုင်ငံရေးသမားများကား ရှိပါသည်။ အင်္ဂလိပ်စာရေးဆရာကြီးတဦး ဘုရင်ခံကောင်စီဝင်များနှင့် ပတ်သက်၍ ရေးသကဲ့သို့ ထိုနိုင်ငံရေးသမားများနှင့် ပတ်သက်၍လည်း ရေးနိုင်သည်မှာ ၎င်းတို့နှင့် ဖဆပလအကြား ကွာခြားချက်များသည် လွတ်လပ်ရေးမူဝါဒများအပေါ် အခြေခံသည်ထက် အာဏာရရှိရေးပြိုင်ဆိုင်မှုအပေါ်တွင်သာ အခြေခံပါသည်။ ထို့အပြင် ဗိုလ်ချုပ်အောင်ဆန်း အမျိုးသားခေါင်းဆောင်အဖြစ် ထင်ပေါ်ကျော်ကြားလာခြင်းနှင့် သူ့အား ပြည်သူတို့က ကိုးကွယ်သည်ဟုပင် ပြောရလောက်မတတ် ချစ်ခင်ကြည်ညိုခြင်းတို့ကြောင့် အချို့အသိုင်းအဝိုင်းများတွင် မနာလိုမုန်းတီးစိတ်များ ပြင်းပြနေပါသည်။ ဒေါ်မန်ဆမစ်သည် ဖဆပလကို စိန်ခေါ်နိုင်သော အင်အားစုများ ပေါ်ပေါက်လာနိုင်မည့် အလားအလာများကို သုံးသပ်နေပြီး သူ၏ အကြံပေးပုဂ္ဂိုလ်အချို့က ဗိုလ်ချုပ်အောင်ဆန်းအား နိုင်ငံတော်ပုန်ကန်မှု စွဲချက်ဖြင့် ဖမ်းဆီးရန် နားပူနားဆာတိုက်နေစဉ် ဘုရင်ခံကောင်စီဝင်ဖြစ်နေသော သခင်ထွန်းအုပ်သည် ဗိုလ်ချုပ်ကို လူသတ်မှုနှင့် စွဲချက်တင်လိုက်ပါသည်။ ဗမာ့လွတ်လပ်ရေးတပ်မတော် ချီတက်လာစဉ်က ရွာသူကြီးတဦးအား ဗြိတိသျှအလိုတော်ရိလုပ်ငန်းများ ဆောင်ရွက်မှု၊ ဖိနှိပ်ရက်စက်မှုနှင့် အဂတိလိုက်စားမှု စွဲချက်များတင်ကာ စစ်ခုံရုံးဖွင့်၍ စစ်ဆေးခဲ့ပါသည်။ စစ်ခုံရုံး ချမှတ်လိုက်သော သေဒဏ်အပြစ်ကို ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ဆောင်ရွက်ခဲ့ပါသည်။ ဤအမှုနှင့် ဗိုလ်ချုပ်အောင်ဆန်းကို ရုံးတင်စစ်ဆေးမည်ဆိုပါက သခင်ထွန်းအုပ်သည် ဖြစ်ရပ်လုံးစုံကို တွေ့မြင်ခဲ့သဖြင့် သက်သေထွက်ဆိုပေးမည်ဟု ကမ်းလှမ်းလိုက်၏။

ဗိုလ်ချုပ်အောင်ဆန်းကို ချက်ချင်းဖမ်းဆီးသင့်၊ မဖမ်းဆီးသင့်နှင့်ပတ်သက်၍ အစိုးရအဖွဲ့အတွင်း ဝိဝါဒကွဲပြားနေ၏။ အရပ်သားဗြိတိသျှအရာရှိအချို့က ဖမ်းဆီးရေးတိုက်တွန်းကြသည်။ ဤကဲ့သို့ဆောင်ရွက်ခြင်းဖြင့် အခြေအနေများ ပိုမို၍ ရှင်းလင်းသွားစေမည်၊ ထကြွပုန်ကန်မှု ဖြစ်ပေါ်စေမည့် အလားအလာကိုလည်း ဖယ်ရှားနိုင်မည်၊ ဗိုလ်ချုပ်အောင်ဆန်းကို လူထုက မကြာမီ မေ့ပျောက်သွားမည်ဖြစ်သဖြင့် ပြဿနာများစွာလည်း ရှိမည်မဟုတ်ဟု ထောက်ပြကြသည်။ ဤအချက်များကို ရဲမင်းကြီးက သဘောမတူပါ။ စစ်အတွင်းပြစ်မှုများနှင့်ပတ်သက်၍ အထွေထွေလွတ်ငြိမ်းသာခွင့်ပေးရန် ရှိနေကြောင်း၊ ဖဆပလနှင့် ပြည်သူ့ရဲဘော်အဖွဲ့၏ ခေါင်းဆောင်ဖြစ်သူကို ဖမ်းဆီးခြင်းသည် ပုန်ကန်တော်လှန်မှုကို တားဆီးသည်ထက်၊ ထကြွရန်လှုံ့ဆော်လိုက်သကဲ့သို့သာ ဖြစ်သွားနိုင်ကြောင်း တင်ပြပါသည်။ မြန်မာနိုင်ငံ စစ်ဌာနချုပ်သေနာပတိကလည်း ရဲမင်းကြီး၏အမြင်ကို ထောက်ခံကာ ဗိုလ်ချုပ်အောင်ဆန်းသည် အသိတရားနှင့် ပြည့်စုံသူဖြစ်သဖြင့် ပုန်ကန်ထကြွမှုတရပ်ကို စတင်မည်သူဟု မထင်ကြောင်း တင်ပြပါသည်။ ထို့အပြင် သခင်ထွန်းအုပ်၏ ပြောကြားချက်များအပေါ် မူတည်၍ ဆောင်ရွက်သင့်မသင့်ကလည်း ဆင်ခြင်ဖွယ်ရာဖြစ်နေ၏။ ၎င်း၏ ရည်ရွယ်ချက်များသည် သံသယမကင်းဖွယ်ဖြစ်သည့်အပြင် ဂျပန်ခေတ်အတွင်း တာဝန်ဝတ္တရားမရှိပါဘဲနှင့် ၎င်းဆောင်ရွက်ခဲ့သော ကြမ်းတမ်းသည့် လုပ်ရပ်များအကြောင်းကို ဂုဏ်ဝင့်စွာ ရေးသားထုတ်ဝေထားသော စာအုပ်ကလည်း ရှိနေသေးသည်။ ဒေါ်မန်ဆမစ်သည် သခင်ထွန်းအုပ်၏ စွပ်စွဲချက်များကို ဗိုလ်ချုပ်အောင်ဆန်းနှင့်

www.burmeseclassic.com

www.burmeseclassic.com

ဆွေးနွေးရန် ဆုံးဖြတ်လိုက်၏။ ဗိုလ်ချုပ်အောင်ဆန်းသည် ဤအမှုနှင့်ပတ်သက်၍ လုံးဝတာဝန်ယူကာ၊ စစ်ခုံရုံးတွေ့ရှိချက်အရ သေဒဏ်အပြစ်ပေးခဲ့ရကြောင်း ရှင်းပြပါသည်။

ဘုရင်ခံလည်း တဖန် မဝေခွဲနိုင် ဖြစ်ရပြန်သည်။ တဖက်တွင် ဗိုလ်ချုပ်အောင်ဆန်း၏ ဖြောင့်မတ်မှုနှင့် စိတ်သတ္တိတို့ကို များစွာလေးစားမိ၏။ တဖက်တွင်ကား သူ့အုပ်ချုပ်ရေး၏ အဓိကအတိုက်အခံဖြစ်နေသူကို လူသတ်မှုစွဲချက်တင်ကာ ဖယ်ရှားနိုင်လိုက်ပါက နိုင်ငံရေးအကျိုးအမြတ် မည်မျှထုတ်နိုင်မည်ကိုလည်း တွေးမိ၏။ ဤကိစ္စနှင့်ပတ်သက်၍ ဝှိုက်ဟော(လန်ဒန်)အစိုးရက မိမိတို့သာဆုံးဖြတ်ရန် အာဏာရှိသည်ဟု ကန့်သတ်ချက်ထားခြင်းမှာ ကံကောင်းသည်ဟူ၍ပင် ပြောရမည်ကဲ့သို့ဖြစ်ပါသည်။ ၁၉၄၆ ခုနှစ် ဧပြီလ၊ ဒေါ်မန်ဆမစ် စက်ာပူသို့ အလည်အပတ်ရောက်စဉ် ဗိုလ်ချုပ်အောင်ဆန်းကို ဖမ်းဆီးရန် ညွှန်ကြားသော သံကြိုးစာရောက်လာ၏။ ဘုရင်ခံလည်း ညွှန်ကြားချက်အရ ဆောင်ရွက်ရန် ချက်ချင်းပင် ရန်ကုန်သို့ ပြန်ခဲ့၏။ ဝရမ်းမထုတ်မီလေးတွင် အမိန့်ပယ်ဖျက်လိုက်ကြောင်း သံကြိုးနောက်တစောင် ရောက်လာလေသည်။

ဤကိစ္စသည် အုပ်ချုပ်ရေး၏ မရေရာလှသောသြဇာကို ပိုမို၍ ယိုယွင်းလာစေသည်။ အုပ်ချုပ်သူများ၏ ခြေလှမ်းအားလုံးကို ဖဆပလသည် အစိုးရဌာနများအတွင်းရှိ ၎င်းတို့အား ထောက်ခံသူများထံမှတဆင့် သိနေ၏။ ဗြိတိသျှတို့သည် ဗိုလ်ချုပ်ကို ဖယ်ရှားလိုသော်လည်း မထိဝံ့ဟူသောသတင်းသည် ပြန့်နှံ့သွား၏။ ဒေါ်မန်ဆမစ်လည်း အခြေအနေကို ထိန်းသိမ်းနိုင်ရန် ကြိုးစားပါသည်။ စက္ကူဖြူစီမံကိန်းကို လက်တွေ့အကောင်အထည်ဖော်၍ ရမည်မဟုတ်ကြောင်း လန်ဒန်အစိုးရကို ဝန်ခံအသိပေးပြီး ဖဆပလလက်ခံနိုင်မည့် ကမ်းလှမ်းချက်အသစ်များကို တင်ပြလေသည်။ သို့သော် အချိန်ကား နှောင်းခဲ့လေပြီ။ ၁၉၄၆ ခုနှစ် ဇွန်လတွင် ပူပင်သောကများနေသော ဘုရင်ခံကြီး ဝမ်းကိုက်ရောဂါစွဲကပ်သောကြောင့် အင်္ဂလန်သို့ ပြန်ရပါသည်။ ဇူလိုင်လမတိုင်မီ အတ္တလီသည် ဒေါ်မန်ဆမစ်နေရာတွင် ဗိုလ်ချုပ်ရန်ဆ်ကို ခန့်အပ်ရန် ဆုံးဖြတ်လိုက်၏။ ရန်ဆ်အား ရွေးချယ်ခြင်းကား သင့်လျော်လှပါသည်။ သူသည် စစ်အုပ်ချုပ်ရေးအကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်စဉ်က မြန်မာပြည်အခြေအနေကို ကောင်းစွာသိနိုင်ခဲ့ပြီး ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် ဖဆပလခေါင်းဆောင်များနှင့် သင့်မြတ်သူဖြစ်၏။

## လွတ်လပ်ရေးကြိုးပမ်းမှု

ဘုရင်ခံပြောင်းလဲခြင်းသည် ဖဆပလ၏ မူဝါဒများ ပြောင်းလဲခြင်းမဟုတ်သော်လည်း ဗြိတိသျှအစိုးရ၏ ချဉ်းကပ်ပုံချဉ်းကပ်နည်း ပြောင်းလဲခြင်းကို ဖော်ပြလိုက်သဖြင့် လွတ်လပ်ရေးတိုက်ပွဲတွင် နိုင်ငံရေးအခန်းကဏ္ဍအသစ်တရပ် ဖွင့်လိုက်ခြင်းဖြစ်ပါသည်။ ဘုရင်ခံကောင်စီဟောင်းကို ပယ်ဖျက်လိုက်ပြီး၊ ၁၉၄၆ ခုနှစ် စက်တင်ဘာလတွင် ဦးအောင်ဆန်းသည် ကာကွယ်ရေးနှင့် နိုင်ငံခြားရေးဝန်ကြီး တာဝန်များယူကာ ဘုရင်ခံ၏ ကောင်စီအသစ်တွင် ဒုတိယဥက္ကဋ္ဌဖြစ်လာပါသည်။ ကောင်စီဝင် (၁၁) ဦးအနက် ဦးအောင်ဆန်းအပြင် ဖဆပလအဖွဲ့ဝင် (၅) ဦး ပါရှိလေသည်။ ကောင်စီဝင်များသည် စုပေါင်းတာဝန်ယူကြရ၏။ အမည်အားဖြင့် ဘုရင်ခံ၏ အကြံပေးအဖွဲ့မျှသာဖြစ်သော်လည်း လက်တွေ့အားဖြင့် ကောင်စီသည် ကြာမြင့်စွာကပင် တောင်းဆိုခဲ့သော ယာယီအမျိုးသားအစိုးရပင်ဖြစ်ပါသည်။ ဦးအောင်ဆန်းသည် ဤဖြစ်ပေါ်ချက်အသစ်များကို သတိရှိရှိနှင့် အကောင်းဖက်က ရှုမြင်ပါသည်။ တရားဝင်တည်ဆဲဖြစ်နေသေးသော စက္ကူဖြူစီမံကိန်းကို ဆန့်ကျင်ကန့်ကွက်သည့် လူထုစည်းဝေးပွဲကြီးတွင် တိုက်ပွဲဆုံးခန်းတိုင်မရောက်သေးကြောင်း ထုတ်ဖော်ပြောဆိုခဲ့ပါသည်။ သူ ရာထူးနေရာ လက်ခံခဲ့ခြင်းကြောင့် ပြဿနာအားလုံး ပြေလည်သွားပြီဟု မယူဆသင့်ကြောင်းနှင့် နောင်ဆောင်ရွက်ရန် အလုပ်တာဝန်များစွာရှိသေးကြောင်း လူထုအား ဦးအောင်ဆန်းက သတိပေးလိုက်ပါသည်။ ပြည်သူလူထု၏ ထောက်ခံအားပေးမှုသည် သူနှင့် ဖဆပလအတွက် မည်မျှအရေးကြီးကြောင်း ပြောကြားပြီးနောက် လူထုနှစ်သက်မြတ်နိုးသော ရိုးသားပွင့်လင်းမှုဖြင့် ကိုယ်ရေးကိုယ်တာကိစ္စနှင့်ပတ်သက်၍ အောက်ပါအတိုင်း မှတ်ချက်ချလိုက်ပါသည်။

> "နောက်ဆုံး ကျုပ်အကြောင်းကို ခင်ဗျားတို့ကို နဲနဲပြောချင်တယ်။ အခုအခါ ကျုပ်ဟာ (ပတ်ဗလစ်မှာ ပေါ်ပြူလာဖြစ်နေတဲ့သူပဲ)။ ဒါပေမဲ့ ကျုပ်ဟာ ဘုရားလည်းမဟုတ်၊ မှော်ဆရာ၊

www.burmeseclassic.com

www.burmeseclassic.com

မျက်လှည့်ဆရာလည်းမဟုတ်၊ လူပဲ။ နတ်လည်းမဟုတ်၊ လူလောကပဲ အစွမ်းရှိမှာပဲ။ ကျုပ်အသက်ဟာ အင်မတန်မှငယ်တယ်။ ကျုပ် အခုထမ်းရတဲ့ တာဝန်ဟာလည်း တတိုင်းပြည်လုံးရဲ့ တာဝန်ကို ရှေ့ဆုံးက ထမ်းနေရတယ်။ ကျုပ်ကိုယ်ကို ဒီတာဝန်တွေ ထမ်းနိုင်အောင် အရည်အချင်းပြည့်စုံတယ်လို့ မယူဆဘူး။ ပြီးတော့ ကျုပ် စိတ်တိုတတ်တယ်ဆိုတာလည်း လူအများ သိကြတာပဲ။ ဒါ ကျုပ် နဂိုပဲ။ အလုပ်ရှုပ်ပြီး အနှောင့်အယှက်များရင် စိတ်တိုတတ်တယ်။ ဒါကို ပြုပြင်နိုင်သမျှ ပြုပြင်ဖို့ ကြိုးစားမယ်။ သို့သော်လည်း ခင်ဗျားတို့လည်း စိတ်ရှည်ရှည်ထားပြီး ကနေ့ပြတဲ့ အင်အားမျိုးထက် ဆထက်ထမ်းပိုး တိုးအောင်လုပ်ပြီး ကျုပ်တို့က ခင်ဗျားတို့အတွက် လုပ်တဲ့နေရာမှာ အားပေးမယ်ဆိုရင် ကျုပ်တို့လိုချင်တဲ့ လွတ်လပ်ရေး၊ လူထုကောင်းစားရေးတွေကို ရအောင် ပိုလုပ်နိုင်မယ်။ ပိုအကျိုးရှိမှာပဲ။ ဒါကြောင့် လူထုတွေကို ဆက်တောင့်ထားကြပါအုံးလို့ဆိုတာ ထပ်ပြောခဲ့ချင်တယ်။”

ပြည်သူလူထုသည် ဦးအောင်ဆန်းနောက်မှ မားမားမတ်မတ်ရပ်၍ တောင့်ထားသော်လည်း သူ့ကို အတိုက်အခံလုပ်မှု မရှိတော့ မဟုတ်ပါ။ ဖဆပလ၏ အင်အားကို ပြင်ပမှ စိန်ခေါ်သော နိုင်ငံရေးပါတီများထက် ဖဆပလအတွင်းမှ ပြဿနာများ ပို၍ ပေါ်ပေါက်ခဲ့ပါသည်။ တသီးပုဂ္ဂလသစ္စာဖောက်သွားသူ အနည်းငယ်မျှသာရှိသော်လည်း ကွန်မြူနစ်များသည် ဖဆပလအဖွဲ့ချုပ်နောက်မှ ညီညွတ်စွာရှိသယောင်နှင့် မိမိတို့ပါတီ အားကောင်းရေးအတွက် ဆောင်ရွက်နေကြပါသည်။ ပုဂ္ဂိုလ်ရေးနှင့် ဝါဒရေးအယူအဆ မတိုက်ဆိုင်မှုကြောင့် ၁၉၄၆ ခုနှစ် မတ်လတွင် သခင်စိုး၏ ‘အလံနီ’ ကွန်မြူနစ်များနှင့် သခင်သန်းထွန်း၊ သခင်သိန်းဖေတို့ခေါင်းဆောင်သော ‘အလံဖြူ’ ကွန်မြူနစ်များဟူ၍ ကွန်မြူနစ်ပါတီ နှစ်ခြမ်းကွဲသွားခဲ့ပါသည်။ အလံနီကွန်မြူနစ်များသည် အကြမ်းဖက်မှုဝါဒများ စွဲကိုင်ခြင်းကြောင့် ၎င်းတို့အား ဇူလိုင်လတွင် မတရားအသင်းအဖြစ် ကြေညာလိုက်ပါသည်။ သခင်သန်းထွန်းသည် ဖဆပလ၏ အထွေထွေအတွင်းရေးမှူး ဖြစ်လာပြီး၊ သခင်သိန်းဖေသည် ကောင်စီဝင်တဦးဖြစ်လာပါသည်။ သို့သော်လည်း ‘သိန်း၊ သန်း’ ကွန်မြူနစ်တို့သည် ‘ရန်စ်’ မရောက်မီက စတင်ခဲ့သော အထွေထွေသပိတ် ပြီးငြိမ်းသွားစေရန် ကောင်စီ၏ ဒု-ဥက္ကဋ္ဌအနေနှင့် ဦးအောင်ဆန်း၏ စေ့စပ်ရေးဆောင်ရွက်ချက်များကို အနှောင့်အယှက်ပေးခဲ့၏။

အထွေထွေသပိတ်ပြီးငြိမ်းရေး ဆောင်ရွက်ချက်များ ပျက်ပြားစေရန် ကြိုးပမ်းမှုမှာ အောင်မြင်ခြင်းမရှိခဲ့ချေ။ သို့သော် ဤကြိုးပမ်းမှုသည် ဦးအောင်ဆန်းနှင့် ဖဆပလတို့၏ သြဇာပြိုပျက်စေရန် အတန်ကြာကပင် စတင်ခဲ့သော စည်းရုံးလှုံ့ဆော်ရေးလုပ်ငန်းများ၏ တစိတ်တပိုင်းသာဖြစ်ပါသည်။ အခြေအနေကို မဖြေရှင်း၍ မရတော့ပါ။ ဆိုရှယ်လစ် ဦးကျော်ငြိမ်းကို သခင်သန်းထွန်းနေရာ၌ အထွေထွေအတွင်းရေးမှူး ခန့်အပ်လိုက်ပြီး အောက်တိုဘာလတွင် ကွန်မြူနစ်များကို ဖဆပလအတွင်းမှ ထုတ်ပယ်လိုက်ပါသည်။ ဤလုပ်ရပ်ကို နောက်လအတွင်း ကျင်းပသော အဖွဲ့ချုပ်၏ အထွေထွေညီလာခံ၌ အတည်ပြုလိုက်ပါသည်။ ထုတ်ပယ်ရခြင်း၏ အကြောင်းများကို ရှင်းပြသော မိန့်ခွန်း၌ ဦးအောင်ဆန်းသည် ကွန်မြူနစ်တို့အား တိုင်းပြည်၏ ညီညွတ်မှုပျက်ပြားစေရန် ကြိုးပမ်းသည်၊ မိမိတို့၏ပါတီရေးကို မြန်မာ့လွတ်လပ်ရေးထက် အလေးပေးသည်၊ မြန်မာ့အခြေအနေနှင့် သင့်လျော်၊ မသင့်လျော်ကို မဆင်ခြင်ဘဲ အိန္ဒိယကွန်မြူနစ်ပါတီ၏ ညွှန်ကြားချက်များကို မျက်စေ့စုံပိတ်၍ လိုက်နာသည် စသဖြင့် ရှုတ်ချပါသည်။ အမှုဆောင်ကောင်စီမှ နုတ်ထွက်လိုက်သော သခင်သိန်းဖေက ဦးအောင်ဆန်းနှင့် သူ၏ လုပ်ဖော်ကိုင်ဖက်များအား တော်လှန်ရေးသမားထက် ပြုပြင်ရေးသမားဆန်သည်၊ ၎င်းတို့သည် ဗြိတိသျှ၏ လှည့်ဖြားမှုကို အညံ့ခံခဲ့ပြီး၊ ဘုရင်ခံနှင့်ဆက်ဆံရာ၌ ပျော့လွန်းသည်၊ အဝေဖန်လည်း မခံနိုင်ဟု ပြောဆိုပါသည်။ ဖဆပလနှင့် ကွန်မြူနစ်တို့ လမ်းခွဲသွားကြသော်လည်း လက်ဝဲညီညွတ်မှုကို အထူးလိုလားသော ဦးအောင်ဆန်းသည် မာက်စ်ဆိုရှယ်လစ်ဝါဒနှင့် ကွန်မြူနစ်ပါတီဝင်အချို့အပေါ် သံယောဇဉ်မကုန်ပါ။ အလံနီကွန်မြူနစ်များနှင့် အလံဖြူကွန်မြူနစ်များအကြား စေ့စပ်ဖြန်ဖြေရန် သူ ကြိုးစားခဲ့ပါသည်။ သိန်း၊ သန်း ကွန်မြူနစ်များကို ဖဆပလအတွင်းမှ ဖယ်ထုတ်ပြီးနောက် ပြည်သူ့ရဲဘော်နှင့် ဆိုရှယ်လစ်တို့ကို ပေါင်းစည်းပြီး မက်စ်အဖွဲ့ချုပ်တည်ထောင်ရန် ဦးအောင်ဆန်း စဉ်းစားခဲ့သည်ဟု

www.burmeseclassic.com

www.burmeseclassic.com

အဆိုရှိပါသည်။ အမှုဆောင်ကောင်စီအသစ်သည် သခင်စိုးကွန်မြူနစ်များအပေါ် ချမှတ်ထားသော ပိတ်ပင်ချက်ကို ပယ်ဖျက်ပေးလိုက်ပါသည်။ သို့သော် အလံနီကွန်မြူနစ်များသည် လက်နက်ကိုင်တော်လှန်ရေးလမ်းစဉ်ကို တရားသေဆုပ်ကိုင်ထားသဖြင့် ၁၉၄၇ ခု ဇန္နဝါရီလတွင် ၎င်းတို့အား တဖန် မတရားအသင်းကြေညာရပြန်သည်။ အဖြူ၊ အနီ မရွေး ကွန်မြူနစ်အများအပြား အထူးသဖြင့် ပြည်သူ့ရဲဘော်ဟောင်းများသည် ဦးအောင်ဆန်းကို ဆက်လက်၍ ကြည်ညိုလေးစားကြပါသည်။ သူ့အနေနှင့်လည်း ကွယ်လွန်သွားသည့်တိုင် ပြန်လည်ပေါင်းစည်းရေးကို လုံးလုံးလျားလျား ပစ်ပယ်ခဲ့ခြင်း ရှိဟန်မတူပါ။ သို့သော် သူသည် မြန်မာနိုင်ငံလွတ်လပ်ရေးနှင့် ညီညွတ်ရေးထက်ပိုပြီး မည်သည့်ဝါဒကိုမှ ဦးစားမပေးခဲ့ပါ။

၁၉၄၆ ခုနှစ် ဒီဇင်ဘာလတွင် ဖဆပလသည် အချုပ်အခြာ အာဏာပိုင် မြန်မာနိုင်ငံတည်ထောင်ရေးအတွက် လိုအပ်သောကိစ္စများ ဆွေးနွေးရန် ဗြိတိသျှအစိုးရ၏ ဖိတ်ကြားချက်ကို လက်ခံလိုက်ပါသည်။ နှစ်ဦးပိုင်းတွင် လန်ဒန်သို့ ထွက်ခွာသွားသောကိုယ်စားလှယ်အဖွဲ့ကို ဦးအောင်ဆန်း ဦးဆောင်၍ အဖွဲ့ထဲတွင် အမှုဆောင်ကောင်စီဝင်များ၊ နိုင်ငံရေးသမားများနှင့် အရပ်သားအစိုးရဝန်ထမ်းများ ပါရှိပါသည်။ ဒေလီမြို့၌ ရပ်နားစဉ် ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် ဦးအောင်ဆန်းက လုံးဝလွတ်လပ်ရေးကိုသာ လိုလားကြောင်း၊ ဒိုမီနီယန်အဆင့်အတန်း လက်ခံရေးကို ထည့်သွင်းစဉ်းစားမည်မဟုတ်သဖြင့် မေးစရာပင်မလိုကြောင်း ပြောကြားခဲ့ပါသည်။ သတင်းစာဆရာတို့၏ မေးခွန်းတရပ်ကို ဖြေကြားရာ၌ မြန်မာတို့၏ တောင်းဆိုချက်များကို ကျေနပ်ဖွယ်ရာလိုက်လျောခြင်း မရှိပါက အကြမ်းဖက်နည်းကိုဖြစ်စေ၊ အကြမ်းမဖက်သောနည်းကိုဖြစ်စေ၊ နည်းနှစ်မျိုးလုံးကိုဖြစ်စေ၊ စဉ်းစားရန် လုံးဝတွန့်ဆုတ်မည်မဟုတ်ဟု ပြောခဲ့၏။ နိဂုံးချုပ်အနေနှင့် အကောင်းဆုံးကို မျှော်လင့်ထားသော်လည်း အဆိုးဆုံးအတွက်လည်း အဆင်သင့်ပြင်ထားကြောင်း ပြောသွားပါသည်။ ဤကား မြန်မာနိုင်ငံမှ မထွက်ခွာမီ နှစ်သစ်ကူးမိန့်ခွန်းထဲတွင် အသေးစိတ်ပြောခဲ့သော အချက်အလက်တို့ထက်ပိုမိုခြင်း မရှိပါ။ ထိုမိန့်ခွန်းတွင် ပွင့်ပွင့်လင်းလင်း ဖော်ပြခဲ့သည်မှာ ဗြိတိသျှတို့သည် အေးချမ်းစွာဖြေရှင်းရေးကို လိုလားသည်ဟု သူ ယုံကြည်လိုကြောင်း၊ သူကိုယ်တိုင်လည်း အေးဆေးသော နည်းများကိုသာ ပို၍နှစ်သက်ကြောင်း၊ သို့သော်လည်း လိုအပ်သည့် သဘောတူညီချက်များ မရပါက လူထုအနေနှင့် တရားဥပဒေပြင်ပမှ လွတ်လပ်ရေးတိုက်ပွဲဝင်ရန် အဆင်သင့်ပြင်ထားရမည်ဖြစ်ကြောင်း စသဖြင့် ဖြစ်ပါသည်။ အမှန်မှာ ဦးအောင်ဆန်းနှင့် ဖဆပလသည် ဗြိတိသျှတို့နှင့် ဆွေးနွေးပွဲများ မအောင်မြင်ပါက ဖြစ်ပျက်လာမည့် အခြေအနေအတွက် ပြင်ဆင်မှုအနေနှင့် လက်နက်များစုဆောင်းပြီး၊ ပြည်သူ့ရဲဘော်တပ်ဖွဲ့များကို အသင့်အနေအထားတွင် ရှိနေစေရန် စီစဉ်ပြီး ဖြစ်ပါသည်။

"အောင်ဆန်း–အတ္တလီသဘောတူညီချက်" ထွက်ပေါ်စေခဲ့သော ဆွေးနွေးပွဲများအတွင်း ဦးအောင်ဆန်း၏ ကဏ္ဍနှင့်ပတ်သက်၍ ပုဂ္ဂလိကအမှုဆောင်ဝင်တဦးဖြစ်သူ ဦးတင်ထွဋ်က အောက်ပါအတိုင်း ရေးသားခဲ့ပါသည်။

> ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲမကျင်းပမီနှင့် အခြေခံဥပဒေသစ် မရေးဆွဲသေးမီ မြန်မာနိုင်ငံ၏ အစိုးရတာဝန်ဝတ္တရားတို့ကို မြန်မာအစိုးရထံသို့ လက်တွေ့အရဂင်း၊ ဥပဒေသဘောအရဂင်း၊ ချက်ချင်းလွှဲပြောင်းပေးရန်ကို သူက အားထုတ်ခဲ့ပါသည်။ ဥပဒေသဘောအရလွှဲပြောင်းပေးခြင်းကို သူက မရယူနိုင်ခဲ့သော်လည်း လက်တွေ့အားဖြင့် လွှဲပြောင်းပေးခြင်းကိုကား အနှစ်သာရအားဖြင့် နှစ်ဖက်သဘောတူညီမှုအပေါ် မူတည်၍ ရယူနိုင်ခဲ့ပါသည်။ ဤအနေအထားကို သူ၏ နိုင်ငံရေးအတိုက်အခံတို့က သူခေါင်းဆောင်ခဲ့သော ကိုယ်စားလှယ်အဖွဲ့၏ ရှုံးနိမ့်မှုကဲ့သို့ဖြစ်စေရန် ကောက်ကွေ့ပွေလီစွာ အဓိပ္ပာယ်ဖွင့်လိုက ဖွင့်နိုင်ပါသည်။ သူသည် အနည်းဆုံး လိုအပ်ချက်များ တောင်းဆိုရာ၌ ခိုင်မာ၏။ ထိုသို့ ခိုင်မာခြင်းကြောင့် တော်လှန်ရေးဖြစ်ပေါ်လာနိုင်သည်ဟု သူသိသဖြင့် တာဝန်မှာကြီးလေးလှ၏။ နိုင်ငံရေးပညာရှိတဦးပီသစွာ မြန်မာပြည်သူပြည်သားများ၏ လိုလားချက်တို့ကို အနှစ်သာရအားဖြင့် ပေးသည်ကို သူလက်ခံခဲ့၏။ လိုလားချက်ကား လွတ်လပ်ရေးသို့ ရှင်းလင်းတိုတောင်းသောလမ်းမှ ချီတက်နိုင်ရန်နှင့် မိမိတို့တိုင်းပြည်၏ လက်တွေ့အစိုးရတာဝန်များကို ချက်ချင်းရရှိရန်တို့ဖြစ်ပါသည်။ နှစ်ဖက်အလိုကျ သဘောတူညီချက်ကို လက်ခံပြီးနောက်

www.burmeseclassic.com

www.burmeseclassic.com

ဤသဘောတူညီချက်၏ အဓိပ္ပာယ်သက်မှုကို လူထုအား ရိုးရိုးရှင်းရှင်းတင်ပြ၍ လိုအပ်ချက်များ ဖြစ်မြောက်စေရန် ခေါင်းဆောင်မှုပေးခဲ့၏။ သူ၏ ခေါင်းဆောင်မှုနောက်မှ လိုက်ပါက တနှစ်အတွင်း လုံးဝလွတ်လပ်ရေးရစေရမည်ဟု ရဲရင့်စွာ ကတိပေးခဲ့၏။ ဤကား ပေါ့ပေါ့ဆဆ ကတိမျိုးမဟုတ်ပါ။ သူ၏ နိုင်ငံရေးလုပ်ငန်း၊ သူ၏ ဂုဏ်သိက္ခာနှင့် သူ၏ ဘဝတို့ကိုရင်း၍ ပေးလိုက်သော၊ ခံယူချက်အပေါ် အခြေခံသော ကတိမျိုးဖြစ်ပါသည်။ ဤသို့ဆောင်ရွက်ခြင်းဖြင့် သူ၏ ခေါင်းဆောင်ပီသမှုကို အပြည့်အဝ သက်သေပြလိုက်ပါသည်။

သဘောတူညီချက်ကို လက်မှတ်ထိုးရန် ငြင်းဆိုခဲ့သော ကိုယ်စားလှယ်အဖွဲ့ဝင်နှစ်ဦးကား ဝန်ကြီးချုပ်ဟောင်း ဦးစောနှင့် ၁၉၃၈ ခုနှစ် ဒို့ဗမာအစည်းအရုံး နှစ်ခြမ်းကွဲပြီးနောက် အနည်းစုသခင်များကို သခင်ထွန်းအုပ်နှင့်အတူ ခေါင်းဆောင်ခဲ့သော သခင်ဘစိန်တို့ဖြစ်ပါသည်။ မြန်မာပြည်သို့ ပြန်ရောက်သောအခါ ဦးစောနှင့် သခင်ဘစိန်သည် ဒေါက်တာဘမော်နှင့် ဝန်ကြီးချုပ်ဟောင်း နောက်တဦးဖြစ်သူ ဆာပေါ်ထွန်းတို့နှင့်ပေါင်းကာ အမျိုးသားအတိုက်အခံတပ်ဦး တည်ထောင်၍ ဦးအောင်ဆန်းသည် ရာထူးတည်မြဲရေးအတွက် နယ်ချဲ့တို့ဖက်သို့ ကူးပြောင်းသွားပြီဟု ပြောလေသည်။

နိုင်ငံရေးအတိုက်အခံတို့၏ စွပ်စွဲချက်များကြောင့် ဦးအောင်ဆန်း ထူးထူးခြားခြား စိတ်အနှောင့်အယှက်မဖြစ်ခဲ့ပါ။ တိုင်းရင်းသားလူမျိုးစုများနှင့် ဆွေးနွေးစေ့စပ်ရေးကိုသာ ဇောက်ချ၍ လုပ်ပါတော့သည်။ ဤကိစ္စကိုဖြေရှင်းရန် လန်ဒန်သွားကိုယ်စားလှယ်အဖွဲ့ မြန်မာပြည်ပြန်ရောက်ပြီး ရက်ပိုင်းအတွင်းပင် ပင်လုံ၌ ညီလာခံခေါ်ရေး စီစဉ်ထားပြီးဖြစ်ပါသည်။ ညီလာခံ၏ ရလဒ်ဖြစ်သော ပင်လုံစာချုပ်အရ 'ကြားဖြတ်မြန်မာအစိုးရနှင့် ချက်ချင်းပူးပေါင်းလိုက်ခြင်းအားဖြင့် ရှမ်း၊ ကချင်နှင့် ချင်းတို့သည် လွတ်လပ်ရေးကို ပိုမိုလျင်မြန်စွာ ရရှိလိမ့်မည်' ဟူ၍ အသိအမှတ်ပြုလိုက်ပါသည်။ ပင်လုံညီလာခံကား စစ်အတွင်းက တိုင်းရင်းသားများအကြား သင့်မြတ်ကြည်ဖြူရေးအတွက် သခင်များကြိုးပမ်းချက်များနှင့် အစပျိုးခဲ့သော ဦးအောင်ဆန်း၏ မြန်မာနိုင်ငံအတွင်းရှိ လူမျိုးစုပေါင်းစုံ စည်းလုံးညီညွတ်ရေးဦးတည်သော လုပ်ငန်းစဉ်၏ အထွတ်အထိပ်ပင်ဖြစ်ပါသည်။ တဖန် ဦးတင်ထွဋ်၏ စကားအရ ပြောရလျှင် ဆွေးနွေးစေ့စပ်ရေးနယ်ပယ်တွင် သူ (ဦးအောင်ဆန်း) အောင်မြင်မှုများ ရရှိခဲ့ခြင်းမှာ သူ၏ မသွယ်မဝိုက်ပွင့်လင်းမှုနှင့် ပုဂ္ဂလိကအရည်အသွေးတို့ကြောင့် ဖြစ်ပါသည်။ ထိုနယ်ပယ်တွင် သူ၏ အကြီးမားဆုံးဆောင်ရွက်ချက်ကား တောင်တန်းဒေသတိုင်းရင်းသားများနှင့် အခြားလူငယ်စုများ၏ လုံးဝဥဿုံ စိတ်ချယုံကြည်မှုကို ရယူနိုင်ခြင်းဖြစ်ပါသည်။ ပင်လုံညီလာခံ ပြီးလျှင်ပြီးချင်း ဧပြီလတွင် ကျင်းပမည်ဖြစ်သော ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ဖဆပလကိုယ်စား ဦးအောင်ဆန်းသည် ပင်ပန်းကြီးစွာ နိုင်ငံအနှံ့ စည်းရုံးရေးခရီးထွက်ခဲ့ပါသည်။ မြန်မာနိုင်ငံ ပြည်သူလူထုနှင့် (၃၂) နှစ် မျှသာရှိသေးသော သူတို့၏ နုပျိုရွယ်ခေါင်းဆောင်အကြား မကြုံစဖူး ထူးခြားသော ဆက်ဆံရေးအနေအထားမျိုး ပေါ်ပေါက်ခဲ့ပါသည်။ ဦးအောင်ဆန်းသွားလေရာ လူအုပ်ကြီးများသည် 'ငါတို့ဗိုလ်ချုပ်' ကို မြင်လိုဇော၊ နားထောင်လိုဇော၊ သွေးစည်းခိုင်မာမှုကို ပြသလိုဇောတို့နှင့် ဖုံကိုမမှု၊ နေပူကိုမရှုံ့၊ လာရောက်အားပေးကြပါသည်။ 'ဗိုလ်ချုပ်' ဟူသော ဝေါဟာရမှာ မူလတွင် သူ၏ တပ်မတော်ရာထူးကို ရည်ညွှန်းခြင်းမှုသာဖြစ်သော်လည်း နောင်တွင် သူ့အပေါ်ထားရှိသော ချစ်ခင်လေးစားမှုကို ရောင်ပြန်ဟပ်လာသော ဝေါဟာရဖြစ်လာ၏။ ဦးအောင်ဆန်းကား နားထောင်ကောင်းအောင် အပြောအဟောပြေပြစ်သူတဦး မဟုတ်ပါ။ သူ၏ မိန့်ခွန်းများသည် ငြီးငွေ့ဖွယ် အတတ်ပညာရေးရာကိစ္စများနှင့် လွှမ်းမိုးနေသည်လည်း ဖြစ်နိုင်၏။ ဟိုအကြောင်းရောက် ဒီအကြောင်းရောက်နှင့် လိုက်ရခက်သည်လည်း ဖြစ်နိုင်၏။ လွန်စွာရှည်လျားသည်လည်း ဖြစ်နိုင်၏။ သို့သော်လည်း လူထုသည် ငြိမ်သက်အေးဆေးစွာ နားထောင်ပြီး သူ့စိတ်သန္တာန်ကို လိုက်ကာ သူ၏ တုံးတိတိနိုင်သော ဆုံးမသတိပေးချက်တို့ကို သဘောကျနှစ်သက်သကဲ့သို့ ကြားရခက်လှသော သူ၏ ရယ်ရွှင်ဖွယ်စကားလေးများကိုလည်း သဘောကျနှစ်သက်ကြပါသည်။

ဦးအောင်ဆန်းသည် မြန်မာ့လွတ်လပ်ရေးနှင့် စည်းလုံးညီညွတ်ရေးပြဿနာများကို ဖြေရှင်းပေးနိုင်မည့် အတွေးအခေါ်များနှင့် နည်းဗျူဟာများကို အစဉ်တစိုက် ရှာဖွေနေသူဖြစ်၏။ ဤလုပ်ငန်းတွင် လူထုကို သူနှင့်အတူ ပါဝင်ရန် ခေါ်ဆောင်နိုင်ခဲ့သည်။ ကာလဒေသအခြေအနေများအရ လိုအပ်ပါက စိတ်ပြောင်းလဲရန် သူ မကြောက်ရွံ့ပါ။

www.burmeseclassic.com

www.burmeseclassic.com

သူ၏ ယူဆချက်များနှင့် ရည်ရွယ်ချက်များကို လူထုအား ပွင့်ပွင့်လင်းလင်း ရှင်းပြပြီး ၎င်းတို့၏ ထောက်ခံမှုကို တောင်းဆိုပါသည်။ သို့သော်လည်း လွယ်လင့်တကူ အောင်မြင်မှုများနှင့် စိတ်ကူးယဉ်အိပ်မက်လောကများ အကောင်အထည်ဖော်လာမည်ဟူ၍ လက်လွတ်စပယ် ကတိပြုချက်များ မပေးချေ။ သူ့တိုင်းပြည်အပေါ် တည်ကြည်ဖြောင့်မတ်စွာ ပြုကျင့်သွားမည်၊ မြန်မာ့လွတ်လပ်ရေးနှင့် စည်းလုံးညီညွတ်ရေးအတွက် အစွမ်းကုန်ဆောင်ရွက်သွားမည်၊ လူထု၏ ညီညွတ်မှုအင်အားသာ သူနှင့် ဖဆပလနောက်၌ တည်ရှိနေမည်ဆိုပါက လွတ်လပ်ရေးနှင့် စည်းလုံးညီညွတ်ရေးဟူသော နှစ်ပွင့်ဆိုင်ပန်းတိုင်သို့ ဦးဆောင်ခေါ်သွားနိုင်မည် ဟူ၍သာ ကတိပြုခဲ့၏။ မြန်မာနိုင်ငံ ပြည်သူလူထုလည်း ရွေးကောက်ပွဲတွင် ဖဆပလကိုယ်စားလှယ်ပေါင်း မြောက်မြားစွာကို ရွေးချယ်တင်မြှောက်လိုက်ခြင်းဖြင့် ဦးအောင်ဆန်း၏ နှိုးဆော်ချက်တို့ကို တုံ့ပြန်လိုက်၏။ ပုဂ္ဂလိကကိုယ်စားလှယ်များနှင့် ကွန်မြူနစ်ကိုယ်စားလှယ်များ လက်တဆုပ်စာလောက်သာ ရွေးချယ်ခြင်းခံခဲ့ရပါသည်။ 'စော၊ စိန်၊ မော်' အုပ်စုကား မိမိတို့သေချာပေါက်ရှုံးမည်ကို သိထားကြသဖြင့် ရွေးကောက်ပွဲများကို သပိတ်မှောက်ခဲ့၏။ ဖဆပလသည် မသင့်တော်သော ဖိအားပေးမှုများ ပြုလုပ်ခဲ့သည်ဟု စွပ်စွဲချက်များနှင့် ရင်ဆိုင်ခဲ့ရ၏။ သို့သော် ရွေးကောက်ပွဲဆိုင်ရာ ခုံရုံးများ၏ တွေ့ရှိချက်များအရ ရွေးကောက်ပွဲရလဒ်များသည် လူထု၏ဆန္ဒကို အမှန်အတိုင်း ရောင်ပြန်ဟပ်ခဲ့ပါသည်။

ဦးအောင်ဆန်း၏ ဘဝနောက်ဆုံးအပိုင်းတွင် သူသည် နေ့စဉ်နှင့်အမျှ နိုင်ငံရေးရင့်ကျက်မှုနှင့် နိုင်ငံအုပ်ချုပ်ရေး ကျင်လည်မှုတို့တွင် တိုးတက်လာသည်ကို မြင်နိုင်ပါသည်။ နိုင်ငံတော်တည်ဆောက်ရေး ကိစ္စရပ်များကို ရင်ဆိုင်ရာ၌ သူ၏ ပင်ကိုယ်အရည်အသွေးများနှင့် တာဝန်သိစိတ်ဓာတ်တို့ ကွန့်မြူးလာ၏။ ဤကာလအတွင်း၌ တချိန်က ဆန့်ကျင်ဖက်ဖြစ်ခဲ့သော ဗြိတိသျှများစွာတို့၏ လေးစားမှုကို ရယူနိုင်ခဲ့သည်။ ထိုပုဂ္ဂိုလ်များအနက် တဦးက အောက်ပါအတိုင်း ရေးသားခဲ့ပါသည်။

> အောင်ဆန်း၏ နိုင်ငံရေးပညာရှင် အရည်အချင်းများ တိုးတက်ကြွယ်ဝလာခြင်းသည် သူ၏ ပင်ကိုယ်စရိုက်ကား ဖြစ်ပေါ်လာသော အခြေအနေများအရ ကြီးထွားလာနိုင်စွမ်းရှိကြောင်းကို ပြသပါသည်။ သူ့ဘဝ၏ နောက်ဆုံး (၁၀) လတွင် သူသည် လက်တွေ့အားဖြင့် ဝန်ကြီးချုပ်အနေအထား၌ ရှိခဲ့ပါသည်။ ထိုကာလအတွင်း၌ သူသည် သူ့နိုင်ငံ မည်မျှကျယ်ဝန်း၍ လူမျိုးပေါင်း မည်မျှစုံပြီး၊ ပြဿနာများ မည်မျှရှုပ်ထွေးပွေလီလှသည်တို့ကို စ၍ ဂဃနဏ သဘောပေါက်ခဲ့ပါသည်။ အလုပ်များလွန်းလှသဖြင့် သူ၏ ကျန်းမာရေးထိခိုက်လာသည့်အပြင် ရုံဖန်ရံခါ အလုပ်မနိုင်မနင်း ဖြစ်ခဲ့ပါသည်။ သို့သော် သူကား ယောကျ်ားကောင်းပီသစွာ ဤဖြစ်ရပ်ကို ဝန်ခံသဖြင့် သူနှင့် နေ့စဉ် ထိတွေ့နေသော ဗြိတိသျှအုပ်ချုပ်ရေးအရာရှိများ၏ လေးစားမှုကို ရရှိခဲ့ပါသည်။ သူ့အား လုပ်ကြံသတ်ဖြတ်ခြင်းသည် နောင်ဖြစ်ထွန်းလာမည့် ဥပဒေမဲ့ကာလများတွင် သူ့နောက်လိုက်များကို စည်းကမ်းထိန်းသိမ်းရန် စွမ်းဆောင်နိုင်သည့် တဦးတည်းသောပုဂ္ဂိုလ်ကို သူ့တိုင်းပြည် ဆုံးရှုံးရခြင်းပင်ဖြစ်ပါသည်။

ဇွန်လအစောပိုင်းတွင် ဦးအောင်ဆန်းသည် တိုင်းပြည်အတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စီစဉ်ရန် ရန်ကုန်မြို့ ပြည်လမ်းရှိ 'ဆိုရန်တိုဗီလာ' အဆောက်အဦးတွင် စည်းဝေးပွဲများ ဆက်တိုက်ကျင်းပပါသည်။ ညီလာခံအဖွင့်မိန့်ခွန်းတွင် ဦးအောင်ဆန်းသည် အစောတလျှင်လိုအပ်နေသော လုပ်ငန်းများကို မီးမောင်းထိုးပြပြီး လက်တွေ့ကျ၍၊ လေ့နံ့ဓားထစ်မဟုတ်သော အစီအစဉ်များလိုအပ်ကြောင်းကို အလေးပေးပြောသွားပါသည်။ လောဘကြီးလွန်းသော စီမံကိန်းများ မပြုလုပ်မိရန်နှင့် မည်သည့်ကိစ္စများ ပထမဦးဆုံး ဆောင်ရွက်ရန်လိုသည်ကို ဆုံးဖြတ်ရန် အရေးကြီးကြောင်းကိုလည်း ပြောသွားပါသည်။ ထို့အပြင် တိုင်းသူပြည်သားတို့ လက်အတွင်းသို့ အချုပ်အခြာအာဏာ ပြန်၍ရောက်နေရကား တိုင်းပြည်တွင်ဖြစ်ပေါ်သမျှ အနိဋ္ဌာရုံများအတွက် နယ်ချဲ့စနစ်ကို အပြစ်တင်တိုက်ခိုက်ခြင်းဖြင့် အချိန်နှင့်အင်အားတို့ကို အလဟဿမဖြုန်းကြရန် သတိပေးသွားပါသည်။ နယ်ချဲ့စနစ်ကို တိုက်ဖျက်ရန်သုံးခဲ့သော လက်နက်များသည် လွတ်လပ်သော နိုင်ငံတခုကို တည်တံ့ခိုင်မြဲ၍ တိုးတက်စေရန်အတွက် သင့်လျော်သော ကိရိယာများဖြစ်သည်ဟု အစဉ်အမြဲ မတွက်ဆနိုင်ကြောင်း သူ ပြည့်ပြည့်ဝဝ နားလည်ပါသည်။ ဦးအောင်ဆန်းသည် မြန်မာနိုင်ငံအနေနှင့် နိုင်ငံတကာ မိသားစုအသိုင်းအဝိုင်းတွင်

www.burmeseclassic.com

www.burmeseclassic.com

မှန်ကန်သောနေရာမှ ပါဝင်ဆောင်ရွက်နိုင်မည့် အနာဂတ်ကာလကို မျှော်မှန်းကာ စစ်မှန်သော အမျိုးသားရေးသည် နိုင်ငံတကာအရေးကို အထောက်အကူပြုရမည်ဖြစ်ကြောင်း သူ မြင်ပါသည်။

ဦးအောင်ဆန်းသည် သွေးထွက်အောင် မှန်သဖြင့် အချို့လူများ မခံသာသော စကားမျိုးကို ပြောရန် မတွန့်ဆုတ်ပါ။ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့တွင် ပြောကြားခဲ့သော သူ၏ နောက်ဆုံးမိန့်ခွန်းတွင် ပြည်သူတို့အား မိမိတို့၏ ချို့ယွင်းချက်များကို ပြုပြင်ရန်၊ စည်းကမ်းရှိရန်၊ ဖွဲ့ဝိရိယကြီးရန်နှင့် အများအကျိုးအတွက် ကိုယ်ကျိုးစွန့်ရန် စသဖြင့် ဆော်သြခဲ့ပြီး လွတ်လပ်ရေး၏ အကျိုးအရသာများ ပြည့်ဝစွာ မခံစားနိုင်မီ နှစ်ပေါင်းများစွာ ရုန်းကန်ကြိုးစားရဦးမည်ဖြစ်ကြောင်းကိုလည်း သတိပေးခဲ့၏။ ဖြောင့်မတ်တည်ကြည်ပြီး မိမိကိုယ်ကို ဆန်းစစ်နိုင်စွမ်းရှိသူပီပီ ဦးအောင်ဆန်းသည် သူ၏ အားနည်းချက်များကို ပြုပြင်ရန် လိုကြောင်းကိုလည်း မိတ်ဆွေများအား ဝန်ခံခဲ့ပါသည်။ ကျောင်းသားတော်လှန်ရေးသမား လူငယ်တယောက်တွင် သည်းခံခွင့်လွှတ်နိုင်သော အပြစ်အနာများသည် နိုင်ငံ၏ အထင်ကရ ခေါင်းဆောင်တွင်မူကား လက်ခံခွင့်လွှတ်ဖွယ်မဟုတ်ပေ။ အချောကိုင်ရန် လိုနေသော အမူအကျင့်များ ရှိနေသေး၏။ အဆင်မပြေလှသော ဒေါသကြီးတတ်ခြင်းကို ထိန်းချုပ်ရပေဦးမည်။ လူမှုဆက်ဆံရေးတွင်လည်း မည်မျှပင် ငြီးငွေ့ဖွယ်ဖြစ်စေ လောကဝတ်ပျူငှာစေရန် လေ့ကျင့်ရပေဦးမည်။

အာဏာလွှဲပြောင်းရေးအစီအစဉ်များကို လျှင်မြန်စွာ တဆင့်ပြီးတဆင့် တိုးတက်၍ အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ မေလတွင် ကျင်းပသော ညီလာခံ၌ ဖဆပလအဖွဲ့ချုပ်သည် မိမိတို့၏ လွတ်လပ်ရေးနှင့်ပတ်သက်သော မူဝါဒကို ချမှတ်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံဟူ၍ ခေါ်တွင်မည့် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် သမတနိုင်ငံ၏ အခြေခံဖွဲ့စည်းပုံ ဥပဒေမူကြမ်းကို ရေးဆွဲရန် ကော်မတီကိုလည်း ဖွဲ့စည်းလိုက်ပါသည်။ ခက်ခဲဆင်းရဲစွာ လုံးပမ်းခဲ့ရသော ပန်းတိုင် လက်တကမ်းမျှသာ ရှိတော့သည်ဖြစ်၍ ဦးအောင်ဆန်းသည် တင်းမာမှုများ လျော့ကာ ပိုမို၍ ပျော့ပြောင်းချိုသာလာ၏။ သူ၏တပ်များကို ဂျပန်တော်လှန်ရေးတွင် ဦးဆောင်ခဲ့စဉ်က အံ့ကြီးတခဲခဲနှင့် တွေ့မြင်ရသော လူငယ်စစ်သေနာပတိချုပ်၏ ပုံပန်းသဏ္ဌာန်နှင့်ကား သိသိသာသာခြားနားလာပါသည်။ သူ၏ အတွင်းအပြင်သည် ကြည်လင်တည်ငြိမ်၍ သောကကင်းစင်သကဲ့သို့ ဖြစ်နေပါသည်။ သို့သော်လည်း ပင်ပန်းနွမ်းနယ်ခြင်းသည်လည်း နက်ရှိုင်းလှပါသည်။ လွတ်လပ်ရေးရပြီးနောက် နိုင်ငံရေးမှ အနားယူကာ မိသားစုကိစ္စများ၊ စာပေရေးသားခြင်းကိစ္စများကိုသာ အချိန်ပြည့်ပေး၍ လုပ်ဆောင်လိုလားကြောင်း ထုတ်ဖော်ပြောခဲ့ပါသည်။ သို့သော်လည်း ဤဆန္ဒကား မပြည့်ဝခဲ့ပါ။ ဇူလိုင်လ (၁၉) ရက်နေ့ အမှုဆောင်ကောင်စီ အစည်းအဝေးထိုင်နေစဉ် အစောင့်အကြပ်များမရှိသော စည်းဝေးခန်းထဲသို့ ယူနီဖောင်းဝတ်လူတစု တွန်းဝင်လာ၍ စက်သေနတ်များနှင့် ပစ်ခတ်ရာ ဦးအောင်ဆန်း၊ သူ၏ အကိုကြီး ဦးဘဝင်း အပါအဝင် ကောင်စီဝင် (၆) ဦး၊ အထက်တန်းအုပ်ချုပ်ရေးအရာရှိတဦးနှင့် ကိုယ်ရံတော်လေးတဦး ကျဆုံးခဲ့ရပါသည်။

လူသတ်သမားများ ထွက်ပြေးလွတ်မြောက်သွားခဲ့သော်လည်း၊ ၎င်းတို့အား ဦးစောနေအိမ်သို့ ခြေရာခံလိုက်နိုင်ခဲ့ပါသည်။ ဝန်ကြီးချုပ်ဟောင်းသည် အကြံကြီးသူတယောက်ဖြစ်ပြီး 'ကောင်လေးတယောက်ပါပဲ' ဟူ၍ သူ သတ်မှတ်လေ့ရှိသော ဦးအောင်ဆန်း နိုင်ငံ့ခေါင်းဆောင်အဆင့်သို့ တရှိန်ထိုးတက်သွားသည်ကို လက်မခံနိုင်ခဲ့ပေ။ မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် လန်ဒန်သို့ ထွက်ခွာမသွားမီ လအနည်းငယ်အလိုလောက်တွင် ကာကီဝတ်စုံ ဝတ်ဆင်ထားသူများက သေနတ်ဖြင့် ပစ်ခတ်သဖြင့် ဦးစောမျက်စေ့တွင် ဒဏ်ရာရခဲ့ပါသည်။ ဦးစောသည် ဤကိစ္စတွင် ဦးအောင်ဆန်း၏ ပြည်သူ့ရဲဘော်တပ်ဖွဲ့ဝင်များ၌ တာဝန်ရှိသည်ဟု ယူဆကာ ကလဲ့စားချေခြင်းဖြစ်သည်ဟု အချို့က ခန့်မှန်းကြပါသည်။ သို့သော် နိုင်ငံတော်လုပ်ကြံမှုနှင့် ပတ်သက်၍ စစ်ဆေးတွေ့ရှိချက်များအရ အလုပ်အမှုဆောင်ကောင်စီတခုလုံးအား သုတ်သင်ချေမှုန်းရန် ညွှန်ကြားခဲ့ခြင်းဖြစ်ပါသည်။ ဦးအောင်ဆန်းနှင့် လုပ်ဖော်ကိုင်ဖက်များကို ရှင်းလင်းသုတ်သင်လိုက်ခြင်းဖြင့် သူသာ မြန်မာနိုင်ငံအစိုးရခေါင်းဆောင် ဖြစ်လာမည်ဟူသော ထူးဆန်းသည့် ယုံကြည်ချက်ဖြင့် လုပ်ကြံမှုကြီးကို ဦးစော စီစဉ်ခဲ့ဟန်တူပါသည်။ ဦးစောအပေါ် ရာဇဝတ်ပြစ်မှုများ ကျူးလွန်ရန် အားပေးကူညီမှုအတွက် အပြစ်ရှိကြောင်း စီရင်ဆုံးဖြတ်ပြီး သေဒဏ်ချမှတ်လိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဦးအောင်ဆန်း ကွယ်လွန်အနိစ္စရောက်သွားသော်လည်း သူ၏ ဘ၀ကိုပေး၍ ကြိုးပမ်းခဲ့ရသော လွတ်လပ်ရေးကိုသာ မြန်မာနိုင်ငံ ရရှိခဲ့ပါသည်။ အသက်ရှင်ကျန်ခဲ့သော ဖဆပလဝင်များအနက် အဆင့်မြင့်ဆုံးဖြစ်သော ဦးနုသည် စေ့စပ်ဆွေးနွေးရေးများကို ဆုံးခန်းတိုင် ဆက်လက်ဆောင်ရွက်သွားပြီး ၁၉၄၈ ခုနှစ် ဇန္နဝါရီလ (၄) ရက်နေ့တွင် လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို မွေးဖွားခဲ့ပါသည်။

နိဂုံး

ခေတ်သစ်မြန်မာနိုင်ငံသမိုင်း သုတေသီတဦးဖြစ်သူ အမေရိကန်ပညာရှင် ဖရင့်၊အင်၊ထရေဂါ ရေးသားခဲ့သော အောက်ပါစကားကောက်နုတ်ချက်ကို ဤနေရာ၌ ဖော်ပြက သင့်တော်မည်ထင်ပါသည်။

> မဟာလူသားတဦး၏ လုပ်ဆောင်ချက်များအနေဖြင့်သာ ဖြစ်ရပ်စဉ်ကို တင်ပြခြင်းသည် သမိုင်းကို လွဲမှားစွာ မြင်ခြင်းဖြစ်ပါသည်။ ဤစာအုပ်တွင်လည်း ထိုကဲ့သို့တင်ပြခြင်းမျိုး အတိုင်းအတာတခုအထိ ပါဝင်ခဲ့ပါလျှင် ထိုအတိုင်းအတာအထိ လွဲမှားသောအမြင် ရှိခဲ့သည်ဟု ဆိုနိုင်ပါသည်။ သို့သော်လည်း ထိုစဉ်က မြန်မာပြည်အခြေအနေအရ သခင်များ နိုင်ငံရေးရာထူးနေရာ ရရှိခဲ့ချိန်မှစ၍ လွတ်လပ်ရေးအရဏ်တက်ချိန်ဖြစ်သော ၁၉၄၈ ခုနှစ် ဇန္နဝါရီလတိုင် (၁၂) နှစ်ကာလအတွင်း စွမ်းဆောင်နိုင်မှုများကို ဖြစ်ရပ်စဉ်အလုံးစုံအပေါ် လွှမ်းခြုံခဲ့သော အောင်ဆန်း၏ ခေါင်းဆောင်မှုရှုထောင့်မှ စီစစ်ခြင်းကား မှန်ကန်သင့်လျော်သည်ဟု ထင်မိပါသည်။

အခြားတဖက်မှကြည့်လျှင်လည်း အထက်ဖော်ပြပါ သဘောတရားကား မှန်ကန်ပါသည်။ မြန်မာ့လွတ်လပ်ရေးလှုပ်ရှားမှု နောက်ခံကားကို အခြေပြု၍သာ ဦးအောင်ဆန်း၏ ဘ၀ကို လေ့လာနိုင်မည်ဖြစ်ပါသည်။ ထိုကဲ့သို့ ချဉ်းကပ်နည်းသည် သူ၏ ကိုယ်ရေးကိုယ်တာအပိုင်းကို လျစ်လျူရှုရာ ရောက်နိုင်ပါသည်။ သို့သော် သူ့အသက် (၂၀) ကျော်ကျော် ကျောင်းသားနိုင်ငံရေးလောကထဲ ဝင်ခဲ့စဉ်ကစ၍ သူ၏ဘ၀နှင့် လွတ်လပ်ရေးကြိုးပမ်းမှုသည် ခွဲခြား၍ မရလောက်အောင် ရောထွေးဆက်နွယ်နေသည့်အပြင် ဦးအောင်ဆန်းကား သူ၏ အဇ္ဈတ္တသန္တာန်နှင့် ကွာခြားသော ဗဟိဒ္ဓအသွင်ကို လူထုရှေ့မှောက် ဘန်းပြသူမျိုး မဟုတ်ခဲ့ပါ။ သူ၏ ရုပ်ပုံလွှာတခုလုံးကို ခြုံ၍ကြည့်ပါက မြင့်မားသောရည်မှန်းချက်၊ ခိုင်မာပြတ်သားသော စိတ်ဓာတ်တို့ဖြင့် သူ၏နိုင်ငံ လွတ်လပ်ရေးရစေရန် ခေါင်းဆောင်မှုပေးခဲ့သော သိက္ခာသမာဓိကြီးမားသည့် လူငယ်တဦးကို မြင်ရပေမည်။ သူ၏ နိုင်ငံရေးအတိုက်အခံများနှင့် သူ၏ နိုင်ငံကို အုပ်ချုပ်နေသော နိုင်ငံခြားသားများကို တိုက်ခိုက်ခဲ့သဖြင့် သူ့အား သစ္စာဖောက်ဟု မြင်ခဲ့သူတို့က ဦးအောင်ဆန်းသည် ထင်ပေါ်ကျော်ကြားမှုလိုလားသဖြင့် အကြင်နာကင်းသည်၊ ဆင်ခြင်တုံတရားခေါင်းပါးသည်၊ နှစ်ဖက်ချွန်လုပ်တတ်သည်ဟု စွပ်စွဲခဲ့ကြ၏။ ထိုကဲ့သို့သော စွပ်စွဲချက်များကို သူ၏ လုပ်ဆောင်ချက်မှတ်တမ်းအပေါ် အခြေပြု၍ အကဲဖြတ်နိုင်ပါသည်။ အခြားသူများ ပိုမို၍ကောင်းမွန်သော ခေါင်းဆောင်မှုပေးနိုင်သည်ဟု သူ ယုံကြည်သ၍ နောက်လိုက်နေရာမှ တာဝန်ကို စေတနာပြည့်ဝစွာ ထမ်းဆောင်ခဲ့ပါသည်။ သူတဦးတည်းသာ တိုင်းပြည်ကို ညီညွတ်မှုပေးကာ လွတ်လပ်ရေးပန်းတိုင်သို့ရောက်ရန် ခေါင်းဆောင်မှုပေးနိုင်မည်ဖြစ်ကြောင်း ထင်ရှားလာသောအခါမှ သူသည် ဗဟိုမဏ္ဍိုင်နေရာကို ယူခဲ့ပါသည်။ ကျောင်းသားဘ၀ကပင် သူ၏ ရင်းနှီးသော နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်ဖြစ်ခဲ့သူ ဦးကျော်ငြိမ်းက မည်သူကမှ ဗိုလ်ချုပ်အောင်ဆန်းအား ခေါင်းဆောင်နေရာကို ပေးခဲ့သည်မဟုတ်ဘဲ၊ သူ၏ လုပ်ရည်ကိုင်ရည် ကြွယ်ဝမှုကြောင့် ခေါင်းဆောင်နေရာကို ရရှိခဲ့ခြင်းဖြစ်ကြောင်း ပြောဆိုခဲ့ပါသည်။ ဦးအောင်ဆန်းသည် သုန်မှုန်ခြင်းနှင့် စိတ်လှုပ်ရှားသဖြင့် ပေါက်ကွဲခြင်းများ ရှိခဲ့သော်လည်း လွတ်လပ်ရေးလှုပ်ရှားမှုအကျိုးငှာ စုပေါင်းဆုံးဖြတ်ချက်များ ချရာတွင် သူ၏ ပုဂ္ဂိုလ်ရေးရာခံစားချက်များနှင့် အလိုဆန္ဒတို့ကို မည်သောအခါမျှ အသားမပေးခဲ့ချေ။ လွတ်လပ်ရေးတိုက်ပွဲအဆင့်ဆင့်၌ သူသည် ရင်းနှီးသော နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်များနှင့် တိုင်ပင်ဆောင်ရွက်၍ တရားမှန်ဝေဖန်ချက်များကို လက်ခံကာ

www.burmeseclassic.com

www.burmeseclassic.com

အသင့်တော်ဆုံးဖြစ်မည်ထင်ပါက တာဝန်များကို လွှဲပြောင်းခဲ့ဝေပေးပါသည်။ သို့သော် ကိုယ်ကျိုးရှာသမားများ၊ တာဝန်မဲ့လုပ်ရပ်များနှင့် လွတ်လပ်ရေးကြိုးပမ်းမှုကို ထိပါးနိုင်မည့် အလုပ်ပျက်ကွက်မှုများကို သည်းမခံပါ။ သူသည် တရားမျှတမှုနှင့် ဒီမိုကရေစီဝါဒတို့ကို ယုံကြည်လက်ခံကာ သူ၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်အရလုပ်ပါက ပိုမို၍ ကောင်းမွန်မည်ဖြစ်သော အချိန်အခါများ၌ပင် လုပ်ဖော်ကိုင်ဖက်များ၏ အလိုကျ ဆောင်ရွက်ခဲ့သည်လည်း ရှိခဲ့၏။ အမှုဆောင်ကောင်စီခေါင်းဆောင်အနေနှင့် သူ၏အမြင်ကို အခြားသူများ လက်ခံစေရန် အပေါ်စီးနှင့် ဆောင်ရွက်ခဲ့ခြင်း မရှိခဲ့ပါ။ အားလုံးက လွတ်လပ်၊ ပွင့်လင်း၊ ပြည့်စုံစွာ ဆွေးနွေးပြီးမှ ဆုံးဖြတ်ချက်ချကြပါသည်။ သူကိုယ်တိုင် ပွင့်လင်းစွာ ဝန်ခံခဲ့သည့်အတိုင်း သူသည် အမှားအယွင်းကင်းသူမဟုတ်ပါ။ သို့သော် သူ၏ စိတ်ရည်ဉာဏ်ရည်ကား အစဉ်သဖြင့် ကြီးထွားတိုးတက်နိုင်စွမ်းရှိခဲ့ပါသည်။

ဦးအောင်ဆန်းသည် အစွန်းရောက် တယူသန်သမားများကို စွဲဆောင်နိုင်စွမ်းထက် မိမိတို့ ယုံကြည်လေးစားသော ခေါင်းဆောင်အောက်တွင် စိတ်ငြိမ်းအေး ကိုယ်ချမ်းသာစွာဖြင့် မိမိတို့ဘဝကို နေလိုသော သာမန်ပြည်သူတို့ကို စွဲဆောင်နိုင်စွမ်းရှိခဲ့ပါသည်။ ပြည်သူတို့သည် ၎င်းတို့မျှော်မှန်းထားသော ခေါင်းဆောင်ကောင်း အရည်အသွေးများ ဦးအောင်ဆန်း၌ ရှိသည်ဟု မြင်ခဲ့၏။ သူကား ကိုယ်ကျိုးထက် နိုင်ငံ့အကျိုးကို ဦးစားပေးခဲ့သည်။ သူ၏ အာဏာအထွတ်အထိပ်ရောက်နေသည့် အချိန်တွင်ပင် ဆင်းဆင်းရဲရဲ ဟန်ပန်မရှိ နေထိုင်ခဲ့သည်။ ခေါင်းဆောင်တို့၏ အထူးအခွင့်အရေးများကို မမက်မောဘဲ ခေါင်းဆောင်မှုတာဝန်များကို လက်ခံခဲ့သည်။ ထို့အပြင် သူသည် နိုင်ငံရေးပါးနပ်လိမ္မာမှုနှင့် နိုင်ငံအုပ်ချုပ်ရေး ကျွမ်းကျင်မှုစွမ်းအားကြီးသော်လည်း သူ၏ အတွင်းသဘောထား၏ နက်ရှိုင်းလှသော ရိုးသားမှုကား မည်သောအခါမျှ တိမ်ကောသွားခြင်း မရှိခဲ့ပါ။ မြန်မာနိုင်ငံ ပြည်သူလူထုအတွက် ဦးအောင်ဆန်းသည် မိမိတို့ လိုလားတောင့်တနေချိန်တွင် နိုင်ငံ၏ ဂုဏ်သိက္ခာကို ဆည်ရန် ပေါ်ပေါက်လာခဲ့သူဖြစ်ပါသည်။ သူ၏ ဘဝသည် ပြည်သူတို့ စိတ်အားတက်ကြွ အတုယူဖွယ်ရာဖြစ်သကဲ့သို့ သူ့အား သတိရလွမ်းဆွတ်ခြင်းသည် ပြည်သူတို့၏ နိုင်ငံရေးအသိစိတ်ကို လမ်းမလွဲစေရန် ထိန်းကွပ်မှုအဖြစ် တည်ရှိလျက်နေပါသည်။

(အောက်ဖော်ပြပါ ဆောင်းပါးကို နောက်စာမျက်နှာအသစ်တွင် ထည့်ရပါမည်။)

၂

## ဒီမိုကရေစီရှာပုံတော်

၁၉၉၁ ခုနှစ် အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော စာအုပ်မှ စာမျက်နှာ ၁၆၇–၁၇၉ ကို မြန်မာပြန်သည်။

* * *

၁

မြန်မာနိုင်ငံတွင် ဒီမိုကရေစီလှုပ်ရှားမှုကို ဆန့်ကျင်ကြသူများက ယင်းလှုပ်ရှားမှုကို ပျက်ပြားစေရန်အလို့ငှာ တိုင်းပြည်အတွက် မည်သည့်အရာက အကောင်းဆုံးဖြစ်သည်ကို ပြည်သူလူထုအနေဖြင့် သိရှိနိုင်စွမ်း မရှိဟူ၍၎င်း၊ ဒီမိုကရေစီအခြေခံသဘောတရားတို့သည် မြန်မာမဆန်ဟူ၍၎င်း ပြောဆိုနေကြပါသည်။ တတိယကမ္ဘာမှ အစိုးရတို့သည် အာဏာရှင်စနစ်ကို မှန်ကန်ကြောင်း ပြဆို၍ ဆက်လက်တည်မြဲစေရန် ကြိုးပမ်းရာတွင် သဘောထားပြည့်ဝသော ဒီမိုကရေစီမူသဘောတို့သည် နိုင်ငံခြားနှင့်သာဆိုင်သည်ဟူ၍ ပယ်ချကြသည်မှာ အသစ်အဆန်းမဟုတ်ပါ။ တိုင်းရင်းသားယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းစဉ်လာ စံသတ်မှတ်ချက်များနှင့် မည်သည့်အရာက ကိုက်ညီသည်၊ မကိုက်ညီသည်ကို၊ ၎င်းတို့သည်သာလျှင် တရားဝင်ဆုံးဖြတ်ပိုင်ခွင့်ရှိသည်ဟု သွယ်ဝိုက်သောနည်းဖြင့် ပြောဆိုနေကြခြင်းဖြစ်ပါသည်။ အစိုးရ၏ အာဏာကို စုစည်းခိုင်မာအောင် ပြုလုပ်ရန် ရည်ရွယ်သည့် ဤသို့သော လုပ်ရိုးလုပ်စဉ် ဝါဒဖြန့်မှုများကို နိုင်ငံရေးသိပ္ပံပညာရှင်များ၊ ဥပဒေပညာကျော်များနှင့်

www.burmeseclassic.com

www.burmeseclassic.com

လူမှုရေးပညာရှင်များက ခွဲခြားစိတ်ဖြာ၊ လေ့လာဆန်းစစ်၍ မမှန်ကန်ကြောင်း သက်သေပြခဲ့ပြီး ဖြစ်ပါသည်။ သို့သော်လည်း ပြင်ပကမ္ဘာ၏ နိုင်ငံရေး၊ အသိဉာဏ် တိုးတက်မှုတို့နှင့် နှစ်ပေါင်းများစွာ ကွဲကွာခဲ့ရသော မြန်မာပြည်၌မူ ပြည်သူလူထုကို နိုင်ငံရေးတာဝန်ပေးရန် မသင့်လျော်ဟူ၍၎င်း၊ ဒီမိုကရေစီနှင့် မသင့်လျော်ဟူ၍၎င်း၊ ပြောဆိုလာခဲ့သော ယုံတမ်းစကားနှစ်ရပ်ကို ချေဖျက်ရာတွင်၊ ပြည်သူတို့သည် မိမိကိုယ်ကိုသာ မိမိ အားကိုးကြရပါသည်။ ဒီမိုကရေစီလှုပ်ရှားမှု မြန်မာတပြည်လုံးသို့ ပြန့်နှံ့သွားသည်နှင့်တပြိုင်နက် ဒီမိုကရေစီဟူသော စကားလုံး၏ အဓိပ္ပာယ်၊ သမိုင်းကြောင်းနှင့် လက်တွေ့သဘောတရားတို့ကို အပြင်းအထန် စိတ်ဝင်စားလာကြပါသည်။ အမြင်ကျဉ်းမြောင်းသော အာဏာရှင်စနစ်အောက်တွင် အဓိပ္ပာယ်တိမ်၍ အနှစ်သာရကင်းမဲ့သော တရားသေဝါဒကို နှစ်ပေါင်း (၂၅) နှစ်ကျော် အာဟာရအဖြစ် ခွန့်ကျွေးခြင်းခံကြရသော်လည်း မြန်မာပြည်သားတို့၏ နိုင်ငံရေးနိုးကြားမှုသည်၎င်း၊ စိတ်ကူးစိတ်သန်းတို့သည်၎င်း တုံးမသွားပါ။ ပြည်သူတို့၏ စီးစစ်ဝေဖန် နှီးနှောလိုစိတ်၊ ငြင်းခုန်ဆွေးနွေးလိုစိတ်၊ မတည်းဖြတ်သော သတင်းအချက်အလက်များကို သိရှိလိုစိတ်နှင့် ယထာဘူတကျစွာ ခွဲခြမ်းစိတ်ဖြာ လေ့လာလိုစိတ် စသည့် စိတ်ဓာတ်တို့သည် တုံးမသွားဘဲ ပို၍ပင် ထက်မြက်လာသည်ဟု မှတ်ထင်ရပါသည်။ ဒီမိုကရေစီစနစ်နှင့်ပတ်သက်သော အတွေ့အကြုံဟူ၍ ပြည်သူတို့တွင် မရှိသလောက်ပင် ဖြစ်သော်လည်း ယဉ်ကျေးသောလူ့အဖွဲ့အစည်းတွင် ဒီမိုကရေစီရှိထိုက်သည်ဟု ၎င်းတို့၏ လက်တွေ့ဘဝပေးအသိဉာဏ်အရ ယုံကြည်လာကြပါသည်။ ထို့အပြင် ခေတ်သစ်နိုင်ငံရေး အယူအဆစနစ်များနှင့်ဆိုင်သော ဂွထ္ထဝင်သီအိုရီသဘောတရားတို့ကို စိတ်ပါဝင်စားစွာ လေ့လာလိုစိတ်များ ထက်သန်လာသည်သာမကဘဲ ဒီမိုကရေစီသဘောအား လူမှုစနစ်တရပ်အနေဖြင့် တွေးတောဆင်ခြင်မှုများ နိုင်ငံအနှံ့အပြားတွင် ပေါ်ထွက်လာပါသည်။ ပြည်သူ့ကိုယ်စားလှယ်များသာ ပါဝင်သော အစိုးရစနစ်၊ လူ့အခွင့်အရေး၊ တရားဥပဒေစိုးမိုးရေး စသည့် အခြေခံအယူအဆများကိုလည်း မိမိတို့အလိုအလျောက် အနက်အဓိပ္ပာယ်ဖော်၍ ဆွေးနွေးလာကြပါသည်။ ဒီမိုကရေစီစည်းမျဉ်းများ၊ အဖွဲ့အစည်းများက အာမခံမည့် လွတ်လပ်မှုနှင့် ခံစားခွင့်များကို စိတ်အားထက်သန်စွာ ဆင်ခြင်တွေးတောလာကြပါသည်။ တည်မြဲသော ဒီမိုကရေစီစနစ်ကို ထိန်းသိမ်းရန် တာဝန်ယူမည့်ပုဂ္ဂိုလ်တို့၏ ဝတ္တရားသည်လည်း အတွေးနယ်ချဲ့စေရန် လှုံ့ဆော်ပေးသော အကြောင်းအရာပင် ဖြစ်ပါသည်။ ဆိုးသွမ်းသောအစိုးရ၏ ဒဏ်ကို ဆိုးဝါးစွာခံခဲ့ရသော ပြည်သူလူထုသည် ကောင်းမွန်သော အစိုးရနှင့်ဆိုင်သော သီအိုရီအယူအဆများကို အထူးအာရုံစိုက်နေသည်မှာ သဘာဝပင်ဖြစ်ပါသည်။

ဓလေ့ထုံးတမ်းစဉ်လာအရ သွန်သင်ဆုံးမသည့် အခန်းကဏ္ဍမှ ပါဝင်သော ဗုဒ္ဓဘာသာ ရဟန်းသံဃာတော်တို့ကလည်း ဗုဒ္ဓဝင်စာပေများကို ကိုးကား၍ ကာလဒေသမရွေး ပြောင်းလဲခြင်းမရှိနိုင်သော တန်ဖိုးထားမှုများကို ရှင်းလင်းပြသကာ အများပြည်သူ၏ မျှော်လင့်ချက်များကို ထုတ်ဖော်ပြောဆိုရာ၌ ဦးဆောင်လမ်းပြလုပ်ကြပါသည်။ သို့သော်လည်း ရှေးထုံးစဉ်လာ ပညာဗဟုသုတကို မျက်မှောက်ခေတ်လိုအပ်ချက်များနှင့် ဆီလျော်ရလေအောင် သတိရှိစွာ ကြိုးပမ်းရာ၌ အထူးသီးသန့် အသိုင်းအဝိုင်းတွင်သာ မဟုတ်ဘဲ မြို့နေပညာတတ်နှင့် စျေးသည်ကလေးများမှစ၍ ကျေးလက်ဒေသက တက်ကြွသော အဖွားအိုများအထိ မြန်မာ့လူ့အဖွဲ့အစည်းတရပ်လုံးတွင် ကြိုးစားအားထုတ်နေခြင်းပင် ဖြစ်ပါသည်။ မြန်မာပြည်တွင် သဘာဝ သယံဇာတပစ္စည်းများနှင့် လူအင်အားရှိပါလျက် အရှေ့တောင်အာရှတွင် စွမ်းရည်အရှိဆုံးနှင့် တိုးတက်မှုအမြန်ဆုံး နိုင်ငံတနိုင်ငံ ဖြစ်လာရမည်ဟူသော အစောပိုင်းက ထားရှိခဲ့သည့် ကတိအတိုင်း ဆောင်ရွက်နိုင်ခြင်း မရှိခဲ့သည်မှာ အဘယ်ကြောင့်နည်း။ အပြည်ပြည်ဆိုင်ရာ ပညာရှင်များက သမိုင်း၊ ယဉ်ကျေးမှု၊ နိုင်ငံရေးနှင့် စီးပွားရေးအကြောင်းအချက်များကို သေချာစွာ ခွဲခြမ်းစိတ်ဖြာလေ့လာ၍ အသေးစိတ်အဖြေများကို ပေးထားပြီးဖြစ်ပါသည်။ မြန်မာပြည်သားတို့ကမူ ယင်းသို့သော (ဓါတ်ပုံလာပါသည်။)

အပေါ်

သီလရှင်များနှင့်အတူ

အောက်

www.burmeseclassic.com

www.burmeseclassic.com

ဘုရားဝတ်ပြုနေစဉ်

(ဆောင်းပါးအဆက်)

ခေတ်မီပညာရပ်ဆိုင်ရာ အချက်အလက်များကို မရနိုင်သောကြောင့် တိုင်းပြည် ဆုတ်ယုတ်ပျက်စီး ယိုယွင်းရခြင်းအကြောင်း၏ အဓိကအချက်ကို ရှာဖွေလေ့လာရာတွင် ဗုဒ္ဓဘုရား၏ ဆုံးမဩဝါဒများကိုသာ အားကိုးအားထားပြုကြရာ အကြောင်းအရင်းလေးခုကို တွေ့ရပေသည်။ "ပျောက်လျှင် မရှာ၊ ပျက်တာ မပြင်၊ ဆင်ခြင် မသုံး၊ အဖြုန်း ဟော့ရမ်း၊ လူ့ပေါက်ပန်းကို၊ ရှေ့တန်းမှာတင်၊ ဤလေးအင်–မှန်ပင်ပျက်စီးကြောင်း။" (အင်္ဂုတ္တရ နိကာယ စတုတ္ထ နိပါက ပါဠိတော်။)

မျက်မှောက်ခေတ်အခြေအနေအရ အဓိပ္ပာယ်ဖွင့်ဆိုရမည်ဆိုပါက စစ်အာဏာရှင်စနစ်ကြောင့် ပျောက်ဆုံးသွားရသော ဒီမိုကရေစီအခွင့်အရေးများကို ပြန်လည်ရရှိရန်အတွက် ကြိုးပမ်းမှု အလုံအလောက်မရှိခြင်း၊ ကိုယ်ကျင့်တရားနှင့် နိုင်ငံရေးဆိုင်ရာ တန်ဖိုးထားမှုများ ယိုယွင်းပျက်စီးလာသည်ကို အပြင်းအထန် ကြိုးစားဟန့်တားမှု မပြုလုပ်ခြင်း၊ စီးပွားရေးကို ဆိုးဝါးစွာ ကြီးကြပ်ကွပ်ကဲခြင်းနှင့် တိုင်းပြည်ကို ပညာအမျှော်အမြင်လည်းမရှိ၊ သမာဓိလည်း မရှိသောသူတို့က အုပ်ချုပ်ခြင်း စသည့်အကြောင်းများပင် ဖြစ်ပါသည်။ ၁၉၆၂ ခုနှစ်မှစ၍ မြန်မာနိုင်ငံ ယိုယွင်းပျက်စီးလာရသည့် အဓိကအကြောင်းရင်းများကို ရှာဖွေရာတွင် အကျွမ်းကျင်ဆုံးသော ပညာရှင်က နောက်ဆုံးပေါ် ခေတ်မီအကောင်းဆုံး သုတေသနနည်းစနစ်များကို သုံး၍ သေချာပြည့်စုံအောင် လေ့လာထားချက်သည်ပင်လျှင် ထိုထက်ပို၍ မှန်ကန်တိကျပြတ်သားစွာ ဖော်ပြနိုင်မည်မဟုတ်ပါ။

တပါတီဆိုရှယ်လစ် အာဏာရှင်စနစ်အောက်တွင် ချမှတ်သော အစိုးရလမ်းစဉ်များသည် တကယ့်လိုအပ်ချက်များနှင့် ဆီလျော်ခြင်းမရှိ၍ မြန်မာပြည်၌ စီးပွားရေးနှင့် အုပ်ချုပ်ရေး မသေချာ မရေရာမှုများ ဖြစ်ပေါ်လာသဖြင့် နေ့စဉ်ဘဝရပ်တည်ရေးအတွက် လာဘ်ပေးလာဘ်ယူမှုနှင့် စည်းကမ်းဥပဒေတိမ်းရှောင်မှုများကို မလွဲမသွေ ကျူးလွန်လာကြရပါသည်။ သို့သော်လည်း နှစ်ပေါင်းကြာမြင့်စွာ ကိုယ်ကျင့်တရားပျက်ပြားမှုနှင့် စီးပွားရေးကျဆင်းမှုများ ဖြစ်ပွားနေသည့်ကြားမှ ပြည်သူလူထုနှင့် ခေါင်းဆောင်ပိုင်းတို့ ပူးပေါင်း၍ မှုကို အခြေခံပြီး ကြိုးစားလုပ်ကိုင်ပါက စီးပွားရေးနှင့် လုံခြုံရေးတို့ကို အောင်မြင်စွာ ရနိုင်မည်ဟူသော စိတ်ကူးအမြင်သည် မြန်မာပြည်တွင် ရှင်သန်လျက် ကျန်ရှိနေပါသည်။ ၁၉၈၈ ခုနှစ် ဒီမိုကရေစီလှုပ်ရှားမှုသည် ယင်းစိတ်ကူးအမြင်ကို အကောင်အထည်ဖော်နိုင်မည့် မျှော်လင့်ချက်ကို ပေါ်ပေါက်စေပါသည်။ အခြေခံအကျဆုံးနှင့် ချက်ချင်းလုပ်ဆောင်ရမည့်အဆင့်တွင် သဘောထားပြည့်ဝသော ဒီမိုကရေစီစနစ်ဟူသည်မှာ အဖွဲ့အစည်းတရပ်အနေဖြင့်ဆိုပါက တရားမျှတ၍ လွတ်လပ်သော ရွေးကောက်ပွဲစနစ်အရ ရွေးကောက်တင်မြှောက်ထားသော ကိုယ်စားလှယ်များက ဖွဲ့စည်းပုံအခြေခံဥပဒေအရ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ဖွဲ့စည်းထားသော အစိုးရပင်ဖြစ်ပါသည်။ မြန်မာပြည်သားတို့သည် ၎င်းတို့၏ ခေါင်းဆောင်များအား ၎င်းတို့ဖာသာ ရွေးချယ်ပိုင်ခွင့်ကို တာဝန်ရှိစွာ ကျင့်သုံးခြင်းအားဖြင့် ဆုတ်ယုတ်ကျဆင်းသည့် ဖြစ်စဉ်ကို ထိရောက်စွာ စတင်တွန်းလှန်နိုင်မည်ဟု မျှော်လင့်နေကြပါသည်။ မြန်မာပြည်သားတို့သည် အစိုးရနှင့်ပတ်သက်သော ထုံးတမ်းစဉ်လာ သီအိုရီအယူအဆများကို ဆန်းစစ်၍ ဒီမိုကရေစီသည် ၎င်းတို့၏ ယဉ်ကျေးမှုဆိုင်ရာ စံသတ်မှတ်ချက်များနှင့် မသင့်လျော်ဟူသော ဝါဒဖြန့်ချက်ကို တန်ပြန်ဆန့်ကျင်ကြပါသည်။

ဗုဒ္ဓဘာသာ ကမ္ဘာ့သမိုင်းအမြင်အရ လူ့အဖွဲ့အစည်းသည် စင်ကြယ်သော မူလအစအခြေအနေမှ ဆုတ်ယုတ်ကျဆင်းလာပြီး ကိုယ့်ကျင့်တရားနှင့် လူမှုရေးပျက်ပြားမှုများကို ကြုံတွေ့လာရသောအခါ၌ တရားမျှတရေးနှင့် ငြိမ်းချမ်းရေးကို ပြန်လည်ရရှိရန်အတွက် အစိုးရမင်းကို ရွေးကောက်တင်မြှောက်လိုက်ခြင်း

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပါသည်။ အုပ်ချုပ်မင်းလုပ်သူသည် ဘွဲ့အမည်သုံးမျိုးဖြင့် ထင်ရှားပါသည်။ **မဟာသမ္မတ** ဟု အမည်ရခြင်းမှာ တိုင်းသူပြည်သားအားလုံး၏ သဘောတူညီချက်အရ တင်မြှောက်ခြင်းခံရ၍ ဖြစ်ပါသည်။ **ခတ္တိယ** ဟု အမည်ရခြင်းမှာ လယ်မြေတို့ကို စိုးမိုးပိုင်ဆိုင်၍ ဖြစ်ပါသည်။ **ရာဇာ** ဟု အမည်ရခြင်းမှာ သီလတရားစောင့်ထိန်းခြင်းဖြင့် ပြည်သူ့မေတ္တာကို ရယူထား၍ဖြစ်ပါသည်။ ပထမဆုံးသောမင်းက ၎င်းရယူသည့် ဆန်စပါး ဝေစုဝေပုံအတွက် ဖြောင့်မတ်စွာအုပ်ချုပ်မည်ဟု တာဝန်ယူသော သဘောတူညီချက်သည် လူသားအချင်းချင်း အပြန်အလှန် သဘောတူညီမှု ရယူ၍ တည်ထောင်သောအစိုးရ၊ တနည်းအားဖြင့် လူမှုပဋိညာဉ်အရ တည်ထောင်ဖွဲ့စည်းသော အစိုးရစနစ်ကို ဗုဒ္ဓဘာသာအမြင်ဖြင့် ပြသခြင်းပင်ဖြစ်ပါသည်။ မဟာသမ္မတ သည် အိန္ဒိယမှ အခြေခံလာသော အရှေ့တောင်အာရှ ဘုရင်စနစ်ပုံစံပင်ဖြစ်ပါသည်။ ဤပုံစံသည် ဘုရင်စနစ်အား ပုဂ္ဂလိက ကိုယ်ပိုင်အဖြစ်သို့ရောက်အောင် အားပေးရာရောက်သဖြင့် ခေတ်သစ်နိုင်ငံတော်ဆိုင်ရာ အယူအဆနှင့် ဆန့်ကျင်ဘက်ဖြစ်သည်ဟု ဝေဖန်ကြပါသည်။ အနောက်တိုင်း အယူအဆတွင် ဘုရင်ဟူသည် "သဘာဝခန္ဓာ" နှင့် "နိုင်ငံတော်ခန္ဓာ" ဟူ၍ ခန္ဓာနှစ်ပါးဖြစ်လေရာ တမင်းလွန်၍ နောက်တမင်း ချောမောစွာ ဆက်ဆံသည့်စနစ်ကို အားပေးပါသည်။ သို့သော်လည်း မဟာသမ္မတမင်းအား အများပြည်သူ၏သဘောဖြင့် ရွေးချယ်ခြင်းဖြစ်ပြီး ၎င်းသည် တရားမျှတသော ဥပဒေများနှင့်အညီ အုပ်ချုပ်ရန် လိုအပ်သောကြောင့် ရွေးကောက်တင်မြှောက်၍ ဥပဒေနှင့်အညီ အုပ်ချုပ်ရသော အစိုးရဟူသည့် အယူအဆသည် မြန်မာ့ထုံးတမ်းစဉ်လာ အတွေးအခေါ်နှင့် ခြားနားခြင်း မရှိပါ။

ဗုဒ္ဓဘာသာအမြင်တွင် အစိုးရမင်းတို့၌ တိုင်းပြည်ကို ထင်သလိုအုပ်ချုပ်နိုင်သည့် ထာဝရဘုရားသခင်ပေးထားသော လုပ်ပိုင်ခွင့်မျိုး မရှိပါ။ အစိုးရမင်းတို့သည် မင်းကျင့်တရားဆယ်ပါး ဆုတ်ယုတ်မှုကို ဟန့်တားသည့် အပရိဟာနိယတရား ခုနစ်ပါး၊ သင်္ဂဟတရား လေးပါး စသည်တို့ကို စောင့်ထိန်းရမည်ဖြစ်ပါသည်။ ထို့အပြင် မင်းတို့ကျင့်သော တရား ဆယ့်နှစ်ပါး၊ နာယကဂုဏ် ခြောက်ပါး၊ ရာဇဂုဏ် ရှစ်ပါး၊ ရန်အောင်ကြောင်းတရား လေးပါး စသည့် များပြားလှသော အကျင့်စာရိတ္တလမ်းညွှန်စည်းကမ်းအတိုင်း ပြုမူရမည်ဖြစ်ပါသည်။

တဖက်က မင်းအား ရန်သူမျိုးငါးပါးထဲတွင် ထည့်သွင်းထားပြီး တဖက်က အာဏာရှိသူတို့ အကျင့်စာရိတ္တကောင်းမွန်စေရန် သွန်သင်ဆုံးမပေးခြင်းကို အားပေးကျင့်သုံးသော ထုံးတမ်းစဉ်လာသည် ကျိုးကြောင်းဆင်ခြင်မှုနှင့် ပြည့်စုံပါသည်။ မြန်မာပြည်သားများသည် အာဏာရှင်အုပ်ချုပ်ရေး အတွေ့အကြုံများစွာ ရှိခဲ့သဖြင့် အစိုးရနှင့် ပတ်သက်လာလျှင် သဘောတရား သီအိုရီနှင့် လက်တွေ့ကျင့်သုံးမှုတို့၌ စိတ်မချမ်းမြေ့စရာ ကွာဟချက်ကြီး ရှိသည်ကို ကောင်းစွာ သိရှိနားလည်ထားကြပါသည်။

လူသိများသော မင်းကျင့်တရားဆယ်ပါးကို ကမ္ဘာပေါ်တွင် ပထမဆုံးပေါ်ပေါက်သော အစိုးရမင်းအား တိုင်းတာရာတွင်၎င်း၊ ခေတ်သစ်အစိုးရအား တိုင်းတာရာတွင်၎င်း ကိုက်တံအဖြစ် အသုံးပြုနိုင်သည်ကို ယေဘုယျအားဖြင့် လက်ခံထားကြပါသည်။ မင်းကျင့်တရားများမှာ ပေးကမ်းစွန့်ကြဲခြင်း (ဒါန)၊ ကိုယ်ကျင့်တရားကောင်းမွန်ခြင်း (သီလ)၊ ကိုယ်ကျိုးစွန့်ခြင်း (ပရိစ္စာဂ)၊ စိတ်ထားဖြောင့်မတ်ခြင်း (အဇ္ဇဝ)၊ ကြင်နာခြင်း (မဒ္ဒဝ)၊ ခြိုးခြံခြင်း (တပ)၊ အမျက်မထွက်ခြင်း (အက္ကောဓ)၊ အကြမ်းမဖက်ခြင်း (အဝိဟေသ)၊ သည်းခံခြင်း (ခန္တီ)နှင့် ပြည်သူ့အလိုကို မဆန့်ကျင်ခြင်း (အဝိရောဓ) စသည်တို့ဖြစ်ပါသည်။

ပေးကမ်းစွန့်ကြဲခြင်း (ဒါန) ဟူသော မင်းကျင့်တရားအရ အုပ်ချုပ်မင်းလုပ်သူသည် ပြည်သူလူထု သာယာဝပြောရေးအတွက် ရက်ရောစွာ ပေးကမ်းရမည်ဖြစ်သဖြင့် အစိုးရဟူသည် နိုင်ငံသူနိုင်ငံသားများကို အလုံအလောက်ပေးကမ်းနိုင်စွမ်း ရှိရမည်ဟု အဓိပ္ပာယ်သက်ရောက်ပါသည်။ ခေတ်သစ်နိုင်ငံရေးအခြေအနေနှင့် ဆိုပါက တာဝန်သိသော အုပ်ချုပ်ရေးစနစ်တရပ်၏ အခြေခံတာဝန်တခုမှာ နိုင်ငံတော်၏ စီးပွားရေးခိုင်မာမှုကို သေချာအောင် ပြုလုပ်ခြင်းပင်ဖြစ်ပါသည်။

ကိုယ်ကျင့်တရား (သီလ) ဟူသည်မှာ ဗုဒ္ဓဘာသာထုံးတမ်းစဉ်လာအရ ငါးပါးသီလစောင့်ထိန်းသည့်အပေါ်တွင် အခြေခံထားပါသည်။ ငါးပါးသီလဟူသည်မှာ အသက်မသတ်ခြင်း၊ မခိုးခြင်း၊ မုသားမသုံးခြင်း၊ အရက်သေစာမသုံးဆောင်ခြင်း၊ သူတပါးသားမယားအား မပြစ်မှားခြင်း စသည်တို့ပင် ဖြစ်ပါသည်။ ပြည်သူတို့၏ ယုံကြည်မှုနှင့် ရိုသေလေးစားမှုကို ရရှိရန်၎င်း၊ ပြည်သူတို့ကို ပျော်ရွှင်ချမ်းသာကြွယ်ဝမှု ပေးနိုင်ရန်၎င်း၊ စံနမူနာကောင်း ပြသရန်၎င်း အုပ်ချုပ်မင်းလုပ်သူသည် ကိုယ်ကျင့်တရားကောင်းမွန်ရမည် ဖြစ်ပါသည်။ ဘုရင်က

www.burmeseclassic.com

www.burmeseclassic.com

ဓမ္မကို စောင့်ထိန်းခြင်း မရှိသောအခါတွင် မင်းမှုထမ်းတို့ ဖောက်ပြန်ကြပါသည်။ မင်းမှုထမ်းတို့ ဖောက်ပြန်သောအခါတွင် ပြည်သူပြည်သားတို့ ဒုက္ခဝေဒနာများစွာ ခံစားကြရပါသည်။ ထို့အပြင် သီလမရှိသောမင်းသည် တိုင်းပြည်၌ ဘေးဒုက္ခဆိုးကြီး ကျရောက်စေသည်ဟုလည်း ယုံကြည်ကြပါသည်။ တိုင်းပြည်တပြည် ကံကြမ္မာဆိုး ကြုံရသည့် အခြေခံအရင်းအမြစ်ကို အစိုးရ၏ ကိုယ်ကျင့်တရားပျက်ပြားမှုများတွင် တွေ့ရှိနိုင်မည် ဖြစ်ပါသည်။

တတိယမင်းကျင့်တရားမှာ ပရိစ္စာဂဖြစ်ပြီး ပေးကမ်းစွန့်ကြဲခြင်းဟူ၍၎င်း၊ ကိုယ်ကျိုးစွန့်ခြင်းဟူ၍၎င်း အဓိပ္ပာယ်ဖွင့်ဆိုကြပါသည်။ ပေးကမ်းရက်ရောခြင်းသည် ပထမမင်းကျင့်တရား (ဒါန) နှင့် ထပ်တူဖြစ်နေသဖြင့် ပြည်သူပြည်သားတို့အကျိုးအတွက် အုပ်ချုပ်မင်းလုပ်သူက ရက်ရောသည့်နေရာတွင် အဆုံးစွန်သော ရက်ရောခြင်းဖြစ်ပါသည်။ ကိုယ်ကျိုးကိုပင် စွန့်လွှတ်ခြင်းဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုက ပို၍ကျေနပ်ဖွယ်ဖြစ်ပါမည်။ အများအကျိုး သယ်ပိုးနိုင်ရန် ကိုယ်ကျိုးစွန့်လွှတ်သည့် သဘောတရားကို ပြသရာ၌ အလောင်းတော် သုမေဓာ ရှင်ရသေ့အား စံနမူနာအဖြစ် အချို့က ထောက်ပြပါသည်။ အလောင်းတော်ရှင်ရသေ့သည် တဘဝတွင် နိဗ္ဗာန်မဂ်ဖိုလ်ကို မျက်မှောက်ပြုနိုင်ပါလျက်နှင့် သတ္တဝါအများ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်စေရန်အလို့ငှာ ဘုရားဆုပန်ကာ မရေမတွက်နိုင်လောက်အောင် များပြားသောဘဝအပေါင်းတွင် ကျင်လည်ရမည့်အဖြစ်ကို လက်ခံခဲ့ပါသည်။ ယင်းကဲ့သို့ပင် လူကြိုက်များသောပုံပြင်တခုမှာ မိမိ၏အသက်ကို စတေး၍ လက်အောက်ငယ်သားများကို ကယ်ဆယ်ခဲ့သော ဘုရားအလောင်း မြောက်မင်းဝတ္ထုပင် ဖြစ်ပါသည်။ မြောက်မင်းကယ်ဆယ်လိုက်သူများထဲတွင် ၎င်းအား ပျက်စီးရန် အစဉ်တစိုက် လိုလားခဲ့ပြီး နောက်ဆုံး ၎င်း၏အသက်ကိုပါ ဆုံးရှုံးအောင်ပြုလုပ်ခဲ့သူ (ဒေဝဒတ်) လည်း ပါဝင်ပါသည်။

စိတ်ထားဖြောင့်မတ်ခြင်း (အဇ္ဇဝ) ဆိုသည်မှာ ပြည်သူ့ဝန်ကို ထမ်းဆောင်ရာတွင် ဖောက်ပြန်မှုကင်းရှင်းရမည်ဟု သဘောရပြီး ပုဂ္ဂိုလ်ရေးဆက်ဆံမှုများတွင်လည်း ဖြောင့်မတ်ရိုးသားရမည်ဖြစ်ပါသည်။ "မင်းမှာသစ္စာ၊ လူမှာကတိ" ဟူသော ဆိုရိုးစကားအရ သာမန်ပုဂ္ဂိုလ်တဦးအနေဖြင့် ၎င်းပေးခဲ့သော ကတိအတိုင်းသာ လုပ်ဆောင်ရုံမျှသာလိုသော်လည်း အုပ်ချုပ်သူတို့မှာမူ ကာယကံ၊ ဝစီကံ၊ မနောကံ အရ သစ္စာတရားကို အစဉ်ထိန်းသိမ်းထားရပါသည်။ သစ္စာတရားသည် ဗုဒ္ဓတရား အဆုံးအမသြဝါဒများ၏ အနှစ်သာရပင်ဖြစ်ပါသည်။ ဗုဒ္ဓရှင်တော်သည် မိမိကိုယ်ကို မိမိ **တထာဂတ** သို့မဟုတ် သစ္စာတရားသို့ ရောက်ရှိလာသူဟု ရည်ညွှန်းပါသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်မင်းတို့သည် "သူ့အမည်သညာနှင့် သူ့သဘာဝ အစဉ်ထာဝရ ညီညွတ်ဖြောင့်မှန်ခြင်း" တည်းဟူသော သစ္စာတရားနှင့်အညီ နေထိုင်အုပ်ချုပ်ရမည်ပင် ဖြစ်ပါသည်။ ပြည်သူလူထုကို လိမ်လည်လှည့်ဖြားမှု၊ အထင်မှား အမြင်မှား ဖြစ်စေမှု စသည်တို့သည် အလုပ်တာဝန်ဝတ္တရား ပျက်ကွက်ချွတ်ယွင်း၍ ကိုယ်ကျင့်တရားကို ဖောက်ဖျက်ခြင်းပင် ဖြစ်ပါသည်။ "မြားနယ်စင်း၍၊ ဝမ်းတွင်းဖြောင့်တန်း၊ မကောက်ယွင်းတည့်၊ တစွန်းဟကာ၊ နှစ်ခွမသွေ" (စတုဓမ္မသာရ ကိုးခန်းပျို့)။

အုပ်ချုပ်ရာ၌ စိတ်ထားနူးညံ့မှု (မဒ္ဒဝ) ဟူသည်မှာ ပြည်သူလူထုအကျိုးအတွက် စိုးရိမ်ပူပန်ကြောင့်ကြမှုကို ခံစားနိုင်သော သတ္တိပင် ဖြစ်ပါသည်။ မိမိတို့၏ အခွင့်အရေးကို တောင်းဆိုနိုင်စွမ်း အလွန်နည်းပါးနေသူတို့၏ ဆင်းရဲဒုက္ခကို လျစ်လျူရှုခြင်းသည် ၎င်းတို့၏ လိုအပ်ချက်ကို ထိရောက်စွာ တုံ့ပြန်အရေးယူလုပ်ဆောင်ပေးခြင်းထက် ပို၍လွယ်ကူသည်မှာ မငြင်းနိုင်သောအချက်ပင် ဖြစ်ပါသည်။ သူတပါးကို ဂရုစိုက်ခြင်းသည် တာဝန်ယူခြင်းပင်ဖြစ်၍ အားနည်းသူတို့၏ အားသည် မင်းဖြစ်သည်ဟူသော အဆိုအတိုင်း လုပ်ရခြင်းပင် ဖြစ်ပါသည်။ လူသိများပြီးဖြစ်သော မဟာဝံသဝတ္ထုတွင် အခြေခံသည့် ၁၉ ရာစုခေတ် ဝိဇယပြဇာတ်၌ ပြည်သူတို့ကို သောကဒုက္ခများစွာ ရောက်စေသည့် ဆိုးသွမ်းသော သားတော်ကြီးအား ဖခင်ဘုရင်က ပြည်နှင်ဒဏ်ပေးလိုက်ရပါသည်။ "မင်းတို့ဓမ္မာ၊ ပြည်သူနှင့် သား၊ အချစ်အားဖြင့်၊ မခြားရာ၊ မေတ္တာညီမျှ၊ ကောင်းပေသည်။"

ခြိုးခြံရေးတာဝန် (တပ) အရ ဘုရင်သည် ရိုးသားသောအကျင့်များကို လိုက်နာရမည်။ မိမိကိုယ်မိမိ ထိန်းသိမ်းကွပ်ကဲတတ်ရမည်။ ကောင်းမြတ်သော စိတ်ဓာတ်ရှိအောင် လေ့ကျင့်ပေးရမည် ဖြစ်ပါသည်။ ခြိုးခြံမှုကို ဂရုမပြုဘဲ စိတ်အလိုလိုက်၍ အလွန်အကျွံဖြုန်းတီးနေသော အုပ်ချုပ်မင်းလုပ်သူကို မဟာသမ္မတမင်းခေတ်က လက်မခံနိုင်သကဲ့သို့ ယနေ့မြန်မာနိုင်ငံတွင်လည်း လက်ခံနိုင်လိမ့်မည်မဟုတ်ပါ။ သတ္တမ၊ အဋ္ဌမ၊ နဝမ မင်းကျင့်တရားတို့ဖြစ်သော ဒေါသကင်းခြင်း (အက္ကောဓ)၊ အကြမ်းမဖက်ခြင်း (အဝိဟေသ) နှင့် သည်းခံခြင်း (ခန္တီ)

www.burmeseclassic.com

www.burmeseclassic.com

တို့သည် တခုနှင့်တခု ဆက်စပ်နေသည်ဟု ဆိုနိုင်ပါသည်။ အင်အားကြီးသူတို့၏ ဒေါသကြောင့် စိတ်မချမ်းမြေ့စရာ အကျိုးဆက်များ ကျယ်ပြန့်စွာ ပေါ်ထွက်လာနိုင်သဖြင့် မင်းတို့သည် ၎င်းတို့၏ မလိုမုန်းတီးစိတ်များကို ကာယကံမြောက်သည့် ဒေါသနှင့် အကြမ်းဖက်မှုအဖြစ်သို့ မပေါက်ကွဲသွားစေရန် ထိန်းသိမ်းရမည် ဖြစ်ပါသည်။ မိမိက ထင်သလိုချေမှုန်းနိုင်သူများ၏ လှုံ့ဆော်ရန်စမှုနှင့် ချို့ယွင်းချက်များကို ပညာရှိပီသ၍ သဘောထားကြီးစွာ ကိုင်တွယ်နိုင်စေမည့် စစ်မှန်သော သည်းခံခြင်းတရား (ခန္တီ) ကို အုပ်ချုပ်မင်းလုပ်သူတို့ ကျင့်ကြံရမည်ဖြစ်ပါသည်။ အကြမ်းဖက်မှုသည် ဗုဒ္ဓဝါဒ အဆုံးအမနှင့် ဆန့်ကျင်ဘက်ဖြစ်ပါသည်။ ရာဇောဝါဒ ဇာတ်တော်အရ မင်းကောင်းမင်းမြတ်တို့သည် ဒေါသကြီးသူကို မေတ္တာနှင့်အောင်နိုင်၏၊ မကောင်းမှုကို ကောင်းမှုနှင့် အောင်နိုင်၏၊ စေးနဲသူကို ပေးကမ်းခြင်းဖြင့် အောင်နိုင်ရာ၏၊ မမှန်သောစကားဆိုသူကို အမှန်ဆိုခြင်းဖြင့် အောင်နိုင်ရာ၏။ အကြမ်းမဖက်ဘဲ ဂရုဏာတရားဖြင့် တိုင်းပြည်ကိုအုပ်ချုပ်သူ အာသောကဘုရင်ကြီးကို စံပြဗုဒ္ဓဘာသာဘုရင်အဖြစ် အမြဲတမ်း နမူနာပြုကြပါသည်။ အစိုးရသည် ကြမ်းတမ်းခက်ထန်ခြင်း၊ သီလနှင့်မညီသော အင်အားသုံးခြင်းတို့ဖြင့် နာခံမှုရအောင် ကြိုးစားအားထုတ်ခြင်း မပြုဘဲ အမှန်တရားနှင့် အောင်နိုင်ရန် (ဓမ္မဝိဇရ) ကိုသာ ဦးတည်ရမည် ဖြစ်ပါသည်။ ဒသမမင်းကျင့်တရားမှာ ပြည်သူ့အလိုဆန္ဒကို မဆန့်ကျင်ရဟု ဆိုထားသဖြင့် ဒီမိုကရေစီကို ဗုဒ္ဓဘာသာက ထောက်ခံလိုက်သည့်သဘော သက်ရောက်ပါသည်။ လူသိများသော ဗုဒ္ဓဝင်ပုံပြင်များကလည်း ဤသဘောကို ထောက်ခံထားပါသည်။ လူသားအရသာကို ကြိုက်နှစ်သက်သွားသော ပေါရိသာဒဘုရင်သည် ဇတ်တူသားစားသည့်အကျင့်ကို စွန့်လွှတ်ရန် ပြည်သူလူထုက တောင်းဆိုသည်ကို ဂရုမပြုသဖြင့် တိုင်းပြည်မှ ထွက်ခွာခဲ့ရပါသည်။ ဘုရားတရား အလွန်ကြည်ညိုသော ဝေဿန္တရာမင်းကြီးသည်လည်း ဒါနပါရမီဖြည့်ဆည်းရန် ကြိုးစားအားထုတ်စဉ်အတွင်း ပြည်သူ့သဘောတူညီချက်မပါဘဲ နိုင်ငံပိုင် ဆင်ဖြူတော်ကို လှူဒါန်းလိုက်သဖြင့် ပြည်နှင်ဒါဏ်ပေးခြင်း ခံရပါသည်။ ပြည်သူ့အလိုဆန္ဒကို မဆန့်ကျင်ရဟူသော တာဝန်ဝတ္တရား၏ အနှစ်သာရ အရ ပြည်သူလူထု၏ သဘောတူညီချက် ရရှိမှသာလျှင် အစိုးရသည် တရားဝင်၍ ဥပဒေနှင့်အညီ ဖြစ်နိုင်ပါမည်။ အုပ်ချုပ်မင်းလုပ်သူသည် ပြည်သူ့အကျိုးစီးပွားကို သယ်ပိုးနိုင်စွမ်းမရှိဟု ပြည်သူက ယူဆလာပါက အစိုးရအား ပေးအပ်ထားသည့် လုပ်ပိုင်ခွင့်ကို ပြည်သူလူထုက အချိန်မရွေး ပြန်လည်ရုပ်သိမ်းပိုင်ခွင့်ရှိရပါမည်။ စည်းကမ်းတာဝန်နှင့်အညီဖြစ်သော၊ ပြည်သူ့ဆန္ဒကိုလေးစားသော၊ တရားမျှတသည့် ဥပဒေစိုးမိုးရေးကို အဓိကထားသော အစိုးရတို့သည် ပြည်သူ့ဆန္ဒကိုလေးစားရန် မလိုသော အာဏာရ လူတန်းစား သို့မဟုတ် အာဏာရှင်တဦး၏ အုပ်ချုပ်မှုထက်ပို၍ ဗုဒ္ဓဘာသာဘုရင်စနစ်၏ ထုံးတမ်းစဉ်လာတာဝန်ဝတ္တရားများကို လိုက်နာဆောင်ရွက်နိုင်မည်ဟူသည်ကို ဒီမိုကရေစီဘက်မှ အခိုင်အမာပြောဆိုထားပါသည်။ အများပြည်သူက ဒီမိုကရေစီအစိုးရစနစ်ကို မျှော်မှန်းခြင်းသည် မှန်ကန်ကြောင်း၊ အဓိပ္ပာယ်ရှိကြောင်း၊ ထုံးတမ်းစဉ်လာ တန်ဖိုးထားမှုများက ပြသနေပါသည်။

၂

ဒီမိုကရေစီဟူသည်မှာ အစိုးရပုံစနစ်တခုမျှသာ မကသေးဘဲ လူတဦးချင်းကို ရိုသေလေးစားသည့်အပေါ်၌ အခြေခံထားသော လူမှုရေးနှင့် သဘောတရားရေးရာတို့အား စုစည်းပေါင်းစပ်ထားသောစနစ် ဖြစ်သည်ဟု မြန်မာပြည်သားတို့က ယူဆထားကြပါသည်။ ၎င်းတို့ကို မည်သည့်အတွက် ဒီမိုကရေစီကိုလိုလားကြပါသနည်းဟု မေးသောအခါ၌ နိုင်ငံရေးတွင် စိတ်ဝင်စားမှု အနည်းဆုံးသူတို့ကပင် "ကျနော်တို့အနေနဲ့ကတော့ ကိုယ့်ဖာသာကိုယ် လွတ်လွတ်လပ်လပ်၊ အေးအေးချမ်းချမ်း ကိုယ့်အလုပ်ကို လုပ်ချင်တာပါပဲ။ ဘယ်သူ့ကိုမှ ဒုက္ခမပေးချင်ပါဘူး။ မကြောက်မရွံ့၊ မစိုးရိမ်ရဘဲ အသင့်အတင့် စားသောက်နေထိုင်နိုင်အောင် အသက်မွေးဝမ်းကျောင်းလေး တခုလောက်သာ လိုချင်တာပါ" လို့ ဖြေကြားမှာဖြစ်ပါသည်။ တနည်းအားဖြင့်ဆိုသော် ချို့တဲ့ရမှု၊ ကြောက်ရွံ့ရမှုမှ ကင်းဝေး၍ အေးချမ်းတည်ငြိမ်သိက္ခာရှိသော ဘဝမျိုးကို အာမခံနိုင်မည့် အခြေခံလူ့အခွင့်အရေးများကို မြန်မာပြည်သားတို့က လိုလားခြင်း ဖြစ်ပါသည်။ ဒီမိုကရေစီသီချင်းများတွင်လည်း ယင်းသို့သော ပြင်းပြသည့် တမ်းတချက်များကို ဖော်ပြထားပါသည်။ "ထမင်းစားသော စက်ရုပ်များထဲမှာ အရောရော အနှောနှောတို့မပါ၊ လူတိုင်းလူတိုင်း လူ့အခွင့်အရေးရှိသင့်တယ်"၊ "ရိုင်းစိုင်းတဲ့ တောတိရစ္ဆာန်များလည်းမဟုတ်၊ အားလုံးက အသိနဲ့လူတွေ၊ လက်နက်ပြခြိမ်းခြောက်ကာ အုပ်ချုပ်မှု ရပ်တန်းကရပ်သင့်ပြီလေ၊ အရေးအခင်းတိုင်း သေနတ်နဲ့ဖြေရှင်းလို့တော့ မြန်မာပြည်မှာ လူသာကုန်မလေ။"

www.burmeseclassic.com

www.burmeseclassic.com

လူ့အခွင့်အရေးပြဿနာသည် ဒီမိုကရေစီလှုပ်ရှားမှု၏ အဓိကအစိတ်အပိုင်းတခု ဖြစ်လာသောအခါ၌ အစိုးရသတင်းဌာနများက လူ့အခွင့်အရေးအယူအဆတခုလုံးကို ပြက်ရယ်ပြုရှုတ်ချ၍ ဓလေ့ထုံးတမ်းစဉ်လာ တန်ဖိုးထားမှုများနှင့် မကိုက်ညီသော အနောက်တိုင်းအသုံးအဆောင်မျှသာ ဖြစ်သည်ဟု စတင်သမုတ်လာကြသည်မှာလည်း ကြိုတင်ခန့်မှန်းနိုင်သောအချက်ပင် ဖြစ်ပါသည်။ သတ္တဝါများအနက် လူသားစင်စစ်သာလျှင် အဆင့်အမြင့်ဆုံး အခြေအနေဖြစ်သော ဘုရားအဖြစ်ကို ရရှိနိုင်သဖြင့် လူသားအား အလွန်တန်ဖိုးထားသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အခြေခံဖြစ်သော ဗုဒ္ဓဝါဒကို အရွဲ့တိုက်ကာ ပြောင်းပြန်လုပ်နေသကဲ့သို့ပင် ဖြစ်နေပါသည်။ လူတိုင်းတွင် မိမိဆန္ဒအရ ကြိုးပမ်းအားထုတ်ခြင်းဖြင့် သစ္စာတရားကို သိရှိနိုင်စွမ်းရှိပြီး သူတပါးကို သိစေရန်အတွက်လည်း ကူညီနိုင်သော အလားအလာရှိပါသည်။ ထို့ကြောင့် လူ့အသက်၏တန်ဖိုးသည် အဆုံးအစမရှိပါ။ ဗြဟ္မာဘုံမှကျလာသော အပ်တချောင်းနှင့် ကမ္ဘာမြေကြီးပေါ်တွင် စိုက်ထားသော အပ်တချောင်းတို့ ထိတွေ့ကြသည်မှာ လူဖြစ်ရသည်ထက် လွယ်ကူပါသည်ဟုပင် ဆိုကြသည်မဟုတ်ပါလော။

သို့သော်လည်း အာဏာရှင်အစိုးရတို့သည် လူသားကို နိုင်ငံတော်၏ အဖိုးတန်အစိတ်အပိုင်းအဖြစ် အသိအမှတ်မပြုကြဘဲ နိုင်ငံသူနိုင်ငံသားဟူသည်မှာ ထင်သလို ကိုင်တွယ်၍ ရသော၊ မည်သူမည်ဝါမှန်း မသိသော၊ အသိဉာဏ်မရှိသော၊ အကူအညီကင်းမဲ့သော လူထုကြီးသာဖြစ်သည်ဟု ယူဆကြပါသည်။ ပြည်သူတို့အား တိုင်းပြည်၏ အသက်သွေးခဲဟု မှတ်ယူမည့်အစား အကြောင်းအားလျော်စွာ ရောက်ရှိနေသော အရေးမပါသူများဟု ယူဆထားသကဲ့သို့ပင် ဖြစ်ပါသည်။ မိမိ၏ တိုင်းပြည်ကို ချစ်ခင်မြတ်နိုးစွာ စောင့်ရှောက်ခြင်းဖြစ်သော ပြည်ချစ်စိတ်အား အာဏာရှင်တို့၏ မတရားမှုများကို သွေးရူးသွေးတန်း ဖုံးကွယ်ရာတွင် အသုံးပြုခြင်းဖြင့် တန်ဖိုးကျဆင်းစေပါသည်။ အာဏာရှင်တို့သည် ၎င်းတို့၏ ကျဉ်းမြောင်းသော ကိုယ်ပိုင်အကျိုးစီးပွားပေါ်တွင် မူတည်၍ ပြည်ချစ်စိတ်ကို အဓိပ္ပာယ်ဖော်ကြပါသည်။ အစိုးရ၏ အယူဝါဒကို စောဒကမတက်ဘဲ လက်ခံယုံကြည်ရမည်ဆိုသည်မှာ ပြည့်ဝသောဗုဒ္ဓဘာသာ သဘောတရားများနှင့် ကိုက်ညီသည်ထက် အနောက်တိုင်းတွင် ကြီးစိုးခဲ့သော တင်းကြပ်သည့် ခရစ်ယာန်ရှေးဟောင်းဘာသာရေး သဘောတရားတို့နှင့် ပိုမိုကိုက်ညီနေသကဲ့သို့ ဖြစ်ပါသည်။

"ယုံမှားသင့်သည်ကို ယုံမှားရာ၏ ... ထပ်ခါတလဲပြောသံကြားရုံနှင့် ... ဟုတ်ပြီမှန်ပြီဟု မယုံလေနှင့်၊ အစဉ်အဆက်က ကြားဖူးရုံနှင့်၊ သတင်းစကား ကြားဖူးရုံနှင့် မယုံလေနှင့်၊ မိမိကိုယ်တိုင် မကောင်းသောအရာဖြစ်သည်၊ မှားယွင်းသည်ဟု သိရှိသောအခါ စွန့်လွှတ်၍၊ မိမိကိုယ်တိုင် ကောင်းသောအရာကို သိရှိလာသောအခါတွင်မှ လက်ခံပါလေ" (အင်္ဂုတ္တရ နိကာယ် သုတ္တန်ပိဋကတ်တော်လာ၊ ကေသမုတ္တိသုတ်)

လူသား၏ သန္ဓေပါဂုဏ်သိက္ခာနှင့် လူသားနှင့် ခွဲခွာ၍မရသော ညီမျှသော အခွင့်အရေးများကို အသိအမှတ်ပြုထားသည့် အယူအဆ၊ လူတိုင်းတွင် အမှားအမှန်ကို ဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်နှင့် ဆင်ခြင်တုံတရားရှိသည်ကို လက်ခံထားသော အယူအဆ၊ လူအချင်းချင်း ညီအကိုမောင်နှမသဖွယ် မေတ္တာထားရှိရန် အကြံပြုထားသော အယူအဆ စသည့် အတွေးအခေါ် အယူအဆတို့သည် မိမိတို့၏ တန်ဖိုးထားမှုများနှင့် မည်ကဲ့သို့ ဆန့်ကျင်ဘက်ဖြစ်နိုင်မည်ကို မြန်မာနိုင်ငံသူ နိုင်ငံသားများအနေဖြင့် နားမလည်နိုင်အောင် ဖြစ်နေရပါသည်။ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း၏ စာပိုဒ် (၃၀) တို့တွင် ပါရှိသော အခွင့်အရေးများကို ကုသိုလ်တရားနှင့်ညီသည်၊ ကောင်းမွန်သည်ဟု မသုံးသပ်ပါက မည်ကဲ့သို့ သုံးသပ်ရမည်ကို မြန်မာပြည်သူတို့အဖို့ စဉ်းစားရခက်လှပါသည်။ မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် ဒီဇင်ဘာလတွင် ယင်းကြေညာစာတမ်းကို အတည်ပြုရန် ထောက်ခံမဲပေးခဲ့သော နိုင်ငံတနိုင်ငံဖြစ်နေသည့်အလျောက် ဤကြေညာစာတမ်းကို မြန်မာပြည်သားတို့က မြန်မာနိုင်ငံတွင် ရေးဆွဲခဲ့ခြင်းမဟုတ်သဖြင့် ပယ်ချရမည်ဆိုခြင်းမှာ မလုံလောက်သော အကြောင်းပြချက်ဟု အနည်းဆုံး ပြောဆိုနိုင်ပါသည်။ အယူအဆ၊ အတွေးအခေါ်၊ ယုံကြည်ချက်များသည် စတင်ပေါ်ပေါက်ရာ နေရာဒေသ၏ ပထဝီနှင့် ယဉ်ကျေးမှုဆိုင်ရာ နယ်နမိတ်ပြင်ပတွင် တရားမဝင်ဟု ငြင်းဆိုနေပါက ဗုဒ္ဓဘာသာသည် အိန္ဒိယပြည်မြောက်ပိုင်း၌သာ ထွန်းကားနိုင်မည်ဖြစ်ပြီး ခရစ်ယာန်ဘာသာသည် အရှေ့အလယ်ပိုင်းဒေသရှိ ကျဉ်းမြောင်းသောနယ်မြေလေး၌သာရင်း၊ အစ္စလမ်ဘာသာသည်လည်း အာရေးဗီးယားဒေသ၌သာရင်း ထွန်းကားနိုင်ကြမည် ဖြစ်ပါသည်။ ဒီမိုကရေစီနိုင်ငံများမှ နိုင်ငံသူနိုင်ငံသားများ ရရှိသော အခွင့်အရေးများ

www.burmeseclassic.com

www.burmeseclassic.com

ခံစားပိုင်ခွင့်များကို မြန်မာပြည်သားတို့ မခံစားထိုက်ဟူသော စကားသည် စော်ကားရာရောက်ပါသည်။ တချိန်တည်းတွင် မြန်မာနိုင်ငံအစိုးရကမူ ဒီမိုကရေစီနိုင်ငံအစိုးရများထက် ပိုမို၍ အခွင့်အရေးများ ခံစားပိုင်ခွင့်ရှိသည်ဟု ယူဆထားခြင်းမှာ ယုတ္တိတန်ပါသလားဟု မေးစရာ ဖြစ်ပါသည်။ ဤသို့ ရှေ့နောက်စကားမညီမှုကို မှန်ကန်ကြောင်း ပြဆိုနိုင်ခြင်းမရှိသော်လည်း ရှင်းလင်းဖော်ပြနိုင်ပါသည်။ အစိုးရနှင့် ပြည်သူလူထုအကြား ကွာဟမှု အင်မတန်မှ ကြီးမားနေသဖြင့် ယင်းကဲ့သို့ သီးခြားခွဲ၍ စံသတ်မှတ်ကာ ဆုံးဖြတ်ရခြင်းဖြစ်သည်ဟု ဆိုရမည်ဖြစ်ပါသည်။ ဤကဲ့သို့ ကြီးမားသော ကွာဟမှုရှိနေလေရာ အစိုးရသည်သာလျှင် နိုင်ငံတနိုင်ငံလုံး၏ တန်ဖိုးထားမှုများကို ခြုံငုံကိုယ်စားပြုနိုင်သည်ဟူသော ဝါဒအပေါ်၌ပင် သံသယဖြစ်ရပါသည်။

ကျိုးကြောင်းဆင်ခြင်မှုမခိုင်လုံခြင်း၊ ရှေ့နောက် စကားမညီခြင်း၊ ပြည်သူလူထုနှင့် ကင်းကွာခြင်းတို့သည် အာဏာရှင်စနစ်၏ ကြန်အင်လက္ခဏာများပင် ဖြစ်ပါသည်။ အာဏာရှင်အစိုးရတို့သည် လွတ်လပ်စွာတွေးခေါ်မှုနှင့် အယူအဆသစ်များကို ပိတ်ပင်တားမြစ်ရန် မနားမနေ ကြိုးစားအားထုတ်၍ ၎င်းတို့သာ မှန်ကန်သည်ဟု ထပ်ခါတလဲလဲ တင်းမာစွာ ပြောဆိုနေခြင်းကြောင့် ၎င်းတို့၌ အသိဉာဏ် ဗဟုသုတ မတိုးတက်ဘဲ ရပ်တန့်သွားရပြီး ပြည်သူလူထုတို့သည်လည်း ၎င်းတို့နည်းတူ အသိဉာဏ် ဗဟုသုတ ရပ်တန့်သွားပြီဟု ယူဆကြပါသည်။ ခြိမ်းခြောက်မှုနှင့် ဝါဒဖြန့်မှုကို ဖိနှိပ်ချုပ်ချယ်ရာတွင် တက်ညီလက်ညီ အသုံးပြုနေ၍ နေရာတကာတွင် ကြောက်ရွံ့မှု၊ သက်ာမကင်းဖြစ်မှုများ ပေါ်ပေါက်နေရာ ပြည်သူလူထုသည် ခံစားချက်ကို ဖုံးကွယ်၍ ဆိတ်ဆိတ်နေတတ်လာပါသည်။ တချိန်တည်းမှာပင် ၎င်းတို့အား “ထမင်းစားသည့် စက်ရုပ်” အဆင့်မှ မိမိတို့အခွင့်အရေးများကို ပြည့်ဝစွာ ခံစားပိုင်ခွင့်ရှိ၍ ခေါင်းထောင်လာနိုင်ကာ လွတ်လပ်စွာ တွေးခေါ်ပြောဆိုနိုင်သော လူသားအဆင့်သို့ တိုးမြှင့်ပေးမည့်စနစ်ကို တောင့်တသည့် ဆန္ဒများမှာလည်း အစဉ်တစိုက် ကြီးထွားလျက်ရှိပါသည်။ မြန်မာပြည်၏ ဒီမိုကရေစီတိုက်ပွဲသည် ကနဦးကပင် အွန္တရာယ်များလှပါသည်။ မိမိတို့ပိုင်ဆိုင်သမျှကို ဖြစ်သည့်နည်းဖြင့် ဆက်လက်ကိုင်ထားမည်ဟု သန္နိဋ္ဌာန်ချထားသော အခွင့်ထူးခံလူနည်းစု၏ လက်တွင်း၌ ကြာရှည်စွာ တည်ရှိခဲ့သော အခွင့်အရေးနှင့် အာဏာကို မှန်ကန်တရားမျှတစွာ ခွဲဝေရန် ကြိုးစားသောလှုပ်ရှားမှုသည် ကာလကြာရှည်၍ ခက်ခဲနိုင်ပါသည်။ မျှော်လင့်စိတ်နှင့် အကောင်းဘက်မှချည်း မြင်လိုစိတ်တို့ကို ချုပ်တည်း၍ မရသော်လည်း ပြောင်းလဲမှုကို ဆန့်ကျင်သူတို့သည် ရက်စက်ယုတ်မာစွာ လုပ်ဖွယ်ရာရှိသည်ဟု တင်ကြိုသတိပြုမိကြပါသည်။ ဤမျှ ဖိနှိပ်ချုပ်ချယ်သောအစိုးရက ဒီမိုကရေစီ တကယ်ပေးမည်လားဟု စိုးရိမ်ကြောင့်ကြစွာ မကြာခဏ မေးခွန်းထုတ်ကြပါသည်။ အဖြေသည်ကား အခြားသော လူမှုရေးနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေး၊ တရားမျှတရေး၊ လွတ်လပ်ရေးများကဲ့သို့ပင် ဒီမိုကရေစီကို ပေးသည်ဟူ၍ မရှိတတ်၊ စွမ်းရည်သတ္တိကြံ့ခိုင်မှု၊ အနစ်နာခံမှုတို့ဖြင့် ရင်း၍ ရယူရမည်ဖြစ်ပါသည်။

တော်လှန်ရေးဆိုသည်မှာ အစိုးရလမ်းစဉ်များ သို့မဟုတ် လူမှုရေးလျစ်လျူရှုမှုများကြောင့် ရပ်တန့်နေရသည့် လိုအပ်သော ပြောင်းလဲမှုများကို အကောင်အထည်ဖော်ရန် မြိုသိပ်မထားနိုင်အောင် နှိုးဆွတိုက်တွန်းသော စိတ်ဓာတ်ကို ယေဘုယျအားဖြင့် ရောင်ပြန်ဟပ်ခြင်းပင် ဖြစ်ပါသည်။ ဤသို့သော ပြောင်းလဲမှုများကို အကြမ်းမဖက်ဘဲ ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရန် ဒီမိုကရေစီအဖွဲ့အစည်းများနှင့် လုပ်ထုံးလုပ်နည်းများတွင် နည်းလမ်းများပေးထားပါသည်။ သို့သော်လည်း တင်းကြပ်သော လမ်းစဉ်များမှ သွေဖီမှုမှန်သမျှကို ခွင့်မပြုသော အာဏာရှင်စနစ်သည် ပြောင်းလဲမှုကို ရွံမုန်းပါသည်။ သဘောထားကွဲလွဲပိုင်ခွင့်ကိုင်း၊ သဘောထားကွဲလွဲမှုကို ငြိမ်းချမ်းစွာ ဖြေရှင်းရမည့် တာဝန်ကိုင်း ဒီမိုကရေစီက အသိအမှတ်ပြုထားပါသည်။ အာဏာရှင်အစိုးရတို့ကမူ ၎င်းတို့၏ ဝါဒသဘောတရားနှင့် လုပ်ရပ်များအား ဝေဖန်သည်ကို တိုက်ပွဲဝင်ရန် စိန်ခေါ်နေခြင်းဖြစ်သည်ဟု ယူဆကြပါသည်။ အတိုက်အခံလုပ်ခြင်းမှာ ထိပ်တိုက်ရင်ဆိုင်တွေ့မှုကို လိုလားခြင်းသာဖြစ်သည်ဟု မြင်၍ ရင်ဆိုင်တွေ့မှုကို အကြမ်းဖက်သော ပဋိပက္ခဟု အဓိပ္ပာယ်ဖွင့်ဆိုထားကြပါသည်။ စစ်မှန်သော ဆွေးနွေးမှုဖြင့် ဖြေရှင်းနိုင်ရန် ဦးတည်၍ အဓိကသဘောထားကွဲလွဲချက်များကို ပွင့်လင်းစွာ အပြန်အလှန်စေ့စပ်ခြင်းသည် ရင်ဆိုင်တွေ့မှုပင် ဖြစ်သည်ဟူသော သဘောကို ချုပ်ချယ်လိုစိတ် ရှိသူတို့က နားမလည်နိုင်ကြပါ။ အတင်းအဓမ္မ လုပ်ခိုင်းသည့်စနစ်အပေါ်တွင် တည်ဆောက်ထားသော အာဏာဟူသည်မှာ မလုံခြုံ၊ မခိုင်မြဲသောကြောင့် သဘောတားကွဲလွဲသူအားလုံးကို ချေမှုန်းရန်လိုအပ်သောအဖြစ်သို့ ရောက်ရှိသွားရပါသည်။ ပြည့်ဝသော ဒီမိုကရေစီဘောင်အတွင်း၌မူ

www.burmeseclassic.com

www.burmeseclassic.com

ဆန့်ကျင်ကန့်ကွက်မှု၊ သဘောထားကွဲလွဲမှု စသည်တို့သည် အပြောင်းအလဲမလိုလားသော ဝါဒ၊ ရှေးဟောင်းအယူအဆ စသည်တို့နှင့် အကျိုးရှိစွာ ယှဉ်တွဲ၍ ရှင်သန်နိုင်ပါသည်။ ဤကဲ့သို့ အတူရှင်သန်နိုင်ရန် ဥပဒေ၊ စည်းကမ်းရိုသေလေးစားမှုနှင့် ပုဂ္ဂလိကအခွင့်အရေး လေးစားမှုတို့ကို မျှတအောင်လုပ်ပေးရသည့် လိုအပ်ချက်ကို ယေဘုယျအားဖြင့် အသိအမှတ်ပြုရမည်ဖြစ်ပါသည်။

"ငြိမ်ဝပ်ပိပြားရေး" ဟူသော စကားကို ဖိနှိပ်ချုပ်ချယ်ရာတွင် ဆင်ခြေပေးသည့်အနေဖြင့် မကြာခဏ အလွဲသုံးစားလုပ်ကြသဖြင့် အာဏာရှင်စနစ်ကြီးစိုးသော နိုင်ငံများတွင် ဤစကားလုံးအသုံးအနှုန်းကို မယုံသင်္ကာဖြစ်လာကြပါသည်။ ထင်ရှားသော မြန်မာစာရေးဆရာကြီးတဦးသည် လွန်ခဲ့သော နှစ်အနည်းငယ်ခန့်က "ငြိမ်ဝပ်ပိပြားရေး" နှင့်ပတ်သက်သော ဆောင်းပါးတပုဒ်ရေးသားခဲ့ပါသည်။ စကားတလုံးချင်း ခွဲခြမ်းစိတ်ဖြာကြည့်သောအခါတွင် ငြိမ်နေရမည်၊ ဝပ်တွားနေရမည်၊ ပိစေရမည်၊ ပြားစေရမည်ဟု အဓိပ္ပာယ်ရသဖြင့် နိုးကြားတက်ကြွတိုးတက်သော နိုင်ငံသားတို့ ပေါ်ပေါက်လာခြင်းကို ဟန့်တားသည့် မလိုလားအပ်သော အခြေအနေဖြစ်လာစေမည်ဟု မှတ်ချက်ချခဲ့ပါသည်။ "ဥပဒေ" ဟူသည် တရားမျှတမှုနှင့် ထပ်တူထပ်မျှဖြစ်ပြီး၊ တရားမျှတမှုရှိခြင်းကြောင့် ပြည်သူပြည်သားများ ကျေကျေနပ်နပ်နှင့် ငြိမ်သက်နေကြသော "ငြိမ်ဝပ်ပိပြားမှု" မျိုးသာလျှင် မွန်မြတ်ပါသည်။ ဥပဒေကို အစိုးရ၏ ဖိနှိပ်ချုပ်ချယ်သော ကိရိယာအဖြစ် အသုံးပြုခြင်းသည် အာဏာရှင်စနစ်၏ အများသိ ကြန်အင်လက္ခဏာတရပ်ပင် ဖြစ်ပါသည်။ ဥပဒေလုပ်ထုံးလုပ်နည်းအတိုင်း ဖြစ်စေရန် အာမခံပေးမည့် အများသဘောတူ ရွေးချယ်တင်မြှောက်ထားသည့် ဥပဒေပြုလွှတ်တော်နှင့် သီးခြားလွတ်လပ်သော တရားစီရင်ရေးမဏ္ဍိုင် မရှိပါက အာဏာပိုင်တို့သည် ၎င်းတို့ထင်သလို ထုတ်ပြန်ထား၍ လက်ခံနိုင်လောက်သော တရားမျှတမှု စံသတ်မှတ်ချက်အားလုံးနှင့် ပြောင်ပြောင်ကြီး ဆန့်ကျင်သည့် အမိန့်များကို "ဥပဒေ" သဘောဖြင့် ကျင့်သုံးနိုင်ပါသည်။ တိုင်းနိုင်ငံ တနိုင်ငံတွင် အာဏာရှိသူများ အဆင်ပြေစေရန် ဥပဒေသစ်များကို ပြဋ္ဌာန်းနိုင်ပါကရင်း၊ ဥပဒေဟောင်းများကို ပြောင်းလဲနိုင်ပါကရင်း၊ နိုင်ငံသူနိုင်ငံသားများ လုံခြုံမှုရရှိနိုင်မည်မဟုတ်ပါ။ ဤအချက်ကို ရှေးထုံးတမ်းအစဉ်အလာအရ အသိအမှတ်ပြုထားခြင်းဖြစ်ကြောင်းကို အပရိဟာနိယ တရားများက ထင်ရှားစေပါသည်။ ၎င်းတရားတပါးအရ အညီအညွတ် ပညတ်ထားသော ဥပဒေများကို အလွယ်တကူပယ်ဖျက်ခြင်း၊ အညီအညွတ် ပညတ်ထားခြင်းမရှိသော ဥပဒေများကို အလွယ်တကူ ပြဋ္ဌာန်းခြင်းတို့မှ ရှောင်ကျဉ်ရမည် ဖြစ်ပါသည်။ ဗုဒ္ဓဘာသာအယူအဆတွင် ဥပဒေသည် တရားဓမ္မအပေါ်တွင် အခြေခံပါသည်။ အကာအကွယ်ကင်းမဲ့သော ပြည်သူလူထုအပေါ်တွင် ကြမ်းတမ်းခက်ထန်တင်းမာသော စည်းမျဉ်းများ ပြဋ္ဌာန်းနိုင်သော အာဏာအပေါ်တွင် အခြေခံခြင်းမဟုတ်ပါ။ စနစ်တခု၏ တရားမျှတမှုကို မှန်ကန်စွာတိုင်းတာရာတွင် အင်အားအနည်းဆုံးဖြစ်သူတို့အား ကာကွယ်ရန် မည်မျှအာမခံထားသည်ကို ကြည့်၍ တိုင်းတာရမည်ဖြစ်ပါသည်။

တရားမျှတမှုမရှိသော နေရာဒေသတွင် စိတ်ချရသောငြိမ်းချမ်းမှုလည်း မရှိနိုင်ပါ။ အာဏာရှင်စနစ်နှင့် ဖိနှိပ်ချုပ်ချယ်မှုများကို နောက်ဆုံး မခံနိုင်တော့သည့်အဆုံးတွင် အားကိုးစရာဟူ၍ သူပုန်ထရန်သာ ရှိတော့သည့်အဖြစ်အထိ ရောက်မလာစေရန်အတွက် လူ့အခွင့်အရေးကို တရားဥပဒေစိုးမိုးမှုဖြင့် ကာကွယ်ထားရမည်ဟု ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းက အသိအမှတ်ပြုထားပါသည်။ ငြိမ်းချမ်းရေးဟူသည်မှာ အတိုက်အခံအားလုံး နှုတ်ဆိတ်နေခြင်းဖြစ်သည်ဟူ၍ရင်း၊ လုံခြုံရေးဟူသည်မှာ မိမိတို့ အာဏာတည်မြဲရေးကို သေချာအောင် ပြုလုပ်ခြင်းဖြစ်သည်ဟူ၍ရင်း၊ အဓိပ္ပာယ်ကောက်ယူသော သဘောထားကျဉ်းမြောင်းသူတို့ကသာလျှင် လူ့အခွင့်အရေးသည် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးတို့၏ လိုအပ်သော အခြေခံဖြစ်သည်ဟူသော အချက်ကို ငြင်းဆိုကြမည်ဖြစ်ပါသည်။ မြန်မာတို့သည် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးသဘောကို အေးမြသောအရိပ်နှင့် တွဲဖက်ထားကြပါသည်။

သစ်ပင်၏အရိပ်သည် အေးမြပေသည်
ထိုထက် မိဘ၏အရိပ်သည် ပို အေးမြ၏
ထိုထက် ဆရာသမား၏အရိပ်သည် ပို၍ပင် အေးမြ၏
ထိုထက် မင်း၏အရိပ်မှာ ပို၍ပင်သာ အေးမြပေသည်။
သို့သော် အအေးမြဆုံးမှာ ဗုဒ္ဓမြတ်စွာဘုရား၏ အရိပ်ပင် ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် ပြည်သူလူထုကို ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဟူသည့် အေးမြသော အရိပ်အာဝါသပေးနိုင်ရန်အတွက် အုပ်ချုပ်သူတို့သည် ဗုဒ္ဓရှင်တော်၏ အဆုံးအမသြဝါဒများကို လိုက်နာရမည်ဖြစ်ပါသည်။ ယင်းသြဝါဒများထဲတွင် သစ္စာရှိခြင်း၊ ဂရုဏာထားခြင်းနှင့် တရားဓမ္မ စောင့်စည်းခြင်းတို့သည် အဓိကဖြစ်ပါသည်။ ဤသို့သော အရည်အချင်းများပေါ်တွင် အခြေပြုသော အစိုးရကို ရရှိရန်ရည်ရွယ်၍ မြန်မာပြည်သားတို့က ဒီမိုကရေစီတိုက်ပွဲဝင်နေကြခြင်းပင် ဖြစ်ပါသည်။

တော်လှန်ရေးလှုပ်ရှားမှုများတွင် လတ်တလော အရေးကြီးသည့် အရေးပေါ်နိုင်ငံရေးကိစ္စများသည် စိတ်ဓာတ်ရေးရာ အဓိကရည်မှန်းချက်များကို ဖုံးအုပ်သွားဖွယ်ရာ သို့မဟုတ် ပျက်ပြယ်သွားဖွယ်ရာရှိသော အန္တရာယ်နှင့် အမြဲတမ်း ကြုံတွေ့နေရပါသည်။ စိတ်ဓာတ်ရေးရာ ရည်မှန်းချက်များကို ပထမ ဦးစားပေးရမည်၊ မပျက်စီးအောင်လုပ်ရမည်ဟု ခိုင်မာစွာ တိုက်တွန်းနေရသည်မှာ စိတ်ကူးယဉ်ဝါဒကိုသာ ထုတ်ဖော်နေခြင်း မဟုတ်ဘဲ တိရစ္ဆာန်ဥယျာဉ်ဝတ္ထုထဲမှ အဖြစ်မျိုးပေါ်ပေါက်မလာနိုင်အောင် အကာအကွယ်ပေးရန် လိုအပ်သောကြောင့် ဖြစ်ပါသည်။ (ဗြိတိသျှစာရေးဆရာကြီး ဂျော့အိုဝဲလ် ရေးသားသော) တိရစ္ဆာန်ဥယျာဉ်ဝတ္ထုတွင် စနစ်သစ်ကို တည်ထောင်သူတို့သည် အစပထမတွင် စိတ်အားထက်သန်စွာ တက်တက်ကြွကြွ ပြုပြင်ရေးများ ပြုလုပ်ကြသော်လည်း နောက်ပိုင်းတွင်မူ ၎င်းတို့ အစားထိုးလိုက်သော စနစ်ဟောင်း၏ မနှစ်မြို့ဖွယ်ရာ အကျင့်စရိုက်များကို လက်ခံကျင့်သုံးလာကြပါသည်။ မြန်မာပြည်သားတို့သည် အစိုးရစနစ်ကိုသာ ပြောင်းလဲလိုသည်မဟုတ်ဘဲ နိုင်ငံရေးတန်ဖိုးထားမှုများကိုပါ ပြောင်းလဲလိုပါသည်။

"အစိုးရ၏ အခြေခံအုပ်မြစ်သည် အကြွင်းမဲ့အာဏာဖြစ်သည်" ဟူသော အယူအဆကို အယုံအကြည်ရှိခြင်းသည် နိုင်ငံရေးအာဏာ၏ အရင်းခံအင်အားဖြစ်သည်ဟူသော အယူအဆဖြင့် အစားထိုးမှသာလျှင် အာဏာရှင်စနစ်၏ စိတ်မချမ်းမြေ့စရာ အမွေအနှစ်များကို ဖယ်ရှားနိုင်မည်ဖြစ်ပါသည်။ တိုင်းပြည်၏ ကံကြမ္မာကို အဆုံးအဖြတ်ပေးနိုင်သော ပြည်သူတို့၏ အခွင့်အရေးနှင့် စွမ်းရည်များအပေါ်တွင် အယုံအကြည်ရှိခြင်း၊ အစိုးရနှင့် ပြည်သူအကြား အပြန်အလှန်ယုံကြည်ခြင်း၊ လွတ်လပ်မှုနှင့် လူ့အခွင့်အရေး သဘောတရားမူဝါဒများအပေါ်တွင် အယုံအကြည်ရှိခြင်း စသည်တို့ လိုအပ်ပါသည်။ ဗုဒ္ဓဘာသာအယူအဆများအရ မွန်မြတ်သော အကျင့်သီလသဘောတရားများတွင် အယုံအကြည်ရှိသော သဒ္ဓါစိတ်သည် လောကီချမ်းသာမှုထက်သာသော လောကုတ္တရာချမ်းသာမှုရရှိရန်အတွက် ပထမဆုံးသော လိုအပ်ချက်ပင်ဖြစ်ပါသည်။ အယုံအကြည်ကင်းမဲ့မှုနှင့် မသေချာမှုတို့ကို ကြာရှည်ခံစားနေရသော လူ့အဖွဲ့အစည်းအတွင်းသို့ ဤသို့သော ယုံကြည်မှုမျိုးကို သွတ်သွင်းရာ၌ ဆန္ဒအာရုံကို အားကိုးခြင်းမပြုဘဲ အသိဉာဏ်အရ သဘောပေါက်လက်ခံလာစေရန် ဆောင်ရွက်ခြင်းသည် မြန်မာ့ဒီမိုကရေစီတော်လှန်ရေး၏ အနှစ်သာရဖြစ်ပါသည်။ ကိုယ်ကျင့်တရားဆိုင်ရာ ကမ္ဘာ့စံသတ်မှတ်ချက်များနှင့်အညီဖြစ်သော အပြောင်းအလဲများကို ဦးတည်သည့် တော်လှန်ရေးပင်ဖြစ်ပါသည်။

ဒီမိုကရေစီရှာပုံတော်ဖွင့်ရာတွင် မြန်မာပြည်သားတို့သည် ၎င်းတို့တိုင်းပြည်ပြင်ပတွင်ရှိသော နိုင်ငံရေးသီအိုရီအယူအဆနှင့် လက်တွေ့ကျင့်စဉ်များကို လေ့လာရုံမျှသာမက ၎င်းတို့၏ ပတ်ဝန်းကျင်အခြေအနေ အသွင်အပြင်ကို ဖြစ်ပေါ်လာစေသည့် စိတ်ပိုင်းဆိုင်ရာနှင့် အသိဉာဏ် အတွေးအခေါ်ပိုင်းဆိုင်ရာ တန်ဖိုးထားမှုများကိုလည်း လေ့လာကြပါသည်။

တိုင်းပြည်တပြည်၏ ယဉ်ကျေးမှု၊ လူမှုရေးနှင့် နိုင်ငံရေးတိုးတက်ဖွံ့ဖြိုးမှုသည် အစဉ်အမြဲ လှုပ်ရှားပြောင်းလဲနေသော ဖြစ်စဉ်ဖြစ်ကြောင်း မြန်မာပြည်သားတို့ ပင်ကိုယ်သဘာဝစိတ်က နားလည်သဘောပေါက်ကြပါသည်။ ထို့ကြောင့် တိုးတက်ဖွံ့ဖြိုးနိုင်ရန်အတွက် ထုံးတမ်းစဉ်လာများ၊ တီထွင်စမ်းသပ်မှုများ၊ အယူအဆ အဟောင်းများနှင့် အသစ်များကို ဓမ္မဓိဌာန်ကျကျ တန်ဖိုးဖြတ်မှုများကို အသုံးပြုကြရမည်ကို သဘောပေါက်ကြပါသည်။ အတိတ်ကာလကို တည်ကြည်ဖြောင့်မတ်သိမ်မွေ့စွာ အကဲဖြတ်မှုနှင့် ပစ္စုပ္ပန်ကာလကို လိမ္မာပါးနပ်စွာ အကဲဖြတ်မှုတို့အား ညီညွတ်စေ (သဟဇတ်) ရန် လိုအပ်သည့် အသိတရားအတိုင်း ဒီမိုကရေစီလိုလားသူအားလုံးက လှုပ်ရှားနေသည်ဟု ဆိုလိုခြင်းမဟုတ်ပါ။ သို့သော် ဤလှုပ်ရှားမှုသည် အသိဉာဏ်ဆိုင်ရာ အခက်အခဲများကို အမျှော်အမြင်ရှိရှိ၊ ရဲရဲရင့်ရင့်နှင့် ရင်ဆိုင်နိုင်စွမ်းကို ရှိစေသည့်

www.burmeseclassic.com

www.burmeseclassic.com

သဘောထားပြည့်ဝမှုဖြင့် ကြွယ်ဝလျက်ရှိပါသည်။ အဆက်မပြတ် စိတ်ဓာတ်ရေးရာတိုက်ပွဲများ ဆင်နွှဲရန်အတွက် ခံနိုင်ရည်ရှိပါသည်။ မုန်းတီးမှု၊ တယူသန်မှု၊ မျှော်လင့်ချက်ကင်းမဲ့မှု စသည့်အင်အားစုများကို ကြံ့ကြံ့ခံနိုင်ရန် လိုအပ်သော ရုပ်ပိုင်းဆိုင်ရာ ခံနိုင်ရည်လည်း ရှိပါသည်။ အားရှိဖွယ်ရာ အကောင်းဆုံးအချက်မှာ ဒီမိုကရေစီတိုက်ပွဲ၏ အဓိကတွန်းအားသည့် အာဏာရရန်၊ လက်စားချေရန်၊ ဖျက်ဆီးရန် အာသာပြင်းပြမှုမဟုတ်ဘဲ လွတ်လပ်မှု၊ တရားမျှတမှုနှင့် ငြိမ်းချမ်းရေးကို တကယ်တမ်း ရှိသေလေးစားရေးပင်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ဒီမိုကရေစီရှာပုံတော်သည် ပြည်သူတို့က ကမ္ဘာ့အဖွဲ့အစည်းတွင် လွတ်လပ်သော တန်းတူညီတူ အဖွဲ့ဝင်များအဖြစ် ပြည့်ဝစွာ အဓိပ္ပာယ်ရှိရှိ နေထိုင်နိုင်ရန် ရုန်းကန်မှုကြီးပင်ဖြစ်ပါသည်။ ဤသည်မှာ မိမိတို့၏ စိတ်ဓာတ်သည် မိမိတို့သဘာဝ၏ ချွတ်ယွင်းချက်များအား ကျော်လွှန်နိုင်ကြောင်းကို ထင်ရှားစေရန် လူသားတို့ အဆက်မပြတ် ကြိုးပမ်းအားထုတ်နေမှု၏ အစိတ်အပိုင်းတခုပင်ဖြစ်ပါသည်။

၃

## ကြောက်ရွံ့ခြင်းမှ လွတ်ကင်းရေး

အင်္ဂလိပ်ဘာသာဖြင့် ၁၉၉၁ ခုနှစ်၌ ထုတ်ဝေသော စာအုပ်မှ စာမျက်နှာ ၁၈၀–၁၈၅ ကို မြန်မာပြန်သည်။

* * *

လူတို့အား အဂတိလိုက်စားဖောက်ပြားစေသည်မှာ အာဏာမဟုတ်၊ စိုးရိမ်ကြောက်ရွံ့ခြင်းပင် ဖြစ်ပါသည်။ အာဏာလက်လွှတ်ရမည်ကို ကြောက်ရွံ့ခြင်းသည် အာဏာလက်ကိုင်ထားသူတို့အား ဖောက်ပြန်စေပြီး အာဏာ၏ ဒဏ်ချက်ကို ကြောက်ရွံ့ခြင်းသည် အာဏာလက်အောက်ခံတို့အား ဖောက်ပြားစေသည်။ မြန်မာအများစုသည် အဂတိတရားလေးပါးနှင့် အကျွမ်းတဝင်ရှိကြပါသည်။ အလိုဆန္ဒကြောင့် ဖောက်ပြန်မှု (ဆန္ဒာဂတိ) ဟူသည်မှာ တံစိုးလက်ဆောင်လိုချင်၍ဖြင့်၊ မိမိချစ်ခင်သူများ အကျိုးအတွက်ဖြင့်၊ မှန်ကန်သောလမ်းကြောင်းမှ သွေဖီသွားခြင်းပင် ဖြစ်ပါသည်။ ဒေါသာဂတိဆိုသည်မှာ မိမိမုန်းတီးသူများကို ရန်ငြိုးလုပ်လိုသဖြင့် လမ်းမှားသို့ ရောက်သွားခြင်း ဖြစ်ပါသည်။ မောဟာဂတိဆိုသည်မှာ မသိနားမလည်မှုကြောင့် ဖောက်ပြန်သွားခြင်း ဖြစ်ပါသည်။ သို့သော်လည်း ဤဂတိလေးပါးထဲတွင် အဆိုးဝါးဆုံးမှာ ဘယာဂတိ ဖြစ်ဖွယ်ရာရှိပါသည်။ အကြောင်းမှာ ကြောက်ရွံ့မှု (ဘယာ) သည် အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်သည့် စွမ်းရည်အားလုံးကို နစ်မွန်းအောင်ပြု၍ တဖြေးဖြေး ပျက်စီးစေသည့်အပြင် အခြားအဂတိသုံးပါး၏ မူလအရင်းအမြစ်လည်း ဖြစ်တတ်ပါသည်။

လောဘသက်သက်ကြောင့် ဖြစ်ပေါ်လာခြင်းမဟုတ်ပါက ဆန္ဒာဂတိသည် ချို့တဲ့မည်ကို ကြောက်ရွံ့ခြင်း၊ မိမိချစ်ခင်သူများ၏ မေတ္တာ၊ စေတနာဆုံးရှုံးမည်ကို ကြောက်ရွံ့ခြင်း စသည်တို့ကြောင့် ဖြစ်ပေါ်လာနိုင်သကဲ့သို့ မိမိထက် သာသွားမည်ကို ကြောက်ရွံ့ခြင်း၊ အနှိမ်ခံရမည်ကို ကြောက်ရွံ့ခြင်း၊ နစ်နာမည်ကို ကြောက်ရွံ့ခြင်း စသည်တို့ကလည်း ဒေါသာဂတိကို ဖြစ်စေပါသည်။ ကြောက်ရွံ့မှုအချုပ်အနှောင်မှ လွတ်ကင်းစွာ အမှန်တရားကို လွတ်လွတ်လပ်လပ် မရှာနိုင်မခြင်း မောဟကို ဖယ်ထုတ်ရန် ခက်ခဲမည်ဖြစ်ပါသည်။ ကြောက်ရွံ့မှုနှင့် ဖောက်ပြန်မှုတို့သည် အလွန်နီးကပ်စွာ ဆက်သွယ်နေသဖြင့် နေရာအနှံ့အပြား၌ ကြောက်ရွံ့နေရသော လူ့အဖွဲ့အစည်းတိုင်းတွင် ဖောက်ပြန်မှုမျိုးစုံတို့သည် နက်ရှိုင်းစွာ အခြေစိုက်လာပါသည်။

၁၉၈၈ ခုနှစ် ကျောင်းသားဆန္ဒပြပွဲများမှ စတင်ခဲ့သော မြန်မာနိုင်ငံ ဒီမိုကရေစီလှုပ်ရှားမှု၏ အဓိကအကြောင်းရင်းသည် စီးပွားရေးအခက်အခဲ အကြပ်အတည်းများအပေါ် ပြည်သူလူထုက မကျေနပ်ချက်ပင် ဖြစ်သည်ဟု အများက ယူဆကြပါသည်။ စပ်ဟပ်၍မရသော လမ်းစဉ်များ၊ မဆီလျော်သော အရေးယူဆောင်ရွက်မှုများ၊ တနေ့တခြားတိုးပွားနေသော ငွေကြေးဖောင်းပွမှု၊ ဝင်ငွေ၏ ဝယ်အားကျဆင်းမှု စသည်တို့ နှစ်ပေါင်းများစွာ ဖြစ်ပွားခဲ့သဖြင့် တပြည်လုံး စီးပွားရေးကစဉ့်ကလျားဖြစ်နေရသည်မှာ မှန်ပါသည်။ သို့သော်လည်း ရိုးရာဓလေ့အရ သဘောကောင်းပြီး ဆိတ်ငြိမ်စွာနေတတ်သော ပြည်သူတို့၏ သည်းခံနိုင်မှုတရား ပျက်ပြားသွားရခြင်းမှာ လက်ခံနိုင်လောက်သော လူနေမှုအဆင့်အတန်းကို ရရှိနိုင်ရန်ပင် ခက်ခဲစွာ ရုန်းကန်လှုပ်ရှားရ၍သာမဟုတ်၊ ကြောက်ရွံ့မှု၊ ဖောက်ပြန်မှုတို့ကြောင့် ရုပ်ပျက်ဆင်းပျက်ဖြစ်နေရသည့် ဘဝ၏

www.burmeseclassic.com

www.burmeseclassic.com

ရှက်ဖွယ်ရာ အနေအထားကြောင့်လည်း ဖြစ်ပါသည်။ ကျောင်းသားများသည် ၎င်းတို့၏ အပေါင်းအဖော်များ သေဆုံးရသည်ကိုသာ ကန့်ကွက်ဆန္ဒပြနေသည်မဟုတ်ဘဲ ပစ္စုပ္ပန်ဘဝကို အဓိပ္ပာယ်ကင်းမဲ့စေပြီး အနာဂတ်အတွက်လည်း မျှော်လင့်ချက်မပေးနိုင်သော အာဏာရှင်စနစ်က ၎င်းတို့၏ အသက်ရှင်သန်ပိုင်ခွင့်ကိုပင် ငြင်းဆန်နေသည်ကို ကန့်ကွက်နေကြခြင်းပင် ဖြစ်ပါသည်။ ထို့ပြင် ကျောင်းသားတို့၏ ကန့်ကွက်တောင်းဆိုမှုများသည် ပြည်သူလူထု၏ မချင့်မရဲ မခံချင်စိတ်များကို ပီပီသသ ထုတ်ဖော်ပြောဆိုနေသကဲ့သို့ ဖြစ်လေရာ ဆန္ဒပြပွဲများသည် နိုင်ငံတဝှမ်း လျင်မြန်စွာ ပြန့်နှံ့သွားပါသည်။ ဤလှုပ်ရှားမှုကို စိတ်အထက်သန်ဆုံး ကူညီထောက်ခံကြသူများထဲတွင် စီးပွားရေးလုပ်ငန်းရှင်အချို့လည်း ပါဝင်ပါသည်။ ၎င်းတို့သည် ဖောက်ပြန်သောစနစ်တွင် ရှင်သန်ရပ်တည်နိုင်ရေးအတွက်သာမက ကြီးပွားချမ်းသာရေးအတွက် လိုအပ်သော ကျွမ်းကျင်မှုနှင့် အဆက်အသွယ်များ ရရှိထားကြသူများပင် ဖြစ်ပါသည်။ သို့သော်လည်း ၎င်းတို့၏ ကြွယ်ဝချမ်းသာမှုက ၎င်းတို့ကို စစ်မှန်သော လုံခြုံမှုကိုသော်၎င်း၊ ကျေနပ်မှုကိုသော်၎င်း မပေးနိုင်ပါ။ တိုင်းသူပြည်သားအားလုံး ဆင်းရဲချမ်းသာမရွေး ထိုက်ထိုက်တန်တန် အသက်ရှင်သန်လိုသည်ဆိုပါက တာဝန်ရှိသော အုပ်ချုပ်ရေးစနစ်တရပ်ကား အနည်းဆုံး လိုအပ်ချက်ဖြစ်သည်ဟု ၎င်းတို့က မသိဘဲမနေနိုင် ဖြစ်လာရပါသည်။ အာဏာရှင်တို့လက်ခုပ်ထဲမှ ရေကဲ့သို့ မလှုပ်နိုင်မရှားနိုင် စိုးရိမ်ကြောက်ရွံ့နေရသော မလုံခြုံသောဘဝကို မြန်မာပြည်သူပြည်သားတို့ ငြီးငွေ့လာကြပါသည်။

လက်ခုပ်ထဲက
ရေဘဝမို့
ငါတို့ အေးမြရသော်လည်း ...
လက်ခုပ်ထဲက
ဖန်ကွဲစတွေ
ငါတို့ ဖြစ်လိုက်ချင်ပါဘိ

(မောင်သာယာ၏ "တော်လှန်ရေးဆိုတာ" မှ)

အသေးငယ်ဆုံးသော ဖန်စကလေးများသည်ပင်လျှင် ၎င်းတို့၏ စူးရှချွန်ထက်ပြောင်လက်သော စွမ်းအင်ဖြင့် ၎င်းတို့အား ချေမှုန်းမည့် လက်တို့အန္တရာယ်မှ ၎င်းတို့ကိုယ်၎င်းတို့ ကာကွယ်နိုင်စွမ်းရှိခြင်းသည် ဖိနှိပ်ချုပ်ချယ်မှုအောက်မှ လွတ်မြောက်ရန် ကြိုးစားနေသူများ၏ အရင်းအနှစ်ဖြစ်သော သူရသတ္တိနှင့် ထင်ရှားသော သင်္ကေတများဖြစ်သည်ဟု ယူဆနိုင်ပါသည်။ မိမိကိုယ်မိမိ တော်လှန်ရေးသမားဟု ယူဆပြီး မြန်မာနိုင်ငံ ရင်ဆိုင်နေရသော ပြဿနာများကို အဖြေရှာရာ၌ မနေမနားကြိုးစားခဲ့သော ဗိုလ်ချုပ်အောင်ဆန်းက "သတ္တိ၊ ဗျတ္တိရှိသူများကိုသာ အားမကိုးမူ၍ လူတိုင်းလူတိုင်းပင် မိမိတို့ကိုယ်တိုင် သတ္တိ၊ ဗျတ္တိရှိသော သူရဲကောင်းများဖြစ်အောင် စွန့်စားရပေလိမ့်မည်။ သို့မှသာလျှင် ကျနော်တို့အားလုံး လွတ်လပ်ရေးအစစ်ကို ခံစားခွင့်ရကြပေလိမ့်မည်" ဟု ပြောဆိုခဲ့ပါသည်။ (အလယ်ပစ္စယံ ညီလာခံမိန့်ခွန်း – ၂၀–၁–၄၆)

နေ့စဉ်ဘဝရပ်တည်ရေးအတွက် ကြောက်ရွံ့နေကြရသော ပတ်ဝန်းကျင်အခြေအနေတွင် မဖောက်ပြန်ရလေအောင် မည်မျှ ကြိုးစားအားထုတ်ရသည်ကို တရားဥပဒေအရအုပ်ချုပ်သော နိုင်ငံများတွင် ကံအားလျော်စွာ နေထိုင်နေရသူများအဖို့ အလွယ်တကူ သိမြင်နိုင်မည်မဟုတ်ပါ။ တရားမျှတသော ဥပဒေဟူသည်မှာ အပြစ်ကျူးလွန်သူတို့ကို မျက်နှာမလိုက်ဘဲ အပြစ်ဒဏ်ခတ်၍ ဖောက်ပြန်မှုကို တားဆီးကာကွယ်ခြင်းသာ မဟုတ်ပါ။ ဖောက်ပြန်သောအလေ့အကျင့်များကို အားမကိုးဘဲ လူ့ဂုဏ်သိက္ခာကိုထိန်းသိမ်းထားရန်အတွက် အခြေခံလိုအပ်ချက်များကို ပြည်သူတို့က ဖြည့်ဆည်းနိုင်စေမည့် လူ့အဖွဲ့အစည်းကို တည်ထောင်ရာတွင် တရားမျှတသော ဥပဒေများက အထောက်အကူပြုနေခြင်းပင် ဖြစ်ပါသည်။ ဤသို့ တရားမျှတသော ဥပဒေများမရှိသည့် နေရာဒေသများတွင်မူ တရားမျှတမှုနှင့် ဟိရိဩတ္တပ္ပ တရားတို့နှင့် ကိုက်ညီသောကျင့်စဉ်တို့ကို ခုခံကာကွယ်ရန် တာဝန်သည် သာမန်ပြည်သူတို့အပေါ်တွင် ကျရောက်လာပါသည်။ ပြည်သူတို့၏ အဆက်မပြတ် ကြိုးပမ်းမှုနှင့် တည်ကြည်စွာ ခံနိုင်ရည်ရှိမှုများ၏ စုပေါင်းအကျိုးဆက်များသည် ကြောက်ရွံ့မှုကြောင့် ဆင်ခြင်တုံတရားနှင့် အဆိုးအကောင်း သိတတ်သောစိတ်ဓာတ်တို့ ပျက်ပြားနေရသည့်နိုင်ငံတွင်

www.burmeseclassic.com

www.burmeseclassic.com

လူသားတို့၏ ဆိုးသွမ်းသော စရိုက်ကိုထိန်းချုပ်ပြီး ၎င်းတို့၏ တရားမျှတမှုနှင့် ညီညွတ်မှုလိုလားသော စိတ်များကို အားပေးနိုင်မည့် ဥပဒေစည်းမျဉ်းများ စိုးမိုးသော နိုင်ငံအဖြစ်သို့ ပြောင်းလဲနိုင်မည် ဖြစ်ပါသည်။

အတတ်ပညာ အလွန်အမင်း ထွန်းကားသောခေတ်တွင် တီထွင်ထားသည့် သေစေနိုင်သော လက်နက်များကို အားနည်းသူနှင့် အကူအညီမဲ့သူတို့အား လွှမ်းမိုးကြီးစိုးရာတွင် အင်အားကြီးသူ၊ အာဏာရှိသူနှင့် တရားလက်ကိုင်မရှိသူတို့က အသုံးပြုနိုင်ကြပါသည်။ ထို့ကြောင့် တိုင်းနိုင်ငံ အသီးသီးတွင်၎င်း၊ အပြည်ပြည်ဆိုင်ရာအဆင့်တွင်၎င်း နိုင်ငံရေးနှင့် ကိုယ်ကျင့်တရားကို ပိုမိုနီးကပ်စွာ ဆက်စပ်ထားရန် အလွန်ပင်လိုအပ်နေပါသည်။ ဘာသာအယူဝါဒမရွေး၊ လူမျိုးမရွေး၊ နိုင်ငံမရွေး လူသားအားလုံး ရပိုင်ခွင့်ရှိသော အခြေခံလွတ်လပ်မှုများနှင့် အခွင့်အရေးများကို မြှင့်တင်ရန် လူတိုင်း၊ အဖွဲ့အစည်းတိုင်း ကြိုးပမ်းအားထုတ်သင့်သည်ဟု ကုလသမဂ္ဂ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းက ထုတ်ပြန်ကြေညာထားပါသည်။ သို့သော်လည်း လတ်တလောအကျိုးအမြတ်ကို ရေရှည်သာယာဝပြောရေးနှင့် ငြိမ်းချမ်းရေးတို့ထက် ပို၍ ဦးစားပေးသော ကိုယ်ကျိုးရှာအုပ်စုများကို အခြေပြု၍၎င်း၊ ပြည်သူလူထုပေးထားသော လုပ်ပိုင်ခွင့်အပေါ်တွင် အခြေမခံဘဲ အတင်းအဓမ္မလုပ်မှုအပေါ်တွင် တည်ဆောက်ထားသော အစိုးရများ ရှိနေသမျှကာလပတ်လုံး လူ့အခွင့်အရေးများကို ကာကွယ်၊ မြှင့်တင်ရန်အတွက် အပြည်ပြည်ဆိုင်ရာက စုပေါင်းအရေးယူဆောင်ရွက်ခြင်းဟူသည်မှာ တပိုင်းတစသာ အကောင်အထည်ဖော်နိုင်သော ရည်မှန်းချက်အဆင့်တွင် တည်ရှိနေမည်သာဖြစ်ပါသည်။ လူ့မိသားစုဝင်အဖြစ် ရရှိထားသော မိမိနှင့်ခွဲခြား၍မရသော အခွင့်အရေးများကို ကာကွယ်ရာတွင် ဖိနှိပ်ချုပ်ချယ်ခြင်း ခံနေကြရသူများက မိမိတို့ကိုယ်မိမိတို့ အားကိုး၍ ရန်းကန်ကြိုးပမ်းနေရသည့် နေရာဒေသများမှာမူ ဆက်လက်တည်ရှိနေမည်ဖြစ်ပါသည်။

အစစ်မှန်ဆုံးသော တော်လှန်ရေးဟူသည်မှာ တိုင်းပြည်တိုးတက်ဖွံ့ဖြိုးရေးလမ်းကြောင်းကို ပုံဖော်သည့် စိတ်သဘောထားများနှင့် တန်ဖိုးထားမှုများကို ပြောင်းလဲရန် လိုအပ်နေပြီဟူသော အသိမှ ပေါက်ဖွားလာသော စိတ်ဓာတ်တော်လှန်ရေးပင်ဖြစ်ပါသည်။ ရုပ်ပိုင်းအခြေအနေများ တိုးတက်ကောင်းမွန်လာစေရန် ရှေ့ရှု၍ အစိုးရလမ်းစဉ်များနှင့် ရှိပြီးသား လုပ်ရိုးလုပ်စဉ် ဥပဒေများကိုသာ ပြောင်းလဲရန် ရည်ရွယ်သော တော်လှန်ရေးသည် စစ်မှန်သော အောင်မြင်မှုကို ရယူနိုင်မည်မဟုတ်ပါ။ စိတ်ဓာတ်တော်လှန်ရေး မဆင်နွှဲပါက စနစ်ဟောင်းတွင် မမျှတမှုများကို ဖြစ်ပေါ်စေသည့် အင်အားစုများ ဆက်လက်လှုပ်ရှားနေမည်ဖြစ်၍ ပြုပြင်ရေးနှင့် ကိုယ်ကျင့်တရား ပြန်လည်ရှင်သန်ရေးဖြစ်စဉ်ကို အမြဲတမ်း အန္တရာယ်ပေးနေမည် ဖြစ်ပါသည်။ လွတ်လပ်မှု၊ ဒီမိုကရေစီရေးနှင့် လူ့အခွင့်အရေးတို့ကို တောင်းဆိုနေရုံဖြင့် မလုံလောက်ပါ။ ဆန္ဒာဂတိ၊ ဒေါသာဂတိ၊ မောဟာဂတိ၊ ဘယာဂတိ တို့ကို တွန်းလှန်ရန် ထာဝရတည်ရှိသော အမှန်တရားအတွက် အနစ်နာခံရန်၎င်း၊ ခိုင်မြဲသော ဇွဲလုံ့လဖြင့် တိုက်ပွဲဝင်ရန်၎င်း အားလုံး တညီတညွတ် ပြတ်သားစွာ သန္နိဋ္ဌာန်ချကြရမည် ဖြစ်ပါသည်။

သူတော်စင်၊ သူတော်ကောင်း ဟူသည်မှာ အပြစ်ကျူးလွန်မှုများ ရှိခဲ့သော်လည်း မကောင်းမှုအကုသိုလ်ကို ရှောင်ကျဉ်ရန် ကြိုးပမ်းရာ၌ ဇွဲ၊ လုံ့လ မလျှော့သူများဖြစ်သည်ဟု အဆိုရှိပါသည်။ ထို့နည်းတူပင် လွတ်လပ်သူဆိုသည်မှာလည်း လွတ်လပ်သောလူ့အဖွဲ့အစည်းကို ထိန်းသိမ်းထားမည့် စည်းကမ်းများကို ကာကွယ်စောင့်ရှောက်ထားနိုင်သော တာဝန်ဝတ္တရားများကို မိမိနှင့်လျော်ကန်သင့်မြတ်ရေးအတွက် မလျှော့တမ်း ကြိုးပမ်းအားထုတ်နေကြသော အဖိနှိပ်ခံများပင် ဖြစ်ပါသည်။ ပြည့်ဝ၍ ကျဉ်းကျပ်မှုမရှိသော ဘဝကို ရရှိရေးအတွက် လူသားတို့ မျှော်လင့်တောင့်တကြသော အခြေခံလွတ်လပ်မှုများတွင် ကြောက်ရွံ့ခြင်းမှ ကင်းလွတ်ရေးသည် နည်းလမ်းအဖြစ်၎င်း၊ နောက်ဆုံးပန်းတိုင်အဖြစ်၎င်း ထင်ရှားစွာ ပေါ်လွင်နေပါသည်။ အစိုးရ၏ ခြိမ်းခြောက်မှုမှ လွတ်ကင်းစေရန် အာမခံပေးနိုင်မည့် ဒီမိုကရေစီအဖွဲ့အစည်းများ ခိုင်မာစွာ အခြေစိုက်ထားသော တိုင်းနိုင်ငံကို တည်ထောင်လိုသူများသည် ၎င်းတို့၏ ကြောက်ရွံ့စိတ်၊ လျစ်လျူရှုစိတ်များမှ လွတ်မြောက်အောင် ပထမဆုံး ကြိုးစားကြရမည်ဖြစ်ပါသည်။

အပြောနှင့်အညီ အစဉ်ပြုလုပ်လေ့ရှိသော အောင်ဆန်းသည် သတ္တိကို အမြဲတမ်း လက်တွေ့ပြသခဲ့ပါသည်။ ကာယသတ္တိကိုသာမဟုတ်ဘဲ အမှန်တရားကို ပြောဆိုရဲခြင်း၊ ပြောသည့်စကားအတိုင်း ရပ်တည်ခြင်း၊ ဝေဖန်မှုကို လက်ခံခြင်း၊ မိမိ၏ ချွတ်ယွင်းချက်ကို ဝန်ခံခြင်း၊ မိမိ၏ အမှားကို ပြင်နိုင်ခြင်း၊ အတိုက်အခံကို ရိုသေလေးစားခြင်း၊ ရန်သူနှင့် ဆွေးနွေးခြင်း၊ မိမိသည် ခေါင်းဆောင်တဦးဖြစ်သင့်၊ မဖြစ်သင့်ကို ပြည်သူအား ဆုံးဖြတ်ပိုင်ခွင့်ပေးခြင်း

www.burmeseclassic.com

www.burmeseclassic.com

စသော စွမ်းရည်သတ္တိများကို လက်တွေ့ပြသခဲ့ပါသည်။ ဤသို့သော ကိုယ်ကျင့်တရားဆိုင်ရာ သတ္တိများကြောင့် အောင်ဆန်းအား မြန်မာတပြည်လုံးက အမြဲတမ်း ကြည်ညိုလေးစားချစ်ခင်နေမည် ဖြစ်ပါသည်။ ၎င်းအား သူရဲကောင်းစစ်သည်တော်အဖြစ်နှင့်သာမကဘဲ တိုင်းပြည်၏ စိတ်ဓာတ်ကို တက်ကြွသန့်စင်စေသည့် စံနမူနာထားအပ်သူအဖြစ် ချစ်ခင်မြတ်နိုးနေကြခြင်းပင် ဖြစ်ပါသည်။ မဟတ္တမဂန္ဒီနှင့်ပတ်သက်၍ ဂျဝါဟာလာနေရူး သုံးသွားသောစကားများကို အောင်ဆန်းအကြောင်း ပြောရာတွင်လည်း သုံးနိုင်ပါသည်။ "၎င်း၏ ဆုံးမဩဝါဒများ၏ အနှစ်သာရသည် ကြောက်ရွံ့ခြင်းကင်းမဲ့ခြင်းနှင့် အမှန်တရားပင်ဖြစ်၍ ဤစိတ်ဓာတ်များဖြင့် လှုပ်ရှားလုပ်ကိုင်ကာ လူထု၏ သာယာဝပြောရေးကို အမြဲတမ်း ဦးတည်ခြင်းပင် ဖြစ်ပါသည်။"

အကြမ်းမဖက်ရေးလမ်းစဉ်ကို ရှေ့ဆောင်ဖြန့်ချီသူ ခေါင်းဆောင်ကြီးဖြစ်သော ဂန္ဒီနှင့် အမျိုးသားစစ်တပ်ကို တည်ထောင်ခဲ့သော အောင်ဆန်းသည် ပင်ကိုယ်သဘာဝအရ ကွာခြားလှပါသည်။ သို့သော် ကာလဒေသမရွေး အာဏာရှင်စနစ်များမှ ပေါ်ထွက်လာသော စိန်ခေါ်မှုများသည် ဆင်တူရိုးမှားရှိသကဲ့သို့ ထိုစိန်ခေါ်မှုကို ပြိုင်ဆိုင်အံတုရန် ထွက်ပေါ်လာသူများ၏ အရည်အသွေးများသည်လည်း တူညီလေ့ရှိပါသည်။ ဂန္ဒီ၏ အကြီးမားဆုံးသော အောင်မြင်မှုတရပ်မှာ အိန္ဒိယပြည်သူပြည်သားများတွင် သတ္တိစိတ်သွင်းပေးခြင်းဖြစ်သည်ဟု ယူဆသော နေရူးသည် နိုင်ငံရေးတွင် ခေတ်သစ်အမြင်ရှိသူဖြစ်ပါသည်။ သို့သော်လည်း နှစ်ဆယ်ရာစု လွတ်လပ်ရေးလှုပ်ရှားမှုလိုအပ်ချက်များကို အကဲဖြတ်သောအခါတွင် ရှေးဟောင်းအိန္ဒိယပြည်၏ ဒဿနအတွေးအခေါ်များအထိ ပြန်လည်ရှာဖွေကာ ရေးသားတင်ပြထားသည်ကား "လူတဦး သို့မဟုတ် တိုင်းပြည်တပြည်အဖို့ ကြီးကျယ်အမြင့်မြတ်ဆုံးသော ပါရမီသည် **အဘယ** ခေါ် ကြောက်ရွံ့မှုမရှိခြင်းဖြစ်၏။ ကာယသတ္တိသာမဟုတ် စိတ်ထဲမှာပင် ကြောက်ရွံ့မှုကင်းခြင်းဖြစ်ပါသည်။"

ကြောက်ရွံ့စိတ်မရှိခြင်းသည် ပါရမီဖြစ်ဖွယ်ရာရှိသော်လည်း ထိုထက်ပို၍ အဖိုးတန်ဖွယ်ရာရှိသော သတ္တိများ ကြိုးပမ်းအားထုတ်ခြင်းဖြင့် ရရှိလာသော သတ္တိ၊ ကြောက်စိတ်ကို လိုက်လျောရသည့်အဖြစ်ကို မရောက်အောင် ပြုစုပျိုးထောင်လေ့ကျင့်၍ ရရှိလာသော သတ္တိ၊ အကြပ်ကိုင်ဖိနှိပ်နေသည့်ကြားမှ တည်ကြည်သိမ်မွေ့စွာ ရည်တည်နိုင်ခြင်း၊ ကြမ်းတမ်းခက်ထန်စွာ အဆက်မပြတ် ဖိနှိပ်နေသည့်ကြားထဲမှာ ထပ်ခါတလဲ တည်ကြည်သိမ်မွေ့မှုကို ထိန်းသိမ်းခြင်းဖြင့် ရရှိသောသတ္တိ စသည်တို့ပင် ဖြစ်ပါသည်။

အခြေခံလူ့အခွင့်အရေးများမရှိဟု ငြင်းပယ်ထားသောစနစ်အောက်တွင် ကြောက်ရွံ့စိတ်သာ နေ့စဉ်နှင့်အမျှ လွှမ်းမိုးနေပါသည်။ ထောင်ကျမည်ကို ကြောက်ရွံ့ခြင်း၊ ညှင်းပန်းနှိပ်စက်မည်ကို ကြောက်ရွံ့ခြင်း၊ သေရမည်ကို ကြောက်ရွံ့ခြင်း၊ မိတ်ဆွေမိသားစု၊ ဥစ္စာပစ္စည်း သို့မဟုတ် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆုံးရှုံးမည်ကို ကြောက်ရွံ့ခြင်း၊ ဆင်းရဲမည်ကို ကြောက်ရွံ့ခြင်း၊ အထီးကျန်ဖြစ်မည်ကို ကြောက်ရွံ့ခြင်း၊ ပျက်စီးဆုံးရှုံးမည်ကို ကြောက်ရွံ့ခြင်း စသည်တို့ပင် ဖြစ်ပါသည်။ မွေးရာပါ လူ့ဂုဏ်သိက္ခာနှင့် မိမိကိုယ်မိမိ လေးစားမှုတို့ကို မဆုံးရှုံးရလေအောင် ထိန်းသိမ်းကာကွယ်ရာတွင် အထောက်အကူဖြစ်စေသော သတ္တိပြသည့် နေ့စဉ်လုပ်ရပ်ကလေးများကို အချည်းနှီးပင်ဖြစ်သည်၊ သို့မဟုတ် အရာမရောက်သော လုပ်ရပ်ဖြစ်သည်၊ အရမ်းကာရောလုပ်သည်၊ မိုက်မဲခြင်းဖြစ်သည် စသည်ဖြင့် ပြစ်တင်ရှုတ်ချကာ မိမိကပင် ဘဝပေးအသိဉာဏ် သို့မဟုတ် ပညာဉာဏ်ရှိသကဲ့သို့ ဟန်ဆောင်ခြင်းသည် တိတ်တခိုးအန္တရာယ်ပေးသည့် အဆိုးဝါးဆုံးသော ကြောက်ရွံ့မှုမျိုးပင် ဖြစ်ပါသည်။ အင်အားသည် အမှန်တရားဖြစ်သည်ဟူသော မူဖြင့် ဖိနှိပ်အုပ်ချုပ်သော စနစ်အောက်၏ ပုံသွင်းခြင်းကို ခံရသူများအဖို့ အင်အားကုန်ခမ်းစေသော ကြောက်ရွံ့မှုအဆိပ်ငွေ့မှ လွတ်ကျွတ်အောင် ရုန်းထွက်ရန်မှာ မလွယ်ကူလှပါ။ သို့သော်လည်း ကြောက်ရွံ့မှုသည် ယဉ်ကျေးသောလူသား၏ သဘာဝမဟုတ်သောကြောင့် အဖိနှိပ်ဆုံးသော အစိုးရယန္တရားအောက်၌ပင် သတ္တိသည် ထပ်ခါတလဲလဲ ထကြွလာပါသည်။

အထိန်းအချုပ်မရှိသော အာဏာကို ရင်ဆိုင်ရာတွင် သတ္တိရှိမှုနှင့် ခံနိုင်ရည်ရှိမှုတို့အား အမြဲတမ်း ရှင်သန်နေစေသော ရေသောက်မြစ်မှာ ကိုယ်ကျင့်တရားဆိုင်ရာ သဘောတရားများကို အထွတ်အမြတ်ထားသည့်အပေါ်တွင် ခိုင်မာစွာယုံကြည်ခြင်းဖြစ်ပြီး မည်မျှပင် ရှုံးနိမ့်မှု၊ ဆုတ်ယုတ်မှုများ ရှိစေကာမူ လူသားသည် နောက်ဆုံးတွင် ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ တိုးတက်မှုနှစ်ခုစလုံးကို ရရှိရမည်ဟူသော သမိုင်းသဘောကို ယုံကြည်ခြင်းပင်ဖြစ်ပါသည်။ မိမိကိုယ်မိမိ တိုးတက်ကောင်းမွန်အောင် ကြိုးစားခြင်း၊ မိမိကိုယ်မိမိ

www.burmeseclassic.com

www.burmeseclassic.com

မကောင်းမှုမှ လွတ်မြောက်အောင် ကြိုးပမ်းခြင်း စသော စွမ်းရည်တို့သည် လူသားတို့ကို တိရစ္ဆာန်ရိုင်းများနှင့် အထင်အရှားကွဲပြားစေသော အဓိကအချက်ပင်ဖြစ်ပါသည်။ လူ့တာဝန်ဝတ္တရား၏ မူလအရင်းအမြစ်မှာ လုံးဝအပြစ်ကင်းစင်ခြင်းဟူသော သဘောတရားကို နားလည်၍ အပြစ်ကင်းစင်လိုသောစိတ်ဆန္ဒ၊ အပြစ်ကင်းစင်ရန် နည်းလမ်းရှာနိုင်သော အသိဉာဏ်နှင့် ယင်းနည်းလမ်းအတိုင်း လိုက်နာလိုသောစိတ်ဓာတ်၊ ယင်းနည်းလမ်းကို အဆုံးတိုင် မလိုက်နာနိုင်သည့်တိုင်အောင် ကိုယ်ပိုင်ချွတ်ယွင်းချက်အကန့်အသတ်နှင့် ပတ်ဝန်းကျင်အတားအဆီးများကို ကျော်လွှန်ရန်လိုအပ်သော အတိုင်းအတာအထိ အနည်းဆုံး ရောက်ရှိအောင် ကြိုးစားလိုခြင်းတို့ပင် ဖြစ်ပါသည်။ ဆင်ခြင်တုံတရားရှိ၍ ယဉ်ကျေးသောလူသားတို့နှင့် လျော်ကန်သင့်မြတ်သော လူ့လောကကို လူသားတို့ စိတ်ကူးမျှော်မြင်ကြသည့်အတွက် ကြောက်ရွံ့မှုနှင့် ချို့တဲ့မှုမှ ကင်းလွတ်သော လူ့အဖွဲ့အစည်းများ တည်ထောင်ရန် မကြောက်မရွံ့၊ အနစ်နာခံလုပ်ဝံ့ကြခြင်းပင် ဖြစ်ပါသည်။ သစ္စာတရား၊ ဂရုဏာတရားနှင့် တရားမျှတမှုတို့ကို ငြီးငွေ့ဖွယ်ရာ အတွေးအခေါ်ဟောင်းကြီးများဟုဆိုကာ ပစ်ပယ်၍ မရပါ။ ရက်စက်သော အာဏာစက်ကို တွန်းလှန်ရာတွင် ဤတရားများသည်သာလျှင် အကာအကွယ်ပေးနေလျက် ရှိတတ်ပါသည်။

၄

## “ဗိုလ်” ၏ အဓိပ္ပာယ်အစစ်အမှန်

အင်္ဂလိပ်ဘာသာဖြင့် ၁၉၉၁ ခုနှစ်၌ ထုတ်ဝေသော စာအုပ်မှ စာမျက်နှာ ၁၈၆–၁၉၁ ကို မြန်မာပြန်သည်။

* * *

ဗိုလ်ဟူသော ဝေါဟာရမှာ အစိုးရရုံးအသုံးအနှုန်းတွင် ကြည်းတပ်မှ ဗိုလ် သို့မဟုတ် “လက်ဖ်တင့်နင့်” ကို ဆိုလိုခြင်း ဖြစ်ပါသည်။ သို့သော်လည်း အများသုံးစကားတွင် စစ်အရာရှိများ၊ အမိန့်ပေးသူများ၊ ခေါင်းဆောင်များကို “ဗိုလ်” ဟု ခေါ်လေ့ရှိပါသည်။ တိုင်းပြည် လွတ်လပ်ရေးရတော့မည်ဟူသော မျှော်လင့်ချက်ဖြင့် တက်ကြွနေသော ထွန်းသစ်စ ဗမာ့လွတ်လပ်ရေးတပ်မတော် ၁၉၄၂ ခုနှစ်တွင် မြန်မာ့မြေပေါ်ခြေချလာသည်နှင့် ၎င်းတပ်မှအရာရှိများကို ရာထူးမရွေး “ဗိုလ်” ဟု ခေါ်ဝေါ်ခဲ့ကြပါသည်။ လူအများ စိတ်ဓာတ်အရှိန်မြင့်မား၍ ဘေးအန္တရာယ်ထူပြောသော စစ်တွင်းကာလတွင် လူစွမ်းကောင်းများ ဈေးကောင်းလေရာ “ဗိုလ်” တိုင်းကို စွဲမက်ဖွယ်ရာ စိတ်ကူးယဉ်ပုံပြင်ဆန်ဆန် မသဲကွဲသော အတွေးဖြင့် ရှုမြင်ကြပါသည်။ ၎င်းတို့အနက် ရှေ့ဆုံးမှ ထင်ပေါ်နေသူမှာ အောင်ဆန်းဖြစ်ပါသည်။ အသက် (၂၇) နှစ်ပင် မပြည့်သေးဘဲ စိတ်ဓာတ်အလွန်ပြင်းထန်ပြီး ဖြောင့်မတ်တည်ကြည်သဖြင့် မျိုးချစ်လူငယ် စစ်သေနာပတိအသွင်ဆောင်နေရာ ၎င်းနှင့်ပတ်သက်၍ သီချင်း၊ ကဗျာများ ရေစပ်ရာ၌ စိတ်ကူးကွန့်မြူးလာကြပါသည်။

*ငါတို့မြန်မာပြည်မယ်*
*မိဘတိုင်းကကွယ်*
*ဗိုလ်အောင်ဆန်းလို အာဇာနည်အစစ်တွေ*
*မွေးကြရမယ် –*
*ရာဇဝင်အတ္ထုပ္ပတ္တိလည်း ရှိရမယ်*
*မော်ကွန်းလည်း ထိုးလောက်တဲ့*
*မြင့်မြတ်တဲ့ ဗိုလ်အောင်ဆန်းရယ်*

ဤကဲ့သို့ ချီးမြှောက်ခြင်းကြောင့် ပို၍ အသက်အားဖြင့်၎င်း၊ အတွေ့အကြုံအားဖြင့်၎င်း ပိုမိုသူများပင်လျှင် ယစ်မူးသွားနိုင်သော်လည်း အောင်ဆန်းမှာမူ မိမိ၏ ကိုယ်ပိုင်စံသတ်မှတ်ချက်များကြောင့် တည်ကြည်ခိုင်မြဲ အမြင်(ခါတ်ပုံလာသည်)

www.burmeseclassic.com

www.burmeseclassic.com

(ဓါတ်ပုံ)
ပုသိမ်၌ စည်းရုံးရေးဆင်းနေစဉ်

(ဆောင်းပါးအဆက် လာသည်)
ရှင်းလင်းပြန်သားစွာဖြင့် လုံးဝစိတ်ထားမှန်အောင် ထိန်းသိမ်းခဲ့ပါသည်။ ထိုစဉ်က ကျင်းပလေ့ရှိသော အခမ်းအနားတခုတွင် အောင်ဆန်းအား ကမ္ဘာ့သမိုင်းတွင် ထင်ရှားမည်ဟု ချီးမွမ်းသောဩဘာစာကို ဖတ်ကြားသောအခါ ကမ္ဘာ့သမိုင်းတွင်မဆိုနှင့်၊ ဗမာ့သမိုင်း၌ပင် နေရာမရသေးပါဟု အောင်ဆန်းက ကွတ်ဆပ်ဆပ် မှတ်ချက်ချသွားခဲ့ပါသည်။ တော်လှန်ရေးလှုပ်ရှားမှုတလျှောက်တွင် စစ်တပ်ကို ဦးဆောင်ခဲ့သည့်နောက်ပိုင်းတွင် ပြန်လည်တည်ထောင်လိုက်သော ဗြိတိသျှအုပ်ချုပ်ရေးနှင့် စေ့စပ်ဆွေးနွေးခဲ့ပြီး ဘုရင်ခံ၏ အုပ်ချုပ်ရေးကောင်စီတွင် ဒုဥက္ကဋ္ဌအဖြစ် ခန့်အပ်ခြင်းခံရသောအခါ၌ပင် အောင်ဆန်းက "ကျုပ်တို့ အခု မစရသေး၊ မလုပ်ရသေးဘူး။ ဒါကြောင့် ချီးမွမ်းစရာရှိလည်း အခုချီးမွမ်းမခံချင်သေးဘူး" ဟု ပြောနေတုန်းပင် ဖြစ်ပါသည်။ ထိုစဉ်အချိန်က ၎င်းသည် အမျိုးသားလူစွမ်းကောင်းအဖြစ်သို့ ရောက်ရှိနေပြီဖြစ်ပြီး နိုင်ငံတဝှမ်းလုံးတွင် "ဗိုလ်ချုပ်" ဟု သိရှိကြကာ မြန်မာပြည်သူပြည်သားတို့၏ ခေါင်းဆောင်အဖြစ် အသိအမှတ်ပြုခံနေရသူပင် ဖြစ်ပါသည်။

"ဗိုလ်ချုပ်" ဟူသည်မှာ ဒုဗိုလ်ချုပ်ကြီးအောက်တွင်ရှိသော အဆင့်ပင်ဖြစ်သော်လည်း အောင်ဆန်းက ရယူလိုက်သောအခါ ယင်းရာထူးအဆင့်သည်လည်း မြန်မာပြည်တွင် အတုမရှိ၊ ထူးခြားအရေးပါသော အဓိပ္ပာယ်သက်ရောက်မှုရှိလာပါသည်။ ဗိုလ်ချုပ်ဟူသည်မှာ တပ်မတော်၏ ဖခင်၊ အင်အားကြီးသော ကိုယ်ကျိုးမကြည့်သော ခေါင်းဆောင်မှု၊ ဝေါဟာရအဓိပ္ပာယ်အရ "ဗိုလ်များကို အုပ်ချုပ်သူ" ဟု သဘောရပါသည်။ "ဗိုလ်" ပါဠိစာလုံး "ဗလ" (ခွန်အား) မှ လာခြင်းဖြစ်ပါသည်။ သို့သော်လည်း ချီးကျူးထိုက်သော ခွန်အားနှင့် မလိုလားအပ်သောအင်အားကို ခွဲခြားရသည်မှာ မလွယ်ကူလှပါ။ "ကာယ" ပြုလုပ်ခြင်းနှင့် "ဗလ" တို့ ပေါင်းစပ်လိုက်ပါက ဗလက္ကာယ အကြမ်းဖက်ခြင်းဖြစ်လာပါသည်။ တနည်းဆိုရသော် လက်ခံနိုင်လောက်သော အကန့်အသတ် အတိုင်းအတာထက်ကျော်လွန်၍ ခွန်အားကို အသုံးပြုသောအခါ ဖျက်ဆီးခြင်းအဖြစ်သို့ ရောက်ရှိလာပါသည်။ ဤအန္တရာယ်ကို ကိုယ်ကျင့်တရားဖြင့် ထိန်းချုပ်ခြင်း မပြုပါက နိုင်ငံရေး သို့မဟုတ် လူမှုရေးအပြောင်းအလဲများကြောင့် ဝရုန်းသုန်းကား ဖြစ်နေသော အချိန်အခါ၌ အကြီးမားဆုံးသော အန္တရာယ်ဖြစ်လာနိုင်မည်မှာ အထူးပြောစရာမလိုပါ။ ဤသို့သော အချိန်ကာလတွင် အောင်ဆန်းသည် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုတိုက်ပွဲကို ဦးစီးဦးကိုင်လုပ်ခဲ့ရသည်။ ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းထွက်ဖြစ်သဖြင့် ၎င်းသည် စိတ်နှင့် စိတ်ဓာတ်တို့၏ စွမ်းအားနှင့်ဆိုင်သော သဘောတရားကို ငယ်စဉ်ကပင် သိရှိမည်ဖြစ်၍ ဗလငါးပါး (ဣန္ဒြေငါးပါး သို့မဟုတ် စိတ်ကို ထိန်းသိမ်းနိုင်သောတရားများ) ကိုလည်း လေ့လာဆည်းပူးခဲ့မည်ဖြစ်ပါသည်။ ၎င်းတို့မှာ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိနှင့် ပညာတို့ဖြစ်ပါသည်။ လောကီအလိုအရ ဗလငါးတန်ဖြစ်သော ကာယ၊ ဉာဏ၊ ဘောဂ၊ မိတ္တ၊ စာရိတ္တဗလတို့သည် လောကုတ္တရာအကျိုးဆောင်ဗလများထက် နိမ့်ကျပြီး ဂုဏ်သိက္ခာရှိစွာ အကျိုးပေးမည့်အင်အားများဖြစ်လာနိုင်ရန် ၎င်းတို့ကို စိတ်နှင့် စိတ်ဓာတ်ပြုစုပျိုးထောင်ခြင်းဖြင့် ထိန်းသိမ်းထားရမည်ဖြစ်ပါသည်။ သို့သော်လည်း ခွန်အား၏ ကောင်းကျိုး၊ ဆိုးကျိုးကို အသိဉာဏ်ပညာအရ နားလည်သဘောပေါက်သည့်အချက်သည် အောင်ဆန်းကို မလွှမ်းမိုးပါ။ တာဝန်ရှိသော စစ်အဖွဲ့အစည်းတခုနှင့် ပေါင်းစပ်ရမည့် ပေါ်ထွန်းစ စစ်တပ်၏ စစ်သေနာပတိအဖြစ်၎င်း၊ မတည်ငြိမ်သော ပုဂ္ဂိုလ်ပေါင်းများစွာ ပါဝင်နေသည့် အမျိုးသားလှုပ်ရှားမှု၏ ခေါင်းဆောင်အဖြစ်၎င်း စည်းကမ်းဖြင့် မထိန်းထားသော အင်အား၏ လက်တွေ့အန္တရာယ်များကို ၎င်းက ကောင်းစွာသိရှိထားသူပင်ဖြစ်ပါသည်။

အောင်ဆန်းသည် ၎င်းတည်ထောင်ထားသော တပ်မတော်ကို စည်းကမ်းကြီး၍ ဂုဏ်ကျက်သရေရှိသော အဖွဲ့အစည်းအဖြစ် ရည်မှန်းထားပါသည်။ အနစ်နာခံခြင်း၊ ကိုယ့်စည်းကိုယ်ထိန်းခြင်း၊ ဖောက်ပြန်မှုကင်းခြင်း စသော ကျောက်သားပကတိခိုင်မာသည့် မြင့်မြတ်သောဂုဏ်အင်္ဂါများဖြင့် တည်ဆောက်ထားသောတပ်မတော်၊ ကိုယ်ပိုင်အကျိုးအမြတ်မမျှော်ကိုးဘဲ တိုင်းပြည်တာဝန်ထမ်းဆောင်ရန် မိမိ၏ခွန်အားကို လုံးဝပေးလှူထားသော တပ်မတော်သာဖြစ်ရမည်ဟု အောင်ဆန်းက ယူဆပါသည်။ လက်နက်အင်အားကို ဖိနှိပ်ချုပ်ချယ်ရာ

www.burmeseclassic.com

www.burmeseclassic.com

ပစ္စည်းကိရိယာအဖြစ် ထင်မှတ်စေမည့် သဘောထားများ၊ ရပ်တည်ချက်များကို ရှောင်ကျဉ်ပါရန် စစ်သည်တော်များအား အောင်ဆန်းက တိုက်တွန်းဆုံးမခဲ့ပါသည်။ အားကြီးသူက အားနည်းသူကို အနိုင်ကျင့်လိုသော လူ့သဘာဝကိုထောက်ပြ၍ မတရားပြုကျင့်သော အားကြီးသူတို့အား မကြောက်မရွံ့ဆန့်ကျင်ရန်နှင့် အားနည်းသူတို့အပေါ်တွင် ဖြောင့်မှန်တရားမျှတစွာ ပြုကျင့်ရန် အောင်ဆန်းက တိုက်တွန်းခဲ့ပါသည်။ "ဒီတပ်မတော်ဟာ ဒီနိုင်ငံ၊ ဒီလူမျိုးအတွက်၊ ဒီလူမျိုးတွေရဲ့ ကိုးကွယ်ရာ၊ လဲလျောင်းရာ၊ ဆည်းကပ်ရာဆိုတဲ့ အနေမျိုးဖြစ်ရမယ်။ ဒီလိုမဟုတ်ဘဲ ဒီတပ်မတော်ဟာ နိုင်ငံသူနိုင်ငံသားတွေရဲ့ စိတ်ထဲမှာ အော့နှလုံးနာစရာဖြစ်မယ်ဆိုလို့ရှိရင် ဒီတပ်မတော်ကို တည်ထောင်ထားတဲ့ ရည်ရွယ်ချက်ဟာ အလကားပဲဖြစ်မယ်" ဟုလည်း သတိပေးခဲ့၏ (၃၁-၁-၄၄)။ တိုင်းပြည်က ကိုးကွယ်ဆည်းကပ်ထိုက်သော ထူးချွန်သည့်တပ်မတော်ဖြစ်လာစေရန် အဆက်မပြတ် ကြိုးပမ်းအားထုတ်နေရမည်ဖြစ်ပါသည်။ သို့သော် ထူးချွန်သဖြင့် ခေါင်းဆောင်မှုပေးရန် အထူးအခွင့်အရေးရှိသော လက်ရွေးစင်လူတစုဖြစ်လာရမည် မဟုတ်ပါ။ မြန်မာ့တပ်မတော်သည် လူတဦးတယောက်အတွက်၊ တဖွဲ့၊ လူတစု၊ တပါတီအတွက် တည်ထောင်ထားခြင်းမဟုတ်ဘဲ တပြည်လုံးအတွက် တည်ထောင်ထားခြင်းဖြစ်သည်ဟု အောင်ဆန်းက ရှင်းလင်းပြတ်သားစွာ ပြောဆိုထားပါသည်။ ၎င်းတို့၌သာလျှင် ပြည်ချစ်စိတ်ရှိနိုင်သည်ဟူသော အယူအဆကို ခံယူထားကြသည့် စစ်မှုထမ်းများ၏ သေးသိမ်မှေးမှိန်သော အမြင်ကိုလည်း အောင်ဆန်းက ပယ်ချပါသည်။ "တခြား စစ်သားမဟုတ်ပေမဲ့ နိုင်ငံအတွက် အမျိုးမျိုးအနစ်နာခံ၊ အမျိုးမျိုးစွန့်စားလုပ်တဲ့ လူတွေလည်း ရှိတာပဲ။ အဲ့ဒါကြောင့် စစ်သားမှ စစ်သားဆိုတဲ့ စိတ်ဓာတ်သဘောထားကို ပြောင်းကြရမယ်" (၁၃-၃-၄၄)။

အောင်ဆန်းက စစ်သားများကို တင်းမာပြင်းထန်စွာ သတိပေးဆုံးမနေရသည့်အချက်မှာ တပ်မတော်ကို နှိမ်လိုသောကြောင့်မဟုတ်ဘဲ "ငါတို့ဟာ လက်နက်ကိုင်လူတွေဖြစ်ကြသော်လည်း မတရားမလုပ်၊ နိုင်ငံရဲ့ ရန်သူတွေမဟုတ်၊ နိုင်ငံရဲ့ မိတ်ဆွေတွေဖြစ်တယ်ဆိုတာ အားလုံးသဘောပေါက်အောင် ပြောပြခြင်းပဲ" ဟု ကိုယ်တိုင်မိန့်ကြားခဲ့ပါသည် (၁၃-၃-၄၄)။ တိုင်းပြည်၏ ဂုဏ်သိက္ခာဟူသည်မှာ ပြည်သူတို့၏ ဂုဏ်သိက္ခာဖြစ်သည်၊ ပြည်သူတို့၏ ဂုဏ်သိက္ခာသည် ၎င်းနှင့် ၎င်းစစ်သားများ၏ ဂုဏ်သိက္ခာနှင့် ခွဲခြား၍မရဟု အောင်ဆန်းက ယုံကြည်ထားပါသည်။ သူလိုလားသော စံပြလက်နက်ကိုင်တပ်ဖွဲ့ဆိုသည်မှာ စစ်မှုထမ်းတိုင်း၏ အပြုအမူအကျင့်တို့သည် ၁၈ ရာစု နန်းတွင်းစာဆိုတော် လက်ဝဲသုန္ဒရ (၁၇၂၃-၉၉) ရေးသားဖွဲ့ဆိုထားသော နန္ဒိသေနပျို့ပါ သဘောတရားဖြင့် ပြည့်ဝနေမည်ဖြစ်သော တပ်ဖွဲ့ပင်ဖြစ်ရပေမည်။

စစ်နည်းဗျူဟာ၊ ဘယ်လိုသာလည်း
စွဲကိုင်လက်နက်၊ ဘယ်လိုထက်လည်း
ပြည်သူ့နှလုံး၊ မသိမ်းကြုံးလျှင်
ပြည်သူ့ခွန်အား၊ မကိုးစားလျှင်
ဓါးသွားလည်ကြွေ၊ လှံလည်းခွေအံ့။
(လက်ဝဲသုန္ဒရ၊ နန္ဒိသေနပျို့မှ)

လွတ်လပ်ရေးလှုပ်ရှားမှု အမြင့်မားဆုံးအဆင့်သို့ ရောက်ရှိလာသည်နှင့် ဗိုလ်ချုပ်အောင်ဆန်းသည် ပြည်သူ့စိတ်နှလုံးကို သိမ်းကြုံး၍၊ ပြည်သူ့အင်အားကို ကိုးစားကြောင်း ပို၍ သိသာထင်ရှားလာပါသည်။ "လူတဦးတယောက်သည် မည်မျှလောက် စွမ်းပကားရှိစေကာမူ လူထု၏ အားပေးယိုင်းပင်းမှုမရှိဘဲလျက် ရာဇဝင်တွင်လောက်သော လုပ်ငန်းမျိုးကို ဖြစ်မြောက်အောင် မဆောင်ရွက်နိုင်" ဟု ယုံကြည်သည့်အလျောက် လွတ်လပ်ရေးကြိုးပမ်းမှုတွင် ပြည်သူတို့ကို ၎င်းနောက်မှ မြဲမြံစွာ ကြံ့ကြံ့ခိုင်ခိုင် ရပ်တည်ကြပါရန် ပန်ကြားခဲ့ပါသည်။ စစ်မှန်သော အားပေးထောက်ခံမှုကို အတင်းအဓမ္မနည်းဖြင့် မရယူနိုင်ကြောင်း ၎င်းက သိရှိထားပါသည်။ မဟုတ်မမှန်သော ကတိများပေး၍၎င်း၊ မြှောက်ပင့်ပြောဆို၍၎င်း၊ ထောက်ခံမှုရယူသောနည်းကို ၎င်းက မသုံးပါ။ စစ်ကြောင့် အကြီးအကျယ်ပျက်စီးနေရသည့် မြေပေါ်တွင် လွတ်လပ်သော ကိုယ်ထူကိုယ်ထ တိုင်းနိုင်ငံကို တညီတညွတ်တည်း ဝိုင်းဝန်းတည်ထောင်ရန် ၎င်းနှင့် ပြည်သူလူထုအကြား အပြန်အလှန်ယုံကြည်မှုနှင့် ရိုသေလေးစားမှုတို့၏ တခုတည်းသောအခြေခံမှာ ရိုးသားဖြောင့်မတ်ပွင့်လင်းမှုပင် ဖြစ်သည်ဟု ဗိုလ်ချုပ်အောင်ဆန်းက ယူဆပါသည်။ နိုင်ငံရေးတွင် လိမ်လည်လှည့်ဖြားမှု၊ ကောက်ကျစ်စဉ်းလဲမှုတို့ကို

www.burmeseclassic.com

www.burmeseclassic.com

ဦးစားပေးကျင့်သုံးနေခြင်းသည် ပြည်သူလူထုကို စော်ကားရာရောက်သည့်အပြင် မိမိ၏ သိက္ခာသမာဓိကိုလည်း ဖောက်ဖျက်ရာရောက်ပါသည်။

မြန်မာပြည်သူပြည်သားအများစုသည် အသိတရားဖြင့် အမှားထက် အမှန်ကိုသာ တန်ဖိုးထားပြီး အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိသည်ဟု ယူဆ၍ အောင်ဆန်းက လုပ်ကိုင်ဆောင်ရွက်ခြင်းပင်ဖြစ်ပါသည်။ ယင်းယူဆချက်သည် မှားယွင်းခြင်းမရှိပါ။ ၎င်း၏ ကြိုးပမ်းမှုများကို ပြည်သူလူထုက အပြည့်အဝ နားလည်သဘောပေါက်ကြပြီး စည်းလုံးညီညာစွာ ထောက်ခံအားပေး၍ တုံ့ပြန်ကြသဖြင့် ၁၉၄၇ ခုနှစ် ဧပြီလ၌ ကျင်းပသော ရွေးကောက်ပွဲတွင် ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်မြောက်ရေး (ဖဆပလ) အဖွဲ့မှ ဝင်ရောက်ယှဉ်ပြိုင်သူအများစု အနိုင်ရခဲ့ပါသည်။ အောင်ဆန်းသည် အစိုးရအာဏာ၏ အဆင်အယင်၊ အဆောင်အယောင်များကို ဂရုစိုက်လှသူမဟုတ်သော်လည်း ပြည်သူတို့က ရွေးချယ်ထားသော ခေါင်းဆောင်ဆိုသည့်ဂုဏ်ကိုမူ ရိုးသားစွာမြတ်နိုးသူပင်ဖြစ်ပါသည်။ ခေါင်းဆောင်မှုတာဝန်များကို အောင်ဆန်း လေးလေးနက်နက် ခံယူထားပါသည်။ ခေါင်းဆောင်မှုဟူသည်မှာ သေရမည် သို့မဟုတ် ကဲ့ရဲ့ရှုတ်ချမည်ကို ကြောက်ရွံ့ခြင်းမရှိဘဲ မိမိမှန်သည်ဟု ယူဆသောကိစ္စကို သတ္တိရှိရှိဖြင့် လုပ်ကိုင်ရဲသဖြင့် လူထုက ယုံကြည်စွာပေးအပ်ထားသော အရာဖြစ်သည်ဟု အောင်ဆန်းက မြင်ပါသည်။ တိုင်းပြည်အပေါ်တွင် ထားရှိရမည့် ၎င်း၏ တာဝန်ဝတ္တရားများ ပျက်ကွက်ပါက ပေးထားသော ခေါင်းဆောင်မှုကို ပြည်သူက ပြန်လည်သိမ်းယူရမည်ဟုလည်း လက်ခံပါသည်။ ၎င်းနှင့် ၎င်း၏ အစိုးရအဖွဲ့ကို တိုင်းပြည်က ရိုသေလေးစားခြင်းမရှိတော့သောအခါတွင် ၎င်းတို့ ရာထူးမှ နှုတ်ထွက်မည်ဟု အောင်ဆန်းက ပြောသောအခါ အပြောသက်သက်သာမဟုတ်ဘဲ ဖျက်မည်မဟုတ်သော ကတိကို ပေးလိုက်ခြင်းဖြစ်သည်ဟု ပြည်သူတို့က သိရှိကြပါသည်။ အင်အားဆိုသည်မှာ တရားမျှတမှန်ကန်သော ဦးတည်ချက်အတွက် အသုံးပြုမှသာလျှင် တန်ဖိုးရှိသည်ဟု ယုံကြည်သော နိုင်ငံ့ခေါင်းဆောင် စစ်သည်တဦးအဖို့ ဂုဏ်သိက္ခာမရှိဘဲ အုပ်ချုပ်ခြင်းသည် နှစ်လိုဖွယ်ရာမဟုတ်ပါ။

ပြည်သူ့လူစွမ်းကောင်းဟူသည် ပြည်သူ၏ မျှော်မှန်းတောင့်တချက်ကို ကိုယ်စားပြုပါသည်။ လက်တွေ့ဘဝရှိ ခေါင်းဆောင်များမှာမူ ပြည်သူတို့၏ မျှော်မှန်းချက်များအား အကောင်အထည်ဖော်ပေးနိုင်မည့် အတိုင်းအတာကိုသာ ရောင်ပြန်ဟပ်နေကြပါသည်။ ကြုံခဲလှသော သမိုင်းအချိန်အခါများတွင် မျှော်မှန်းတောင့်တချက်နှင့် တကယ့်လက်တွေ့ဘဝတို့ တထပ်တည်း တိုက်ဆိုင်သွားသောအခါ၌ ပြည်သူလူထုသည် ကိုယ်ရောစိတ်ပါ အင်တိုက်အားတိုက် အစွမ်းကုန်လုပ်ဆောင်ကြပြီး အချင်းချင်း ညီညွတ်ကြပါသည်။ ယင်းအချိန်အခါကို သတိရနေခြင်းဖြင့် သိက္ခာမဲ့၍ အောင်မြင်မှုခြောက်ခမ်းသော ကာလများတွင် အားမွေး၊ ဂုဏ်ယူနိုင်ပါသည်။ အောင်ဆန်းခေါင်းဆောင်သော တိုတောင်းလှသည့် ကာလအတွင်း၌ မြန်မာပြည်သူပြည်သားတို့သည် ၎င်းတို့ကိုယ်၎င်းတို့ ထိုက်ထိုက်တန်တန် ယုံကြည်အားကိုးခွင့်ရကြသူများတွင်ရှိသော မျှော်လင့်ချက်များ၊ လုပ်ချင်ကိုင်ချင်သော အင်အားများဖြင့် ပြည့်ဖြိုးနေကြပါသည်။ ၎င်းတို့၏ ဗိုလ်ချုပ်က ၎င်းတို့ကို စည်းကမ်းနှင့် လုံ့လဝီရိယမရှိဟူ၍ သူ့ဝသီအတိုင်း တုံးတုံးတိတိ ပြစ်တင်ကြိမ်းမောင်း ဆူပူသည့်အခါ၌ပင် ၎င်းတို့သည် စိတ်ပျက်ခြင်းမရှိကြဘဲ ဗိုလ်ချုပ်သည် မိမိ၏ ချို့ယွင်းချက်များကို မိမိကိုယ်တိုင် ပြင်ဆင်ရန် ဆန္ဒရှိသကဲ့သို့ ၎င်းတို့ကိုလည်း ၎င်းတို့၏ ချို့ယွင်းချက်များကို ပြင်စေလိုသည်ဟု အသေအချာသိရှိထားကြသဖြင့် ပို၍ပင် ကြိုးစားချင်စိတ် ပေါက်လာကြပါသည်။

"ဘဝဟူသည်မှာ အမှန်တရားနှင့် အပြစ်ကင်းစင်မှုကို ရှာဖွေသော မွန်မြတ်သည့် ခရီးစဉ်" ဟု အောင်ဆန်းက ယူဆထားပါသည်။ ဤသို့ ရှာပုံတော်ဖွင့်ရာတွင် သူနှင့်အတူ တိုင်းပြည်ကိုပါ သယ်ဆောင်သွားရန် ကြိုးစားခဲ့ပါသည်။ လက်တွေ့မကျလောက်အောင် မြင့်မားသည်ဟု ဆိုရလောက်သော ရည်မှန်းချက်များကို အကောင်အထည်ဖော်ရာ၌ အံ့သြဖွယ်ရာအောင်မြင်မှုများသည် မြန်မာပြည်သူပြည်သားများ၏ အရည်အချင်းကိုရင်း၊ ပြောသည့်အတိုင်း လုပ်၍ သိက္ခာသမာဓိနှင့် ရိုးသားဖြောင့်မတ်မှုသည် လက်တွေ့နိုင်ငံရေး၏ ထိရောက်သောအခြေခံဖြစ်နိုင်ကြောင်း ပြသခဲ့သော အောင်ဆန်း၏ စွမ်းရည်ကိုရင်း ဂုဏ်ပြုရာရောက်ပါသည်။ အောင်ဆန်းသည် စစ်သည်တော်တဦးဖြစ်သည့်အလျောက် တိုက်ခိုက်ရမည်ဆိုလျှင် အသေအချာတိုက်သူဖြစ်ပါသည်။ သို့သော် တိုက်ပွဲပြီးသောအခါတွင် ကြောက်ရွံ့ခြင်းမရှိဘဲ လက်နက်ကို

www.burmeseclassic.com

www.burmeseclassic.com

ဘေးဖယ်ကာ ငြိမ်းချမ်းရေးလမ်းကို လိုက်ခဲ့သူဖြစ်ပါသည်။ ၎င်း၏ လက်ထဲသို့ နိုင်ငံရေးအာဏာ ရောက်ရှိလာသောအခါတွင်လည်း "ကျုပ်က မေတ္တာနှင့် သစ္စာကို ရှေ့ထားပြီး အုပ်ချုပ်မယ်" ဟု ဟန်မလုပ်ဘဲ ရိုးသားစွာပြောနိုင်သူပင်ဖြစ်ပါသည်။ ၎င်းအား ထောက်ခံသူများက ၎င်းသည် မိမိတို့၏ အသက်၊ မိမိတို့၏ ချမ်းသာမှုနှင့် မိမိတို့၏ ယုံကြည်မှုတို့ကို မဆင်မခြင် အကျိုးမဲ့အောင် လုပ်မည်မဟုတ်ဟု စိတ်ချနိုင်ကြပါသည်။ သူ၏ စကားအတိုင်း ဆိုရလျှင် အောင်ဆန်းသည် တိုင်းပြည်ကို "အရမ်းမဲ့ ပြောင်းဆန်အောင်" လုပ်မည့် "နိုင်ငံရေးစတန့်မင်းသား" မဟုတ်ပါ။ ပြည်သူလူထုက ၎င်း၏ ခေါင်းဆောင်မှုကို ယုံကြည်မည်ဆိုပါက တနှစ်အတွင်း လွတ်လပ်ရေးကို အတတ်နိုင်ဆုံး ငြိမ်းချမ်းစွာရယူမည်ဟု ရဲရဲကြီး အာမခံခဲ့ပါသည်။ "ကျုပ်ဟာ ကျုပ်ကတိကို မဖျက်ခဲ့ဘူးဆိုတာ ခင်ဗျားတို့ သိတယ်မဟုတ်လား"။ ဤစကားကို ၁၉၄၈ ခုနှစ် ဇန္နဝါရီ (၄) ရက်နေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံအား လွတ်လပ်သော သမတနိုင်ငံဟု မကြေညာမီ (၁၁) လတိတိအလိုက ပြောခဲ့ခြင်းဖြစ်သည်။

တိုင်းပြည်လွတ်လပ်ရေးရသောအခါတွင် အောင်ဆန်း ကွယ်လွန်သွားပြီဖြစ်ပါသည်။ သူတပါးအား ဆင်ခြင်တုံတရားကို လက်ခံ၍ စိတ်ကောင်းစေတနာကောင်း အစစ်အမှန်ကို တုံ့ပြန်တတ်သော အသိဥာဏ်ရှိသည်ဟု ယူဆသည့် အခြေခံသဘောထားရှိသူ အောင်ဆန်းသည် အာဏာရရှိရေးကို ကိုယ်ကျင့်တရားထက်ပို၍ ဂရုပြုကြသော နိုင်ငံရေးပြိုင်ဖက်တို့၏ သစ္စာတရားကင်းမဲ့ခြင်း၏ ဒဏ်ကို ခံသွားရပါသည်။ မြန်မာပြည်အတွက် ၎င်းထားရှိသော ရည်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင် ဂရုတစိုက်စဉ်းစားတွေးခေါ် အကြံဉာဏ်များထုတ်သကဲ့သို့ ၎င်း၏ ကိုယ်ရေးကိုယ်တာလုံခြုံမှုအတွက် ဂရုတစိုက်ရှိခဲ့ပါက အောင်ဆန်းသည် လုပ်ကြံသတ်ဖြတ်ခံရမည်မဟုတ်ဟု ပြောသူများရှိကြပါသည်။ သို့သော် သူသာ ထိုကဲ့သို့ ကိုယ်ကျိုးငဲ့သူဖြစ်ခဲ့ပါက "ခေါင်းဆောင်သည် နိုင်ငံ၏အင်အားဖြစ်သည်" ဟူသောထုံးကို အသက်သွင်းပေးလိုက်သော ဗိုလ်တကာ့ဗိုလ် မြန်မာပြည်သူပြည်သားများက 'ငါတို့ ဗိုလ်ချုပ်' ဟု သတ်မှတ်ထားသော ဗိုလ်အောင်ဆန်းဖြစ်တော့မည် မဟုတ်ပါ။

၅

## ရည်မှန်းချက်များ

"ပြည်သူ့ သူရဲကောင်းအမျိုးသမီး ရည်မှန်းချက်များ ရှင်းပြခြင်း" ဟူသော ခေါင်းစဉ်ဖြင့် အောင်ဆန်းစုကြည်နှင့် ခရင်သာပါ (Karan Thapar) တို့၏ တွေ့ဆုံမေးမြန်းခန်းကို အောက်ပါအတိုင်း ၁၉၈၈ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့ထုတ် "သည်တိုင်းမ်စ်" (The Times) သတင်းစာတွင် ဖော်ပြထားပါသည်။

* * *

**မေး။** ရန်ကုန်နဲ့ မြန်မာနိုင်ငံရဲ့ လက်ရှိအခြေအနေတွေက အတော်ကလေး ရှုတ်ထွေးနေပါတယ်။ တိုင်းပြည်ရဲ့ အခြေအနေကို ဘယ်လိုရှိတယ်လို့ ဆိုနိုင်မလဲ။

**ဖြေ။** အခြေအနေကတော့ ခန့်မှန်းနိုင်တဲ့အတိုင်း တော်တော်ကြီးကို တင်းမာနေပါတယ်။ အစိုးရယန္တရားဟာ တိုင်းပြည်နေရာအများအပြားမှာ ရပ်တန့်သွားသလောက်ဖြစ်နေပါပြီ။ ဒါပေမဲ့ ဒီအခက်အခဲကို ကျော်လွှားဘို့ ပြည်သူတွေက လုပ်စရာရှိတာတွေ လုပ်နေကြပါတယ်။ ဆန္ဒပြပွဲတွေကို စနစ်တကျ ကျင်းပနေပါတယ်။ ရပ်ကွက်လုံခြုံရေးကိုလည်း အရပ်သားကင်းစောင့်အဖွဲ့တွေက တာဝန်ယူနေပါတယ်။ စည်းကမ်းစနစ်ရှိကြဘို့အတွက်လည်း ပြည်သူတွေက ရှေ့တန်းက လှုပ်ရှားနေကြပါတယ်။

**မေး။** မကြာခင် ရက်ပိုင်းတွေမှာ ခင်ဗျားဟာ အခုဖြစ်နေတဲ့ ပြည်သူ့လှုပ်ရှားမှုမှာ အဓိကခေါင်းဆောင်အဖြစ်နဲ့ ပေါ်ထွက်လာပါတယ်။ ဘာအတွက် တိုက်နေတာပါလဲ။ ခင်ဗျားရဲ့ ရည်မှန်းချက်တွေကို ဘယ်လိုဖော်ပြမလဲ။

www.burmeseclassic.com

www.burmeseclassic.com

ဖြေ။ ဒီမိုကရေစီရဲ့ဘ်ို့ မြန်မာပြည်မှာ ကြိုးပမ်းနေကြတဲ့ ပြည်သူအများထဲမှာ ကျမတယောက်လည်း ပါပါတယ်။ နောက်ထပ် အသေအပျောက် အကြမ်းဖက်မှုတွေ မရှိတော့ဘဲ ပြည်သူတွေ ဒီမိုကရေစီရအောင် ကျမ ကူညီဘို့ ရည်ရွယ်ပါတယ်။

မေး။ "ဒုတိယမြောက် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှု" လုပ်ဖို့လိုကြောင်း မကြာခင်ကပဲ ခင်ဗျားပြောသွားပါတယ်။ အဲဒါ တိတိကျကျ ဘာကိုဆိုလိုတာပါလဲ။

ဖြေ။ ပြည်သူလူထုကို လူ့အခွင့်အရေးအပြည့်အဝ ခံစားခွင့်မပေးတဲ့ နိုင်ငံရေးစနစ်ဟာ ပြည့်ဝတဲ့လွတ်လပ်ရေးရဲ့ အမြင့်ဆုံးမျှော်မှန်းချက်နဲ့ ဆန့်ကျင်နေပါတယ်။ ဒါကြောင့်မို့လို့ အခုလို မြန်မာပြည်သူလူထုက ဒီမိုကရေစီတောင်းဆိုနေတာဟာ သူတို့ရဲ့ ဒုတိယအကြိမ်လွတ်လပ်ရေး ကြိုးပမ်းမှုဖြစ်တယ်လို့ ကျမပြောတာ ဖြစ်ပါတယ်။

မေး။ ပါတီစုံရွေးကောက်ပွဲကိစ္စနဲ့ပတ်သက်ပြီး လူထုဆန္ဒကောက်ယူပွဲလုပ်မယ်၊ မလုပ်ဖူးဆိုတာ ဆုံးဖြတ်ဖို့ စက်တင်ဘာလ ၁၂ ရက်နေ့ ၁၉၈၈ မှာ အထူးပါတီညီလာခံကျင်းပမယ်လို့ သမတမောင်မောင်က ကမ်းလှမ်းထားတာကို ခင်ဗျား ဘယ်လိုပြန်ကြားမလဲ။

ဖြေ။ လွန်ခဲ့တဲ့လက ပထမဆုံး စပြီး အဆိုပြုစဉ်တုန်းက အာဏာရပါတီကသာ လူထုဆန္ဒကောက်ယူပွဲလုပ်ဖို့ သဘောတူခဲ့ရင် ပြည်သူလူထုက ကျေးဇူးတင်စွာနဲ့ လက်ခံလိုက်မှာဖြစ်ပါတယ်။ ဒါပေမဲ့ အခုတော့ အဲဒီကိစ္စဟာ အရေးမပါတော့ပါဘူး။ "သိပ်နောက်ကျပြီး သိပ်နဲနေတယ်" ဆိုတဲ့ စကားလိုဖြစ်နေပါပြီ။ ပြည်သူတွေက ဆန္ဒပြပြီးတော့ ပါတီစုံဒီမိုကရေစီ လိုချင်တယ်ဆိုတာကို နဲနဲလေးမှ သံသယရှိစရာမလိုအောင် ပြသပြီးပါပြီ။ အဲဒီတော့ လူထုဆန္ဒကောက်ယူပွဲဆိုတာ လုံးဝ အပိုဖြစ်နေမှာပါပဲ၊ မလိုတော့ပါဘူး။

မေး။ အဲဒီလိုဆိုရင် ပြည်သူလူထုကို လက်ရှိအစိုးရ ပြုတ်ကျသွားတဲ့အထိ ဆက်လက်တောင်းဆိုဖို့က ခင်ဗျားက ဆိုလိုပါသလား။

ဖြေ။ ဒီကိစ္စက အစိုးရကို ဖြုတ်ချဖို့ပဲ မဟုတ်ပါဘူး။ ကျမရဲ့ လိုလားချက်နဲ့လည်း မဆိုင်ပါဘူး။ ပြည်သူလူထုဟာ သူတို့လိုလားတဲ့ နိုင်ငံရေးစနစ်ကို မရမခြင်း ဆက်လက်တောင်းဆိုနေကြမှာပါပဲ။

မေး။ လူထုလှုပ်ရှားမှုတွေဟာ ယေဘုယျအားဖြင့် အလိုအလျောက် မစည်းရုံးရဘဲ ဖြစ်ပေါ်နေတာမို့ မြန်မာပြည်မှာ ဥပဒေစည်းကမ်းမရှိ၊ ထိန်းချုပ်မယ့်အာဏာပိုင်လည်း မရှိဘဲနဲ့ မင်းမဲ့အခြေအနေ ရောက်သွားမှာကို ခင်ဗျား စိတ်မပူဘူးလား။

ဖြေ။ ဟုတ်ပါတယ်၊ ဒီလှုပ်ရှားမှုဟာ ပြည်သူလူထုက စိတ်ပျက်လွန်းလို့ အလိုအလျောက်ဆန္ဒပြကြတာက စတင်ခဲ့ပေမဲ့ အခုတော့ တနေ့ထက်တနေ့ စနစ်တကျ စည်းစည်းလုံးလုံး ဖြစ်လာပါပြီ။ ပြည်သူလူထုဟာ အခု ရပ်ကွက်လုံခြုံရေးအစီအစဉ်တွေ လုပ်နေပါတယ်။ စနစ်တကျ သပိတ်တွေမှောက်ဖို့၊ ဆန္ဒပြကြဖို့လည်း စီစဉ်နေပါတယ်။ ဒီတော့ စိုးရိမ်မှုတွေ ပိုနေစရာ မလိုပါဘူး။

မေး။ စစ်တပ်ဆီက ဘယ်လိုအကူအညီရမယ်လို့ မျှော်လင့်ထားပါသလဲ။

ဖြေ။ စစ်တပ်ဆီက အကူအညီရဖို့ ကျမ မမျှော်လင့်ပါဘူး။ ဩဂုတ်လ ၂၅ ရက်နေ့က ကျမ ပြောသွားတာက တပ်မတော်နဲ့ ပြည်သူအကြားမှာ သဘောကွဲလွဲမှု မရှိသင့်ဘူးဆိုတာပါပဲ။ တပ်မတော်ဟာ ပြည်သူလူထုက လေးစားပြီး ယုံကြည်ရတဲ့အင်အားတစု ဖြစ်သင့်ပါတယ်။ တပ်မတော်ဟာ သူ့သိက္ခာသူ ထိန်းသိမ်းဖို့အတွက်နဲ့ တိုင်းပြည်ကောင်းဖို့အတွက် နိုင်ငံရေးမှာ မပါသင့်ပါဘူးလို့ ကျမ အခိုင်အမာ ယုံကြည်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

မေး။ အကယ်၍ ဒီအစိုးရကျဆင်းသွားရင် သူ့နေရာမှာ ဘယ်သူက ယူမှာလဲ။ ဘယ်လိုအကူးအပြောင်း အစီအစဉ်မျိုးတွေ ဖြစ်နိုင်ပါသလဲ။

ဖြေ။ ပြည်သူက ယုံကြည်တဲ့ ကြားဖြတ်ယာယီအစိုးရဟာ တိုင်းပြည်ကို တည်ငြိမ်အောင် ပြန်လုပ်နိုင်မှာဖြစ်ပြီး လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲကျင်းပဖို့ အခြေအနေတွေက ဖန်တီးပေးနိုင်မှာဖြစ်ပါတယ်။

မေး။ အဲဒီအကူးအပြောင်းကာလမှာ ခင်ဗျား ဘယ်နေရာက ပါဝင်ဖို့ ရှိပါသလဲ။

ဖြေ။ ကျမအနေနဲ့ အထူးသီးသန့်နေရာက ပါဝင်ဖို့ မရှိပါဘူး။ ဘယ်လိုဖြစ်လာမလဲဆိုတာကို စောင့်ကြည့်ပြီးတော့ ငြိမ်းချမ်းစွာ အကူးအပြောင်း လုပ်နိုင်အောင် ကျမ ဘယ်လိုအတတ်နိုင်ဆုံး အကူအညီပေးရမယ်ဆိုတာပဲ ရှိပါတယ်။

မေး။ ကဲ အနာဂတ်ကို ကြည့်ရအောင်၊ အင်း၊ တကယ်တော့ အနာဂတ်ဆိုတာကလည်း သိပ်ဝေးတော့မယ် မဟုတ်ပါဘူး။ ပါတီစုံဒီမိုကရေစီဖြစ်ပေါ်လာမယ်ဆိုရင် မြန်မာပြည်မှာကလည်း ဘာပါတီမှ ရှိတာမဟုတ်ပါဘူး။ ဘယ်လိုပါတီမျိုးတွေ ပေါ်ပေါက်လာတာကို မြင်ချင်ပါသလဲ။

ဖြေ။ အကောင်းဆုံးကတော့ ဒီမိုကရေစီစနစ်ကို ထိန်းသိမ်းဖို့အတွက် ရည်စူးအဓိဋ္ဌာန်ပြုထားတဲ့၊ စွမ်းရည်ရှိပြီး ရိုးသားဖြောင့်မတ်တဲ့ပုဂ္ဂိုလ်တွေ ဦးဆောင်တဲ့ပါတီတွေကို မြင်ချင်ပါတယ်။

မေး။ ခင်ဗျားကရော ပါတီထူထောင်မှာလား။

ဖြေ။ ရှောင်ရှားလို့ ရမယ်ဆိုရင်တော့ မထူထောင်ချင်ပါဘူး။

မေး။ နိုင်ငံရေးလောကမှာ ဇောက်ချပြီးလုပ်ဖို့ စိတ်ကူးပါသလား။ လုပ်မယ်ဆိုရင် နိုင်ငံရေးသမားတဦးအဖြစ်နဲ့ ခင်ဗျားရဲ့ ပင်ကိုယ်အရည်အသွေးနဲ့ ကျွမ်းကျင်မှုကိုရော ဘယ်လိုသုံးသပ်ပါမလဲ။

ဖြေ။ နိုင်ငံရေးထဲမှာ နစ်မွန်းနေရမယ့် ဘဝမျိုးဟာ ကျမအတွက် မက်ဖွယ်ရာမဟုတ်ပါဘူး။ အခု လောလောဆယ်မှာ ကျမအဖေရဲ့ နာမည်ကြောင့်ရှင်း၊ ကျမကလည်း နေရာလုဖို့ စိတ်မဝင်စားတာကြောင့်တကြောင်း ကျမဟာ ပေါင်းစည်းညီညွတ်အောင် လုပ်ပေးတဲ့ အင်အားတခုအနေနဲ့သာ ပါဝင်နေတာဖြစ်ပါတယ်။

မေး။ အဲဒီလိုဆိုရင် ခင်ဗျား ဘယ်သူ့ကို အနာဂတ်ခေါင်းဆောင်အဖြစ် ထောက်ခံမှာလဲ။ အပြောင်းအလဲကာလမှာ ဦးဆောင်ဖို့ပေါ့လေ။

ဖြေ။ ဒီမေးခွန်းကို ဖြေရမယ်ဆိုရင် ကျမ အတတ်နိုင်ဆုံး ရှောင်ကျဉ်နေတဲ့ နိုင်ငံရေးမျိုးမှာ ပါဝင်လာတဲ့သဘော ဖြစ်နေပါလိမ့်မယ်။

မေး။ ခင်ဗျားအနေနဲ့ ဒါမှမဟုတ်လည်း အနာဂတ်အစိုးရအနေနဲ့ ပညာတတ်မြန်မာတွေ တိုင်းပြည်ကို ပြန်လာရအောင် ဘယ်လိုလုပ်မလဲ။ ဒါမှမဟုတ် ဘယ်လိုပြောပြမလဲ။

ဖြေ။ ပြည်သူတွေကို သူတို့ရဲ့ ကျွမ်းကျင်မှုစွမ်းရည်တွေကို အသုံးချခွင့် အလုံအလောက်ပေးတဲ့ ဒီမိုကရေစီအစိုးရဟာ မြန်မာတွေအများကြီး တိုင်းပြည်ကို ပြန်လာအောင် ဆွဲဆောင်မှာ သေချာပါတယ်။ ဒါပေမဲ့ ပြည်တွင်းမှာရှိနေတဲ့ အတတ်ပညာနဲ့ ကျွမ်းကျင်မှုများကို လျှော့တွက်တာဟာ မမှန်ကန်ပါဘူး။ ဖိနှိပ်ချုပ်ချယ်တဲ့ နိုင်ငံရေးနဲ့ စီးပွားရေးစနစ်ကို ဖယ်ရှားလိုက်မယ်ဆိုရင် မိမိတို့အရည်အချင်းကို အခုထက်ထိ ပြသခွင့်မရသေးတဲ့ လုပ်နိုင်ကိုင်နိုင်တဲ့ လူတွေ အများကြီးပေါ်လာမှာပါ။

မေး။ ဒီမိုကရက်တစ်မြန်မာနိုင်ငံအနေနဲ့ ပြင်ပကမ္ဘာနဲ့ ဘယ်လိုဆက်သွယ်ရေးမျိုးကို ကျင့်သုံးမှာပါလဲ။

www.burmeseclassic.com

www.burmeseclassic.com

ဖြေ။ မြန်မာနိုင်ငံဟာ အမြဲတမ်း ဘက်မလိုက်လမ်းစဉ်ကို ကျင့်သုံးတာမို့ ဒီအတိုင်းပဲ ဆက်လက်ကျင့်သုံးသင့်ပါတယ်။ ဒါပေမဲ့ ပြင်ပကမ္ဘာနဲ့ ဆက်ဆံရာမှာ ပိုပြီးပွင့်လင်းတဲ့ သဘောထားနဲ့ ဆက်ဆံရမှာဖြစ်ပါတယ်။

မေး။ မြန်မာတွေအနေနဲ့ ရှေးရိုးစဉ်ဆက်ကတည်းက အရေးတကြီး စိုးရိမ်ခဲ့ကြတာက သူတို့ရဲ့ ယဉ်ကျေးမှုနဲ့ ဘာသာယုံကြည်မှု သန့်စင်ရေးကို ထိန်းသိမ်းဖို့ဖြစ်တယ်။ ဒါဟာ ခင်ဗျားအတွက်ရော အရေးကြီးပါသလား။

ဖြေ။ ကိုယ့်ယဉ်ကျေးမှုနဲ့ ဘာသာယုံကြည်မှုကို ထိန်းသိမ်းပေးဖို့ လူမျိုးတိုင်းအတွက် အရေးကြီးတယ်လို့ ထင်ပါတယ်။ တချိန်တည်းမှာပဲ သတိထားရမှာက တိုးတက်တဲ့နိုင်ငံဆိုတာဟာ အချိန်ကာလနဲ့အတူ တိုးတက်လှုပ်ရှားသင့်တယ်။ တယူသန်အစွဲနဲ့ အမြင်ကျဉ်းမြောင်းတဲ့ သဘောထားတွေကို ရှောင်သင့်တယ်ဆိုတာပါပဲ။

မေး။ ခင်ဗျားရဲ့ ဖခင်ဟာ သမိုင်းစဉ်အရ မြန်မာ့တပ်မတော်နဲ့ တွဲဖက်လာခဲ့တာမို့ အနာဂတ် ဒီမိုကရက်တစ်မြန်မာနိုင်ငံမှာ စစ်တပ်ဟာ ဘယ်လိုနေရာက ပါသင့်တယ်လို့ ခင်ဗျား ထင်ပါသလဲ။ မြန်မာနိုင်ငံလို တိုင်းပြည်မှာ စစ်တပ်က နိုင်ငံရေးမှာ နေရာယူဖို့ ဥပဒေစည်းမျဉ်းတွေလုပ်ဖို့ လိုတယ်လို့ ယူဆပါသလား။

ဖြေ။ တပ်မတော်ဟာ နိုင်ငံရေးမှာ မပါရဘူးလို့ ကျမအဖေက ပြောခဲ့ပါတယ်။ အဲဒီအယူအဆကို ကျမ လုံးလုံးလျားလျား ထောက်ခံပါတယ်။

၆

## တော်လှန်ရေးအလယ်ဗဟိုတွင်

အင်္ဂလိပ်ဘာသာဖြင့် ၁၉၉၁ ခုနှစ်တွင် ထုတ်ဝေသောစာအုပ်မှ စာမျက်နှာ ၂၀၉–၂၁၃ ကို မြန်မာပြန်သည်။

* * *

လုံးဝမယုံကြည်စရာ၊ ဒေါသထွက်စရာ၊ ကြောက်လန့်ဖွယ်ရာ၊ ကြေကွဲဖွယ်ရာ အချိန်ကာလများ၊ သို့သော် ခံစားမှုအပေါင်းကို လွှမ်းမိုးထားသည်မှာကား လူ့အခွင့်အရေးများကို အပြည့်အဝခံစားလိုသည့် မတွန်းလှန်မဖယ်ရှားနိုင်သော ပြည်သူ့လိုအင်ဆန္ဒများမှ အလိုအလျောက်ပေါက်ဖွားလာသည့် လှုပ်ရှားမှု အသေအချာ အောင်မြင်ရမည်ဟူသော ယုံကြည်ချက်။ လွတ်လပ်စွာတွေးခေါ်မှုကိုရင်း၊ ကိုယ်ပိုင်တီထွင်မှုမှန်သမျှကိုရင်း ခွင့်မပြုခဲ့သောစနစ်အောက်တွင် မြန်မာပြည်သူပြည်သားတို့၏ စွမ်းရည်များ (၂၆) နှစ်လုံးလုံး နှိမ်နင်းချုပ်ချယ်ခြင်း ခံခဲ့ရပါသည်။ သို့သော်လည်း ပြည်သူတို့၏ လျင်မြန်စွာစဉ်းစား၍ ဆုံးဖြတ်လုပ်ကိုင်ရမည့် အခြေအနေများကို အရေးယူကိုင်တွယ်နိုင်ကြောင်း လွန်ခဲ့သော ရက်သတ္တပတ် အနည်းငယ်အတွင်း ပြသခဲ့ပါသည်။ အစိုးရယန္တရား လည်ပတ်ခြင်းမရှိတော့ဘဲ ရဲအဖွဲ့ကလည်း လုံခြုံရေးကို အာမမခံနိုင်တော့သည့်အတွက် ဗုဒ္ဓဘာသာဘုန်းကြီးများနှင့် ကျောင်းသားများ အဓိကအားဖြင့်ပါဝင်သော ရပ်ကွက်ကင်းစောင့်အဖွဲ့များ တပြည်လုံးတွင် ပေါ်ပေါက်လာပါသည်။ ဒီမိုကရေစီရယူရန် အခိုင်အမာဆုံးဖြတ်ထားသည့် များပြားလှသော သမဂ္ဂအုပ်စုများသည် တခုတည်းသော ဦးတည်ချက်အတွက် လုပ်ကိုင်ဆောင်ရွက်ရန် ဆက်သွယ်မှုများ ပြုလုပ်ကြသည်မှာ လွန်ခဲ့သောလကမှ လွတ်လွတ်လပ်လပ် အသင်းအဖွဲ့များ တရားဝင်မဟုတ်သော်လည်း စုစည်းနိုင်ခဲ့သော တိုင်းပြည်အတွက် အံ့ဖွယ်ရာပင် ဖြစ်ပါသည်။ အစိုးရအုပ်ချုပ်ရေး ပျက်ပြားသွားရသည်နှင့်အတူ ဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေး အခက်အခဲများ ဖြစ်ပေါ်လာသဖြင့် စားကုန်ပစ္စည်းများ ရှားပါးပြီး ဈေးနှုန်းမြင့်တက်လာပါသည်။ ဤကိစ္စတွင်ရင်း၊ ဆေးဝါးဖြန့်ဝေရေး

www.burmeseclassic.com

www.burmeseclassic.com

ကိစ္စတွင်၎င်း၊ သက်သာရာရစေရန်အတွက် ပြည်သူတို့ကပင် ၎င်းတို့ကိုယ်တိုင် စည်းရုံးလုပ်ဆောင်ကြပါသည်။ ယနေ့ (စက်တင်ဘာလ ၈ ရက် ၁၉၈၈) လူပေါင်းတသန်းကျော် ပါဝင်ဖွယ်ရာရှိသော လူထုဆန္ဒပြပွဲများကို အထိအခိုက် အလွဲအချော် တစုံတရာမရှိဘဲ အောင်မြင်စွာ ကျင်းပနိုင်ခြင်းသည် ရှင်သန်ကြီးထွားလာသော စည်းလုံးညီညွတ်မှုနှင့် စည်းကမ်းကျနမှုများကို လက်တွေ့ပြသလိုက်ခြင်းပင် ဖြစ်ပါသည်။

တိုက်ခိုက်လုယက်မှု၊ မီးရှို့မှုနှင့် အခြားဖျက်ဆီးသည့် လုပ်ရပ်များကို အများသိအောင် သတင်းလွှင့်ထားကြပါသည်။ သို့သော်လည်း အဆိုးဝါးဆုံးသောဖြစ်ရပ်များကို ယခင်က၎င်း၊ ယခုအခါတွင်၎င်း အစိုးရဖက်မှ အုပ်စုတစုက လှုံ့ဆွပေးနေသည်မှာ သိသာထင်ရှားလှပါသည်။ ပြည်သူတို့က စည်းကမ်းရှိရေးနှင့် စည်းလုံးညီညွတ်ရေးကို ထိန်းသိမ်းရန် ကြိုးပမ်းနေကြစဉ် အစိုးရဘက်မှ အုပ်စုတစုက မင်းမဲ့အခြေအနေသို့ ရောက်ရှိအောင် အစွမ်းကုန်ကြိုးစားအားထုတ်နေသည်မှာ နားမလည်နိုင်လောက်သော ကြောက်ရွံ့ထိတ်လန့်စရာ အခြေအနေပင် ဖြစ်ပါသည်။ ယခုအခြေအနေထက် ပို၍ မဆိုးဝါးဘဲ ဖြစ်နေရသည်မှာ ပြည်သူ့ဒီမိုကရေစီလှုပ်ရှားမှုကြောင့်သာ ဖြစ်ပါသည်။ လက်ရှိအစိုးရထဲမှ အချို့သော အဖွဲ့ဝင်တို့သည် ပြည်သူလူထုက အထင်အရှားပြသထားသော စိတ်ဆန္ဒကို တွန်းလှန်ဖယ်ရှားရန် ခပ်ပြောင်ပြောင်ပင် သန္နိဋ္ဌာန်ချထားကြသည်မှာလည်း မည့်သည့်အကြောင်းကြောင့် ဖြစ်သည်ကို တာဝန်သိတတ်သောသူဟူသမျှ နားမလည်နိုင်အောင်ပင် ဖြစ်ရပါသည်။ တိုင်းပြည်သမိုင်းစဉ်တွင် မြင်တွေ့ရခဲ့သော စည်းလုံးညီညွတ်မှုဖြင့် ၎င်းတို့အား ပယ်ချလိုက်သော ပြည်သူလူထုအား အများဆုံး ဒုက္ခရောက်စေရန်အတွက် ကစင့်ကလျားဖြစ်အောင် ၎င်းတို့က လုပ်ဆောင်ခြင်း ဖြစ်ပုံရပါသည်။ ပြည်သူ့ဒီမိုကရေစီလှုပ်ရှားမှုကို ပျက်ပြားစေရန်ဦးတည်သော ကြမ်းတမ်းရိုင်းစိုင်းသည့် လျှို့ဝှက်လုပ်ကြံမှုများတွင် အစိုးရအဖွဲ့ဝင်အားလုံး ပါဝင်ခြင်းမရှိသည်မှာလည်း သိသာထင်ရှားပါသည်။ ဤသို့သော ကြံစည်မှုများသည် တခုမကျန် အစောပိုင်းကပင် ပျက်စီးသွားခဲ့ပါသည်။ ထို့ကြောင့် မျှော်လင့်ချက်ကုန်ဆုံး၍ မထူးတော့ပြီဟု ယူဆထားသော၊ အရည်အချင်းကင်းမဲ့သော ပြောင်းလဲမှုမလိုလားသူအချို့က အကြံကုန်၍လုပ်သည့် နောက်ဆုံးလုပ်ရပ်များဟု အဓိပ္ပာယ်ကောက်ရန်သာ ရှိပါတော့သည်။

ဒီမိုကရေစီရရှိရေးအတွက် လုပ်ကိုင်ဆောင်ရွက်နေသော "ပြည်သူများ" ဟူသည်မှာ မည်သူနည်းဟု မေးနိုင်စရာရှိပါသည်။ ၎င်းတို့မှာ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ (မဆလ) လက်အောက်တွင် လူမှုရေး၊ နိုင်ငံရေးနှင့် စီးပွားရေး ဆင်းရဲဒုက္ခအပေါင်းကို ခံစားလာခဲ့ရသော များစွာသော မြန်မာပြည်သူပြည်သားများပင် ဖြစ်ပါသည်။ မဆလပါတီသည် ထင်သလို ဖိနှိပ်ချုပ်ချယ်ခြင်း၊ ဆီလျော်သော စီးပွားရေးလမ်းစဉ်ကို မကျင့်သုံးခြင်း စသည်တို့ကြောင့် မရည်ရွယ်သော်လည်း အမှတ်မထင် စည်းလုံးညီညွတ်မှုကို ဖန်တီးပေးသလို ဖြစ်သွားရသည်ဟုလည်း ဆိုနိုင်ပါသည်။ မဆလပါတီကို ဆက်လက်ယုံကြည်နေသေးသူများမှာ ၎င်းတို့၏ ရာထူးအလုပ်အကိုင် လက်မလွှတ်သွားစေရန် အတွက်သာမကဘဲ ၎င်းတို့၏ လုံခြုံရေးအတွက်ပါ စိုးရိမ်နေကြသောကြောင့်ပင် ဖြစ်မည်မှာ ယုံမှားသံသယရှိရန် မလိုတော့ပါ။ ဤသည်မှာလည်း ပြည်သူလူထုနှင့် မဆလပါတီ ခေါင်းဆောင်ပိုင်းအကြားတွင် ကွာဟာမှု အင်မတန်ကြီးမားနေပုံကို သာဓကပြလိုက်ခြင်းပင် ဖြစ်ပါသည်။ မဆလအစိုးရကို အပြည့်အဝ လက်စားချေလိုသော ပုဂ္ဂိုလ်များရှိနေသည်မှာ မငြင်းနိုင်သော်လည်း ပြည်သူအများစုကမူ တရားဥပဒေအရ အပြစ်ပေးသည့်တိုင်အောင် ဂရုဏာတရားရှေ့ထား၍ သက်ညှာထောက်ထားစွာ လုပ်စေလိုကြပါသည်။

မြန်မာ့တပ်မတော်သည် အဓိကအရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေပါသည်။ တပ်မတော်သည် ရက်စက်ကြမ်းကြုတ်စွာ ဖိနှိပ်ချုပ်ချယ်သော အင်အားစု မဖြစ်စေရဟု အခါပေါင်းများစွာ သတိပေးခဲ့သော ကျမ၏ ဖခင် ဗိုလ်ချုပ်အောင်ဆန်းက တပ်မတော်ကို တည်ထောင်ခဲ့ခြင်းပင် ဖြစ်ပါသည်။ လက်ရှိစနစ် ဆက်လက်ရှင်သန်ရေးပေါ်တွင် ၎င်းတို့၏ အာဏာနှင့် အထူးခံစားခွင့်များတည်ရှိနေသည့် ဖောက်ပြန်သော လက်တဆုပ်စာ တယူသန် အယူသည်းသူတစုက တပ်မတော်ကို ပရိယာယ်ဖြင့်ကိုင်တွယ်ကာ အလွဲသုံးစားလုပ်နေသည်ဟု ပြည်သူအများစုက ယုံကြည်ပါသည်။ လက်ရှိအစိုးရ၏ လမ်းစဉ်များကို မလွှဲမရှောင်သာဘဲ ထမ်းဆောင်ခဲ့သည့်အတွက် ဂုဏ်သိက္ခာ စွန်းထင်းပျက်စီးခဲ့ရသည်ဟု ယူဆကြသော လက်နက်ကိုင်တပ်ဖွဲ့ဝင် အများအပြားကလည်း အပြင်းအထန် ကန့်ကွက်လာကြသည်မှာ ပို၍သာ

www.burmeseclassic.com

www.burmeseclassic.com

သိသာထင်ရှားလာပါသည်။ တပ်မတော်သည် ပြန်လည်စေ့စပ်၍ မရနိုင်တော့သော အုပ်စုများအဖြစ်သို့ ကွဲပြသွားမည်ကို မှန်ကန်စွာ တွေးတောတတ်သော မြန်မာနိုင်ငံသားအားလုံးက စိုးရိမ်ကြပါသည်။ စစ်တပ်အနေဖြင့် စစ်တန်းလျားသို့ ဂုဏ်သရေရှိစွာ ပြန်သွားနိုင်စေမည့် ပြည်သူများလက်ခံလောက်သည့် နိုင်ငံရေးစနစ်မျိုးကို စောစီးစွာ ငြိမ်းချမ်းစွာ ကူးပြောင်းသွားရေးကို လူထုက လိုလားပါသည်။

ပြည်လုံးကျွတ် ဒီမိုကရေစီလှုပ်ရှားမှုတွင် မည်ကဲ့သို့ ကျမ ပါဝင်လာရသည်ကို လူတော်တော်များများက မေးကြပါသည်။ ခေတ်သစ်မြန်မာနိုင်ငံ၏ ဖခင်ဟု ယူဆထားခြင်းခံရသူ၏ သမီးဖြစ်သူ ကျမအနေဖြင့် တိုင်းပြည်၏ လက်ရှိနိုင်ငံရေး ရေစီးကြောင်းနှင့် ရင်းနှီးစွာ သဟဇာတဖြစ်လာရမည်မှာ မလွဲမရှောင်သာသော အချက်ပင်ဖြစ်ပါသည်။ ကျမသည် ကလေးဘဝမှစ၍ ပြည်ထောင်စုမြန်မာနိုင်ငံ၏ လူမှုရေး၊ နိုင်ငံရေးတိုးတက်မှုနှင့် လွတ်လပ်ရေးလှုပ်ရှားမှုသမိုင်းကို အလွန်ပင် စိတ်ဝင်စားခဲ့ပါသည်။ ကျမ (၂) နှစ်အရွယ်တွင် ဖခင်ဖြစ်သူ ကွယ်လွန်သွားခဲ့သဖြင့် အဖေ့ကို ကျမ သိသည်ဟု တကယ်တမ်းမပြောနိုင်ပါ။ "ကလေးများကို ချစ်ခင်အလိုလိုက်သော အဖေ၊ ကိုယ့်အကျိုးထက် တိုင်းပြည်သာယာဝပြောရေးကို ဦးစားပေးသော အဖေ" ဟူ၍သာ သိရှိနားလည်ထားရန် ကျမကို သင်ကြားပေးခဲ့ပါသည်။ ကျမ ကြီးပြင်းလာသောအခါတွင် ဖခင်၏ ဘဝအောင်မြင်မှုများနှင့်ဆိုင်သော အထောက်အထားအချက်အလက်များ စတင်စုဆောင်းသည့်အခါတွင်မှ ၎င်းသည် မည်သို့သောပုဂ္ဂိုလ်ဖြစ်သည်၊ အသက် (၃၂) နှစ်တာ ဘဝခရီးတွင် မည်မျှအောင်မြင်စွာ ထမ်းဆောင်နိုင်ခဲ့သည် စသည်တို့ကို ကျမ စတင်လေ့လာသိရှိခြင်းပင် ဖြစ်ပါသည်။ ထိုအခါတွင် ၎င်းအား ပြည်ချစ်တဦး၊ နိုင်ငံရေးခေါင်းဆောင်တဦးအနေဖြင့် ချီးကျူးကြည်ညိုရုံသာမကဘဲ ကျမတို့၏ စိတ်သဘောထားမှာလည်း တူညီမှုများရှိနေကြောင်း တွေ့ရသဖြင့် ၎င်းအား နားလည်ကိုယ်ချင်းစာတတ်သောစိတ်များ ပေါ်ပေါက်လာတတ်ပါသည်။ ဤကဲ့သို့ ခိုင်မာသန်စွမ်းသော သံယောဇဉ်နှောင်ကြိုးကြောင့်ပင် တိုင်းပြည်သာယာဝပြောရေးအတွက် ကျမတွင် တာဝန်ရှိကြောင်း လေးနက်စွာ ခံယူလိုက်ခြင်းပင် ဖြစ်ကောင်းဖြစ်ပေမည်။

လက်ရှိအစိုးရ ၁၉၆၂ ခုနှစ်တွင် အာဏာရယူလိုက်သောအခါက ကျမသည် မိခင်ဖြစ်သူ မြန်မာသံအမတ်ကြီးအဖြစ် အမှုထမ်းနေသော အိန္ဒိယပြည်တွင် ကျောင်းနေလျက်ရှိပါသည်။ ဤအစိုးရနှင့် ကျမတို့၏ ဆက်ဆံရေးမှာ အဆင်ပြေလှသည်မဟုတ်ပါ။ ကျမ၏ ဖခင်အပေါ်တွင် သစ္စာထား၍ ချစ်ခင်မြတ်နိုးကြသည့် အစိုးရအဖွဲ့ဝင်အချို့ကမူ ကျမတို့မိသားစုကိုလည်း ချစ်ခင်ရှိသေကြပါသည်။ သို့သော်လည်း ကျမဖခင်၏ နာမည်ကို ကိုယ့်ရည်ရွယ်ချက်များအတွက် အသုံးပြုနေကြပြီး တိုင်းပြည်ကောင်းမွန်ရန်အတွက် လိုအပ်ချက်အဖြစ် ကျမဖခင်က ချမှတ်ထားသော မူများနှင့် ကိုယ့်ကျင့်တရားများကို မကျင့်သုံးသူများလည်း ရှိပါသည်။ ဤသို့သော ပုဂ္ဂိုလ်များထဲတွင် ကျမတို့မိသားစုအား အကြီးအကျယ် မနာလိုဝန်တိုဖြစ်ပြီး ကျမတို့ကို အန္တရာယ်အဖြစ် မြင်နေကြသူအချို့လည်း ရှိပါသည်။ ၁၉၇၄ ခုနှစ်က ကျမ အိမ်ပြန်လာသည့်တခေါက်က ကျမတွင် အစိုးရဆန့်ကျင်ရေးလှုပ်ရှားမှုများ၌ ပါဝင်ရန် ရည်ရွယ်ချက်ရှိ၊ မရှိ အာဏာပိုင်များက သိလိုကြောင်း၊ ကျမကို အလွတ်သဘော မေးမြန်းစုံစမ်းလာပါသည်။ ကျမလည်း နိုင်ငံခြားမှ လှမ်း၍ ဘာကိုမျှ လုပ်မည်မဟုတ်ကြောင်း ကျမသာ နိုင်ငံရေးလှုပ်ရှားမှုထဲတွင် ပါဝင်မည်ဆိုပါက ပြည်တွင်း၌သာ လုပ်မည်ဟု ပြန်ဖြေခဲ့ပါသည်။

ကျမ နိုင်ငံခြားတွင် နေထိုင်သောအချိန်များ၌ မြန်မာ့ပြဿနာများကို ကျယ်ပြန့်သော အပြည်ပြည်ဆိုင်ရာ မြင်ကွင်းမှ သုံးသပ်ခွင့်ရရှိခဲ့ပြီး မကြာခဏ အိမ်ပြန်လာသောကြောင့် တိုင်းပြည်၌ ဖြစ်ပျက်နေသည်များကို မျက်ခြေမပြတ်ခဲ့ပါ။ မဆလအစိုးရလက်ထက်တွင် တိုင်းပြည် မထိန်းနိုင်၊ မသိမ်းနိုင် ယိုယွင်းပျက်စီးလာရသည်ကို သိရှိရန်မှာ မခက်ခဲလှပါ။ သို့သော်လည်း ကျမ စိတ်ရောကိုယ်ပါ ထောက်ခံနိုင်မည့် အများထောက်ခံသော အတိုက်အခံလှုပ်ရှားမှုဟူ၍ မနှစ်က ဧပြီလ၌ မြန်မာပြည်သို့ ပြန်လာသည်အထိ မတွေ့ခဲ့ရပါ။ ထိုအချိန်တွင် ပြည်သူတို့၏ စိတ်အခြေအနေသည် ပြောင်းလဲသွားပြီဖြစ်ပြီး အများထောက်ခံသော အစိုးရဆန့်ကျင်ရေး လှုပ်ရှားမှုသည်လည်း လျင်မြန်စွာ ချဉ်းကပ်လာနေပြီဖြစ်ပါသည်။ လွန်ခဲ့သော ဩဂုတ်လက ငြိမ်းချမ်းစွာ ဆန္ဒပြကြသူများကို အစုလိုက်အပြုံလိုက် သတ်ဖြတ်လိုက်သည့်အတွက်ကြောင့် အစိုးရဆန့်ကျင်ရေး ပြည်သူ့လှုပ်ရှားမှုကို လျင်မြန်စွာ ဖြစ်ပွားစေခဲ့ပြီး ကျမသည်လည်း ပြည်သူ့လိုလားချက်ကို ထောက်ခံရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်ပါသည်။ ယင်းသို့ ဆုံးဖြတ်လိုက်ရသည်မှာလည်း တစိတ်တဒေသအားဖြင့် အဖေ့သမီးအနေဖြင့် တိုင်းပြည်အပေါ်တွင် တာဝန်ရှိသည်ဟု ကျမ ယုံကြည်၍ပင် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျမသည် နိုင်ငံရေးသမားအချို့၏ သြဇာလွှမ်းမိုးမှုအောက်တွင် လှုပ်ရှားနေသည်ဟူသော မှန်းဆပြောဆိုချက်များလည်း ရှိပါသည်။ ကျမအပေါ် အယုံအကြည်မရှိအောင် လုပ်လိုသောလူများနှင့် အမှန်တကယ် စိုးရိမ်ကြသော ပုဂ္ဂိုလ်များက ကျမကို ကွန်မြူနစ်တွေ ပတ်လည်ဝိုင်းနေသည့် သဘောမျိုးနှင့် ပြောဆိုနေကြပါသည်။ နိုင်ငံရေးအယူအဆအမျိုးမျိုး ရှိကြသော ဝါရင့်နိုင်ငံရေးသမားအချို့က ကျမကို လက်တွေ့အကူအညီပေးနေသည်မှာ မှန်ပါသည်။ အနာဂတ်တွင် ပုဂ္ဂိုလ်ရေးအမြတ်အစွန်း သို့မဟုတ် နိုင်ငံရေးအကျိုးအမြတ်ကို လုံးဝမမျှော်လင့်ဘဲ ဒီမိုကရေစီအရေးအတွက်သာ ဆောင်ရွက်မည်ဟူသော နားလည်မှုကို ရှင်းလင်းစွာ ရယူထားပြီးမှ ကျမက ၎င်းတို့၏ အကူအညီကို လက်ခံခြင်းဖြစ်ပါသည်။ ကျမကိုယ်တိုင်ကလည်း နိုင်ငံရေးယုံကြည်ချက်၊ ပါတီ သို့မဟုတ် သဘောတရားတွေကို တိုင်းပြည်သာယာဝပြောရေးထက်ပိုပြီး ဦးစားပေးသောလူများကို အပြင်းအထန်ဆန့်ကျင်ပါသည်။ တိုင်းနိုင်ငံတိုင်း၊ ပြည်သူပြည်သားတိုင်းသည် ၎င်းတို့၏ အခြေအနေနှင့်ကိုက်ညီမည့် နိုင်ငံရေး၊ စီးပွားရေးစနစ်ကို ရှာဖွေရမည်ဖြစ်ပါသည်။ ယခုအခါတွင် ကျမသည် ကျောင်းသားအများအပြားပါဝင်သော နိုင်ငံရေးအဖွဲ့အစည်းမဟုတ်သော အုပ်စုများနှင့် ရင်းနှီးစွာပူးတွဲလုပ်ကိုင်လျက်ရှိပါသည်။ ၎င်းတို့၏ တခုတည်းသော ရည်ရွယ်ချက်မှာ မြန်မာပြည်သူပြည်သားများ လူ့အခွင့်အရေးအပြည့်အဝ ခံစားနိုင်မည့် ဒီမိုကရေစီစနစ်မျိုးကို ရရှိရန်ပင်ဖြစ်ပါသည်။ ယခုအချိန်သည် အမျိုးသားစည်းလုံးညီညွတ်ရေးအတွက် ကြိုးပမ်းအားထုတ်ရမည့် အချိန်ဖြစ်ပြီး၊ အနာဂတ် ပါတီနိုင်ငံရေးအတွက် အခြေခံအင်အားစုများ တိုးပွားခိုင်မာအောင် ကြိုးစားရမည့်အချိန် မဟုတ်ပါ။ နိုင်ငံရေးပါတီတည်ထောင်မည်လောဟု ကျမကို မေးလာသောအခါ ကျမ မက်မက်မောမော လုပ်လိုသော ကိစ္စမဟုတ်ဟု ဖြေရမည်ဖြစ်ပါသည်။ သို့သော်လည်း ကျမတို့အားလုံး ယခုကြိုးပမ်းနေကြသော ဒီမိုကရေစီစနစ်ကို ထောက်ခံကာကွယ်ရန်အတွက် လိုအပ်လာသည်ဟု ကျမ ယုံကြည်လာပါက ကျမ ရှောင်ရှားလိုသော ပါတီနိုင်ငံရေးမျိုး၌ပင် ဝင်ရောက်လုပ်ကိုင်မည်ဖြစ်ပါသည်။

ကျမကို မကြာခဏမေးလာသော အခြားမေးခွန်းတခုမှာ ကျမ မြန်မာပြည်၌ မည်မျှကြာအောင် နေထိုင်ရန် ရည်ရွယ်ပါသနည်းဟူသော မေးခွန်းပင်ဖြစ်ပါသည်။ ကျမ တနေ့တွင် ပြန်လာပြီး တိုင်းပြည်မှာ နေထိုင်ပြီး၊ ပြည်သူ့စာကြည့်တိုက်များ တည်ဆောက်ရန်နှင့် ကျောင်းသားများအတွက် ပညာသင်ဆုများ စီစဥ်ပေးမည်ဟု ကျမ အမြဲသဖြင့် ရည်ရွယ်ခဲ့ပါသည်။ ထို့ကြောင့် ဒီမိုကရေစီစနစ်သို့ ကူးပြောင်းပြီးသည့်နောက်ပိုင်း၌ ကျမ နိုင်ငံရေးဆက်လုပ်သည်ဖြစ်စေ၊ မလုပ်သည်ဖြစ်စေ ယင်းမူလရည်ရွယ်ချက်များကို အကောင်အထည်ဖော်ရန် မျှော်လင့်ပါသည်။

ကျမကို မကြာခဏမေးလာသော တတိယမေးခွန်းမှာ ပြည်သူ့ဒီမိုကရေစီလှုပ်ရှားမှု အောင်မြင်မည်ဟု ကျမ ယုံကြည်ပါသလားဟူသော မေးခွန်းဖြစ်ပါသည်။ ယုံကြည်သည်ဟု ပြတ်ပြတ်သားသား ဖြေပါမည်။ ယနေ့ မြန်မာနိုင်ငံရှိ စိတ်ဓာတ်အခြေအနေနှင့် လုံးဝအဆက်ပြတ်နေသော ပုဂ္ဂိုလ်များက ကြိုတင်ဟောကိန်းထုတ်ထားသည့်အတိုင်း ဖြစ်မလာဘဲ ပြည်သူလူထုသည် ဒီမိုကရေစီကို အောင်မြင်စွာ ရရှိမည့်အပြင် တိုင်းပြည်တိုးတက်ထွန်းကားရေးအတွက် ဒီမိုကရေစီစနစ်ကိုလည်း အောင်မြင်စွာ ကျင့်သုံးနိုင်မည်ဟု ကျမ ယုံကြည်ပါသည်။

ဤနေရာတွင် ဤအမျိုးသားလှုပ်ရှားမှုအား နှိုးဆွအသက်သွင်းပေးသည့် ကျောင်းသားများ၏ အခန်းကဏ္ဍကို ကျမ ပြောလိုပါသည်။ ကျောင်းသားအများစုသည် ရဲရင့်၍ ဖြတ်ထိုးဉာဏ်ရှိရုံတင်မကသေးဘဲ သဘောထားကြီးပြီး အယူအဆသစ်များကိုလည်း ခံယူတတ်ကြောင်း တွေ့ရှိရပါသည်။ ၎င်းတို့၏ အဖွဲ့အစည်းနှင့် ၎င်းတို့၏ ဖောက်ချလုပ်မှုတို့သည် အံ့သြဖွယ်ရာ စိတ်ဓာတ်တက်ကြွစရာပင် ဖြစ်ပါသည်။ ဤလူငယ်ကလေးများသည် အချိန်ကျရောက်လာသောအခါတွင် တိုင်းပြည်တာဝန်ထမ်းဆောင်ကြမည်ဟု တွေးမိသောအခါ များစွာ အားတက်မိပါသည်။ မြန်မာနိုင်ငံ၏ အနာဂတ်အရေး စိတ်အေးရပြီဟူ၍သာ ကျမ ခံစားမိပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

ကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင်သို့ အိတ်ဖွင့်ပေးစာ

အင်္ဂလိပ်ဘာသာဖြင့် ၁၉၉၁ ခုနှစ်တွင် ထုတ်ဝေသော စာအုပ်မှ စာမျက်နှာ ၂၂၂-၂၂၄ ကို မြန်မာပြန်သည်။

* * *

၁။ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းတွင် ဖော်ပြပါရှိသော လူ့အခွင့်အရေးများကို ဥပဒေအရ အကာအကွယ်ပေးမည့် ငြိမ်းချမ်းတည်ငြိမ် တိုးတက်သော လူ့အဖွဲ့အစည်းဖြစ်ပေါ်ရန် အာမခံမည့် လူမှုရေးနှင့် နိုင်ငံရေးအပြောင်းအလဲများကို ပေါ်ပေါက်စေရန်မှာ မြန်မာပြည်၌ ဒီမိုကရေစီအစိုးရတည်ထောင်ရန် လုပ်ဆောင်နေသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) နှင့် အခြားအဖွဲ့အစည်းများ၏ အဓိကဦးတည်ချက်ပင် ဖြစ်ပါသည်။

၂။ လွတ်လပ်ပွင့်လင်းစွာ အပြန်အလှန် ဆွေးနွေးပြီးနောက် တရားဥပဒေအရ ရွေးကောက်တင်မြှောက်ထားသော လွှတ်တော်မှ ပြဋ္ဌာန်းထားသော ဥပဒေစည်းမျဉ်းများကို တရားမျှတဖြောင့်မတ်စွာ အကောင်အထည်ဖော်ခြင်းဟု အဓိပ္ပာယ်ရသော "တရားဥပဒေစိုးမိုးရေး" နှင့် ပြည်သူလူထု၏ ထောက်ခံမှုကို မရရှိသော အစိုးရက ထင်သလို စိတ်ကြိုက်ထုတ်ပြန်ထားသည့် ကြေညာချက်များကိုသာ အကောင်အထည်ဖော်ခြင်းဖြစ်သော "ငြိမ်ဝပ်ပိပြားရေး" ဟူသည်တို့ကို မြန်မာနိုင်ငံ ဒီမိုကရေစီအရေးတွင် လုပ်ကိုင်ဆောင်ရွက်နေသူများက ကွဲပြားခြားနားစွာ သိသာစေလိုပါသည်။

၃။ လူ့အခွင့်အရေးများကို ယုံကြည်မြတ်နိုးသူများသည် ငြိမ်ဝပ်ပိပြားရေးသဘောကို ပယ်ချသည်မဟုတ်ပါ။ သို့သော် ဥပဒေဆိုသည်မှာ "ကြီးမားသောအုပ်စု၏ လိုအင်ဆန္ဒ" သာ ဖြစ်မနေစေရန်၎င်း၊ စည်းကမ်းရှိမှုဆိုသည်မှာလည်း "နေရာတကာ၌ ကြောက်ရွံ့နေရသည်ကို ရောင်ပြန်ဟပ်ခြင်း" မဟုတ်သည်ကို၎င်း အသေအချာအာမခံရန် လိုလားကြပါသည်။ မြန်မာပြည်သူပြည်သားအများစုသည် ဓမ္မနှင့် အဘယ ခေါ် ကိုယ်ကျင့်တရားကောင်းမွန်မှုနှင့် ကြောက်ရွံ့ခြင်း ကင်းမဲ့မှုတို့ကို ထိန်းသိမ်းမည့်အစိုးရကို မြန်မာပြည်တွင် လိုလားကြပါသည်။

၄။ တရားမျှတမှုကို ထိရောက်စွာ ကျင့်သုံးနိုင်ရန်အတွက်နှင့် ယင်းသို့ကျင့်သုံးသည့် ဖြစ်စဉ်တရပ်လုံးတို့ကို လူတိုင်းက ဆန်းစစ်လေ့လာရန် အလို့ငှာ ဥပဒေအရ အာမခံချက်ပေးနိုင်မှသာလျှင် လူ့အခွင့်အရေးလိုလားချက်များကို ဥပဒေလေးစားမှုနှင့် သဟဇာတဖြစ်အောင် ပြုလုပ်ရမည်ဟူသောအဆိုသည်လည်း တရားဝင်မည်ဖြစ်ပါသည်။ လွတ်လပ်မှု၊ တရားမျှတမှုနှင့် ငြိမ်းချမ်းရေးတို့၏ အခြေခံအဖြစ် လိုအပ်ကြောင်း ကုလသမဂ္ဂ အသိအမှတ်ပြုထားသော အခွင့်အရေးများ ဆုံးရှုံးပျက်စီးရသည်ကို တွန်းလှန်နေသူများအား မြန်ဆန်စွာ အရေးယူနှိမ်နင်းနိုင်ရန် ရည်ရွယ်၍ ပြဋ္ဌာန်းထားသော အမိန့်ကြေညာချက်များသည် အစိုးရအမိန့်မျှသာဖြစ်ပြီး တရားသော ဥပဒေအဆင့်သို့ မြှင့်တင်ရန်လိုအပ်သော သီလ၊ စွမ်းအားနှင့် ဥပဒေဆိုင်ရာ လုပ်ပိုင်ခွင့်များ၏ ထောက်ခံမှုမရှိဟု ဆိုရမည်ဖြစ်သည်။

၅။ တရားသောဥပဒေအားလုံးကို ထောက်ခံရန်နှင့် ရိုသေလေးစားရန်မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အစဉ်တစိုက်လိုက်နာခဲ့သော လမ်းစဉ်ဖြစ်ပါသည်။ တချိန်တည်းမှာပင် ခိုင်မာသော၊ ငြိမ်းချမ်းသော၊ တိုင်းပြည်တည်ထောင်လိုသူများသည် လူ့ဂုဏ်သိက္ခာနှင့် အမှန်တရား၏ အခြေခံများကို တိုက်ခိုက်သည့် အရေးယူလုပ်ဆောင်မှုများကို တွန်းလှန်ရန် တာဝန်ရှိသည်ဟု ပြည်သူအများစုနှင့်အတူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က သိရှိနားလည်ထားပါသည်။

၆။ မြန်မာနိုင်ငံတွင် ယနေ့ဖမ်းဆီးခံထားရသည့် များပြားလှသော နိုင်ငံရေးအကျဉ်းသမားများသည် ရာဇဝတ်မှုများ ကျူးလွန်သည်ဆို၍ စွဲချက်တင်ထားပါသည်။ အမှန်စင်စစ်မှာ ၎င်းတို့သည်

www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအပိုဒ် ၁၉၊ ၂၀ နှင့် ၂၁ တို့ကို ထောက်ခံကာကွယ်ရန် ကြိုးပမ်းအားထုတ်ကြခြင်းကြောင့် အရေးယူခံနေရခြင်းဖြစ်ပါသည်။ ထို့အပြင် အပိုဒ် ၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀၊ ၁၁ နှင့် ၁၂ တို့နှင့် ဆန့်ကျင်၍ ၎င်းတို့အား ကိုင်တွယ်ဆက်ဆံနေပါသည်။

၇။ နိုင်ငံရေး၊ စီးပွားရေးအခက်အခဲများကြောင့် အတိဒုက္ခရောက်နေကြရသည့် ပြည်သူပြည်သားတို့အား ထပ်မံ၍သာ ဒုက္ခပေးနိုင်သော ပဋိပက္ခမျိုး ရင်ဆိုင်တွေ့မှုမျိုးကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ၎င်းအား ထောက်ခံကြောင်း ရှင်းလင်းစွာပြနေသော ပြည်သူတို့က မလိုလားကြပါ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ၁၉၈၈ ခုနှစ်တွင် စတင်ပေါ်ပေါက်လာသည်မှစ၍ ဆွေးနွေးစေ့စပ်ညှိနှိုင်းခြင်းဖြင့် နားလည်မှုရယူသော ဒီမိုကရေစီအစဉ်အလာမူ သဘောတရားကို ခိုင်မြဲစွာ လက်ခံကျင့်သုံးခဲ့ပါသည်။

၈။ "လူသားတို့အား ၎င်းတို့၏ အခွင့်အရေးကို မပေးဘဲ ငြင်းဆိုနေခြင်းသည် လူမှုရေး၊ နိုင်ငံရေး မငြိမ်မသက်မှုဖြစ်ပေါ်စေရန် လမ်းခင်းပေးလိုက်ခြင်းဖြစ်သည်" ဟူသော ဖော်ပြချက် ခိုင်လုံသည်ကို ဒီမိုကရေစီအစိုးရစနစ်သို့ စောစောစီးစီး ငြိမ်းချမ်းစွာ ကူးပြောင်းလိုသူများက လက်ခံအသိအမှတ်ပြုကြပါသည်။ ထို့ကြောင့်လည်း လူမှုရေးနှင့် နိုင်ငံရေးမငြိမ်မသက်မှုများကို ရှောင်ရှားမည့် အခြေအနေများ ပေါ်ပေါက်လာရန် ဦးတည်၍ ၎င်းတို့က ကြိုးပမ်းနေကြခြင်းဖြစ်ပါသည်။ သို့သော်လည်း လူများစု၏ စိတ်ဆန္ဒကို ရှိသေလေးစားရန် အာဏာပိုင်တို့က ငြင်းဆန်နေသဖြင့် ယင်းသို့ ကြိုးပမ်းအားထုတ်မှုများသည် ဟန့်တားခြင်း ခံနေရပါသည်။

၉။ မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးမြှင့်တင်လိုသူများ (အထူးသဖြင့် နိုင်ငံရေးအကျဉ်းသားများ) အနေဖြင့် ၎င်းတို့အပေါ်တွင်၎င်း၊ ၎င်းတို့၏မိသားစု သို့မဟုတ် အပေါင်းအသင်းအပေါ်၌၎င်း ရန်တုံ့ပြန်မှုများ ပြုလုပ်လာမည့် ဘေးအန္တရာယ်ကို မကြောက်မရွံ့ရဘဲ ၎င်းတို့၏ အယူအဆများကို ပွင့်လင်းစွာ ထုတ်ဖော်နိုင်စေမည့် အခြေအနေများကို ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင်အနေဖြင့် တောင်းဆိုရန် ဖြစ်နိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

၁၀။ လူ့အခွင့်အရေးများကို အာမခံမည့် နိုင်ငံရေးစနစ်ရရှိရန် ကြိုးပမ်းရန်းကန်ရာ၌ အောင်မြင်မှုရရန် ၎င်းတို့၏ ကိုယ်ပိုင်သတ္တိ၊ ဇွဲ၊ လုံ့လနှင့် ခံနိုင်ရည်စွမ်းအားများကိုသာ အားကိုးရမည်ကို နားလည်သဘောပေါက်ကြသော်လည်း မြန်မာပြည်သူပြည်သားတို့သည် ၎င်းတို့၏ တရားမျှတသော ဦးတည်ချက်ကို ကုလသမဂ္ဂကော်မရှင်က ထောက်ခံမည်ဟု မျှော်လင့်ပါသည်။

၈

## ပြည်သူလူထုက လွတ်လပ်ရေးကို လိုချင်သည်

အောင်ဆန်းစုကြည်သည် ၎င်း၏နေအိမ်၌ အထိန်းသိမ်းမခံရမီ ၁၉ ရက်အလိုဖြစ်သော ဇူလိုင်လ ၁ ရက်နေ့ ၁၉၈၉ ခုနှစ်၌ အေးရှားဝိခ် (AsiaWeek) မှ ဒေါမနစ်ဖေါလ်ဒါ (Dominic Faulder) နှင့် အောက်ပါအတိုင်း အမေးအဖြေ လုပ်ထားပါသည်။

* * *

**မေး။** လက်ရှိအခြေအနေကို ဘယ်လိုရှိတယ်လို့ ဆိုနိုင်မလဲ။

**ဖြေ။** ကျမက အဓိကပစ်မှတ်ဖြစ်နေတာ ထင်ရှားပါတယ်။ ဒီလိုဖြစ်နေတာလည်း အတော်လေးကြာပါပြီ။ ဒါပေမဲ့ အခုတော့ ပြောင်လုပ်လာပြီပေါ့။ ကျမတို့ကို ပြည်သူတွေက အထောက်ခံဆုံးမို့လို့ ကျမတို့ကို ဦးတည်ပြီး

www.burmeseclassic.com

www.burmeseclassic.com

တိုက်ခိုက်နေကြတာပါပဲ။ ကျမတို့ ငြိမ်ငြိမ်လေးထိုင်ပြီး စောင့်ကြည့်နေရုံနဲ့ အရွေးခံရမှာ သေချာတယ်လို့ တချို့က ထင်ကြပါတယ်။ ဒါပေမဲ့ အဲဒီလောက် မလွယ်ပါဘူး။ ကျမတို့မှာရှိတဲ့ အခြေခံ နိုင်ငံရေးလုပ်ပိုင်ခွင့်တွေဟာ တနေ့ပြီးတနေ့ ပိုပြီး ဆုံးရှုံးနေရပါတယ်။ နဝတအဖွဲ့ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့) ဟာ ကျမတို့ တိုင်ထားတဲ့ မတရားမှုတွေ၊ တဖက်သတ်ကျမှုတွေ အားလုံးကို လုံးဝဂရုမစိုက်ပါဘူး။ ဒါကြောင့်မို့လို့ ဘယ်လိုအမှန်တကယ်ဖြစ်ပျက်နေတယ်ဆိုတာကို ကျမတို့က ပြောနေရတာပါ။

**မေး။** ရွေးကောက်ပွဲစည်းမျဉ်းသစ်ကို လေ့လာပြီးပြီလား။

**ဖြေ။** ဟုတ်ကဲ့၊ ကျမ သေသေချာချာ ဖတ်ကြည့်ပြီးပါပြီ။ အကြံဉာဏ်တွေ တပုံတခေါင်း ဝိုင်းပေးထားတာတွေကို နဲနဲလေးတောင် ဂရုစိုက်တာမဟုတ်ပါဘူး။ ကျမတို့ကလည်း အကြံတွေအများကြီး ပေးထားပေမယ့် အားလုံးကို လျစ်လျူရှုထားတာ တွေ့ရပါတယ်။ အာဏာလွှဲပြောင်းရေးနဲ့ဆိုင်တဲ့ အထူးစည်းမျဉ်းတွေ ထည့်သွင်းပေးဘို့ ကျမတို့ ပြောထားတာတွေကို လုံးလုံး မဖော်ပြထားပါဘူး။

**မေး။** ရွေးကောက်ပွဲကျင်းပဖြစ်တယ်ဆိုရင် ရွေးကောက်ပွဲပြီးရင် ဘာဖြစ်မယ်ထင်ပါသလဲ။

**ဖြေ။** ကျမတို့လည်း မသိပါဘူး။ ဒါက ပြဿနာပါပဲ။ ဘယ်သူပဲ အရွေးခံရ၊ ခံရ အာဏာအလွှဲအပြောင်းမလုပ်ခင် ပထမဆုံး ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြီး အတည်ပြုရမှာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဘယ်လိုအတည်ပြုရမယ်ဆိုတာကိုလည်း ပြောသေးတာမဟုတ်ပါဘူး။ လူထုဆန္ဒကောက်ယူပွဲလုပ်ပြီးတော့ အတည်ပြုရမှာလည်း ဖြစ်နိုင်ပါတယ်။ ဒီနည်းကတော့ နှစ်နဲ့မဟုတ်ရင်တောင် လနဲ့ချီပြီး ကြာနိုင်ပါတယ်။ ဒါကြောင့်မို့ အာဏာလွှဲပြောင်းရေးဆိုင်ရာ စည်းမျဉ်းတွေဟာ သိပ်အရေးကြီးပါတယ်။ အာဏာကို ဘယ်လိုလွှဲပြောင်းပေးမယ်ဆိုတာကို ကျမတို့ မသိမခြင်း နဝတ က ဒီမိုကရေစီနည်းလမ်းအရ ရွေးကောက်တင်မြှောက်ထားတဲ့ အစိုးရကို ဖွဲ့စည်းပေးမယ်လို့ဆိုတာကို ကျမတို့ ယုံကြည်လို့ မဖြစ်သေးပါဘူး။

**မေး။** ဒါပေမဲ့ အတိုက်အခံတွေအနေနဲ့ကလည်း ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအပေါ်မှာ သဘောတူချက်မရနိုင်သေးဘဲ ဖြစ်နေတယ်မဟုတ်လား။

**ဖြေ။** ပါတီ (၂၀၀) ကျော်ရှိနေတော့ လူတိုင်းလက်ခံနိုင်လောက်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲဖို့ဆိုတာက လွယ်တဲ့ကိစ္စ မဟုတ်ပါဘူး။ ဒါအစား နဝတ ကရော ဆွေးနွေးပွဲတွေ မစနိုင်ဘူးလား။ ဒါဟာ နိုင်ငံရေးပြဿနာတွေကို နိုင်ငံရေးနည်းနဲ့ရှင်းတဲ့ နည်းလမ်းဖြစ်ပါတယ်။ သူတို့ မဆွေးနွေးနိုင်သေးတာက ဦးနေဝင်းက အမိန့်မပေးသေးလို့ဘဲ ဖြစ်မယ်လို့ ကျမ ထင်မိပါတယ်။ နဝတ က ဘယ်သူနဲ့ဆွေးနွေးတာကိုမှ ဦးနေဝင်း ကြားချင်မယ် မဟုတ်ပါဘူး။ အဲဒီတော့ နဝတ က သူတို့ကို တိုက်နေတဲ့ပါတီတွေနဲ့ စကားမပြောနိုင်ဘူး၊ မတိုက်တဲ့ပါတီနဲ့ပဲ ပြောမယ်လို့ ဆိုလာပြန်ပါတယ်။ အဲဒါကို အစကတော့ ဘာကြောင့်မပြောကြသလဲ။ ဒါဟာ ဆင်ခြေသက်သက်ပါပဲ။ ကျမတို့က “နဝတ ဟာ ဒီဟာတွေ ဟိုဟာတွေ မလုပ်ဘူး။ ကျေးဇူးပြု၍ လုပ်ဖို့ကြိုးစားပါ” လို့ ပြောရင်တောင် သနားစရာကောင်းလှတဲ့ နဝတ ခမျာမှာ ဘာမှ လုပ်ပိုင်ခွင့်ရှိတာ မဟုတ်ပါဘူး။

**မေး။** သနားစရာကောင်းတဲ့ နဝတတဲ့လား။

**ဖြေ။** ဟုတ်ပါတယ်၊ သနားစရာကောင်းတဲ့ နဝတ ပါပဲ။ ဘယ်အဖွဲ့အစည်းပဲဖြစ်ဖြစ် အာဏာရှင်တဦးရဲ့ သြဇာခံ လုံးဝဖြစ်နေရင် သနားစရာလို့ ပြောနိုင်ပါတယ်။ သူခိုင်းတဲ့အတိုင်း လုပ်ကြတာပါပဲ။ ဦးနေဝင်းက အာဏာကို ကြိုးကိုင်နေသမျှတော့ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲဆိုတာလည်း ရှိနိုင်မယ် မထင်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com

မေး။ အာဏာပိုင်တွေက ခင်ဗျားဘက်ကို ဦးတည်တိုက်ခိုက်လာမယ်လို့ ထင်သလား။

ဖြေ။ သူတို့ကြိုးစားမယ်ထင်ပါတယ်။ ကျမအကြောင်း မဟုတ်တာတွေ၊ အဓိပ္ပာယ်မရှိတာတွေ ဝါဒဖြန့်ဖို့ သူတို့ အမြဲတမ်း ကြိုးစားနေကြတာပါပဲ။ ကျမမှာ အိမ်ထောင်လေးဆက်၊ သုံးဆက်၊ နှစ်ဆက်ရှိတယ် စသဖြင့်ပေါ့လေ။ နောက်တော့ ကျမဟာ ကွန်မြူနစ်လို့လည်း ပြောကြတယ်။ တချို့အသိုင်းအဝိုင်းမှာတော့ ကျမက စီအိုင်အေ လို့ ဆိုပါတယ်။ ကျမက ဗုဒ္ဓရှင်တော်ကို စော်ကားနေပါတယ်လို့ ထင်ရှားကျော်ကြားတဲ့ ဘုန်းတော်ကြီးတွေက မိန့်ဆိုအောင်လည်း သူတို့ ကြိုးစားနေတာပါပဲ။ ကျမ နိုင်ငံခြားသားနဲ့ လက်ထပ်ထားတယ်လို့တော့ သူတို့ ပြောနိုင်ပါတယ်။ ဒါကိုလည်း ကျမက ရှင်းရှင်း ဝန်ခံထားတာပါပဲ။ ဖုံးကွယ်ဖို့ ကြိုးစားနေတာမှမဟုတ်ဘဲ။

မေး။ ခင်ဗျားပြောတာကို ပြည်သူလူထု နားထောင်အောင် လုပ်ရတာ ခက်သလား။

ဖြေ။ မခက်ပါဘူး။ ပြည်သူလူထုက လွတ်လပ်ရေးကို လိုချင်တာပါ။ ပြဿနာကတော့ လူတွေဟာ ကြောက်ရွံ့ထိတ်လန့်တတ်တဲ့ အကျင့်တွေ စွဲနေပါတယ်။ ဇွန်လ (၁၉) ရက်နေ့ ၁၉၈၉ ခုနှစ်က နိုင်ငံခြားဓါတ်ပုံဆရာတဦးဟာ ကျမကို ဓါတ်ပုံရိုက်နေတုန်း အနှောက်အယှက်ခံရတဲ့အခါမှာ သူက ပြန်ပြောတော့ ကျမနဲ့အတူရှိတဲ့ လူတချို့ဟာ တော်တော် အံ့အားသင့်သွားကြပါတယ်။ “အဲဒီလို လုပ်တာဟာ လွတ်လပ်တဲ့ လူ့အဖွဲ့အစည်းက လာတဲ့လူတွေအဖို့ ပုံမှန်ပဲဖြစ်တယ်” ဆိုတာကို ကျမက ရှင်းပြရပါတယ်။ ကြောက်ရွံ့တယ်ဆိုတာကလည်း တခြားအပြုအမူတွေလို အလေ့အထပဲ ဖြစ်ပါတယ်။ ကြောက်ကြောက်ရွံ့ရွံ့နဲ့ နေထိုင်လာကြတာ ကြာလာရင် ကြောက်တတ်လာတာပါပဲ။ ဒါကြောင့်မို့ ကျမကို လူတွေက သိပ်သတ္တိကောင်းတယ်လို့ ပြောကြတာ ထင်ပါတယ်။ ကျမက ကြောက်လန့်နေရတဲ့အကျင့် မရခဲ့လို့သာ ဖြစ်မှာပါ။

မေး။ ခင်ဗျားဟာ နိုင်ငံရေးပြုပြင်မှုကို စီးပွားရေးဖွံ့ဖြိုးမှုထက် ပိုပြီး ဦးစားပေးထားပါလား။ နဝတ သတ်မှတ်ထားတဲ့ ရွေးကောက်ပွဲမလုပ်ခင် ရှိရမယ့် အခြေအနေတွေထဲမှာ ရပ်ပိုင်းဆိုင်ရာ ကြွယ်ဝမှုဟာလည်း တခုအပါအဝင် ဖြစ်တယ်လေ။

ဖြေ။ ကျမပြောတာက ဒီမိုကရေစီတိုက်ပွဲကနေ လူတွေ အာရုံပြောင်းသွားအောင် စီးပွားရေးပြုပြင်မှုဆိုတာမျိုးနဲ့ မဆွယ်သင့်ဘူးဆိုတဲ့အချက်ပါပဲ။ နိုင်ငံရေးစနစ်ကို ကျမတို့ မပြောင်းဘူးဆိုရင် စီးပွားရေးမှာလည်း တိုးတက်ဖွံ့ဖြိုးမှာ မဟုတ်ပါဘူး။ အခြေခံလူ့အခွင့်အရေးကို အာမခံချက် မပေးနိုင်တဲ့ အစိုးရဟာ စီးပွားရေးရာ အခွင့်အရေးတွေကို အာမမခံနိုင်မှာကတော့ သေချာပါတယ်။

မေး။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အာဏာရလာရင် ခင်ဗျား ဘာလုပ်မလဲ။

ဖြေ။ အစိုးရအဖွဲ့ထဲမှာ ကျမပါဝင်လာရမယ်လို့ ထင်ပါတယ်။ ဒါကလည်း ကျမလုပ်ရမယ့် ကိစ္စတခု ဖြစ်နေပါတယ်။ နောက်တက်မယ့် အစိုးရတော့ သက်သာမယ်မဟုတ်ဘူးလို့ ကျမ ပြောနိုင်ပါတယ်။ နှစ်ပေါင်း ၂၆ နှစ်၊ ၂၇ နှစ်လောက် တိတ်တဆိတ် ဒုက္ခခံလာခဲ့ကြရတဲ့ ပြည်သူတွေဟာ ရင်ဖွင့်ကြတော့မှာပါပဲ။ လူတိုင်းကို ကျေနပ်မှုပေးနိုင်လောက်အောင် မြန်ဆန်တဲ့ ပြုပြင်ရေးလုပ်ငန်းတွေကိုလည်း ဘယ်အစိုးရကမှ လုပ်နိုင်မှာ မဟုတ်ပါဘူး။ ပြည်သူတွေကတော့ နောက်တက်လာမယ့် အစိုးရကို ကောင်းကောင်းကြီး ကသိကအောက်ဖြစ်အောင် လုပ်ကြတော့မှာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



## နိုဘဲလ်ဆုရှင်ကိုယ်စားပြောသောမိန့်ခွန်း

အောင်ဆန်းစုကြည်ကို ၁၉၉၁ ခုနှစ် နိုဘဲလ်ငြိမ်းချမ်းရေးဆု ချီးမြှင့်သောအခါတွင် မလာရောက်နိုင်သဖြင့် သူမကိုယ်စား သားကြီးဖြစ်သူ မောင်မြင့်ဆန်းအောင် (Alexander Aris – အလက်ဇန္ဒားအဲရစ်) က အောက်ပါမိန့်ခွန်းကို ဖတ်ကြားပါသည်။

* * *

ဘုရင်မင်းမြတ်၊ မိဖုရားကြီး၊ အစိုးရအဖွဲ့ဝင်များ၊ သံတမန်များနှင့် အမျိုးသမီး၊ အမျိုးသားများခင်ဗျား။

ဆုများထဲတွင် အကြီးအကျယ်ဆုံးသော ဤနိုဘဲလ်ငြိမ်းချမ်းရေးဆုကို ကျနော့်မိခင် ဒေါ်အောင်ဆန်းစုကြည်ကိုယ်စား လက်ခံရန် လူကြီးမင်းများရှေ့မှောက်တွင် ကျနော် ယနေ့ ရောက်ရှိနေခြင်းဖြစ်ပါသည်။ ကျနော့်မိခင်သည် အခြေအနေအကြောင်းများကြောင့် ကိုယ်တိုင်မလာရောက်နိုင်သဖြင့် သူမအနေဖြင့် ထုတ်ဖော်ပြောဆိုမည့် ခံစားချက်ဟု ကျနော် ယုံကြည်ယူဆသော ခံစားမှုများကို ဖော်ပြနိုင်ရန် ကျနော် အစွမ်းကုန်ကြိုးစားပါမည်။

ပထမဦးစွာ သူမသည် နိုဘဲလ်ငြိမ်းချမ်းရေးဆုကို သူမအနေဖြင့်မဟုတ်ဘဲ မြန်မာပြည်သူပြည်သား အားလုံးကိုယ်စား လက်ခံကြောင်းပြောဆို၍ စတင်လိမ့်မည်ဟု ကျနော် သိရှိနားလည်ပါသည်။ ဤဆုသည် သူမနှင့် မသက်ဆိုင်ဘဲ ကျနော် ယခု စကားပြောနေစဉ်၌ပင် မြန်မာပြည် ဒီမိုကရေစီရရှိရေးအတွက် ၎င်းတို့၏ ကိုယ်ကျိုးကောင်းစားမှု၊ ကိုယ်ပိုင်လွတ်လပ်မှုနှင့် အသက်တို့ကို ဆက်လက်အနစ်နာခံနေကြသော အမျိုးသား၊ အမျိုးသမီး၊ ကလေးသူငယ်များနှင့်သာ သက်ဆိုင်သောဆုဖြစ်ကြောင်း သူမက ပြောမည်ဖြစ်ပါသည်။ ဤဆုသည် ၎င်းတို့၏ ဆုဖြစ်သကဲ့သို့ မြန်မာပြည် ငြိမ်းချမ်းရေး၊ လွတ်လပ်ရေးနှင့် ဒီမိုကရေစီအတွက်ဖြစ်သော ရေရှည်တိုက်ပွဲတွင် နောက်ဆုံးရရှိမည့် အောင်ပွဲမှာလည်း ၎င်းတို့၏အောင်ပွဲပင် ဖြစ်ပါမည်။

သို့သော်လည်း သူမ၏ သားအနေနှင့် ကျနော် ဖြည့်စွက်ပြောလိုသည်မှာ သူမကိုယ်တိုင် စိတ်ရောကိုယ်ပါ မြှုပ်နှံလုပ်ကိုင်ခြင်း၊ ကိုယ်တိုင်အနစ်နာခံခြင်း စသည်တို့ကြောင့် သူမသည် မြန်မာပြည်သူပြည်သား အားလုံး၏ ဆိုးဝါးသောအခြေအနေကို အများက အသိအမှတ်ပြုလာစေရန် အားလုံးကိုယ်စား ရပ်တည်ထိုက်သော သင်္ကေတ ဖြစ်လာရပါသည်။

ယင်းအခြေအနေဆိုးများကို မည်သူကမျှ လျှော့မတွက်သင့်ပါ။ မြို့ရွာကျေးလက်တွင် ဆင်းရဲမွဲတေ ချို့တဲ့နွမ်းပါးနေကြခြင်း၊ အကျဉ်းထောင်ထဲတွင် အရိုက်အနှက်ခံ၊ အနှိပ်စက်ခံနေကြရခြင်း၊ မြန်မာပြည်၏ မျှော်လင့်ချက်များဖြစ်သော လူငယ်လူရွယ်များ ၎င်းတို့ထွက်ပြေးရာတောထဲ၌ ငှက်ဖျားမိပြီး ဒုက္ခရောက်နေကြခြင်း၊ ဗုဒ္ဓဘာသာဘုန်းကြီးများ အရိုက်ခံ၊ သိက္ခာချခံနေကြရခြင်း စသည့်အခြေအနေဆိုးများပင် ဖြစ်ပါသည်။ ကျနော့်မိခင်အပြင် အထူးရိုသေလေးစားခံရသော ဝါရင့်ခေါင်းဆောင်များသည်လည်း အကျဉ်းချခံနေရသည်ကို ကျနော်တို့ မမေ့သင့်ပါ။

ဤသို့ အမြင့်ဆုံး ဂုဏ်ပြုခံရသည်ကိုက ၎င်းတို့ကိုယ်စား ကျနော်က လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ကြောင်း ပြောအပ်ပါသည်။ ဤကဲ့သို့ အလွန်ဝေးလံသော တိုင်းပြည်တွင် မိမိတို့၏ ဒုက္ခဝေဒနာ ခံစားနေရမှုများကို နားစိုက်ဂရုပြုနေသောကြောင့် မြန်မာပြည်သူတို့အနေဖြင့် ယနေ့ အနည်းငယ် ခေါင်းမော့နိုင်မည် ဖြစ်ပါသည်။

အစောင့်ထူထပ်စွာချထားသော ရန်ကုန်မြို့နေအိမ်တွင် တဦးတည်း ဆင်နွှဲနေသောတိုက်ပွဲသည် စိတ်ဓာတ်ရေးရာ နှိပ်ကွပ်မှုနှင့် နိုင်ငံရေး အဓမ္မအနိုင်ကျင့်မှုတို့မှ လူသားတို့ လွတ်မြောက်အောင် ကမ္ဘာနှင့်ချီ၍ ကျယ်ပြန့်စွာ ကြိုးပမ်းနေသော တိုက်ပွဲကြီး၏ တစိတ်တပိုင်းပင်ဖြစ်ကြောင်း ကျနော်တို့ သတိရကြရမည် ဖြစ်ပါသည်။ ဤဆုသည် ဤတိုက်ပွဲကြီးထဲတွင် မည်သည့်အရပ်မှမဆို ပါဝင်နေသူများကိုလည်း ဂုဏ်ပြုရန် ရည်ရွယ်သည်ဟု ကျနော် ယုံကြည်မိပါသည်။ ယနေ့ အော်စလိုမြို့တွင် ပြုလုပ်သော ဤအခမ်းအနားကို တကမ္ဘာလုံးတွင် ကျင်းပနေသော ကမ္ဘာ့လူ့အခွင့်အရေးနေ့၌ ကျင်းပရသည်မှာလည်း အကြောင်းရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဥက္ကဋ္ဌကြီးခင်ဗျား၊ လူကြီးမင်းတို့ ကော်မတီ၏ ရွေးချယ်ချက်ကို ကမ္ဘာ့မိသားစုတခုလုံးက ကောင်းချီးသြဘာပေးနေကြပါသည်။ လွန်ခဲ့သော ရက်အနည်းငယ်ခန့်က ကုလသမဂ္ဂသည် တညီတညွတ်တည်း သမိုင်းဝင်ဆုံးဖြတ်ချက်တရပ် ချမှတ်ကာ ဤဆု၏ အရေးပါပုံနှင့်ပတ်သက်သော အထွေထွေအတွင်းရေးမှူးချုပ် ပဲရစ်ဒီကွဲလယား **(Perez de Cueller)** ၏ ထုတ်ပြန်ချက်ကို ကြိုဆိုကြပြီး ကျနော့်မိခင် လွတ်မြောက်ရေးအတွက် ၎င်းက ထပ်ခါတလဲ ပန်ကြားထားသည်များကိုလည်း ထောက်ခံလိုက်ပါသည်။ မြန်မာပြည်၏ လူ့အခွင့်အရေးအခြေအနေ အလွန် စိုးရိမ်ဖွယ်ရာ ဖြစ်နေသည်ကို တကမ္ဘာလုံးက သိရှိနားလည်ထားကြသည်ကိုလည်း ထင်ရှားစွာ ဖော်ပြထားပါသည်။ ကမ္ဘာ့တိုင်းနိုင်ငံအားလုံးထဲတွင် တကိုယ်တည်းကင်းကွာ၍ အထီးကျန်နေခဲ့သော ရန်ကုန် အစိုးရထံမှသာ တခုတည်းသော သဘောထားကွဲလွဲသံကို ကြားရပါသည်။ နောက်ကျကျန်ရစ်ပြီး အားနည်းနေသော အသံပင်ဖြစ်၏။

(ခါတ်ပုံလာသည်)

သားကြီး အလက်ဇန္ဒား (မြင့်ဆန်းအောင်) ၁၉၉၁ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့၌ မိခင်ကိုယ်စား နိုဘဲလ်ငြိမ်းချမ်းရေးဆု လက်ခံရင်း ကျေးဇူးတင်စကားပြောကြားနေစဉ်

(ဆောင်းပါးအဆက်လာသည်)

ဤအစိုးရသည် နှစ်ပေါင်းသုံးဆယ်နီးပါး မတရားသဖြင့် အုပ်ချုပ်လာခဲ့သည့်အတွက် တချိန်က ကြီးပွားတိုးတက်ခဲ့သော မြန်မာရွှေဝါမြေသည်လည်း စီးပွားရေးတွင် ကမ္ဘာ့အဆင်းရဲဆုံး နိုင်ငံတနိုင်ငံဘဝသို့ ရောက်ရှိသွားရပါသည်။ သြဇာအာဏာကို ထိရောက်စေရန် ခြိမ်းခြောက်မှု၊ ကြောက်ရွံ့မှု၊ ဖိနှိပ်မှု၊ မုန်းတီးမှုတို့ကို အသုံးပြုခဲ့သော အခြားအာဏာရှင်စနစ်များ၏ ကံကြမ္မာကဲ့သို့ နောက်ဆုံးတွင် ၎င်းတို့၏ ကံကြမ္မာလည်း ဖြစ်ပေါ်လာလိမ့်မည်ကို ရန်ကုန်ရှိ အာဏာပိုင်တို့၏ အတွင်းစိတ်ထဲ၌ သိရှိကြရမည် ဖြစ်ပါသည်။ လက်ရှိ မြန်မာ့ဒီမိုကရေစီကြိုးပမ်းမှုတိုက်ပွဲ ၁၉၈၈ ခုနှစ်က၊ လမ်းမများပေါ်၌ ပေါက်ကွဲထွက်ပေါ်လာခြင်းသည် အရှေ့ဥရောပ၊ အာရှနှင့် အာဖရိကတို့တွင် ပေါ်ပေါက်လာမည့် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီ ဒီရေလှိုင်းကြီး၏ ပထမဆုံးသော လှုပ်ရှားမှုတရပ်ပင် ဖြစ်ပါသည်။ ယနေ့ ၁၉၉၁ ခုနှစ်တွင် မြန်မာနိုင်ငံသည် ဖိနှိပ်ချုပ်ချယ်သော၊ ခေါင်းမာသော နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ လက်အောက်တွင် ဆက်လက် ဒုက္ခခံနေရသဖြင့် မြန်မာနိုင်ငံသည် သိသာထင်ရှားနေပါသည်။ သို့သော်လည်း အခြားနိုင်ငံများတွင် ဒီမိုကရေစီအောင်ပွဲခံသွားသော သာဓကသည် မြန်မာပြည်သူတို့အတွက် အရေးကြီးသော သတင်းပါးချက်ပင်ဖြစ်ပါသည်။ အာဏာရှင်စနစ် စီးပွားရေးသည် လုံးဝ စွမ်းဆောင်နိုင်ခြင်း မရှိသည့်အတွက် လက်ရှိအစိုးရသည်လည်း ကျဆုံးရမည်ဟူသော အကြောင်းကြားချက် ဖြစ်ပါသည်။ ယခုအခါတွင် မြင့်တက်နေသော ငွေကြေးဖောင်းပွမှု၊ အလွဲလွဲအမှားမှားဖြစ်နေသော စီးပွားရေးနှင့် တန်ဖိုးမရှိသော ကျပ်ငွေတို့နှင့် ရင်ဆိုင်နေရသော မြန်မာအစိုးရသည် မိမိတို့ ပြုလုပ်ခဲ့သည့်အတိုင်း ခံစားနေရသည်မှာ သံသယဖြစ်စရာမလိုပါ။

သို့သော်လည်း လက်ရှိအာဏာရအစိုးရ ကျဆုံးသွားခြင်းသည် စီးပွားရေး လုံးဝ ပြိုကျပျက်ပြားသွားရသောကြောင့် မဖြစ်ပါစေနှင့်ဟု ကျနော် လေးနက်စွာ မျှော်လင့်ပါသည်။ ယခုနှစ်အတွက် ဆုကြေညာစဉ် နိုဘဲလ်ကော်မတီက ဖော်ပြထားသည့်အတိုင်း လူ့အခြေခံဂရုဏာတရားအရ ပန်ကြားထားသည်ကို အာဏာရအစိုးရက ဂရုပြုမိကောင်း ပြုမိပါလိမ့်မည်။ ဖိနှိပ်ချုပ်ချယ်၍ ကြောက်ရွံ့ထိတ်လန့်အောင် ပြုလုပ်နေသော လက်ရှိလမ်းစဉ်များသည် မြန်မာ့ဗုဒ္ဓဘာသာအစဉ်အလာ၏ မှန်မြတ်သော ကိုယ်ကျင့်တရားများကို ချိုးဖောက်နေခြင်းဖြစ်သည်ဟု ယူဆကာ ရွံမုန်းနေသူများလည်း စစ်အစိုးရအဖွဲ့တွင် ပါရှိကြောင်း ကျနော်သိပါသည်။ ဤသည်မှာ အချည်းနှီး ကိုယ်လိုရာကိုယ်ဆွဲပြီး တွေးခေါ်ခြင်းမဟုတ်ဘဲ ကျနော့်မိခင်ကိုယ်တိုင် အာဏာပိုင်အဆင့်ရှိ ပုဂ္ဂိုလ်များနှင့် ထိတွေ့ဆက်ဆံရင်း ရရှိလာသော ယုံကြည်မှုပင်ဖြစ်ပါသည်။ စစ်မှုထမ်းများနှင့် ၎င်းတို့ မိသားစုများသာ အဓိကအားဖြင့် နေထိုင်သော မဲဆန္ဒနယ်မြေများတွင် သူမ၏ ပါတီ အနိုင်ရရှိသည်မှာလည်း ဤအချက်ကို ထင်ရှားစွာ သာဓကပြခြင်းပင် ဖြစ်ပါသည်။ အာဏာပိုင်များထဲမှ ယင်းသို့ မျှတလိုသော၊

www.burmeseclassic.com

www.burmeseclassic.com

သင့်မြတ်လိုသော ပုဂ္ဂိုလ်များက မြန်မာပြည်၏ အလိုအပ်ဆုံးသော အချိန်ကာလ၌ ၎င်းတို့၏ ခံစားချက်များကို ထိထိရောက်ရောက် အကျိုးသက်ရောက်မှုရှိနိုင်ရန် လုပ်နိုင်ပါစေဟု ကျနော် လေးနက်စွာ ဆန္ဒပြုပါသည်။

ကျနော့်မိခင်သော ယနေ့ လွတ်လပ်နေပါက လူကြီးမင်းများကို ကျေးဇူးတင်ရှိကြောင်း ပြောဆိုရင်း ဖိနှိပ်သူနှင့် ဖိနှိပ်ခံနေရသူတို့သည် ၎င်းတို့၏ လက်နက်များကို စွန့်ပစ်၍ အတူတကွ ပူးပေါင်းကာ ငြိမ်းချမ်းရေးစိတ်ဓာတ်နှင့် ဂရုဏာတရားတို့အပေါ်တွင် အခြေခံသော တိုင်းပြည်ကို တည်ဆောက်စေနိုင်ရန်အတွက်ပါ ဆုတောင်းပေးပါရန် လူကြီးမင်းတို့အား ပန်ကြားမည်ဟု ကျနော် သိပါသည်။

ကျနော့်မိခင်အား ဒီမိုကရေစီအပြောင်းအလဲများကို ငြိမ်းချမ်းသောနည်းလမ်းဖြင့် ရယူလိုသော နိုင်ငံရေးအတိုက်အခံဟု မကြာခဏ ထုတ်ဖော်ပြောဆို ရေးသားကြသော်လည်း သူမ ကြိုးစားရှာဖွေနေသည်မှာ အခြေခံအားဖြင့် စိတ်ဓာတ်ရေးရာ ပြောင်းလဲမှုဖြစ်သည်ကို ကျနော်တို့ သတိရသင့်ပါသည်။ "အစစ်မှန်ဆုံးသော တော်လှန်ရေးသည် စိတ်ဓာတ်တော်လှန်ရေးဖြစ်ပြီး" ယင်းသို့ ကြိုးပမ်းအားထုတ်ရာတွင် "လိုအပ်သော စိတ်ဓာတ်ရေးရာ အဓိကရည်မှန်းချက်များ" နှင့် ပတ်သက်၍လည်း သူမ၏ ရေးသားထားချက်များ ရှိပါသည်။ ယင်း စိတ်ဓာတ်တော်လှန်ရေး အောင်မြင်ရန်မှာ လူ့တာဝန်ဝတ္တရားအပေါ်တွင် လုံးဝ မူတည်နေပါသည်။ လူ့တာဝန်ဝတ္တရားသိစိတ်၏ မူလ အရင်းအမြစ်မှာ "လုံးဝ အပြစ်ကင်းစင်ခြင်းဟူသော သဘောတရားကို နားလည်၍ အပြစ်ကင်းစင်လိုသော စိတ်ဆန္ဒ၊ အပြစ်ကင်းစင်ရန် နည်းလမ်းရှာနိုင်သော အသိဉာဏ်နှင့် ယင်းနည်းလမ်းများကို လိုက်နာလိုသောစိတ်ဓာတ်၊ ယင်းနည်းလမ်းကို အဆုံးတိုင် မလိုက်နိုင်သည့်တိုင်အောင် မိမိ၏ ချွတ်ယွင်းချက် အကန့်အသတ်ကို ကျော်လွှားရန် လိုအပ်သောအတိုင်းအတာအထိ အနည်းဆုံး ရောက်ရှိအောင် ကြိုးစားလိုခြင်းတို့ ဖြစ်ပါသည်"။ ဘဝတွင် ပြည့်ဝစွာ နေထိုင်ရန်အတွက် သူတပါး၏ လိုအပ်ချက်တာဝန်များကို ထမ်းဆောင်လိုသောသတ္တိ ရှိရမည်ဖြစ်၏။ ဤတာဝန်ကို ထမ်းဆောင်လိုရမည်ဟု သူမက ဆိုခဲ့ပါသည်။ ဤအချက်ကို သူမ၏ယုံကြည်မှုနှင့် ဆက်စပ်ယူရာတွင် "သတ္တဝါအပေါင်းတို့အနက် လူသားစစ်စစ်သာလျှင် အဆင့်အမြင့်ဆုံး အခြေအနေဖြစ်သော ဘုရားအဖြစ်ကို ရရှိနိုင်သဖြင့် လူသားအား အလွန်တန်ဖိုးထားသည့် မြန်မာ့ရိုးရာ ယဉ်ကျေးမှုအခြေခံဖြစ်သော ဗုဒ္ဓဝါဒအရ လူတိုင်းသည် မိမိဆန္ဒအရ ကြိုးပမ်းအားထုတ်ခြင်းဖြင့် သစ္စာတရားကို သိနိုင်စွမ်းရှိပြီး သူတပါးကို သိစေရန်အတွက်လည်း ကူညီနိုင်သော အလားအလာရှိသည်" ဟု ရေးသားထားပါသည်။

နောက်ဆုံးတွင် သူမက "မြန်မာနိုင်ငံတွင် ဒီမိုကရေစီရှာပုံတော်သည် ပြည်သူတို့က ကမ္ဘာ့အဖွဲ့အစည်းအတွင်း လွတ်လပ်သော တန်းတူညီတူအဖွဲ့ဝင်များအဖြစ် ပြည့်ဝစွာ အဓိပ္ပာယ်ရှိရှိ နေထိုင်နိုင်ရန် ရုန်းကန်မှုကြီးပင် ဖြစ်ပါသည်။ ဤသည်မှာ မိမိတို့၏ စိတ်ဓာတ်သည် မိမိ၏ သဘာဝချွတ်ယွင်းချက်များအား ကျော်လွှန်နိုင်ကြောင်းကို ထင်ရှားစေရန် လူသားတို့က အဆက်မပြတ် ကြိုးပမ်းအားထုတ်နေမှု၏ အစိတ်အပိုင်းတခုပင် ဖြစ်ပါသည်"ဟု ရေးသားထားပါသည်။

နော်ဝေးတွင် မိခင်အတွက် ကျနော်နှင့် ကျနော့်ညီတို့ ဆုထူးကြီးကို လက်ခံကြရသည်မှာ ဤအကြိမ်သည် ဒုတိယအကြိမ်ပင် ဖြစ်ပါသည်။ ယမန်နှစ်ကလည်း သိုရော့ဖ်ရာဖ်တို (Thorolf Rafto) လူ့အခွင့်အရေးဆုကို လက်ခံရန် ဘာဂင် (Bergen) သို့ ကျနော်တို့ သွားရောက်ခဲ့ပါသည်။ ယခုနှစ်အခမ်းအနား၏ ပဏာမပင် ဖြစ်ပါသည်။ ယခုအခါ ကျနော်တို့တွင် နော်ဝေးပြည်သူများအတွက် အထူးခံစားချက်များ ရှိနေကြပြီ ဖြစ်ပါသည်။ မကြာမီအတွင်း ကျနော်တို့မိခင်သည်လည်း ဤခံစားချက်ကို မျှဝေခံစားနိုင်ပြီး ကျနော့်မှတဆင့် သို့မဟုတ်ဘဲ မိမိကိုယ်တိုင် တိုက်ရိုက် စကားပြောနိုင်လိမ့်မည်ဟု ကျနော် မျှော်လင့်ပါသည်။ ဤအတောအတွင်း သူမနှင့် မြန်မာပြည်သူပြည်သားတို့အား ဤသို့ ကြီးမားထူးခြားစွာ ထောက်ခံခြင်းသည် ကမ္ဘာ့အစွန်ဆုံး ဆန့်ကျင်ဘက်နေရာများတွင် နေထိုင်နေကြသော ပြည်သူနှစ်ရပ်အား ပိုမိုနီးကပ်အောင် စုပေါင်းပေးရာကျပြီး ယခုကဲ့သို့ ဖြစ်ပေါ်လာသော ဆက်သွယ်မှုမှ မြောက်မြားစွာသော အကျိုးဆက်များ ပေါ်ထွက်လာမည်ဟု ကျနော် ယုံကြည်ပါသည်။

လူကြီးမင်းအားလုံးကို ကျနော့်အနေဖြင့် စိတ်ထဲနှလုံးထဲမှ ကျေးဇူးတင်ရှိကြောင်း ပြောလိုပါသည်။ ယနေ့မှစ၍ နာကျည်းချက်များ၊ အာဃာတများ စတင် ပျယ်ပြောက်၍ မြန်မာပြည် ငြိမ်းချမ်းရေးရရှိရာတွင် ၁၉၉၁ နိုဘဲလ်ငြိမ်းချမ်းရေးဆုသည် သမိုင်းတွင်မည့် ခြေတလှမ်းဖြစ်စေရန် ကျနော်တို့ ဆုတောင်းရ၊ မျှော်လင့်ရမည်

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပါသည်။ အတိတ်၏ သင်ခန်းစာများကို မေ့လျော့မည် မဟုတ်သော်လည်း အနာဂတ် မျှော်လင့်ချက်အတွက် ကျနော်တို့ ယနေ့ အခမ်းအနား ဆင်ယင်ကျင်းပခြင်းပင် ဖြစ်ပါသည်။

၁၀

## နိုဘဲလ်ကော်မတီသို့ပေးစာ

၅၄၊ တက္ကသိုလ်ရိပ်သာလမ်း
ရန်ကုန်
၁၄ မေ ၁၉၉၂

ပါမောက္ခ လွှန်ဒီစတက်ရှင့်

၁၉၉၁ ခုနှစ်အတွက် နိုဘဲလ်ငြိမ်းချမ်းရေးဆု ကျမကို ပေးအပ်ရန်ဆုံးဖြတ်လိုက်ကြောင်း ကျမ ပထမ ကြားသိရသောအခါတွင် ချက်ချင်းဖြစ်ပေါ်လာသော ခံစားချက်များမှာ လေးနက်သော နိဝါတစိတ်နှင့် အထူးကျေးဇူးတင်စိတ်တို့ပင် ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ဒီမိုကရေစီရရှိရန် ကြိုးပမ်းအားထုတ်တိုက်ပွဲဝင်နေကြသူများ၏ အနစ်နာခံမှုနှင့် ဆင်းရဲဒုက္ခခံမှုများကြောင့်သာ ကျမကို ဤသို့ ဂုဏ်ပြုခြင်းဖြစ်သည်ကို ကျမ သိရှိရသဖြင့် နိဝါတတရား ပွားများရခြင်းဖြစ်ပါသည်။ ဤသို့ ကြိုးပမ်းအားထုတ် တိုက်ပွဲဝင်နေကြသည်ကို လူကြီးမင်းများက အသိအမှတ်ပြုခြင်းဖြင့် ဒီမိုကရေစီတိုက်ပွဲကို အလွန်အဖိုးတန်လှသော အထောက်အကူပေးလိုက်သည့်အတွက် ကျေးဇူးတင်စိတ် ပေါ်ပေါက်လာရခြင်း ဖြစ်ပါသည်။

ကျမတို့၏ စုပေါင်းကြိုးပမ်းမှုတွင် ပါဝင်သူများအားလုံးကိုယ်စား ဤဆုကြီးကို လက်ခံရယူကြောင်း ကျမသားကြီး အလက်ဇန္ဒား (မြင့်ဆန်းအောင်) က ပြောကြားခဲ့သည်မှာ ကျမ၏ ခံစားချက်ကို တိတိကျကျ ဖော်ပြခြင်းပင်ဖြစ်ပါသည်။ ကျမတို့ မြန်မာပြည်သူပြည်သားများ၏ အရေးကို ဂရုပြုကြောင်း ပြသသည့်အတွက် ကျမ လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ကြောင်း ပြောလိုပါသည်။

ကျမရရှိသော ဆုငွေများဖြင့် မြန်မာပြည်ပညာရေးနှင့် ကျန်းမာရေးဘဏ္ဍာထိန်းအဖွဲ့ တည်ထောင်ရန်လည်း ကျမခင်ပွန်း မိုက်ကယ်အဲရစ်အား ပြောကြားထားပါသည်။ ကျမကိုယ်တိုင် ယင်းဘဏ္ဍာထိန်းအဖွဲ့ကို အပြည့်အဝ ကြီးကြပ်နိုင်မည့် အချိန်ကာလမတိုင်မခြင်း ဤဘဏ္ဍာထိန်းလုပ်ငန်းနှင့်ဆိုင်သော ဥပဒေရေးရာကိစ္စရပ်အားလုံးကို ကျမ ခင်ပွန်းအား ကျမကိုယ်စား ဆောင်ရွက်ပိုင်ခွင့် ပေးထားပါသည်။

ကျမအနေနှင့် ပြောရမည်ဆိုပါက ကျမသားကြီးက နော်ဝေးပြည်သူပြည်သားများအကြောင်း ချစ်ခင်ရင်းနှီးစွာ နွေးထွေးသော မေတ္တာစိတ်ဖြင့် ပြောသွားသည်ကို ကြားသိလိုက်ရသည့်အတွက်လည်း ကျမ များစွာ နှစ်သက်ကြည်နူးမိပါသည်။ ဆုပေးပွဲအခမ်းအနားကို ကြည်နူးဖွယ်ရာ၊ မမေ့နိုင်ဖွယ်ရာ ဖြစ်ရပ်အနေဖြင့်၊ အထူးသဖြင့် တက်ရောက်ကြသော မြန်မာများအတွက် ပြုလုပ်ပေးရန်၊ ကြိုးစားဆောင်ရွက်ပေးကြသည်များကို ကြားရသောအခါတွင်လည်း ကျမ စိတ်လှုပ်ရှားရသည်အထိ ကြည်နူးမိပါသည်။

နော်ဝေးနိုင်ငံရှိ တောင်စောက်တောင်ကြားအတွင်းမှ ပင်လယ်မြောင်များအကြောင်းကို ကျမ ကလေးဘဝတွင် ဖတ်ရှုရစဉ်ကတည်းမှစ၍ နော်ဝေးနိုင်ငံသည် ကျမစိတ်အာရုံကို အထူးစွဲဆောင်ခဲ့ပါသည်။ ကျမကိုယ်တိုင် တနေ့တွင် လာရောက်၍ နိုဘဲလ်ငြိမ်းချမ်းရေးဟောပြောပွဲကို ပြုလုပ်နိုင်မည့်အချိန်အခါကို စိတ်အားထက်သန်စွာ စောင့်မျှော်နေပါသည်။

အောင်ဆန်းစုကြည်

www.burmeseclassic.com

www.burmeseclassic.com

၁၁

## အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ဥပဒေအဖွဲ့မှ ပေးသော ဆုအတွက်မိန့်ခွန်း

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေအဖွဲ့မှ ချီးမြှင့်သောဆုကို လက်ခံရာတွင် ဒေါ်အောင်ဆန်းစုကြည်ရေးသား၍ သူမကိုယ်စား သားကြီး အလက်ဇန္ဒား (မြင့်ဆန်းအောင်) က ၁၉၉၂ မေလ ၁၄ ရက်နေ့တွင် ဝါရှင်တန်မြို့တော်၌ ဖတ်ကြားသော မိန့်ခွန်းဖြစ်ပါသည်။

* * *

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေအဖွဲ့မှ နှစ်စဉ်ချီးမြှင့်သော လူ့အခွင့်အရေးဆုကို သမတ ပက်ထရီရှို–အလ်ဝင် (Patricio Aylwin) နှင့်အတူ တချိန်တခါထဲ လက်ခံရယူရသည်ကို များစွာဂုဏ်ယူမိပါသည်။ ဤဆုသည် ယခုအခါ၌ မြန်မာနိုင်ငံတွင် အလွန်အရေးကြီးလှသော ကိစ္စရပ်များကို အာရုံစူးစိုက်လာစေရန် မီးမောင်းထိုးသကဲ့သို့ ဖြစ်ရပါသည်။ ချီလီနိုင်ငံ သမတကြီးသည် အမှန်တရားနှင့် ပြန်လည်သင့်မြတ်ရေးတရားတို့အကြား ခိုင်မြဲသော ဆက်စပ်မှုရှိနေပုံကို တနေ့တခြား လူအများ ပိုမိုသိရှိသဘောပေါက်လာစေရန် ဆောင်ရွက်ရာတွင် ကျယ်ပြန့်စွာ ရိုသေလေးစားခြင်းခံရသော ထူးခြားလှသည့် ခေါင်းဆောင်တဦးပင်ဖြစ်ပါသည်။

လှည့်ဖြားမှု၊ မတရားမှု၊ လူ့ဂုဏ်သိက္ခာကို မလေးစားမှုတို့မှ ဖြစ်ပေါ်လာသော ကြောက်ရွံ့မှုနှင့် သံသယဖြစ်မှုတို့သည် လူ့အခွင့်အရေးဖောက်ဖျက်မှုကြောင့် ကွဲအက်နေရသော လူ့အဖွဲ့အစည်းများအပေါ်၌ လောင်းရိပ်ထိုးလျက်ရှိပါသည်။ ဤသို့သော လူ့အဖွဲ့အစည်းများတွင် ဖြစ်ပေါ်နေသော နာကျည်းချက်ဒဏ်ရာများကို ပျောက်ကင်းအောင် ကုသရာတွင် ပြန်လည်သင့်မြတ်ရေးသည် အဓိကပင်ဖြစ်ပါသည်။ ဤသို့ပြုလုပ်နိုင်ရန် တပြည်လုံး၏ ချမ်းမြေ့သာယာရေးကို ပုဂ္ဂလိကနှင့် အုပ်စုတို့၏ ကျဉ်းမြောင်းသော အကျိုးစီးပွားတို့ထက် ရှေ့တန်းမှ ထားလိုသော ဖြူစင်သောစေတနာ ရှိရမည်ဖြစ်ပါသည်။ တဦးနှင့်တဦး ပို၍ အပြန်အလှန် ယုံကြည်စိတ်ချရသော အခြေအနေလည်း ရှိရန် လိုအပ်ပါသည်။

ခါးသီးလှသော ရန်ငြိုးဖွဲ့မှုများ အချိန်ကြာမြင့်စွာ ဖြစ်ပွားပြီးနောက် တဦးနှင့်တဦး ပြန်လည်ယုံကြည်စိတ်ချလာနိုင်အောင် ပြန်လည်ပြုလုပ်ရာတွင် စိတ်သဘောကွဲလွဲမှုနှင့် သောကဒုက္ခအပေါင်းကို ပေါ်ပေါက်စေသော အပြုအမူများ၊ စိတ်သဘောထားများ၊ ခံစားချက်များကို ဓမ္မဓိဋ္ဌာန်ကျကျ အမှန်ကို အမှန်အတိုင်း သုံးသပ်ဆင်ခြင်ရပါလိမ့်မည်။ အမှန်တရားကို ရင်ဆိုင်ရသောအလုပ်မှာ မလွယ်ကူလှပါ။ သတ္တိရှိရန် လိုအပ်ပါသည်။ သန့်စင်သောစေတနာနှင့် ရိုးဖြောင့်သောစိတ်ထားများ မွေးမြူခြင်းအားဖြင့် နောက်ဆုံးတွင် မလိုမုန်းတီးမှုနှင့် လိမ်လည်မှုတို့မှ ဖြစ်ပေါ်လာသော ပျောက်ခဲလှသောအကျိုးဆက်များကို အောင်မြင်စွာ ကျော်လွှားနိုင်မည်ဟု ယုံကြည်သော သဒ္ဓါစိတ်ကိုလည်း မွေးရန်လိုပါသည်။

အမှန်တရားကို ဦးတည်၍လုပ်ကိုင်ရန် လိုအပ်ကြောင်း လက်ခံလိုက်ခြင်းသည် ချွေးသိပ်ခြင်းမျှသာဖြစ်သော အပေါ်ယံကြောသက်သက် လုပ်ဆောင်ချက်များကို ကျော်လွန်၍ ကိုယ်စိတ်နှလုံးပါ ညီညွတ်စွာဖြင့် ဘုံပြဿနာများကို ဖြေရှင်းနိုင်စေမည့် စစ်မှန်သော ပြန်လည်သင့်မြတ်ရေးလမ်းကို ပွင့်စေနိုင်ပါသည်။

မြန်မာနိုင်ငံတွင် ပြည်သူပြည်သားများသည် နိုင်ငံရေးလုပ်ငန်းစဉ်အရပ်ရပ်တွင် ပြည့်ဝစွာ ပါဝင်ဆင်နွှဲပိုင်ခွင့် ရှိ မရှိ၊ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲမှတဆင့် ပြသခဲ့သော လူထုဆန္ဒကို တကယ်လေးစားမှု ရှိ၊ မရှိ၊ တရားဥပဒေစိုးမိုးရေးကို မြှင့်တင်ခြင်းဖြင့်၎င်း၊ လွတ်လပ်သောတရားစီရင်ရေး မဏ္ဍိုင်တည်ထောင်ခြင်းဖြင့်၎င်း၊ လူ့အခွင့်အရေးများကို ထိရောက်စွာ အကာအကွယ်ပေးခြင်း ရှိ၊ မရှိ စသည်တို့ကို ကမ္ဘာက ယနေ့ စောင့်ကြည့်လေ့လာနေပါသည်။

အမျိုးသားပြန်လည်သင့်မြတ် ပေါင်းစည်းညီညွတ်သွားသောအခါ၌ မြန်မာနိုင်ငံသူနိုင်ငံသားတို့သည် လိုလားအပ်သော အပြောင်းအလဲများကို အကောင်အထည်ဖော်နိုင်လိမ့်မည်ဟု ကျမ အစဉ်အမြဲ

www.burmeseclassic.com

www.burmeseclassic.com

ယုံကြည်ထားပါသည်။ ကာလကြာရှည်စွာ ခံစားခဲ့ကြရသော ကိုယ်ပိုင်အကျိုးစီးပွားကို ခိုင်မြဲအောင် ကာကွယ်ရန် နည်းပရိယာယ်များထက်ပို၍ အမှန်တရားနှင့် နားလည်မှုရရှိရေးကို တန်ဖိုးထားခြင်းဖြင့် လိုလားအပ်သော အပြောင်းအလဲများ လျင်မြန်စွာ ဖြစ်မြောက်နိုင်လိမ့်မည်ဟု ကျမ မျှော်လင့်ပါသည်။

လူ့အခွင့်အရေး သို့မဟုတ် ဒီမိုကရေစီအရေးနှင့် သက်ဆိုင်သော ဆုချီးမြှင့်ခြင်းခံရသည်ဟု သိရှိရသည့်အခါတိုင်း၌ ချက်ချင်းဆိုသလိုပင် ကျမ၏ အတွေးများသည် မိမိတို့ယုံကြည်ချက်များအတွက် အမျိုးမျိုး အနစ်နာခံကြ၊ စွန့်လွှတ်ခဲ့သော ရဲရင့်တည်ကြည်လှသည့် လုပ်ဖော်ကိုင်ဖက်များထံသို့ ရောက်ရှိသွားတတ်ပါသည်။ မိမိတို့နိုင်ငံ၏ ကံကြမ္မာကို မိမိတို့ ဆုံးဖြတ်ပိုင်ခွင့်ရရှိရေးအတွက် ကြိုးပမ်းနေသော ပြည်သူလူထုကိုလည်း အစဉ်မပြတ် သတိရလျက်ရှိပါသည်။ ယနေ့ ချီးမြှင့်သောဆုကို မြန်မာပြည်သူပြည်သားများနှင့် လုပ်ဖော်ကိုင်ဖက်များကိုယ်စား ကျေးဇူးတင်စွာ လက်ခံပါသည်။

ကျမ၏ တိုင်းပြည်နှင့် ကျမကို ဤကဲ့သို့ ဂုဏ်ပြုလိုက်သော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေအဖွဲ့၏ ဆောင်ရွက်ချက်များကို လွန်စွာ လေးစားချီးမွမ်းမိပါကြောင်း ပြောကြားရင်း နိဂုံးချုပ်လိုက်ပါသည်။

အောင်ဆန်းစုကြည်
ရန်ကုန် ၁၂ မေလ ၁၉၉၂

၁၂

**စပိန်အိုလံပစ်မိန့်ခွန်း**

အောက်တွင်ဖော်ပြပါစာစုသည် ၁၉၉၂ ခုနှစ် ဇွန်လ ၁၃ ရက်နေ့တွင် စပိန်နိုင်ငံ၌ အိုလံပစ်မီးရှူး ရောက်လာသည်ကို ကြိုဆိုသောမိန့်ခွန်းဖြစ်ပါသည်။ ယုံကြည်ချက်ကြောင့် မြန်မာနိုင်ငံတွင် အထိန်းသိမ်းခံနေရသူ ၁၉၉၁ ခုနှစ် ကမ္ဘာ့ငြိမ်းချမ်းရေး နိုဘဲလ်ဆုရှင် အောင်ဆန်းစုကြည်က ရေးသား၍ သူမကိုယ်စား သားကြီးဖြစ်သူ မောင်မြင့်ဆန်းအောင် (အလက်ဇန္ဒားအဲရစ်) က အင်ပူရိအာစ်၌ ဖတ်ကြားပါသည်။

* * *

ဘာစီလိုနာသို့ ကုန်းတတန် ရေတတန် ယူဆောင်လာခဲ့ရသော အိုလံပီယာမှ ဤမီးတောက်မီးလျှံသည် စစ်ရပ်ဆိုင်းသော အလံသဖွယ်ဖြစ်ပါသည်။ ကမ္ဘာအရပ်ရပ်မှ အမျိုးသား၊ အမျိုးသမီးများစုရုံးကာ ငြိမ်းချမ်းချစ်ကြည်စွာဖြင့် တူညီသောဝါသနာကို လိုက်စားလေ့ကျင့်နိုင်ကြစေရန် တိုက်ခိုက်မှု၊ ရန်ပြုမှုအဖုံဖုံ ရပ်ဆိုင်းလိုက်ခြင်းကို ရည်ညွှန်းပါသည်။ အိုလံပစ်အားကစားပွဲသည် လူသားတို့ ထူးချွန်ပြောင်မြောက်ရေးအတွက် ကြိုးပမ်းရန်းကန်သော အသွင်အပြင်တရပ်ကို ဖော်ပြပါသည်။ ဤသို့သော ကြိုးပမ်းမှုသည် ချမ်းသာသုခနှင့် ဆက်နွှယ်နေသည်ဟု ရှေးဟောင်း ဂရိလူမျိုးများက ရှုမြင်ခဲ့သည့်အလျှောက် ယနေ့အခမ်းအနားသည် ခေတ်ပေါင်းများစွာမှစ၍ ယဉ်ကျေးသော လူသားများ ဆွတ်ခူးရန် ရှာဖွေခဲ့သော ဆုကြီးများဖြစ်သည့် ငြိမ်းချမ်းနှင့် ချမ်းသာသုခကို ရည်စူး၍ ကျင်းပသည်ဟု ဆိုနိုင်ပါသည်။

ကာယစွမ်းအားကို ဉာဏနှင့် စိတ္တစွမ်းအားများနည်းတူ လိမ္မာစွာပညာဉာဏ်ဖြင့် ပျိုးထောင်ခြင်းကို အလေးပေးသော ရှေးဂရိတိုင်းရင်းသားတို့၏ အမွန်မြတ်ဆုံး စံသတ်မှတ်ချက်သည် အိုလံပစ်ထုံးစံဓလေ့၏ ဇစ်မြစ်၌ တည်ရှိပါသည်။ ကာယ၊ ဉာဏနှင့် စိတ္တာဗလသုံးသွယ် သင့်မြတ်ညီညာစွာ လှုပ်ရှားပါက လူသား၏ စွမ်းဆောင်နိုင်မှု ဘောင်နယ်နမိတ်များ ချဲ့ထွင်နိုင်ကြောင်းကို စံချိန်ဟောင်းများ အဖန်တလဲလဲကျိုး၍ စံချိန်သစ်များ တင်နိုင်ခြင်းဖြင့် သက်သေပြနိုင်ပါသည်။ ပိုမိုသန်စွမ်းပြီး စွမ်းရည်သာသော အားကစားသမားများ မွေးထုတ်ရာတွင် ခေတ်သစ်သိပ္ပံပညာကိုမှီးသော ပိုမိုကောင်းမွန်သည့် လေ့ကျင့်နည်းများနှင့် ကျန်းမာရေးထိန်းသိမ်းနည်းများ၏

www.burmeseclassic.com

အခန်းကဏ္ဍ အဓိကကျသည်မှာ မှန်ပါသည်။ သို့သော် နောက်ဆုံး၌ အနိုင်မခံ အရှုံးမပေးစိတ်ဓာတ်သည်သာ အိုလံပစ်သူရဲကောင်းကို အောင်ပွဲသရဖူဆောင်းပေးနိုင်ပါသည်။

ပန်းတိုင်သို့ရောက်ခါနီးတွင် အစွမ်းကုန် အားသွန်၍ အကြိတ်အနယ် လုံးပမ်းရ၍ နာကျင်လာသည်ကို လျော့ပါးသွားအောင် မည်ကဲ့သို့ လေ့ကျင့်ပါသနည်းဟု ရွှေတံဆိပ်ရ အပြေးသမားတဦး အမေးခံရဖူးပါသည်။ ၎င်း၏ အဖြေကား– နာကျင်မှုသည် မည်သည့်အခါတွင်မှ မလျော့သွားခဲ့ပါ။ နာကျင်လျက် ဆက်လက်အားစိုက်သွားနိုင်ရန်ကိုသာ လေ့ကျင့်ထားရပါသည်။ ဘဝဇာတ်ခုံပေါ်မှာကဲ့သို့ပင် အားကစားကွင်း၌လည်း လူသားတို့သည် မိမိတို့၏ စွမ်းဆောင်နိုင်မှုစံချိန်ကို တိုးမြှင့်လိုပါက ခံနိုင်ရည်မွေးကာ မိမိ၏ အားနည်းချက်များကို ကျော်လွှားရန် မိမိကိုယ်တိုင် ပြန်လည်လုံးပမ်းရပါသည်။

အကျိုးအမြတ်နှင့် ကျော်လွှားမှုကို မျှော်မှန်းကာ လူသားသည် အဆမတန်ကြီးမားသော အခက်အခဲအတားအဆီးများကို အံတုရန် ကြိုးပမ်းအားထုတ်ကြရပါသည်။ သို့သော်လည်း အကျိုးအမြတ်ကို မစဉ်းစားဘဲ စိန်ခေါ်မှုကို အတတ်နိုင်ဆုံး၊ အကောင်းဆုံး ရင်ဆိုင်မည်ဟူသော စိတ်ဓာတ်ကသာလျှင် ပကတိပြည့်စုံသော အောင်မြင်မှုကို ရစေနိုင်ပါသည်။ စစ်မှန်သော အားကစားစိတ်ဓာတ်ကို ကလေးတဦးက ပြသခဲ့ပါသည်။ မိမိထက် များစွာကြီးသူများနှင့် အတူပြေးပွဲဝင်ခဲ့ပြီး စိတ်မလျော့ဘဲ ယှဉ်ပြိုင်ခဲ့ရာ အားလုံး၏နောက်မှ ပန်းတိုင်သို့ ရောက်သောအခါ၌ အောင်ပွဲခံသောလေသံဖြင့် "ကျနော် နောက်ဆုံးကနိုင်တယ်" ဟု ကြေညာလိုက်ပါသည်။ စိတ်အားထက်သန်စွာ ပြေးခဲ့သော ပြိုင်ပွဲ၌ ရှုံးနိမ့်ခြင်း မရှိနိုင်ပါ။

စစ်ဖြစ်ပွားခဲ့သောနိုင်ငံများ ပြန်လည်သင့်မြတ်ရေးအတွက် ခေတ်သစ်အိုလံပစ်ကို တည်ထောင်ခဲ့ခြင်းဖြစ်ပါသည်။ ကမ္ဘာ့အထူးချွန်ဆုံး အားကစားသမားများ အကြိတ်အနယ် ပြိုင်ဆိုင်ကြသော်လည်း သိက္ခာရှိ၍ မိတ်ဖြစ်ဆွေဖြစ် စိတ်ဓာတ်လွှမ်းမိုးသော ပြိုင်ပွဲတွင် ပါဝင်ဆင်နွှဲကြသောအခါ၌ နယ်နမိတ်သတ်မှတ်ချက်၊ အရှေ့၊ အနောက်၊ လူမျိုးနှင့် ဇာတိဆိုင်ရာ ခြားနားမှုများ မရှိတော့ကြောင်း ပြသခြင်းဖြင့် ငြိမ်းချမ်းသော နိုင်ငံတကာ သဟဇာတရရှိရေးကို အားပေးနိုင်လိမ့်မည်ဟူသော မျှော်လင့်ချက် ဆက်လက်ရှင်သန်နေမည်ဖြစ်ပါသည်။

သို့သော်လည်း ကျမတို့ ကမ္ဘာသည် ယခုတိုင် ဘယာ၊ လောဘ၊ ဒေါသ၊ မောဟ တည်းဟူသော တံတိုင်းကြီးများဖြင့် ပိုင်းခြားထားခြင်း ခံနေရပါသည်။ လူသားတို့သည် မိမိတို့ကို ထိခိုက်ပျက်စီးစေ၍ မိမိတို့ ဆက်လက်ရှင်သန်ရေးအတွက်ပင် အန္တရာယ်ပြုမည့် အင်အားများကို တွန်းလှန်တိုက်ခိုက်ခြင်းမရှိဘဲ အချင်းချင်း ပြိုင်ဆိုင်တိုက်ခိုက်နေသောကြောင့် ကမ္ဘာပေါ်တွင် ဒုက္ခပင်လယ်ဝေနေပါသည်။ ကျဉ်းမြောင်း၍ အရာမရောက်သော စိတ်ဓာတ်များကို ဖယ်ရှား၍ ငြိမ်းချမ်းရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို အသက်သွင်းပေးမည့် စိတ်ဓာတ်များ ဤကမ္ဘာ၌ ပေါ်ပေါက်လာရန်မှာ လွန်စွာလိုအပ်နေပါသည်။

(ခါတ်ပုံလာသည်)
အိုလံပစ်မီးရှူး စပိန်နိုင်ငံသို့ ရောက်ရှိလာသည်ကို ကြိုဆိုသော အောင်ဆန်းစုကြည်၏
မိန့်ခွန်းအား သားကြီး အလက်ဇန္ဒား (မြင့်ဆန်းအောင်) က
၁၉၉၂ ခုနှစ် ဇွန်လ ၁၃ ရက်နေ့၌ ဖတ်ကြားနေစဉ်

(ဆောင်းပါးအဆက်ပြန်လာသည်)

မွေးရာပါ အရည်အသွေးများကို အထူးချွန်ဆုံးအဆင့်တိုင် ဖွံ့ဖြိုးစေနိုင်မည့် ဘဝမျိုးအတွက် စိတ်အချရဆုံးသော အခြေခံအုတ်မြစ်မှာ ငြိမ်းချမ်းရေးပင် ဖြစ်ပါသည်။ ဖိနှိပ်မှုကြောင့် ပိပြားစိတ်ငြိမ်နေခြင်း၊ တဖက်သတ် တယူသန်အတွေးအခေါ်များ ပိုက်ဖက်ထားသည့် ခေါင်းဆောင်ပိုင်း၌ ပယောဂကြောင့် မလှုပ်မရှား ငြိမ်သက်နေသည့် စိတ်အခြေအနေဟူသည့် သရုပ်ပျက်အတုအယောင် ငြိမ်းချမ်းရေးမျိုးကို ဆိုလိုသည်မဟုတ်ပါ။ တရားမျှတမှု၊ ဂရုဏာစိတ်၊ ညီညာသင့်မြတ်မှု၊ ပုဂ္ဂလိက လွတ်လပ်မှု၊ အများပြည်သူ ထိန်းသိမ်းအပ်သော စည်းမျဉ်းများအတိုင်း ရှိသင့်ရှိထိုက်သော ညီမျှမှု၊ မိမိနိုင်ငံအပေါ် ထားအပ်သော တာဝန်သိစိတ်နှင့် အပြည်ပြည်ဆိုင်ရာ အသိအမြင်နားလည်မှုများကို မျှတအောင်မြင်အောင် ပြုလုပ်မှု စသည်တို့အပေါ်တွင် အခြေခံသော ငြိမ်းချမ်းရေးမျိုးကို ဆိုလိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အိုလံပစ်မီးရှူးတိုင်သည် အမွန်မြတ်ဆုံးသော စံထားချက်နှင့် ရည်မှန်းချက်များ ပြန်လည်ဆန်းသစ်မှုနှင့် စိတ်ဓာတ်ပြန်လည်သန့်စင်မြင့်မားစေမှုတို့၏ သင်္ကေတဖြစ်ပါသည်။ နောက်တလကြာသောအခါတွင် နှစ်ပေါင်း နှစ်ထောင်ကျော်က လူသားတို့၏ ကြိုးပမ်းအားထုတ်မှုကို ဂုဏ်ပြုသည့်အနေဖြင့် စတင်ကျင်းပခဲ့သော အားကစားပွဲတော်ကြီးကို ဤနေရာ၌ ခေတ်သစ်အသွင်ဖြင့် ကျင်းပပါတော့မည်။ ၁၉၉၂ ခုနှစ် အိုလံပစ်ပွဲတော်ကြီး၌ နိုင်ငံတကာအားကစားစိတ်ဓာတ်များနှင့် အပြည်ပြည်ဆိုင်ရာ နားလည်မှုစိတ်ဓာတ်များ အမြင့်ဆုံးအဆင့်သို့ ရောက်နိုင်ပါစေဟု ဆုမွန်ကောင်းပို့သလိုက်ပါသည်။ တချိန်တည်းတွင် ငြိမ်းချမ်းရေးနှင့် ချမ်းသာသုခရရှိရေးဟူသော ပိုမိုကျယ်ပြန့်သည့် ရန်းကန်မှုကြီး၌လည်း ကမ္ဘာသူကမ္ဘာသားအားလုံး အောင်ပွဲသရဖူဆောင်းနိုင်ကြပါစေဟူသည့် အလွန်တန်ဖိုးထားရပါသော မျှော်လင့်ချက်ကို ဖော်ပြလိုက်ရပါသည်။

အောင်ဆန်းစုကြည်
ရန်ကုန်
၈–၆–၁၉၉၂

၁၃

## စစ်မှန်သော လုံခြုံရာသို့

အင်္ဂမြောက် 'ဂျိုက်စ် ပီအာစ်' အထိမ်းအမှတ်ဟောပြောပွဲတွင် အောင်ဆန်းစုကြည် ကိုယ်စား ဒေါက်တာမိုက်ကယ်အဲရစ်က ၁၉၉၃ ခုနှစ် မေ ၁၉ ရက်နေ့ အောက်စဖို့ဒ်တက္ကသိုလ်၌ ဖတ်ကြားသောစာတမ်း။

* * *

၁၉၉၃ ခုနှစ် 'ဂျိုက်စ် ပီအာစ်' အထိမ်းအမှတ်ဟောပြောပွဲ၌ ဟောပြောရန် အကြောင်းကြားလာသောအခါ ကျမ များစွာဂုဏ်ယူမိပါသည်။ 'မစ္စပီအာစ်' ၏ လူမှုရေးလုပ်ငန်းများအကြောင်းကို ကြားသိခဲ့ရသည့် အတိတ်ကာလများ၊ အထူးသဖြင့် ကျမအား ကြင်နာမှု၊ ကူညီစောင့်ရှောက်မှု စသည်တို့ကို သွန်သင်ပြသပေးခဲ့သည့် ချစ်ခင်ရင်းနှီးရသော 'လေဒီပက်ထရစ်ရှာ ဂိုးဘွတ်သ်' နှင့် ၎င်း၏ခင်ပွန်း ကွယ်လွန်သူ 'ပေါလ်' တို့ထံမှ ကြားသိရသည့် အတိတ်ကာလများကို ပြန်လည်သတိရမိသဖြင့် နွေးထွေးသော မေတ္တာဓါတ်ကို ခံစားမိပါသည်။ ဤဟောပြောပွဲကို 'အဲလီဇဘက် ဘုရင်မဆောင်' က ကမကထ ပြုလုပ်၍ ကျင်းပမည်ဟု သိရသဖြင့်လည်း ကျမအနေနှင့် အထူးနှစ်သက် ကြည်နူးမိပါသည်။ ဤနေရာ၌ပင် ကျမသည် နီးနှောဖလှယ်ပွဲများ၊ ဟောပြောပွဲများကို တက်ရောက်၍ အကျိုးဖြစ်ထွန်းသော အချိန်ကာလများကို ဖြတ်သန်းခဲ့ပြီး၊ ကမ္ဘာအရပ်ရပ်မှ ပုဂ္ဂိုလ်များနှင့်လည်း တွေ့ဆုံခဲ့ရပါသည်။ အောက်စဖို့ဒ်တက္ကသိုလ်၏ ပေါင်းသင်းဆက်ဆံမှု၊ တည်ငြိမ်အေးမြမှုနှင့် တွေးခေါ်မြော်မြင်မှုတို့ကို တွေ့ကြုံခဲ့ရသည့် ယင်းအချိန်ကာလများကို ကျမ ပြန်လည်သတိရမိပါသည်။ ထို့ကြောင့် 'ဒုက္ခသည်လေ့လာရေးအစီအစဉ်' နှင့် 'ဂျိုက်စ်ပီအာစ် အထိမ်းအမှတ် နှစ်လည်ဟောပြောပွဲကော်မတီ' တို့အား ကျမကို ဖိတ်ခေါ်သည့်အတွက်တင်သာမကဘဲ၊ ၎င်းတို့၏ ဖိတ်ကြားမှုကြောင့် နှစ်သက်ကြည်နူးဖွယ်ရာ အတိတ်ကာလများကို ပြန်လည်သတိရမိသည့်အတွက်ပါ ကျေးဇူးတင်မိပါသည်။

'ဂျိုက်စ်ပီအာစ်' သည် အချိန်ရှိသမျှ၊ စွမ်းရည်ရှိသမျှ ဒုက္ခသည်များအတွက် ဆောင်ရွက်ခဲ့သဖြင့် ဤဟောပြောပွဲ၌၊ ဒုက္ခသည်များနှင့်သက်ဆိုင်သော အကြောင်းအရာများကို ပြောရန် မလိုတော့ဟု ကျမ တွေးမိပါသည်။ ဒုက္ခသည်ပြဿနာနှင့်ပတ်သက်၍ ပရိသတ်များအနေနှင့် ကောင်းစွာသိရှိပြီး ဖြစ်နေမည်ဟု ထင်ပါသည်။ ကျမအနေနှင့် ဤအကြောင်းအရာနှင့်သက်ဆိုင်သော နောက်ဆုံးတိုးတက်ဖြစ်ထွန်းမှုများကို အနည်းငယ်မျှထက် ပို၍ သိရှိနိုင်သော အခြေအနေတွင် မရှိသဖြင့် ဤအကြောင်းအရာကို ကိုင်တွယ်ရန် တွန့်ဆုတ်မိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

သို့သော်လည်း ကျမ ဆက်၍ စဉ်းစားမိသည်မှာ **refugee** ဟူသော အသုံးအနှုန်းကို မြန်မာပြန်လိုက်သောအခါ 'ဒုက္ခသည်' တနည်းအားဖြင့် 'ဒုက္ခခံစားနေရသူ' ဟု အဓိပ္ပာယ်ပေါက်ပါသည်။ ဤသဘောအတိုင်းသာ ဆိုပါက ဒုက္ခသည်ဘဝကို ကျမတို့အားလုံး မလွဲမသွေ သိရှိရမည်ဖြစ်ပါသည်။ ဘဝရပ်တည်မှု၏ အနှစ်သာရတန်ဖိုးကိုပေးသော၊ လုံခြုံမှုနှင့် ကိုယ်စိတ်နှစ်ဖြာချမ်းသာမှုတို့ကို ချိုးဖဲ့ဖျက်ဆီးသည့် အင်အားစုများ၏ ဘေးရန်မှ ကင်းဝေးလုံခြုံရေးကို ရှာဖွေနေကြသော ဒုက္ခသည်များပင် ဖြစ်ကြပါသည်။

ဖျက်ဆီးမည့်အင်အားစုများကို သိရှိမှသာလျှင် မည်သို့မည်ပုံ အကာအကွယ်ယူရမည်ဟူသော အဖြေကို တွေ့နိုင်မည်ဖြစ်ပါသည်။ ကမ္ဘာတခွင်လုံးကို တုန်လှုပ်ခြောက်ခြား စိတ်ထိခိုက်သွားစေသည့် လူသိများလှသော အတိဒုက္ခဆိုးကြီးများသည် အသေးအမွှားကိစ္စကလေးများကပင် စတင်လေ့ရှိကြပါသည်။ ထိုကိစ္စကလေးများသည် နေ့စဉ်နှင့်အမျှ ကြုံတွေ့ရသည့် လောကီဒုက္ခများထဲတွင် အကျုံးဝင်သော၊ ချုပ်ထိန်းထားနိုင်သည့် ကိုယ်ရေးကိုယ်တာ စိတ်ဆင်းရဲမှုကလေးများနှင့် မခြားနားလှပါ။ လူသား၏ ဖန်တီးမှုကြောင့် ဖြစ်ပေါ်ရသော ဘေးဒုက္ခဆိုးကြီးများသည် (ခါမဒဏ္ဍာရီပုံပြင်ပါ) နဂါးမင်း၏ အစွယ်များမှ ပေါက်ဖွားလာသော စစ်သည်များကဲ့သို့ တမဟုတ်ခြင်း အင်တိုက်အားတိုက် ထွက်ပေါ်လာခဲ့ခြင်း မဟုတ်ပါ။ ပုံပြင်ထဲ၌ပင်လျှင် နဂါးစွယ်များကို လူသားတဦးက ရအောင်ယူ၍ ပကတိရိုးသားအပြစ်မဲ့သည်ဟု မဆိုနိုင်သော ရည်ရွယ်ချက်နှင့် ပထဝီမြေကြီးပေါ်တွင် စိုက်ပျိုးထားခဲ့ခြင်းဖြစ်ပါသည်။ သဘာဝအကြောင်းသက်သက်ကြောင့် ပေါ်ပေါက်လာရခြင်းမဟုတ်သော ဒုက္ခဆိုးကြီးများသည် ဖြစ်ရိုးဖြစ်စဉ်ဟု အများက သတ်မှတ်ထားကြသော လူသားတို့၏ ချို့ယွင်းချက်တို့၌ မြစ်ဖျားခံပါသည်။

ဤချို့ယွင်းချက်တို့သည် နေရာတကာတွင် ရှိရန်လိုအပ်ပါသလော၊ နေရာတိုင်းတွင်ရှိသည်ဟု ဆို၍ ရောဂါပိုးမွှားများကို မတားဆီးဘဲ ထားပါက အကာအကွယ်မရှိသူနှင့် အားနည်းသူတို့သာ ဒုက္ခရောက်ကြရမည်ကို နားလည်သဘောပေါက်ကြပြီး ဖြစ်ပါသည်။ ထို့ကြောင့် လူ့လောကတရပ်လုံးအား ပို၍ အန္တရာယ်ပေးနေသော ဖြစ်ရိုးဖြစ်စဉ်ဟု သတ်မှတ်ထားသည့် သဘောထားမှုများအား မှန်ကန်အောင် ပြုပြင်သည့်ကိစ္စကို ပိုမို၍ အာရုံမစိုက်သင့်ပါလားဟု မေးပါက မဆီလျော်သောအရာမဟုတ်ဟု ဆိုရမည်ဖြစ်ပါသည်။ ရုပ်ဝတ္ထုပစ္စည်းကို ဆထက်ထမ်းပိုး အဓိကထားလာသော လောကကြီးတွင် ပို၍သာ အားကြီးလာပုံရသော သဘောထားများနှင့် တန်ဖိုးထားမှုအချို့နှင့် စပ်လျဉ်းသော ကျမ၏ အတွေးအခေါ် အယူအဆကို ဤဟောပြောပွဲ၌ တင်ပြလိုပါသည်။

* * *

စစ်အေးခေတ်ကုန်ဆုံးသွားခြင်းသည် အမျိုးသားရေးနှင့် နိုင်ငံတကာအရေးတို့တွင် သဘောတရားရေး၊ နိုင်ငံရေး စသည်တို့ထက် စီးပွားရေးနှင့် ကုန်သွယ်ရေးတို့ကို ဦးစားပေးသင့်သည်ကို အချက်ပြလိုက်ခြင်း ဖြစ်သည်ဟုလည်း ယူဆကြပါသည်။ သို့သော်လည်း ပဋိပက္ခနှင့် အတိဒုက္ခများကြောင့် ပင်ပန်းနွမ်းနယ်နေပြီဖြစ်သော ပြည်သူများနှင့် တိုင်းနိုင်ငံတို့က လိုလားတောင့်တနေကြသည့် လူသိများလှသော 'ကမ္ဘာ့စနစ်သစ်' အား ငြိမ်းချမ်းသာယာတိုးတက်သော ခေတ်တခေတ်အဖြစ်သို့ ပြောင်းလဲလာစေရန် ဦးစားပေးလမ်းစဉ်များက စွမ်းဆောင်နိုင်မည်လောဟု စောဒကတက်နိုင်ပါသည်။

နှစ်ဆယ်ရာကုန်ဆုံးရန် နီးကပ်လာသည်နှင့်အမျှ လူသား၏ သာယာဝပြောမှုကို တိုင်းတာရာတွင် ရုပ်ဝတ္ထုကိုက်တံများဖြင့်သာ တိုင်းတာ၍မရနိုင်ဟူသည်မှာ သိသာထင်ရှားလာပါသည်။ အလွန်အခြေခံကျလှသော ဆင်းရဲမှုပြဿနာကို သုံးသပ်လေ့လာရာ၌ပင် ဆင်းရဲရပါသည်ဟူသော ခံစားမှုကို ဖြစ်ပေါ်စေသည့် ချို့တဲ့မှုကြောင့် ပေါ်ပေါက်လာရသော စိတ်ပိုင်းဆိုင်ရာသဘောကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါသည်။ ဆင်းရဲမှုနှင့် စပ်လျဉ်းသော၊ ခေတ်သစ်အမြင်ဟုဆိုသော အယူအဆသည် မြန်မာတို့အဖို့ အသစ်အဆန်းမဟုတ်ပါ။ ရုပ်ဝတ္ထုပစ္စည်း မပြည့်စုံပါကရင်း၊ ကိုယ်စိတ်မချမ်းသာသည့်အခါတွင်ရင်း၊ လူသားတဦးအား ပြီးပြည့်စုံစေ၍ ဘဝကို အဓိပ္ပာယ်ရှိစေသော ရုပ်ပိုင်းနှင့် နာမ်ပိုင်းဆိုင်ရာစွမ်းအင်များ ခေါင်းပါးခြင်းသည် ဆင်းရဲခြင်းပင် ဖြစ်ပါသည်။ ဆင်းရဲခြင်း၏ ဆန့်ကျင်ဘက်မှာ ချမ်းသာခြင်းဖြစ်ပြီး ရုပ်ဝတ္ထုကြွယ်ဝမှုကိုသာမကဘဲ ကိုယ်လက်သာယာမှုနှင့် ပျော်ရွှင်မှုဟုလည်း သဘောရပါသည်။ စိတ်ချမ်းသာခြင်း၊ ကိုယ်ချမ်းသာခြင်းဟူ၍ရှိပြီး၊ ကျမတို့သည် ကိုယ်စိတ်နှစ်ပါးစလုံး ချမ်းသာလိုကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com

မကြာခဏ ပြောဆိုခြင်း မပြုသည့်တိုင်အောင် ကျယ်ပြန့်စွာ လက်ခံထားသည့်အချက်မှာကား စိတ်ချမ်းသာမှုကဲ့သို့ အလွယ်တကူ အဓိပ္ပာယ်အမျိုးမျိုးကောက်ယူနိုင်ပြီး နားလည်ရန်ခက်ခဲ၍ သေချာစွာ မသိနိုင်သောကိစ္စမျိုးကို မြှင့်တင်အားပေးရန် တာဝန်ယူဆောင်ရွက်ကြမည့်အစား၊ ပို၍ သိသာထင်ရှားသော ဒုက္ခအပေါင်းကို ပပျောက်ရေးအတွက်သာ အပြည်ပြည်ဆိုင်ရာ အေဂျင်စီများနှင့် အစိုးရတို့က ကြိုးစားလုပ်ကိုင်သင့်သည်ဟူသော အချက်ပင်ဖြစ်ပါသည်။ လုပ်ခ၊ ကျန်းမာရေး၊ လုပ်ငန်းခွင်အခြေအနေ၊ အိုးအိမ်၊ ပညာရေး၊ (ပညာရေးဆိုသည်မှာလည်း မည်ကာမတ္တ ကျဉ်းမြောင်းသော ပညာရေးမျိုး) စသည်တို့၌ အနည်းဆုံးရှိရမည့် အဆင့်အတန်းကို သတ်မှတ်ရန် ရည်ရွယ်သည့် လမ်းစဉ်များနှင့် ဥပဒေပြုချက်များသည် လူ့ဘဝ သာယာဝပြောရေးကို ဦးတည်သော၊ အဖြစ်နိုင်ဆုံးဟု မျှော်လင့်နိုင်သည့် လုပ်ဆောင်ချက်များဖြစ်သည်ဟု ယေဘုယျအားဖြင့် ယူဆကြပေသည်။ ရုပ်ပိုင်းဆိုင်ရာ အခြေအနေ ကောင်းမွန်လာပြီးနောက် လူမှုသဘောထား၊ ကိုယ်ကျင့်တရားနှင့် ဒဿနဆိုင်ရာ တန်ဖိုးထားမှုများတွင်လည်း တိုးတက်ကောင်းမွန်လာမည်ဟု မှတ်ယူထားကြပုံရပါသည်။ "အူမတောင့်မှ သီလစောင့်နိုင်မည်" ဟူသော ကျမတို့ မြန်မာစကားသည်လည်း ယဉ်ကျေးမှုဘောင်များကို ကျော်လွှား၍ ကျယ်ပြန့်စွာ လက်ခံထားကြသော သဘောတရပ်ပင် ဖြစ်ပါသည်။ "ပထမ အဝအပြဲစား၊ နောက်မှ ကိုယ်ကျင့်တရား" ဟူသော ဂျာမန်စကားကို အမှတ်ရမိပါသည်။

သို့သော်လည်း ဤသို့ မှန်ကန်သည်ဟု ယူဆထားကြသော စကားရပ်တို့သည် လူ့အဖွဲ့အစည်းထဲတွင် အမှန်တကယ် ဖြစ်ပျက်နေသည်များကို ပကတိအတိုင်း ရောင်ပြန်ဟပ်နေသည်ဟု ပြောရန် မလွယ်ကူလှပါ။ ဘဝရှင်သန်ရပ်တည်ရေးအတွက် မကောင်းမှုများကို ကျူးလွန်၍ ကိုယ်ကျင့်တရားပျက်နေကြသည့် ကိစ္စများမှာ မငြင်းနိုင်သော အချက်ပင် ဖြစ်ပါသည်။ ရုပ်ဝတ္ထုပစ္စည်း အလျှံပယ်ကြွယ်ဝနေပြီးမှ သူတပါးပစ္စည်းကိုလိုချင်၊ လုယူချင်သော အဘိဇ္ဈာဗျာပါဒ စိတ်တို့ကို မထိန်းသိမ်းနိုင်သဖြင့်၊ မကောင်းမှုဒုစရိုက်နှင့် ဒုက္ခအမျိုးမျိုး ပေါ်ထွက်လာရသည်မှာလည်း ထင်ရှားလှပါသည်။ ထို့ကြောင့် လူ့ဘဝအခွင့်အလမ်းများ ဆိုးဝါးစွာ ဆုံးရှုံးနေရသူများက ၎င်းတို့၏ဘဝ ကောင်းမွန်ရေးအတွက် ထပ်ခါတလဲ ကြိုးပမ်းကြသဖြင့် ပေါ်ထွက်လာရသော အကျိုးသက်ရောက်မှုများထက်စာလျှင်၊ ကြွယ်ဝချမ်းသာပြီးသူများက ဆထက်ထမ်းပိုး အဆက်မပြတ် လိုချင်တောင့်တ ရမက် လောဘကြီးကြသောကြောင့်သာ မတရားမှု၊ ကိုယ်ကျင့်တရားပျက်မှု၊ ဆင်းရဲဒုက္ခ ပို၍ ကြီးထွားလာခြင်းဖြစ်သည်ဟု ဆိုနိုင်ပါသည်။ လူသား၏ လောဘဟူသည်မှာ အဆုံးမရှိသဖြင့် အခြေခံလိုအပ်ချက်များ အလုံအလောက် ရရှိပြီးသည့်တိုင်အောင် မရှိသေး၊ မလုံလောက်သေးဟူသော စိတ်ဓာတ်သည် ခိုင်မာစွာ ဆက်လက်ကိန်းအောင်းနေနိုင်ပါသည်။ ဤသည်ကြောင့် ရုပ်ပိုင်းဆိုင်ရာ တိုးတက်ကြွယ်ဝမှုသည် ဆင်းရဲဒုက္ခအပေါင်းကို ပေါ်ပေါက်စေသော အခြားအင်အားစုမျိုးစုံကို လျော့ပါးအောင် ပြုလုပ်ရန်မဆိုထားနှင့်၊ စီးပွားရေးပဋိပက္ခတိုက်ပွဲကိုပင် လျော့ပါးသွားအောင် အာမခံနိုင်မည်ဟု မမျှော်လင့်နိုင်ပါ။

ဆင်းရဲဒုက္ခဖြစ်ရခြင်း အကြောင်းရင်းအမျိုးမျိုးကို ရှာဖွေသော ဗုဒ္ဓတရားတော်တွင် အတောမသတ်သည့် လိုချင်တောင့်တမှုဖြစ်သော လောဘကို စိတ်တည်ငြိမ်သန့်ရှင်းမှုအား အနှောက်အယှက်ပေးသည့် ကိလေသာဆယ်ပါးတွင် ပထမ နေရာ၌ ထားရှိပါသည်။ ပေးကမ်းစွန့်ကြဲခြင်းဟူသော 'ဒါန' ကိုမူ ဗုဒ္ဓ၏ ပါရမီဆယ်ပါး၊ ပြုကျင့်ရမည့် ပုညကိရိယာ ကောင်းမှုဆယ်ပါး၊ မင်းကျင့်တရားဆယ်ပါးတို့တွင် ထိပ်ဆုံးက နေရာပေးထားပါသည်။ ဤသို့ 'ဒါန' ပေးကမ်းစွန့်ကြဲမှုကို အလေးပေးထားခြင်းမှာ လောကီ၌ ဂုဏ်သိက္ခာတက်စေရန်နှင့် လောကုတ္တရာအကျိုးအတွက်ဟူ၍ ပါးနပ်စွာ တွက်ကိန်းချကာ အလှူအတန်းပြုမှုကို လွယ်လင့်တကူ ထောက်ခံအားပေးခြင်းဖြစ်သည်ဟု မမှတ်ယူသင့်ပါ။ သဘောထားကြီးခြင်း၊ စစ်မှန်သော စေတနာသဒ္ဓါတရားအရ ပေးကမ်းစွန့်ကြဲခြင်း စသည်တို့သည် လောဘကို ထိရောက်စွာ တန်ပြန်တွန်းလှန်ရာ၌၎င်း၊ ငြိမ်းချမ်းသာယာပျော်ရွှင်မှုကို ပေါ်ပေါက်စေသည့် စိတ်ကောင်း၊ စေတနာကောင်းများ ဖြစ်ပေါ်ရာ ရေသောက်မြစ်အဖြစ်၎င်း၊ အရေးကြီးလှသည်ကို အသိအမှတ်ပြုခြင်းပင် ဖြစ်ပါသည်။ အမရပူရ မဟာဂန္ဓာရုံကျောင်းတိုက်မှ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး အရှင်ဇနကာဘိဝံသ၏ အဆိုအမိန့်အရ သီလမကောင်းလျှင် ဒါနပင် မသန့်ရှင်းနိုင်ပါ။ အလှူလုပ်သည့်အခါ၌ ချီးမွမ်းခံလိုခြင်း၊ ဂုဏ်ယူလိုခြင်းသည် လောဘ၊ နတ်ပြည်ရောက်လိုခြင်းသည် လောဘ ဟု ဆရာတော်ဘုရားကြီးက ဩဝါဒပေးခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

မေတ္တာ၊ ဂရုဏာ၊ မုဒိတာ၊ ဥပက္ခာဟူသော ဗြဟ္မာစိုရ်တရား လေးပါးသည် ဒုက္ခကို သက်သာစေပြီး သတ္တဝါအားလုံးကို ပျော်ရွှင်မှုပေးနိုင်သော အသန့်စင်ဆုံး၊ အကောင်းမွန်ဆုံး စိတ်အခြေအနေများဟု ဗုဒ္ဓဘာသာဝင်တို့က ယူဆကြပါသည်။ ဤသို့သော မြင့်မြတ်သည့် စိတ်ထားများ မပေါ်နိုင်အောင် ကြီးမားသော အဟန့်အတားအဖြစ် တည်ရှိနေသည်မှာ အမျက်ဒေါသ သို့မဟုတ် မလိုမုန်းတီးစိတ်မဟုတ်ဘဲ ကာလကြာရှည်စွာ အစဉ်တစိုက် ကိုယ်ကျိုးကိုသာ ကျဉ်းမြောင်းစွာ ကြည့်ခဲ့သဖြင့် ပေါ်ပေါက်လာရသော ပုံသေစိတ်ထားပင် ဖြစ်ပါသည်။ မတရားခံရခြင်း၊ အထင်အမြင်လွဲမှားခြင်း၊ ကြောက်ရွံ့ခြင်း၊ မနာလိုဝန်တိုခြင်းတို့ကြောင့် ပေါ်ပေါက်လာရသော အမျက်ဒေါသ၊ သို့မဟုတ် မလိုမုန်းတီးစိတ်တို့အား အေးငြိမ်းအောင် ပြုလုပ်ရာတွင် သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ ချစ်ကြည်ရင်းနှီးခြင်း စသည်တို့ကို ဖြစ်ပေါ်စေနိုင်သော စိတ်သဘောထားကြီးမှု လုံလောက်စွာ ရှိရမည်ဖြစ်ပါသည်။ သို့သော် တဖက်သား၌လည်း တရားမျှတမှု၊ ကြင်နာမှု၊ စာနာထောက်ထားမှုတို့ကို အညီအမျှ ခံစားပိုင်ခွင့်ရှိသည်ဟူသော အချက်ကို အဓိက ဦးဆောင်ပါဝင်နေသူများ၏ အတွင်းစိတ်က လက်မခံနိုင်သည့်အပေါ်တွင် ပဋိပက္ခ အမြစ်တွယ်လာသောအခါ၌ ငြိမ်းချမ်းသာယာမှုကို ထိန်းသိမ်းရန် သို့မဟုတ် ပြန်လည်ရရှိရန်မှာ ဖြစ်နိုင်လိမ့်မည် မဟုတ်တော့ပါ။ ကြမ်းတမ်းခြင်း၊ တကိုယ်ကောင်းဆန်ခြင်း၊ အမြင်ကျဉ်းမြောင်းခြင်း တို့သည် လောဘနှင့် သက်ဆိုင်သကဲ့သို့ ကြင်နာသနားခြင်း၊ နားလည်မှုရှိခြင်း၊ အမျှော်အမြင်ရှိခြင်းတို့သည် စစ်မှန်သော သဘောထားကြီးမှုကို အရင်းခံသည့် ကောင်းမြတ်သော ဒါနတရားနှင့် သက်ဆိုင်နေပါသည်။

မိမိတွင်ရှိသမျှ ကောင်းသောအရာ၊ နှစ်သက်စရာများထဲမှ အခြားသူများအား ခွဲဝေပေးခြင်းအားဖြင့် ချမ်းသာသုခဟူသည် တကိုယ်ကောင်းစိတ်ကို ကျေနပ်အောင် ဖြည့်ဆည်းသည့်ကိစ္စထက် ပို၍ကျယ်ပြန့်သော အခြေခံလိုနေသည်ကို နားလည်ကြောင်း ပြသရာရောက်ပါသည်။ ထိုမှတဆင့် တိုးတက်ယဉ်ကျေးသော လူ့အဖွဲ့အစည်းကို ကာကွယ်စောင့်ရှောက်မည်ဆိုပါက သူတပါး၏ ခံစားချက်နှင့် အခွင့်အရေးများကို ရိုသေလေးစားခြင်းသည် မိမိ၏ ခံစားချက်နှင့် အခွင့်အရေးကို ကာကွယ်သည့်နည်းတူ အရေးကြီးလှသည်ကို သိရှိနားလည်ရန် မဝေးတော့ဟု ဆိုနိုင်ပါသည်။ သို့သော်လည်း ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအခြေခံဖြစ်သော လူမှုဆက်ဆံရေး ပြေပြစ်မှုကို ဖျက်ဆီးသည့် တဖက်စောင်းနင်းလုပ်ရပ်များကို မှန်ကန်အောင် ပြုလုပ်ရန် လိုအပ်သည်ဟူသော အချက်ကိုမူ အမြဲတမ်း အပြည့်အဝ နားလည်သဘောပေါက်ခြင်း မရှိကြပါ။ ထို့ကြောင့် ကိုယ်ကျိုးအတွက်သာ ဦးစားပေး အလေးထားလိုသော ဆန္ဒကို ဗုဒ္ဓဘာသာနှင့် အခြားဘာသာရေး၊ လူမှုရေးစနစ်များက အသိအမှတ်ပြုခဲ့ကြပြီး၊ မှန်ကန်အောင်ပြုပြင်ရန် ကြိုးစားကြခြင်း ဖြစ်ပါသည်။ "ကိုယ်ကျိုးကိုသာ လူ့ဘဝ၏ အနှစ်သာရအဖြစ် ထားရှိသော ပုထုဇဉ်တို့၏ ပြင်းပြသောဆန္ဒအား တွန်းလှန်ခြင်းနှင့် သူတပါးအကျိုး ဆောင်ရွက်ပေးခြင်းကို အဓိကထားသော ကိုယ်ကျင့်တရားကိုသာ လိုက်နာခြင်းတို့သည် စစ်မှန်သန့်စင်သော သူတော်ကောင်းတရားပင် ဖြစ်သည်" ဟု ဂျူးဘာသာလေ့လာသူ ပညာရှင်တဦးက ရေးသားထားပါသည်။

လူသားအားလုံးအား သူများအကျိုးကို ကိုယ်ကျိုးထက် ဦးစားပေးကြရန် ဖြောင်းဖြပြောဆိုနိုင်မည်ဟု မျှော်လင့်ခြင်းသည် မသိနားမလည်ရာရောက်ပါသည်။ သို့သော်လည်း အများပြည်သူ သဘောထားအပေါ် ဩဇာညောင်းနိုင်ပြီး လူ့အပြုအမူနှင့်ပတ်သက်၍ အပြည်ပြည်ဆိုင်ရာအဆင့်အတန်းကို စံသတ်မှတ်နိုင်သည့် အစိုးရများနှင့် အဖွဲ့အစည်းများက ဆုံးဖြတ်ချက် ခိုင်မာစွာချမှတ်ခြင်းဖြင့် ကိုယ်ကျိုးစီးပွားဟူသည်မှာ လူတဦး၏ ကိုယ်ကျိုးဖြစ်စေ၊ လူတစု၏ ကိုယ်ကျိုးဖြစ်စေ၊ တိုင်းပြည်တပြည်၏ ကိုယ်ကျိုးဖြစ်စေ၊ သူတပါး၏ အကျိုးစီးပွားနှင့် လုံးဝကင်းကွာ၍မရကြောင်း ကမ္ဘာသူကမ္ဘာသားအများစုက သိရှိသဘောပေါက်နားလည်နိုင်ပါသည်။ ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုသည် လူမှုရေး၊ နိုင်ငံရေးနှင့် ကိုယ်ကျင့်တရားအဆင့်အတန်းကို တိုးတက်ကောင်းမွန်စေသည်ဟု မှတ်ယူမည့်အစား သင့်တော်ရာ လူမှုရေး၊ နိုင်ငံရေးနှင့် ကိုယ်ကျင့်တရားဆိုင်ရာ တန်ဖိုးထားမှုများကို ထိထိရောက်ရောက် မြှင့်တင်အကောင်အထည်ဖော်ပေးခြင်းသည် ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုကို အထောက်အကူပြုရုံသာမကဘဲ ယင်းတိုးတက်မှုကြောင့် ရရှိလာသော အသီးအပွင့်ကိုလည်း မှန်ကန်စွာ ဖြန့်ဝေနိုင်စေမည် ဟူသည်ကို မစဉ်းစားသင့်ပါသလော။ "သောက ဆင်းရဲကို ရှောင်ရှားနိုင်စေရန် လုံလောက်သော ဓနဉစ္စာနှင့် ထိုဓနဉစ္စာများကို လိမ္မာ မှန်ကန်စွာ အသုံးချတတ်သောနှလုံးသား" တို့သည်သာလျှင် "အကောင်းဆုံးသော ချမ်းသာမှု" ဖြစ်သည်ဟူ၍ 'အီးကီလပ်စ်' ဆိုသူ အာသင်ပြဇာတ်ရေးဆရာကြီးက

www.burmeseclassic.com

www.burmeseclassic.com

ရေးသားခဲ့ဖူးပါသည်။ ဆယ်စုနှစ်ပေါင်းများစွာ စစ်မက်များ၊ တော်လှန်ရေးနှင့် အာဏာရှင်စနစ်များ ဖြစ်ပွားခဲ့ပြီးနောက် ထွန်းသစ်စ ခေါ်မအာသင် ဒီမိုကရေစီစနစ်သည် လွတ်လပ်စွာ ဆင်ခြင်တွေးတောတတ်သော လူသားတို့အတွက် အလွန်တရာ ထူးကဲစွာ သင့်တော်ကြောင်း စတင်သက်သေထူနေသည့်ခေတ်၌ အာသင်ပြဇာတ်ဆရာကြီးက ယင်းသို့ ရေးသားခဲ့ခြင်းဖြစ်ပါသည်။

မိမိ၏ သာယာဝပြောရေးနှင့် မသက်ဆိုင်သော အကြောင်းအရာအားလုံးကို ဖုံးကွယ်ရန် ကြိုးစားသည့် အမြင်ကျဉ်းမြောင်းသော ရုပ်ဝါဒသည် အမှန်စင်စစ် မိမိနှင့်အသက်ဆိုင်ဆုံးသော ကိစ္စကိုပါ နောက်ဆုံးတွင် ဖုံးကွယ်သွားနိုင်ပါသည်။ အမေရိကန်ပြည်ထောင်စု၏ လူမှုစီးပွားရေးအနာဂါတ်တွင် ရင်ဆိုင်ရမည့် “ကျေနပ်မှုခလေ့” အကြောင်းကို ဆွေးနွေးရာတွင် ပါမောက္ခ ‘ကင်းနက်–ဂေါဘရိသ်’ က ကံကောင်းသူနှင့် အခွင့်ထူးခံစားကြရသူများသည် လောလောဆယ် စည်းစိမ်ခံရမှုနှင့် ကျေနပ်မှုကို ရရှိရန်အတွက်သာ အာရုံပြုနေကြသဖြင့် ၎င်းတို့၏ ရေရှည်သာယာဝပြောရေးကိစ္စကို ထည့်သွင်းစဉ်းစားခြင်း မပြုကြတော့ဟု ထောက်ပြထားပါသည်။ “ဤသည်မှာ အရင်းရှင်လောကဟု ခေါ်နေဆဲဖြစ်သော လောက၌သာမဟုတ်ဘဲ ပို၍နက်ရှိုင်းသော၊ ပို၍ယေဘုယျကျသော လူ့ပင်ကိုယ် ဇာတိစိတ်နှင့်လည်း သက်ဆိုင်နေပါသည်” ဟု ရေးသားထားပါသည်။ ခိုင်မာစွာ တည်ဆောက်ထားသော ဒီမိုကရေစီအဖွဲ့အစည်းများ၊ စည်းမျဉ်းများဖြင့် ထောက်ကူထားသည့် ချမ်းသာကြွယ်ဝသော စက်မှုနိုင်ငံတနိုင်ငံ၏ တည်ငြိမ်ရေးနှင့် ဆက်လက် သာယာဝပြောရေးတို့ကို ကျဉ်းမြောင်းသော လတ်တလောအကျိုးကိုသာ လိုလားသည့် ဇာတိစိတ်က သိသာထင်ရှားစွာ အန္တရာယ်ပြုနေသည်ဆိုပါက ဒီမိုကရေစီ နိုင်ငံရေးစနစ်နှင့် လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ်တို့ကို မကြာမီကမှ စွန့်စား၍ မသေမချာနှင့် ကျင့်သုံးနေကြသော နိုင်ငံများကို ယင်းစိတ်ဓာတ်က ပို၍ အန္တရာယ်မပြုနိုင်ပါသလော။ စီးပွားရေးနှင့် နိုင်ငံရေးအာဏာကို လက်ဝါးကြီးအုပ်ထား၍ ကျေနပ်နေကြသော လူနည်းစုက ကြီးစိုးနေဆဲဖြစ်ပြီး တရားမျှတမှုနှင့် လွတ်လပ်မှုရောင်ခြည်ကို မြင်ရနိုးနိုးဖြစ်နေသော လူ့အဖွဲ့အစည်းများတွင် အဆိုပါအတ္တစိတ်သည် အလွန်ပင် အန္တရာယ်ကြီးလှပါသည်။

ထွန်းသစ်စ ဒီမိုကရေစီနိုင်ငံများ၌ ရုပ်ပိုင်းဆိုင်ရာ အကျိုးခံစားမှုများကို မိမိတို့ မျှော်လင့်ထားသကဲ့သို့ ချက်ချင်းလက်ငင်းမရရှိကြ၍ မကျေမနပ်ဖြစ်နေသူတို့သည် ၎င်းတို့စိတ်ပျက်မှု၊ မချင့်မရဲဖြစ်မှုတို့ကို ပေ့ါပါးသွားစေရန်အတွက် ဖြစ်လာသမျှ ပြဿနာတို့သည် အချို့သောအဖွဲ့အစည်းများ၊ လူတန်းစားများ၊ လူမျိုးများနှင့် နိုင်ငံများ၏ ပယောဂကြောင့် ဖြစ်သည်ဟူသော မရေမရာ၊ ဟောင်းနွမ်းဆွေးမြေ့လှသည့် သီအိုရီအယူအဆများကို ထောက်ခံအားပေးကြပါတော့သည်။ တဖက်စောင်းနင်း သဘောထား၊ အကြောင်းမဲ့ ယုံမှားသံသယဖြစ်မှုနှင့် အကြမ်းဖက်မှုများကို ဖြစ်ပေါ်စေသော ယင်းအယူအဆများသည် အဓိကအားဖြင့် တရားခံရှာခြင်းသာဖြစ်ပြီး တာဝန်ဝတ္တရားကို ငြင်းဆန်ခြင်း၊ လူမှုစီးပွားရေး အခြေခံပြဿနာများ၏ သဘောသဘာဝကို ဖြောင့်မတ်စွာ ပညာဉာဏ်ဖြင့် မသုံးသပ်နိုင်ခြင်း၊ ယင်းပြဿနာများကို ဖွဲ့ရှိရှိဖြင့် ခိုင်မာစွာ မကိုင်တွယ်နိုင်ခြင်း စသည်တို့ကို ပြသရာရောက်ပါသည်။ ဖြစ်မြောက်အောင်မြင်မှုမှန်သမျှကို ရုပ်ပိုင်းဆိုင်ရာအမြင်ဖြင့်သာ တန်ဖိုးဖြတ်ခြင်းသည် လူ့အဖွဲ့အစည်းကို ကျဉ်းမြောင်းစေရန် ကန့်သတ်ထားသောအမြင်ပင် ဖြစ်ပါသည်။ ဤအမြင်အရသာဆိုပါက လူ့အဖွဲ့အစည်းဆိုသည်မှာ အသက်ရှင်သန်လိုသော စိတ်လောက်ကိုသာ သိရှိခဲ့ကြသော သမိုင်းမတိုင်မီခေတ် လူသတ္တဝါများထက် အနည်းငယ်မျှသာ တိုးတက်သည့် အတ္တပြင်းသော စားသုံးကုန်စုဆောင်းသည့် အဖွဲ့အစည်းတရပ်ပင် ဖြစ်နေပါတော့သည်။ ထို့ထက် သာလွန်မြင့်မြတ်သော အရည်အသွေးများ ရှိစေရန်မှာ စိတ်ပိုင်းဆိုင်ရာများကိုလည်း တန်ဖိုးထားရမည် ဖြစ်ပါသည်။

လူသားအနေနှင့် သောကကင်းဝေး လုံခြုံရေးကို လိုချင်တောင့်တကြသည်မှာ လုံးဝ သဘောကျလှပါသည်။ အလျှံပယ်ကြွယ်ဝသော ရုပ်ဝတ္ထုပစ္စည်းများဖြင့် မိမိကိုယ်မိမိ ပတ်ဝိုင်း၍ အားဖြည့်ထားခြင်းဖြင့် လုံခြုံမှုရရှိမည် မဟုတ်သည်မှာ ခိုင်မာသော သက်သေသာဓကများရှိပါသည်။ သို့သော်လည်း လူပေါင်းများစွာတို့သည် ရုပ်ဝတ္ထုပစ္စည်းများ စုစည်းနိုင်မှသာလျှင် လုံခြုံမှုကို အာမခံပေးနိုင်မည့်အလား ပြုမူနေကြသည်မှာ ဝမ်းနည်းစရာပင် ဖြစ်ပါသည်။ ကမ္ဘာ့လုံခြုံရေးကို ယနေ့ အကြီးအကျယ် အန္တရာယ်ပြုနေသည်မှာ အဆင်းရဲဆုံးနိုင်ငံများ၏ စီးပွားရေးချို့တဲ့မှု မဟုတ်ပါ။ လူ့လောက၏ အမျိုးမျိုးသော ဇာတိစိတ်နှင့် လိုလားချက်တို့ကို

www.burmeseclassic.com

www.burmeseclassic.com

စေ့စပ်ဖျန်ဖြေပေးနိုင်သော သဘောတရားနှင့် ကျင့်စဉ်များကို ဂရုမစိုက်ဘဲ၊ နှိပ်ကွပ်ဖျက်ဆီးထားသော နေရာဒေသများတွင် ပြင်းထန်စွာဖြစ်ပေါ်နေသည့် ဘာသာရေး၊ လူမျိုးရေးနှင့် နိုင်ငံရေးသဘောထား ကွဲလွဲမှုများက အန္တရာယ်ပြုနေခြင်းပင် ဖြစ်ပါသည်။ လွှမ်းမိုးကြီးစိုးနေကြသော ပုဂ္ဂိုလ်များနှင့် အုပ်စုများက ၎င်းတို့ စိတ်ကူးယဉ်ရာ အုပ်စုအကျိုးစီးပွားထက် ပို၍လုပ်ဆောင်ရန် ငြင်းဆန်နေကြ၍ လူမှုဘေးဒုက္ခဆိုးကြီးများ ဖြစ်ပေါ်လာရပါသည်။ ငတ်မွတ်ခေါင်းပါးမှုကို ကာကွယ်သည့် အကောင်းဆုံးနည်းမှာ တာဝန်သိတတ်သော အစိုးရရှိရန်ပင် ဖြစ်သည်ဟု ထင်ရှားသော ဖွံ့ဖြိုးမှုဆိုင်ရာ ဘောဂဗေဒပညာရှင်တဦးက ဆိုဖူးပါသည်။ ကူညီထောက်ပံ့မှုကို ထိရောက်အောင်မြင်ခြင်းမရှိအောင် ပြုလုပ်နေသော အခြေအနေများက ပြောင်းလဲရန် မကြိုးစားဘဲ ကူညီထောက်ပံ့နေခြင်းသည် နိုင်ငံရေးအရရော၊ စီးပွားရေးအရရော မှန်ကန်သောလုပ်ရပ်ဟု မပြောနိုင်သလောက်ပင် ဖြစ်ပါသည်။ ရုပ်ဝတ္ထုပစ္စည်းများနှင့် အတတ်ပညာများ မည်မျှပင် ပေးကမ်းစေကာမူ လူသား၏ တာဝန်မဲ့မှု၊ ချို့ယွင်းမှု၊ မကောင်းမှု စသည်တို့မှ ပေါ်ပေါက်လာရသော ဆိုးသွမ်းသည့် အကျိုးဆက်များကို ကျော်လွှားဖယ်ရှားနိုင်မည် မဟုတ်ပါ။

အနိမ့်ဆုံးဖြစ်သော တရားမျှတမှုနှင့် သည်းခံခွင့်လွှတ်မှုတို့ကို ထိန်းသိမ်းထားသည့် တန်ဖိုးထားမှုစနစ်မှ လွဲချော်သွားသော လမ်းစဉ်များကြောင့် တိုးတက်သည့် နိုင်ငံများရော ဖွံ့ဖြိုးစနိုင်ငံများပါ ဒုက္ခရောက်ကြရပါသည်။ ဆိုဗီယက်ပြည်ထောင်စုဟောင်း လျင်မြန်စွာ ပြိုကွဲ၍ လူမျိုးရေးကို အဓိကဦးစားပေးကြသည့် နိုင်ငံအများအပြား ပါဝင်သော တိုင်းနိုင်ငံသစ်များ ပေါ်ထွက်လာခြင်းသည် နှစ်ပေါင်းများစွာ အာဏာရှင်စနစ်နှင့် အုပ်ချုပ်ခြင်းဖြင့် တူညီမှုနှင့် နာခံမှုကို ရနိုင်ဖွယ်ရာရှိသော်လည်း ရေရှည်အေးချမ်းသာယာမှု သို့မဟုတ် တည်ငြိမ်မှုကိုမူ မရနိုင်ကြောင်း ပြသရာရောက်ပါသည်။ “အာဏာရှင်ခေတ်လွန်စနစ်” ကို အတော်လေး အောင်မြင်စွာ ကျင့်သုံးခဲ့သော ယူဂိုစလားဗီးယား နိုင်ငံတွင်လည်း ရုပ်ပိုင်းဆိုင်ရာ အကျိုးခံစားမှုများသည် သမိုင်းအတွေ့အကြုံမှ မွေးထုတ်လိုက်သော စိတ်ပိုင်းဆိုင်ရာ မနှစ်မြို့ဖွယ် ခံစားချက်များကို ပပျောက်အောင် မပြုလုပ်နိုင်သဖြင့် ယခုအခါတွင် ‘ဘော်လကန်’ ဒေသ၌ အဆိုးဝါးဆုံးသော ဘာသာရေး၊ လူမျိုးရေး အကြမ်းဖက်မှုများနှင့် ကြုံတွေ့နေရခြင်းပင် ဖြစ်ပါသည်။ ငြိမ်းချမ်းမှု၊ တည်ငြိမ်မှုနှင့် စည်းလုံးညီညွတ်မှုတို့ကို ရွှေငွေပစ္စည်းများပေး၍ရင်း၊ အတင်းအဓမ္မပြုလုပ်၍ရင်း ရရှိနိုင်မည် မဟုတ်ပါ။ သူတပါး၏ အယူအဆနှင့် အခွင့်အရေးတို့ကို ရိုသေလေးစား၍ လူ့လိုအပ်ချက်ကို စာနာသိရှိနိုင်ရန် ပြုစုပျိုးထောင်ပေးခြင်းဖြင့်သာ ငြိမ်းချမ်းတည်ငြိမ်မှုနှင့် စည်းလုံးညီညွတ်မှုကို ရနိုင်မည်ဖြစ်ပါသည်။ ခိုင်မာသော လူ့အဖွဲ့အစည်းပေါ်ပေါက်ရေးတွင် ကွဲပြားမှုနှင့် အယူအဆ မတူမှုတို့က တားဆီးနေခြင်းမဟုတ်ဘဲ၊ ပျော့ပျောင်းမှုမရှိခြင်း၊ အမြင်ကျဉ်းမြောင်းခြင်း၊ ရုပ်ပိုင်းဆိုင်ရာကိုသာ ဦးစားပေးခြင်း၊ စသည်တို့ကသာ ယင်းလူ့အဖွဲ့အစည်း၏ ရှင်သန်တိုးတက်မှုကို ဟန့်တားနေခြင်းဖြစ်ပါသည်။ သူတပါးက လူသားတဦးကဲ့သို့ ပြုမူဆက်ဆံပါရန် တောင်းဆိုလာသည်ကို ပျက်ပြယ်အောင် ပြုလုပ်ရာတွင် မိမိနှင့်ကွဲပြားသည်ဟူသော အချက်တချက်ကိုသာ လုံလောက်သော အကြောင်းပြချက်ဟု ခံယူသည်အထိ စိတ်သဘောထားများ မာကြောခွင့် ရလာသောအခါမူ ခေတ်သစ်ယဉ်ကျေးမှုတို့၏ အဆင်တန်ဆာတို့သည်လည်း ထိတ်လန့်စရာ အရှိန်အဟုန်ဖြင့် ကြေမွပျက်စီးရပေတော့သည်။

ကမ္ဘာပေါ်တွင် အန္တရာယ်အများဆုံး ရင်ဆိုင်နေရသော ဒေသများ၌ သည်းခံခွင့်လွှတ်မှု၊ ကြင်နာသနားမှုနှင့် လုံခြုံမှု စသည်တို့ ကွယ်ပျောက်ပြီး စားသုံးကုန်ပစ္စည်းများ အလွန်ပင်လျော့နည်းသွားသော်လည်း စစ်လက်နက်ပစ္စည်းများမှာမူ ပေါများနေဆဲဖြစ်ပါသည်။ ဤသည်မှာ တန်ဖိုးထားမှုစနစ်တခုလုံး ကပြောင်းကပြန် ဖြစ်သွားခြင်းပင် ဖြစ်ပါသည်။ လူက ဖန်တီးလိုက်သော အမုန်းပွားမှု၊ သွေးထွက်သံယိုမှုနှင့် လူမှုစီးပွားရေး ကစဉ့်ကလျားဖြစ်မှုများမှ လွတ်မြောက်နိုင်မည့် တခုတည်းသောနည်းလမ်းမှာ သက်ဆိုင်သူအားလုံး စုဝေး ဆွေးနွေး စေ့စပ် ညှိနှိုင်း၍ ငြိမ်းချမ်းသောနည်းဖြင့် အဖြေရှာရန်ပင်ဖြစ်ကြောင်း၊ သိရှိ နားလည် သဘောပေါက်လာသောအချိန်အခါ၌မူ ဆင်ခြင်တုံတရားကို ပြန်လည်ကျင့်သုံးရန် မလွယ်ကူတော့သော အခြေအနေသို့ ရောက်ရှိနေပြီး ဖြစ်ပါတော့သည်။ မတရားမှုကို တရားဝင်အောင် ပြဋ္ဌာန်း၍ ဥပဒေကို ပျက်ရယ်ပြုကာ လူမှုစီးပွားရေးနှင့် နိုင်ငံရေးမညီမျှမှုတို့ကို သက်ဆိုးရှည်စေသည့် စနစ်များက ပုံသွင်းပေးလိုက်သူတို့သည် ဂိုဏ်းဂဏအုပ်စု အကျိုးထက် တရားမျှတရေးနှင့် အများ သာယာဝပြောရေးကို ပို၍ ဦးစားပေးသော မျှတသည့်

www.burmeseclassic.com

www.burmeseclassic.com

သဘောတူညီချက်ဟူသော အယူအဆကို မြန်ဆန်စွာ ညှိနှိုင်းလက်ခံခြင်း မပြုနိုင်ကြပါ။ သို့မဟုတ် – လုံးဝ လက်မခံနိုင်ကြပါ။

စစ်အေးခေတ်တွင် ရက်စက်သော အစိုးရများနှင့် လက်နက်ကိုင်အုပ်စုတို့၏ မတရားမှုများကို သဘာဝတရားရေးရာ အကြောင်းများကြောင့် ခွင့်လွှတ်ထားခဲ့ကြပါသည်။ ထို့ကြောင့် ပေါ်ထွက်လာသော ရလဒ်များမှာ ကျေနပ်ဖွယ်ရာမရှိပါ။ ယခုအခါတွင် တရားမျှတမှုနှင့် လူ့အခွင့်အရေးကို အဓိကထား အလေးပေးလာသော်လည်း နိုင်ငံရေးနှင့် စီးပွားရေး (အထူးသဖြင့် စီးပွားရေး) အမြတ်ရမှုကိုသာ ထိပ်တန်းတင်လိုသည့် ပုဂ္ဂိုလ်များ ရှိနေဆဲပင် ဖြစ်ပါသည်။ သို့သော်လည်း ကာလကြာရှည်စွာ ကြွယ်ဝချမ်းသာလာခဲ့သော လူ့အဖွဲ့အစည်းများတွင်လည်း လူမှုရေးရောဂါကြီးများ စွဲကပ်နေကြ၍ အနာဂတ်အတွက် ရင်လေးနေကြရပါသည်။ ချမ်းသာစ နိုင်ငံများကလည်း ၎င်းတို့၏ ဥစ္စာဓနအတော်များများကို လက်နက်နှင့် စစ်တပ်အတွက် အသုံးပြုနေကြပုံ ရပါသည်။ ထို့ကြောင့် ပို၍ ချမ်းသာကြွယ်ဝခြင်းနှင့် ပို၍ ငြိမ်းချမ်းသာယာခြင်းတို့သည် အခြေခံ သဘာဝအားဖြင့် အဆက်အသွယ် မရှိသည်မှာ ရှင်းလှပါသည်။ လူ့လောကတခုလုံး သာယာကြည်နူးရေးအတွက် ချမ်းသာကြွယ်ဝမှုနှင့် ငြိမ်းချမ်းမှု နှစ်ခုစလုံး လိုအပ်ပါသည်။ ချမ်းသာကြွယ်ဝမှုက ကိုယ်ဆင်းရဲခြင်းကို စိတ်သက်သာစေ၍ ငြိမ်းချမ်းမှုက စိတ်တည်ငြိမ် အေးချမ်းခြင်းကို ဖြစ်ပေါ်စေပါသည်။ ဤနှစ်ချက်ကို အညီအမျှ ဦးစားပေးသော လမ်းစဉ်များသည်သာလျှင် ကိုယ်စိတ်ချမ်းသာမှုကို ခံစားနိုင်မည့် လောကကို ဖြစ်ပေါ်စေနိုင်ပါသည်။ စီးပွားရေးတိုးတက်အောင် ကြိုးပမ်းရာတွင် အမြင်ကျဉ်းမြောင်းမှုနှင့် လူမဆန်မှုတို့ကို အလွယ်တကူ ဖြစ်ပေါ်စေသော လောဘအန္တရာယ်ကို သတိရှိကြရန် လိုအပ်ပါသည်။ မိမိ၏ ပျော်ရွှင်မှုကို မြှင့်တင်သည့်အနေနှင့် သူတပါး၏ ပျော်ရွှင်မှုကို လက်ခံကြိုဆိုသော စိတ်သဘောထားကြီးမှုကို ပြည်သူများနှင့် တိုင်းနိုင်ငံများက ပြုစုပျိုးထောင်ပေးနိုင်ပါက မဖြေရှင်းနိုင်ဟု ထင်ရသော ပြဿနာတို့သည် ခက်ခဲလှတော့မည် မဟုတ်ပါ။

ရုပ်ပိုင်းဆိုင်ရာ အထောက်အကူမှန်သမျှ ဆုံးရှုံးခဲ့ရသူတို့တွင် အားကိုးအားထားပြုစရာဟူ၍ မိမိတို့၏ ယဉ်ကျေးမှုနှင့် စိတ်ပိုင်းဆိုင်ရာ တန်ဖိုးထားမှုဓလေ့သာ ကျန်တော့ကြောင်းကို ဒုက္ခသည်များနှင့် ဆက်ဆံလုပ်ကိုင်သူများ အသိဆုံးဖြစ်ပါသည်။ ဘိုးဘွားစဉ်ဆက် ယုံကြည်လက်ခံလာခဲ့ကြသော သဒ္ဓါတရား၊ ဂရုဏာတရားတို့မှ ပေါက်ဖွားလာသော ဝေငှပေးကမ်းလိုစိတ်များကြောင့်၊ အိုးမဲ့အိမ်မဲ့ဖြစ်နေရသူ ဆင်းရဲသားကပင် မိမိ၏ ရှိစုမဲ့စု ရိက္ခာလေးကို အလျှံပယ်ကြွယ်ဝသူကဲ့သို့ သူတပါးအား ကြည်နူးစွာ ပေးကမ်းခြင်းများလည်း ရှိပါသည်။ တဖန် ကိုယ်ကျိုးကိုသာ အဓိကထားသည့် သဘာဝကို ကြာမြင့်စွာ မွေးမြူအားပေး၍ ပေါ်ပေါက်လာသော အဘိဇ္ဈာ ဗျာပါဒ စိတ်များ၏ လှုံ့ဆော်မှုကြောင့် ဒုက္ခသည်အချင်းချင်းထံမှပင် ခိုးဝှက်လုယက်ကြသည်များပင် ရှိပါသည်။ စင်စစ်မှာမူ ကမ္ဘာ့ဒုက္ခသည်အများစုသည် လူမဆန်မှုနှင့် ပညာဉာဏ်ကင်းမဲ့မှုကြောင့် ဖြစ်ပေါ်လာရသော မခံသာတော့သည့် အခြေအနေများမှ ကင်းလွတ်ရာ လုံခြုံရာကို ရှာနေကြသူများဖြစ်ပါသည်။

မေတ္တာတရား၊ ဆင်ခြင်တုံတရားနှင့် တရားမျှတမှုကြီးစိုးသော လူ့အဖွဲ့အစည်းကို စိတ်ကူးယဉ်မျှော်မှန်းခဲ့ကြသည်မှာ လူ့ယဉ်ကျေးမှုသက်တမ်းတလျှောက်လုံးပင် ဖြစ်ပါသည်။ ဤမျှော်လင့်ချက်သည် စိတ်ကူးယဉ်အိပ်မက် ဖြစ်ရမည်လော၊ ဒုက္ခများမြောင် ဤလူ့ဘောင်ကို အမြဲတမ်း အကောင်းဘက်မှမြင်သော ‘ကာလ်ပေ့ါပါး’ က အမှောင်သည် ယခင်ကတည်းက ရှိနေခဲ့သော်လည်း အလင်းရောင် ပေါ်ပေါက်လာသည်မှာ မကြာသေးဟု ဆိုပါသည်။ ပေါ်ထွန်းစဖြစ်သော အလင်းရောင်ကို တယုတယ ကြည့်ရှုစောင့်ရှောက်ရမည် ဖြစ်ပါသည်။ အသေးငယ်ဆုံးသော အလင်းရောင်ကိုပင် ကမ္ဘာတခွင်လုံးရှိ အမှောင်ထုက ကွယ်ပျောက်အောင် မလုပ်နိုင်ပါ။ အမှောင်ဟူသည်မှာ လုံးဝကင်းမဲ့ခြင်းသဘောကို ဆောင်ပါသည်။ အမှောင်ဟူသည်မှာ အလင်းရောင်မရှိခြင်းသာ ဖြစ်ပါသည်။ သို့သော်လည်း သေးငယ်သော အလင်းရောင်သည် ကျယ်ပြန့်စွာ ဝိုင်းရံထားသော အမှောင်ထုကို မဖြိုခွင်းနိုင်ပါ။ ဤအလင်းရောင်လေး ပိုမို ထွန်းလင်းတောက်ပလာနိုင်ရန်အတွက် အားကောင်းရန် လိုအပ်ပါသည်။ ဤအလင်းရောင်ကို ချစ်မြတ်နိုးလာနိုင်ရန်အတွက် ဒုက္ခဝေဒနာဟု သဘောမထားဘဲ ကောင်းမှုမင်္ဂလာအဖြစ် နှလုံးသွင်း၍ ကျင့်သားရအောင်ကြည့်ဖို့ လိုအပ်ပါသည်။ ကမ္ဘာပေါ်တွင် မှီတင်းနေထိုင်သူ အားလုံးအား လုံခြုံမှု အလုံအလောက်ပေးနိုင်သော ပိုမိုထွန်းလင်းသည့် ကမ္ဘာလောကကို ကျမတို့ အလွန်ပင် လိုအပ်လျက်ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

(ဒေါ်အောင်ဆန်းစုကြည် ခါတ်ပုံလာပါသည်။)

(စာမျက်နှာတခုလုံး တင်ရမည်ခေါင်းစဉ်)

## အပိုင်း–ခ
## ၁၉၈၈ ဩဂုတ်လမှ ၁၉၈၉ ဇူလိုင်လအထိ
## ပြောကြားခဲ့သော
## မိန့်ခွန်းနှင့် သတင်းစာရှင်းလင်းပွဲများ

၁၄

### ရွှေတိဂုံစေတီတော် အနောက်မုခ် လူထုစည်းဝေးပွဲ

ရန်ကုန်မြို့၌ ဩဂုတ်လ ၂၆ ရက် ၁၉၈၈ ခုနှစ်တွင် ပြောကြားသည်။

* * *

ရဟန်းရှင်လူ ပြည်သူလူထုအပေါင်းတို့၊ အခု လူထုအစည်းအဝေးပွဲကြီးဟာ ပြည်သူလူထုရဲ့ ဆန္ဒကို တကမ္ဘာလုံးကသိစေရန် ထုတ်ဖော်ပြသလိုက်တာပါပဲ။ အဲ့ဒီတော့ ဒီလူထု အစည်းအဝေးပွဲကြီးမှာ ပြည်သူလူထုဟာ စည်းကမ်းရှိရှိနဲ့ ညီညီညွတ်ညွတ် ဆက်ပြီး လုပ်သွားကြပါရစေ။ အခု ဒီအစည်းအဝေးပွဲကြီး တနာရီနီးပါး နောက်ကျတာကိုလည်း ကျမ တောင်းပန်ပါတယ်။ ဒီကိုလာတဲ့အခါမှာ လမ်း အင်မတန် ပိတ်နေတာကြောင့်မို့လို့ မရောက်လာနိုင်ခဲ့ခြင်းဖြစ်ပါတယ်။

ဒီကနေ့ ကျင်းပတဲ့ အစည်းအဝေးကြီးကတော့ ပြည်သူလူထုတရပ်လုံးဟာ ပါတီစုံဒီမိုကရေစီစနစ်ကို ရချင်နေတဲ့ဆန္ဒ ပြင်းပြနေတာကြောင့်မို့လို့ ကျင်းပရတဲ့ အစည်းအဝေးကြီးဖြစ်ပါတယ်။ အခု အစည်းအဝေးပွဲကြီး ဖြစ်နိုင်တဲ့အခြေအနေကို ဘယ်သူတွေကစပြီး ဦးဆောင်တာလဲဆိုတော့ ဗမာပြည်က ကျောင်းသူ၊ ကျောင်းသားအပေါင်း ဖြစ်ပါတယ်။ ဒီကျောင်းသူကျောင်းသားအပေါင်းရဲ့ ဦးဆောင်မှုကြောင့် ဒီကျောင်းသူကျောင်းသားအပေါင်းဟာ အသက်အသေခံပြီး ဦးဆောင်ပေးတာကြောင့်မို့ ကျမတို့ ဒီလိုအစည်းအဝေးကြီးလုပ်နိုင်တဲ့ အခြေအနေရောက်ခဲ့ပါတယ်။ ဒါကြောင့်မို့လို့ အသက်ပျောက်သွားတဲ့ ကျောင်းသူကျောင်းသားအားလုံးကို တမိနစ်ခန့် ဂုဏ်ပြုပြီးနောက် အမျှဝေတဲ့အနေနဲ့ အားလုံး တိတ်တိတ်ဆိတ်ဆိတ် ငြိမ်ငြိမ် တမိနစ်ခန့် နေစေချင်ပါတယ်။

အခမ်းအနားမှူး၏ အသံ (ကျဆုံးသွားသော ကျောင်းသားများကို အလေးပြုသောအားဖြင့် တမိနစ် ငြိမ်သက်ပါရန် မေတ္တာရပ်ခံပါသည် ခင်ဗျား)

အခုဆိုလို့ရှိရင် အားလုံး ဒီမှာရောက်နေတဲ့ လူထုပရိသတ်ကြီးဟာ ဒီမိုကရေစီစနစ်ကို မျှော်မှန်းပြီးတော့ ဒီမှာရောက်နေတယ်လို့ ထင်ပါတယ်။ အဲ့ဒီတော့ ဒီမိုကရေစီပန်းတိုင်ကို ရောက်ဖို့ရာမှာ လူထုအားလုံးက စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်၊ စည်းကမ်းရှိရှိနဲ့ ချီတက်မှပဲ ရောက်နိုင်မှာပါ။

www.burmeseclassic.com

www.burmeseclassic.com

(ဓါတ်ပုံများ လာပါသည်)

**အပေါ်** – မောင်သော်က (ဦးဘသော်–ကွယ်လွန်)၊ အောင်ဆန်းစုကြည်နှင့် ခင်သီတာထွန်း
ဩဂုတ်လ ၂၄ ရက် ၁၉၈၈ ခုနှစ်၌ ရန်ကုန်ဆေးရုံကြီးရှေ့တွင် မိန့်ခွန်းပြောကြားစဉ်
**အောက်** – ၁၉၈၈ ခုနှစ် ဩဂုတ်လ ၂၆ ရက် ရွှေတိဂုံစေတီတော်၌ မိန့်ခွန်းပြောကြားစဉ်

(မိန့်ခွန်းအဆက်လာပါသည်)

ဒီကိစ္စမှာ ကျမ အခန်းကဏ္ဍကိုလည်း နဲနဲရှင်းပြပါရစေ။ ဘာဖြစ်လို့လဲဆိုတော့ လူအပေါင်းက ကျမအကြောင်း သိပ်ပြီးတော့ မသိကြပါဘူး။ မသိကြတဲ့အခါကျတော့ သိချင်တဲ့ဆန္ဒတွေလည်း ရှိပါတယ်။ ဒါကလည်း မှန်တဲ့အတိုင်းပါပဲ။ သိတော့လည်း သိထိုက်ပါတယ်။ အဲ့ဒီတော့ တချို့ကလည်း ပြောကြတယ်။ ကျမဟာ နိုင်ငံခြားမှာ နေတယ်။ နိုင်ငံခြားသားနဲ့ အိမ်ထောင်ကျနေတယ်။ ဗမာပြည်နိုင်ငံရေးအကြောင်း ဘာသိသလဲလို့ ပြောကြပါတယ်။ ပထမ ကျမ ဒီကနေစပြီးတော့ ပြည်သူလူထုနဲ့ ပွင့်ပွင့်လင်းလင်း ဆက်ဆံပါရစေ။ ကျမ နိုင်ငံခြားမှာ နေခဲ့တယ်ဆိုတာလည်း မှန်ပါတယ်။ နိုင်ငံခြားသားနဲ့ အိမ်ထောင်ကျတယ်ဆိုတာလည်း မှန်ပါတယ်။ ဒါပေမယ့် ဒါလေးအတွက်ကြောင့်နဲ့ ကျမ တိုင်းပြည်အပေါ်မှာထားတဲ့ မေတ္တာဟာ ဘယ်လိုနဲ့မှ ကျဆင်းမသွားနိုင်ပါဘူး။

နောက်တခု ပြောချင်တာကတော့ ကျမဟာ ဗမာပြည်နိုင်ငံရေးအကြောင်း ဘာမှ နားမလည်ဘူးတဲ့။ တကယ်တော့ နားလည်လွန်းလို့ ခက်နေတာပဲ။ ဗမာနိုင်ငံရေး ဘယ်လောက်ရှုပ်ထွေးတယ်၊ ဒီရှုပ်ထွေးမှုဒဏ်ကို ဖေဖေ ဘယ်လောက်ခံခဲ့ရတယ်ဆိုတာ ကျမတို့ မိသားစု အသိဆုံးပါပဲ။ ဖေဖေဟာ စိတ်ပန်းကိုယ်ပန်းနဲ့ ဒီနိုင်ငံရေးကို လုပ်ဆောင်လာတာဟာ ဘာအကျိုးစည်းစိမ်မှ မခံစားခဲ့ရပါဘူး။ ဒါကြောင့်မို့လို့လည်း လွတ်လပ်ရေးရပြီးတဲ့အခါကျလို့ရှိရင် ထပ်ပြီးတော့ အာဏာလုတဲ့ နိုင်ငံရေးမျိုးကို ဆက်မလုပ်ဘူးဆိုတာ ဖေဖေ အတိအလင်း ပြောသွားပါတယ်။

ဒီလို ပြောသွားတာမျိုးကြောင့်မို့လို့ ကျမလည်း နိုင်ငံရေးလောကနဲ့ ဝေးဝေးကင်းကင်း နေချင်ပါတယ်။ အဲ့ဒီလို ဝေးဝေးကင်းကင်း နေချင်ခဲ့လျက်သားနဲ့ အခုမှ ဒီအရေးအခင်းမှာ ပါဝင်နေသလဲလို့ မေးစရာရှိပါတယ်။ အဲ့ဒီဟာကတော့ ဒီအရေးအခင်းဟာ တတိုင်းပြည်လုံးနဲ့ဆိုင်တဲ့ အရေးအခင်းဖြစ်နေပါတယ်။ ကျမမှာလည်း ဖေဖေ့ရဲ့သမီးလုပ်ပြီးတော့ ခေါင်းရှောင်ပြီးတော့ နေလို့မဖြစ်တော့ဘူး။ ဒီအရေးအခင်းဟာ တကယ်တော့ ဒုတိယလွတ်လပ်ရေးတိုက်ပွဲကြီးလို့ ခေါ်ရင်လည်း ဖြစ်ပါတယ်။ ဒီမိုကရေစီလွတ်လပ်ရေးကို တမျိုးသားလုံး လိုချင်တဲ့ဆန္ဒ ပြင်းပြလွန်းလို့ ဖြစ်ပေါ်လာတဲ့ တိုက်ပွဲကြီး ဖြစ်ပါတယ်။

ဒီမိုကရေစီနဲ့ပတ်သက်ရင် ဖေဖေပြောခဲ့တဲ့ အချက်ကလေးတခုကို ကျမ ဖတ်ပြချင်ပါတယ်။ ဒီအချက်ကတော့ "ကျနော်တို့ဟာ ဒီမိုကရေစီဝါဒကိုသာ ခေတ်စားအောင်လုပ်ရမယ်။ အဲ့ဒီ ဝါဒမျိုးအရသာ လွတ်လပ်တဲ့ ဗမာနိုင်ငံ ထူထောင်နိုင်အောင် ကြိုးစားရမယ်။ ဒါမျိုးမလုပ်နိုင်ရင် ကျနော်တို့မြန်မာပြည်က လူတွေလည်း နစ်နာမယ်။ ကျနော်တို့ပြည်ကိုလည်း ကမ္ဘာက ကြည့်နေလို့ မရတဲ့တနေ့ ဂျပန်နဲ့ ဂျာမဏီ ဝိုင်းပြီး အနှိမ်ခံရသလို အနှိမ်ခံရမယ်ဆိုတာကို သတိရှိကြရမယ်။ ဒီမိုကရေစီဝါဒကသာ လွတ်လပ်ရေးနဲ့ ဆီလျော်တယ်။ ဒီ ဝါဒသာ ငြိမ်းချမ်းရေးကို အားပေးတယ်" အဲ့ဒါဟာ ဖေဖေပြောခဲ့တဲ့ စကားတွေပါ။

(ဓါတ်ပုံလာပါသည်)

၁၉၈၈ ခုနှစ် ဩဂုတ်လ ၂၆ ရက်နေ့ ရွှေတိဂုံစေတီတော်၌ မိန့်ခွန်းပြောကြားစဉ်

(မိန့်ခွန်းအဆက်လာပါသည်)

ဒါကြောင့်မို့လို့ ကျမဟာ ကျမရဲ့အဖေ အစဉ်အလာအတိုင်း ဒီမိုကရေစီ လွတ်လပ်ရေးတိုက်ပွဲကို ဝင်လို့နွှဲခဲ့ရပါတယ်။ အဲ့ဒီတော့ ဒီမိုကရေစီရဖို့ရန် ပြည်သူလူထုအားလုံး စည်းလုံးညီညွတ်ဖို့ လိုပါတယ်။ ညီညွတ်ရင် ဘာမဆို ဖြစ်နိုင်ပါတယ်။ မညီညွတ်ရင် ဘာမှ မတတ်နိုင်ဘူး။

www.burmeseclassic.com

www.burmeseclassic.com

ပြည်သူလူထုဟာ ညီညီညွတ်ညွတ်နဲ့ မရှိနိုင်လို့ရှိရင် ဘယ်ဝါဒပဲဖြစ်ဖြစ် တိုင်းပြည်ကို အကျိုးမပေးနိုင်ဘူး။ အဲ့ဒီဟာကို အားလုံးစွဲမှတ်ထားဖို့ လိုပါတယ်။ စည်းကမ်းမရှိလို့ရှိရင်လည်း ဘယ်ဝါဒမှ မအောင်နိုင်ပါဘူး။ အဲ့ဒီတော့ ကျမတို့ တိုင်းသူပြည်သားတွေဟာ ညီညွတ်ဖို့၊ စည်းကမ်းရှိဖို့ အမြဲလိုပါတယ်။

ဒီညီညွတ်ဖို့အကြောင်းတွေ ပြောနေတုန်းမှာ ကျမတို့ တခုပဲပြောချင်ပါတယ်။ ယခု ကျမပြောသွားတဲ့စကားတွေထဲမှာ တချို့ကလည်း သဘောကျမယ့်စကားလည်း ပါမယ်၊ မကျမယ့် စကားတွေလည်း ပါမယ်။ ဒါပေမယ့် ကျမအနေနဲ့ကတော့ ပြည်သူလူထုကို မှန်မှန်ကန်ကန်ပြောသင့်တယ်လို့ ယုံကြည်တယ်။ ကျမစိတ်ထဲမှာရှိသလို မှန်မှန်ကန်ကန် ပြောသွားမှာပဲ။ ကြိုက်ရင်လည်း ထောက်ခံကြပါ၊ မကြိုက်ရင်လည်း ကျမစိတ်ထဲမှာ မှန်တဲ့အတိုင်းလုပ်တာပဲ။ မကြိုက်တာတော့ ဘယ်လိုမှ မတတ်နိုင်ဘူး။ ကျမ တခုပြောချင်တာဟာ အခုအချိန်မှာ တပ်မတော်နဲ့ ပြည်သူလူထုအကြားထဲမှာ စိတ်ဝမ်းကွဲနေကြပါတယ်။ ဒီစိတ်ဝမ်းကွဲမှုကြီးဟာ နောင်တိုင်းပြည်အတွက် အန္တရာယ်အမျိုးမျိုး ဖြစ်နိုင်ပါတယ်။ ဗမာ့တပ်မတော်ဆိုတာ ကျမအဖေ ပြုစုပျိုးထောင်ခဲ့တဲ့ တပ်မတော်ပါ။

ဖေဖေ ပြုစုပျိုးထောင်ခဲ့တဲ့ တပ်မတော်ဆိုတာ စကားအရသာ မဟုတ်ပါဘူး။ အစစ်အမှန်ပါပဲ။ ဖေဖေကိုယ်တိုင် ခရေစေ့တွင်းကျ အောက်ခြေကနေစပြီးတော့ ဒီတပ်မတော်ကို ဘယ်လိုထူထောင်ရမယ်ဆိုတာ သူ့လက်ရေးနဲ့ ရေးထားတဲ့ စာရွက်စာတမ်းတွေလည်း ရှိပါတယ်။ ဖေဖေက တပ်မတော်အတွက် ဘာရည်မှန်းချက်တွေ ရှိခဲ့သလဲ။ အဲ့ဒီ ရည်မှန်းချက်တခုလောက် ကျမ ဖတ်ပြပါရစေ။

"ဒီတပ်မတော်ဟာ ဒီနိုင်ငံ၊ ဒီလူမျိုးအတွက်၊ ဒီလူမျိုးတွေ ကိုးကွယ်ရာ၊ လဲလျောင်းရာ၊ ဆည်းကပ်ရာဆိုတဲ့ အနေမျိုး ဖြစ်ရမယ်။ ဒီလိုမဟုတ်ဘဲ တပ်မတော်က နိုင်ငံသူ၊ နိုင်ငံသားတွေရဲ့ စိတ်ထဲမှာ အော့နှလုံးနာစရာဖြစ်မယ်ဆိုရင် ဒီတပ်မတော်ကို တည်ထောင်ထားတဲ့ ရည်ရွယ်ချက်တွေဟာ အလကား ဖြစ်သွားတော့မှာပဲ။"

ကျမ မှန်မှန်ပဲ ပြောပါရစေ။ ကျမဟာ တပ်မတော်အပေါ်မှာ အင်မတန် သံယောဇဉ်ကြီးပါတယ်။ ဖေဖေတည်ထောင်ခဲ့တဲ့ တပ်မတော်လည်းဖြစ်တယ်။ ကျမတို့ဆိုတာလည်း ငယ်ငယ်ကတည်းက ရဲဘော်တွေလက်ထဲမှာ ကြီးလာတာပါပဲ။ ပြည်သူလူထုကြီးကလည်း ဖေဖေ့အပေါ်မှာ အင်မတန် မေတ္တာရှိတယ်ဆိုတာ ကျမ သိပါတယ်။ ဒီမေတ္တာတွေအတွက်လည်း ကျမ အင်မတန် ကျေးဇူးတင်ပါတယ်။ ဖေဖေပြုစုပျိုးထောင်ခဲ့တဲ့ တပ်မတော်နဲ့ ဖေဖေ့အပေါ်မှာ အင်မတန်မေတ္တာရှိတဲ့ လူထုကြီးထဲမှာ ပဋိပက္ခ မဖြစ်စေချင်ပါဘူး။ တပ်မတော်သားတွေကိုလည်း ကျမ ဒီကနေပဲ မေတ္တာရပ်ခံပါရစေ။ လူထုအားကိုးနိုင်တဲ့ တပ်မတော်ကြီးဖြစ်ပါစေ။ တိုင်းပြည်ရဲ့ ဂုဏ်သိက္ခာကို ထိန်းသိမ်းနိုင်တဲ့ တပ်မတော်ကြီးဖြစ်ပါစေ။ ပြည်သူလူထုကလည်း ဖြစ်ပြီးခဲ့တဲ့ဟာတွေကို ကြိုးစားခွင့်လွှတ်ပြီးတော့ တပ်မတော်အပေါ်မှာ မေတ္တာမပျက်ပါစေနဲ့လို့ တောင်းပန်ပါရစေ။ ကျမတို့အားလုံးဟာ ညီညီညွတ်ညွတ်နဲ့ ဆက်လက်သွားမှသာ တည်တံ့ခိုင်မြဲတဲ့ ပြည်ထောင်စုပန်းတိုင်ကြီးကို ရောက်နိုင်မှာပါ။ အခု မရောက်သေးပါဘူး။ ဒီမိုကရေစီပန်းတိုင်ကိုတောင် မရောက်သေးပါဘူး။ မရောက်ခင်က ကွဲကွဲပြားပြား မရှိပါနဲ့။ အားလုံး တညီတညွတ်တည်း ဒီမိုကရေစီပန်းတိုင်ကို ဦးတည်ပြီးတော့ ချီတက်သွားကြပါ။ အဲ့ဒီလို ချီတက်သွားတဲ့နေရာမှာ ငြိမ်းချမ်းတဲ့နည်းလမ်းကို သုံးစေချင်ပါတယ်။ လူမျိုးတမျိုးဟာ နိုင်ငံသူ၊ နိုင်ငံသားအပေါင်းတို့ဟာ စည်းကမ်းရှိရှိနဲ့၊ ငြိမ်းချမ်းတဲ့နည်းတွေနဲ့ ကိုယ်လိုတဲ့ဆန္ဒတွေကို ဖြည့်စွမ်းနိုင်တယ်ဆိုတာ အင်မတန်ဂုဏ်သိက္ခာနဲ့ပြည့်စုံတဲ့ အပြုအမူဖြစ်ပါတယ်။

ဒီလှုပ်ရှားမှုကြီးကို ဦးဆောင်ခဲ့တဲ့ ကျောင်းသားတွေနဲ့ပတ်သက်လို့ ကျမ ပြောစရာလေးတွေရှိပါတယ်။ ကျောင်းသားလူငယ်များဟာ အင်မတန်မှ တော်ပါတယ်။ သူတို့ရဲ့ လက်ရုံးရည်ကိုလည်း ပြပြီးပါပြီ၊ အခုလည်း ဆက်ပြီးတော့ သူတို့ရဲ့ နှလုံးရည်ကို ပြမယ်ဆိုတာ ကျမ ယုံကြည်ပါတယ်။

ဒီကျောင်းသားများကိုလည်း အချင်းချင်း ညီညီညွတ်ညွတ်နဲ့ ဆက်ပြီး လက်တွဲသွားဖို့ ကျမ မေတ္တာရပ်ခံချင်ပါတယ်။ အခုဆိုရင် ကျောင်းသားတွေထဲမှာလည်း အဖွဲ့အစည်းတွေ ရှိကြပါတယ်။ ဒီအဖွဲ့အစည်းတွေဟာ အားလုံးစုရုံးပြီးတော့ တညီတညွတ်တည်း ဖြစ်သွားစေချင်ပါတယ်။ အဲ့ဒီဟာအတွက်လည်း

www.burmeseclassic.com

www.burmeseclassic.com

ကျောင်းသားညီလာခံတခု ခေါ်မယ်လို့ ကျမ ကြားနေပါတယ်။ ဒီညီလာခံကြီး ဖြစ်ပေါ်တဲ့အခါကျရင် ကျောင်းသားတွေအားလုံး တစုတစည်းတည်းဖြစ်သွားပါစေလို့ ကျမ ဆုတောင်းလိုက်ပါတယ်။

ကျောင်းသားလေးတွေက ကျမကို မေးကြတယ်။ ကျမရဲ့နောက်မှာ ဘယ်နိုင်ငံရေးသမားများ ရှိနေသလဲ၊ ဒီနိုင်ငံရေးသမားတွေဟာ ကျမကို ကြိုးဆွဲပြီးတော့ သူတို့ကို နင်းသွားမှာ စိုးရိမ်တယ်လို့ ပြောကြပါတယ်။ အဲဒီလို ပွင့်ပွင့်လင်းလင်းပြောတာ ကျမ အင်မတန်ဝမ်းသာတယ်။ ကျောင်းသားလူငယ်များ အင်မတန် ပွင့်လင်းတယ်။ သွယ်ဝိုက်တဲ့ စကားတွေ မပြောတတ်ဘူး။ ကျမကလည်း မှန်တဲ့အတိုင်းပဲ ပြန်ပြီးတော့ ပြောလိုက်ပါတယ်။ ကျမနောက်မှာ ဘယ်နိုင်ငံရေးသမားမှ မရှိပါဘူး။ ကျမ အခုလုပ်နေတဲ့ လုပ်ငန်းဟာတော့ ပြည်သူလူထုလိုချင်တဲ့ ဒီမိုကရေစီဖြစ်မြောက်ရေး လုပ်ငန်းပါပဲ။ ဒီမိုကရေစီ ဖြစ်မြောက်ရေးအတွက်ကို ဝိုင်းပြီးတော့ ကူညီချင်ပါတယ်ဆိုတဲ့ နိုင်ငံရေးသမားဟောင်းကြီးတွေ ရှိပါတယ်။ အဲ့ဒီ နိုင်ငံရေးသမားဟောင်းကြီးတွေကို ကျမကတော့ ရှင်းရှင်းပဲ ပြောထားပါတယ်။ ဒီလိုကူညီလို့ နောင် နိုင်ငံရေးအမြတ်ထုတ်မယ်ဆိုရင် ကျမ လုံးလုံးမထောက်ခံဘူးဆိုတာ အခုကတည်းက ကျမ ပြောထားပါတယ်။

ပြည်သူလူထုရှေ့မှာ ကျမ ပြန်ပြီးတော့ ပြောပါမယ်။ ဒီမိုကရေစီရရှိရေးအတွက် ဝိုင်းဝန်းကူညီတဲ့ နိုင်ငံရေးသမားကြီးတွေဟာ နောင်နိုင်ငံရေးအမြတ်ထုတ်ဖို့ ကြိုးပမ်းရင် ကျမကိုယ်တိုင် တက်ပြီးတော့ ဒီလူကြီးတွေကို ရှုတ်ချပေးပါ့မယ်။

နောက်တခုကတော့ ကျမတို့တိုင်းပြည်မှာ လူကြီးနဲ့လူငယ် ကြားထဲမှာ ကွဲကွာမှုတွေ ရှိပါတယ်။ အဲ့ဒီကွဲကွာမှုတွေကိုလည်း ဖြေရှင်းဖို့လိုပါတယ်။ လူငယ်တွေက လူငယ်တွေ၊ လူကြီးတွေက လူကြီးတွေ ဆိုတဲ့ စိတ်ထားတွေ ဖြစ်နေပါတယ်။ ပြည်သူလူထုရဲ့ အင်အားဟာ တနေ့ထက်တနေ့ ကြီးလာပါပြီ။ ဒီလိုကြီးလာလို့လည်း ပိုပြီးတော့ စည်းနဲ့ကမ်းနဲ့ ထိန်းဖို့လိုပါတယ်။ စည်းမရှိတဲ့ အင်အား၊ အမှန်တရားနဲ့ မကိုက်ညီတဲ့ အင်အားဆိုတာ ဘယ်တော့မှ ကောင်းကျိုး မပေးနိုင်ပါဘူး။

အများအတွက်ပါ အန္တရာယ်ဖြစ်နိုင်ပါတယ်။ အဲ့ဒါကြောင့်မို့လို့ အမှန်တရားနဲ့ ကိုက်ညီတဲ့ စွမ်းအားကိုပဲ ဆက်ပြီးတော့ သုံးကြပါ။ အမှန်တရားနဲ့ မကိုက်ညီတဲ့ စွမ်းအားကို မသုံးပါနဲ့။ အခုလူထုဘက်ကနေ အားကြီးနေတဲ့အချိန်မှာ အားငယ်တဲ့ အစုအဝိုင်းကိုလည်း နိုင့်ထက်စီးနင်း မလုပ်ကြပါနဲ့။ ဒီလို နိုင့်ထက်စီးနင်းလုပ်တာဟာ အကျင့်မကောင်းပါဘူး။ ပြည်သူလူထုရဲ့ ဂုဏ်သိက္ခာကိုလည်း ကျဆင်းစေပါလိမ့်မယ်။ ပြည်သူလူထုဘက်ကနေပြီးတော့ ခွင့်လွှတ်နိုင်တဲ့ သဘောထားရှိတယ်ဆိုတာကို ကွက်ကွက်ကွင်းကွင်း ထင်ပေါ်ပါစေ။ အခုဆိုလို့ရှိရင် ကျမတို့ဟာ အားလုံး ပြည်သူလူထုအပေါ်င်းက ဘာကို လိုလားနေသလဲဆိုတာ စဉ်းစားလိုက်လို့ရှိရင် အဓိကအချက်ကတော့ ပါတီစုံဒီမိုကရေစီစနစ်ကို လိုလားနေကြပါတယ်။ တပါတီစနစ်ကို ဖြုတ်ချချင်ကြပါတယ်။

နောက် အခုဆိုလို့ရှိရင် သမတ ဒေါက်တာမောင်မောင်ဟာ လူထုဆန္ဒခံယူပွဲကျင်းပဖို့၊ မကျင်းပဖို့ ညီလာခံခေါ်မယ်လို့ ဆိုပါတယ်။ ကျမအနေနဲ့ ပြောရရင်တော့ ဒီလူထုဆန္ဒခံယူပွဲဟာ မလိုတော့ပါဘူး။ တတိုင်းပြည်လုံးရဲ့ ဆန္ဒဟာ ကွက်ကွက်ကွင်းကွင်း ပေါ်နေပါပြီ။ အားလုံးဟာ ပါလီမန် ဒီမိုကရေစီစနစ်ကိုပဲ လိုလားနေတယ်ဆိုတာ အင်မတန်မှ ပေါ်လွင်နေပါပြီ။ ဒီစနစ်ကို အမြန်ဆုံးဖြစ်ပေါ်လာနိုင်ဖို့ လုပ်ပေးဖို့ဟာ ယခု အာဏာပိုင်အစိုးရတွေရဲ့ တာဝန်ဖြစ်ပါတယ်။

ပန်းတိုင်ကို မရောက်သေးဘူးဆိုတာ မမေ့ကြပါနဲ့။ ဒီမိုကရေစီရတဲ့ အခါကျလို့ရှိရင် ဘယ်လိုပြည်ထောင်စုကြီးကို တည်တံ့ခိုင်မြဲအောင် ဘယ်လိုလုပ်ရမယ်ဆိုတာကို စဉ်းစားထားကြပါဦး။ တိုင်းပြည်ရဲ့ အနာဂတ်ကို ရှေ့ရှုကြပါ။ တိုင်းပြည်ရဲ့ အနာဂတ်ကို မတွေးလို့ရှိရင် အခုလက်ငင်း ဖြစ်ပေါ်လာတဲ့ ပြုပြင်ပြောင်းလဲမှုတွေကလည်း ကိုယ့်တိုင်းပြည်ကို အကျိုးပေးနိုင်မှာ မဟုတ်ပါဘူး။ အဲ့ဒီတော့ ဖေဖေပြောခဲ့သလို ကျမတို့ နိုင်ငံသူ၊ နိုင်ငံသားများဟာ စည်းကမ်းရှိသေဖို့၊ ညီညွတ်ဖို့ဆိုတာကို ဘယ်နှစ်ခါပဲပြောပြော ပြောလို့ကို မကုန်နိုင်အောင် ပြောရမယ့်ကိစ္စကြီးတခု ဖြစ်နေပါတယ်။

အခု ကျမတို့ဟာ လူထုဆန္ဒခံယူပွဲကြီး မလိုတော့ပါဘူး။ ပါတီစုံ ဒီမိုကရေစီစနစ်ကိုပဲ လိုလားပါတယ်။ ဒီဟာကို မြန်မြန်ဖြစ်အောင် လုပ်ပေးကြပါ။ ဒီဟာ ဖြစ်ပေါ်လာအောင်လို့ တရားမျှတတဲ့၊ သန့်ရှင်းတဲ့ ရွေးကောက်ပွဲကိုလည်း မြန်မြန်ဆန်ဆန် ဖြစ်နိုင်အောင် လုပ်ပေးကြပါ။ ဒီ သန့်ရှင်းတဲ့၊ တရားမျှတတဲ့ ရွေးကောက်ပွဲတွေ ဖြစ်နိုင်ဖို့ အခြေအနေကိုလည်း ဖန်တီးပေးဖို့လိုပါတယ်။ အခုဆိုလို့ရှိရင်

www.burmeseclassic.com

www.burmeseclassic.com

ပြည်သူလူထုတရပ်လုံးဟာ လက်ရှိအစိုးရအပေါ်မှာ အယုံအကြည် အင်မတန်မှ ပျက်နေတယ်။ အဲ့ဒီတော့ဟာ သန့်ရှင်းစင်ကြယ်တဲ့၊ တရားမျှတတဲ့ ရွေးကောက်ပွဲ ဖြစ်ပေါ်လာဖို့အရေးကို အကယ်၍များ ဘယ်လိုဖြစ်အောင် လုပ်ရမလဲ၊ လုပ်ပေးဖို့ရာ ကောင်းပါတယ်။

အဓိကရည်ရွယ်ချက်ကတော့ ဒီအစိုးရလည်း မဟုတ်ဘူး၊ ကြားဖြတ်အစိုးရလည်း မဟုတ်ဘူး၊ နောက်အစိုးရလည်း မဟုတ်ဘူး။ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲ သာယာဝပြောရေးအတွက် လုပ်ပေးနိုင်တဲ့ အစိုးရပါပဲ။ ဒီအဓိကကိစ္စအပေါ်မှာ မျက်ခြေမပြတ်ပါစေနဲ့။ တိုင်းပြည်ရဲ့ အနာဂတ်အရေးကို မမေ့ပါနဲ့။ မေ့သွားလို့ရှိရင် အခုရရှိတဲ့ အောင်မြင်မှုဟာ နောင်ကျ ဆုံးရှုံးမှု ဖြစ်သွားနိုင်ပါတယ်။ အခု ကျမတို့ ဘယ်အခြေအနေမှာ ရောက်နေပြီလဲ၊ ပန်းတိုင်ကို ကွက်ကွက်ကွင်းကွင်း မြင်နေပါပြီ။ မြင်နေတဲ့ ပန်းတိုင်ကို အားလုံး လက်တွဲပြီးတော့ ချီတက်သွားကြပါစို့၊ စိတ်ဝမ်းမကွဲကြပါနဲ့။ ကျောင်းသားလေးတွေဘက်က အထူး စိတ်ဝမ်းမကွဲဖို့ လိုပါတယ်။ ကျောင်းသားလေးတွေကို စိတ်ဝမ်းကွဲအောင်လည်း ထိုးဆွမပေးကြပါနဲ့။ ကျောင်းသားလေးတွေဟာ တိုင်းပြည်ရဲ့ အနာဂတ် ခေါင်းဆောင်ပေးမယ့် လူငယ်လေးတွေ ဖြစ်ကြပါတယ်။ ဒီကျောင်းသားလေးတွေရဲ့ စိတ်ဓာတ် ကျအောင်လုပ်လိုက်မယ်ဆိုရင် နောင် တိုင်းပြည် ညီညွတ်ရေးအတွက်လည်း ထိပါးသွားပါလိမ့်မယ်။

ညီညွတ်ရေးအကြောင်း ပြောနေတဲ့အချိန်မှာ ပြည်ထောင်စုအကြောင်း ခဏလောက် ပြောလိုက်ပါရစေ။ လူမျိုးစုတွေအားလုံးဟာ ညီညွတ်ဖို့ လိုပါတယ်။ အခု လူများစု၊ လူများစုကတော့ မြန်မာလူမျိုးတွေ ဖြစ်ပါတယ်။ လူများစု မြန်မာတွေဟာ လူနည်းစုတွေဖြစ်တဲ့ တိုင်းရင်းသားတွေနဲ့ စည်းစည်းလုံးလုံးဖြစ်ဖို့ အလွန်ကြိုးစားဖို့ လိုပါတယ်။ ကိုယ်က အားရှိနေတဲ့လူ၊ ကိုယ်က အားများနေတဲ့လူမို့လို့ ပိုပြီးတော့ ကြိုးစားဖို့လိုပါတယ်။ အားများနေတဲ့လူဆိုတာ အားနည်းနေတဲ့လူကို အစဉ်အမြဲလျှော့ပြီးတော့ ညှာပေးဖို့လိုပါတယ်။ အဲ့ဒီနေရာမှာ ဒီတပါတီစနစ်ကို ထောက်ခံနေတဲ့လူတွေနဲ့ ပတ်သက်လို့လည်း ကျမ တခုပြောပါရစေ။ ပါတီဝင်ပေါင်း အမြောက်အမြား ဒီပါတီအပေါ်မှာ အယုံအကြည်မရှိတော့ဘူးဆိုတာ ကျမ သိပါတယ်။ အယုံအကြည်မရှိတော့လို့ရှိရင်လည်း ဒီပါတီက ထွက်လိုက်ကြပါ။ ပါတီဝင်ကဒ်ပြားတွေလည်း ပြန်အပ်လိုက်ကြပါ။

ဒါပေမယ့်လည်း သူတို့ရဲ့ အယုံအကြည်အရ ပါတီဝင်အနေနဲ့ ဆက်ပြီး ထမ်းဆောင်နေတဲ့ လူတွေကိုလည်း အန္တရာယ်မပြုကြပါနဲ့။ ဒီမိုကရေစီဆိုတာ မားမားမတ်မတ် ကိုယ့်ယုံကြည်ချက်ကိုယ်ရှိနိုင်တဲ့ စနစ်မျိုး ဖြစ်ပါတယ်။ သူတို့က ဆက်ပြီးယုံကြည်မယ်ဆိုလို့ရှိရင် အန္တရာယ်မပြုကြပါနဲ့။ ကိုယ့်ဘာသာ ကိုယ်လိုချင်တဲ့ ပန်းတိုင်ကိုသာ ညီညီညွတ်ညွတ်တက်ပါ။ ကိုယ်က အားကြီးနေလို့ အားနည်းတဲ့လူကို ပြန်ပြီး ကလဲ့စားချေတဲ့ကိစ္စမျိုး မဖြစ်ပေါ်ပါစေနဲ့။ အခုဆိုလို့ရှိရင် ကျမတို့မှန်းထားတဲ့ အချိန်ထက် အများကြီး အချိန်လွန်သွားပါပြီ။ အဲ့ဒီတော့ ကျမ စဉ်းစားထားတာထက် နဲနဲ ပိုပြီးတော့ အတိုချုံးပြီးတော့ ပြောရမယ့် အခြေအနေမျိုး ဖြစ်နေပါပြီ။ ဒီအစည်းအဝေးပွဲကို နောက်ဆုံး ကျမ ပြောချင်တာကတော့ ကျမတို့လူထုဟာ ညီညွတ်ဖို့ လိုပါတယ်၊ စည်းကမ်းရှိဖို့ လိုပါတယ်။ အမှန်တရားနဲ့ ကိုက်ညီတဲ့စွမ်းအားကို ဆက်ပြီးသုံးသွားဖို့ လိုပါတယ်။ အဲ့ဒီလို သုံးသွားမှသာ ကျမတို့လိုတဲ့ ပန်းတိုင်ကို ရောက်နိုင်ပါတယ်။ အဲ့ဒီတော့ ကျမ အနူးအညွတ် ပြည်သူလူထုတရပ်လုံးကို တောင်းပန်ပါရစေ။

ပြည်သူလူထုအားလုံး ညီညွတ်ကြပါစေ။ စည်းကမ်းရှိပါစေ။ အမှန်တရားနဲ့ကိုက်ညီတဲ့ လူမျိုးတရပ်ဖြစ်ပါစေ။ ပြည်သူလူထုအားလုံး ဘေးဘယာအဖြာဖြာမှ ဝေးကွာကြပါစေ။ နောက်ဆုံးအနေနဲ့ ကျမတို့ရဲ့ ကြွေးကြော်သံကတော့

* ဆန္ဒခံယူပွဲ မလိုမရှိ
* တပါတီစနစ် ဖျက်သိမ်းပစ်
* ပါတီစုံဒီမိုကရေစီစနစ် တည်ဆောက်ကြ
* တရားမျှတသောရွေးကောက်ပွဲ အမြန်ဆုံး ကျင်းပပေး ဆိုတဲ့ ကြွေးကြော်သံပါပဲ။

www.burmeseclassic.com

www.burmeseclassic.com

အခမ်းအနားမှူး

ပြည်သူလူထုကြီးခင်ဗျား၊ အခု ဒေါ်အောင်ဆန်းစုကြည် အဆိုပြုချက်အပေါ်မှာ ကျနော်တို့ လူထုအစည်းအဝေးပွဲကြီး အဆုံးအဖြတ်ကို ခံယူဖို့ ဖြစ်ပါတယ်။

အဆိုပြုချက် (၁)

မြန်မာနိုင်ငံတဝှမ်းလုံးရှိ ကျောင်းသူကျောင်းသားများနှင့်တကွ လူထုလူတန်းစားပေါင်းစုံပါဝင်၍ အဖမ်းခံ သွေးမြေကျခံပြီး တပါတီစနစ် ဖျက်သိမ်းရေးနဲ့ ပါတီစုံဒီမိုကရေစီစနစ် တည်ဆောက်ရေးတို့ကို တခဲနက် ဆန္ဒပြခဲ့ကြပြီးဖြစ်၍ ထိုကိစ္စအတွက် လူထုဆန္ဒခံယူပွဲ ကျင်းပပြုလုပ်ပေးရန် မလိုအပ်တော့ပြီဖြစ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်ရဲ့ အဆိုပြုချက်ကို လူထုကြီးက ထောက်ခံပါသလားခင်ဗျား။

(ထောက်ခံပါတယ်) ၃

အဆိုပြုချက် (၂)

မြန်မာနိုင်ငံတဝှမ်းလုံးရှိ ကျောင်းသူကျောင်းသားများနှင့်တကွ ရဟန်းရှင်လူပြည်သူအပေါင်းမှ တခဲနက် ဆန္ဒပြခဲ့ကြပြီးဖြစ်သောကြောင့် တပါတီစနစ်ကို ဖျက်သိမ်းပြီးတော့ ပါတီစုံဒီမိုကရေစီစနစ်ဖြင့် အစားထိုးတည်ဆောက်ကြရန်သာရှိကြောင်း ဒေါ်အောင်ဆန်းစုကြည်က အဆိုပြုခဲ့ပါတယ်။ ဒီအဆိုကို ထောက်ခံပါသလားခင်ဗျား။

(ထောက်ခံပါတယ်) ၃

အဆိုပြုချက် (၃)

ပြည်သူလူထုတရပ်လုံးအား ကိုယ်စားပြုရသော ပြည်သူ့ကိုယ်စားလှယ် အစစ်အမှန်များကို လွတ်လပ်စွာ ရွေးကောက်တင်မြှောက်နိုင်ရန် တရားမျှတ သန့်ရှင်းသော အထွေထွေရွေးကောက်ပွဲကြီးကို အမြန်ဆုံး ကျင်းပနိုင်ရေးအတွက် ကြားဖြတ်အစိုးရ ဖွဲ့စည်းပေးရန်အဆိုကို ဒေါ်အောင်ဆန်းစုကြည်က အဆိုပြုပါတယ်။ ပြည်သူလူထုကြီးက ထောက်ခံပါသလားခင်ဗျား။

(ထောက်ခံပါတယ်) ၃

ကျနော် အခု ဒီအစည်းအဝေးပွဲကြီးရဲ့ ကြွေးကြော်သံကို တိုင်ပေးပါ့မယ်။

* ဆန္ဒခံယူပွဲ အလိုမရှိ၊ အလိုမရှိ
* တပါတီစနစ် ဖျက်သိမ်းပစ်
* ပါတီစုံဒီမိုကရေစီစနစ် တည်ဆောက်ပေး
* တရားမျှတသော ရွေးကောက်ပွဲ အမြန်ဆုံး ကျင်းပပေး
* ကြားဖြတ်အစိုးရ ဖွဲ့စည်းပေး ဟူသော ကြွေးကြော်သံများကို အခမ်းအနားမှူး ဦးထွန်းဝေမှတိုင်ပေး၍ လူထုပရိသတ်ကြီးက တခဲနက် ကြွေးကြော်၍ နံနက် ၁၁ နာရီ ၃၀ မိနစ်အချိန်တွင် အစည်းအဝေးကြီးကို အောင်မြင်စွာ ရုပ်သိမ်းလိုက်ပါသည်။

၁၅

ဒီမိုကရေစီရရှိရေးနှင့် ပြည်သူများ၏ အခန်းကဏ္ဍာ

၆၈ ကြိမ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် သြဝါဒခံယူပွဲ၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည် ဟောပြောမိန့်ကြားချက် ၃-၁၂-၈၈

www.burmeseclassic.com

www.burmeseclassic.com

* * *

ခုလို (၆၈) ကြိမ်မြောက် အမျိုးသားနေ့အခမ်းအနားကို ဖိတ်ခေါ်တာကို ကျေးဇူးတင်ပါတယ်။ အမျိုးသားနေ့နဲ့ပတ်သက်လို့တော့ အခမ်းအနားမှူးက ပြောသွားတဲ့အတိုင်း အမျိုးသားနေ့ဆိုတာ ၁၉၂၀ ခုနှစ်တုန်းက ကျောင်းသားသပိတ်ကြီး စခဲ့တဲ့နေ့ဖြစ်ပါတယ်။ ကျောင်းသားသပိတ်ကို ရွှေတိဂုံဘုရားမှာ စနေထောင့်ကနေပြီးတော့ တန်ဆောင်မုန်းလဆုတ် (၁၀) ရက်နေ့မှာ သပိတ်စဖို့ သဘောတူလိုက်ကြတယ်။ အဲ့ဒီတော့ တန်ဆောင်မုန်းလဆုတ် (၁၀) ရက်နေ့ဟာ အမျိုးသားနေ့ဆိုပြီးတော့ သတ်မှတ်လိုက်ပါတယ်။ အမျိုးသားနေ့နဲ့ပတ်သက်လို့ ထုတ်လိုက်တဲ့ ကြေညာချက်ဟာ အခု ကျမတို့ ပြန်ဖတ်ကြည့်လိုက်တဲ့အခါကျတော့ ခုအချိန်အခါနဲ့ အင်မတန်မှ သင့်လျော်နေပါတယ်။ အဲ့ဒါကြောင့် ကျမ ဒါကို နဲနဲလေး ဖတ်ပြချင်ပါတယ်။ ဒါက သပိတ်မှောက်ကောင်စီ၏ ၁၉၂၀ ပြည့် ဒီဇင်ဘာလ ၈ ရက်နေ့စွဲဖြင့် တိုင်းပြည်သို့ ထုတ်ပြန်သည့် ကြေညာချက်တဲ့။

"တိုင်းသူပြည်သားများသို့ –

ရန်ကုန်ကောလိပ်နှင့် ယုဒသန်ကောလိပ်ရှိ ကျနော်တို့ ကျောင်းသားအားလုံးတို့သည် အဆုံး၌ ဘယ်လိုဖြစ်မည်ကို သေချာမသိရသေးသော ကိစ္စတခုကို စတင်ပြုလုပ်ကြပါသည်။ သို့ရာတွင် ကျနော်တို့သည် တရားနည်းလမ်းမှန်ကန်ကြောင်းကို ကောင်းမွန်ခိုင်မြဲစွာ သိရှိရပါသည်။ ကျနော်တို့သည် တတိုင်းတပြည်လုံး ကျွန်တွင်းက မည်သည့်အခါမှ မလွတ်မကင်းနိုင်လျှင် ဗျူရိုကရက်တို့သည် သိပ္ပံကျောင်းဥပဒေကို ထုချေဖျက်ဆီးရန် အကြံရှိပါသည်။ ကျနော်တို့ တိုင်းပြည်သားတို့၏ စိတ်အားထက်သန်သော အကူအညီအားဖြင့် လူငယ်များတို့က ခုခံဖြိုဖျက်ခြင်းမှတပါး အခြားသောနည်းဖြင့် တိုင်းပြည်ကို ကယ်ဆယ်ဖို့ရန် နည်းလမ်းမရှိဟု ယုံကြည်ပါသည်။ ကျနော်တို့သည် မြန်မာနိုင်ငံရှိ လူအများတို့၏ ပညာအဆီအနှစ်နှင့်ပြည့်စုံသော ကျောင်းသားများဖြစ်မည်ကို ရည်သန်၍ ကူညီစောင်မရန် တောင်းပန်ပြောကြားပါသည်။ ကျနော်

(ခါတ်ပုံများ လာပါသည်။)

၁၉၈၉ ခုနှစ်တွင် စည်းရုံးရေးဆင်းနေစဉ်

(မိန့်ခွန်းအဆက်လာပါသည်)

တို့စိတ်ထဲ စွဲမြဲစွာ ယုံကြည်သော ဤလုပ်ငန်းကြီးသည် တိုင်းပြည်၌ လိုအပ်သော အချက်ကြီးတခုကို ထုတ်ဖော်ပြောဆိုခြင်းပင် မည်ပါသည်။ ဤကား အခြားမဟုတ်။ အမျိုးသားသိပ္ပံကျောင်းကြီးပေတည်း။ ထိုကျောင်းကြီးမှ မြန်မာနိုင်ငံ၏ သားသမီးများနှင့် သင့်လျော်သော ပညာရပ်များကို ရနိုင်ပေသည်။ အိန္ဒိယနိုင်ငံ၌ အမျိုးသားကျောင်းတွေ အလိုအလျောက် ပေါ်ပေါက်လာကြပေရာ မြန်မာနိုင်ငံကလည်း နောက်မကျရအောင် မြန်မာတို့သည် နိုင်ငံသားစစ်၍ ချစ်ခဲ့ပါလျှင် ဘယ်နံရောအခါမျှ မတည်ထောင်နိုင်ဘဲ ရှိလိမ့်မည်မဟုတ်ပါ။ စိတ်ပါလက်ပါလုပ်လျှင် မုချဖြစ်ပါလိမ့်မည်။"

ဒီတုန်းကတော့ ပြောတာကတော့ ဒီတက္ကသိုလ်ကိစ္စနဲ့ပတ်သက်ပြီးတော့ ပြောတာပဲ။ ဒါပေမဲ့ ပြောသွားတဲ့အသုံးအနှုန်းတွေက အခု ဒီမိုကရေစီတိုက်ပွဲအတွက် သုံးမယ်ဆိုရင်လည်း အင်မတန် သင့်လျော်ပါတယ်။ ဒီဟာ နောင်ဘယ်လိုဖြစ်မယ် မသိပေမယ့်လည်း ကိုယ်တတ်နိုင်သမျှ မှန်ကန်ကြောင်းကို ကောင်းမွန်စွာ၊ ခိုင်မြဲစွာ သိရှိ၍ လုပ်ပါသည်ဆိုတာ၊ အခု ဒီမိုကရေစီတိုက်ပွဲလည်း ဒီအတိုင်းပဲ။ နောင် ဘယ်လိုဖြစ်မယ်ဆိုတာလည်း မသိဘူး။ နောင်ဘယ်လိုဖြစ်မယ်ဆိုတာ မသိဘဲနဲ့ ဒီတိုက်ပွဲဝင်ရခြင်းဟာ မှန်ကန်တယ်၊ သင့်လျော်တယ်ဆိုတာ ယုံကြည်လို့ အားလုံးဝင်ခဲ့ကြတာပဲ။ ဒါကြောင့် ဒီကိစ္စနဲ့ပတ်သက်လို့ ဒီမိုကရေစီရမှာလား၊ အထွေထွေရွေးကောက်ပွဲ လုပ်မှာလားလို့ မေးရင်လည်း ကျမ ဒီအတိုင်းပဲ ပြောတယ်။ ဖြစ်မှာ၊ မဖြစ်မှာကို မစဉ်းစားနေပါနဲ့၊ ကိုယ် မှန်တာကန်တာကိုလုပ်တာ လုပ်လိုက်ပါ။ ဒီ နောက်အကျိုးဆက်တွေဟာ သူ့ဖာသာသူ ဖြစ်လာပါလိမ့်မယ်။ အဲ့ဒီမှာ ကိုယ့်ရဲ့တာဝန်ကတော့ မှန်တဲ့ကိစ္စကိုလုပ်ဖို့ပဲ။ ဒီ ဒီမိုကရေစီလှုပ်ရှားမှုထဲမှာ အားလုံးဝင်လာပြီဆိုကတည်းက ကျမတို့ အောင်ပွဲခံနိုင်တယ်ဆိုတဲ့ မျှော်လင့်ချက်ရှိလို့သာ ဝင်လာတာပဲ။ ဥပမာအားဖြင့်ဆိုလို့ရှိရင် ပြိုင်ပွဲတခု ဝင်ပြိုင်တဲ့လူဟာ နိုင်မယ်ထင်လို့ ပြိုင်တာပဲ။ ထီထိုးတဲ့လူဆိုတာလည်း ထီပေါက်နိုင်တဲ့ကိန်း ရှိတယ်ထင်လို့ ထိုးလိုက်တာပဲ။ ဘယ်သူကမှတော့ မနိုင်ဘူးထင်လို့ရှိရင် ဝင်ပြိုင်မှာမဟုတ်ဘူး။ မဖြစ်နိုင်ဘူးဆိုလို့ရှိရင်

www.burmeseclassic.com

www.burmeseclassic.com

ကြိုးစားပြီးလုပ်မှာမဟုတ်ဘူး။ အဲ့ဒီတော့ ကျမတို့ ဒီမိုကရေစီဟာ အောင်မြင်နိုင်လားလို့မေးရင် ကျမကတော့ မှန်မှန်ကန်ကန်ပဲ အောင်မြင်နိုင်တယ်လို့ ပြန်ဖြေရမှာပဲ။ အောင်မြင်နိုင်တယ်ထင်လို့သာ ဒီတိုက်ပွဲမှာ ပါနေတာပဲ။ ဒီအတိုင်းပဲ ကျောင်းသားလူငယ်အားလုံးဟာလည်း ဒီမိုကရေစီတိုက်ပွဲထဲ ဝင်နေတဲ့အခါကျရင် အောင်မြင်နိုင်မယ်ဆိုတဲ့ စိတ်တွေထားပြီးတော့ ဆက်လက်ပြီး လုပ်သွားစေချင်ပါတယ်။ ကျမတို့ ဆက်ပြီးတော့ အင်မတန်မှ ရုန်းကန်ဖို့ရှိပါသေးတယ်။ ကြိုးစားဖို့ ရှိပါသေးတယ်။ ဆက်ပြီးတော့ ရုန်းကန်ကြိုးစားရမယ်ဆိုတာဟာ အခုလပိုင်းကို ပြောတာမဟုတ်ပါဘူး။ နှစ်ပိုင်းနဲ့ကို ဆက်ပြီးတော့ ရုန်းကန်ကြိုးစားသွားရမှာပါ။ ဒီရွေးကောက်ပွဲဖြစ်လို့ ရွေးကောက်ပွဲဝင်ပြိုင်လို့ ဒီမိုကရေစီဘက်က အနိုင်ရရင်တောင်မှ ဒီလှုပ်ရှားမှုကြီးဟာ မပြီးသေးပါဘူး။ ရုန်းကန်သွားရမယ့် အချိန်ဟာ မကုန်သေးပါဘူး။ ဆက်ပြီးတော့ ရုန်းကန်သွားရမှာပါပဲ။ အဲ့ဒီကျောင်းသားလူငယ်များဆိုလို့ရှိရင် အသက် (၂၀) ဝန်းကျင်ရှိကြမှာပေ့ါ။ အသက် (၂၀) ဝန်းကျင်ရှိတဲ့ လူများဟာ ဇမာတွေရဲ့ သက်တမ်းဆိုရင် အခု ၆၀ လောက်ရှိမယ်။ ကျမတို့ ဒီမိုကရေစီစနစ်အောက်မှာ ကျန်းမာရေးတွေဘာတွေ ကောင်းသွားလို့ (၇၀) လောက်အထိ ရှိသွားမယ်ဆိုပါတော့၊ ဒီလိုဆိုရင် နောင်အနှစ် (၅၀) လောက်ကို ဆက်ပြီးတော့ ရုန်းကန်သွားရမယ်။ ဒီမိုကရေစီဆိုတာ တသက်လုံးထိန်းသိမ်းသွားမှ ရှင်သန်မယ့်ကိစ္စပါ။ လူတယောက်ရဲ့ ကျန်းမာရေးလိုပေ့ါ။ ငယ်ငယ်တုန်းက ကိုယ့်အဖေအမေက ကောင်းကောင်းကျွေးမွေးထားလို့၊ ကောင်းကောင်းကြည့်ထားလို့ ကျန်းကျန်းမာမာရှိပေမယ့် ကိုယ်က အသက်ကြီးလာတဲ့အခါကျတော့ ဖြစ်သလိုနေမယ်၊ ဖြစ်သလိုစားမယ်ဆိုရင် ကျန်းမာရေးက ချို့တဲ့သွားမှာပဲ။ အဲ့ဒီတော့ ဒီမိုကရေစီစနစ်ရှင်သန်ရေးဆိုတာ တသက်လုံးလုပ်သွားရမှာပဲ။ လူတိုင်းလူတိုင်းဟာ ကိုယ့်တသက်တာမှာ ကိုယ့်တိုင်းပြည်အကျိုး ဆောင်ရွက်သွားမယ်ဆိုတဲ့ စိတ်ဓါတ်နဲ့လုပ်သွားမယ်ဆိုရင် ကျမတို့တိုင်းပြည်မှာ ဘာမှဆုတ်ယုတ်နိုင်စရာအကြောင်း မရှိပါဘူး။ ဒီလို ဒီမိုကရေစီရရှိရေးအတွက် လက်တွဲလုပ်နေတဲ့လူမှန်သမျှကို ကျမတို့က လက်တွဲပြီးတော့ ခေါ်သွားချင်ပါတယ်။ လက်တွဲတယ်ဆိုတာလည်း မတွဲချင်၊ တွဲချင် တွဲနည်းမျိုးကို ပြောတာမဟုတ်ပါဘူး။ ကိုယ်ပေါင်းစိတ်ခွာမဟုတ်ပါဘူး။ စိတ်တူသဘောတူလက်တွဲပြီး ချီတက်သွားတဲ့နည်းမျိုးကို ကျမတို့ ပြောလိုပါတယ်။ အဲ့ဒီတော့ ကျမတို့ ဒီနေ့ကနေစပြီးတော့ ဒီနေ့ဟာ အမျိုးသားနေ့ဖြစ်တယ်၊ အမျိုသားနေ့မှာ အမျိုးသားရေးအတွက် အားလုံးကနေ ဆောင်ရွက်သွားပါမယ်ဆိုတဲ့ ဆုံးဖြတ်ချက်ကို ချစေချင်ပါတယ်။ အမျိုးသားရေးဆိုတာ တိုင်းပြည်ရဲ့ကောင်းကျိုး၊ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စုသားအားလုံးရဲ့ အများစုကြီးရဲ့ ကောင်းကျိုး လုပ်ရမယ့်ကိစ္စဖြစ်ပါတယ်။ အဲ့ဒီတော့ ဒီလိုအမျိုးသားရေးကို လုပ်တဲ့အခါကျလို့ရှိရင် ဒီပုဂ္ဂိုလ်စွဲတို့၊ ဆန္ဒစွဲတို့ မရှိဖို့ဆိုတာ ကျမတို့ရဲ့ အခြေခံစည်းမျဉ်းဥပဒေထဲမှာလည်း ပါပါတယ်။ အဲ့ဒီတော့ ပုဂ္ဂိုလ်စွဲတွေ မထားကြပါနဲ့၊ ဒါ ကောင်းတဲ့ အစဉ်အလာတွေ မဟုတ်ပါဘူး။ ကျမတို့ ဆက်သွားရမယ့် ခရီးမှာ အင်မတန်မှ စေတနာသန့်သန့်၊ စိတ်သန့်သန့်နဲ့ လုပ်သွားစေချင်ပါတယ်။ အဲ့ဒီတော့ လူတိုင်းကို ကျမပြောတယ်။ မြင့်မြင့်ကြံပါ။ အမြင့်ဆုံးကြံပါ။ ကြိုးစားရင် ဘုရားဖြစ်နိုင်တယ်လို့ ကျမတို့ ဆိုရိုးရှိပါရောလား။ ဘာ့လို့ မကြံနိုင်ရမှာလဲ။ ကြိုးစားရင် ရိုးရိုးသာမန်လူ၊ မြတ်စွာဘုရားဆိုတာလည်း သာမန်လူပါပဲ။ မြတ်စွာဘုရားတောင်မှ ဒီလို ဘုရားဖြစ်အောင် ကျင့်ကြံနိုင်ရင် လူတွေဟာ မြင့်မြင့်ကြံနိုင်ပါတယ်။ ကိုယ်ဟာ တသက်လုံး အမှန်တရားအရ လုပ်သွားမယ်ဆိုတဲ့ကိစ္စဟာ မဖြစ်နိုင်တဲ့ကိစ္စ မဟုတ်ပါဘူး။ ဖြစ်နိုင်တဲ့ကိစ္စပါ။ တချို့က ထင်တယ်။ လူပဲကွာ၊ အမှားတော့ရှိမှာပါ။ ပုထုဇဉ်ပဲ။ ဒါတွေကို ကျမတော့ လက်မခံဘူး။ ပုထုဇဉ်လူသားမို့လို့ကို ကြိုးစားပြီးတော့ အမှန်တရားနဲ့ နေရမယ်။ သတ္တဝါတွေမှ မဟုတ်ဘဲ။ တိရစ္ဆာန်တွေတောင်မှ အမှား၊ အမှန်ကို သိပါတယ်၊ ဟုတ်လား။ သစ္စာရှိတဲ့နေရာမှာဆိုရင် ခွေးလိုတိရစ္ဆာန်ကို လူတွေက မလိုက်နိုင်ဘူး။ ခွေးဟာ လူထက်ပိုပြီး သစ္စာရှိတယ်ဆိုတာ လူတိုင်းသိတယ်။ ခွေးလို တိရစ္ဆာန်တကောင်တောင် သစ္စာရှိနိုင်တယ်ဆိုရင် လူများဟာ ဘာဖြစ်လို့ သစ္စာမရှိနိုင်ရမှာလဲ။ သစ္စာမဲ့တာ လူတွေပဲ။ လူတွေထဲမှာဆိုရင် သစ္စာတရားဟာ အင်မတန်နဲတယ်လို့ ပြောလို့ရှိရင် မှန်လည်းမှန်တယ်၊ သစ္စာတရားဟာ စဉ်းစားကြည့်ရင် သစ္စာဆိုတဲ့စကားဟာ စကားလုံးက အင်မတန်လှသလို အဓိပ္ပာယ်လည်း အင်မတန်လှတယ်။ အဲ့ဒီလို သစ္စာရှိရှိနဲ့ အားလုံးက လုပ်သွားမှ ကျမတို့တိုင်းပြည် တိုးတက်လာမှာပါ။ ဒီလို တိုင်းပြည်တိုးတက်မှ နောင်လာနောက်သားများဟာ ဂုဏ်သိက္ခာရှိရှိနဲ့ ကမ္ဘာ့အလယ်မှာ ရပ်တည်နိုင်မယ်။ အဲ့ဒီတော့ ဒီဟာကို မျှော်ကိုးပြီးတော့ ဒီနေ့ကစပြီးတော့ ဒီနေ့ (၆၈) ကြိမ်မြောက် အမျိုးသားနေ့ကစပြီးတော့

www.burmeseclassic.com

www.burmeseclassic.com

ကျမတို့အားလုံးဟာ အမျိုးသားရေးအတွက် ကိုယ်တတ်နိုင်သမျှ ဆောင်ရွက်သွားကြမယ်လို့ သန္နိဋ္ဌာန်ချကြပါလို့ ကျမ မေတ္တာရပ်ခံချင်ပါတယ်။ ဒီမိုကရေစီရရှိရေးအတွက် လုပ်နေတဲ့လူမှန်သမျှကို ကျမတို့က လက်တွဲပြီး ခေါ်သွားချင်ပါတယ်။

၁၆

## သတင်းစာရှင်းလင်းပွဲ အမှတ် – ၃

ရန်ကုန်မြို့၌ ၂၆–၃–၁၉၈၉ ခုနှစ်တွင် ပြောကြားသည်။

* * *

ဒီသတင်းစာရှင်းလင်းပွဲလုပ်ရတဲ့ အကြောင်းကတော့ အခုတလော လုပ်သားပြည်သူ့နေ့စဉ်နဲ့ မြန်မာ့အသံမှာ ကြေညာနေတဲ့ သတင်းတွေနဲ့ပတ်သက်လို့ပဲ ဖြစ်ပါတယ်။ တနင်္လာနေ့က လှည်းတန်း၊ ကမာရွတ်မှာဖြစ်တဲ့ ကိစ္စနဲ့ပတ်သက်လို့ လုပ်သားပြည်သူ့နေ့စဉ်နဲ့ မြန်မာ့အသံက သတင်းအရဆိုလို့ရှိရင် ကလေးများက သွားပြီးတော့ ဆူပူအောင်လို့ တချို့နိုင်ငံရေးအဖွဲ့အစည်းတွေက လုပ်ဆောင်တယ်လို့ ဆိုတဲ့သဘောမျိုးနဲ့ ရေးလိုက်ပါတယ်။ နောက်ပြီးတော့လည်း ကျမတို့ရဲ့ အဖွဲ့ချုပ်နာမည်ကို သိပ်ပြီး ထင်ထင်ရှားရှားကြီး ရေးထားတယ်၊ စောင်းပြီးတော့ အင်အယ်ဒီကနေပြီးတော့ လှုံ့ဆော်လို့ ကလေးများက သွားပြီးတော့ ဆူပူတယ်လို့၊ ဒီသဘောမျိုးနဲ့ ရေးသွားတာကို မြင်ရပါတယ်။

ဒါနဲ့ပတ်သက်လို့ ကျမ ဘယ်လိုမြင်လဲဆိုတော့ အဲ့ဒီနေ့ကအဖြစ်အပျက်ကို ကျမ တချိန်လုံး သိပါတယ်။ စဖြစ်ကတည်းက ကျမ ဒီကနေကြားနေတယ်။ ကလေးတွေ ဟိုမှာနဲနဲဆူဆူပူပူဖြစ်တယ်ဆိုတာနဲ့ ကျမတို့အဖွဲ့ချုပ်က ငြိမ်းငြိမ်းချမ်းချမ်း ပြီးသွားအောင်လို့ လိုက်ပြီးတော့ လုပ်တာပဲ။ ကလေးတွေကို ကျမတို့ကိုယ်တိုင်လည်း လိုက်ထိန်းတယ်။ လူငယ်အချင်းချင်းလည်း လိုက်ထိန်းတယ်။ နောက်ပြီးတော့ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ လူစုခွဲဖို့ဆိုတာ အဲ့ဒီမှာလာပြီးတော့ တာဝန်ယူတဲ့တပ်မတော်အရာရှိကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ထဲက တာဝန်ရှိတဲ့ပုဂ္ဂိုလ်များက သွားရောက်ပြီးတော့ အေးအေးချမ်းချမ်း ဖြစ်ရေးအတွက် ဆွေးနွေးခဲ့တယ်။ အဲ့ဒီလိုလုပ်တာကို တာဝန်ရှိတဲ့ တပ်မတော်ပုဂ္ဂိုလ်များက သိရှိလျက်သားနဲ့ ဘာဖြစ်လို့ လုပ်သားပြည်သူ့နေ့စဉ်နဲ့ မြန်မာ့အသံကနေပြီးတော့ လှုံ့ဆော်တယ်ဆိုတဲ့ သဘောနဲ့ ရေးလဲဆိုတာ အများကြီးမေးစရာကို ဖြစ်နေပါတယ်။

တပ်မတော်က တာဝန်ရှိတဲ့ပုဂ္ဂိုလ်နဲ့ ကျမတို့အဖွဲ့ချုပ်က တာဝန်ရှိတဲ့ ပုဂ္ဂိုလ်ကနေ သွားပြီးတော့ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ လူစုခွဲရေးအတွက် ကြိုးစားတာဟာ အများအသိပဲ။ အဲ့ဒီတော့ တမင်သက်သက် ကျမတို့အဖွဲ့ချုပ်ကို အပြစ်ရှာချင်တဲ့သဘောဟာ အင်မတန်ကို ထင်ရှားနေပါတယ်။ ဒါတင်မကသေးဘူး။ မနေ့ကဖြစ်တဲ့ ကိစ္စတွေမှာလည်း ထိုနည်းဒင်းပါပဲ။

မနေ့ကဖြစ်တဲ့ကိစ္စဟာ ကျမတို့အဖွဲ့ချုပ်ဝင်းထဲမှာ ကျောင်းသားလူငယ်များ အစည်းအဝေးလုပ်နေတယ်။ အစည်းအဝေးလုပ်နေတုန်းမှာ ပြင်ပကလူငယ်များ လာရောက်ပြီး ဆန္ဒပြဖို့ ရည်ရွယ်တယ်ဆိုတဲ့ သတင်းကြားတယ်။ ကြားတာနဲ့ ကျမတို့အဖွဲ့ချုပ်ရုံးကလည်း ဂိတ်ဝကို ပိတ်ထားတယ်။ ကျမတို့အိမ်ကလည်း ဂိတ်ဝကို ပိတ်ထားတယ်။ ဒါပေမယ့်လည်း ဝုန်း၊ ဝုန်း ဆိုပြီးတော့ လူစုလူဝေးရောက်လာတယ်။ အပြင်က လူငယ်ချည်းပဲ၊ လူစိမ်းတွေချည်းပဲ။ ဒီလိုဖြစ်လည်းဖြစ်ရော တပ်ကလည်း တဝုန်းဝုန်းနဲ့ ရောက်လာတာပဲ။

တပ်သားများက ဝါးရင်းတုတ်များကို သံဆူးကြိုးများပတ်ပြီးတော့ ကိုင်ထားတယ်။ အဲ့ဒါလည်း အများကြီးမေးစရာပဲ။ ပြည်သူလူထုကို ဝါးရင်းတုတ် သံဆူးကြိုးပတ်ပြီးတော့ နှိမ်နင်းချင်တဲ့စိတ်တွေ ဘာဖြစ်လို့ရှိရသလဲဆိုတာကို ကျမတို့ မေးစရာမေးခွန်းတခု ဖြစ်နေပါတယ်။

သတင်းစာထဲမှာ ဘယ်လိုရေးလိုက်သလဲဆိုတော့ ဒီ(၅၄)တက္ကသိုလ်ရိပ်သာလမ်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးရှေ့မှာ ဖြစ်တယ်။ နောက်ပြီးတော့လည်း ဒေါ်အောင်ဆန်းစုကြည် အိမ်ဝင်းထဲပြေးတယ်လို့ ပြောပါတယ်။ အမှန်အားဖြင့်တော့ ဒီနားမှာရှိတဲ့အိမ်ဝင်းတွေ အားလုံးအထဲကို

www.burmeseclassic.com

www.burmeseclassic.com

ဝင်ပြေးကြတာချည်းပဲ။ ကျမတို့ အိမ်ဝင်းအထဲတင် ဝင်ပြေးတာမဟုတ်ပါဘူး။ ဟိုဘက်အိမ်ထဲလည်း ဝင်ပြေးပါတယ်။ အဖွဲ့ချုပ်ထဲလည်း ဝင်နိုင်တဲ့လူတွေက ဝင်ဖို့ ကြိုးစားကြပါတယ်။ ဒါကို ကျမတို့အိမ်တအိမ်ထဲကိုပဲ ကွက်ပြီးတော့ ဝင်ပြေးတယ်ဆိုတာ ဘယ်လိုအဓိပ္ပာယ်နဲ့၊ ဘယ်လိုရည်ရွယ်ချက်နဲ့ ပြောတာလဲ။ ကျမတို့လည်း အများကြီး မေးစရာဖြစ်ပါတယ်။

ကျမရဲ့ အိမ်ဝင်းထဲမှာ ကျောင်းသားလူငယ်များ အစည်းအဝေးလုပ်နေတယ်ဆိုတာ မှန်တယ်။ ကျောင်းသားများဟာ ကျမရဲ့အိမ်ဝင်းထဲ ဝင်ပြေးလာတယ်ဆိုတာလည်း မှန်တယ်။ ဒါလည်း ကျမတို့ ဝန်ခံပါတယ်။ ဒါပေမယ့် ကျမတို့အိမ်ဝင်းထဲတင် မဟုတ်ဘူး။ အခြားအိမ်ဝင်းထဲတွေလည်း ဝင်ပြေးတယ်။

ကျမတို့အဖွဲ့ချုပ်က လူကြီးများက ထွက်ပြီးတော့ ပြေပြေလည်လည်ဖြစ်အောင် ကြိုးစားတယ်။ ဒါကိုလည်း တပ်မတော်က အရာရှိတွေက သိတာပဲ။ သိပေမယ့်လည်း ဘာမှ အသိအမှတ်မပြုဘူး။ ဒါကို ဘာမှမပြောဘဲနဲ့ ဒီဆူပူမှုဖြစ်အောင် ကျမတို့အဖွဲ့ချုပ်က လုပ်တယ်ဆိုတဲ့ သဘောထားနဲ့ရေးတာဟာ အင်မတန်မှ မရှင်းတဲ့ကိစ္စလို့ပဲ ကျမတို့ ယူဆရမှာပဲ။ ဒါ တမင်သက်သက် အဖွဲ့ချုပ်ကို ရမယ်ရှာပြီးတော့ အပြစ်ယူချင်လို့ လုပ်နေသလို သဘောသက်ရောက်တယ်လို့ ကျမမြင်ပါတယ်။ ဒီလာပြီးတော့ ဆန္ဒပြတဲ့ ကလေးများဟာ ကျမတို့နဲ့ မဆိုင်ပါဘူး။ အဖွဲ့ချုပ်လူငယ်ထဲမှာပါတဲ့ လူငယ်တွေ လုံးလုံးမဟုတ်ပါဘူး။

ဒီကိစ္စနဲ့ပတ်သက်လို့ ကျမတို့အဖွဲ့ချုပ်က ဦးအောင်ရွှေနဲ့ ဦးချစ်ခိုင်တို့ မနေ့က တဝတ ရုံးကို သွားခဲ့ပါတယ်။ တဝတ ရုံးမှာတွေ့ခဲ့တဲ့ ဗိုလ်မှူးတင်မောင်ဝင်းကို စုံစမ်းချင်တာရှိရင် စုံစမ်းပါ။ မေးစရာရှိရင် မေးပါ။ ဆွေးနွေးစရာရှိရင် ဆွေးနွေးပါ။ အဖွဲ့ချုပ်နဲ့ လုံးလုံးသက်ဆိုင်တဲ့ ဆန္ဒပြမှု (ဓါတ်ပုံများလာပါသည်)

၁၉၈၉ ခုနှစ် သင်္ကြန်ရေသဘင်ဆင်နွဲစဉ်

(ဆောင်းပါးအဆက်ပြန်လာပါသည်။)

မဟုတ်ပါဘူးဆိုတာ ပြောခဲ့ပါတယ်။ ဒါကိုလည်း ဘာမှစုံစမ်းခြင်း မရှိဘူး။ ဘာမှ မေးမြန်းခြင်းမရှိဘူး။ ဘာမှ ဆွေးနွေးခြင်းမရှိဘူး။ သူတို့ သတင်းစာနဲ့ ရေဒီယိုမှာ ပြောချင်တာကို ပြောသွားတယ်။ ဒါဟာ သိပ်ပြီးတော့ မှန်ကန်တဲ့ လမ်းမဟုတ်ဘူးလို့ ကျမထင်ပါတယ်။

ကျမတို့ကနေပြီး ဆူပူစေချင်လို့ လုပ်တယ်လို့ပြောတယ်။ မှန်မှန်ကန်ကန် ငြိမ်းငြိမ်းချမ်းချမ်း လုပ်ချင်တဲ့အဖွဲ့အစည်းကို ဆူပူအောင်လှုံ့ဆော်ပေးပါတယ်လို့ ပြောတာကိုက ငြိမ်းငြိမ်းချမ်းချမ်းနဲ့ မဖြစ်စေချင်တဲ့ စိတ်သဘောမျိုးပါသလို ဖြစ်နေပါတယ်။ ဒါကြောင့် ကျမတို့အဖွဲ့ချုပ်အနေနဲ့ ဒါကို ပြင်းပြင်းထန်ထန် ကန့်ကွက်ပါတယ်။

နောက်ပြီးတော့ မောင်ဖုန်းမော်ကိစ္စ။ မောင်ဖုန်းမော်နေ့ ရက်သတ္တပတ်ဟောပြောပွဲတွေနဲ့ပတ်သက်လို့ သတင်းစာထဲမှာ ပါပါတယ်။ ဘယ်နေရာတွေမှာ ဘယ်သူတွေက ဟောပြောသွားတယ်၊ တပ်မတော်ဆန့်ကျင်ရေးတွေ ဟောပြောသွားပါတယ်ပေါ့လေ။ ဟောပြောသွားတဲ့ နေရာတွေထဲမှာ ကျမတို့ အဖွဲ့ချုပ်ရုံးတွေ ပါတယ်ဆိုတာ မှန်ပါတယ်။ ကျမတို့ ဝန်ခံပါတယ်။ ဒါ မငြင်းပါဘူး။ ကျမတို့ရဲ့ အင်အယ်ဒီလူငယ်ထဲက ဟောပြောသွားတယ်ဆိုတာလည်း မှန်တယ်။ ကျမတို့ မငြင်းပါဘူး။ ဒီလိုလူငယ်များကို ကျမတို့ အဖွဲ့ချုပ်ရုံးတွေမှာ ဟောပြောခွင့်ပေးတာဟာ ရုန်းရင်းဆန်ခတ် မဖြစ်သွားအောင်လို့ဆိုတဲ့ ဆန္ဒနဲ့ ကျမတို့ လုပ်သွားတာပါ။ ကျမတို့နဲ့ ဆွေးနွေးမယ်ဆိုရင် အဖြေဟာ ပေါ်မှာပါ။

မောင်ဖုန်းမော်ကိစ္စနဲ့ပတ်သက်လို့ ကျောင်းသားလူငယ်များဟာ အထိမ်းအမှတ်အခမ်းအနားများ လုပ်ချင်တယ်ဆိုကတည်းက ကျမတို့ကို တိုင်ပင်ပါတယ်။ ကျောင်းသားလူငယ်များကို ထိန်းထိန်းသိမ်းသိမ်း လုပ်ကြပါ၊ တတ်နိုင်သမျှ အေးအေးချမ်းချမ်းဖြစ်အောင် လုပ်ကြပါ။ ပြင်ပမှာ ဆန္ဒပြမှုတွေ လုပ်လို့ရှိရင် ရုန်းရင်းဆန်ခတ် ဖြစ်မှာစိုးလို့၊ ဟောပြောပွဲတွေ သူတို့က သိပ်လုပ်ချင်တယ်၊ ဒီတော့ ကဲ ဒီလိုဆိုရင်တော့ အဆောက်အဦတွေအတွင်းမှာ လုပ်ပါ။ ကျမတို့ ထိန်းထိန်းသိမ်းသိမ်းဖြစ်အောင် အမျိုးမျိုးကြိုးစားခဲ့ပါတယ်။ ဒါကိုလည်း တကယ်ပဲသိချင်တယ်ဆိုလို့ရှိရင် သိဖို့ရာ မခဲယဉ်းပါဘူး။ ဘယ်ကားနဲ့ ဘယ်လူတွေ ဘယ်အချိန်မှာ သွားတယ်ဆိုတာ သိနိုင်တဲ့သူများဟာ ကျမတို့ဘယ်လို ထိန်းသိမ်းတယ်ဆိုတာ တကယ်ပဲသိချင်တယ်ဆိုရင်

www.burmeseclassic.com

www.burmeseclassic.com

သိနိုင်ဖို့အကြောင်း အများကြီးရှိပါတယ်။ တိတိကျကျ သိချင်တယ်ဆိုရင် ကျမတို့ကို လာပြီးတော့ မေးလို့ရပါတယ်။ ကျမတို့ ပြောဖို့အဆင်သင့်ပါပဲ။ လူငယ်တွေကို ကျမတို့ ထိန်းဖို့ ကြိုးစားတယ်ဆိုတာ ကျမတို့ကို ဘယ်အချိန်မေးမေး ပြောနိုင်ပါတယ်။

နောက်ပြီးတော့ တရားမဝင်တဲ့အဖွဲ့အစည်း ‘ဗကသ’ က မင်းကိုနိုင်ကို ကျမတို့အဖွဲ့ချုပ်ရုံးထဲမှာ ဟောပြောသွားတယ်လို့ ပြောပါတယ်။ ဒီတော့ ကျမက မေးချင်တယ်။ ‘ဗကသ’ ကို ဒီလိုပြောတော့ ‘မကသ’ ကရော တရားဝင်တဲ့ အဖွဲ့အစည်းလား။ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများအဖွဲ့ချုပ်ဆိုတဲ့ ‘မကသ’ လည်း တရားဝင်တဲ့အဖွဲ့အစည်းမဟုတ်ဘူး။ မဟုတ်ဘဲနဲ့ ဗိုလ်မှူးချုပ်ခင်ညွန့် ကိုယ်တိုင်ခေါ်ပြီးတော့ တွေ့ဆုံဆွေးနွေးတယ်။ စာတွေဘာတွေ ရေးတယ်။ ဒီဟာကျတော့ ဖြစ်နိုင်သလား။ ကျောင်းသားလူငယ်များ ထိန်းထိန်းသိမ်းသိမ်းဖြစ်ရေး၊ ပြီးတော့ အဖွဲ့ချုပ်ရုံးတွေထဲမှာ ‘မကသ’ ကို ဟောပြောခွင့်ပေးတာကျတော့ အပြစ်ကြီးဖြစ်သွားရောလား။ ဒီဟာ မှန်ကန်တဲ့နည်းမဟုတ်ဘူးလို့ ကျမတို့ ထင်ပါတယ်။ ကျမတို့ကို တရားဝင်အဖွဲ့အစည်းတခုထဲမှာ တခုခုဖြစ်နေလို့ မကျေနပ်ဘူးဆိုရင် ခေါ်ပြီးတော့ ဆွေးနွေးတိုင်ပင်ပါလား။ ဘာဖြစ်လို့ ‘မကသ’ လို တရားဝင် မှတ်ပုံတင်ထားတဲ့ အဖွဲ့အစည်းမဟုတ်တဲ့ အဖွဲ့အစည်းကျတော့ ဆွေးနွေးလဲ။

တကယ်ပဲ တိုင်းပြည်ထဲမှာ ငြိမ်းငြိမ်းချမ်းချမ်း ဖြစ်စေချင်တယ်၊ နိုင်ငံရေးအဖွဲ့အစည်းတွေနဲ့ နဝတအကြား ဘာမှပဋိပက္ခ မဖြစ်စေချင်ဘူးဆိုရင် အချိန်မရွေး ကျမတို့ကို ခေါ်ပြီးတော့ ဆွေးနွေးလို့ရပါတယ်။ ညှိနှိုင်းတိုင်ပင်လို့ ရပါတယ်။ ကျမတို့ အစကတည်းကလည်း ပြောထားပြီးသားပါ။ ဆွေးနွေးဖို့ ကျမတို့ အဆင်သင့်ပါ။ စကားပြောဖို့ အဆင်သင့်ပါ။ ကျမတို့မှာ ဘာမှ ပုန်းလျှိုးကွယ်လျှိုး လုပ်စရာအကြောင်း မရှိပါဘူး။ ကျမတို့အနေနဲ့ အစကတည်းက ပြောထားပြီးသားပါ။ တရားဝင် ပွင့်ပွင့်လင်းလင်း ပြောထားပြီးသားပါ။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ ကျောင်းသားလူငယ်များကို ဘယ်တော့မှ မပစ်ပယ်ဘူးဆိုတာလည်း ကျမတို့ ပြောထားပြီးသားပါ။ ဒါကြောင့် ဗကသ က ကျမတို့ဆီမှာ လာပြီးတော့ တွေ့ချင်တယ်ဆိုရင် ကျမတို့ အတွေ့ခံတယ်။ မကသ က လာပြီးတော့ တွေ့ချင်တယ်ဆိုရင်လည်း ကျမတို့ အတွေ့ခံတာပဲ။ ကျမ အတွေ့မခံဘူးဆိုတဲ့ ကျောင်းသားလူငယ်အဖွဲ့ရယ်လို့ မရှိသလောက်ပါဘဲ။ ကျမ အချိန်ရှိလို့ရှိရင် အမြဲပဲအတွေ့ခံပါတယ်။ ညှိနှိုင်းတယ်၊ တိုင်ပင်တယ်၊ အေးအေးချမ်းချမ်းနဲ့ ထိန်းထိန်းသိမ်းသိမ်းလုပ်သွားဖို့ ကျမ အမြဲအားပေးပါတယ်။ ဒါ ကျမတင်မဟုတ်ပါဘူး။ ကျမတို့အဖွဲ့ချုပ်ရဲ့ မူအရ အဖွဲ့ချုပ်က လူကြီးအားလုံး ဒီအတိုင်းပဲ လုပ်ပါတယ်။ ဒါကို ခုတင်ကပြောသလို ဘယ်သူ ဘယ်ကားနဲ့ ဘယ်နံပါတ်နဲ့ ဘယ်အချိန် ဘယ်ကိုသွားတယ်ဆိုတာ ခရေစေ့တွင်းကျ သိတဲ့လူတွေ သိမယ်လို့ ကျမ ထင်ပါတယ်။ သိလျက်သားနဲ့ ဒီဟာတွေကျတော့ ဖော်မပြဘဲနဲ့ အဖွဲ့ချုပ်ကို ထိခိုက်နိုင်မယ့်ကိစ္စတွေကိုသာ ကွက်ပြီးတော့ ဖော်ပြတာဟာ အင်မတန်မှပဲ တရားမမျှတတဲ့ကိစ္စလို့ ကျမ ယူဆပါတယ်။

အဲ့ဒီတော့ ဒါဟာ ဘာသဘောလဲ။ ဒါဟာ ဘာလုပ်ချင်လို့လဲ၊ ဘာဖြစ်စေချင်လို့လဲ။ ဒီလ (၂၅) ရက်နေ့က သတင်းစာထဲမှာ ရေးထားတာဆိုလို့ရှိရင် အချို့သော နိုင်ငံရေးပါတီများ နိုင်ငံတော် အေးချမ်းသာယာရှိနေမှုကို မလိုလားကြတဲ့။ ကျမတို့တော့ မဟုတ်ပါဘူး။

ကျမတို့ဟာ နိုင်ငံတော်မှာ အေးချမ်းသာယာ ရှိစေချင်လို့ တတ်နိုင်သမျှ ကျောင်းသားလူငယ်များကို ထိန်းထိန်းသိမ်းသိမ်း လုပ်နေပါတယ်။ ဒါကို သိလျက်နဲ့ တမင်သက်သက် ဆူပူအောင်လှုံ့ဆော်နေတယ်လို့ ပြောနေတဲ့လူများဟာ အေးချမ်းခြင်းကို မလိုလားလို့ ပြောနေတာလားလို့၊ ကျမတို့က အများကြီး ပြန်မေးစရာတွေ ဖြစ်နေပါတယ်။

နောက်ပြီးတော့ နိုင်ငံတော်ကို ဆန့်ကျင်၊ တပ်မတော်ကို ဆန့်ကျင်ဟောပြောနေတယ်၊ ဆူပူမှုဖြစ်စေရန် ဖန်တီးနေတယ်တဲ့။ ကျမတို့ မဖန်တီးပါဘူး။ ကျမ တပ်မတော်အကြောင်းနဲ့ပတ်သက်လို့ ဘယ်တော့မှ တနေရာတမျိုး၊ တနေရာတမျိုး မပြောပါဘူး။ အမိန့်အမှတ် ၈/၈၈ အရ တပ်မတော်ပြိုကွဲရေး၊ တပ်မတော်နဲ့ပြည်သူ စိတ်ဝမ်းကွဲရေးအတွက်ဆိုတာ ကျမ တခါမှ မလုပ်ခဲ့ဘူး၊ ကျမ အမြဲပဲပြောတယ်။ တပ်မတော်နဲ့ ပြည်သူကြားထဲမှာ စိတ်ဝမ်းကွဲရေးဆိုတာ ပြည်သူဖက်၊ နိုင်ငံရေးပါတီတွေဖက်ကသာ လုပ်နိုင်တာမဟုတ်ဘူး။ တပ်မတော်ဖက်ကလည်း လုပ်နိုင်တယ်၊ တပ်မတော်ဖက်က လုပ်ပုံကိုင်ပုံ မမှန်ကန်လို့ရှိရင်၊ ပြောပုံ၊ ဆိုပုံ၊ နေပုံ၊ ထိုင်ပုံ မမှန်လို့ရှိရင်လည်း ပြည်သူလူထုနဲ့ တပ်မတော်ကြားမှာ သိပ်စိတ်ဝမ်းကွဲနိုင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

ကျမ အတန်တန်ပြောပါတယ်။ တပ်မတော်ပြိုကွဲရေးကို မလိုလားပါဘူး။ တပ်မတော် တည်တံ့ခိုင်မြဲမှသာ နိုင်ငံတော် တည်တံ့ခိုင်မြဲမယ်ဆိုတာ ကျမတို့ လက်ခံထားပြီးသားပါ။ တပ်မတော်နဲ့ ပြည်သူကြားထဲမှာ စိတ်ဝမ်းကွဲရေးကိုလည်း မလိုပါဘူး။ တပ်မတော်နဲ့ ပြည်သူကြားမှာ စိတ်ဝမ်းကွဲနေလို့သာ ကျမတို့တိုင်းပြည် ဒီလောက်တောင် ဒုက္ခရောက်နေတာပါ။ ဒါကြောင့်မို့လို့ ကျမ အတန်တန်ပြောပါတယ်။ တပ်မတော်ရဲ့ အာဏာကို အလွဲသုံးစားလုပ်တဲ့သူများသာလျှင် ပြည်သူနဲ့တပ်မတော်ကြားမှာ စိတ်ဝမ်းကွဲအောင် လုပ်နေသူတွေပဲ။ ကျမတို့အနေနဲ့ တခါမှ တပ်မတော်နဲ့ ပြည်သူကြားမှာ စိတ်ဝမ်းကွဲအောင် မလုပ်ခဲ့ပါဘူး။

အခုဆိုလို့ရှိရင် တပ်မတော်ထဲမှာ ကျမတို့အဖွဲ့ချုပ်နဲ့ပတ်သက်လို့ ဝါဒဖြန့်ချီရေးတွေ အမျိုးမျိုးလုပ်နေတယ်ဆိုတာ ကျမတို့ ကြားရပါတယ်။ ဒါတွေက လျှို့ဝှက်တဲ့ကိစ္စမဟုတ်ပါဘူး။ နဝတ အတွင်းရေးမှူး (၂) ဖြစ်တဲ့ ဗိုလ်မှူးချုပ်တင်ဦးဟာ စည်းဝေးပွဲတွေမှာ ကျမတို့ကို ရှုတ်ချနေတယ်ဆိုတာ ကြားရပါတယ်။ ဒီဟာ နဝတအရာရှိတဦးအနေနဲ့ လုပ်သင့်တဲ့ကိစ္စမဟုတ်ပါဘူး။ နဝတ တည်ထောင်ကတည်းက "ကြား"နေပါ့မယ်၊ အရောင်ဆိုးထားခြင်း မရှိပါဘူး၊ ဘယ်နိုင်ငံရေးပါတီအဖွဲ့ကမှ မပါပါဘူးလို့ ပြောခဲ့ပြီးတော့ နဝတအတွင်းရေးမှူး (၂) က ဒီလို ကျမတို့ကို ထိပါးပြောဆိုနေတာဟာ အင်မတန်မှ အပြောနဲ့အလုပ်မညီတဲ့ ကိစ္စတခုဖြစ်ပါတယ်။

ကျမတို့အဖွဲ့ချုပ်ကို ဘာဖြစ်လို့ တိုက်နေတာလဲ။ ဒါမေးစရာပဲ။ မနေ့တုန်းက ကိစ္စဆိုလို့ရှိရင် ဆင်ကွက်နဲ့ အများကြီးတူပါတယ်။ ကျမတို့ အဖွဲ့ချုပ်နဲ့ ဘာမှမသက်ဆိုင်တဲ့ ကျောင်းသားတွေကို ဘယ်သူက သွားပြီးတော့ လှုံ့ဆော်သလဲ။ တနင်္လာနေ့တုန်းကလည်း ဒီအတိုင်းပဲ။ ကျောင်းသားတွေ ဆူပူနေတယ်၊ လာကြပါ၊ လာကြပါလို့ တယ်လီဖုန်းတွေ ဆက်တယ်။ ကျမတို့ အဖွဲ့ချုပ်ထဲက မဟုတ်ဘူး။ ကျမတို့ အဖွဲ့နာမည်ကို သုံးပြီးတော့ လုပ်တာလည်းရှိတယ်။ ဒါဟာ ဆူပူအောင်လှုံ့ဆော်နေတာ ဘယ်သူတွေလဲဆိုတာ တကယ်ပဲသိချင်လို့ရှိရင် ကျမတို့နဲ့တိုင်ပင်ပါ။ ကျမတို့လည်း သိချင်တယ်။ ကျမတို့အဖွဲ့ချုပ်ရဲ့နာမည်ကို ဘယ်သူတွေက အလွဲသုံးစားလုပ်နေသလဲဆိုတာ ကျမတို့ သိချင်တာပါ။

မနေ့ကကိစ္စလည်း ထိုနည်း၎င်းပဲ။ အဖွဲ့ချုပ်ရှေ့မှာ ဘာဖြစ်လို့ ဆန္ဒလာပြသလဲ။ ကျမတို့အဖွဲ့ချုပ်ကို အမှုပတ်စေချင်လို့ လုပ်တာလား၊ ဒါ မေးစရာဖြစ်နေပြီ။ နောက်ပြီးတော့လည်း အကွက်က သိပ်ပြီးတော့ သေသပ်လွန်းတယ်၊ အကွက်ဆင်ထားတာကျနေတာပဲ။ တခုပြီးတခု တဆက်တည်းဖြစ်သွားလိုက်တာ အားလုံး အဖွဲ့ချုပ်ရှေ့မှာချည်းပဲ။ စစ်ကားတွေက ရောက်လာတယ်၊ စစ်သားတွေက ဆန္ဒပြနေတဲ့ ကလေးတွေကို လိုက်ပြီးတော့လုပ်တာ ထားပါတော့။ ကျမတို့အဖွဲ့ချုပ်ဝင်းထဲကို ဝင်လာပြီးတော့ ရိုက်ဖို့ကြိုးစားတယ်။ ဒါက ဘယ်လိုအဓိပ္ပာယ်လဲ။ ကျမတို့ အဖွဲ့ချုပ်တံခါးတွေကို ပိတ်ထားတယ်။ အထဲကလူလည်း အပြင်မထွက်ရ၊ အပြင်ကလူလည်း အထဲမဝင်ရ ဆိုပြီးတော့ တားထားတယ်။ ကျမတို့နဲ့ ဘာမှမဆိုင်ဘူးဆိုတာ ရှင်းရှင်းလင်းလင်း ပြောထားတယ်။ ပြောထားတဲ့အထဲက အဖွဲ့ချုပ်ဝင်းထဲ ဝင်ပြီးတော့ ရိုက်ဖို့ကြိုးစားကြတယ်။ နောက်ပြီးတော့ ကောလာဟလသတင်း လွှင့်လိုက်သေးတယ်။ ရဲဘော်များကို မကြားနိုင်၊ မခံနိုင်လောက်အောင် ဆဲရေးတိုင်းထွာနေတယ်တဲ့။ ဘယ်သူက ဆဲရေးတိုင်းထွာနေတာလဲ။ ကျမတို့ဖက်က ဘယ်သူမှ ဆဲရေးတိုင်းထွာ မလုပ်ဘူး။ အပြင်ကလာတဲ့ ကျောင်းသားများဟာ သူ့ဖာသာ ကြွေးကြော်ခဲ့ကြတာပဲ။ ဆဲတယ်၊ ဘာတယ်ဆိုတာ တခုမှမရှိခဲ့ဘူး။ စကား ကားပြီးတော့ တပ်မတော်နဲ့ပြည်သူကြားမှာ တမင်သက်သက် စိတ်ဝမ်းကွဲအောင်လုပ်နေတာဟာ ဘယ်သူတွေရဲ့လက်ချက်လဲဆိုတာ ကျမတို့လည်း သိချင်ပါတယ်။ နဝတကလည်း အမှန်အတိုင်း သိချင်တယ်ဆိုရင် ကျမတို့နဲ့ ဆွေးနွေးတိုင်ပင်ပေါ့။ တကယ့်တရားခံတွေကိုရှာဖို့ ကျမတို့နဲ့အတူတူ ကြိုးစားပေါ့။ ကျမတို့က ဖြေဖို့အဆင်သင့်ပဲ။ ဘာမှ ကျမတို့ ဝှက်ထားစရာ ဖုံးထားစရာ မရှိပါဘူး။ အခုလုပ်ပုံကိုင်ပုံဟာ အကြံတခုခုနဲ့ လုပ်နေသလိုလို ဖြစ်နေတယ်။

အဖွဲ့ချုပ်နဲ့ တပ်မတော်ကြားထဲမှာ စိတ်ဝမ်းကွဲအောင်လို့ တပ်မတော်ထဲမှာ ဝါဒဖြန့်ချီနေတယ်ဆိုတာလည်း ကျမတို့ ကြားရတယ်။ အစည်းအဝေးတွေခေါ်ပြီးတော့ တပ်သားတွေကို ကျမတို့အဖွဲ့ချုပ်က ဘယ်သို့ဘယ်ညာဆိုပြီးတော့ လုပ်နေတာဟာ စောစောက ပြောသလို နဝတ အတွင်းရေးမှူး (၂) ဗိုလ်မှူးချုပ်တင်ဦး ပြောနေတာ၊ ဆိုနေတာနဲ့ တသဘောတထဲပဲ။ ဒါဟာ တမင်သက်သက် အဖွဲ့ချုပ်နဲ့ တပ်မတော်ကြားမှာ စိတ်ဝမ်းကွဲအောင်လုပ်တာပဲ။ တပ်မတော်သားများက အဖွဲ့ချုပ်ကို ရန်သူအနေနဲ့ မြင်အောင်လုပ်တာပဲ။ တပ်မတော်သားများက ဒီမိုကရေစီလိုလားတဲ့ ပြည်သူကို ရန်သူအနေနဲ့ မြင်အောင်လုပ်တာပဲ။ ဒီလိုပဲ ကျမတို့

www.burmeseclassic.com

www.burmeseclassic.com

မြင်ပါတယ်။ ဒီတော့ ကျမတို့ချည်းပဲ လက်ညှိုးထိုးပြီးတော့ ဆူပူမှုဖြစ်အောင် လှုံ့ဆော်တယ်လို့ ပြောနေတာဟာ တကယ်တော့ သူခိုးက လူဟစ်တာနဲ့ အများကြီးတူနေတယ်။ နောက်ပြီးတော့လည်း တပ်မတော်နေ့ကို ၂/၈၈ နဲ့ ငြိတယ်ဆိုပြီးတော့ တချို့နိုင်ငံရေးသမားတွေက ပြောနေတယ်လို့ ဆိုပါတယ်။

မတ်လ (၂၅) ရက်နေ့ သတင်းစာထဲမှာ ပါပါတယ်။ အမိန့်အမှတ် ၂/၈၈၊ အပုဒ် ၁၊ အပုဒ်ခွဲ ခ တွင်ပါရှိသည်မှာ – ဆူပူလှုံ့ဆော်လိုသော ရည်ရွယ်ချက်ဖြင့်ဖြစ်စေ၊ လူ (၅) ယောက်နှင့် လူ (၅) ယောက်ထက်ပို၍ လမ်းများပေါ်တွင် စုဝေးခြင်း၊ လမ်းလျှောက်ခြင်း၊ စီတန်းလှည့်ခြင်း၊ အော်ဟစ်ကြွေးကြော်ခြင်း၊ လှုံ့ဆော်ခြင်း၊ ရန်းရင်းဆန်ခတ်ပြုခြင်း၊ မည်သူမျှ မပြုလုပ်ရဟူ၍ဖြစ်ကြောင်း၊ သို့သော်လည်း မြို့ထဲတွင် နေ့စဉ်နှင့်အမျှ ထောင်၊ သောင်းချီပြီး သွားလာနေသူများ အားလုံးအမြင်ပင်ဖြစ်ကြောင်း၊ ၎င်းတို့သည် ဆူပူလိုသော ရည်ရွယ်ချက်၊ ပြစ်မှုတစုံတရာ ကျူးလွန်လိုသော ရည်ရွယ်ချက်မရှိကြောင်း၊ ထို့အပြင် ထိုသူများ သွားလာနေကြခြင်းကို အရေးယူမှု မရှိကြောင်း–တဲ့။

ကျမတို့လည်း ဒီအတိုင်းပဲ ပြောခဲ့တာပါ။ ကျမတို့အဖွဲ့အစည်းအတွက် စည်းရုံးရေးဆင်းတဲ့အခါကျရင် အဲ့ဒီလူထုကတော့ ငါးယောက်ထက် များတာချည်းပေါ့။ အဲ့ဒီတော့ ငါးယောက်ထက် များသွားလို့ဆိုပြီး အရေးယူတယ်။ မွန်ပြည်နယ်တို့၊ တနင်္သာရီတိုင်းတို့ဆိုရင် ကျမတို့ပြန်သွားတာနဲ့ ငါးယောက်ထက်များလို့ဆိုပြီး စည်းရုံးရေးတာဝန်ခံတွေကို ၂/၈၈ အရ ဆွဲပါတယ်။ ကျမ အဲ့ဒီတုန်းကလည်း ရှင်းပြခဲ့ပါတယ်။ ၂/၈၈ ရဲ့ ရည်ရွယ်ချက်က ဆူပူခြင်းမဖြစ်ဖို့၊ ရန်းရင်းဆန်ခတ်မဖြစ်ဖို့၊ ပြစ်မှုတစုံတရာ ကျူးလွန်လိုသော ရည်ရွယ်ချက်မရှိဖို့၊ ဒါအတွက် ထုတ်ထားတာပဲ။ ကျမတို့ရဲ့ စည်းရုံးရေး အစည်းအဝေးများဟာ လူစုလူဝေးကြီးမားပေမယ့် အားလုံး အေးအေးဆေးဆေးနဲ့ ပြီးသွားတာပါ။ ရန်းရင်းဆန်ခတ်လည်း မဖြစ်ခဲ့ပါဘူး။ ဘာပြစ်မှုမှလည်း မကျူးလွန်ခဲ့ပါဘူး။ ဒီတော့ ဘာဖြစ်လို့ ဒါတွေကို အရေးယူဖို့ လိုသလဲ။ ဒါကို ကျမ တင်ပြခဲ့ပါတယ်။ ကျမတို့ရဲ့ စည်းရုံးရေးခရီးတွေမှာ တခါမှ ၂/၈၈ ရဲ့ အနှစ်သာရကို မချိုးဖောက်ခဲ့ပါဘူးဆိုတာ ကျမတို့ အကြိမ်ကြိမ် တင်ပြခဲ့ပါတယ်။ ဒါပေမယ့်လည်း မွန်ပြည်နယ်မှာ စည်းရုံးရေးမှူးတွေကို အခုထက်ထိ ဖမ်းထားသေးတယ်။ အကြောင်းပြချက်ကတော့ ကျမတို့သွားတုန်းက လူ ငါးယောက်ထက်များလို့ ၂/၈၈ နဲ့ ဆွဲတာတဲ့။ ဆွဲပြီးတော့ မပြီးသေးဘူး။ ပုဒ်မတခုပြီးတခု ထပ်တပ်တယ်။ တခုတပ်လို့မရ တခုပြောင်းတပ်၊ တခုတပ်လို့မရ တခုပြောင်းတပ်တယ်။

ဒီဟာ တယောက် ပုံစံတမျိုး လုပ်သလိုမျိုးဖြစ်နေတယ်။ ကျမတို့ကျတော့ ၂/၈၈ ဆိုပြီးတော့ အမျိုးမျိုးဟန့်တားနေတယ်။ အခုကျတော့ ရန်းရင်းဆန်ခတ်မဖြစ်ဘူး၊ ပြစ်မှုမကျူးလွန်လို့ရှိရင် ၂/၈၈ ဆိုတာ ကိစ္စမရှိဘူးလို့ပြောတာနဲ့ အတူတူလိုဖြစ်နေတယ်။ ဒါကို ကျမ လက်ခံပါတယ်။ ကျမတို့က အရင် စပြောခဲ့တာပါ။ ကျမတို့ ဧရာဝတီတိုင်းတုန်းက တခရီးလုံး ဒီအတိုင်းပဲ ပြောခဲ့တာပါ။ ရန်းရင်းဆန်ခတ် မဖြစ်ဘူး၊ ပြစ်မှု မကျူးလွန်ဘူး ဆိုလို့ရှိရင် ၂/၈၈ ဆိုတာကို ဘာမှချိုးဖောက်ခြင်း မရှိပါဘူး။ ဒါကြောင့်မို့လို့ လူ ငါးယောက်ထက် ပိုရုံနဲ့ ဆွဲမယ်၊ အရေးယူမယ်ဆိုတာတော့ ၂/၈၈ ကို အလွဲသုံးစားလုပ်တာပါလို့ ကျမတို့ကိုယ်တိုင် ပြောခဲ့တာပါ။ အဲ့ဒီတော့ အခုသတင်းစာမှာပြောတာကို ကျမတို့ ထောက်ခံပါတယ်။ ဒါပေမယ့်လည်း ပြောတဲ့အတိုင်းပဲ လုပ်ကြပါလို့ ကျမက မေတ္တာရပ်ခံချင်ပါတယ်။ တပ်မတော်ကျတော့တမျိုး၊ ပြည်သူလူထုကျတော့ တမျိုးဆိုပြီးတော့၊ တရားဥပဒေကို သုံးတယ်ဆိုလို့ရှိရင်တော့ တပ်မတော်နဲ့ ပြည်သူကြားမှာ စိတ်ဝမ်းကွဲမှာပေါ့။ ဒီတော့ ဘယ်သူက စိတ်ဝမ်းကွဲအောင် လုပ်နေတာလဲ။ ကျမတို့ မဟုတ်ပါဘူး။ တပ်မတော်ထဲမှာ အေးအေးချမ်းချမ်း ချီတက်တယ်ဆိုရင် ချီတက်ပါစေ။ ဆူပူသောင်းကျန်းမှု မဖြစ်ဘူးဆိုရင် ကျမတို့ ဘာမှမပြောလိုပါဘူး။ ကျမတို့အဖွဲ့အစည်းတွေကလည်း ဒီအတိုင်းပဲ စည်းရုံးရေးခရီးထွက်တဲ့အခါ လူငါးယောက်ထက် များလို့ရှိရင် များပါစေ။ ဆူပူသောင်းကျန်းမှု မရှိရင် ပြီးရောပေါ့။ ဒါကို ကျမတို့ လက်ခံပါတယ်။ တယောက်တမျိုးစီထားလို့တော့ ဘယ်ဖြစ်မလဲ။

မောင်ဖုန်းမော်နေ့နဲ့ပတ်သက်လို့ တပတ်အတွင်းမှာ တော်တော်များများ ဖမ်းဆီးမှုတွေ ရှိပါတယ်။ ကျမတို့ရဲ့ အဖွဲ့ချုပ်နဲ့ဆိုင်တဲ့ကလေးတွေကို ဖမ်းသွားတာရှိပါတယ်။ ကလေးနှစ်ယောက် ဖမ်းသွားတာဆိုရင် ကျောင်းသားလူငယ်များထုတ်ဝေတဲ့ မောင်ဖုန်းမော်နေ့ အစီအစဉ်စာရွက်တွေ လက်ထဲမှာပါလို့ဆိုပြီး ဖမ်းသွားတာပါ။ ဒါဟာ အင်မတန်မှ လွန်တယ်လို့ ကျမတို့ ထင်ပါတယ်။ ဒီအချိန်မှာ ဒီစာရွက်တွေဟာ တမြို့လုံးမှာ ပလူပျံနေတာပဲ။ တယောက်ကို ငါးရွက်ဆယ်ရွက်လောက် ဝေလိုက်တာပဲ။ ကြိုက်တဲ့လူ ဝေကွာဆိုပြီး ဝေသွားတာပဲ။ ဒီတော့ ဒီကလေးတွေလက်ထဲမှာ ဒီစာရွက်တွေ အများကြီးရှိတာပေါ့။ ရှိရုံနဲ့ ဖမ်းရသလား။ အပြစ်နဲ့ အပြစ်ပေးပုံ

www.burmeseclassic.com

www.burmeseclassic.com

အင်မတန်မှ ကွာခြားနေပါတယ်။ လုပ်တဲ့အမှုလေးက သေးသေးလေး၊ ပေးလိုက်တဲ့အပြစ်က အကြီးကြီးလို ဖြစ်နေပါတယ်။ တောင်ကြီးမှာဆိုလို့ရှိရင် ကျမတို့အဖွဲ့ဝင်တယောက်ကို တဘောင်စာရွက်တွေ လက်ထဲမှာရှိလို့ဆိုပြီး ဖမ်းပါတယ်။ နမ့်စန်မှာဆိုလို့ရှိရင် ဒီ တဘောင်စာရွက်နဲ့ပတ်သက်ပြီးတော့ ကျမတို့အဖွဲ့ဝင်တယောက်ရဲ့ ဇနီးကို မဝတ က ခေါ်စစ်တယ်၊ နှိပ်စက်ပါတယ်။ ပါးစပ်ထဲကို မျက်နှာသုတ်ပုဝါတွေ သွတ်ထည့်ပြီးတော့ တဘောင်စာရွက်တွေ ဖြန့်ဝေတယ်ဆိုတာကို အတင်းဝန်ခံခိုင်းပါတယ်။ ဘာအထောက်အထားမှ မရှိဘဲနဲ့ ဝန်ခံခိုင်းပါတယ်။

အဲ့ဒီလိုလုပ်တာဟာ ဘယ်လိုအဓိပ္ပာယ်နဲ့ လုပ်တာလဲ။ ကျမတို့ အများကြီး မေးစရာပဲ။ တပ်မတော်နဲ့ ပြည်သူကြားမှာ စိတ်ဝမ်းမကွဲစေချင်ဘူးဆိုလို့ရှိရင် ဘာဖြစ်လို့ ဒီလိုကိစ္စတွေ လုပ်နေသလဲ။ မန္တလေးတိုင်း ပုသိမ်ကြီးမြို့မှာဆိုရင်လည်း တပ်မတော်သားများက ကျမတို့အဖွဲ့ချုပ်ဆိုင်းဘုတ်ကို ဖျက်ဆီးနင်းချေခဲ့ပါတယ်။ စည်းရုံးရေးမှူးအိမ်ကို ဝင်ရမ်းခဲ့တယ်။ တော်တော်ပဲ ရိုင်းရိုင်းစိုင်းစိုင်း လုပ်ခဲ့ပါတယ်။ ဒါတွေဟာ မလိုလားအပ်တဲ့ကိစ္စတွေပဲ။ သက်သက်ရန်ရှာနေတဲ့ သဘောမျိုးတွေ ဖြစ်ပါတယ်။

တောင်သူလယ်သမားများကိစ္စနဲ့ပတ်သက်လို့ နိုင်ငံရေးအဖွဲ့အစည်းများက ဆူပူစေချင်တဲ့ဆန္ဒနဲ့ တမင်သက်သက် ရမယ်ရှာပြီး ပြောနေတယ်ဆိုတဲ့သဘောမျိုး သတင်းစာထဲမှာ ပါပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ ကျမတို့ ဖေဖော်ဝါရီလကတည်းက ကျမတို့ ဥက္ကဋ္ဌ ဦးတင်ဦးက နဝတ ကို အရေးဆိုခဲ့ပါတယ်။ တောင်သူလယ်သမားများ ဘယ်လိုဒုက္ခရောက်နေကြကြောင်း၊ နောက်ပြီးတော့ ပင်လယ်ပိုင်နက်များ ရောင်းလိုက်တဲ့အကြောင်းကြောင့် ရေအလုပ်သမားများ ဘယ်လိုဒုက္ခရောက်နေတယ်ဆိုတဲ့ အကြောင်းများကို စာရေးခဲ့ပါတယ်။ သတင်းကြေညာချက်တခုလည်း ထုတ်ခဲ့ပါတယ်။ အဲ့ဒီလိုပဲ ကျမတို့ လုပ်ခဲ့ပါတယ်။ ဘာမှ ဒ့ါထက်ပိုပြီးတော့ မလှုံ့ဆော်ခဲ့ပါဘူး။ သတင်းစာထဲမှာရေးသလို ကျမတို့အဖွဲ့ချုပ်က ပြောတာမဟုတ်ပါဘူး။ သတင်းစာထဲမှာ နိုင်ငံရေးအဖွဲ့အစည်းဝင် တောင်သူလယ်သမားများကသာ ပြောတယ်လို့ ဆိုပါတယ်။ မဟုတ်ပါဘူး။ ရိုးရိုးအဖွဲ့အစည်းထဲကို မဝင်ရဲတဲ့ တောင်သူလယ်သမားများက ထပ်ခါထပ်ခါ ဒီကိစ္စကို ပြောနေတာပါ။ ကျမတို့အဖွဲ့ချုပ်ထဲကိုလည်း တောင်သူလယ်သမား အများစုကြီးလည်း မဝင်ရဲပါဘူး။ ဝင်လို့ရှိရင် ဖမ်းမယ်၊ ဆီးမယ်ဆိုပြီးတော့ ခြိမ်းခြောက်မှုတွေ အများကြီးရှိနေတာကြောင့် မဝင်ရဲကြရှာပါဘူး။ အဲ့ဒီတော့ ကျမတို့အဖွဲ့ချုပ်ထဲက တောင်သူလယ်သမားများက ပြောတယ်ဆိုတာ လုံးလုံးမဟုတ်ပါဘူး။ အဖွဲ့ချုပ်အပြင်ဘက်က တောင်သူလယ်သမားများက တချိန်လုံးပြောနေတာပါ။ ကျမတို့ တကယ်ပဲ ဆူပူသောင်းကျန်းမှု ဖြစ်စေချင်တယ်ဆိုလို့ရှိရင် နဝတ ကို ဘာဖြစ်လို့ အကြောင်းကြားမလဲ။ အကြောင်းမကြားပါဘူး။ အရေးမယူစေနဲ့။ အရေးမယူတာတောင်မှ ကောင်းသေးတယ်။ ပိုပြီးတော့ ပြည်သူလူထု အုံကြွမှာပဲဆိုပြီး ကျမတို့ သွေးထိုးပေးမှာပေ့ါ။ ပြည်သူလူထု ဒုက္ခရောက်နေတာကို မမြင်ချင်လို့ နဝတ ကို တင်ပြပါတယ်။ ဒီလိုပဲ ဒုက္ခရောက်နေပါတယ်။ ဒီလိုပဲ ပြဿနာတွေ ဖြစ်နေပါတယ်။ ကြည့်ပြီးတော့ လုပ်ပေးပါဆိုပြီးတော့ ကျမတို့ တင်ပြပါတယ်။

ပြည်သူလူထုသိအောင်လို့ ဒီလိုတောင်သူလယ်သမားများ ဒုက္ခရောက်နေတယ်ဆိုတာ၊ ကျမတို့ ပြောပါတယ်။ ဒီလိုပြောရခြင်းမှာ ကျမတို့ပြည်သူလူထုဟာ ကိုယ့်ရဲ့အခွင့်အရေးတွေကို ကိုယ်ကာကွယ်ရမယ်ဆိုတာ ကျမတို့ ယုံကြည်လို့ပြောခဲ့တာပဲ။ အဖွဲ့ချုပ်အနေနဲ့ ညွှန်ကြားချက်တခုထုတ်ထားပါတယ်။ တောင်သူလယ်သမားများ ဒုက္ခရောက်နေလို့ရှိရင် ကျမတို့အဖွဲ့ချုပ်က တတ်နိုင်သမျှ ကူညီရမယ်။ ဒါဟာ လူမှုရေးအရပဲ။ ဒါ နိုင်ငံရေးပရိယာယ် မဟုတ်ပါဘူး။ ကျမတို့ နိုင်ငံရေးပရိယာယ်ဆိုတာကို အယုံအကြည်မရှိဘူးဆိုတာ ကျမ ပြောပြီးသားပဲ။ ကျမ လုံးလုံး အယုံအကြည်မရှိဘူး။ ကျမ ဒီကိစ္စလုပ်တာ မှန်တယ်ထင်လို့လုပ်တယ်။ တောင်သူလယ်သမားများ ဒုက္ခရောက်နေတာကို ကျမတို့အဖွဲ့ချုပ်က ကူညီချင်လို့ လုပ်တဲ့ကိစ္စပဲ ဖြစ်ပါတယ်။

ကျမ ခြုံပြီးတော့ ပြောရမယ်ဆိုလို့ရှိရင် ခုတလောမှာ ကျမတို့အဖွဲ့ချုပ်နဲ့ ဒီမိုကရေစီလိုလားတဲ့ အဖွဲ့အစည်းများကို သက်သက်အပြစ်ရှာနေတယ်ဆိုတာ ကျမ မြင်ရပါတယ်။ သက်သက်တိုက်ခိုက်လာတယ်။ ကျမတို့က ဆူပူမှုဖြစ်အောင်လို့ လှုံ့ဆော်နေတယ်ဆိုပြီးတော့ ထပ်တလဲလဲပြောနေပါတယ်။ ဒီလိုပြောနေတာဟာ ဘယ်လိုရည်ရွယ်ချက်နဲ့ ပြောနေသလဲဆိုတာ ကျမ အများကြီးစဉ်းစားရပါတယ်။

မနေ့ကဖြစ်တဲ့ ကိစ္စတွေကလည်း တမင်သက်သက် အကွက်ဆင်ပြီးတော့ ကျမတို့ကို လက်ညှိုးထိုးတာလားဆိုတာ ကျမတို့ မေးစရာဖြစ်လာပါတယ်။ တပ်မတော်နေ့အတွက် စိုးရိမ်လို့လား။

www.burmeseclassic.com

www.burmeseclassic.com

တပ်မတော်နေ့အတွက် စိုးရိမ်တယ်ဆိုရင် ကျမတို့နဲ့ ဆွေးနွေးနိုင်ပါတယ်။ တပ်မတော်နေ့ ပျက်စီးရာပျက်စီးကြောင်း ဘယ်လိုမလုပ်စေချင်ဘူးဆိုတာ ပြောပါ။ ကျမတို့ ဆွေးနွေးဖို့ အဆင်သင့်ပဲ။ ကျမတို့အနေနဲ့ ကျောင်းသားလူငယ်များကို အများကြီးထိန်းပါတယ်။ ကျမတို့ အဖွဲ့ချုပ်လူငယ်များကို တပ်မတော်နေ့မှာ စီတန်းလမ်းလျှောက်တာတို့၊ ဆန္ဒပြတာတို့ မလုပ်ရဘူးဆိုတာ ကျမတို့ ပြောပြီးသားပါ။ ဒီတပ်မတော်နေ့ကို တပ်မတော်နေ့အနေနဲ့ လက်မခံဘူးဆိုရင် ဘယ်သူမှမသွားကြနဲ့။ ဘယ်သူမှ ထွက်မကြည့်ကြနဲ့။ အဲ့ဒီလိုနည်းနဲ့ သပိတ်မှောက်ရင် မှောက်ကြပေါ့။ ကျမတို့ ပြောပြီးသားပါ။ ကျမတို့အနေနဲ့ မတ်လ (၂၇) ရက်နေ့ကို တော်လှန်ရေးနေ့အနေနဲ့ လက်ခံတယ်ဆိုတာ ကျမတို့ ပြောပြီးသားပါ။ ဒါ ပြည်သူလူထုရဲ့ တော်လှန်ရေးနေ့ပါ။ ၁၉၄၅ ခုနှစ်တုန်းက မြန်မာနိုင်ငံဟာ ပြည်သူလူထုက အားလုံးကြွလာပြီးတော့ ဖက်ဆစ်ဝါဒကို မလိုချင်လို့ တော်လှန်ရေးကို စတင်ခဲ့တဲ့နေ့ ဖြစ်ပါတယ်။

ကျမတို့အဖွဲ့ချုပ်အနေနဲ့တော့ (၂၇) ရက် မတ်လဟာ တော်လှန်ရေးနေ့လို့ လက်ခံပါတယ်။ တော်လှန်ရေးနေ့အနေနဲ့လည်း ဖေဖေက အသိအမှတ်ပြုခဲ့တယ်။ ကျမလည်း တော်လှန်ရေးနေ့အနေနဲ့ပဲ ဆက်ပြီးတော့ အသိအမှတ်ပြုပါတယ်။ ကျမတို့ အဖွဲ့ချုပ်ကလည်း ဒီအတိုင်းပဲ။ ပြည်သူလူထုကလည်း ပြည်သူလူထုကို နှိပ်စက်တဲ့ဖက်ဆစ်ဝါဒကို တော်လှန်တဲ့နေ့အဖြစ် အသိအမှတ်ပြုပါတယ်။

ကျမတို့အနေနဲ့ အားလုံးကို ပြေပြေလည်လည် ဖြစ်စေချင်တယ်။ ငြိမ်းငြိမ်းချမ်းချမ်း ဖြစ်စေချင်တယ်။ နဝတ နဲ့ ညှိနှိုင်းတိုင်ပင်ရမလား။ ညှိနှိုင်းတိုင်ပင်မယ်။ တပ်မတော်နဲ့ ဆွေးနွေးရမလား၊ ဆွေးနွေးမယ်။ အဆင်သင့်ပဲဆိုတာ ကျမ ထပ်တလဲလဲ ပြောပါတယ်။ ဒီလိုပြောနေတဲ့အထဲက ဘာမှ ဆွေးနွေးတိုင်ပင်မှုမရှိဘဲနဲ့ အဖွဲ့ချုပ်ကို သက်သက် လက်ညှိုးထိုးလာတာကတော့ ကျမတို့ကို ပြည်သူလူထုက ထောက်ခံတာကို မရှုစိမ့်လို့လားဆိုပြီးတော့ ကျမတို့ မေးရတော့မှာဖြစ်ပါတယ်။ ဒီအချိန်မှာ ကျမတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို တိုက်ခိုက်တယ်ဆိုတာဟာ ပြည်သူလူထုရဲ့ ဒီမိုကရေစီလှုပ်ရှားမှုကိုလည်း တိုက်ခိုက်တာနဲ့ အတူတူပါပဲ။ တကယ်ပဲ စစ်မှန်တဲ့၊ တရားမျှတတဲ့ ရွေးကောက်ပွဲတွေ ဖြစ်စေချင်တယ် ဆိုလို့ရှိရင်တော့ ဒီလိုမတော်မတရား တိုက်ခိုက်မှုတွေကို ရပ်တန်းက ရပ်ဖို့လိုမယ်လို့ ကျမ ထင်ပါတယ်။ ဒါ ကျမအနေနဲ့ ပြောချင်တာကတော့ ဒါပါပဲ။ မေးစရာရှိလို့ ရှိရင် မေးကြပါ။

၁၇

## တိုင်းရင်းသားစည်းလုံးညီညွတ်ရေး

မြစ်ကြီးနားမြို့၌ ၂၈–၄–၁၉၈၉ နေ့တွင် ပြောကြားသည်။

* * *

တနာရီလောက် စောရောက်ဖို့ပါ။ ခပ်ချိုကထွက်တာ နောက်ကျတာ တောင်းပန်ပါတယ်။ စည်းရုံးရေးခရီးထွက်တဲ့အခါ တခါတလေ ကျမတို့ အစီအစဉ်အတိုင်းမဖြစ်ပါဘူး။ လမ်းမှာဆိုလို့ရှိရင်လည်း တခါတလေ အခက်အခဲလေးတွေ တွေ့တတ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီလို နောက်ကျရခြင်းဖြစ်ပါတယ်။

မြစ်ကြီးနားကို မလာခင်တုန်းကဆိုရင် ကြားရတာတော့ မြစ်ကြီးနားမှာ ဒီမိုကရေစီလှုပ်ရှားမှုရဲ့ အခြေအနေ သိပ်မကောင်းဘူးလို့ ပြောကြပါတယ်။ ပြည်သူလူထုက သိပ်ပြီး တက်တက်ကြွကြွ မရှိကြဘူးလို့ ဆိုပါတယ်။ အဲ့ဒီတော့ ကျမက နည်းနည်းအားငယ်မိပါတယ်။ ဒါပေမဲ့ အခုလာတဲ့အခါကျတော့လည်း ပြည်သူလူထုက ပိုပြီးတက်ကြွတယ်ဆိုတာမြင်ရလို့ အများကြီးပဲ အားရှိသွားပါတယ်။ ဂုဏ်လည်း ဂုဏ်ပြုပါတယ်။

ကချင်ပြည်နယ်မှာရှိတဲ့ တောင်တန်းသား လူမျိုးစုများဟာ သတ္တိရှိတယ်ဆိုတာ ကျမတို့အားလုံးပဲ အစက သိထားပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုသတ္တိရှိရှိနဲ့ ဆက်ပြီးတော့ အမျိုးသားရေးအတွက် လုပ်သွားမယ်ဆိုတာလည်း ကျမတို့ ယုံကြည်ပါတယ်။ ငယ်ငယ်ကတည်းက ကျမတို့ နားလည်တာကတော့

www.burmeseclassic.com

www.burmeseclassic.com

တောင်တန်းသားများဟာ အင်မတန်မှ သတ္တိရှိတယ်၊ အင်မတန်မှ ရိုးသားဖြောင့်မတ်တယ်၊ လုပ်ရည်ကိုင်ရည် ရှိတယ်လို့ နားလည်ခဲ့ပါတယ်။

အခု ဒီမိုကရေစီ လှုပ်ရှားမှုထဲမှာလည်း ဒီအတိုင်းပဲ ရိုးရိုးသားသား၊ ဖြောင့်ဖြောင့်မတ်မတ်၊ သတ္တိရှိရှိနဲ့ ဆက်ပြီးတော့ လုပ်သွားကြမယ်ဆိုလို့ရှိရင် ကျမတို့လိုချင်တဲ့ အခွင့်အရေးများကို အမြန်ဆုံးရနိုင်မှာပါ။ အခုအချိန်မှာဆိုလို့ရှိရင် တိုင်းရင်းသားလူများစု အများစုကြီးဟာ တော်တော်မှပဲ ပင်ပင်ပန်းပန်း၊ ဆင်းဆင်းရဲရဲ နေကြရပါတယ်။

ဒီလိုအခြေအနေကနေပြီးတော့ တိုးတက်ပြီး ချမ်းသာတဲ့ ပြည်ထောင်စုကြီးတခု ထူထောင်ဖို့ဆိုတာ အားလုံးရဲ့ တာဝန်ဖြစ်ပါတယ်။ တခါတလေကျလို့ရှိရင် ကျမတို့ကို တိုင်းရင်းသားလူမျိုးစုများက မေးပါတယ်။ ဒီမိုကရေစီအစိုးရ ရလို့ရှိရင် ကျနော်တို့လူမျိုးစုတွေအတွက် ဘာလုပ်ပေးမှာလဲ၊ ပြည်ထောင်စုအတွက် ဘာလုပ်ပေးမှာလဲ ဆိုပြီးတော့ မေးပါတယ်။ ကျမတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အနေနဲ့ကတော့ ကြေညာထားပြီးသားဖြစ်ပါတယ်။ ဒီမိုကရေစီရလို့ရှိရင် စစ်မှန်တဲ့ ဒီမိုကရေစီပြည်ထောင်စုကြီး ထူထောင်ရေးအတွက် တိုင်းရင်းသားလူမျိုးစုအားလုံးနဲ့ တိုင်ပင်ညှိနှိုင်းပြီးတော့ ကျမတို့ဟာ အခြေခံစည်းမျဉ်းဥပဒေဟာ ပြည်ထောင်စု တည်တံ့ခိုင်မြဲရေးအတွက်လည်း လုပ်ရမယ်၊ တိုင်းရင်းသားလူမျိုးစုများရဲ့ မွေးရာပါအခွင့်အရေးများကိုလည်း အသိအမှတ်ပြုရမယ်။ လူတိုင်းလူတိုင်း လူ့အခွင့်အရေးများ ခံစားပိုင်ခွင့်လည်း ဦးတည်ရမယ်ဆိုတာလည်း ကျမတို့ ကြေညာထားပြီးသားဖြစ်ပါတယ်။ ဒါပေမယ့်လည်း ဒီမိုကရေစီ ပြည်ထောင်စုထူထောင်ဖို့ဆိုတာဟာ ကျမတို့ အဖွဲ့ချုပ်တခုတည်းရဲ့ တာဝန်လည်း မဟုတ်ပါဘူး။ တိုင်းရင်းသားလူမျိုးစုအားလုံးရဲ့ တာဝန်ဖြစ်ပါတယ်။ ဒီမိုကရေစီလှုပ်ရှားမှု အောင်မြင်ဖို့ဆိုတာဟာ လူတိုင်းလူတိုင်းရဲ့ တာဝန်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျမ ခဏခဏ ပြောရပါတယ်။ ဒီမိုကရေစီရဖို့ဆိုရင် ကျနော်တို့ကို ဘာအခွင့်အရေးတွေ ပေးမလဲလို့ မေးမယ့်အစား ဒီမိုကရေစီရဖို့အတွက် ကျနော်တို့ ဘယ်လိုဝိုင်းဝန်းကူညီရမလဲဆိုတာ အခုအချိန်မှာ မေးရမယ့်မေးခွန်းဖြစ်ပါတယ်။

ဒီမေးခွန်းကို မေးပြီးတော့ မှန်ကန်တဲ့ အဖြေကို ရှာနိုင်မယ်ဆိုမှ ကိုယ်လိုချင်တဲ့ ဒီမိုကရေစီကို ရမယ်၊ ဒီမိုကရေစီရတယ်ဆိုမှ လူတိုင်းလူတိုင်းရဲ့ အခွင့်အရေးကို အာမခံမယ့် စနစ်တခုကို ထူထောင်နိုင်မယ်။ ဒီလို လူတိုင်းလူတိုင်းရဲ့ လူ့အခွင့်အရေးကို အာမခံမယ့် အုပ်ချုပ်မှုစနစ်တခုကို အခြေခံပြီးမှ တိုင်းရင်းသားလူမျိုးစုအားလုံး ကျေနပ်မှုရနိုင်မယ့် ပြည်ထောင်စုပုံသဏ္ဍာန်ကို ကျမတို့ ဖော်ထုတ်ရမှာဖြစ်ပါတယ်။ ဒီလို ပြည်ထောင်စုပုံသဏ္ဍာန် ဖော်ထုတ်ဖို့ဆိုတာဟာ တိုင်းရင်းသားလူမျိုးစုအားလုံးက သဘောထားကြီးကြီး ထားရမယ်၊ အမြင်ကျယ်ကျယ် ရှိရမယ်။

ပြည်ထောင်စုအကျိုးကို ကိုယ့်ဒေသအကျိုးထက် ပိုထားရမယ်။ ဗမာများဟာ ဗမာအကျိုးအတွက် မဟုတ်ဘူး။ ကချင်များဟာ ကချင်တွေရဲ့အကျိုးအတွက် မဟုတ်ဘူး။ တိုင်းရင်းသားလူမျိုးစုအားလုံးက ပြည်ထောင်စုအကျိုးအတွက်ဆိုတဲ့ စိတ်ဓာတ်တွေနဲ့ လုပ်ဖို့လိုပါတယ်။ ကျမတို့ လွတ်လပ်ရေးရပြီးတဲ့ခေတ်မှာ ဒီတိုင်းပြည် မတိုးတက်တာဟာ ညီညွတ်မှု မရှိလို့ဘဲ။ ကျမတို့မှာရှိတဲ့ နိုင်ငံသူနိုင်ငံသားများဟာ ကိုယ့်အကျိုးထက် တိုင်းပြည်အကျိုးကို ရှေ့မထားလို့ ကျမတို့ တိုးတက်မှု မရှိခဲ့ဘူးလို့ ထင်ပါတယ်။

တပါတီ အာဏာရှင်စနစ် စိုးမိုးသွားရတယ်ဆိုတာလည်း ပြည်သူလူထုဟာ မှန်ကန်တဲ့ နိုင်ငံရေးအသိအမြင်တွေ မရှိလို့ဘဲ ဖြစ်ပါတယ်။ ဒီတော့ နောက်တခါ ထပ်ပြီးတော့ အာဏာရှင် မဖြစ်စေချင်ဘူး။ ကျမတို့နိုင်ငံကို ဒီမိုကရေစီစနစ်အရ အားလုံး စိတ်ချမ်းသာရေးအတွက် ထူထောင်စေချင်တယ်ဆိုလို့ရှိရင် နိုင်ငံသူနိုင်ငံသားအားလုံးဟာ ကိုယ့်မှာရှိတဲ့ နိုင်ငံရေးတာဝန်တွေကို ထမ်းဆောင်ဖို့ လိုပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

(ဓါတ်ပုံများလာပါသည်။)
**အပေါ်**
ကချင်တိုင်းရင်းသား
ဝတ်စုံတမျိုးကို
ဝတ်ဆင်ထားစဉ်

**အောက်**
ပင်လုံ၌ ၁၉၈၉ ခုနှစ်တွင်
စည်းရုံးရေးဆင်းခဲ့စဉ်က

**အပေါ်** – ကချင်တိုင်းရင်းသားများနှင့်အတူ
**အောက်** – ကရင်ခေါင်းဆောင်တဦးနှင့်အတူ

နိုင်ငံရေးဆိုတာ လူတိုင်းလူတိုင်းနဲ့ဆိုင်တဲ့ ကိစ္စပါ။ နိုင်ငံတနိုင်ငံ တိုးတက်ဖို့၊ တည်တံ့ခိုင်မြဲဖို့ဆိုတာ အားလုံးဝိုင်းပြီး ကြိုးစားဖို့လိုပါတယ်။ လူတိုင်းလူတိုင်းဟာ တိုင်းပြည်အပေါ်မှာ စစ်မှန်တဲ့ စေတနာထားရပါလိမ့်မယ်။ ကိုယ့်အဖွဲ့အစည်းအကျိုးကိုပဲ လုပ်နေမယ်၊ ကိုယ့်အသိုင်းအဝိုင်းအကျိုးပဲ လုပ်နေမယ် ဆိုလို့ရှိရင်တော့ စစ်မှန်တဲ့စေတနာလို့ မခေါ်နိုင်ပါဘူး။

ကျမတို့နိုင်ငံ (၂၆) နှစ်အတွင်းမှာ ကျဆင်းခဲ့ရတာဟာ တိုင်းပြည်ကို စစ်မှန်တဲ့ စေတနာနဲ့ မအုပ်ချုပ်လို့ဘဲ။ တိုင်းပြည်ကို စစ်မှန်တဲ့စေတနာနဲ့ အုပ်ချုပ်ခဲ့တယ်ဆိုရင် ဒီနိုင်ငံဟာ အများကြီး တိုးတက်နိုင်ပါတယ်။ ကချင်ပြည်နယ် တခုတည်းမှာပင်လျှင် သယံဇာတပစ္စည်း ဘယ်လောက်ပေါများတယ်ဆိုတာ သိပြီးသားပါ။ တနိုင်ငံလုံးကို ခြုံပြီးတော့ ကြည့်လိုက်မယ်ဆိုရင် ကျမတို့နိုင်ငံဟာ အင်မတန်မှ ချမ်းသာပါတယ်။ ဒီလောက်ချမ်းသာလျက်နဲ့ ပြည်သူလူထုဟာ ဆင်းရဲနေရတယ်၊ စိုးရိမ်နေရတယ်၊ ကြောင့်ကြနေရတယ်ဆိုတာတော့ မမှန်ကန်တဲ့ အုပ်ချုပ်ရေးစနစ်ကြောင့်ပဲ။ စီးပွားရေးအောင်မြင်မှုဆိုတာ မှန်ကန်တဲ့အုပ်ချုပ်ရေးစနစ်ရှိမှ ဖြစ်မှာပါ။ ဒီအချိန်မှာ စီးပွားရေးကို ဦးမတည်ဘဲနဲ့ နိုင်ငံရေးကို ဦးတည်ဖို့လိုပါတယ်။

နိုင်ငံရေးအောင်မြင်မှုတွေရမှ စီးပွားရေးဘက်ကို တခါပြန်ပြီးတော့ ကျမတို့ ကိုယ်လိုချင်တဲ့ ပြုပြင်မှုတွေ လုပ်ရမှာဖြစ်ပါတယ်။ ဒီတော့ ပြည်သူတွေအနေနဲ့ အခုအချိန်မှာ စစ်မှန်တဲ့ ဒီမိုကရေစီရရှိရေးအတွက် ဝိုင်းဝန်းကူညီကြပါလို့ ကျမ မေတ္တာရပ်ခံချင်ပါတယ်။ တိုင်းရင်းသားလူမျိုးစုအားလုံးဟာ လက်တွဲပြီးတော့ တညီတညွတ်တည်းနဲ့၊ သတ္တိရှိရှိနဲ့ ကိုယ့်ရဲ့တိုင်းပြည်ကောင်းကျိုးအတွက် မှန်မှန်ကန်ကန် လုပ်သွားမယ်ဆိုလို့ရှိရင် လူတိုင်းလူတိုင်းဟာ ပိုပြီးတော့ ချမ်းသာပြီး တိုးတက်တဲ့ ပြည်ထောင်စုကြီးမှာ နေနိုင်မှာဖြစ်ပါတယ်။ ဒီလိုဦးတည်ချက်နဲ့ ဝိုင်းပြီးတော့ ကြိုးစားသွားကြပါလို့ ကျမ မေတ္တာရပ်ခံရင်းနဲ့ နိဂုံးချုပ်ပါတယ်။

၁၈

**ဒီမိုကရေစီအင်အားစုများ ညီညွတ်ရေး**

ဤမိန့်ခွန်းကို ၁၉၈၉ ခုနှစ်တွင် ရန်ကုန်မြို့၌ ပြောကြားသည်ဟု ယူဆရသော်လည်း ပြောကြားသည့် နေ့ရက်နှင့် နေရာကို စာတည်းအနေဖြင့် သိနိုင်စွမ်း မရှိပါ။

* * *

www.burmeseclassic.com

www.burmeseclassic.com

ကျမကို ဒီမိုကရေစီအင်အားစုများရဲ့ ကိုယ်စားလှယ်လို့ သတ်မှတ်လိုက်တဲ့အခါကျတော့ ဒါကို ဂုဏ်ယူပါတယ်လို့ ပြောရမလားလို့ ကျမ စဉ်းစားပါတယ်။ ဒါပေမဲ့ တကယ်စဉ်းစားလိုက်တဲ့အခါကျတော့ ဒါ ကျမအတွက် ဂုဏ်ယူစရာမဟုတ်ပါဘူး။ ကျမတို့ ရွေးထုတ်လိုက်တဲ့အင်အားစုများအတွက် ဂုဏ်ယူစရာလို့ ကျမ မြင်ပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ကျမကို ရွေးထုတ်လိုက်တဲ့အင်အားစုများဟာ ညီညီညွတ်ညွတ်နဲ့ ကိုယ့်အဖွဲ့အစည်းအတွက်ရယ်လို့ မစဉ်းစားဘဲနဲ့ ဒီမိုကရေစီလှုပ်ရှားမှုအောင်မြင်ရေးအတွက် ပိုပြီးတော့ ကောင်းဖို့အတွက် လူတယောက်ကို ကိုယ်စားလှယ်ရွေးလိုက်မယ်ဆိုပြီးတော့ လုပ်နိုင်တဲ့အခြေအနေ ရောက်လာတာဟာ အင်မတန်မှ ဂုဏ်ယူစရာပဲလို့ ကျမ မြင်ပါတယ်။ ကျမရယ်လို့မဟုတ်ပါဘူး၊ ဘယ်သူ့ကိုပဲဖြစ်ဖြစ် ဒီလိုအင်အားစုကြီးများဟာ ကိုယ်စားလှယ်တယောက်အနေနဲ့ ရွေးထုတ်လိုက်နိုင်တယ်ဆိုတာဟာ အင်မတန်မှ ကောင်းတဲ့လက္ခဏာပါ။ ဒါကိုလည်း လူတိုင်းကနေပြီးတော့ အသိအမှတ်ပြုတယ်ဆိုတာဟာ ဗိုလ်ချုပ်ကြီးစောမောင်ရဲ့ မိန့်ခွန်းထဲမှာကို ပါသွားပါတယ်။ ကျမနဲ့ အခုလို ဆွေးနွေးရမယ်၊ တိုင်ပင်ရမယ်ဆိုလို့ရှိရင် ရှစ်ဆယ်နဲ့ တယောက် ဖြစ်နေတာပေါ့လို့ ဗိုလ်ချုပ်ကြီးစောမောင်က ပြောသွားပါတယ်။ ဒါဟာ ညီညွတ်မှုရဲ့အင်အားကို အသိအမှတ်ပြုသွားတာပါပဲ။ ဒီညှိနှိုင်းဆွေးနွေးမှုဆိုတာဟာ ကျမတို့အားလုံး လိုလားနေပါတယ်။ ခုနတုန်းက ဦးတင်မောင်ဝင်းပြောသွားတဲ့ ဒီကိစ္စထဲမှာ ၁၉၆၂ ခုနှစ်တုန်းကလည်း ကျောင်းသားများဟာ စစ်အာဏာရှင်များနဲ့ ညှိနှိုင်းဆွေးနွေးပိုင်ခွင့်တောင်းခဲ့တယ်။ ညှိနှိုင်းဆွေးနွေးခြင်းအားဖြင့် ပြေလည်မှုကို ရှာခဲ့တယ်။ ဒါပေမဲ့ မရခဲ့ပါဘူး။ Aid to Civil Power လည်း မသုံးဘဲနဲ့။ Aid to Civil Power ဆိုတာလည်း ကျမက ဒီလိုအင်္ဂလိပ်စကားပြောချင်လို့ မဟုတ်ပါဘူး။ ဗိုလ်ချုပ်ကြီးစောမောင် ပြောခဲ့တဲ့ အသုံးအနှုန်းအတိုင်း ကျမ သုံးလိုက်ရတာဖြစ်ပါတယ်။ Aid to Civil Power အရလည်း မလုပ်ဘဲနဲ့ ကျောင်းသားများကို နှိမ်နင်းလိုက်တာ ဦးနေဝင်းရဲ့လက်ထက်မှာ စခဲ့ပါတယ်။ ဒီတော့ ကျမတို့ (ဓါတ်ပုံများလာပါသည်)

**အပေါ်** – ဝန်ကြီးချုပ်ဟောင်းဦးနု၊ ဗိုလ်ချုပ်ဟောင်း ဦးတင်ဦးတို့နှင့်အတူ ၁၃ စက်တင်ဘာ ၁၉၈၈
**အောက်** – လုပ်ဖော်ကိုင်ဖက် ကျောင်းသားများနှင့်အတူ ၁၉၈၉ ခုနှစ်၌ တွေ့ရစဉ်

(အဆက် ပြန်လာပါသည်)
ဘာကို ကြည့်ရမလဲ။ ဘယ်လိုစဉ်းစားရမလဲ။ အခုအချိန်မှာလည်း ကျမ ထပ်တလဲလဲပြောနေသလိုပဲ ဦးနေဝင်းရဲ့ အမိန့်အာဏာအရ ကျမတို့ တိုင်းပြည်ကို ဆက်လက်ပြီးတော့ အုပ်ချုပ်နေပါတယ်။ ဒါကို ကျမတို့ ရှောင်လို့မဖြစ်ပါဘူး။ ကျမတို့ ဒီမိုကရေစီအင်အားစုများအားလုံးတို့ဟာ ဒါကို မျက်နှာချင်းဆိုင်ရပါလိမ့်မယ်။

၁၉၆၂ ခုနှစ်က ကျောင်းသားလူငယ်များကို သတ်ဖြတ်ခဲ့တယ်။ ဒီမိုကရေစီအဆောက်အဦဖြစ်ခဲ့တဲ့ ကျောင်းသားသမဂ္ဂကိုလည်း ဖြိုခွဲခဲ့တယ်။ အဲဒီလို ဖြိုခွဲခဲ့တာ၊ သတ်ဖြတ်ခဲ့တာဟာ ဦးနေဝင်းရဲ့ အမိန့်အရပဲ။ ဦးနေဝင်းရဲ့ အမိန့်အရ၊ ဦးနေဝင်းရဲ့ သဘောထားအရ ညှိနှိုင်းဆွေးနွေးမှုဆိုတာလည်း မဖြစ်ခဲ့ဘူး။ ဦးနေဝင်းရဲ့ သဘောထားအရ၊ ဦးနေဝင်းရဲ့ အမိန့်အရ Aid to Civil Power ဆိုတာကိုလည်း သုံးခွင့်မရဘဲနဲ့ ကျောင်းသားလူငယ်များကိုလည်း သတ်ဖြတ်ခဲ့တယ်။ အခုဆိုလို့ရှိရင်လည်း (၂) ရက်လောက်ကနေပြီးတော့ ဗိုလ်ချုပ်ကြီးစောမောင်ဟာ Aid to Civil Power အရ လုပ်တာဟာ "ကျွန်" သဘောထားရောက်တယ် ဆိုသလိုပဲ ပြောခဲ့ပါတယ်။ ဒီလိုပြောခဲ့တဲ့အပြင် ညှိနှိုင်းဆွေးနွေးဖို့ဆိုတာလည်း မဖြစ်ဘူးဆိုတဲ့ သဘောထားကိုလည်း ပြောခဲ့ပါတယ်။ ဒီတော့ ဒါဟာ ဘယ်သူ့သဘောထားတွေလဲ။ ကျမအနေနဲ့တော့ ဦးနေဝင်း သဘောထားတွေလို့ မြင်ပါတယ်။ ကျမ ဒီလိုပြောရတဲ့အကြောင်းဟာ သမိုင်းဟာ ကျမတို့နိုင်ငံမှာ (၆၂) နှစ်ကနေ စပြီးတော့ အခုထိ ဖြစ်ခဲ့ရတဲ့ ဒုက္ခပေါင်းများစွာဟာ ဦးနေဝင်းရဲ့ အပြစ်များသာဖြစ်တယ်လို့ ဆုံးဖြတ်ချက်ချမလားဆိုတာ အခုကတည်းက ကျမ ပြောနိုင်ပါတယ်။ ဒါကို ကျမ ဗိုလ်ချုပ်ကြီးစောမောင်ရော၊ ဦးနေဝင်းရော သိအောင်လို့ ဒီကနေ့ ပြောသွားချင်ပါတယ်။ ဗိုလ်ချုပ်ကြီးစောမောင်အနေနဲ့ ဦးနေဝင်းကို ဘယ်လောက်ပဲ ကာကွယ်ပေးပေး၊ ကာကွယ်လို့ မရပါဘူး။ သမိုင်းက ဆုံးဖြတ်ချက်ချမှာပါ။ အခု သုံးနေတဲ့ နည်းလမ်းများဟာ ဦးနေဝင်းရဲ့ နည်းလမ်းများဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျမအနေနဲ့ ဦးနေဝင်းရဲ့ အမိန့်အာဏာဟာ ဆက်လက်ပြီးတော့ ရှင်သန်နေတယ်လို့ ပြောရတာပါ။ ဗိုလ်ချုပ်ကြီးစောမောင်အနေနဲ့ ဦးနေဝင်းရဲ့ အမိန့်အာဏာဟာ ဆက်လက်ရှင်သန်ခြင်း မရှိပါဘူးဆိုတာ ပြချင်လို့ရှိရင်

www.burmeseclassic.com

www.burmeseclassic.com

ဒီနည်းဒီလမ်းတွေတော့ ဆက်ပြီးတော့ သုံးလို့မဖြစ်ပါဘူး။ ညှိနှိုင်းဆွေးနွေးခြင်းကို လက်မခံတာဟာ ဦးနေဝင်းရဲ့ နည်းတွေပါ။ ပြည်သူလူထုကို လက်နက်နည်းနဲ့ နှိမ်နင်းတာဟာ ဦးနေဝင်းရဲ့ နည်းတွေပါ။ "စစ်တပ်ဆိုတာ မိုးပေါ်ထောင်ပြီးတော့ မပစ်ဘူး။ တည့်တည့်ပစ်မယ်" လို့ ပြောသွားတာဟာလည်း ဦးနေဝင်းပဲ ဖြစ်ပါတယ်။ ဒါကြောင့် ကျမတို့ ဒီအချိန်မှာ အများကြီးပဲ သတိထားရမယ်။ ဦးနေဝင်းရဲ့ လေသံကို ပိုလ်ချုပ်ကြီးစောမောင်ကတဆင့် လွှင့်နေပြန်ပြီ။ ဒီလိုလွှင့်နေတဲ့အချိန်မှာ ကျမတို့ အတိတ်က ဖြစ်ရပ်တွေကို ပြန်စဉ်းစားပြီးတော့ ဒီမိုကရေစီအင်အားစုတွေဟာ အင်မတန်မှ သတိထားရမယ်။ စဉ်းစားဆင်ခြင်ရမယ့်အချိန်မှာ ရောက်နေတယ်ဆိုတာ ကျမတို့ သိဖို့လိုပါတယ်။ နောက်တခါ အငိုက်မိလို့တော့ မဖြစ်ပါဘူး။ ကျမတို့အားလုံးဟာ အန္တရာယ်ရှိတယ်ဆိုတာ နားလည်ရမယ်။ ဒီအန္တရာယ်ဟာ ဘယ်ကလာတယ်ဆိုတာ ကျမတို့အားလုံးလည်း သိရမယ်။ အသိအမှတ်ပြုရမှာဖြစ်ပါတယ်။ အခုအချိန်မှာဆိုရင် ကျမတို့ ဒီမိုကရေစီအင်အားစုများတွေဟာ တနေ့ထက်တနေ့ ပိုပြီးတော့ ထိုးနှက်ချက်တွေ ခံနေရပါတယ်။

စောစောက သဘာပတိကြီး ဦးတင်ဦး ပြောသွားတဲ့အတိုင်း ကျမတို့ အဖွဲ့ချုပ်ထဲက ခေါင်းဆောင်များကို ဖမ်းပုံဆီးပုံဟာ တရားဥပဒေနဲ့ မညီညွတ်ဘူး။ ဒီ့အပြင်လည်း ဦးတင်မောင်ဝင်း ပြောသွားတဲ့အတိုင်းပဲ၊ အရင်တုန်းက ကျောင်းသားခေါင်းဆောင်များဖြစ်တဲ့ ဒေါက်တာမောင်မောင်ကျော်တို့၊ ဦးလှရွှေတို့ကိုလည်း ဖမ်းဆီးထားပါတယ်။ ဖမ်းဆီးထားပုံတွေကလည်း တခုမှ တရားဥပဒေနဲ့ မကိုက်ညီပါဘူး။ တရားဥပဒေစိုးမိုးရေးဆိုတာ ဒီနိုင်ငံမှာ လုံးလုံးမရှိပါဘူး။ နဝတ အစိုးရအနေနဲ့ တာဝန်ကြီး (၄) ရပ်ထဲမှာ တရားဥပဒေစိုးမိုးရေး ပါပေမယ့်လည်း တရားဥပဒေစိုးမိုးရေးအတွက် လုံးလုံးမထမ်းဆောင်ခဲ့ဘူးဆိုတာတော့ အင်မတန်မှ ထင်ရှားပါတယ်။ ဒီလို တရားဥပဒေစိုးမိုးရေး မရှိတဲ့ နိုင်ငံမှာ ပြည်သူလူထုကို ကာကွယ်ဖို့တာဝန်ဟာ ကျမတို့ ဒီမိုကရေစီအင်အားစုတွေမှာ ရှိပါတယ်။ ဒီမိုကရေစီအင်အားစုများဟာ ပြည်သူလူထုကို အကာအကွယ်ပေးရမယ်၊ အခြေခံလူ့အခွင့်အရေးတွေသာမက ပြည်သူလူထု ဒုက္ခဆင်းရဲရောက်မှာ၊ ထိမှာ၊ နာမှာအတွက် ကျမတို့ အင်မတန်မှ စိုးရိမ်ပါတယ်။ ဒီဟာတွေအတွက် အကာအကွယ်တွေ ပေးရမယ်။ ဒါကြောင့်မို့လို့ ကျမတို့ဟာ မတရားတဲ့ အမိန့်အာဏာကို ဖီဆန်ရမယ်လို့ ပြောနေတာပဲ။ ဆူပူမှုလိုချင်လို့ မဟုတ်ပါဘူး။ ဆူပူမှုဆိုတာဟာ ကျမတို့အတွက် လိုလားသင့်တဲ့ကိစ္စလည်း မဟုတ်ဘူး။ ပြည်သူလူထုအတွက် အကျိုးဖြစ်မယ့်ကိစ္စလည်း မဟုတ်ဘူး။ ဒါပေမဲ့ ဒီအချိန်မှာ မတရားတဲ့အမိန့်အာဏာကို၊ တရားဥပဒေကို ချိုးဖောက်နေတဲ့ အမိန့်အာဏာတွေကို ကျမတို့ မတွန်းလှန် မဖီဆန်ရင်တော့ ပြည်သူလူထု နောက်ထပ် ဒုက္ခရောက်လိမ့်မယ်ဆိုတဲ့ အသိအမြင်တွေနဲ့ ကျမတို့ ဒီအာဏာတွေကို ဖီဆန်နေရတာဖြစ်ပါတယ်။ ဒ့ါကြောင့် ဒီမိုကရေစီအင်အားစုများဟာ ညီညီညွတ်ညွတ်နဲ့ ဆက်ပြီးတော့ ဖီဆန်သွားဖို့ အင်မတန်မှ အရေးကြီးပါတယ်။ ကမ္ဘာ့သမိုင်းမှာ အခြေခံလူ့အခွင့်အရေးများရဲ့ ရဲဘော်ကြီးတယောက်ဖြစ်တဲ့ မာတင်လူသာကင်း က တခါတုန်းက ပြောသွားပါတယ်။ သူတို့မှာ အိပ်မက်တခုရှိတယ်တဲ့။ ဒီတော့ ကျမတို့အားလုံးမှာလည်း အိပ်မက်တခုရှိရမယ်။ ဘယ်လိုအိပ်မက်လဲ။ ဒီမိုကရေစီ အခြေခံလူ့အခွင့်အရေးတွေ မြန်မာနိုင်ငံမှာ ထွန်းကားရေးအတွက်ပဲ။ ဒါပေမဲ့ အိပ်မက်မက်နေလို့ မပြီးဘူး။ ဒီအိပ်မက်ကို ကျမတို့ အကောင်အထည်ဖော်နိုင်ရမယ်။ ဒီအိပ်မက်ကို အကောင်အထည်ဖော်နိုင်ဖို့ဟာ ကျမတို့အားလုံးရဲ့ တာဝန်ဖြစ်ပါတယ်။ အားလုံးရဲ့ တာဝန်မို့လို့ အားလုံးကနေပြီးတော့ ညီညီညွတ်ညွတ်နဲ့ ထမ်းဆောင်ရမယ်။ ဒီကိစ္စအတွက် ကျမ ပထမဦးဆုံး ဒီမိုကရေစီလှုပ်ရှားမှုထဲ ပါဝင်လာကတည်းက ဆော်သြခဲ့ပါတယ်။ ညီညွတ်ကြပါ၊ ညီညွတ်ကြပါ။ အဲ့ဒီအချိန်တုန်းက အရေးအခင်းကာလအတွင်းတုန်းက ဆိုလို့ရှိရင် ပါတီဖွဲ့စည်းရေးအတွက် ကျမကို ပြောတဲ့၊ မေးမြန်းခဲ့တဲ့လူတွေ ရှိပါတယ်။ ကျမ ပြောခဲ့ပါတယ်။ ညီညွတ်မှုပြိုကွဲမှာစိုးလို့ ပါတီတွေတော့ မထောင့်သင့်ဘူးထင်တယ်လို့ ပြောခဲ့ပါတယ်။ အဲ့ဒီတုန်းက ဒါဟာ ကျမတို့ မြန်မာ့နိုင်ငံရေးသမိုင်းကို ပြန်ပြီးတော့ ကြည့်လိုက်လို့ရှိရင် ထင်ရှားပါတယ်။ ပါတီများထောင်လို့ရှိရင် ကျမတို့ဟာ စိတ်ဝမ်းကွဲတတ်တယ်။ ဒါ ကျမတို့တိုင်းပြည်ရဲ့ အားနည်းချက်ပဲ။ ညီညွတ်မှုဘက်မှာ သိပ်ပြီးတော့ အားမသန်ဘူး။ ညီညွတ်မှုမှာ အားမသန်လို့၊ ညီညွတ်မှုပြိုကွဲမှာ စိုးရိမ်လွန်းလို့ ကျမဟာ ပါတီအဖွဲ့အစည်းများ မထောင်ချင်ဘူး။ ဒါပေမဲ့လည်း (၁၈) ရက်နေ့ စက်တင်ဘာနောက်ပိုင်းကျတော့ နိုင်ငံရေးအရ လှုပ်ရှားပိုင်ခွင့် အတိုင်းအတာတခုအထိ ရှိအောင်လို့ဆိုပြီးတော့ ပါတီအဖွဲ့အစည်းများ တရားဝင်မှတ်ပုံတင်ပြီးတော့ ဒီမိုကရေစီအင်အားစုများ လှုပ်ရှားလာခဲ့ရပါတယ်။ ဒီလို ပါတီများထောင်ပြီးတော့ လှုပ်ရှားခဲ့ရပေမယ့်လည်း အမျိုးသားရေးလှုပ်ရှားမှုကြီးတခု

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်တယ်ဆိုတာလည်း အားလုံးသိပြီးသားပဲ။ အမျိုးသားရေးစိတ်ဓာတ်နဲ့သာလုပ်ဖို့ အရေးကြီးပါတယ်။ ကျမတို့ရဲ့ ကျောင်းသားလူငယ်များဟာ တက်တက်ကြွကြွ၊ သတ္တိရှိရှိနဲ့ ၁၉၈၈ က နိုင်ငံရဲ့ အစဉ်အလာအတိုင်း လှုပ်ရှားမှုထဲမှာ ပါဝင်ခဲ့တယ်။ ဒီလိုပါဝင်ခဲ့တဲ့ ကျောင်းသားများရှေ့ရေးအတွက် ကျမတို့ဟာ ရှန်းကန်ရမယ်။ ဒီလိုပါဝင်ခဲ့တဲ့ ကျောင်းသားများဟာ နောင်ပြန်ပြီးတော့ ပညာကို အေးအေးဆေးဆေးနဲ့ ဆက်လက်သင်ပြီးတော့ ပညာပြည့်စုံတဲ့အခါကျတော့ တိုင်းပြည်အကျိုးကို ထမ်းဆောင်လာနိုင်မယ့် အခြေအနေရောက်သွားအောင်လို့ ကျမတို့အားလုံး ကူညီပေးရမယ်။ လူငယ်များ ရှေ့တက်နိုင်ဖို့အတွက် လူလတ်များ၊ လူကြီးများကနေပြီးတော့ ရှေ့က လမ်းခင်းပေးရမှာဖြစ်ပါတယ်။ အခုဆိုလို့ရှိရင် ဒီမိုကရေစီလမ်းကို ကျမတို့အားလုံး ဝိုင်းပြီးခင်းနေပါတယ်။ ဒီလို အားလုံးဝိုင်းပြီးတော့ ခင်းနေတဲ့နေရာမှာ တယောက်အပေါ်တယောက် စေတနာရှိရှိ၊ တယောက်အပေါ်တယောက် နားလည်မှုရှိရှိနဲ့ ကူညီသွားမယ်ဆိုလို့ရှိရင် လမ်းကြီးဟာ မြန်မြန်ဆန်ဆန် ပြီးသွားမှာပါ။ ဒီလမ်းကြီးခင်းတယ်ဆိုတာ နိုင်ငံရေးအင်အားစုများ အေးအေးချမ်းချမ်း၊ သာသာယာယာ၊ ကြွကြွရွရွနဲ့ လျှောက်သွားဖို့ မဟုတ်ပါဘူး။ ပြည်သူလူထု အေးအေးချမ်းချမ်း၊ သာသာယာယာ၊ ဂုဏ်သိက္ခာရှိရှိနဲ့ လျှောက်သွားဖို့ဖြစ်ပါတယ်။ ကျမတို့ဟာ လမ်းခင်းသမားများဆိုတဲ့ စိတ်ဓာတ်ထားဖို့ လိုပါတယ်။ မြန်မာပြည်တဝှမ်းလုံးမှာ လျှောက်ပြီးတော့ ကြည့်လိုက်လို့ဆိုလို့ရှိရင် လမ်းအလုပ်သမားများဟာ အပင်ပန်းဆုံးပဲဆိုတာ အားလုံး မြင်ပါလိမ့်မယ်။ အုတ်တွေကိုလည်း ခွဲရတယ်၊ နေပူကျဲကျဲကြီးထဲမှာ ဒီအုတ်တွေကို ခင်းရတယ်။ ကတ္တရာဆီပူပူနဲ့ အလုပ်လုပ်ရတယ်။ အခုခေတ်တော့ ကတ္တရာဆီက နည်းနည်းနဲ့ သွားလို့ အလုပ်တော့ နည်းနည်းသက်သာတာပေ့ါလေ။ ဒါပေမဲ့ ဒီအလုပ်တွေဟာ မပြီးပြတ်သေးပါဘူး။ အဲ့တော့ ကျမတို့ဟာလည်း ဒီအတိုင်းပါပဲ။ အင်မတန်မှ ပင်ပန်းနွမ်းနယ်တဲ့ အလုပ်တွေကို လုပ်ရမယ်။ နေပူကျဲကျဲကြီးထဲမှာ နေပူခံရမယ်။ ဒီ မတော်မတရားတဲ့ တရားဥပဒေအုတ်တွေကို ဆန့်ကျင်တဲ့အနေနဲ့ ကျမတို့ကနေ ခွဲပစ်ရမယ်။ ဒီအုတ်တွေကို ခွဲပစ်ပြီးတော့ ပြည်သူလူထုနင်းနိုင်တဲ့ အခြေအနေဖြစ်အောင်လို့ ကျမတို့ လမ်းကို ချောမောအောင်လုပ်သွားရမယ်။ ဒီလိုချောမောအောင်လုပ်သွားမှ ကျမတို့ရဲ့ အိပ်မက်ကို အကောင်အထည်ဖော်နိုင်ပါမယ်။ အိပ်မက်သာမက်တဲ့ လူဆိုတာ အင်မတန်မှ အားနည်းတဲ့လူပါ။ ဒါပေမဲ့ ကိုယ့်အိပ်မက်ကို အကောင်အထည်ဖော်နိုင်တဲ့ လူဆိုတာဟာ တကယ့်အာဂသူရဲကောင်းကြီးပဲ။ အိပ်မက်တခုကို မက်ပြီးတော့ အကောင်အထည်ဖော်ဖို့ဆိုတာဟာ ကျမတို့ရဲ့ အခု တာဝန်ကြီးတရပ် ဖြစ်လာပါတယ်။ ကျမတို့မှာ တာဝန်ကြီး ၁၊ ၂၊ ၃၊ ၄ တွေ ရှိဖို့မလိုပါဘူး။ တာဝန်ကြီးတရပ် ရှိဖို့သာ လိုအပ်ပါတယ်။ ဒီမိုကရေစီအောင်မြင်ရေးအတွက်ပဲ။

ကျမတို့ဟာ ကျမတို့ရဲ့ လူမှုရေးအရပဲလား။ ဘာကြောင့်လဲတော့ မသိဘူး။ ကျမတို့ရဲ့နိုင်ငံမှာ ညီညွတ်မှုဆိုတာ သိပ်ပြီးတော့ မရှိခဲ့ဘူး။ တယောက်နဲ့တယောက် မနာလိုတယ်၊ ဝန်တိုတယ်ဆိုတာ အင်မတန်မှ များခဲ့တယ်။ ဒါလည်း ကျမ ခဏခဏ မိတ်ဆွေများနဲ့လည်း ဆွေးနွေးပါတယ်။ ကျမတို့ရဲ့ လူငယ်များနဲ့လည်း ဆွေးနွေးတယ်။ လူကြီးတွေနဲ့လည်း ဆွေးနွေးတယ်။ ဘာဖြစ်လို့ ကျမတို့နိုင်ငံမှာ ဒီလောက်တောင်မှ မနာလိုဝန်တိုစိတ်တွေ များသလဲ။ ကျမ နိုင်ငံတွေ အများကြီး ရောက်ဖူးပါတယ်။ နိုင်ငံခြားသားတွေ တော်တော်များများနဲ့ ကျမ ဆွေးနွေးဖူးတယ်။ ဒီကိစ္စတွေ ပြောဖူးတယ်။ တခြားနိုင်ငံတွေမှာလည်း မနာလိုဝန်တိုစိတ်တွေ မရှိဘူး မဟုတ်ပါဘူး။ လူတွေရှိတဲ့ အသိုင်းအဝိုင်းမှာ ဆိုလို့ရှိရင် ဒီဝန်တိုစိတ်တွေ ရှိမှာပဲ။ ဒါပေမဲ့ ကျမတို့နိုင်ငံမှာတော့ ထူးထူးခြားခြား ဒီမနာလိုဝန်တိုစိတ်တွေဟာ ကျမတို့ရဲ့ နိုင်ငံရေးအောင်မြင်မှုတွေ မရအောင်လို့ ဝင်ဝင်ပြီးတော့ ရှုတ်နေတယ်ဆိုတာ မြင်ရပါတယ်။ ဒါ ဘာဖြစ်လို့လဲ။ ကျမ ဒီပြဿနာရဲ့ ဇစ်မြစ်ကို ရှာရမယ်။ ဒီပြဿနာရဲ့ ဇစ်မြစ်ကိုရှာမှ ဒီပြဿနာကို ကျမတို့ ပြေလည်အောင် ဖြေရှင်းနိုင်မှာဖြစ်ပါတယ်။

အခုလို ဒီမိုကရေစီအင်အားစုတွေက အားလုံးစုဝေးနေတာဟာ ပထမဦးဆုံး ဒီပြဿနာကို ဖြေရှင်းဖို့ လမ်းစဉ်ပေါ်ကို ရောက်လာပြီလို့ ကျမ မြင်ပါတယ်။ ဒီပြဿနာကို ကျမတို့ ဖြေရှင်းရမယ်။ ပါတီတခုက အာဏာရှင်ကြီးလို့ နာမည်ကြီးနေလို့ ငါတို့ မလိုလားဘူးဆိုတဲ့ စိတ်တွေရှိနေလို့ မဖြစ်ပါဘူး။ ဒီမှာ ကျမ တောင်းပန်ချင်ပါတယ်။ ဒီမှာ ကျမ အာဏာဆိုတဲ့ စကားလုံးလေး သုံးမိတယ်။ ဒီ အာဏာဆိုတဲ့ စကားလုံးကို အခုအချိန်မှာ ကျမတို့ မသုံးတာ အကောင်းဆုံးပဲလို့ ထင်ပါတယ်။ ဒီလို နဝတ အစိုးရအနေနဲ့ အာဏာဆက်သုံးမယ်၊ အာဏာဆက်သုံးမယ်ဆိုပြီးတော့ ပြည်သူလူထုကို ခြိမ်းခြောက်နေတာဟာ အင်မတန်မှ ရှက်စရာကောင်းပါတယ်။ ကျမ ကြားတိုင်း၊ ကြားတိုင်း နဝတအတွက်လည်း ရှက်တယ်။ ကျမတို့နိုင်ငံအတွက်လည်း ရှက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

ဒီလိုအုပ်ချုပ်နေတဲ့ လူတစုဟာ လက်နက်ကိုလည်း ကိုင်ထားတယ်၊ အာဏာကိုလည်း ကိုင်ထားတယ်။ ပြောင်ပြောင်တင်းတင်း လက်နက်မဲ့တဲ့ ပြည်သူလူထုကို အာဏာဆက်သုံးမယ်လို့ ပြောနေတာဟာ အင်မတန်မှ မသင့်တော်တဲ့ကိစ္စပါ။ ဒါကို ကျမတို့ ဒီမိုကရေစီအင်အားစုတွေက ဝိုင်းပြီးတော့ ကန့်ကွက်ရမယ်။ ဝိုင်းပြီးတော့ ပြည်သူလူထုကို အကာအကွယ်ပေးရမယ်။ ဘာဖြစ်လို့ ဒီ နိုင်ငံရေးအဖွဲ့အစည်းတွေ ဖွဲ့ထားသေးလဲ။ ပြည်သူလူထုနဲ့ အာဏာပိုင်များကြားထဲမှာ အခုအခံတခုရှိဖို့ ဖွဲ့ထားတာပေါ့။ အစတုန်းက ဘာဖြစ်လို့ ဒီနိုင်ငံရေးအဖွဲ့အစည်းတွေ မှတ်ပုံတင်ခွင့်ပေးသလဲ။ နိုင်ငံရေးအဖွဲ့အစည်းတွေကို မှတ်ပုံတင်ခွင့်ပေးတယ်ဆိုကတည်းက နိုင်ငံရေးအဖွဲ့အစည်းများဟာ ပြည်သူလူထုရဲ့ နိုင်ငံရေးလိုလားချက်တွေကို ပြောဆိုပိုင်ခွင့်ရှိတဲ့ အဖွဲ့အစည်းတွေဆိုတာ အသိအမှတ်ပြုထားတာနဲ့ အတူတူပဲ။ ဒီတော့ ပြည်သူလူထု (၃၉) သန်းနဲ့ဆွေးနွေးဖို့၊ ညှိနှိုင်းဖို့၊ တိုင်ပင်ဖို့ဆိုတာ မလွယ်တာကြောင့်မို့လို့ ဒီနိုင်ငံရေးအဖွဲ့အစည်းတွေနဲ့တော့ ဆွေးနွေးသင့်တယ်၊ ညှိနှိုင်းသင့်တယ်၊ တိုင်ပင်သင့်တယ်ဆိုတာ အားလုံးကလည်း သိမှာဖြစ်ပါတယ်။ ဒါတင်မကသေးဘူး။ ဒီ (၂၀၀) ကျော်ကနေပြီးတော့ တဖြေးဖြေးဆွေးနွေးဖို့၊ တိုင်ပင်ဖို့၊ ညှိနှိုင်းဖို့ လွယ်အောင်ဆိုပြီးတော့ ကျမတို့ကနေပြီးတော့ ကိုယ်စားလှယ်တွေ တနေ့နဲ့တနေ့ ပိုပြီး နည်းလာအောင်လို့ ဆိုပြီးတော့ ကြိုးစားနေပါတယ်။ ဒါပေမဲ့ ဒီဘက်က ဘယ်လိုပဲ ကြိုးစားကြိုးစား နဝတဘက်ကလည်း ကြိုးစားချင်မှ အောင်မြင်နိုင်မှာပါ။ ညှိနှိုင်းဖို့၊ ဆွေးနွေးဖို့ဆိုတာ နှစ်ဦးနှစ်ဖက်စလုံးက လုပ်မှဖြစ်တာပါ။ ဗိုလ်ချုပ်ကြီးစောမောင်အနေနဲ့ သမိုင်းရဲ့ အပြစ်တင်ခံခြင်းကို မလိုလားဘူးဆိုလို့ရှိရင်တော့ ဦးနေဝင်းရဲ့ နည်းနာတွေကို ဆက်ပြီးတော့ သုံးသွားလို့ မဖြစ်ပါဘူး။ ဦးနေဝင်းကဲ့သို့ ပြည်သူလူထုနဲ့ ညှိနှိုင်းခြင်း၊ တိုင်ပင်ခြင်း၊ ဆွေးနွေးခြင်း မလိုလားတဲ့ အနေအထားတွေကို ကျမတို့ ပြောင်းလဲရမယ်။ လူထုနဲ့ မဆွေးနွေးချင်ဘူး၊ မတိုင်ပင်ချင်ဘူး၊ မညှိနှိုင်းချင်ဘူးဆိုတာ လူထုကို အသိအမှတ်မပြုတာဘဲ။ ပြည်သူလူထုကို နေရာမထားတာဘဲ။ ဒီတော့ အခုအချိန်မှာ နိုင်ငံရေးအဖွဲ့အစည်းများနဲ့တောင်မှ မညှိနှိုင်းဘူး၊ မတိုင်ပင်နိုင်ဘူးဆိုရင် ပြည်သူလူထုနဲ့ ဘယ်လိုလုပ်ညှိနှိုင်း၊ တိုင်ပင်နိုင်မလဲ။ ပြည်သူလူထုနဲ့ ဘယ်လိုလုပ်နားလည်မှု ယူနိုင်မလဲ။ (၂၀၀) ကျော်နဲ့ နားလည်မှု မယူနိုင်ဘူးဆိုလို့ရှိရင် (၃၈) သန်းကျော်နဲ့ နားလည်မှုယူနိုင်ဖို့ အင်မတန်မှ ခဲယဉ်းပါလိမ့်မယ်။ အဓိကတော့ ဒီ (၃၈) သန်းကျော်နဲ့ နားလည်မှုယူနိုင်ဖို့အတွက်ပဲ။ ဒါကို ဦးတည်ပါ။ ဗိုလ်ချုပ်ကြီးစောမောင်ဟာ အခုချိန်မှာတော့ တိုင်းပြည်ရဲ့ အစိုးရအကြီးအကဲတယောက် ဖြစ်နေပါတယ်။ တိုင်းပြည်ရဲ့ အစိုးရရဲ့ အကြီးအကဲတယောက်ဆိုတာဟာ အကြီးအကဲတယောက်ပီပီတော့ ဆက်ဆံရမယ်။ အကြီးအကဲတယောက်ပီပီတော့ လုပ်ဆောင်သွားသင့်တယ်လို့ ကျမ ထင်ပါတယ်။ ဒါကြောင့် ဗိုလ်ချုပ်ကြီးစောမောင်ကို ကျမ ပြောလည်း ပြော၊ စာလည်း ရေးထားပါတယ်။ ဒီကနေ့ ကျမ ပြောချင်ပါတယ်။ ကျမတို့ဟာ ညှိနှိုင်းချင်တယ်၊ ဆွေးနွေးချင်တယ်၊ တိုင်ပင်ချင်တယ်ဆိုတာ စကားရည်လုပွဲလုပ်ချင်လို့ မဟုတ်ပါဘူး။ အရှုံးအနိုင် ဆုံးဖြတ်ချင်လို့ မဟုတ်ပါဘူး။ ပြည်သူလူထုအတွက် အကောင်းဆုံး အဖြေရှာချင်လို့ ဖြစ်ပါတယ်။ ဒါဟာ ကျမတို့ ဒီမိုကရေစီအင်အားစုများရဲ့ ရည်ရွယ်ချက်ဖြစ်ပါတယ်။ ဒီအတိုင်းပဲ ကျမတို့ ဆက်ပြီးတော့ လုပ်သွားပါမယ်။ နောင်ကျလို့ရှိရင် သမဂ္ဂကြီးကိုဖြိုလိုက်သလို ထပ်ပြီးတော့ ဒီမိုကရေစီအဆောက်အအုံများ မဖြိုနိုင်အောင်လို့ ကျမတို့ကနေပြီးတော့ အခုကနေစပြီး တနိုင်ငံလုံးကို အကာအကွယ်ပေးသွားနိုင်တဲ့ အင်အားစုကြီးဖြစ်ဖို့ အရေးကြီးပါတယ်။ ဒီအင်အားစုကြီးဟာ တိုင်းပြည်အတွက် အကောင်းဆုံးအဖြေကို ဆက်လက်ပြီးတော့ ရှာသွားပါမယ်။ တနေ့နဲ့တနေ့ အဖြေဆိုတာလည်း၊ အကောင်းဆုံးအဖြေဆိုတာလည်း ပြောင်းလဲရင်လည်း ပြောင်းလဲနေပါလိမ့်မယ်။ ကျမတို့ဟာ တိုင်းပြည်အခြေအနေတွေ ပြောင်းလဲသလို လိုက်ပြီးတော့ ပြောင်းလဲနိုင်တဲ့ အရည်အချင်းတွေ ရှိရမယ်။ ပြည်သူလူထု အခြေအနေပြောင်းလဲသလို လိုက်ပြီးတော့ ပြောင်းလဲနိုင်တဲ့ အရည်အချင်းတွေ ရှိရမယ်။ တနေရာကနေ အကာအကွယ်ပေးလို့ မလုံလောက်ရင် နောက်တနေရာကနေ ရွှေ့ပြီးတော့ ပြည်သူလူထုကို အကာအကွယ်ပေးရမယ်။ ဒါဟာ ကျမတို့ရဲ့ အဓိက ဒီမိုကရေစီတာဝန်ပါ။ ဒီ ဒီမိုကရေစီတာဝန်ကို ကျမတို့အားလုံး ဝိုင်းပြီးတော့ ညီညီညွတ်ညွတ်နဲ့ ထမ်းဆောင်ကြပါ။ ဒီသမဂ္ဂကြီးကို တနေ့ကျလို့ရှိရင် ကျမတို့ ဒီမိုကရေစီအင်အားစုများဟာ နောင်မပြိုကွဲနိုင်အောင်လို့ ပြန်ပြီးတော့ တည်ဆောက်ရမှာဖြစ်ပါတယ်။ ဒီလိုတည်ဆောက်တဲ့အခါမှာ သမဂ္ဂကြီးဟာ ကျောင်းသားသမဂ္ဂတင်မဟုတ်ဘူး။ ဒီမိုကရေစီသမဂ္ဂကြီး၊ ဒီမိုကရေစီအဆောက်အအုံကြီးဖြစ်ရမယ်။ ဒီနိုင်ငံမှာ နောင်ခေတ်အဆက်ဆက် တည်တံ့ခိုင်မြဲသွားမယ့် ဒီမိုကရေစီအဆောက်အအုံကြီးကို ကျမတို့အားလုံးဟာ ပင်ပန်းတကြီးနဲ့ ဆောက်သွားဖို့

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပါတယ်။ စိတ်ဓာတ်မကျကြပါနဲ့။ ကျမတို့မှာ စိတ်ဓာတ်ကျစရာ မရှိပါဘူး။ အခုအချိန်မှာ ခြိမ်းခြောက်မှုအမျိုးမျိုး ရှိပါတယ်။ ခြိမ်းခြောက်မှုအမျိုးမျိုး ကြားထဲကနေပြီးတော့ ကျမတို့ သတ္တိနဲ့ လုပ်သွားလို့ရှိရင် အောင်မြင်မယ်လို့ ထင်ပါတယ်။ တနေ့နဲ့တနေ့ ညီညွတ်မှုအင်အားဟာလည်း များလာတာ ကျမ တွေ့ရပါတယ်။ စည်းကမ်းဟာလည်း ပိုပြီးတော့ ကြီးလာတာ တွေ့ရပါတယ်။ ကျမတို့ဘက်က ညီညွတ်မှုအင်အားဟာ ကြီးလာလေလေ၊ စည်းကမ်းဟာ ကြီးလာလေလေ၊ ဒီမိုကရေစီကို မလိုလားတဲ့ဘက်က ကြောက်လေလေဆိုတာ ဖြစ်ပါလိမ့်မယ်။ ကြောက်လို့လည်း ကျမတို့ကို ဖျက်ဆီးဖို့၊ ထိုးနှက်ဖို့ ကြိုးစားပါလိမ့်မယ်။ ဒါကြောင့် ကျမတို့ဟာ သတိနဲ့ ဝိရိယနဲ့ စုးစုးစမ်းစမ်း၊ ဆင်ဆင်ခြင်ခြင် တယောက်နဲ့တယောက် တိုင်ပင်ပြီးတော့ လုပ်သွားဖို့ လိုပါတယ်။ နောင် ဆက်လာမယ့် လတွေထဲမှာဆိုလို့ရှိရင် ကျမတို့ရဲ့ ဒီမိုကရေစီအင်အားစုတွေဟာ တယောက်နဲ့တယောက် နားလည်မလွဲအောင်လို့ ကြိုးစားကြပါ။ အဆက်မပြတ် အဆက်အသွယ်လုပ်ကြပါ။ တယောက်ကိုတယောက် အထင်အမြင်မလွဲကြပါနဲ့။ အင်အားတွေကို စုကြပါ။ ကျမတို့အနေနဲ့လည်း ဒီလိုအင်အားစုတွေကို စုပြီးတော့ တိုင်းပြည်ကောင်းကျိုးအတွက် ပြည်သူ့ကောင်းကျိုးအတွက် လုပ်ချင်တဲ့ဆန္ဒတွေ ရှိပါတယ်။ ကျမကို ဒီမိုကရေစီအင်အားစုတွေရဲ့ ကိုယ်စားလှယ်အနေနဲ့ တင်မြှောက်လိုက်တဲ့အထဲမှာ ကျမဟာ ဖေဖေ့သမီးဖြစ်လို့ဆိုတဲ့ အကြောင်းဟာ အဓိကပဲဆိုတာ ကျမ သိပါတယ်။ ကျမကို ဗိုလ်ချုပ်အောင်ဆန်းသမီးအနေနဲ့ တိုင်းပြည်က လက်ခံတာမဟုတ်လားလို့ မေးလို့ရှိရင် ကျမ ဟုတ်ပါတယ်လို့ပဲ ပြောပါတယ်။ ဒါဟာ ကျမအတွက် နာကျင်စရာမဟုတ်ပါဘူး။ ဒါဟာ ဂုဏ်ယူစရာပါ။ ကျမအနေနဲ့ ဖေဖေ့သမီးမို့လို့ နေရာပေးတာဆိုလို့ မနာပါဘူး။ ဒါဟာ ကျမရဲ့ စိတ်ဓာတ်၊ စိတ်ဓာတ်အားဖြင့် အင်မတန်မှ ဂုဏ်ယူစရာကိစ္စပဲလို့ ကျမ ထင်ပါတယ်။ ဒါကြောင့် ဖေဖေလိုချင်တဲ့ ပြည်ထောင်စုကြီး ထူထောင်ဖို့ ဆိုပြီးတော့ ကျမ အင်မတန်မှ စိတ်သန်ပါတယ်။ ဖေဖေဟာ ညီညီညွတ်ညွတ်နဲ့ ပြည်ထောင်စုကြီးတခုကို ထူထောင်သွားစေချင်တယ်။ ဒီအတိုင်းပဲ ကျမ လုပ်သွားချင်ပါတယ်။ ဒါကြောင့် ဒီမိုကရေစီအင်အားစုတွေကို ကျမ ကတိပေးနိုင်ပါတယ်။ ဖေဖေရဲ့ စိတ်ဓာတ်အပေါ်တော့ ကျမ ဘယ်တော့မှ သစ္စာမဖောက်ဘူး။ ဖေဖေ လိုချင်တဲ့ ဒီလိုသစ္စာရှိရှိနဲ့ ဒီမိုကရေစီအင်အားစုတွေပေးတဲ့ တာဝန်မှန်သမျှကိုလည်း ကျမ ဆက်လက်ပြီးတော့ ထမ်းဆောင်သွားပါ့မယ်။ ယုံယုံကြည်ကြည်နဲ့ ကျမအပေါ်မှာ တာဝန်ပေးလို့ရှိရင် ကျမ တတ်နိုင်သရွေ့ သစ္စာရှိရှိနဲ့ ထမ်းဆောင်သွားပါမယ်။ တိုင်းပြည်ရဲ့ တာဝန်၊ ပြည်သူရဲ့ တာဝန်၊ ဒီမိုကရေစီအင်အားစုများရဲ့ တာဝန်ကို အစဉ်အမြဲပဲ ထမ်းဆောင်သွားရင်းနဲ့ ကျမတို့အားလုံး ဒီမိုကရေစီပန်းတိုင်ကြီးကို ရောက်မယ်လို့ ကျမ ယုံကြည်ပါတယ်။

နိဂုံးချုပ်အားဖြင့် ပြောရမယ်လို့ရှိရင် ဒီနေ့ဒီရက်ဟာ ကျောင်းသားလူငယ်များ ကျဆုံးသွားရတဲ့ နေ့လည်းဖြစ်တယ်။ ဒီလိုကျောင်းသားလူငယ်များ ကျဆုံးသွားရလို့ ကျမတို့တိုင်းပြည်ရဲ့ အနာဂတ်အရေးအတွက် အင်မတန်မှ နစ်နာသွားပါတယ်။ အခု ကျမတို့လုပ်နေတာဟာ တိုင်းပြည်ရဲ့ အနာဂတ်ကို ပြန်လည်ပြီးတော့ တည်ဆောက်ဖို့ပဲ။ တိုင်းပြည်ရဲ့ အနာဂတ်မို့လို့ လုပ်နေတာဖြစ်တာကြောင့်မို့လို့ အနာဂတ်အတွက် ပစ္စုပ္ပန်မှာ ဘာပဲ စွန့်စားရ စွန့်စားရ၊ ဘာပဲ စွန့်လွှတ်ရ စွန့်လွှတ်ရ စွန့်လွှတ်ပါမယ်။ စွန့်စားပါမယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ ဆက်လက်ပြီးတော့ ချီတက်သွားကြပါလို့ ကျမ တောင်းပန်ရင်းနဲ့ နိဂုံးချုပ်ပါတယ်။

၁၉

*ဇူလိုင် ခုနစ်ရက်နေ့*

ဖဆပလ အဖွဲ့ချုပ်ရုံး၌ ၇–၇–၈၉ နေ့တွင် ပြောကြားသည့် မိန့်ခွန်း

* * *

www.burmeseclassic.com

www.burmeseclassic.com

ကျမတို့ ဇူလိုင်လ (၇) ရက်နေ့ဟာ သမဂ္ဂပြိုကွဲတဲ့နေ့လည်း ဖြစ်ပါတယ်။ ကျောင်းသားလူငယ်များ ကျဆုံးတဲ့နေ့လည်း ဖြစ်ပါတယ်။ ဒီတော့ ဒီနေ့ဟာ ပညာရေးနဲ့လည်း သက်ဆိုင်တယ်။ နိုင်ငံရေးနဲ့လည်း သက်ဆိုင်ပါတယ်။ အဲဒီတော့ ဒီနေ့နဲ့ပတ်သက်လို့ နိုင်ငံရေးကိစ္စများ၊ ပညာရေးကိစ္စများ ပြောတဲ့အခါ အတိတ်၊ ပစ္စုပ္ပန်နဲ့ အနာဂတ်ဟာ ဆက်စပ်နေတယ်ဆိုတာ ကျမတို့ သတိထားဖို့လိုပါတယ်။ ဒီတော့ အတိတ်က ဖြစ်ခဲ့တဲ့ နိုင်ငံရေးပြဿနာများကို လေ့လာတဲ့အခါမှာ အခုပစ္စုပ္ပန်မှာ ဘယ်လိုဖြစ်နေတယ်ဆိုတာ ကျမတို့ ကြည့်ရမယ်။ ကျောင်းသားသမဂ္ဂကို ဘာဖြစ်လို့ဖြိုခွဲသွားသလဲ။ ဘယ်သူက ဖြိုခွဲသွားသလဲ။ ဘယ်လိုအကြောင်းကြောင်းတွေကြောင့် ဖြိုခွဲသွားသလဲဆိုတာ ကျမတို့ ပြန်ပြီးတော့ ကြည့်ရမှာပဲ။ ဘယ်လိုနည်းတွေနဲ့ ဖြိုခွဲသွားသလဲဆိုတာ ကျမတို့ ပြန်ပြီးတော့ ကြည့်ရပါလိမ့်မယ်။

၁၉၆၂ ကျောင်းသားများကို ပစ်သတ်ခြင်း၊ ကျောင်းသားသမဂ္ဂကို ဖြိုခွဲခြင်းမဖြစ်ခင်မှာ ကျောင်းသားများဟာ အဲ့ဒီတုန်းက စစ်အာဏာပိုင်များနဲ့ ဆွေးနွေးပါ။ ညှိနှိုင်းပါဆိုပြီးတော့ တောင်းဆိုခဲ့တယ်။ ဒါကိုလည်း ငြင်းခဲ့တယ်။ ဒီစစ်အာဏာပိုင်များဟာ ကျောင်းသားများနဲ့ ကျောင်းသားသမဂ္ဂအရေးကို ဖြေရှင်းတဲ့နေရာမှာ Aid to Civil Power လုပ်သင့်လုပ်ထိုက်တဲ့ စည်းမျဉ်းများကို မလိုက်နာဘဲ ရက်ရက်စက်စက် သတ်ဖြတ်ခဲ့တယ်။ အဲဒီတော့ ဖြေရှင်းတဲ့နည်း၊ ညှိနှိုင်းတိုင်ပင်တဲ့နည်းကို ငြင်းဆန်ခဲ့တဲ့ Aid to civil Power ဆိုတဲ့ တပ်မတော်တခုအနေနဲ့ ထိန်းသင့်ထိန်းထိုက်တဲ့ စည်းမျဉ်းတွေကို မထိန်းခဲ့တာကတော့ ဦးနေဝင်းပဲ။ အဲ့ဒီဟာကို အားလုံးရင်ဆိုင်ရမယ်။

ကျမ ဒီလိုပြောနေရခြင်းအကြောင်းဟာ ဦးနေဝင်းကို သက်သက် ပုဂ္ဂိုလ်အရ တိုက်ခိုက်ချင်လို့မဟုတ်ဘူး။ အခု ပစ္စုပ္ပန်ဖြစ်နေတဲ့ ကိစ္စတွေနဲ့ ဆက်နွယ်နေလို့ပါ။ တနေ့တုန်းက ဗိုလ်ချုပ်ကြီးစောမောင်ဟာ မိန့်ခွန်းပြောသွားပါတယ်။ အဲဒီမိန့်ခွန်းထဲမှာ Aid to Civil Power ဆိုတာ သူ အယုံအကြည်မရှိဘူးဆိုတာကိုလည်း ပြောသွားပါတယ်။ ဒ့ီအပြင် ညှိနှိုင်းဆွေးနွေးတိုင်ပင်ခြင်းကို မလိုလားဘူးဆိုတဲ့ သဘောထားကိုလည်း ဖော်ပြသွားပါတယ်။ အဲဒီတော့ အဲဒီသဘောထားတွေဟာ ဦးနေဝင်း သဘောထားတွေနဲ့ တထပ်ထဲပါပဲ။ ဦးနေဝင်းရဲ့ သဘောထားတွေနဲ့ တထပ်ထဲမို့လို့ အခုထိတိုင်အောင် ဦးနေဝင်းရဲ့ သြဇာအာဏာဟာ မြန်မာနိုင်ငံပေါ်မှာ လွှမ်းမိုးနေတယ်ဆိုတာ အင်မတန်မှ ထင်ရှားပါတယ်။

ကျမတို့ နိုင်ငံရေးပြဿနာတွေကို မှန်မှန်ကန်ကန် မရင်ဆိုင်နိုင်လို့ရှိရင်တော့ ဘယ်နည်းနဲ့မှ ဖြေရှင်းနိုင်မှာမဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ ကျမ ဒီကိစ္စတွေကို ဖော်ပြတာပါ။ အခုအချိန်မှာ ဗိုလ်ချုပ်ကြီးစောမောင်ဟာ ဘယ်လိုပဲ ဦးနေဝင်းဟာ အငြိမ်းစားသွားပြီလို့ပြောပြော၊ ဦးနေဝင်းလုပ်တဲ့အတိုင်း ဆက်ပြီး လုပ်မယ်ဆိုလို့ရှိရင် ဦးနေဝင်းရဲ့ အာဏာအောက်မှာရှိတယ်လို့ပဲ ကျမတို့ သတ်မှတ်ရမှာပဲ။ ပြည်သူလူထုနဲ့ ကျောင်းသားလူငယ်များကို လက်နက်နည်းနဲ့ ဆက်ပြီးတော့ ချေမှုန်းဦးမယ်၊ ထိခိုက်ဦးမယ်ဆိုလို့ရှိရင်တော့လည်း ဦးနေဝင်းရဲ့ အမိန့်အရ လုပ်တယ်လို့ပဲ ကျမတို့ သတ်မှတ်ရမှာပဲ။ ဒီတော့ နဝတ အစိုးရအနေနဲ့ တကယ်ပဲ ဦးနေဝင်းရဲ့ သြဇာအာဏာအောက်ကနေပြီးတော့ လွတ်ကင်းတယ်ဆိုတာ ပြချင်လို့ရှိရင် ဦးနေဝင်းနည်းတွေကို ဆက်ပြီးတော့ မသုံးပါနဲ့တော့။ သမဂ္ဂကို ဖြိုခွဲတဲ့ ဦးနေဝင်း၊ ကျောင်းသားများကို သတ်ဖြတ်ခဲ့တဲ့ ဦးနေဝင်းရဲ့ နည်းတွေကို လုံးလုံးဆက်ပြီးတော့ မသုံးပါနဲ့တော့ ဆိုပြီးတော့ ကျမတို့ ဒီကနေ့ ဆက်ပြီးတော့ တောင်းဆိုရမှာပဲ။ ဒါ နိုင်ငံရေးအရဖြစ်ပါတယ်။ နိုင်ငံရေးအရ နိုင်ငံရေးပြဿနများကို နိုင်ငံရေးနည်းနဲ့ ဖြေရှင်းတယ်ဆိုတာ ညှိနှိုင်းဆွေးနွေးတိုင်ပင်တဲ့နည်းပါ။ အရင်တုန်းက နိုင်ငံခြားကိုလိုနီအစိုးရများတောင်မှ ဒီနည်းကို သုံးခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ကျမတို့အချင်းချင်း ဒီနည်းကို ပိုပြီးတော့ သုံးသင့်ပါတယ်။ အချင်းချင်း ညှိနှိုင်းရမယ်၊ ဆွေးနွေးရမယ်၊ တိုင်ပင်ရမယ်။ အများကောင်းကျိုးအတွက် ဆွေးနွေးရမှာ၊ ညှိနှိုင်းရမှာ၊ တိုင်ပင်ရမှာဖြစ်ပါတယ်။ ညှိနှိုင်း၊ ဆွေးနွေး၊ တိုင်ပင်တယ်ဆိုတာ စကားရည်လုပွဲမဟုတ်ပါဘူး။ အရှုံးအနိုင်ရှာတဲ့ပွဲမဟုတ်ပါဘူး။ ပြည်သူလူထုအတွက် အကောင်းဆုံး အဖြေရှာတဲ့ပွဲ ဖြစ်ပါတယ်။ ဒါကို ကျမတို့အားလုံး ဦးတည်ရမယ်။ ကျောင်းသားလူငယ်များဟာ လွတ်လပ်ရေးမရခင်ကတည်းက နိုင်ငံရေးမှာ ပါဝင်ခဲ့တယ်၊ ပါလည်း ပါဝင်သင့်ပါတယ်။ ကျမတို့အားလုံးမှာ တာဝန်ရှိပါတယ်။ ကျောင်းသားများဟာ နိုင်ငံရေးတာဝန်များလည်း ရှိတယ်။ ပညာရေးတာဝန်လည်း ရှိတယ်။ ပညာရေးတာဝန်ဆိုတော့ ကျောင်းသားများဟာ ပညာရှာဖို့ပဲ။ ဒါပေမဲ့ တန်ဖိုးရှိတဲ့ပညာဆိုတာ ဘာလဲ။ ကျမအမြင်တော့ တန်ဖိုးရှိတဲ့ပညာဆိုတာ အများကောင်းကျိုးအတွက် သုံးနိုင်တဲ့ ပညာသာဖြစ်ရမယ်။ အများကောင်းကျိုးအတွက် မသုံးနိုင်တဲ့ ပညာဟာ တန်ဖိုးမရှိနိုင်ဘူး။ ဒါကြောင့် ကျမတို့

www.burmeseclassic.com

www.burmeseclassic.com

ကျောင်းသားလူငယ်များဟာ အများကောင်းကျိုးအတွက် သုံးနိုင်တဲ့ ပညာမျိုးကို ရှာရမယ်။ ဒီလိုရှာတဲ့နေရာမှာ ပညာမာန်တက်ဖို့ မဟုတ်ပါဘူး။ ကျောင်းသားသမဂ္ဂ ဖြိုခွဲရေးကိစ္စနဲ့ပတ်သက်လို့ မနက်တုန်းက အခမ်းအနားမှာ ပါဝင်ခဲ့တဲ့ အရင်တုန်းက ကျောင်းသားဟောင်း ဦးတင်မောင်ဝင်းဟာ ပြောသွားပါတယ်။ အဲ့ဒီအချိန်အခါတုန်းက အပြင်မှာ တပ်တွေကရှိတယ်၊ တပ်မတော်သားများဟာ ရှိတယ်၊ အတွင်းမှာ ကျောင်းသားများဟာ ရှိတယ်၊ အဲသလို တပ်မတော်သားများက ကျောင်းသားများကို သေနတ်တွေနဲ့ ချိန်ထားတဲ့အခါကျတော့ ကျောင်းသားများဟာ ဒေါသဖြစ်ပြီးတော့ အော်လိုက်ကြတယ်တဲ့။ မင်းတို့ သုံးယောက်ပေါင်းလို့မှ (၇) တန်းအောင်ရဲ့လားလို့ ပြောလိုက်ကြတယ်တဲ့။ (သြဘာသံများ) ကျမနဲ့ နားလည်မှုလွဲပြီလို့ ထင်ပါတယ်။ ကျမ မပြောသင့်ဘူးလို့ ပြောမလို့၊ ဒီလိုဟာ မပြောသင့်ပါဘူး။ ဒီလို (ပြောတာဟာ) ပညာမာန်ပါတယ်လို့ ကျမ ထင်ပါတယ်။ ရဲဘော်များ၊ တပ်မတော်သားဟာလည်း ကျမတို့ရဲ့ နိုင်ငံသူ၊ နိုင်ငံသားအချင်းချင်းပဲ။ ဒီလိုတပ်မတော်ထဲကို ဝင်သွားရတဲ့ တပ်မတော်သားများဟာ ဘယ်လိုအခြေအနေက လာလဲဆိုတာ ကျမတို့ ပြန်ပြီးတော့ စဉ်းစားရမယ်။ တော်တော်များများဟာ ဆင်းရဲနွမ်းပါးတဲ့ မိသားစုထဲက လာတာပါ။ ကျမတို့တိုင်းပြည် ဆင်းရဲနေလို့ အဲ့ဒီလို ဆင်းရဲနွမ်းပါးတဲ့ မိသားစုတွေ ရှိနေတာပဲ။ အဲ့ဒီလို မိသားစုထဲက လူတွေဟာ တပ်မတော်ထဲကို ဝင်ကြတယ်။ တပ်မတော်ထဲမှာ တာဝန်ထမ်းဆောင်ကြတယ်။ အဲဒီတော့ ပညာဆိုတာနဲ့ပတ်သက်လို့ တခါထဲ ပြောသွားမယ်။ ဒီတပ်မတော်သားများဟာ ဟုတ်တယ်၊ သုံးယောက်ပေါင်းလို့ (၇) တန်းအောင်ချင်မှလည်း အောင်မယ်။ ဒါပေမဲ့ ဒါကြောင့်မို့လို့ ကျမတို့ဟာ နှိမ်ဖို့မလိုပါဘူး။ အရေးအခင်းတုန်းက ပြည်သူလူထုအော်သွားတဲ့ ကြွေးကြော်သံတခုရှိတယ်။ ဗိုလ်ချုပ်ပေးတဲ့ စစ်ပညာ၊ ကျောင်းသားပြည်သူ သတ်ဖို့ မဟုတ်ဘူးတဲ့။ အဲဒီတော့ တပ်မတော်သားများကို စစ်ပညာပေးထားတယ်။ စစ်ပညာဆိုတာ ဘာလဲ။ ပြည်သူလူထုကို ကာကွယ်ဖို့၊ ပြည်သူလူထုအကျိုး ထမ်းဆောင်တဲ့ပညာပဲ။ အဲ့ဒီလို ပြည်သူလူထုအကျိုး ထမ်းဆောင်တဲ့ ပညာမရှိလို့သာ တပ်မတော်သားများကို ပညာမရှိဘူးလို့ ကျမတို့ ပြောရမှာပဲ။ (၇) တန်းမအောင်လို့ မဟုတ်ဘူး၊ ဆယ်တန်းမအောင်လို့ မဟုတ်ဘူး။ တက္ကသိုလ်မရောက်လို့ မဟုတ်ဘူး။ မှန်မှန်ကန်ကန် ပြည်သူလူထုအကျိုး ထမ်းဆောင်ဖို့ ပေးထားတဲ့ပညာကို အလွဲသုံးစား လုပ်လို့သာဖြစ်တယ်။ ဒီတော့ ပညာဆိုတာဟာ တက္ကသိုလ်ကျောင်းသားများသာ ပိုင်ဆိုင်တာမဟုတ်ပါဘူး။ တပ်မတော်သားများလည်း ပိုင်ဆိုင်နိုင်တယ်။ မှန်ကန်တဲ့ စစ်ပညာကို ပိုင်ဆိုင်နိုင်တယ်။ ဒါပေမဲ့ ကျမတို့ (၂၆) နှစ်အတွင်းမှာ ကျောင်းသားတွေကိုလည်း မှန်ကန်တဲ့ တွေးခေါ်တတ်တဲ့ပညာကို မပေးထားဘူး။ တပ်မတော်သားတွေကိုလည်း မှန်ကန်တဲ့စစ်ပညာကို မပေးထားဘူး။ အဲ့ဒီလို မပေးတာလည်း ဦးနေဝင်းပဲ။ တရားခံကိုတော့ ကျမတို့အားလုံး သိရမယ်။ မျက်နှာချင်းဆိုင်ရမယ်။ ဒီလိုလူမျိုး နောင် ဒီတိုင်းပြည်မှာ မပေါ်လာအောင် ကျမတို့ လုပ်ရမယ်။ ဦးနေဝင်း ဘာဖြစ်လို့ ဒီတိုင်းပြည်ကို ဘယ်လောက်ကြာကြာ အုပ်စိုးသွားလဲ။ ကျမတို့အားလုံးကြောင့်ပဲ။ ပြည်သူလူထုက ဘာဖြစ်လို့ လူတယောက်ရဲ့ သြဇာအာဏာ၊ မှန်မှန်မလုပ်နိုင်တဲ့ လူတယောက်ရဲ့ သြဇာအာဏာ၊ တန်ဖိုးရှိတဲ့ ပညာကို နားမလည်တဲ့ လူတယောက်ရဲ့ သြဇာအာဏာကို ဒီတိုင်းပြည်ပေါ်မှာ ဒီလောက်ကြာကြာ လွှမ်းမိုးခွင့်ပေးသွားသလဲ။ ဒါ ကျမတို့အားလုံးမှာ တာဝန်ရှိပါတယ်။ အခု ဒီမှာရှိတဲ့ ကျောင်းသားလူငယ်များကတော့ တာဝန်အကင်းလွတ်ဆုံးပဲ။ ဘာဖြစ်လို့လည်းဆိုတော့ အခုတောင်မှ (၂၆) နှစ်အရွယ်မရှိတဲ့ လူငယ်တွေ အများကြီးပါပဲ။ ငယ်ငယ်လေးတွေမို့လို့ မလုပ်နိုင်ဘူးလို့ ပြောနိုင်ပါတယ်။ ဒါပေမဲ့လည်း အားလုံးကတော့ တာဝန်ရှိတာပဲ။ ဘယ်လိုမှ ကျမတို့ဟာ ဒီတာဝန်အောက်က ရုန်းကန်ပြီးတော့ ထွက်လို့မဖြစ်ပါဘူး။ နိုင်ငံတနိုင်ငံရဲ့ ကံကြမ္မာကို ဖန်တီးတာဟာ နိုင်ငံသူ၊ နိုင်ငံသားအပေါင်းဖြစ်တယ်။ ဒီတော့ ကျမတို့အားလုံးဟာ တာဝန်ရှိခဲ့ပြီ။ အရင်တုန်းက အဖြစ်အပျက်တွေအတွက် တာဝန်ရှိခဲ့ပြီ။ မှားတဲ့နိုင်ငံရေးလမ်းစဉ်တွေ၊ မှားတဲ့ပညာရေးလမ်းစဉ်တွေနဲ့ ကျမတို့တိုင်းပြည်ဟာ နွံခဲ့ရပြီ။ နောင်ကျလို့ရှိရင် မှန်ကန်တဲ့ နိုင်ငံရေးလမ်းစဉ်နဲ့ မှန်ကန်တဲ့ ပညာရေးလမ်းစဉ်တွေသာ ဒီတိုင်းပြည်မှာ ရှိဖို့လိုပါတယ်။ ဒီတော့ ကျမတို့ရဲ့ ကျောင်းသားလူငယ်များဟာ အခုအချိန်မှာ ကျောင်းတွေပိတ်နေတယ်။ ပညာရေးနဲ့ ကင်းကွာနေတယ်ဆိုတာ ကျောင်းပညာရေးနဲ့ ကင်းကွာနေတယ်။ လောကထဲမှာ ပညာရှာနေရတယ်။ လောကကြီးထဲမှာ ပညာရှာနေတဲ့အခါ နိုင်ငံရေးအသိုင်းအဝိုင်းထဲမှာ ပညာရှာတဲ့အခါမှာလည်း တန်ဖိုးရှိတဲ့ပညာရှာဖို့ လိုပါတယ်။ အများအကျိုးအတွက်ဆိုတဲ့ ပညာ ရှာကြပါတယ်။ အများအကျိုးအတွက်ဆိုတဲ့ ပညာဟာ ကျောင်းတခါမှ မနေဖူးတဲ့ လူတောင်မှ ရှာနိုင်ပါတယ်။ ဒီလိုပညာတွေ ကျမတို့နိုင်ငံသူ၊ နိုင်ငံသားတွေမှာ

www.burmeseclassic.com

www.burmeseclassic.com

အားလုံးရှိလို့ရှိရင် ဒီတိုင်းပြည်က နိုင်ငံရေးစနစ်ကလည်း မှန်ကန်မယ်။ လူမှုရေးစနစ်ကလည်း မှန်ကန်မယ်။ လူမှုရေးစနစ်၊ နိုင်ငံရေးစနစ်၊ ပညာရေးစနစ်၊ စီးပွားရေးစနစ်ဆိုတာ အားလုံး ဆက်နွယ်နေပါတယ်။ ဒါလည်း အားလုံးသိပြီးသားပဲ။ ဒီတော့ မှန်ကန်တဲ့ပညာ ရှာရေးဆိုတာ မှန်ကန်တဲ့ နိုင်ငံရေးလုပ်ရေးလည်း ဖြစ်ပါတယ်။ တခါထဲနဲ့ ကျောင်းသားများဟာ နိုင်ငံရေးရော၊ ပညာရေးရော အောင်အောင်မြင်မြင် လုပ်သွားနိုင်ပါတယ်။ ဒီအချိန်မှာ ကျောင်းများပိတ်နေတာတောင်မှ အောင်အောင်မြင်မြင် လုပ်သွားနိုင်ပါတယ်။

အခုဆိုလို့ရှိရင် ခုနှစ် ဇူလိုင်လ (၇ ဇူလိုင်) သတိရတဲ့အခါမှာ အင်မတန်မှ ဝမ်းနည်းတယ်။ တို့ရဲ့တိုင်းပြည်မှာ အင်မတန်မှ ရိုင်းရိုင်းစိုင်းစိုင်း ပြုမူသွားကြတယ်။ ယဉ်ကျေးတဲ့ တိုင်းပြည်တခုမှာ မဖြစ်သင့်၊ မဖြစ်ထိုက်တဲ့ ဖြစ်ရပ်တွေဟာ ဖြစ်သွားကြတယ်။ ယဉ်ကျေးတဲ့တိုင်းပြည်တခု ပြန်ပြီးတော့ဖြစ်အောင် ကျမတို့ ကြိုးစားရမယ်။ ဒီလိုယဉ်ကျေးတဲ့ တိုင်းပြည်တခုဖြစ်ဖို့ဆိုတာကလည်း ကျောင်းသားလူငယ်များရဲ့ လက်ထဲမှာ ရှိပါတယ်။ စောစောက ဝိဓူရဦးချစ်မောင် ပြောသွားတဲ့အတိုင်းပဲ အနာဂတ်ဆိုတာကလည်း လူငယ်တွေရဲ့ လက်ထဲမှာ အများဆုံးပဲရှိပါတယ်။ ဒီအနာဂတ်ကို ချီတက်သွားတဲ့အချိန်မှာ မှန်မှန်ကန်ကန် ချီတက်သွားကြပါ။ ကျမတို့တိုင်းပြည်ရဲ့ ရှေ့ရေးကို အမြဲပဲကြည့်ပါ။ ဒါကြောင့် ကျမတို့ တမင်သက်သက် တပ်မတော်သားများရဲ့ ပညာရေးကို ထည့်ပြီးတော့ ပြောတာပါ။ တပ်မတော်နဲ့ပြည်သူ အစဉ်အမြဲကွဲနေလို့တော့ မဖြစ်ပါဘူး။ ဒီတပ်မတော်သားများဟာ အင်မတန်မှ ဆင်းရဲတဲ့ အသိုင်းအဝိုင်းများက လာတယ်ဆိုတာ ကျမတို့ သတိထားရမယ်။ ဒါကြောင့်မို့လို့ ကျမတို့မှာ ကြင်နာစိတ်တွေ ရှိရမယ်။ ဒီတပ်မတော်သားများဟာ ကျမတို့ တက္ကသိုလ်ကျောင်းသားတွေလို ပညာသင်ရတဲ့ အခွင့်အရေးတွေ မရှိခဲ့ဘူး။ တပ်မတော်ထဲမှာ ဦးနေဝင်းတို့လို ပုဂ္ဂိုလ်မျိုးပေးလိုက်တဲ့ စစ်ပညာတွေ၊ မမှန်မကန်တဲ့ စစ်ပညာတွေသာ ရှိခဲ့တယ်။ ဒီတော့ ဒီလိုမမှန်မကန်တဲ့ စစ်ပညာတွေအစား မှန်ကန်တဲ့အမျိုးသားရေးစိတ်ဓာတ်တွေ ကျမတို့ ပြန်ပြီးတော့ သွင်းပေးရမယ်။ ဒါ အားလုံးမှာ တာဝန်ရှိပါတယ်။ နိုင်ငံတနိုင်ငံဟာ အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်ဖို့၊ တည်တံ့ခိုင်မြဲ ဂုဏ်သိက္ခာရှိတဲ့တပ်မတော် ရှိဖို့ လိုပါတယ်။ အခုအချိန်မှာတော့ အထူးသဖြင့် စိတ်ဝမ်းကွဲနေတာကတော့ ကျောင်းသားတွေနဲ့ တပ်မတော်ကြားထဲမှာပဲ။ ဘာဖြစ်လို့လည်းဆိုတော့ တပ်မတော်လက်ထဲမှာ အခံရဆုံးက ကျောင်းသားတွေပဲ။ ဒါကြောင့်မို့လို့ ကျောင်းသားတွေရဲ့ စိတ်ထဲမှာ အင်မတန်မှ နာကျည်းနေကြတယ်။ ခဏခဏပဲ ကျမကို ပြောပါတယ်။ စစ်ဆိုလို့ ရေတောင်စစ်မသောက်ဖူးလို့ ကျမကို ပြောပါတယ်။ ရေ စစ်မသောက်လို့ရှိရင်တော့ ပိုးဝင်ရုံပဲရှိတယ်။ အဲဒီတော့ ကျမတို့ ဒီလိုစိတ်တွေ ထားလို့မဖြစ်ဘူး။ ကျောင်းသားများဟာ ပညာသင်တဲ့လူတွေပဲ။ ဒါကြောင့်မို့လို့ ပိုပြီးတော့ သဘောထားကြီးရမယ်။ ပိုကြီးတော့ အမြင်ကျယ်ရမယ်။ သဘောထားကြီးကြီး အမြင်ကျယ်ကျယ်နဲ့ ခွင့်လွှတ်နိုင်တဲ့ စိတ်ဓာတ်တွေ ရှိရမယ်။ ပညာမရှိတဲ့လူနဲ့ ရန်နေလို့၊ နဘမ်းသတ်နေလို့လည်း မသင့်တော်ပါဘူး။ ဒီတော့ ကိုယ်နဲ့ တန်းတူညီတူဖြစ်အောင် ပညာပေးပြီးမှ နဘမ်းသတ်တာမှ နဘမ်းသတ်ရကျိုး နပ်ပါတယ်။ ဒါကြောင့် ကြိုးစားကြပါ။

စစ်ပညာများ ပြန်ပြီးတော့ သင်ပေးနိုင်ရမယ်၊ စစ်ပညာဆိုတာ ပြည်သူ့အတွက်၊ ပြည်သူ့ကို ကာကွယ်ဖို့၊ ပြည်သူကိုသတ်ဖို့ မဟုတ်ဘူးဆိုတာ ကျမတို့ ပြန်ပြီးတော့ သင်ပေးရမယ်။

အခုအချိန်မှာ ကျမတို့ သတိထားရပါလိမ့်မယ်။ မနေ့တနေ့တုန်းက ဗိုလ်ချုပ်ကြီးစောမောင်ပြောသွားတဲ့ မိန့်ခွန်းထဲမှာ ပြည်သူလူထုကို ခြိမ်းခြောက်တဲ့ အရိပ်အယောင်တွေ ပါတယ်လို့ ကျမ မြင်ပါတယ်။ ဒီလို ခြိမ်းခြောက်တဲ့ အရိပ်အယောင်ဆိုတာ ကျမ လုံးလုံးမနှစ်သက်ပါဘူး။ ဒီလို အာဏာကို ကိုင်ပြီးတော့၊ လက်နက်ကို ကိုင်ပြီးတော့ ပြည်သူလူထုကို ခြိမ်းခြောက်တယ်ဆိုတာ အင်မတန်မှ မသင့်တော်ပါဘူး။ နည်းအမျိုးမျိုးနဲ့ မဟုတ်မမှန်ကန်တာတွေ ပြောပြီးတော့ ဒီမိုကရေစီရေးကို ထိုးနှက်နေတယ်။ ဒါတွေက ဆိုးလှပြီ။ ခုကျတော့ အာဏာစက်သုံးမယ်ဆိုပြီးတော့ ခြိမ်းခြောက်လာတဲ့အခါကျတော့ အင်မတန်မှ လွန်နေပါပြီ။ ကျမတို့နိုင်ငံမှာ အာဏာစက် ဆက်ပြီးတော့ သုံးသွားမယ်ဆိုလို့ရှိရင်တော့ ဘယ်လိုမှ အဖတ်ဆယ်နိုင်မှာ မဟုတ်ဘူး။ ပြည်သူလူထုကလည်း ဘယ်တော့မှ ခွင့်လွှတ်နိုင်မှာ မဟုတ်ပါဘူး။ အာဏာစက်သုံးတဲ့ အလေ့အထကြီးကိုတော့ ကျမတို့ ဒီကနေပြီးတော့ ရပ်ဆိုင်းရတော့မယ်။ နဝတ အနေနဲ့ နိုင်ငံအပေါ်မှာ စေတနာရှိရင်၊ နဝတ အနေနဲ့ ဦးနေဝင်းရဲ့ အမိန့်အာဏာကို လွန်ဆန်ရဲတဲ့ သတ္တိရှိရင် အာဏာစက်ဆိုတဲ့ စကားလုံးကို လုံးလုံး ဆက်ပြီးတော့ မသုံးပါနဲ့တော့။ ပြည်သူလူထုနဲ့ ဒီမိုကရေစီလိုလားတဲ့ အင်အားစုတွေနဲ့ ညှိနှိုင်း၊ ဆွေးနွေး၊ တိုင်ပင်ရဲတဲ့ သတ္တိကိုသာ

www.burmeseclassic.com

www.burmeseclassic.com

မွေးမြူပါ။ အဲ့ဒါမှ တကယ့်သတ္တိပါ။ သေနတ်ကြီးရှိလို့ ပစ်ရဲတယ်ဆိုတာဟာ သတ္တိမဟုတ်ပါဘူး။ ဘာမှ လက်ထဲမှာ မရှိဘဲနဲ့ အမှန်တရားအရ အဖြေရှာချင်တဲ့ သတ္တိမျိုးသာ ကျမတို့ လိုချင်ပါတယ်။ ဒါကြောင့်မို့လို့ ကျမတို့ ကျောင်းသားလူငယ်များ၊ ဒီမိုကရေစီလိုလားတဲ့ အင်အားစုများကလည်း အတိတ်ကဖြစ်ရပ်များကို စဉ်းစားပြီးတော့ မှန်မှန်ကန်ကန်လုပ်ဖို့ သန္နိဋ္ဌာန်ချကြပါ။ ကျမ ဒါ ထပ်တလဲလဲပြောနေတဲ့ကိစ္စပါ။ မှန်မှန်ကန်ကန်လုပ်ရင် ကျမတို့ တနေ့မဟုတ်တနေ့ အောင်မြင်ရမယ်။ ပြည်သူလူထုရဲ့ မှန်ကန်တဲ့အင်အား၊ ညီညွတ်မှုအင်အားကို ဘယ်သူမှ ရေရှည်လွန်ဆန်နိုင်မှာ မဟုတ်ပါဘူး။ နဝတ လည်း လွန်ဆန်နိုင်မှာ မဟုတ်ပါဘူး။ တပ်မတော်လည်း လွန်ဆန်နိုင်မှာ မဟုတ်ဘူး။ နဝတတို့၊ တပ်မတော်တို့ဆိုတာကလည်း ပြည်သူလူထုက ကျွေးမွေးထားတဲ့ အဖွဲ့အစည်းတွေဖြစ်ပါတယ်။ ဒီတော့ ပြည်သူလူထုအပေါ်မှာ အင်မတန်မှ ကျေးဇူးရှိပါတယ်။ ကျေးဇူးရှင်ကို ကျေးဇူးမသိတတ်လို့ရှိရင်တော့ ဒုက္ခရောက်စမြဲပဲ။ ဒီတော့ ကျမတို့ရဲ့ ကျောင်းသားလူငယ်များအနေနဲ့ စိတ်ဓာတ်မကျပါနဲ့။ ခြိမ်းခြောက်တာကြောင့် မကြောက်ပါနဲ့။ ဒါပေမဲ့ သတ္တိဆိုတာတော့ ရှိပါ။ ကျမကို ဆရာတော်ကြီးတပါးကနေပြီးတော့ မိန့်လိုက်သလိုပေ့ါလေ။ အရင်တုန်းက ဖေဖေ့ကိုလည်း မိန့်ခဲ့ပါတယ်ဆိုပြီး ကျမကို ထပ်ပြီးတော့ မိန့်လိုက်ပါတယ်။ ခြောက်တိုင်းလည်း မကြောက်ပါနဲ့၊ မကြောက်ဘဲလည်း မနေပါနဲ့ပေ့ါလေ။ ခြောက်တိုင်းလည်း မကြောက်ပါနဲ့၊ မကြောက်ဘဲလည်း မနေပါနဲ့ဆိုတာဟာ သတိထားရမယ်။ အကာအကွယ်ယူရမယ်။ ဒီလိုခြိမ်းခြောက်နေတယ်ဆိုတာ နားလည်ရမယ်။ ဘယ်လိုသဘောနဲ့ ခြိမ်းခြောက်နေသလဲဆိုတာ ကျမတို့ နားလည်ရမယ်။ ကျမတို့ရဲ့ အကောင်းဆုံးအကာအကွယ်ကတော့ ညီညွတ်မှုအင်အားပဲ၊ စည်းကမ်းပဲ။ ကျမတို့ ညီညီညွတ်ညွတ် စည်းကမ်းရှိရှိနဲ့ လုပ်သွားမယ်ဆိုလို့ရှိရင် ကျမတို့ကို ရန်ရှာဖို့ အင်မတန်မှ ခဲယဉ်းပါလိမ့်မယ်။ အခုလို ကျောင်းသားလူငယ်များဟာ စည်းကမ်းရှိရှိ တညီတညွတ် အခမ်းအနားကြီး ကျင်းပသွားနိုင်တယ်ဆိုတာဟာ အင်မတန်မှ အားတက်စရာဖြစ်ပါတယ်။ မနက်တုန်းကလည်း ပါတီပေါင်းများစွာဟာ (၇) ရက်နေ့ ဇူလိုင်လ အခမ်းအနားများကိုလည်း ကျင်းပသွားပါတယ်။ ဒီလိုညီညွတ်မှုအင်အားဟာ တနေ့ထက်တနေ့ တက်လာတယ်ဆိုတာ မြင်တွေ့ရပါတယ်။ ဒီလိုတက်လာတဲ့ ညီညွတ်မှုအင်အားနဲ့ပဲ ကျမတို့ အောင်ပန်းကို ဆင်နိုင်ပါတယ်။ ကိုယ်လိုချင်တဲ့ပန်းတိုင်ကို ရောက်သွားမှာပါ။ တဖြေးဖြေး မဟုတ်ဘဲနဲ့ ပိုပြီးတော့ မြန်မြန်ဆန်ဆန် ရောက်ရေးအတွက် ကျမတို့ ပိုပြီးတော့ ကြိုးစားရမယ်။

ဒီ့နောက် တလ၊ နှစ်လအတွင်းမှာ ဆိုလို့ရှိရင် အခမ်းအနားအမျိုးမျိုး ကျင်းပရမယ်ဆိုတာ ကျမ ပြောခဲ့ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ ဗိုလ်ချုပ်ကြီးစောမောင်ကနေပြီးတော့ (၇) ရက်နေ့ ဇူလိုင်လ၊ (၁၉) ရက်နေ့ ဇူလိုင်လဆိုပြီးတော့ ကြိမ်းမောင်းနေတယ်လို့ ပြောသွားပါတယ်။ ကျမ ကြိမ်းမောင်းနေတာ မဟုတ်ပါဘူး။ သတိပေးနေတာပါ၊ ပြည်သူလူထုကို။ ဒီအခမ်းအနားတွေရှိတယ်။ ဒီအဖြစ်အပျက်အားလုံးဟာ ကျမတို့နိုင်ငံမှာ နိုင်ငံရေးပြဿနာများကို လက်နက်နည်းနဲ့ ဖြေရှင်းခဲ့လို့ဖြစ်တယ်။ နောင်ထပ်ပြီးတော့ လက်နက်နည်းနဲ့ နိုင်ငံရေးပြဿနာများ မဖြေရှင်းနိုင်အောင်လို့ ကျမတို့ ကြိုးပမ်းသွားရမယ်။ စည်းကမ်းရှိရှိ၊ အေးအေးချမ်းချမ်းနဲ့ ကြိုးပမ်းသွားရမယ်။ ဒါပဲ ကျမ ထပ်တလဲလဲ ပြောသွားတာပါ။ ကျမ စပီကာမကောင်းလို့ အော်မိလို့ ကြိမ်းမောင်းနေတယ်ထင်သလားတော့ မသိပါဘူး။ ဒီတော့ ကျမတို့ ပြည်သူလူထုက ဒါကို စိတ်ထဲမှာထားပါ။ နောင် ဒီတိုင်းပြည်မှာ နိုင်ငံရေးပြဿနာများကို လက်နက်နည်းနဲ့ မဖြေရှင်းရေး၊ မဖြေရှင်းနိုင်အောင်လို့ ကျမတို့ ကြိုးစားရမယ်။ ဆက်ပြီး ကြိုးစားသွားရမှာပဲ။ ဒီ နှစ်လ၊ သုံးလရဲ့ ပြဿနာများကို ကျမတို့ အောင်အောင်မြင်မြင် ကျော်လွှားနိုင်လို့ရှိရင်တော့ ဒီမိုကရေစီကို မြန်မြန်ဆန်ဆန် ရနိုင်တယ်လို့ ကျမ ယုံကြည်ပါတယ်။ အရင့်အရင်တုန်းက ကျောင်းသားလူငယ်များဟာ တိုင်းပြည်ရဲ့အကျိုးကို ထမ်းဆောင်ခဲ့သလို အခုခေတ် ကျောင်းသားလူငယ်များဟာလည်း ဆက်ပြီးတော့ တိုင်းပြည်ရဲ့အကျိုးကို ထမ်းဆောင်သွားနိုင်မယ်လို့ ကျမ ယုံကြည်ပါတယ်။ ဒီယုံကြည်ချက်အတိုင်းပဲ အားလုံး ညီညီညွတ်ညွတ်၊ သတ္တိရှိရှိ၊ သတိရှိရှိနဲ့ ဆက်လက်ချီတက်သွားကြပါလို့ တောင်းပန်ရင်းနဲ့ ကျမ နိဂုံးချုပ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## တပ်မတော်ဟာ ဘယ်သူ့အတွက်လဲ

လှူ့ဘောင်သစ်ပါတီရုံး အနော်ရထာလမ်းတွင် ၁၀–၇–၈၉ နေ့က ပြောကြားသည်။

* * *

အခုအချိန်မှာဆိုလို့ရှိရင် ကျမတို့ဟာ ဇူလိုင်လ ၇ ရက်နေ့တုန်းက ကျောင်းသားလူငယ်များ ကျဆုံးခဲ့ခြင်း၊ သမဂ္ဂဖြိုခွဲခံရခြင်း အခမ်းအနားကို နှစ်ပတ်လည် ကျင်းပခဲ့ပြီးပါပြီ။ ဇူလိုင်လ ၁၉ ရက်နေ့မှာ အာဇာနည်နေ့ဖြစ်တဲ့ ဖေဖေနဲ့တကွ အခြားနိုင်ငံ့ခေါင်းဆောင်များ ကျဆုံးတဲ့နေ့လည်း လာပါဦးမယ်။ အဲ့ဒီတော့ ဒီအချိန်မှာ ကျမတို့အားလုံး စဉ်းစားစရာတွေ အမျိုးမျိုးရှိပါတယ်။ အရင်အပတ်က ဆိုလို့ရှိရင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေး ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးစောမောင်က မိန့်ခွန်းတော်တော်ရှည်ရှည်ပဲ ပြောသွားပါတယ်။ ဒီမိန့်ခွန်းကို ကျမ ပြန်ပြီးတော့ သုံးသပ်လိုက်တဲ့အခါကျတော့ ဘာတွေပေါ်လာသလဲ။ နံပါတ် (၁) ကတော့ ဗိုလ်ချုပ်ကြီးစောမောင်တို့အနေနဲ့ ညှိနှိုင်း၊ ဆွေးနွေး၊ တိုင်ပင်ခြင်းကို မယုံကြည်ဘူးဆိုတာ ပြပါတယ်။ ဒါကိုတော့ ကျမတို့ ကန့်ကွက်ပါတယ်။ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းနဲ့ ညှိနှိုင်းရမယ်၊ ဆွေးနွေးရမယ်၊ တိုင်ပင်ရမယ်။ ဒါမှလည်း ပြည်သူလူထု မနာဘူးပေ့ါ။ နောက်တခုကလည်း ကျမ တွေ့ခဲ့ရတာကတော့ ဗိုလ်ချုပ်ကြီးစောမောင်ရဲ့ မိန့်ခွန်းထဲမှာ ပြည်သူလူထုကို ခြိမ်းခြောက်တာပါတယ်လို့ ကျမ မြင်ပါတယ်။ ဒီလို ခြိမ်းခြောက်တယ်ဆိုတာ နဲနဲမှ မသင့်တော်ပါဘူး။ တို့ဘက်မှာ လက်နက်ရှိလို့ သုံးချင်တိုင်း သုံးနိုင်တယ်လို့ ပြောတဲ့ သဘောဟာ နဲနဲမှ မသင့်တော်ပါဘူး။ ဒါဟာ အစိုးရအနေနဲ့ သုံးသင့်သုံးထိုက်တဲ့ စကားလုံးများလည်း မဟုတ်ပါဘူး။ ပြောသင့်ပြောထိုက်တဲ့ ကိစ္စများလည်း မဟုတ်ပါဘူး။ ထားသင့်ထားထိုက်တဲ့ သဘောထားများလည်း မဟုတ်ပါဘူး။ အခုဆိုလို့ရှိရင် တပ်မတော်ကရော၊ နဝတ ကရော ထပ်တလဲလဲပြောပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းဟာ တပ်မတော်ရဲ့ ဖခင်ပါ၊ အမျိုးသားခေါင်းဆောင်ကြီးပါ။ အဲ့ဒီတော့ အခု ကျမတို့ ပြန်ပြီးတော့ စဉ်းစားရမယ်။ ဇူလိုင်လ ၁၉ ရက်နေ့ဆိုလို့ရှိရင်၊ ဖေဖေဆုံးသွားတာ ၄၂ နှစ်ပြည့်တော့မယ်၊ အဲ့ဒီတော့ ဒီလို ၄၂ နှစ်ပြည့်တဲ့အခမ်းအနား မတိုင်ခင် ကျမတို့ စဉ်းစားရမယ်။ ဗိုလ်ချုပ်အောင်ဆန်းဟာ တပ်မတော်ရဲ့ ဖခင်လို့ ဆိုလို့ရှိရင် တပ်မတော်ဟာ ဖေဖေလိုချင်တဲ့အတိုင်း လုပ်နေရဲ့လား။ တပ်မတော်ရဲ့ ဖခင်ဆိုတဲ့ ဗိုလ်ချုပ်အောင်ဆန်း ချမှတ်လိုက်တဲ့ လမ်းစဉ်အတိုင်း ဒီတပ်မတော်ဟာ ဆက်ပြီးတော့ လုပ်နေရဲ့လားဆိုတာ ကျမတို့ မေးရလိမ့်မယ်။ ဒီလိုမေးတဲ့အခါကျမှ ကျမ ဘယ်လိုမြင်ရသလဲဆိုတော့ ဖေဖေဟာ တပ်မတော် လမ်းမှားသွားမှာ အင်မတန်မှ စိုးရိမ်ခဲ့တယ်။ ထပ်တလဲလဲ ပြောခဲ့တယ်။ မင်းတို့လက်ထဲမှာ လက်နက်ရှိလို့ လုပ်ချင်တိုင်လုပ်လို့ရမယ် မထင်နဲ့။ ပြည်သူလူထုကို ခြိမ်းခြောက်တာ၊ နှိပ်စက်တာ၊ ဖိစီးတာ၊ ဒါတွေမလုပ်နဲ့ဆိုတာ ထပ်တလဲလဲပြောခဲ့တယ်။ ဒီတပ်မတော်ဟာလည်း လူတယောက်ထဲအတွက် မဟုတ်ဘူး။ အဖွဲ့အစည်းတခုအတွက် မဟုတ်ဘူးဆိုတာလည်း ထပ်တလဲလဲပြောခဲ့တယ်။ တပ်မတော် လမ်းမှားသွားမှာကို ဖေဖေ အင်မတန်မှ စိုးရိမ်ခဲ့တယ်။ ဒီလောက်တောင်မှ စိုးရိမ်နေလျက်နဲ့ ဘာဖြစ်လို့ လမ်းမှားသွားရသလဲ။ ဦးနေဝင်းဟာ တပ်မတော်ကို လမ်းမှားပေါ် တင်ပေးလိုက်တယ်။ အခု ဒီမှာ တပ်မတော်ထဲမှာ ရှိနေတဲ့ တပ်မတော်သားများ၊ အရာရှိများ စဉ်းစားပါ။ တပ်မတော်ရဲ့ ဖခင်ဆိုတာ ဗိုလ်ချုပ်အောင်ဆန်းဆိုပြီးတော့ အတိအလင်းကြေညာထားပြီး ဗိုလ်ချုပ်အောင်ဆန်းဟာ တပ်မတော်ကို ဘယ်လိုအနေအထားရှိစေချင်သလဲဆိုတာ ပြန်ပြီးတော့ သုံးသပ်ပါ။ ဗိုလ်ချုပ်အောင်ဆန်းတပ်မတော်လား၊ ဗိုလ်နေဝင်းတပ်မတော်လားဆိုတာ ဆုံးဖြတ်ရတော့မယ်။ ကျမ ဒါကို ရှင်းရှင်းပဲ ပြောပြမယ်။ ခဏခဏ အမျိုးမျိုးပြောနေလို့ အလကားပဲ။ နောက်ဆုံးတော့ ဒီမေးခွန်းပဲ။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ လမ်းစဉ်ကိုလိုက်မယ့် တပ်မတော်လား၊ ဗိုလ်နေဝင်းရဲ့ မဆလ လမ်းစဉ်ကိုလိုက်မယ့် တပ်မတော်လား။ ကျမတို့အနေနဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ လမ်းစဉ်ကိုလိုက်မယ့် တပ်မတော်ဆိုလို့ရှိရင် ပြည်သူလူထုနဲ့ တသွေးထဲ၊ တသားထဲဖြစ်သွားမယ်လို့ ယုံကြည်ပါတယ်။ နောက်ပြီးတော့လည်း ဗိုလ်ချုပ်အောင်ဆန်းဟာ အမျိုးသားခေါင်းဆောင်ကြီးဆိုလို့ရှိရင် အမျိုးသားခေါင်းဆောင်ကြီးရဲ့ လမ်းစဉ်ကို လိုက်ရမယ်။ အမျိုးသားခေါင်းဆောင်ကြီးရဲ့ လမ်းစဉ်ဟာ ဒီမိုကရေစီလမ်းစဉ်ပါပဲ။ ဒီကိစ္စနဲ့ပတ်သက်လို့ အခုအခြေအနေနဲ့

www.burmeseclassic.com

www.burmeseclassic.com

အင်မတန်မှ ဆီလျော်တဲ့ကိစ္စတွေကို ဖေဖေပြောသွားခဲ့ပါတယ်။ ဒါကို နဲနဲ ကျမ ဖတ်ပြပါမယ်။ ဒီမိုကရေစီဆိုတာဘာလဲ။ ကျမတို့ ဘယ်လိုအခွင့်အရေးတွေ ရသင့်သလဲဆိုတာ သေသေချာချာ ဖေဖေရေးသွားတာ၊ ပြောသွားတာ ရှိပါတယ်။

"လွတ်လပ်စွာဖော်ပြခွင့်၊ စည်းရုံးခွင့်၊ အစည်းအဝေးခေါ်ခွင့်နှင့် စီတန်းလမ်းလျှောက်ခွင့်၊ လွတ်လပ်စွာတွေးခေါ်ခွင့်၊ ကိုးကွယ်လိုရာ ဘာသာ ကိုးကွယ်ခွင့်၊ တရားနှင့်မညီသော အဖမ်းအဆီး အချုပ်အနှောင်မှ ကင်းလွတ်ခွင့်၊ ကိုယ်ရေးလွတ်လပ်ခွင့်၊ ကိုယ့်အိမ်ကိုယ့်ယာနဲ့ နေထိုင်ခြင်းကို မတရားသဖြင့် နှောင့်ယှက်ခြင်းမှ ကင်းလွတ်ခွင့်၊ လူတိုင်း ပညာသင်ကြားနိုင်ခွင့်၊ အခမဲ့ ဆေးဝါးအကူအညီရရှိခွင့်၊ မတရားသဖြင့် စီးပွားချုပ်ချယ်မှုများမှ လွတ်ကင်းချမ်းသာခွင့်၊ အလုပ်သမား လယ်သမားများရဲ့ အနည်းဆုံးအခွင့်အရေးများကို အစိုးရက စောင့်ရှောက်ပေးရေး၊ တိုင်းပြည်တွင် တိုင်းရင်းသားလူမျိုးတိုင်း ကိုယ့်ဘာသာ၊ ကိုယ့်ဓလေ့၊ ကိုယ့်ယဉ်ကျေးမှုအတိုင်း ဆောင်ရွက်နိုင်ခွင့်၊ အိုစာ၊ နာစာ အထိအခိုက်လျော်ကြေး ရံပုံငွေ အစရှိသည်တို့ကို အစိုးရက ထားပြီး အိုမင်း၍ဝင်း၊ ဖျားနာ၍ဝင်း၊ ထိခိုက်နာကျင်၍ဝင်း၊ အလုပ်လုပ်ချင်သော်လည်း အလုပ်မရှိနိုင်၍သော်ဝင်း၊ အသက်မွေးဝမ်းကျောင်း မပြုနိုင်သူများသည် အစိုးရ၏ အထောက်အပံ့များကို ရရှိခွင့်၊ ဒီမိုကရေစီအခွင့်အရေးမျိုးတွေ ရရှိရမယ်" တဲ့။

အဲ့ဒီတော့ ဒီအခွင့်အရေးတွေမှ ကျမတို့ ဘယ်လောက်ရှိသလဲ ပြန်ကြည့်ပါ။ လွတ်လပ်စွာဖော်ပြခွင့်၊ စည်းရုံးခွင့်။ ကျမတို့မှာ လွတ်လပ်စွာစည်းရုံးခွင့်မရှိပါဘူး။ ဒီလို လွတ်လပ်စွာ စည်းရုံးခွင့်တွေကို ကျမတို့ တောင်းနေတာတွေကို နဝတက လျစ်လျူရှုထားတယ်။ ဒါ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ လမ်းစဉ်ကို လေးစားတာပြတာလား။ မဟုတ်ပါဘူး။ လွတ်လပ်စွာ အစည်းအဝေးခေါ်ခွင့်နှင့် စီတန်းလမ်းလျှောက်ခွင့်။ အခုတော့ ကျမတို့နိုင်ငံမှာ လွတ်လပ်စွာ စီတန်းလမ်းလျှောက်လို့ရှိရင် သေနတ်နဲ့ပစ်မယ်လို့ချည်းပဲ ခြိမ်းခြောက်ခံနေရပါတယ်။ ဒါဟာ ဦးနေဝင်းရဲ့ စနစ်တွေပဲ။ ဦးနေဝင်းရဲ့ အကျင့်တွေပဲ။ ဘာဖြစ်လို့ ဦးနေဝင်းဟာ အငြိမ်းစားသွားပြီဆိုလို့ရှိရင် ဦးနေဝင်းရဲ့ အကျင့်တွေကို ဆက်ပြီးတော့ ကျင့်နေသလဲဆိုတာ ကျမတို့ မေးရမှာပဲ။ ဒီတော့ ကျမတို့အနေနဲ့ နဝတနဲ့ ဗိုလ်ချုပ်ကြီးစောမောင်ကို ပြောချင်တာကတော့ ဦးနေဝင်း အငြိမ်းစားသွားပါပြီလို့ မပြောပါနဲ့။ ကျမတို့ဟာ တကယ်ပဲ ဦးနေဝင်းဟာ တပ်မတော်အပေါ်မှာရော၊ နဝတအပေါ်မှာရော ဩဇာမရှိတော့ဘူးဆိုတာ ယုံစေချင်တယ်ဆိုလို့ရှိရင် ဦးနေဝင်းရဲ့ ကျင့်ထုံး၊ ကျင့်နည်းတွေကို လုံးလုံးဖယ်လိုက်ပါတော့။ ဦးနေဝင်းရဲ့ ကျင့်ထုံးကျင့်နည်းဆိုတာ လက်နက်နဲ့ ပြည်သူလူထုတွေကို ဖိနှိပ်တဲ့နည်းပဲ။ ပြည်သူလူထုကို လက်နက်နဲ့ ခြိမ်းခြောက်ပြီးတော့ ထိန်းသိမ်းတဲ့နည်းပဲ။ မတရားသဖြင့် ဖမ်းဆီးတဲ့နည်းတွေပဲ။ ပြည်သူလူထုရဲ့ လွတ်လပ်မှုကို ချုပ်ချယ်ထားတဲ့ နည်းတွေပဲ။ ဒီဟာတွေဟာ ဦးနေဝင်းရဲ့ နည်းတွေပဲ။ အဲ့ဒီတော့ ဗိုလ်ချုပ်ကြီးစောမောင်နဲ့ နဝတဟာ တကယ်ပဲ ဦးနေဝင်းရဲ့ ဩဇာအာဏာအောက်ကနေပြီးတော့ ရုန်းကန်ရဲတဲ့ သတ္တိရှိတယ်ဆိုတာ ပြချင်ရင် ဦးနေဝင်းနည်းတွေကို ဆက်ပြီးတော့ မသုံးပါနဲ့။

နောက်ပြီးတော့လည်း ဆွေးနွေး၊ ညှိနှိုင်း၊ တိုင်ပင်ခြင်း မလိုလားဘူးဆိုတာလည်း ဦးနေဝင်းရဲ့ ထုံးတခုပဲ။ အဲ့ဒီတော့ အခုအထိ ဗိုလ်ချုပ်ကြီးစောမောင်တို့၊ နဝတတို့ဆိုတာဟာ ပြည်သူလူထုဘက်က ရပ်တည်နေတဲ့ ဒီမိုကရေစီအဖွဲ့အစည်းများနဲ့ မညှိနှိုင်းနိုင်ဘူး၊ မဆွေးနွေးနိုင်ဘူး၊ မတိုင်ပင်နိုင်ဘူးဆိုတာ ဦးနေဝင်းရဲ့ ထုံးတွေကို ထောက်ခံရာရောက်ပါတယ်။ အခုဆိုလို့ရှိရင် အမျိုးမျိုးခြိမ်းခြောက်နေတယ်။ ဦးနေဝင်းကို ထိခိုက်လို့ရှိရင် ကျမကိုလည်း ဆော်မယ်ဆိုတဲ့ သဘောထားမျိုးနဲ့ ပြောနေတာတွေ ကြားနေပါတယ်။ ဒီတော့ ကျမဟာ ဦးနေဝင်းကို ပုဂ္ဂိုလ်အရ ထိခိုက်ချင်လို့ ပြောတာမဟုတ်ပါဘူး။ ဦးနေဝင်းရဲ့လုပ်ရပ်တွေဟာ တိုင်းပြည်ကို နာခဲ့စေလွန်းလို့၊ ဒီလုပ်ရပ်မျိုးတွေ နောက်ဆက်မဖြစ်စေချင်လို့ ပြောရခြင်းဖြစ်ပါတယ်။ အခုအချိန်မှာဆိုလို့ရှိရင် ကျမတို့ဟာ ပြဿနာတွေကို ခေါင်းရှောင်နေလို့တော့ ပြေလည်အောင် ဖြေရှင်းနိုင်မှာ မဟုတ်ပါဘူး။ ဒီပြဿနာတွေကို ကျမတို့ ခေါင်းရှောင်ခဲ့လို့ ဒီနိုင်ငံဟာ ဒုက္ခရောက်နေတာပဲ။ ကျမတို့ဟာ ပြဿနာတွေကို ရင်ဆိုင်ရမယ်။ အခုဆိုရင် ဗိုလ်ချုပ်ကြီးစောမောင်ဟာ **confrontation** ဆိုတာကို **head on** ထိပ်တိုက်တွေ့ခြင်းလို့ ပြောသွားပါတယ်။ ကျမတို့ဟာ တခါမှ ဒီလိုထိပ်တိုက်တွေ့ခြင်းကို လိုချင်တာမဟုတ်ပါဘူး။ ပြဿနာတွေကို ရင်ဆိုင်ဖြေရှင်းမယ်၊ ကျမတို့ဟာ စားပွဲဝိုင်းတိုက်ပွဲဝင်ချင်တယ်။ စားပွဲဝိုင်းတိုက်ပွဲကိုတော့ သတ္တိရှိရှိနဲ့ မဝင်ရဲတဲ့လူတွေ ဘာဖြစ်လို့ သေနတ်ကိုင်နေသလဲ။ ဒီတော့ ကျမတို့ဘက်မှာ ပါတီပေါင်း (၈၀) ရှိနေလို့ တယောက်နဲ့ ရှစ်ဆယ် ဖြစ်နေတယ်လို့ ပြောတယ်။ ဘယ့်နှယ့် ဒီလို ပြောနိုင်ပါ့မလဲ။ ဒီလိုဆိုရင် ကျမတို့လည်း ပြောနိုင်ပါတယ်။ ကျမတို့ ပြည်သူလူထုမှာ

www.burmeseclassic.com

www.burmeseclassic.com

သေနတ်တလက်မှမရှိလို့ သူညနဲ့ သေနတ်ပေါင်း တသိန်းရှစ်သောင်း ဖြစ်နေပါတယ်။ မပစ်ပါနဲ့၊ ဒီလို အပ်တချောင်းမှမရှိတဲ့ ပြည်သူလူထုကို လက်နက်အင်အားနဲ့ ခြိမ်းခြောက်နေတယ်ဆိုတာ အင်မတန် မကောင်းတဲ့ကိစ္စတခု ဖြစ်နေပါတယ်။ အင်မတန် အောက်တန်းကျတဲ့ နိုင်ငံရေးလုပ်နည်းလုပ်ထုံး ဖြစ်ပါတယ်။ နိုင်ငံရေးကို မြင့်မြင့်မြတ်မြတ် လုပ်ဖို့ဖြစ်ပါတယ်။ အဲ့ဒီတော့ ကျမတို့ စားပွဲဝိုင်းတိုက်ပွဲဝင်ရမယ်။ တယောက်ချင်းဆိုလည်း စားပွဲဝိုင်းတိုက်ပွဲပဲ။ နှစ်ယောက်ချင်းဆိုလည်း စားပွဲဝိုင်းတိုက်ပွဲပဲ။ ကျမတို့ ဝင်ရဲပါတယ်။ စားပွဲဝိုင်းတိုက်ပွဲဆိုလို့ ကျမတို့ဘက်ကနိုင်အောင်၊ နဝတဘက်ကရှုံးအောင်၊ ဒီလိုတိုက်ပွဲမဟုတ်ပါဘူး။ စားပွဲဝိုင်းတိုက်ပွဲရဲ့ အဓိက ရည်ရွယ်ချက်ဟာဘာလဲ။ ပြည်သူလူထုအတွက် အောင်မြင်မှုရှာဖို့ပဲ။ တတိုင်းပြည်လုံးအတွက် အကောင်းဆုံးအဖြေ ရှာဖို့ပဲ။ ဒါကြောင့်မို့လို့ ကျမတို့ အခုလို စားပွဲဝိုင်းတိုက်ပွဲဝင်ချင်တာ။ စားပွဲဝိုင်းတိုက်ပွဲဝင်နေတဲ့ တိုက်ပွဲဝင်အားလုံးဟာ တိုင်းပြည်ရဲ့အကျိုးကို ရှေ့ရှုပြီးတော့ လုပ်သွားရမှာဖြစ်ပါတယ်။ ဒီလို တိုင်းပြည်ရဲ့အကျိုးကို ရှေ့ရှုပြီးတော့ မလုပ်သွားနိုင်လို့ရှိရင်တော့ ဒီတိုင်းပြည်ကို မအုပ်ချုပ်သင့်ဘူးလို့ ကျမက ပြောရမှာပဲ။

အခုဆိုလို့ရှိရင် ဆန်ပြဿနာဟာ အင်မတန်မှ ကြီးထွားနေပါတယ်။ ဒီလို ဆန်ပြဿနာကြီး ကြီးထွားလာတော့လည်း ဆန်ဈေးတက်ခြင်းဟာ နိုင်ငံရေးပါတီတွေကြောင့် ဆိုပြီးတော့ စွပ်စွဲတယ်။ ဒါ တာဝန်ကို မရင်ဆိုင်ရဲတာဘဲ။ အစိုးရတခုဖြစ်နေရင် ပြဿနာတခုဖြစ်နေမှတော့ ဖြေရှင်းပေါ့။ ဖြေရှင်းနိုင်တဲ့ အရည်အချင်း မရှိဘူးလား။ ဖြေရှင်းနိုင်တဲ့ အရည်အချင်း မရှိလို့ရှိရင် တာဝန်သိသိနဲ့ ဖြေရှင်းနိုင်တဲ့ အစိုးရတရပ်လက်ကို အာဏာ မြန်မြန်ပေးနိုင်ဖို့ စီစဉ်ရမယ်။

နောက်ဆုံး ခြုံပြီးတော့ပြောရင် ကျမတို့လိုချင်တာဘာလဲ။ တာဝန်သိသိနဲ့ တိုင်းပြည်ရဲ့ပြဿနာများကို ဖြေရှင်းပေးနိုင်တဲ့ သတ္တိ၊ ဖြေရှင်းပေးနိုင်တဲ့ အရည်အချင်းရှိတဲ့ အုပ်ချုပ်မှုစနစ်တခု လိုချင်တာပဲ။ ဒါဟာလည်း ကျမတို့အားလုံး ရသင့်ရထိုက်တဲ့အခွင့်အရေးပဲ။ တိုင်းပြည်တပြည်ကို အုပ်ချုပ်နေမှဖြင့် ပြဿနာတွေကို ခေါင်းရှောင်ပြီးတော့ တံတားတွေဆောက်နေလို့ မဖြစ်ပါဘူး။ ပြဿနာဆိုတာ တံတားနဲ့ ကျော်လို့ မရပါဘူး။ ရင်ဆိုင်ဖြေရှင်းခြင်းအားဖြင့်သာ ကျော်လို့ရမှာ ဖြစ်ပါတယ်။ ဒီတော့ ခုချိန်မှာ ဗိုလ်ချုပ်ကြီးစောမောင်နဲ့ နဝတဟာ သေသေချာချာ စဉ်းစားကြပါ။ ၁၈ ရက်နေ့ စက်တင်ဘာလက အာဏာသိမ်းတယ်၊ အခုဆိုလို့ရှိရင် ဇူလိုင်လ ၁၀ ရက်နေ့ရှိနေပြီ။ ဒီကြားထဲမှာ တိုင်းပြည်အတွက်၊ ပြည်သူအတွက်၊ ဘယ်လိုအကျိုးဆောင်ခဲ့သလဲ။ ကျမတို့ ပန်းခြံတွေဆောက်တယ်လို့တော့ မဖြေပါနဲ့။ တခြားဟာတွေကို ကျမ မေးတာပါ။ ဘယ်လို အကျိုးဆောင်ခဲ့တယ်ဆိုတာ စဉ်းစားပါ။ ပြည်သူလူထုကို ဘယ်လောက်များ အခွင့်အရေးတွေ ပေးခဲ့သလဲ။ ကောင်းပြီ။ နိုင်ငံရေးပါတီတွေတော့ ဖွဲ့စည်းခွင့်ပေးခဲ့တယ်။ ဒီနိုင်ငံရေးပါတီတွေကို လွတ်လွတ်လပ်လပ် လုပ်ပိုင်ခွင့်မှ မပေးဘဲ။ တနေ့နဲ့တနေ့ ဆိုလို့ရှိရင် ဖမ်းဆီးမှုတွေဟာ များများနေတယ်၊ ဖမ်းပုံဆီးပုံတွေကလည်း တရားဥပဒေနဲ့ မကိုက်ညီဘူး။ တရားဥပဒေနဲ့ကိုက်ညီတဲ့ အလုပ်ဆိုလို့ရှိရင် ကျမတို့ ထောက်ခံပါတယ်။ ကျမ အင်မတန်မှ စည်းကမ်းကို ရိုသေတယ်၊ လေးစားတယ်၊ လိုလားတယ်။ ကျမတို့ ပြည်သူလူထုကိုလည်း စည်းကမ်းရှိစေချင်တယ်။ စည်းကမ်းမရှိဘူးဆိုလို့ရှိရင် ကျမ အင်မတန်မှ မချင့်မရဲဖြစ်တယ်။ ဒါပေမဲ့ မတရားတဲ့ဥပဒေ၊ မတရားတဲ့ လုပ်ဆောင်မှုတွေကို ကျမတို့ ခေါင်းငုံ့ခံလို့တော့ မဖြစ်ဘူး။ အဲ့ဒီလို ခေါင်းငုံ့ခံလို့ရှိရင် ကျမတို့ ပိပြားသွားမှာပဲ။ ဒီလို ကျမတို့ ဆက်လုပ်လို့ မဖြစ်ဘူး။

အာဏာဖီဆန်ရေးနဲ့ ပတ်သက်လို့ ဗိုလ်ချုပ်ကြီးစောမောင်က ကျမကို မလုပ်ပါနဲ့လို့ ပြောပါတယ်။ ကျမ ဒီကနေ ပြန်ဖြေရပါမယ်။ ကျမတို့ကို အာဏာဖီဆန်ရေး မလုပ်စေချင်လို့ရှိရင် တရားဥပဒေနဲ့မကိုက်ညီတဲ့ အမိန့်အာဏာတွေ မထုတ်ပြန်ပါနဲ့။ တရားဥပဒေနဲ့ မကိုက်ညီတဲ့ အမိန့်အာဏာတွေ မထုတ်ပြန်ရင် ကျမတို့ ဘယ်အမိန့်အာဏာမှလည်း ကျမတို့ ဖီဆန်ဖို့ လိုမှာမဟုတ်ပါဘူး။ အခုအချိန်မှာတော့ တရားဥပဒေနဲ့ မကိုက်ညီတဲ့ အမိန့်အာဏာတွေ၊ ပြည်သူလူထုရဲ့ အခွင့်အရေးတွေကို ထိုးနှက်နေတဲ့ အမိန့်အာဏာတွေ ထုတ်ထားလို့ ကျမတို့မှာ ဖီဆန်ဖို့ တာဝန်ရှိတယ်။ ဒီတာဝန်ကို မကျေပွန်လို့ရှိရင်တော့ ကျမတို့ ဆက်ပြီးတော့ တတ်နိုင်မှာ မဟုတ်ပါဘူး။ ဒီမိုကရေစီအောင်ပန်းကို ဆက်ပြီးတော့ ကျမတို့ ပန်နိုင်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့ အာဏာဖီဆန်ရေးဆိုတာဟာ စည်းကမ်းရှိရှိနဲ့ အေးအေးချမ်းချမ်းနဲ့ အာဏာဖီဆန်ရေးဆိုတာ ကျမတို့ပြည်သူလူထု နားလည်ဖို့ လိုပါတယ်။ တချို့ဆိုလို့ရှိရင် ဖီဆန်တယ်ဆိုတဲ့ စကားလုံးကိုပဲ နဲနဲလန့်နေတယ်လို့ ကျမ ကြားရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

ဒါဟာ ကြောက်စရာမဟုတ်ပါဘူး။ ဖိဆန်တယ်ဆိုတာဟာ လက်မခံခြင်းကို ပြောတာပါ။ မလိုက်နာခြင်း၊ လက်မခံခြင်း။ ကျမတို့ အေးအေးချမ်းချမ်း စည်းကမ်းရှိရှိနဲ့ မတရားတဲ့အမိန့်အာဏာတွေကို မလိုက်နာဘူးဆိုတာကို ပြရမယ်။ အာဏာဖိဆန်တယ်ဆိုတာဟာ ဆန္ဒပြတာနဲ့ မတူပါဘူး။ စီတန်းလမ်းလျှောက်တာနဲ့လည်း မတူပါဘူး။ ကျမတို့ အာဏာကို နည်းအမျိုးမျိုးနဲ့ ဖိဆန်နိုင်ပါတယ်။ ဥပမာအားဖြင့်ဆိုလို့ရှိရင် ပုံနှိပ်ထုတ်ဝေပိုင်ခွင့် မပေးတဲ့ မတရားတဲ့အမိန့်အာဏာကို ကျမတို့ ဖိဆန်တယ်။ ဘယ်လိုနည်းနဲ့ ဖိဆန်သလဲ။ စာရွက်စာတမ်းတွေ ကျမတို့ ပုံနှိပ်တယ်၊ ထုတ်ဝေတယ်။ ပြည်သူလူထုအနေနဲ့ ဒီစာရွက်စာတမ်းတွေကို လိုလိုချင်ချင်ဖတ်တယ်။ တဆင့်ထပ်ပြီးတော့ ထုတ်ဝေပေးတယ်၊ ဖြန့်ချိပေးတယ်ဆိုရင် ဒါ ကျမတို့အားလုံး အာဏာကို ဖိဆန်နေတာပဲ။ ကျမတို့ရဲ့ ရသင့်ရထိုက်တဲ့ အခွင့်အရေးအတွက် ဖိဆန်နေတာဖြစ်ပါတယ်။ ဒီတော့ စည်းကမ်းရှိရှိနဲ့ အမိန့်အာဏာကို ဖိဆန်နိုင်တဲ့ ပြည်သူလူထုဖြစ်တယ်ဆိုတာ ကျမတို့ ပြရမယ်။ ဘာဖြစ်လို့ ကျမတို့ ဒီလိုပြဖို့ လိုသလဲ။ အခုအချိန်မှာဆိုလို့ရှိရင် ပြည်သူလူထုကို လက်နက်နည်းနဲ့ နှိမ်နင်းချင်တဲ့ အစိတ်အပိုင်းတွေ ရှိနေတာကိုး။ ဘယ်လို ရမယ်ရှာပြီးတော့၊ ပြည်သူလူထုကို ဘယ်လိုလက်နက်ကိုင်ပြီးတော့ နှိမ်နင်းရမလဲဆိုတာ စဉ်းစားနေတဲ့ ပုဂ္ဂိုလ်တွေ ရှိပါတယ်။ ဒါကြောင့် ကျမတို့ဟာ သတိနဲ့နေရမယ်။ ကိုယ့်ဘက် မကျွံပါစေနဲ့။ ကိုယ့်ဘက်က အမှားမပါပါစေနဲ့။ နိုင်ငံရေးဆိုတာဟာ ရေရှည်လုပ်ငန်းပါ။ ဒီလှုပ်ရှားမှုကြီးနဲ့ ပြီးမယ့်ကိစ္စ မဟုတ်ပါဘူး။ ကျမတို့နိုင်ငံအတွက် လုပ်ဖို့ရာကိစ္စ အများကြီးရှိပါသေးတယ်။ ထမ်းဆောင်ဖို့ တာဝန်တွေလည်း အများကြီးရှိပါသေးတယ်။

လက်နက်နည်းဆိုတာဟာ ဖက်ဆစ်နည်းဆိုတာ ဖေဖေလည်း ပြောခဲ့တယ်။ ဒီတော့ ကျမတို့နိုင်ငံမှာ ကျမတို့ နိုင်ငံသူနိုင်ငံသားများ၊ လက်နက်မဲ့ နိုင်ငံသူနိုင်ငံသားများကို နောက်ထပ်ပြီးတော့ လက်နက်နည်းနဲ့ နှိမ်နင်းမယ်ဆိုလို့ရှိရင်တော့ ဒီအစိုးရဟာ ဖက်ဆစ်အစိုးရလို့ ကျမတို့ ကြေညာရမှာပဲ။ လက်နက်နည်းနဲ့ နှိမ်နင်းဖို့ မလိုပါဘူး။ တရားဥပဒေနည်းနဲ့၊ တရားမျှတတဲ့နည်းနဲ့၊ အမှန်တရားနည်းနဲ့ ကျမတို့ ပြည်သူလူထုကို ထိန်းသိမ်းလို့ ရပါတယ်။ ကျမ ဒီကနေပြီးတော့ နဝတကို ပြောရဲပါတယ်။ အခုအချိန်မှာ ဆိုလို့ရှိရင် လက်နက်ကိုင်တပ်ဖွဲ့တွေ ဒီနားမှာမရှိဘူး။ ကျမတို့ ယာဉ်ပြရဲတွေပဲ ရှိပါတယ်။ ယာဉ်ပြရဲတွေနဲ့ပဲ ကျမတို့အလုပ်ဟာ ပြီးသွားနိုင်ပါတယ်။ လက်နက်ကိုင်တပ်ဖွဲ့တွေ လုံးလုံးမလိုပါဘူး။ ပြည်သူလူထု သိတဲ့အတိုင်းပဲ လက်နက်ကိုင်တပ်ဖွဲ့တွေ ရောက်လာပြီဆိုလို့ရှိရင် ပြည်သူလူထုထဲက လှုပ်လှုပ်ရှားရှားဖြစ်တယ်။ ဘာဖြစ်လို့ လှုပ်လှုပ်ရှားရှားဖြစ်သလဲ။ အရင် ကျမတို့ ပြည်သူလူထုကို လက်နက်နည်းနဲ့ နှိမ်နင်းခဲ့လို့ပဲ။ လက်နက်ကိုင်အဖွဲ့အစည်းတွေကို မြင်လို့ရှိရင် ပြည်သူလူထုဟာ စိတ်လှုပ်ရှားတာပေါ့။ ဒါကြောင့်မို့လို့ ကျမတို့ကို စည်းကမ်းရှိရှိ၊ အေးအေးချမ်းချမ်း နေစေချင်တယ်ဆိုလို့ရှိရင် လက်နက်ကိုင်တပ်ဖွဲ့တွေကို မြို့ထဲကနေပြီးတော့ ရုပ်သိမ်းလိုက်ပါ။ ကျမတို့အနေနဲ့ ပြည်သူလူထုဟာ ဒီလို လက်နက်ကိုင်တပ်ဖွဲ့များကို ရုပ်သိမ်းလိုက်လို့ရှိရင် စည်းကမ်းရှိရှိ၊ အေးအေးချမ်းချမ်းနဲ့ နေနိုင်တယ်ဆိုတာ ပြောရဲတယ်။

နောက်ပြီးတော့လည်း နဝတကို ပြောချင်တယ်။ တပ်မတော်သားများကို ဒီလောက်မနှိပ်စက်နေပါနဲ့။ ပင်ပန်းပါတယ်။ ဒီလောက်တောင်မှ လှည့်ပြီးလုပ်နေရတာ။ ရှေ့တန်းမှာလည်း တိုက်ရသေးတယ်။ မြို့ထဲမှာလည်း တခါထဲ ကားကြီးတွေနဲ့ လှည့်နေရသေးတယ်ဆိုတာ ဒါလည်း မသင့်တော်ပါဘူး။ တပ်မတော်သားများ ထပ်ထဲပြန်ပြီး နားကြပါစေ။ ကျမတို့ ပြည်သူလူထုဟာ ကိုယ့်စည်းကမ်းကို ကိုယ်ထိန်းပါ့မယ်။ ကျမတို့ဟာ ကိုယ့်စည်းကမ်းကို ကိုယ်ထိန်းနိုင်တဲ့ ပြည်သူလူထုဖြစ်ပါတယ်။ အခုဆိုလို့ရှိရင် ကျမတို့နိုင်ငံဟာ ဆင်းရဲနေပါတယ်။ တီအီး 11 တစင်း မြို့တပတ် ပတ်လို့ရှိရင် ဓါတ်ဆီဘယ်လောက်ကုန်သလဲဆိုတာ စဉ်းစားကြည့်ပါ။ ဓါတ်ဆီလည်း ကုန်တယ်။ ရဲဘော်တွေလည်း ပင်ပန်းတယ်။ ပြည်သူလူထုလည်း ခြောက်ခြားတယ်။ အဲ့ဒီတော့ ဒါ မလုပ်သင့်၊ မလုပ်ထိုက်တဲ့ ကိစ္စတွေပါ။ နဝတဟာ ဘာကိုကြောက်နေလို့ ဒီလောက်တောင်မှ ရဲဘော်တွေကို မြို့ထဲကို လှည့်ခိုင်းနေတာလဲ။ ကြောက်စရာမလိုဘူးဆိုတာ ကျမ ပြောနိုင်ပါတယ်။ ကျမတို့ရဲ့ ပြည်သူလူထုဟာ မှန်မှန်ကန်ကန် စည်းကမ်းရှိရှိ လုပ်သွားမှာပါ။ စိုးရိမ်စရာရှိလို့ရှိရင်၊ ကြောက်စရာရှိလို့ရှိရင် ကျမတို့နဲ့ ဆွေးနွေးပါ၊ တိုင်ပင်ပါ။ အဖြေရှာပါ့မယ်။ ကျမတို့လည်း ပုထုဇဉ်တွေပဲ။ ကျမတို့ဘက်ကလည်း၊ ပြည်သူလူထုဘက်ကလည်း ကြောက်တဲ့ ကိစ္စတွေရှိတာပေါ့။ စိုးရိမ်တဲ့ကိစ္စတွေ ရှိတာပေါ့။ မကျေနပ်တဲ့ကိစ္စတွေ ရှိတာပေါ့။ ဒီကိစ္စတွေကို ညှိနှိုင်း၊ ဆွေးနွေး၊ တိုင်ပင်ပြီးတော့ ပြေလည်အောင် လုပ်လိုက်မယ်ဆိုရင် ကျမတို့နိုင်ငံအတွက် ဘယ်လောက်ဂုဏ်သိက္ခာရှိမလဲ။ နဝတအတွက်ကော

www.burmeseclassic.com

www.burmeseclassic.com

ဘယ်လောက် ဂုဏ်သိက္ခာရှိမလဲ။ အခုဆိုလို့ရှိရင် ကျမ မြင်သလောက်တော့ နဝတဘက်ကနေပြီးတော့ အမှားရှိပါတယ်လို့ ဝန်ခံရမှာ မျက်နှာပျက်တယ်လို့ ထင်ပါတယ်။ တကယ်ဆိုလို့ရှိရင် လူကြီးများအနေနဲ့၊ အာဏာရှိတဲ့ အဖွဲ့အစည်းများအနေနဲ့ မှားတဲ့ဟာကို မှားပါတယ်လို့ ဝန်ခံရတာဟာ အင်မတန်မှ မြင့်မြတ်တဲ့ လုပ်ငန်းတခုပါ။ အဲ့ဒီလို ဂုဏ်သိက္ခာရှိတဲ့ လုပ်ငန်းတခုကို လုပ်ရဲကြပါ။ ပြည်သူလူထုကိုတော့ လက်နက်နည်းနဲ့ နှိမ်နင်းမယ်လို့တော့ ပြောရဲတယ်။ ကိုယ်မှားတဲ့အခါကျတော့ မှားတယ်လို့ မဝန်ခံရဲတဲ့ သတ္တိမျိုးဟာ ဘာသတ္တိမျိုးလဲ။ နောက်ဆုံးကျတော့ သတ္တိဆိုတာဟာ အမှန်တရားကို ရင်ဆိုင်ရဲတာပဲ။ အမှန်တရားအတွက် ဘာမဆို ရင်ဆိုင်ရဲရမယ်။ ဒါဟာမှ တကယ့်သတ္တိပဲ။ ကိုယ့်အာဏာတည်တံ့ခိုင်မြဲရေးအတွက်၊ ဦးနေဝင်း သဘောကျရေးအတွက် လုပ်ရဲတာဟာ သတ္တိမဟုတ်ဘူး။

ဒီတော့ ကျမတို့နိုင်ငံမှာ အခု ပြတ်ပြတ်သားသား နားလည်ရမယ်။ (၂၆) နှစ်အတွင်းက မဆလစနစ်ကို ထူထောင်ခဲ့တာ ဦးနေဝင်း။ တပ်မတော်ကို လမ်းမှားပေါ်တင်ခဲ့တာ ဦးနေဝင်း။ တပ်မတော်ဘက်ကလည်း ဒါကို သေသေချာချာ နားလည်ဖို့ အချိန်ရောက်လာပြီ။ တပ်မတော်ရဲ့ ဖခင်ဆိုတာ၊ တဦးတည်းသောဖခင်ဆိုတာ ဗိုလ်ချုပ်အောင်ဆန်းသာဖြစ်တယ်ဆိုတာ တပ်မတော်သားများက လက်ခံရမယ်။ ကျမအနေနဲ့ ဒုတိယဖခင်ဆိုတဲ့ အသုံးအနှုန်းကို လုံးလုံးလက်မခံဘူး။ ဗမာ စကားမှာလည်း မရှိပါဘူး။ လူတယောက်ဖြစ်လာမှတော့ ဖခင်ဆိုတာ တဦးပဲရှိနိုင်တယ်ဆိုတာ ကျမတို့ နိုင်ငံသူနိုင်ငံသားအားလုံး သိပါတယ်။ ဒီတော့ တပ်မတော်ထဲမှာ ဖခင်တဦးထဲသာ ရှိပါစေ။ ဒီ တဦးတည်းသော ဖခင်ရဲ့ ညွှန်ကြားချက်များကို လိုက်နာပါ။ လိုက်နာခြင်းအားဖြင့် နောင် တပ်မတော်အတွက်လည်း ဂုဏ်သိက္ခာရှိနိုင်မယ်။ ပြည်သူလူထုနဲ့ တပ်မတော်ကြားထဲမှာလည်း ညီညွတ်မှုရှိနိုင်မယ်။ ဒီတိုင်းပြည်လည်း တိုးတက်နိုင်မယ်။ ကျမတို့ဟာ မှန်ကန်တဲ့လမ်းစဉ်ပေါ်မှာ လျှောက်သွားချင်တဲ့ ပြည်သူလူထုဖြစ်ပါတယ်။ ဒီတော့ နဝတ အနေနဲ့လည်း မှန်ကန်တဲ့လမ်းစဉ်ပေါ်မှာ လျှောက်သွားချင်တယ်ဆိုလို့ရှိရင် ပြည်သူလူထုနဲ့ အချိန်မရွေး လက်တွဲနိုင်ပါတယ်။ ဒါပေမဲ့ ဦးနေဝင်းလမ်းစဉ်အပေါ်မှာ လျှောက်သွားချင်တယ်ဆိုလို့ရှိရင်တော့ ပြည်သူလူထုနဲ့ လမ်းခွဲရမှာ ဖြစ်ပါတယ်။

နောက်တခု ကျမ ပြောချင်ပါတယ်။ ဗိုလ်ချုပ်ကြီးစောမောင်ဟာ ဦးနေဝင်း အငြိမ်းစားသွားပြီလို့ ပြောပါတယ်။ ဦးနေဝင်း အငြိမ်းစားသွားပြီလို့ပြောလို့ရှိရင် ဘာဖြစ်လို့ အစိုးရရုံးတွေမှာ၊ တရားရုံးတွေမှာ၊ ဦးနေဝင်းရဲ့ ဓါတ်ပုံကို ဆက်ပြီးတော့ ချိတ်ဆွဲထားသလဲဆိုတာ ကျမ မေးချင်တယ်။ ပြည်သူလူထုအနေနဲ့လည်း ဒါကို ကန့်ကွက်စေချင်ပါတယ်။ အငြိမ်းစားယူသွားပြီဖြစ်တဲ့ ဦးနေဝင်းရဲ့ ဓါတ်ပုံကို အစိုးရရုံးများ၊ တရားရုံးများမှာ မချိတ်ပါနဲ့တော့။ ကျမတို့ဟာ ထုံးတမ်းစဉ်လာအရ နိုင်ငံ့ခေါင်းဆောင်ကြီးရဲ့ ဓါတ်ပုံကိုသာချိတ်မယ်။ လက်ရှိအစိုးရရဲ့ ဦးစီးတယောက်ရဲ့ ဓါတ်ပုံကိုသာချိတ်တယ်။ ဒါကတော့ ထုံးတမ်းစဉ်လာဖြစ်ပါတယ်။ အဲ့ဒီတော့ ချိတ်ချင်လို့ရှိရင် ဗိုလ်ချုပ်ကြီးစောမောင်ရဲ့ ဓါတ်ပုံကိုတော့ ချိတ်နိုင်ပါတယ်။ ဦးနေဝင်းဓါတ်ပုံကိုလည်း ဖြုတ်ချပါတော့။ ဦးနေဝင်းရဲ့ အမိန့်အာဏာအောက်ကလည်း လွတ်မြောက်အောင်လို့ တပ်မတော်နဲ့ နဝတဟာ ရုန်းထွက်ပါတော့လို့ ကျမ ဒီကနေ မေတ္တာရပ်ခံလိုက်ချင်ပါတယ်။

နိဂုံးချုပ်အားဖြင့် ပြောချင်တာကတော့ ကျမတို့အားလုံးဟာ အေးချမ်းသာယာမှုကို လိုလားပါတယ်။ ကျမတို့နိုင်ငံ တိုးတက်ဖို့အတွက်၊ အေးအေးချမ်းချမ်း နေနိုင်ဖို့အတွက် လိုလားတယ်။ ဒါအတွက် ကျမတို့ဟာ နဝတကို ညှိနှိုင်းပါ၊ ဆွေးနွေးပါ၊ တိုင်ပင်ပါလို့ ဖိတ်ခေါ်ပါတယ်။ ကျမ ဆက်ပြီးတော့ ဖိတ်ခေါ်တာပဲ။ ဗိုလ်ချုပ်ကြီးစောမောင်အနေနဲ့ ၂/၈၈၊ ၈/၈၈ တို့ကို မရုပ်သိမ်းပေးမှာမို့လို့ မဆွေးနွေးနိုင်ပါဘူးဆိုတဲ့သဘောနဲ့ ပြောသွားပါတယ်။ ကျမ ပြန်ပြောချင်တာကတော့ ကျမတို့နိုင်ငံမှာ ၂/၈၈ နဲ့ ၈/၈၈ အပြင် ပြဿနာတွေ အများကြီးရှိပါတယ်။ ဒီပြဿနာအများကြီးကို ပြေလည်အောင်ဆိုတာ ကျမတို့ ဆွေးနွေးရမယ်၊ ညှိနှိုင်းရမယ်၊ တိုင်ပင်ရမယ်။ ပြည်သူလူထု အများစုကြီးကလည်း ဒါကို နားလည်တယ်လို့ ကျမထင်ပါတယ်။ ဆက်ပြီးတော့လည်း နားလည်စေချင်ပါတယ်။ ကျမတို့ဟာ မတရားတဲ့ အမိန့်အာဏာများကို ဖီဆန်နေတာကတော့ ဆွေးနွေး၊ ညှိနှိုင်း၊ တိုင်ပင်မှု မရှိလို့ပါပဲ။ တကယ်ပဲ ဗိုလ်ချုပ်ကြီးစောမောင်အနေနဲ့ confrontation ဆိုတဲ့ ထိပ်တိုက်တွေ့မှုကို မလိုလားဘူးဆိုလို့ရှိရင် ကျမတို့နဲ့ စားပွဲဝိုင်းမှာ ထိုင်ပြီးတော့ ပြေလည်မှုရှာပါလို့ ကျမ ဒီကနေ ပြောသွားပါတယ်။ ကျေးဇူးတင်ပါတယ်။ (စည်းကမ်းရှိရှိနဲ့ လူစုခွဲပေးကြပါ။ ကျမတို့ရဲ့ ယာဉ်ထိန်းရဲများရဲ့ ညွှန်ကြားချက်များကို

www.burmeseclassic.com

www.burmeseclassic.com

လိုက်နာပြီးတော့ အားလုံး စည်းကမ်းရှိရှိနဲ့ လူစုခွဲပေးကြပါ။ ကျမတို့ဟာ စည်းကမ်းကို လိုလားတယ်၊ ဥပဒေကို လိုလားတယ်ဆိုတာပြကြပါ။ ကျေးဇူးတင်ပါတယ်။)

၂၁

## နဝတနှင့် ရင်ဆိုင်ဆွေးနွေးရေး

ဤမိန့်ခွန်းကို ၁၉၈၉ ခုနှစ်တွင် ပြောကြားခဲ့သော်လည်း ပြောဆိုသည့်နေရာနှင့် နေ့ရက်ကို စာတည်းအနေနှင့် သိနိုင်စွမ်း မရှိပါ။

* * *

ဗိုလ်ချုပ်ကြီးစောမောင်ရဲ့ သတင်းစာရှင်းလင်းပွဲကိစ္စကို ပြောသွားခဲ့ရပါတယ်။ ဒီကိစ္စတွေ ပြောရင်းနဲ့ပဲ ကျမ စဉ်းစားမိတယ်။ တချို့လူကြီးတွေက ပြောပါတယ်။ ကျမတို့ဟာ နဝတ ကောင်းကြောင်းလည်း တခါတလေ ပြောပါဦးလို့ ကျမကို ပြောပါတယ်။ အဲ့ဒီတော့ နဝတ ကောင်းကြောင်းပြောဖို့ ကျမ စဉ်းစားနေပါတယ်။ ဘာတွေပြောရမလဲလို့၊ ဘာတွေပြောရမလဲဆိုပြီးတော့ စဉ်းစားတဲ့အခါကျတော့ ကျမတို့ နိုင်ငံရေးအဖွဲ့အစည်းတွေကိုတော့ တရားဝင်မှတ်ပုံတင်ခွင့်ပေးပါတယ်။ အဲ့ဒီဟာ ဟာ နဝတ လုပ်ဆောင်ချက်မှာ ကောင်းတဲ့အချက်တခုဖြစ်ပါတယ်။ ဒါပေမဲ့ ဒီလို နိုင်ငံရေးအဖွဲ့အစည်းတွေကို တရားဝင်မှတ်ပုံတင်ခွင့် ပေးထားပြီးတော့၊ တကယ်တော့ နိုင်ငံရေးအဖွဲ့အစည်းများအနေနဲ့ နိုင်ငံရေးကို ထိထိရောက်ရောက် လုပ်ပိုင်ခွင့်ကျတော့ မပေးဘူးလို့ ကျမတော့ ပြောရမှာပဲ။ အဲ့လိုပြောလိုက်ပြန်တော့လည်း တဖက်ကတော့ ကောင်းတယ်လို့ပြောပြီးတော့ တဖက်ကတော့ အပြစ်ရှာတယ်လို့ အပြောခံရမှာပဲ။ ဒါပေမဲ့လည်း အပြောခံရင်လည်း ခံရမှာပဲ။ အခု ကျမတို့ ပြဿနာဟာ ဒါပါပဲ။ တဖက်ကတော့ ပေးသယောင်ယောင်နဲ့ တဖက်ကတော့ အခွင့်အရေးများကို ပိတ်ပင်နေရတာကို တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ကျမတို့ဟာ ကန့်ကွက်နေရတာပါ။ မနေ့က ဗိုလ်ချုပ်မှူးကြီးစောမောင်အနေနဲ့ ဆိုလို့ရှိရင် ကျမအပေါ်မှာ မကျေနပ်ချက်များ၊ ကျမတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပေါ်မှာ မကျေနပ်ချက်များ ပြောသွားတယ်။ ဒီလို မကျေနပ်ချက်များ ပြောသွားတာဟာ ကျမတို့ လက်ခံပါတယ်။ မကျေနပ်တာရှိလို့ရှိရင် ပြောပါ။ ကျမတို့အနေနဲ့ ပြန်ပြီးတော့ ဖြေရှင်းပါ့မယ်။ အရေးကြီးဆုံး အချက်တချက်ကတော့ ကျမတို့ကို သွယ်ဝိုက်သောနည်းအားဖြင့် ကွန်မြူနစ်တွေလို့ စွပ်စွဲသွားတဲ့အချက်ပါပဲ။ ဒီဟာကတော့ ကျမ ထူးထူးထွေထွေ သိပ်ပြီးတော့ မပြောလိုပါဘူး။ မဟုတ်မမှန်ဘူးလို့ပဲ ပြောချင်ပါတယ်။ ဒါဟာ မဟုတ်မမှန်တဲ့ ကိစ္စတခုကို ထပ်တလဲလဲ ဖြေရှင်းနေရတာဟာ အဓိပ္ပာယ်တော့ သိပ်မရှိပါဘူး။ ကျမဟာ ကွန်မြူနစ်လည်း မဟုတ်ပါဘူး။ ကွန်မြူနစ်ဝါဒကို ထောက်ခံသူတဦးလည်း မဟုတ်ပါဘူး။ မြန်မာနိုင်ငံမှာ ကွန်မြူနစ်တွေ လွှမ်းမိုးရေးအတွက် လုပ်နေတာလည်း မဟုတ်ပါဘူး။ မြန်မာနိုင်ငံမှာ ပြည်သူလူထုအားလုံးဟာ ဒီမိုကရေစီ အခွင့်အရေးများ၊ အခြေခံ လူ့အခွင့်အရေးများ ရရှိရေးအတွက် လုံးပန်းနေတာဖြစ်ပါတယ်လို့ ကျမ ပြောချင်ပါတယ်။

ဒုတိယကိစ္စကတော့ ကျမတို့အဖွဲ့ချုပ်ဟာ ထိပ်တိုက်တွေ့ချင်တယ်၊ **confrontation** ဆိုတဲ့ စကားလုံးကို ဗိုလ်ချုပ်ကြီးစောမောင်က သုံးသွားပါတယ်။ ဒါလည်း ကျမ ရှင်းပြရပါလိမ့်မယ်။ **Confrontation** ဆိုတာ ထိပ်တိုက်တွေ့ချင်တယ်ဆိုတဲ့ သဘောနဲ့ ဗိုလ်ချုပ်ကြီးစောမောင်က ရှင်းပြသွားပါတယ်။ ကျမတို့အနေနဲ့ ဒီလိုမမြင်ပါဘူး။ ကျမတို့ဟာ ထိပ်တိုက်တွေ့ချင်တာ မဟုတ်ပါဘူး။ ဒါလည်း ကျမ ထပ်တလဲလဲပြောရလွန်းလို့ အားလည်း အားနာပါတယ်။ ကျမတို့ဟာ ပြဿနာများကို ရင်ဆိုင်ပြီးတော့သာ ဖြေရှင်းချင်တာပါလို့ ကျမ ပြောပါတယ်။ ဗိုလ်ချုပ်ကြီးစောမောင်အနေနဲ့တော့ ပြဿနာများကို ညှိနှိုင်းဆွေးနွေးတိုင်ပင်ပြီးတော့ ဖြေရှင်းဖို့ဆိုတာဟာ မရဘူးဆိုတဲ့ အနေအထားနဲ့ ပြောသွားတယ်လို့ ကျမ နားလည်ပါတယ်။ ကျမလည်း

www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်ချုပ်ကြီးစောမောင် ပြောသွားတာအားလုံးကို သိပ်ပြီးတော့ ရှင်းရှင်းလင်းလင်း နားမလည်ပါဘူး။ နားလည်သလောက်သာ ပြောရမယ်။ အဲ့ဒီတော့ ဒီလို ကျမတို့နဲ့ မဆွေးနွေးနိုင်ဘူးလို့ ပြောသွားတယ်လို့ ကျမ နားလည်ပါတယ်။ ဒါပေမဲ့ ကျမကတော့ စိတ်ဓာတ်မကျပါဘူး။ ဆက်ပြီးတော့ တောင်းဆိုမှာပဲ။ ဆွေးနွေးပါ၊ ညှိနှိုင်းပါ၊ တိုင်ပင်ပါ၊ နားလည်မှုရှာပါ။ ကျမတို့ဟာ နားလည်မှု အင်မတန်မှ လိုချင်ပါတယ်။ နားလည်မှု လိုချင်တာဟာလည်း ပြည်သူလူထုအတွက်ပဲ။ အားလုံး အေးအေးချမ်းချမ်းနဲ့ လိုချင်တဲ့ပန်းတိုင်ကို အမြန်ဆုံး ရောက်သွားရေးအတွက် နားလည်မှု လိုချင်တာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျမတို့အနေနဲ့ကတော့ ဆက်ပြီးတော့ တောင်းပန်ပါတယ်။ ညှိနှိုင်းပါ၊ ဆွေးနွေးပါ၊ တိုင်ပင်ပါ၊ နားလည်မှုရှာပါ။ ဗိုလ်ချုပ်ကြီးစောမောင်အနေနဲ့ ကျမနဲ့ပတ်သက်လို့ အမျိုးမျိုးပြောသွားတယ်ဆိုတော့ ကျမကတော့ တခုပြောချင်ပါတယ်။ ကျမက ဗိုလ်ချုပ်ကြီးစောမောင်ဟာ တိုင်းပြည်အပေါ်မှာ စေတနာမှန်တယ်လို့ ကျမ ယုံကြည်ခဲ့ပါတယ်။ အစကတည်းကလည်း ကျမ ပြောပါတယ်။ ကျမကို ကြားတဲ့လူတိုင်း သိမှာပါ။ ကျမ ပြောပါတယ်။ ဗိုလ်ချုပ်ကြီးစောမောင်ကတော့ ရွေးကောက်ပွဲများကို လုပ်ပေးချင်တယ်လို့ ကျမ ထင်ပါတယ်။ ဒါပေမဲ့ ဦးနေဝင်းရဲ့ ဩဇာအာဏာကို မလွန်ဆန်နိုင်လို့သာ အခုအခြေအနေဟာ တိုးတက်မှုမရှိတာလို့ ထင်ပါတယ်လို့ ကျမ ပြောခဲ့ပါတယ်။ ဒါ ကျမ ထင်တဲ့အတိုင်း မှန်မှန်ကန်ကန် ပြောတာပါ။ ဒီတော့ ဗိုလ်ချုပ်ကြီးစောမောင်ကို ကျမ စော်ကားတာလည်း မဟုတ်ပါဘူး။ ကျမ နားလည်ပါတယ်။ ဗိုလ်ချုပ်ကြီးစောမောင်တို့အတွက် ဦးနေဝင်း ဆိုတာကတော့ ငယ်ကြောက်သဘောမျိုး ဖြစ်နေတယ်ဆိုတာ ကျမ နားလည်ပါတယ်။ ဒါလည်း ကျမ စော်ကားချင်တဲ့စိတ်နဲ့ ပြောတာ မဟုတ်ပါဘူး။ ဗိုလ်ချုပ်ကြီးစောမောင်က ကျမကို တွေ့မယ်။ ညှိနှိုင်းမယ်၊ တိုင်ပင်မယ်ဆိုရင် ဒါတွေကို ကျမ မျက်နှာချင်းဆိုင်ပြီးတော့ ပြောသွားမှာပါ။ အခုတော့ ဒီလိုလုပ်ခွင့် မပေးဘူးဆိုတော့ ပြည်သူလူထုကတဆင့် တိုင်တည်ရတော့မလိုဖြစ်နေပြီ။ ကျမ သေသေချာချာ စဉ်းစားပါတယ်။ ဒီ (၂၆) နှစ် ကိစ္စ။ မဆလ (၂၆) နှစ်အတွင်း တိုင်းပြည်ကို ဖျက်ဆီးသွားတဲ့ကိစ္စ။ ကျမ ဒါကို (၂၆) နှစ်လုံးလုံး တိုင်းပြည်ကို ဖျက်ဆီးသွားတဲ့လူဟာ ဦးနေဝင်းဖြစ်ပါတယ်ဆိုတာ ကျမ ပေါ့ပေါ့တန်တန်ပြောတာ မဟုတ်ပါဘူး။ သေသေချာချာ စဉ်းစားပြီးတော့မှ၊ တိုင်းပြည်အခြေအနေကို လေ့လာပြီးတော့မှ ပြောတာဖြစ်ပါတယ်။ ဒါ ပြည်သူလူထု အများစုကြီးကလည်း သိပြီးသားလို့ ကျမ ထင်ပါတယ်။ ဗိုလ်ချုပ်ကြီးစောမောင်နဲ့ နဝတထဲက လူကြီးများအနေနဲ့၊ တပ်မတော်ထဲက အရာရှိများအနေနဲ့ သေသေချာချာ လေ့လာလို့ရှိရင် ဒါဟာ ပေါ်လွင်ပါတယ်။ တိုင်းပြည်တတိုင်းပြည်မှာ အုပ်ချုပ်သူ ချမ်းချမ်းသာသာနဲ့ နေပြီးတော့ တိုင်းပြည်က ဆင်းရဲနေပြီဆိုလို့ရှိရင် ဒီ အုပ်ချုပ်တဲ့လူဟာ တိုင်းပြည်အပေါ်မှာ ဘယ်လိုစေတနာရှိသလဲဆိုတာ အင်မတန်ထင်ရှားပါတယ်။ ကျမတို့နိုင်ငံ ပျက်စီးခဲ့ရတယ်ဆိုတာ နေ့ချင်း၊ ညချင်း ပျက်စီးခဲ့ရတာမဟုတ်ပါဘူး။ (၂၆) နှစ်လုံးလုံး အင်မတန်မှ ကြိုးကြိုးစားစားနဲ့ ဦးနေဝင်း လုပ်ခဲ့လို့သာ ပျက်စီးခဲ့ရတာပါ။ အဲ့ဒီတော့ ဒီလို ကြိုးစားပန်းစားနဲ့ လုပ်နိုင်တဲ့ အရည်အချင်းကိုတော့ အသိအမှတ်တော့ ပြုပါတယ်။ ဒါပေမဲ့လည်း တိုင်းပြည်ပေါ်မှာ သုံးသင့်သုံးထိုက်တဲ့ အရည်အချင်းတခုတော့ မဟုတ်ပါဘူး။ ကျမတို့ဟာ အခုအချိန်မှာ ဦးနေဝင်းရဲ့ ဩဇာအာဏာက ရုန်းကန်ပြီးတော့ မထွက်နိုင်လို့ရှိရင် တိုင်းပြည် ဒီ့ထက် ပျက်စီးသွားမယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့်မို့လို့ ဒီ ယုံကြည်ချက်အရ ကျမတို့ တင်ပြပါ့မယ်။ ဗိုလ်ချုပ်ကြီးစောမောင်အနေနဲ့ ဦးနေဝင်းဟာ အငြိမ်းစားသွားပြီလို့ ပြောပါတယ်။ ဒါလည်း ကျမတို့ လက်ခံပါတယ်။ ဦးနေဝင်းဟာ အငြိမ်းစားသမတကြီးလို့ ခေါ်မလား။ ဥက္ကဋ္ဌကြီးလို့ ခေါ်မလား။ ဗိုလ်ချုပ်ကြီးချုပ်လို့ ခေါ်မလား။ ဘယ်လိုခေါ်ရမှန်းတောင် မသိတော့ပါဘူး။ အဲ အငြိမ်းစားတော့ အငြိမ်းစားပါပဲ။ ဒါပေမဲ့ အငြိမ်းစားတယောက်အနေနဲ့ တိုင်းပြည်ရဲ့ကိစ္စတွေမှာ ဝင်ရှုပ်နေလို့ ခက်တာပေ့ါ။ ကျမတို့၊ ဗိုလ်ချုပ်ကြီးစောမောင်တို့ နဝတအနေနဲ့ မှန်မှန်ကန်ကန် တိုင်းပြည်အကျိုးကို ထမ်းသွားစေချင်တယ်။ မှန်မှန်ကန်ကန် တိုင်းပြည်အကျိုးကို ထမ်းသွားမယ်ဆိုရင် ပြည်သူလူထုကလည်း ဝိုင်းပြီးတော့ ပံ့ပိုးမယ်၊ ကူညီမယ်ဆိုတာ ကျမ ယုံကြည်ပါတယ်။ သက်သက်မဲ့ ကျမတို့ဟာ ရန်စနေတာ မဟုတ်ပါဘူး။ ရန်လည်း မစချင်ပါဘူး။ စဉ်းစားကြည့်ပါ။ ပြည်သူလူထုဘက်မှာ လက်နက်လည်း မရှိဘူး။ အာဏာလည်း မရှိဘူး။ လက်နက်မရှိတဲ့၊ အာဏာမရှိတဲ့ လူထုဟာ ဘာဖြစ်လို့ လက်နက်၊ အာဏာရှိတဲ့ အဖွဲ့အစည်းကို ရန်စချင်ရမှာလဲ။ ဘယ်ရန်စချင်ပါ့မလဲ။ ကျမတို့ အဆင်ပြေချင်တာပေ့ါ။ ဒီလို စိတ်ထားတွေနဲ့ လုပ်နေတာကို ဘာဖြစ်လို့ နားမလည်သလဲ။ ဘာဖြစ်လို့ သဘောမပေါက်လဲဆိုတာ ကျမတော့ စဉ်းစားလို့ မရနိုင်အောင် ဖြစ်နေပါတယ်။ ဗိုလ်ချုပ်ကြီးစောမောင်ကလည်း ညတုန်းက စဉ်းစားတယ်လို့ ပြောခဲ့ပါတယ်။ ကျမလည်း စဉ်းစားပါတယ်။ တချိန်လုံး

www.burmeseclassic.com

www.burmeseclassic.com

စဉ်းစားနေတာပဲ။ ဒီ အခြေအနေတွေကို ပြေလည်အောင် ဘယ်လိုလုပ်ရမလဲ။ အဲ့ဒီတော့ ကျမ စဉ်းစားရင်း စဉ်းစားရင်းနဲ့ ထွက်လာတဲ့အဖြေက တခုပဲရှိတယ်။ မျက်နှာချင်းဆိုင် ထိုင်ပြီးတော့ ပြေလည်မှုရှာရမယ်။ ဒီလို ပြေလည်မှုရှာနိုင်မှ ကျမတို့ ဆက်လက်ချီတက်သွားနိုင်မှာပဲ။ ဒီလို ပြေလည်မှု မရှာနိုင်လို့ရှိရင် ကျမတို့ ပြည်သူလူထုဟာ ဒီလောက်ပဲ အင်အားနည်းသလားလို့ ကျမတို့ မေးရမှာပဲ။ ကျမတို့လူထုရဲ့ အင်အားဟာ အင်မတန်မှ များပါတယ်။ စည်းကမ်းရှိတဲ့ အင်အား၊ စနစ်ကျတဲ့အင်အား၊ အေးအေးချမ်းချမ်းနဲ့ လုပ်ချင်တဲ့အင်အား၊ ဒါကို ဗိုလ်ချုပ်ကြီးစောမောင် နားလည်စေချင်တယ်။ ကျမအနေနဲ့ မနေ့တုန်းက ဗိုလ်ချုပ်ကြီးစောမောင် သတင်းစာရှင်းလင်းပွဲကို နားထောင်ရင်းနဲ့ စိတ်ထဲမှာ အမျိုးမျိုးဖြစ်တာပေါ့လေ။ ဒါပေမဲ့ တကယ်တော့ ကျမစိတ်ထဲမှာ အပြင်းထန်ဆုံးကတော့ ဝမ်းနည်းခြင်းပဲ။ ဝမ်းနည်းတယ် ကျမ။ စဉ်းစားရင်း စဉ်းစားရင်းနဲ့၊ နားထောင်ရင်း နားထောင်ရင်းနဲ့၊ ဘယ့်နှယ့် ဒီတိုင်းပြည် ဒီအခြေအနေရောက်နေသလဲ။ ဘယ့်နှယ့် ကျမတို့ရဲ့ အခုအချိန်အခါမှာ နိုင်ငံရဲ့ ဦးစီးဖြစ်တဲ့ ဗိုလ်ချုပ်ကြီးစောမောင်ဟာ ဒီလောက်တောင်မှ ပြည်သူလူထုအပေါ်မှာ နားလည်မှုနည်းနေသလဲဆိုတာ ကျမ စိတ်ထဲမှာ ဖြစ်နေပါတယ်။ ဒီလို နားလည်မှု နည်းနေခြင်းဟာ အင်မတန်မှ ဝမ်းနည်းစရာကောင်းပါတယ်။ အခု ကျမ ပြောရဲတယ်။ ပြောရဲလို့ ပွင့်ပွင့်လင်းလင်း ပြောမယ်။ ကျမကတော့ ဗိုလ်ချုပ်ကြီးစောမောင်ဟာ မှန်မှန်ကန်ကန် လုပ်ပေးချင်တဲ့ စေတနာရှိတယ်ဆိုတာ ယုံကြည်တယ်။ ဒီလို စေတနာရှိလျက်သားနဲ့ ဘာဖြစ်လို့ ဒီလို မဟုတ်မမှန်တဲ့ ကိစ္စကို ပြောနေသလဲဆိုတာ ကျမ နားမလည်နိုင်ပါဘူး။ ဒီတော့ စဉ်းစားစရာ အမျိုးမျိုး ရှိပါတယ်။ ဘာဖြစ်လို့ ဒီလို မဟုတ်မမှန်တဲ့ စွပ်စွဲချက်တင်နေသလဲ။ ဗိုလ်ချုပ်ကြီးစောမောင်ကို မှန်ကန်တဲ့ သတင်းတွေကို မပေးနေလို့လား။ ဒါမှမဟုတ် ဗိုလ်ချုပ်ကြီးစောမောင်အနေနဲ့ စိတ်ထဲမှာရှိတဲ့ဟာကို လွတ်လွတ်လပ်လပ် မပြောနိုင်လို့လားလို့ ကျမ မေးရမှာပဲ။ ဒီကိစ္စနဲ့ပတ်သက်လို့ ဗိုလ်ချုပ်ကြီးစောမောင်က ပြောသွားပါတယ်။ ကျမက၊ ကျမလို့တော့ မပြောဘူးလို့ပေါ့လေ။ ဒါပေမဲ့ အဓိကပြောသွားတာ ကျမဆိုတော့ ကျမလို့ ဝန်ခံပါ့မယ်။ နဝတအထဲမှာ ဆိုလို့ရှိရင် စိတ်သဘောထား ကွဲလွဲမှုရှိတယ်ဆိုတာ တချို့က ပြောတယ်ဆိုတာကို ဗိုလ်ချုပ်ကြီးစောမောင်က မနှစ်မြို့တဲ့အနေနဲ့ ပြောသွားပါတယ်။ ဟုတ်တယ်၊ ကျမ ပြောပါတယ်။ ဘာဖြစ်လို့ ကျမ ဒီလိုပြောရသလဲဆိုတော့ ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့ဝင်များ နိုင်ငံတဝှမ်းလုံးမှာ လုပ်နေပုံများဟာ တော်တော်ပဲ စိတ်ညစ်စရာကောင်းတဲ့ကိစ္စကြီး ဖြစ်နေပါတယ်။ အများပြည်သူသိတဲ့အတိုင်းပဲ နေရာ အတော်များများမှာ ဆိုလို့ရှိရင် ဒီမိုကရေစီဘက်ကို ထိုးနှက်နေတယ်။ တစည်ကို အားပေးနေတယ်၊ ဘက်လိုက်နေတယ်၊ မျက်နှာလိုက်နေတယ်ဆိုတာ ကျမတို့ တွေ့ခဲ့ရပါတယ်။ စည်းရုံးရေးခရီး ထွက်တိုင်း၊ ထွက်တိုင်း ကျမတို့ ဒီကိစ္စကို တွေ့ခဲ့ရတယ်။ ဒီတော့ ဗိုလ်ချုပ်ကြီးစောမောင်အနေနဲ့ ကြားနေပါ့မယ်လို့ ပြောခဲ့ပြီ၊ တပ်မတော်ကလည်း ကြားနေပါ့မယ်လို့ ပြောခဲ့ပြီ၊ ဒီလို ပြောနေတဲ့အထဲက ဘာဖြစ်လို့ ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ထဲက ဘက်လိုက်နေလဲဆိုတာ ကျမတို့ မမေးမဖြစ်တဲ့ မေးခွန်းဖြစ်နေပါတယ်။ အဲ့ဒီတော့ အဖြေဟာ နှစ်ခု ဖြစ်နိုင်တယ်။ ဗိုလ်ချုပ်ကြီးစောမောင်ဟာ ပြောတာတမျိုး၊ လုပ်တာတမျိုးလား။ ဒါမှမဟုတ် ဗိုလ်ချုပ်ကြီးစောမောင်ပြောသလို မလုပ်တဲ့လူတွေ ရှိနေလို့လားလို့ ကျမတို့ မေးရလိမ့်မယ်။ ဒီတော့ ကျမအနေနဲ့ ဗိုလ်ချုပ်ကြီးစောမောင် ပြောသလို မလုပ်တဲ့လူတွေရှိနေလို့ ဖြစ်တန်ပါရဲ့ဆိုပြီးတော့ နဝတထဲမှာလည်း သဘောထားနှစ်မျိုးရှိနေပါတယ်လို့ ကျမ ပြောတာပါ။ ဒါ နဝတကို စိတ်ဝမ်းကွဲစေချင်လို့ ပြောတာမဟုတ်ပါဘူး။ ကျမအနေနဲ့ အားလုံးကို ခြုံပြီးတော့ မစော်ကားချင်လို့ပါ။ နဝတထဲမှာ မှန်မှန်ကန်ကန်လုပ်ချင်တဲ့ လူကြီးတွေများ ရှိပါလျက်သားနဲ့ နဝတဟာ မတရားသဖြင့် လုပ်နေတယ်လို့ ကျမ မစွပ်စွဲချင်လို့ အဲ့ဒီလို ခွဲခြားပြီးတော့ ပြောတာဖြစ်ပါတယ်။ ဒီအတိုင်းပဲ တပ်မတော်ထဲမှာလည်း မှန်မှန်ကန်ကန်လုပ်ချင်တဲ့သူများ ရှိပါလျက်သားနဲ့၊ မှန်မှန်ကန်ကန်လုပ်ချင်တဲ့ အရာရှိများ၊ တပ်မတော်သားများ ရှိလျက်သားနဲ့ တပ်မတော်တခုလုံးကို ခြုံပြီးတော့ မစွပ်စွဲချင်လို့ တပ်မတော်ထဲမှာလည်း မှန်မှန်ကန်ကန် မျှမျှတတ လုပ်ချင်တဲ့လူများရှိသလို၊ မှန်မှန်ကန်ကန် တရားမျှမျှတတနဲ့ မလုပ်ချင်တဲ့သူများလည်း ရှိတယ်လို့ ကျမ ခွဲခြားပြီးတော့ ပြောတာပါ။ ဒီလိုပြောတာကို ကျမဟာ တပ်မတော်ပြိုကွဲရေးအတွက် လုပ်နေတယ်ဆိုပြီးတော့ စွပ်စွဲပါတယ်။ ဒါဟာ လုံးလုံးမဟုတ်ပါဘူး။ ကျမ တပ်မတော်ကို မပြိုကွဲစေချင်ဘူးဆိုတဲ့ဟာကလည်း ထပ်တလဲလဲ ပြောနေရတဲ့ ကိစ္စပါ။ ဒီတော့ ဗိုလ်ချုပ်ကြီးစောမောင်နဲ့၊ နဝတနဲ့၊ တပ်မတော်တို့အနေနဲ့ နားလည်စေချင်ပါတယ်။ ကျမတို့က ပြေလည်မှုကို လိုချင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

အာဏာဖီဆန်ရေး ဆိုတာကလည်း မတရားတဲ့ အမိန့်အာဏာများဖီဆန်ရေး ဖြစ်ပါတယ်။ ဆူပူအောင်လှုံ့ဆော်ခြင်း မရှိဘဲနဲ့ အေးအေးချမ်းချမ်းနဲ့ မတရားတဲ့ အမိန့်အာဏာများကို ဖီဆန်ဖို့ဖြစ်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ မနေ့တုန်းကလည်း ကျမ ရှင်းပြခဲ့ပါတယ်။ အခုအချိန်မှာဆိုရင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ အတွင်းရေးမှူးဖြစ်တဲ့၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်တဦး ဦးဝင်းတင်ကို မတရားသဖြင့် မဟုတ်မမှန်တဲ့စွပ်စွဲချက်တွေ တင်ပါတယ်။ တင်ပြီးတော့၊ စွပ်စွဲချက်ကိုတင်တော့လည်း ပုဒ်မ ၂၁၆ နဲ့ တင်ပါတယ်။ ပုဒ်မ ၂၁၆ ဆိုတာဟာ အာမခံ ပေးကိုပေးရမယ့် ပုဒ်မ ဖြစ်ပါတယ်။ ဒီလို အာမခံ ပေးကိုပေးရမယ့်ပုဒ်မ ဖြစ်လျက်သားနဲ့ တနေ့တုန်းက ရုံးမှာ စစ်တဲ့အခါကျတော့ အာမခံ မပေးခဲ့ပါဘူး။ အစိုးရရှေ့နေက ဒီပုဒ်မဟာ အာမခံပေးရမယ်ဆိုတာ မှန်ပါတယ်လို့ ဝန်ခံပါတယ်။ ဒါပေမဲ့ အထက်က ညွှန်ကြားချက်အရ အာမခံပေးခြင်းကို ကန့်ကွက်ပါတယ်လို့ တင်ပြသွားပါတယ်။ ဒီတော့ ကျမတို့တိုင်းပြည်မှာ တရားဥပဒေစိုးမိုးခြင်း မရှိဘူးဆိုတာ အင်မတန်မှ ထင်ရှားပါတယ်။

ဒီလို အနေအထားမျိုးကို ကျမတို့ ကန့်ကွက်နေတာပါ။ ဒီလို တိုင်းပြည်တပြည်မှာ တရားဥပဒေစိုးမိုးမှု မရှိဘူးဆိုလို့ရှိရင် ပြည်သူလူထုရဲ့ အခွင့်အရေးတွေဟာ တနေ့ထက်တနေ့ ဆုံးရှုံးသွားပါလိမ့်မယ်။ ဆုံးရှုံးနေတယ်ဆိုတာလည်း ကျမတို့မျက်စေ့ရှေ့မှာကို မြင်နေရပါတယ်။ ဒီလို မျက်စေ့ရှေ့မှာ မြင်နေရလို့ကို မတရားတဲ့အမိန့်အာဏာများ၊ တရားဥပဒေနဲ့ မကိုက်ညီတဲ့အမိန့်အာဏာများကို ဖီဆန်ကြပါလို့ ကျမတို့ ပြောတာပဲ။ တနေ့ကဖြစ်သွားသလို တရားရုံးမှာ အာမခံပေးရမယ့် ပုဒ်မတခုကို အာမခံမပေးတဲ့ အမိန့်အာဏာ၊ တရားဥပဒေကို ဖောက်ချိုးတဲ့ အမိန့်အာဏာမျိုးကို ကျမတို့ ကွန့်ကွက်ရမယ်၊ ဖီဆန်ရမယ်။

နောက်တခု ကျမ ပြောချင်ပါတယ်။ အဲ့ဒီ အင်းစိန်တရားရုံးမှာ၊ ဒီလို မတရားတဲ့ အမိန့်အာဏာနှင့် မတရားတဲ့ ဥပဒေများကို ချိုးဖောက်သွားတဲ့ ရုံးမှာဆိုလို့ရှိရင် ဦးနေဝင်း ဓါတ်ပုံကြီးကို ချိတ်ထားပါတယ်။ ဒါကိုလည်း ကျမ နဲနဲမှ မကြိုက်ပါဘူး။ အငြိမ်းစားလူတယောက်ရဲ့ဓါတ်ပုံကို ဘာဖြစ်လို့ တရားရုံးတခုမှ ချိတ်ဆွဲထားသလဲဆိုတာ မေးရမှာပဲ။ ဘာမှ ဦးနေဝင်းနဲ့ ဒီတိုင်းပြည်နဲ့ သက်ဆိုင်ခြင်းမရှိတော့ဘူးလို့ ကျမ ယူဆပါတယ်။ သက်ဆိုင်မှုမရှိတော့ဘူးဆိုလို့ရှိရင် အစိုးရရုံးများ၊ နိုင်ငံနဲ့သက်ဆိုင်တဲ့ ရုံးများမှာ ဦးနေဝင်းရဲ့ ဓါတ်ပုံကို မချိတ်သင့်ပါဘူး။ ဒီလို ဓါတ်ပုံကို ချိတ်ဆွဲထားခြင်းကိုက ဦးနေဝင်း အငြိမ်းစားသွားပြီဆိုတာကို လက်မခံတာဖြစ်ပါတယ်။ သမတဟောင်းများအားလုံးရဲ့ ဓါတ်ပုံကို ချိတ်ဆွဲပါဆိုရင်တော့ အင်မတန်မှ များပါတယ်။ ပထမဦးဆုံး သမတကြီး စပ်ရွှေသိုက်ပုံကိုလည်း ချိတ်ရမယ်။ ဦးဘဦးပုံကိုလည်း ချိတ်ရမယ်။ တနေ့က ကွယ်လွန်သွားတဲ့ မန်းဝင်းမောင်ကြီးရဲ့ ပုံကိုလည်း ချိတ်ရမယ်။ ဦးစိန်လွင်တို့၊ ဒေါက်တာမောင်မောင်တို့လည်း ပါမှာပေ့ါလေ။ ပုံတွေကတော့ ချိတ်စရာတွေ အများကြီးပဲ။ ဒီတော့ သမတဟောင်းများ ဓါတ်ပုံချိတ်တဲ့ အစဉ်အလာတော့ ဒီတိုင်းပြည်မှာ မဖြစ်သင့်ဘူးလို့ ကျမ ထင်ပါတယ်။ နောက်ဆိုလို့ရှိရင် ရုံးတွေမှာ နေရာရှိတော့မှာမဟုတ်ဘူး။ ဒီတော့ ကျမ ဗိုလ်ချုပ်ကြီးစောမောင်ကို ရဲရဲဝံ့ဝံ့ တင်ပြရဲပါတယ်။ ဦးနေဝင်းရဲ့ ဩဇာအာဏာက လုံးဝကင်းလွတ်တယ်ဆိုတာ ကျမတို့ နားလည်နိုင်အောင်လို့၊ ယုံကြည်နိုင်အောင်လို့ ပြပါ။ ဦးနေဝင်းလုပ်ခဲ့တဲ့ နည်းတွေနဲ့ ဆက်ပြီးမလုပ်ပါနဲ့။ ပြည်သူလူထုကို ခြိမ်းခြောက်တယ်၊ ဟန့်တားတယ်ဆိုတာ ဦးနေဝင်းရဲ့ နည်းတွေပါ။ ဒီနည်းတွေဟာ ဆက်ပြီးတော့ မသုံးပါနဲ့လို့ ကျမ ပြောချင်ပါတယ်။

ဒီတော့ နဝတ အနေနဲ့ ဘာကောင်းတာတွေ လုပ်ခဲ့သလဲဆိုတော့ ကျမက စဉ်းစားရင်း၊ စဉ်းစားရင်းနဲ့ စဉ်းစားလို့ရတာက ပန်းခြံတွေပဲရှိတယ်။ အဲ့ဒါတွေ ကောင်းတယ်လို့ ပြောရမလားမသိဘူး။ ဒီလိုပြောရင်လည်း ပြည်သူလူထုက လက်ခံမှာမဟုတ်ဘူး။ ကျမကိုယ်တိုင်က ပန်းခြံတခုမှ မရောက်ဖူးဘူး။ အဲ့ဒီတော့ ကောင်းလား၊ မကောင်းလား ကျမ မပြောနိုင်ဘူး။ ဒီတော့ ဒီလိုကိစ္စတွေမှာ ဒီလိုအခြေအနေတွေမှာ ကျမ နဝတ ကို တင်ပြချင်တယ်။ ပန်းခြံတွေဘာတွေ မလုပ်နေပါနဲ့။ ထုံးတွေ ဘာတွေ မသုတ်နေပါနဲ့။ ပြည်သူလူထုက ဒါတွေ မလိုလားဘူး။ တံတားတွေလည်း မလိုချင်ပါဘူး။ ပြည်သူလူထုလိုချင်တဲ့ တံတားဟာ တခုပဲရှိတယ်။ ဒီမိုကရေစီ မြန်မြန်ဆန်ဆန်ရောက်မယ့် တံတားပဲ။ ဒီတော့ အန္တရာယ်အမျိုးမျိုးကို ကျော်လွှားပြီးတော့ ဒီမိုကရေစီ မြန်မြန်ဆန်ဆန်ရောက်နိုင်မယ့် အခြေခံလူ့အခွင့်အရေးများဆိုတဲ့ တံတားကြီးကို တည်ဆောက်ပေးပါ။ ဒီတံတားကြီးတခုပဲ တည်ဆောက်ပေးမယ်ဆိုလို့ရှိရင် ပြည်သူလူထုဟာ အများကြီးကျေနပ်နေမှာပါ။ ဒါအတွက်ပဲ ကျမတို့ တောင်းနေတာပဲ။

www.burmeseclassic.com

www.burmeseclassic.com

ကျမ ဗိုလ်ချုပ်ကြီးစောမောင်ကို ဖြေစေချင်တဲ့ကိစ္စတွေ အများကြီးရှိပါတယ်။ ဗိုလ်ချုပ်ကြီးစောမောင်က ပြောသွားတာဟာ ကျမတို့ဟာ တွေ့ဆုံလို့ရှိရင် ၂/၈၈ နှင့် ၈/၈၈ ရုပ်သိမ်းဖို့ပဲ ပြောမှာပဲ။ ဒါတွေ မကပါဘူး။ ကျမတို့ ပြောစရာတွေ အများကြီးရှိပါတယ်။ ဘာဖြစ်လို့ မတော်မတရားတဲ့နည်းတွေနဲ့ ကျမတို့ ပြည်သူလူထုကို ခြိမ်းခြောက်နေသလဲ။ ဉပမာအားဖြင့်ဆိုလို့ရှိရင် တစည‌ဟာ နိုင်ငံတော်ဘဏ္ဍာများ၊ နိုင်ငံတော်ပစ္စည်းများ သုံးနေတာကို ဘယ်လိုအရေးယူပါသလဲ။ ဒီလိုမေးစရာတွေ ကျမတို့ အများကြီးရှိပါတယ်။ ဗိုလ်ချုပ်ကြီးစောမောင်အနေနဲ့ ပြည်သူလူထုကျေနပ်ဖို့အတွက် လုပ်ပေးစရာတွေ အများကြီးရှိပါတယ်။ ကျမတို့ဟာ ညှိနှိုင်းမယ်၊ ဆွေးနွေးမယ်၊ တိုင်ပင်မယ်ဆိုလို့ရှိရင် ဟိုဟာဒီဟာဆိုပြီးတော့ ကန့်သတ်ပြီးတော့ သွားမှာမဟုတ်ပါဘူး။ ညှိနှိုင်းစရာ၊ ဆွေးနွေးစရာ၊ တိုင်ပင်စရာ အများကြီးရှိပါတယ်။ နားလည်မှုလွဲနေတာလည်း အများကြီးရှိပါတယ်။ ဒီတော့ အခုအချိန်မှာ ပြည်သူလူထုဟာ အင်မတန်မှ စိတ်ပင်ပန်း၊ ကိုယ်ပင်ပန်းရှိပါတယ်။ ဆန်ဈေးတွေကလည်း ကြီးတယ်။ ကုန်ဈေးတွေကလည်း အင်မတန်မှ ကြီးတယ်။ ပြည်သူလူထုကလည်း ဆင်းရဲတယ်။ တနေ့ထက်တနေ့ ဒီမိုကရေစီအခွင့်အရေးများဟာလည်း နည်းလာတယ်။ ကျမတို့ဘက်က အဖမ်းအဆီးခံရတဲ့လူတွေကလည်း တနေ့ထက်တနေ့ များလာတယ်။ အဲ့ဒီတော့ ဒီလိုအခက်အခဲတွေကြားထဲက လှုပ်ရှားနေရတဲ့ ပြည်သူလူထုဟာ ဘာဖြစ်လို့ ဒီလောက်တောင်မှ ဒုက္ခခံနေရသလဲဆိုတာ ဗိုလ်ချုပ်ကြီးစောမောင် သုံးသပ်စေချင်ပါတယ်။ အခွင့်အရေးများကို လိုချင်လို့ပဲ။ လူ့အခွင့်အရေးများ လိုချင်လို့ပဲ။ အခုအချိန်မှာ လူ့အခွင့်အရေးများ ဆုံးရှုံးနေရတာ နစ်နာလွန်းလို့၊ အနစ်နာ ဆက်ပြီးခံပြီးတော့ ရတဲ့အထိ လုပ်မယ်ဆိုတဲ့ ဇွဲနဲ့ ပြည်သူလူထုဟာ လှုပ်ရှားနေတာပဲ။ ဒါကို ဗိုလ်ချုပ်ကြီးစောမောင် နားလည်စေချင်ပါတယ်။ ပြည်သူလူထုဟာ တပ်မတော်နဲ့ ထိပ်တိုက်မတွေ့ချင်ပါဘူး။ ဒါလည်း ကျမ သိတာပဲ။ လက်နက်မရှိတဲ့ ပြည်သူလူထုဟာ သေနတ်ကိုင်ထားတဲ့ တပ်မတော်သားတွေနဲ့ ဘယ်ထိပ်တိုက်တွေ့ချင်ပါ့မလဲ။ ကျမတို့ကလည်း မတွေ့စေချင်ပါဘူး။ ကျမ ခဏခဏ ပြောပါတယ်။ ကျမတို့ ပြည်သူလူထုထဲမှ နောက်ထပ် တယောက်မှ သွေးမြေမကျစေချင်ပါဘူး။ တစည‌ဝင်ပဲဖြစ်ဖြစ်၊ ကျမတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်ပဲဖြစ်ဖြစ်၊ သာမန် ဘယ်ပါတီဝင်မှမဟုတ်တဲ့ ပြည်သူလူထုပဲဖြစ်ဖြစ်၊ ဘယ်သူ့ဘက်ကမှ သွေးမြေမကျစေချင်ပါဘူး။ တပ်မတော်ဘက်ကလည်း ပြည်သူလူထုနဲ့ ပဋိပက္ခဖြစ်ခြင်းအားဖြင့် ဘယ်သူ့ကိုမှ သွေးမြေမကျစေချင်ပါဘူး။ ဒါဟာ မဖြစ်သင့်တဲ့ကိစ္စပါ။ ဗိုလ်ချုပ်ကြီးစောမောင် မိန့်ခွန်းထဲမှာလည်း ပါသွားပါတယ်။ ကျမတို့ တပ်မတော်သားများဟာ ရှေ့တန်းမှာ အများကြီးပဲ ကျဆုံးနေရပါတယ်။ ရှေ့တန်းမှာ ကျမတို့ တပ်မတော်သားများ ကျဆုံးတယ်ဆိုတာ ဝမ်းသာစရာကိစ္စမဟုတ်ပါဘူး။ ကျမတို့နိုင်ငံအတွက် အများကြီး ဝမ်းနည်းစရာကိစ္စဖြစ်ပါတယ်။ ဒီလို ရှေ့တန်းမှာ ကျမတို့ တပ်မတော်သားများ ကျဆုံးနေတာလည်း ကြာပါပြီ။ ပြည်တွင်းစစ်ကြီးကြောင့် ဒီလိုပဲ ကျဆုံးနေကြရပါတယ်။ ဒီပြည်တွင်းစစ်ကြီး ငြိမ်းချမ်းရေးအတွက် (၂၆) နှစ်အတွင်း ဦးနေဝင်း ဘာလုပ်ခဲ့သလဲ။ ဘာမှမလုပ်ခဲ့ပါဘူး။

၂၂

## သတင်းစာရှင်းလင်းပွဲ အမှတ် – ၆

ဤသတင်းစာရှင်းလင်းပွဲကို ၁၉၈၉ ခုနှစ်တွင် ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်၌ ကျင်းပသည်ဟု ယူဆရသော်လည်း ကျင်းပသည့်နေ့ရက်ကို စာတည်းအနေနှင့် သိနိုင်စွမ်းမရှိပါ။

* * *

ကျမတို့ ဒီနေ့ သတင်းစာရှင်းလင်းပွဲမှာတော့ ရှင်းစရာတွေက အများကြီးပါပဲ။ ဘယ်ကစရမှန်းတောင် မသိပါဘူး။ အဲ့ဒီတော့ ရှင်းရှင်းလင်းလင်း စလိုက်တာကတော့ နဝတရဲ့ သတင်းစာရှင်းလင်းပွဲကနေ စလိုက်တာ ပိုပြီးတော့ အဆင်ပြေလိမ့်မယ်လို့ ထင်ပါတယ်။ အခု နဝတဟာ ဆိုလို့ရှိရင် ကြာသပတေးနေ့တုန်းက

www.burmeseclassic.com

www.burmeseclassic.com

သတင်းစာရှင်းလင်းပွဲတခု လုပ်သွားပါတယ်။ ဒီသတင်းစာရှင်းလင်းပွဲရဲ့ အဓိကရည်ရွယ်ချက်ကတော့ နဝတရဲ့ဘက်က အပြစ်မရှိကြောင်း၊ ကျမတို့ဘက်က အပြစ်ရှိကြောင်း ဆိုပါတော့လေ။ အဲ့ဒီတော့ ဒီကိစ္စလေးတွေကိုတော့ ကျမ ဖြေရှင်းချင်ပါတယ်။ ဘယ်ဘက်က အပြစ်ရှိတယ်၊ ဘယ်ဘက်က အပြစ်မရှိဘူးဆိုတာ ကျမတို့ ပြောချင်လို့ မဟုတ်ပါဘူး။ ကျမတို့အဖွဲ့ချုပ်ရဲ့ ရည်ရွယ်ချက်တွေကတော့ ဘယ်လိုလဲ၊ ကျမတို့ရဲ့ လုပ်ငန်းတွေက ဘယ်လိုလဲ၊ ကျမတို့ရဲ့ သဘောထားတွေက ဘယ်လိုလဲဆိုတာ မှန်မှန်ကန်ကန် ရှင်းရှင်းလင်းလင်း သိနိုင်အောင်လို့ ဖြစ်ပါတယ်။ ပထမဦးဆုံးကတော့ နဝတရဲ့ သတင်းစာရှင်းလင်းပွဲရဲ့ အဓိကရည်ရွယ်ချက်ကတော့ ကျမကို တိုက်ခိုက်တယ်လို့ မြင်ပါတယ်။ ဒါဟာ ပုဂ္ဂိုလ်ရေးအရ တိုက်ခိုက်တာလည်း ပါပါတယ်။ နိုင်ငံရေးအရ တိုက်ခိုက်တာလည်း ပါပါတယ်။ အဖက်ဖက်က တိုက်ခိုက်တယ်ဆိုတော့ နောက်ဆုံးကျတော့ ကျမကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ တိုက်ခိုက်တယ်လို့ပဲ မြင်ပါတယ်။

တချက်ပြီးတချက် ရှင်းသွားမယ်ဆိုရင် အရေးကြီးဆုံး အချက်နှစ်ချက်ရှိပါတယ်။ တချက်က ဘာလဲဆိုတော့ ကျမဟာ တပ်မတော်ရဲ့ ပြိုကွဲရေးကို ဦးတည်နေပါတယ်။ ဒုတိယကတော့ ကျမဟာ ကွန်မြူနစ်ဆန်ပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ ဗကပ နည်းတွေနဲ့ လုပ်ကိုင်နေတယ်ဆိုတဲ့ အချက်နှစ်ချက်ဖြစ်ပါတယ်။

ပထမဦးဆုံးအချက်နဲ့ပတ်သက်လို့ ကျမဟာ တပ်မတော်ကို ပြိုကွဲအောင် လုပ်နေတယ်ဆိုတာကတော့ ကျမ ရဲရဲဝံ့ဝံ့ ငြင်းဆန်နိုင်ပါတယ်။ ကျမပြောတဲ့ မိန့်ခွန်းတိုင်း၊ မိန့်ခွန်းတိုင်းမှာ တပ်မတော်ကို မပြိုကွဲစေချင်ပါဘူး။ တပ်မတော်ပြိုကွဲလို့ရှိရင် တိုင်းပြည်ပဲ နာပါလိမ့်မယ်ဆိုတာ ကျမ ပြောခဲ့ပါတယ်။ ဒါကို ဘာဖြစ်လို့ နဝတက ထည့်ပြီးတော့ မပြောသွားလဲ။ မိန့်ခွန်းတိုင်း၊ မိန့်ခွန်းတိုင်းမှာ ကျမ တပ်မတော်နဲ့ပတ်သက်လို့ ပြောလို့ရှိရင် အဲ့ဒီဟာ မပါဘဲ မပြီးပါဘူး။ တပ်မတော်ပြိုကွဲလို့ မဖြစ်ဘူး။ တပ်မတော်ပြိုကွဲလို့ရှိရင် တိုင်းပြည်နစ်နာမယ်လို့ ကျမ ပြောသွားပါတယ်။ ဒီဟာကို ချန်ထားပြီးတော့ ကျမဟာ တပ်မတော်ပြိုကွဲရေးအတွက် လုပ်နေတယ်ဆိုတာ သက်သက်မဲ့ မမှန်မကန်နည်းတွေနဲ့ ကျမကို တိုက်ခိုက်တာပဲ။ ဒီတော့ နဝတရဲ့ သတင်းစာရှင်းလင်းပွဲတခုလုံးဟာ မမှန်မကန်နည်းတွေနဲ့ ကျမနဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို တိုက်ခိုက်သွားတယ်လို့ ကျမ မြင်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ ဆိုလို့ရှိရင် နဝတက စွပ်စွဲတာဟာ ကျမတို့ဟာ ဆူပူအောင်လှုံ့ဆော်နေတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က လုပ်လိုက်မှဖြင့် ပြဿနာချည်းပဲ။ အခြားနိုင်ငံရေးအဖွဲ့အစည်းများကတော့ ထိန်းထိန်းသိမ်းသိမ်း အေးအေးချမ်းချမ်း လုပ်သွားပါတယ်ဆိုတဲ့ အနေအထားနဲ့ ပြောသွားပါတယ်။

ဒီတော့ ကျမတို့ရဲ့ စည်းရုံးရေးအဖြစ်အပျက်ကလေးတွေကို ပြန်ပြီးတော့ ရှင်းပြချင်ပါတယ်။ ပထမဦးဆုံး ကျမ စည်းရုံးရေးခရီးထွက်တာဟာ အောက်တိုဘာလ ၁၉၈၈ ခုနှစ်ကဖြစ်ပါတယ်။ တိုင်း (၄) တိုင်းနဲ့ ရှမ်းပြည်နယ်မြောက်ပိုင်းကို ကျမ ရောက်ခဲ့ပါတယ်။ အဲဒီခရီးထွက်တုန်းကဆိုလို့ရှိရင် ကျမ အင်မတန်မှ ဆင်ဆင်ခြင်ခြင် ပြောပါတယ်။ အဲဒီအချိန်တုန်းက ကျမပြောခဲ့တဲ့ ကိစ္စများဟာ အဖွဲ့တွင်းကိစ္စပဲ။ အာဏာရူးတွေ မလုပ်ကြနဲ့။ အမတ်ရောဂါ မထကြနဲ့။ နေရာရောဂါ မထကြနဲ့။ အချင်းချင်း ညီညွတ်ကြ။ ဒီအချိန်ကနေစပြီး နေရာရောဂါ ထလို့ရှိရင် ပြဿနာတက်မယ်။ ဒီမိုကရေစီသဘောထားအရ ကျင့်ကြံကြ။ ဒီလိုပဲ ကျမ ပြောသွားတာပဲ။ ကျမ တိုက်ခိုက်တဲ့လူရှိလို့ရှိရင် ကျမတို့အတွင်းထဲက လူတွေပဲ။ ကျမတို့အဖွဲ့အတွင်းက နေရာအတွက်၊ နာမည်အတွက် လုပ်တဲ့လူတွေကို ကျမ တိုက်ခိုက်ပြောဆိုသွားတာပဲ။ နဝတ ကိုလည်း ကျမ ဘာမှ မပြောခဲ့ဘူး။ တစညတောင်မှ အင်မတန်မှ ကျမပြောတာ နည်းပါတယ်။ တချို့နေရာမှာ တစည က ဒီလိုဒီလိုပြောပြီးတော့ စည်းရုံးနေတယ်လို့ပြောတာ ကျမ ပြန်ပြီးတော့ တုန့်ပြန်တာရှိပါတယ်။ အဲဒီစည်းရုံးရေးခရီးတုန်းက ကျမ အင်မတန်မှ ဆင်ဆင်ခြင်ခြင် ပြောပါတယ်။ ဒီစည်းရုံးရေးခရီးတင်မကဘူး။ နောက် မွန်ပြည်နယ် စည်းရုံးရေးခရီးစဉ်လည်း ဒီအတိုင်းပါပဲ။ မွန်ပြည်နယ် စည်းရုံးရေးခရီးထွက်တုန်းက ဆိုလို့ရှိရင် ပရိသတ်ဟာ သောင်းနဲ့ချီပြီးတော့ ကျမတို့ကို လာကြိုပါတယ်။ အဲဒီဟာကို နဝတရဲ့ အသုံးအနှုန်းအရ အခွင့်ကောင်းယူပြီးတော့ ဟောပြောခဲ့တယ်ဆိုတာ တခါမှ မရှိပါဘူး။ ကျမ အမြဲပဲ ပြောခဲ့တယ်။ ဒီအချိန်မှာ ကျမတို့အနေနဲ့ ဟောပြောပိုင်ခွင့်မရှိပါဘူး။ ဒါကြောင့်မို့လို့ ပြည်သူလူထုကို နှုတ်ဆက်ရုံနှုတ်ဆက်ပါတယ်။ အများအားဖြင့် ကျမ ပြောခဲ့တာဟာ ကျန်းမာပါစေ။ ချမ်းသာပါစေ။ တခါတလေတော့လည်း ရန်သူမျိုး ငါးပါးအန္တရာယ်မှ ကင်းဝေးပါစေလို့ ကျမ ထည့်ပြီးတော့ ပြောခဲ့ပါတယ်။ ဒီထက်ပိုပြီးတော့ ကျမ မပြောခဲ့ပါဘူး။ ဒီလောက်တောင် ကျမတို့ ထိန်းထိန်းသိမ်းသိမ်း ဆင်ဆင်ခြင်ခြင် လုပ်ပါတယ်။ အဲ့ဒီလိုလုပ်တဲ့အထဲမှာ မွန်ပြည်နယ်စည်းရုံးရေးခရီး ပြီးတဲ့အခါကျတော့ ကျမတို့ရဲ့ စည်းရုံးရေးတာဝန်ခံများကို

www.burmeseclassic.com

www.burmeseclassic.com

ဖမ်းတယ်။ ဘယ်လိုအကြောင်းပြချက်နဲ့လဲ။ ၂/၈၈ ။ လူငါးယောက်ထက် ပိုတယ်တဲ့။ လူကလည်း သောင်းချီနေတော့ လူငါးယောက်ထက်တော့ ပိုတာကတော့ မှန်တာပေါ့။ ကျမ ဒါတော့ မငြင်းပါဘူး။ ဒါပေမဲ့လည်း အားလုံး အေးအေးချမ်းချမ်းပဲ၊ ဘာမှ ဆူပူမှုမရှိခဲ့ဘူး။ ဒီတော့ နဝတပြောတာ တခြားနိုင်ငံရေးပါတီများ စည်းရုံးရေးခရီးသွားလို့ရှိရင် လူထုက သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ပေမယ့် ဘာမှ ပြဿနာမဖြစ်ခဲ့ပါဘူး။ ကျမတို့ကျမှ ပြဿနာဖြစ်တယ်ဆိုတဲ့ အနေအထားနဲ့ ပြောသွားခဲ့တယ်။ ဒီတော့ ကျမ ထောက်ပြနိုင်ပါတယ်။

ပထမဦးဆုံး စည်းရုံးရေးထွက်တုန်းက ပြည်သူလူထုက သောင်းနဲ့ သိန်းနဲ့ ချီပြီးတော့ ကြိုဆိုခဲ့ပေမယ့် ဘာပြဿနာမှ မတက်ခဲ့ဘူး။ အားလုံး အေးအေးချမ်းချမ်းပဲ။ လက်ခုတ်တီးတယ်။ ကျန်းမာပါစေပြောတယ်။ ဒီလောက်ပဲ။ အားလုံး အေးအေးချမ်းချမ်း ဖြစ်ခဲ့တယ်။ ကျမကိုယ်တိုင်ကလည်း ဘာမှ တရားဟောပွဲတွေ၊ ဘာတွေ မလုပ်ခဲ့ပါဘူး။ အဲဒီလို မလုပ်ခဲ့ပေမယ့် ကျမ မွန်ပြည်နယ် စည်းရုံးရေးခရီးက ပြန်လာပြီးတဲ့အချိန်မှာ ဒီဇင်ဘာလ (၂၀) ရက်နေ့မှာ နဝတ အနေနဲ့ ညွှန်ကြားချက်တခု ထုတ်ပြီးတော့ တိုင်းနဲ့ ပြည်နယ်တွေကို ဖြန့်လိုက်ပါတယ်။ အဲဒီညွှန်ကြားချက်က ဘာလဲဆိုတော့ ၂/၈၈ ကို ပြင်းပြင်းထန်ထန်၊ ပြင်းပြင်းထန်ထန်နဲ့ ၂/၈၈ ကို လိုက်နာဖို့လုပ်ရမယ်ဆိုပြီးတော့ ညွှန်ကြားချက် ထုတ်လိုက်ပါတယ်။ အဲဒီကတည်းက ကျမတို့ကို တိုက်ခိုက်လာပြီဆိုတာ အင်မတန်မှ ထင်ရှားပါတယ်။ ဘာမှ မဖြစ်ဘဲနဲ့ အေးအေးချမ်းချမ်း လုပ်ခဲ့လျက်သားနဲ့ ဒီ လူငါးယောက်ထက် ပိုပါတယ်ဆိုပြီးတော့ ကျမတို့ရဲ့ စည်းရုံးရေးတာဝန်ခံများကို အရေးယူခဲ့တယ်။ ဒါဟာ (၂၀) ရက်နေ့ ဒီဇင်ဘာက ထုတ်လိုက်တဲ့ ညွှန်ကြားချက်ဖြစ်ပါတယ်။ ဒီဇင်ဘာလ (၂၇) ရက်မှာ ကျမအမေ ဆုံးသွားပါတယ်။ မေမေဆုံးသွားတဲ့ ကိစ္စနဲ့ပတ်သက်လို့ နဝတ က လူကြီးများဟာ လာပါတယ်။ အကူအညီပေးပါတယ်။ ဒီဈာပန ချောချောမောမောဖြစ်ဖို့အတွက် ကျမနဲ့ ညှိနှိုင်းတိုင်ပင်ပါတယ်။ အဲဒီတုန်းက ကျမဟာ အင်မတန်မှ အဆင်ပြေနိုင်အောင်လို့ ကြိုးစားခဲ့ပါတယ်။ တချို့ကနေပြီးတော့ မေမေ့ရဲ့ ဈာပနကို အခွင့်ကောင်းယူပြီးတော့ ဆူပူဖို့ကြိုးစားတဲ့ အစိတ်အပိုင်းတွေလည်း ကျမ ထိန်းခဲ့ပါတယ်။ မလုပ်ပါနဲ့၊ ဒီဟာ ကျမတို့အားလုံး လက်တွဲပြီးတော့ လုပ်ရမယ့်ကိစ္စဖြစ်ပါတယ်။ နဝတနဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ တခြား ဒီမိုကရေစီလိုလားတဲ့ အစုအဝေးတွေနဲ့ တပ်မတော်နဲ့ အားလုံးအဆင်ပြေအောင်လို့ လုပ်ရမယ့်ကိစ္စဖြစ်ပါတယ်။ အဆင်ပြေနိုင်တယ်ဆိုပြီး ကျမကိုယ်တိုင်ပဲ အဆင်ပြေနိုင်အောင်လို့ အားလုံး သေသေချာချာ အဆင်ပြေအောင် လုပ်ခဲ့ပါတယ်။ ဒါလည်း နဝတ က လူကြီးတွေ သိပြီးသားပဲ။ မသိတာ မဟုတ်ပါဘူး။ ကျမတို့အိမ်ထဲကို လာပြီးတော့ ကူညီတဲ့ တပ်မတော်အရာရှိများ၊ တပ်မတော်သားများလည်း သိပြီးသားပဲ။ မသိတာ မဟုတ်ပါဘူး။ ဘယ်လောက် ကျမ တပ်မတော်နဲ့ ပြည်သူလူထုကြားမှာ အဆင်ပြေအောင်လို့၊ နဝတနဲ့ ကျမတို့အဖွဲ့ချုပ်ကြားမှာ အဆင်ပြေအောင်လို့၊ တပ်မတော်နဲ့ ကျမတို့အဖွဲ့ချုပ်နဲ့ တခြား ဒီမိုကရေစီအင်အားစုများကြားမှာ အဆင်ပြေအောင်လို့ ကျမ လုပ်ခဲ့တယ်ဆိုတာဟာ နဝတ က လူကြီးများ သိပြီးသားပါ။ အဲ့ဒီလို လုပ်ခဲ့သားနဲ့ ကျမတို့ကို ဆက်ပြီးတော့ ညှိညှိနှိုင်းနှိုင်း တိုင်တိုင်ပင်ပင် မလုပ်သလဲ။ ဈာပနကိစ္စပြီးလို့ ကျမ ပထမဦးဆုံးထွက်ခဲ့တဲ့ စည်းရုံးရေးခရီးဟာ ဧရာဝတီတိုင်း စည်းရုံးရေးခရီးဖြစ်ပါတယ်။ ဧရာဝတီတိုင်းမှာ ဆိုလို့ရှိရင် ဖိုလ်မှူးချုပ်မြင့်အောင်ဟာ အင်မတန်မှ တင်းမာတယ်။ ဒီမိုကရေစီဘက်တော်သားတွေကို အမျိုးမျိုး ထိုးနှက်နေတယ်ဆိုတာ ကျမတို့ သိပြီးသားပါ။ ဒီကိစ္စနဲ့ပတ်သက်လို့ ကျမတို့ နဝတကို အားလုံးတင်ပြပါတယ်။ ကျမတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တည်ထောင်ကတည်းက ဒီမိုကရေစီဘက်ကို ထိုးနှက်တာ၊ နဝတရဲ့ ကြားနေမယ်ဆိုတဲ့ ဝါဒနဲ့ မကိုက်ညီတဲ့လုပ်ငန်းတွေ၊ ဒီကိစ္စတွေအားလုံး ကျမတို့ တင်ပြတယ်။ စာရေးပြီးတော့ ကျမတို့ တင်ပြခဲ့တယ်။ ကန့်ကွက်ခဲ့တယ်။ ကန့်ကွက်ခဲ့လို့တောင်မှ နဝတထဲက နဝတအဖွဲ့အစည်းထဲမှာ လုပ်နေတဲ့ တပ်မတော်အရာရှိတယောက်ကတောင်မှ ပြောပါသေးတယ်။ ကျမ မှတ်မိပါသေးတယ်။ ကန့်ကွက်တယ်ဆိုတဲ့ အသုံးအနှုန်းကို မသုံးပါနဲ့တဲ့။ ကန့်ကွက်တယ်ဆိုတာ အင်မတန်မှ ပြင်းထန်လွန်းလို့ပါတဲ့။ ဒီတော့ ကျမတို့တောင်မှ ပြောရပါသေးတယ်။ မကန့်ကွက်ရင် ဘာလုပ်ရမှာလဲ။ ဒီအချိန်မှာ ကျမတို့ဟာ ကန့်ကွက်ရမှာပဲ။ ဒီလိုမတရားတဲ့ကိစ္စတွေကို ကန့်ကွက်ရမှာပဲ။ ကျမတို့ ဆက်ပြီးတော့ ကန့်ကွက်ပါတယ်။ ကန့်ကွက်ပြီးတော့ တင်ပြပါတယ်။ ဘာတွေဖြစ်နေတယ်၊ ဘာတွေဖြစ်နေတယ်။ နဝတအနေနဲ့ အရေးယူပေးပါ။ ဒီကန့်ကွက်တယ်လို့ ပြောလို့ နာတယ်ဆိုတော့ ကျမတို့ ပြောင်းပြီး “တင်ပြပါတယ်” ဆိုပြီးမှ၊ ပြောင်းပြီးတော့ အသုံးအနှုန်းလေးကို သုံးလိုက်ပါသေးတယ်။ ဒီလိုနဲ့ ကျမတို့ တချိန်လုံး လုပ်ခဲ့ပါတယ်။ ဘာပဲဖြစ်ဖြစ် မွန်ပြည်နယ်မှာ ဒီလိုဖြစ်နေပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com

ရောဝတီတိုင်းမှာ ဒီလိုဖြစ်နေပါတယ်။ ဟိုနေရာမှာဆိုလို့ရှိရင် ဒီလိုပဲ မတရားတဲ့နည်းတွေနဲ့ မဝတ များဟာ ဒီမိုကရေစီဘက်တော်သားများကို နှိမ်နင်းနေပါတယ်ဆိုတာ ကျမတို့အားလုံး တရားဝင်စာတွေနဲ့ ရေးပြီးတော့ တင်ခဲ့ပါတယ်။ ဘာမှ အရေးယူခြင်းဆိုတာ ကျမတို့ မတွေ့ခဲ့ပါဘူး။ ဘာမှလည်း တုန့်ပြန်ခြင်းဆိုတာ မရှိခဲ့ပါဘူး။ ကျမတို့ကိုလည်း စာပြန်တယ်ရယ်လို့ မရှိခဲ့ပါဘူး။ ရောဝတီတိုင်း စည်းရုံးရေးခရီးစဉ်မထွက်ခင်က ကျမဟာ ဗိုလ်မှူးချုပ်ခင်ညွန့်ကို စာရေးခဲ့ပါတယ်။ ကျမ ရောဝတီတိုင်း စည်းရုံးရေးခရီးစဉ်နဲ့ပတ်သက်လို့၊ ရွေးကောက်ပွဲများနဲ့ပတ်သက်လို့ ဗိုလ်မှူးချုပ်ခင်ညွန့်နဲ့ လာပြီးတော့ ဆွေးနွေးတိုင်ပင်ချင်ပါတယ်။ ဒီလိုပြောရတဲ့ အကြောင်းဟာ တင်းမာတယ်ဆိုတာ ကျမတို့ သိပြီးသား၊ ရောဝတီတိုင်းသွားလို့ရှိရင် ဗိုလ်မှူးချုပ်မြင့်အောင်ဟာ ပြဿနာရှာမယ်ဆိုတာ ကျမတို့ သိပြီးသားဖြစ်ပါတယ်။ ပြဿနာတွေ မတက်စေချင်လို့။ နောက်ပြီးတော့လည်း ကျမအနေနဲ့ မေမေ့စျာပနနဲ့ပတ်သက်လို့ အားလုံးပြေလည်အောင်လို့၊ ချောမောအောင်လို့ လုပ်နိုင်ခဲ့တယ်။ တပ်မတော်နဲ့ ပြည်သူအကြားမှာ၊ တပ်မတော်နဲ့ ဒီမိုကရေစီအဖွဲ့အစည်းများအကြားမှာ၊ နဝတနဲ့ ဒီမိုကရေစီအင်အားစုများအကြားမှာ ပြေလည်အောင်လို့ လုပ်နိုင်ခဲ့တယ်။ အဲ့ဒီတော့ ကျမတို့ တိုင်းပြည်အပေါ်မှာ စေတနာထားတယ်၊ အားလုံး ချောချောမောမောနဲ့ ဖြစ်သွားစေချင်တယ်ဆိုလို့ရှိရင် ဒီလိုပဲ ဆွေးနွေးခြင်း၊ တိုင်ပင်ခြင်းအားဖြင့် ပြေလည်မှုကို ရှာနိုင်မယ်လို့ ကျမ ယုံကြည်လို့ ဒီအတိုင်းပဲ ဗိုလ်မှူးချုပ်ခင်ညွန့်ကို ကျမ စာရေးခဲ့ပါတယ်။ ဗိုလ်မှူးချုပ်ခင်ညွန့်က အဲဒီတုန်းကတော့ စာပြန်ပါတယ်။ အချိန်မရှိတာမို့လို့၊ တခြားနိုင်ငံရေးပါတီတွေကလည်း တွေ့ချင်တဲ့ဟာတွေ သိပ်များနေတဲ့အတွက်ကြောင့်မို့လို့ မတွေ့နိုင်ပါဘူးလို့ စာပြန်ပါတယ်။ ဒါနဲ့ ကျမတို့ ရောဝတီတိုင်းစည်းရုံးရေးခရီးစဉ်ကို ထွက်ခဲ့တယ်။ စည်းရုံးရေးခရီးစဉ်တလျှောက်လုံးမှာ ကျမတို့ကို အမျိုးမျိုးတိုက်ခိုက်တယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ အခု ကျမ ထူးထူးထွေထွေ မပြောတော့ပါဘူး။ အားလုံး ဒီက သတင်းထောက်များလည်း ကြားပြီးတဲ့ကိစ္စဖြစ်ပါတယ်။ နည်းအမျိုးမျိုးနဲ့ ကျမတို့ကို တိုက်ခိုက်ရုံတင်မကဘူး။ ပြည်သူလူထုကို အတင်းအကျပ် ခြိမ်းခြောက်ခဲ့တယ်။ ကျမတို့ကို ထွက်ကြည့်ရင်ပင် ပစ်သတ်မယ်ဆိုတဲ့အထိ ခြိမ်းခြောက်ခဲ့တယ်။ ဒီကိစ္စတွေနဲ့ပတ်သက်လို့လည်း ကျမတို့ နဝတ ကို တင်ပြခဲ့တာပဲ။ ဘာမှ အရေးမယူဘူး။ လျစ်လျူရှုထားလိုက်တယ်။ ဒါ မဆိုင်သလိုနေလိုက်တယ်။ မဆိုင်သလိုနေလို့ ဘယ်ရမလဲ။ ဆိုင်တာပေ့ါ။ နဝတ အနေနဲ့ အများကြီးတာဝန်ရှိတာပေ့ါ၊ တိုင်းပြည်အခြေအနေတွေနဲ့ ပတ်သက်လို့။ အဲဒီကတည်းက နဝတ စေတနာဟာ မှန်ပါရဲ့လားဆိုတာ သိပ်စဉ်းစားရမယ့် ပြဿနာကြီးဖြစ်လာပြီ။ နဝတဟာ တကယ်ပဲ စေတနာမှန်တယ်ဆိုလို့ရှိရင် ဘာဖြစ်လို့ ဒီလောက်တောင်မှ မတော်မတရားဖြစ်နေတဲ့ကိစ္စတွေကို လျစ်လျူရှုနေသလဲ။ မတော်မတရား မဝတများ၊ တဝတများ လုပ်နေတာကို ဘာဖြစ်လို့ မသိချင်ဟန်ဆောင်နေသလဲ။ ဘာဖြစ်လို့ ကျမတို့ တင်ပြချက်များကို ဂရုမစိုက်၊ ဂရုတစိုက်လုပ်ဖို့တောင်မှ မဟုတ်ပါဘူး။ နည်းနည်းပါးပါးလေးများ ဒီစာကို ရတယ်ဆိုရင်တောင်မှ တခုခုပဲ၊ စာရတယ်လို့တောင် အသိအမှတ်မပြုဘူး။ လုံးလုံး ဂရုမစိုက်တဲ့အနေအထားနဲ့နေတယ်။ ဒါဟာ အင်မတန်မှ မသင့်တော်တာဘဲ။ ကျမတို့အဖွဲ့ချုပ်ကို တရားဝင်မှတ်ပုံတင်ခွင့်ပေးထားတယ်။ တခြားဒီမိုကရေစီလိုလားတဲ့ နိုင်ငံရေးပါတီများကိုလည်း တရားဝင်မှတ်ပုံတင်ခွင့်ပေးထားတယ်။ ဒီ တရားဝင်မှတ်ပုံတင်ခွင့်ပေးထားပြီးမှတော့ တရားဝင် မှတ်ပုံတင်ထားတဲ့ နိုင်ငံရေးအဖွဲ့အစည်းတွေကို လုံခြုံမှုပေးသင့်ပါတယ်။ ဒီလို လုံခြုံမှုမပေးတဲ့အပြင် တိုက်ခိုက်နေတာကို ကြည့်ပြီးတော့များ လက်ခုတ်များ တီးနေသလားဆိုတာ စဉ်းစားရတဲ့အခြေအနေကို ရောက်သွားပါတယ်။ အဲ့ဒီကနေ တဖြေးဖြေး ကျမတို့ဟာ နဝတအနေနဲ့ ကျမတို့ရဲ့ ရှိသင့်ရှိထိုက်တဲ့ အခွင့်အရေးတွေကို မကာကွယ်ပေးနိုင်ရင်တော့ ကိုယ့်ဟာကိုပဲ ကာကွယ်ပေးရတော့မှာပဲ။ ကျမတို့ကို တိုက်ခိုက်နေတဲ့ မဝတများ၊ တဝတများကို နဝတ က ကြည့်ပြီး မထိန်းရင်တော့ ကျမတို့ကိုယ်တိုင်သာ ကိုယ့်ရဲ့ကာကွယ်ရေးအတွက် လုပ်ရမယ်ဆိုတဲ့ဟာဟာ ကျမတို့ နားလည်လာပါတယ်။ ဒါကြောင့်မို့လို့ ကျမ နောက်ပိုင်း ရှင်းရှင်းလင်းလင်းပဲ ပြောပါတယ်။ နဝတအနေနဲ့ ကြားနေတာမှ ဟုတ်ရဲ့လား။ ဗိုလ်ချုပ်မှူးကြီးစောမောင်ဟာ နဝတ ကြားနေမယ်လို့ ပြောခဲ့တယ်။ တပ်မတော်ဟာ ကြားနေမယ်လို့ ပြောခဲ့တယ်။ ဒါပေမဲ့ ကျမတို့ မြင်ရသလောက်တော့ တပ်မတော်ထဲက နဝတ၊ တဝတ၊ မဝတ အစရှိတဲ့ အဖွဲ့အစည်းတွေထဲက အရာရှိတချို့ဟာ ကြားနေမှုမရှိပါဘူး။ ဒီမိုကရေစီအင်အားစုတွေကို တိုက်ခိုက်နေပါတယ်။ ဒါဟာ ကျမတို့ ကွက်ကွက်ကွင်းကွင်း မြင်နေရပါတယ်။ ဒီအတိုင်းပဲ ကျမ ပြောပါတယ်။ ဒီတော့ နဝတထဲမှာကော၊ တဝတ၊ မဝတတို့ထဲမှာကော၊ တပ်မတော်ထဲမှာကော မှန်မှန်ကန်ကန် လုပ်ချင်တဲ့သူများ

www.burmeseclassic.com

www.burmeseclassic.com

ရှိတယ်လို့ ကျမ ယုံကြည်တယ်၊ ကျမ ပြောခဲ့တယ်။ ဒီလိုပြောချင်တာ မှန်မှန်ကန်ကန် လုပ်ချင်တဲ့လူတွေကို မစော်ကားချင်လို့ပဲ။ ကျမ တပ်မတော်တခုလုံးကို ခြုံပြီးတော့ တိုက်ခိုက်မှုကို ကျမ လုံးလုံးမလိုလားပါဘူး။ ပြည်သူလူထုရော၊ ဒီမိုကရေစီအင်အားစုရော၊ အရင် ၁၉၈၈ ခုနှစ်ဖြစ်ရပ်တွေကြောင့်မို့လို့ နာကျည်းပြီးတော့ တပ်မတော်ကို တိုက်ခိုက်တယ်ဆိုတာ လူတိုင်းအသိပါပဲ။ ဒီ တပ်မတော်၊ တပ်မတော်ဆိုပြီး တိုက်ခိုက်တာကို မကြိုက်လို့ ကျမက ဒီလိုခွဲခြားပြီးတော့ ပြောတာ၊ တပ်မတော်ထဲမှာ အားလုံးဆိုတာ မဟုတ်ဘူး။ ဆိုးတဲ့လူတွေရှိသလို၊ ကောင်းတဲ့လူတွေလည်း ရှိတယ်။ တကယ်ဆိုလို့ရှိရင် ဒီလို တပ်မတော်နာမည်ပျက်စေတာက ကိုယ့်ရဲ့ အာဏာတည်တံ့ခိုင်မြဲရေးအတွက် လုပ်နေတဲ့လူနည်းစု၊ လူတစုကြောင့်သာ ဖြစ်ပါတယ်ဆိုပြီးတော့ ကျမ ပြောခဲ့ပါတယ်။ ဒီလိုပြောခဲ့တာကို ကျမဟာ တပ်မတော်ပြိုကွဲအောင် လုပ်နေတယ်ဆိုပြီးတော့ နဝတ က ကျမကို စွပ်စွဲတယ်။ ဘယ်လိုပြောစေချင်သလဲ။ တပ်မတော်ထဲမှာ လူဆိုးချည်းပဲလို့ ပြောစေချင်သလား။ မပြောနိုင်ပါဘူး။ ဒါ မှန်တဲ့ကိစ္စမှ မဟုတ်ဘဲ။ တပ်မတော်ထဲမှာ လူကောင်းတွေရှိရင် ရှိတယ်လို့ ကျမတို့ ပြောရမယ်။ တပ်မတော်ထဲမှာ လူဆိုးတွေရှိရင် ရှိတယ်လို့ ကျမတို့ ပြောရမှာပဲ။ ကျမတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ထဲမှာလည်း လူကောင်းတွေရှိတာပဲ။ လူဆိုးတွေလည်း ရှိတာပဲ။ ဒါကို ရဲရဲဝံ့ဝံ့ ပြောရဲပါတယ်။ ကျမတို့ထဲမှာ ဆိုးတဲ့လူတွေရှိရင် ကျမတို့ ထိန်းသွားမယ်။ ဒီ ဆိုးတဲ့လူတွေကို ကောင်းအောင်လို့ ပြုပြင်မယ်။ ပြုပြင်လို့မရရင် ထုတ်ပစ်လိုက်မယ်၊ ဒီအတိုင်းပဲ ကျမတို့ လုပ်သွားမှာပဲ၊ ဒီတော့ ကျမတို့ဟာ နဝတနဲ့ တပ်မတော်ထဲမှာလည်း ဒီအတိုင်းပဲ၊ ကောင်းတဲ့လူတွေရှိသလို ဆိုးတဲ့လူတွေလည်း ရှိတယ်ဆိုတာ ထောက်ပြတယ်။ ဒါကို တပ်မတော်ပြိုကွဲအောင် လုပ်တယ်ဆိုပြီး ကျမကို စွပ်စွဲပါတယ်။ တပ်မတော်ပြိုကွဲရေးဆိုတာ ကျမ လုံးလုံးမလိုလားပါဘူး။ ဒါကြောင့်မို့လို့ ကျမ ပြောပါတယ်။ တပ်မတော်ကို ပြိုကွဲအောင်လုပ်တယ်ဆိုတာ ပထမ စောင်းပြီးတော့ ပြောပါတယ်။ တည့်တည့်တော့ မပြောဘူး။ နိုင်ငံရေးပါတီတခုက၊ နိုင်ငံရေးပါတီတခုရဲ့ ခေါင်းဆောင်ခေါ်သူတဦးက စသဖြင့်ပေါ့လေ၊ အမျိုးမျိုးအသုံးအနှုန်းလေးတွေ လုပ်သားပြည်သူ့နေ့စဉ်သတင်းစာက အင်မတန်မှ တော်ပါတယ်။ ဒီလို အသုံးအနှုန်းလေးတွေနဲ့ပတ်သက်လို့။ အဲ့ဒီတော့ ဒီလိုအသုံးအနှုန်းလေးတွေနဲ့ ကျမတို့ကို တိုက်ခိုက်လာပါတယ်။ တိုက်ခိုက်လာတဲ့အခါကျတော့ ကျမကတော့ အဲလိုစောင်းပြီးတော့ တိုက်ခိုက်တာမျိုး နားမလည်ဘူး၊ လုပ်လည်း မလုပ်ချင်ဘူး။ ပြောစရာရှိရင် ပွင့်ပွင့်လင်းလင်း တည့်တည့်မတ်မတ်ပဲ ပြောချင်တယ်။ ဒါကြောင့်မို့လို့ပဲ ကျမ ပြောတယ်။ ကျမတို့ကို ဒီလိုတိုက်လာတယ်။ တပ်မတော်နဲ့ ပြည်သူကြားမှာ စိတ်ဝမ်းကွဲအောင်လို့ လုပ်တယ်။ ကဲ ဒီလိုဆိုလို့ရှိရင်တော့ ကျမတို့ ရှင်းရှင်း ဒီကိစ္စတွေကို ကိုင်တွယ်ရတော့မယ်။ တပ်မတော်နဲ့ ပြည်သူကြားမှာ စိတ်ဝမ်းကွဲအောင်လုပ်ခဲ့တာ ဘယ်သူလုပ်ခဲ့တာလဲ။ ဦးနေဝင်းလုပ်ခဲ့တာပဲ။ ကျမ ထောက်ပြတာပဲ။ ဦးနေဝင်းဟာ (၂၆) နှစ်အတွင်း မဆလပါတီ တည်တံ့ခိုင်မြဲရေးဆိုတာဟာ သူတယောက်ရဲ့အာဏာ တည်တံ့ခိုင်မြဲရေးအတွက် လုပ်ခဲ့တာပါပဲ။ အဲဒီလိုလုပ်တဲ့နေရာမှာ တပ်မတော်ကို သူ့ရဲ့ လက်ကိုင်ဒုတ်အနေနဲ့ သုံးခဲ့တယ်။ ဒီတော့ ကျမ ဒါကို ပြောခဲ့တာ။ ဦးနေဝင်းဟာ တပ်မတော်ကို မိမိရဲ့ အာဏာတည်တံ့ခိုင်မြဲရေးအတွက် လက်ကိုင်ဒုတ်အဖြစ် သုံးခဲ့လို့ တပ်မတော်နဲ့ ပြည်သူကြားမှာ စိတ်ဝမ်းကွဲရတယ်။ တပ်မတော်ရဲ့ ဂုဏ်သိက္ခာဟာ ကျဆင်းခဲ့ရတယ်။ ဒါဟာ ကျမ ပြောခဲ့တယ်။ မှန်တယ်။ ထပ်ပြီးပြောမယ်။ ဒါ တပ်မတော်ပြိုကွဲရေးအတွက်မဟုတ်ဘူး။ တပ်မတော်ကို အလွဲသုံးစားလုပ်ခဲ့တာ နာကျည်းလွန်းလို့ ကျမ ပြောခဲ့တာ။ ဒီလိုတပ်မတော်ကို အလွဲသုံးစားမလုပ်သင့်ဘူးဆိုတာ ထုတ်ပြချင်လို့ ကျမ ပြောတာ။ တပ်မတော်ထဲမှာရှိတဲ့ အရာရှိတွေနဲ့ နဝတထဲမှာရှိတဲ့ အရာရှိများဟာလည်း လူတဦးတယောက်ကောင်းကျိုးအတွက်၊ လူတဦးတယောက် အာဏာတည်တံ့ခိုင်မြဲရေးအတွက် မလုပ်သင့်ဘူးဆိုတာ ကျမ ထုတ်ပြချင်လို့ ပြောတာပဲ။ ဒီအတိုင်းပဲ ကျမ ဆက်ပြီးတော့ ပြောသွားမှာဖြစ်ပါတယ်။ ဒါလည်း တပ်မတော်ပြိုကွဲရေးအတွက် ပြောတာမဟုတ်ပါဘူး။ တပ်မတော်ဟာ ဂုဏ်သိက္ခာရှိရှိနဲ့ ဒီတိုင်းပြည်မှာ တည်တံ့ခိုင်မြဲရေးအတွက် ကျမ ပြောသွားတာပါ။ တပ်မတော်က ညီညီညွတ်ညွတ်နဲ့ ပြည်သူလူထုဘက်က ရပ်တည်ဖို့အတွက် ပြောသွားတာပါ။ တပ်မတော်ဟာ တနိုင်ငံလုံးအတွက် ဖြစ်ပါတယ်။ လူတယောက်အတွက် မဟုတ်ပါဘူး။ လူတစုအတွက် မဟုတ်ပါဘူးဆိုတာ ဖေဖေ တပ်မတော်ကို ထူထောင်កတည်းက ပြောခဲ့တဲ့ကိစ္စပါ။ ဒီအတိုင်းပဲ ကျမ ဆက်ပြီးပြောသွားမှာပဲ။ အဲဒီတော့ ဒီဟာပြောတာကို ဘယ်လိုတပ်မတော်ပြိုကွဲအောင် လုပ်သလဲဆိုတာ ကျမ မေးရမှာပဲ။ ဘာမှ တပ်မတော်ကို ပြိုကွဲစေချင်တဲ့စိတ်တွေ မပါပါဘူး။

www.burmeseclassic.com

www.burmeseclassic.com

တခါထဲ ဆက်ပြီးတော့ ပြောရမှာ နဲနဲတော့ ကလေးကလားတော့ ဆန်ပါတယ်။ ဒါပေမဲ့လည်း ပြောစရာရှိတာတော့ ပြောသွားရမှာပဲ။ ကျမကနေပြီးတော့လည်း မို့မို့မြင့်အောင်လို တပ်မတော်ကို သဝဏ်လွှာတွေဘာတွေ ပို့ပြီးတော့ အားမပေးဘူးဆိုတဲ့ကိစ္စပါ။ ဒါ ကျမ မနေ့က အင်းစိန်မှာလည်း ပြောခဲ့ပါတယ်။ ကျမအနေနဲ့တော့ မယ်သဝေါမှာ တပ်မတော်သားတွေ တိုက်နေတာ သဝဏ်လွှာတော့ မပို့ခဲ့ဘူး။ ဟုတ်တယ်။ အခုလည်း ပို့ဖို့မစဉ်းစားပါဘူး။ ဒါပေမဲ့ မယ်သဝေါမှာသွားပြီးတော့ ဒီတပ်မတော်သားများကို နှစ်သိမ့်ပါဆိုရင် ကျမ နှစ်သိမ့်မယ်။ မနက်ဖြန်သွားဆိုရင် ကျမ သွားမယ်။ ကျမ သွားရဲပါတယ်။ ကျမ တပ်မတော်သားများအပေါ် စေတနာအပြည့်အဝထားပါတယ်။ အဝေးကနေပြီးတော့ စာရေးနေရုံနဲ့တော့ မကျေနပ်နေပါဘူး။ တကယ်ပဲ သွားပြီးတော့ ကျမ ပြုစုပေးပါ့မယ်။ အဲဒီတော့ တကယ်တော့ တပ်မတော်အပေါ်မှာ စေတနာရှိလား၊ မရှိလား နဝတ က သိစေချင်လို့ရှိရင် ကျမကို မယ်သဝေါသွားဖို့ ဖိတ်ခေါ်လိုက်ပါ။ ကျမ သွားပါ့မယ်။ ဒီလို မဟုတ်၊ မမှန်တဲ့ သေးသိမ်တဲ့နည်းတွေနဲ့ ကျမနဲ့ တပ်မတော်ကြား စိတ်ဝမ်းကွဲအောင်လုပ်နေတာ ကျမ နဲနဲမှ မကြိုက်ပါဘူး။ ပြည်သူလူထုနဲ့ တပ်မတော်ကြားမှာ ကျမက စိတ်ဝမ်းကွဲအောင်လုပ်တယ်လို့ ပြောတယ်။ အမှန်မှာကတော့ ကျမနဲ့ တပ်မတော်ကြားမှာ စိတ်ဝမ်းကွဲအောင် အခု နဝတ က လုပ်နေတယ်။ ဒါ ဘာဖြစ်လို့ လုပ်နေတာလဲ။ ကျမ မေးရမှာပဲ။ ဦးနေဝင်းရဲ့ ညွှန်ကြားချက်အရ လုပ်နေတာလားဆိုတာ ကျမ မေးချင်ပါတယ်။ ဒီလိုမေးတဲ့အခါကျတော့ ဘယ်လိုပြန်ဖြေမလဲ၊ ကျမက တပ်မတော်ကို ပြိုကွဲအောင်လုပ်တယ်လို့ ပြန်ဖြေမှာလား။ ဘာမှ ကျမ တပ်မတော်ကို ပြိုကွဲအောင်လုပ်တဲ့ကိစ္စတွေ မပါပါဘူး။ ဒါ ပထမအချက်။ ကျမ တပ်မတော်ကို မပြိုကွဲစေချင်ဘူး။ တပ်မတော်ထဲက မှန်မှန်ကန်ကန် ဂုဏ်သိက္ခာရှိရှိနဲ့ နိုင်ငံတော်ရဲ့ သစ္စာခံများ ဖြစ်စေချင်တယ်။ ဒါတော့ ကျမ ထပ်တလဲလဲ ပြောသွားမှာပဲ။ ဒုတိယကိစ္စကတော့ ဗကပ ကိစ္စ။ ကျမတို့ကို ကွန်မြူနစ်၊ ကွန်မြူနစ်ဆိုပြီးတော့ စွပ်စွဲတာကြာပါပြီ။ နည်းအမျိုးမျိုးနဲ့ စွပ်စွဲခဲ့တယ်။ ဦးအောင်ကြီးက စွပ်စွဲခဲ့တယ်။ နဝတ က စွပ်စွဲခဲ့တယ်။ တပ်မတော်ထဲက အချို့က စွပ်စွဲခဲ့တယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ တပ်မတော်ထဲမှာ မမှန်ကန်တဲ့ ဝါဒဖြန့်ချိရေးတွေရှိတယ်လို့ ကျမ ပြောခဲ့တယ်။ ကျမ ထပ်ပြီးတော့ ပြောပါ့မယ်။ ကျမ ဒီကိစ္စကို ဗိုလ်ချုပ်ကြီးစောမောင်ကို မျက်နှာချင်းဆိုင်ပြီးတော့ကို ပြောခဲ့တယ်။ တပ်မတော်ထဲမှာ ကျမနဲ့ပတ်သက်လို့ မဟုတ်မမှန်ကန်တဲ့ ဝါဒဖြန့်ချိရေးတွေ လုပ်နေတယ်။ ဒါကို ကျမ မကြိုက်ပါဘူးဆိုတာ ကျမ ပြောခဲ့ပါတယ်။ တပ်မတော်ထဲမှာ ဆိုလို့ရှိရင် ကျမကို ပုဂ္ဂိုလ်ရေးအရ တိုက်ခိုက်တာတွေရှိတယ်။ ကွန်မြူနစ်ဆိုပြီး တိုက်ခိုက်တာတွေရှိတယ်။ အဲဒီတော့ ဘာကြောင့်များ ကျမကို ကွန်မြူနစ်ဆိုပြီး တိုက်ခိုက်သလဲ။ တခါတလေကျတော့ ကျမကို CIA ဆိုပြီးတော့ တိုက်ခိုက်လိုက်သေးတယ်။ အဲဒီတော့ CIA နဲ့ ကွန်မြူနစ်ဆိုတာ၊ မတူဘူးဆိုတာ၊ နားလည်ကြရဲ့လား။ ကွန်မြူနစ်နဲ့ ဒီမိုကရေစီ မတူဘူးဆိုတာလည်း နားလည်ကြရဲ့လား။ ဒီလိုပဲ ကျမ မေးရတော့မှာပဲ။ ဟိုတနေ့ကလား၊ မနေ့ကလား။ လုပ်သားပြည်သူ့နေ့စဉ်သတင်းစာထဲမှာ ပါပါတယ်။ ဒီမိုကရေစီနဲ့ ကွန်မြူနစ်ဆိုတာ ပြဒါးတလမ်း သံတလမ်းပါတဲ့။ မှန်ပါတယ်။ ကျမတို့ သိပါတယ်။ ကျမတို့က ဒီမိုကရေစီပါ။ ဒီတော့ လုပ်သားပြည်သူ့အနေနဲ့ ဒီလောက်သိနေပြီဆိုရင် ကျမတို့ဟာ ကွန်မြူနစ်မဟုတ်နိုင်ဘူးဆိုတာ သိဖို့လိုပါတယ်။ ကျမတို့ဟာ ဒီမိုကရေစီအတွက် လုပ်နေတဲ့အင်အားစုတွေပါ။ ဒီ ဗကပ ၊ ဗကပ ဆိုပြီးတော့ ပြောနေတာ ကျမဆိုရင် ဗကပ ၊ ခေါင်းထဲတောင်မထည့်ဘူး။ နဝတ ကသာ ဗကပ အကြောင်း တချိန်လုံးစဉ်းစားနေတာ။ အဲဒီတော့ ဗကပ နည်းလမ်းတွေကို ကျမတို့က သုံးနေတယ်တဲ့၊ ကျမတို့ဟာ အမိန့်အာဏာ၊ မတရားတဲ့အမိန့်အာဏာ၊ ဒါကလည်း နဝတ က သုံးစွဲသွားတဲ့ အသုံးအနှုန်းပါနော်။ ကျမတို့ပြောတဲ့အတိုင်းပါပဲ၊ မတရားတဲ့ အမိန့်အာဏာများကိုသာ ကျမတို့ ဖီဆန်မှာပါ၊ ဒီအတိုင်း ကျမတို့ ပြောသွားပါတယ်။ ဒါလည်း နဝတ သတင်းစာရှင်းလင်းပွဲမှာတော့ မှန်မှန်ကန်ကန် အဲ့ဒီလောက်တော့ ပြောသွားပါတယ်။ ကျမတို့ဟာ မတရားတဲ့ အမိန့်အာဏာတွေကို ဖီဆန်ဖို့ ရည်ရွယ်တယ်လို့။ ဟုတ်ပါတယ်။ မတရားတဲ့ အမိန့်အာဏာတွေကို ကျမတို့ ဖီဆန်မှာပါ။ မတရားတဲ့အမိန့်အာဏာ ဖီဆန်ရေးနဲ့ပတ်သက်လို့ ကျမတို့ စဉ်းစားလို့ရှိရင် ကျမ ခေါင်းထဲမှာ ဗကပ ရယ်လို့ ဘယ်တော့မှ မပေါ်လာဘူး။ မဟတ္တမဂန္ဒီတို့၊ အဲ့ဒီလိုလူတွေပဲ ကျမခေါင်းထဲမှာ ပေါ်ပေါ်လာပါတယ်။ ဒီလို မဟတ္တမဂန္ဒီတို့လို မှန်မှန်ကန်ကန်နဲ့ မိမိတို့ရဲ့ တိုင်းပြည်အကျိုးအတွက် ထမ်းဆောင်သွားတဲ့ ပုဂ္ဂိုလ်ကြီးတွေရဲ့ မျက်နှာသာ ကျမ မျက်စိရှေ့မှာ ပေါ်လာပါတယ်။ နဝတ မျက်စိရှေ့မှာတော့ ဘယ့်နှယ့် ဗကပ ပေါ်ပေါ်နေမှန်း ကျမ မသိပါဘူး။ ဒီတော့ ကျမတို့ဟာ ဗကပ နည်းလမ်းတွေကို သုံးတာမဟုတ်ပါဘူး။ စည်းကမ်းရှိရှိနဲ့ ဒီမိုကရေစီနည်းလမ်းကျကျနဲ့

www.burmeseclassic.com

www.burmeseclassic.com

မတရားတဲ့အမိန့်အာဏာတွေ ဖီဆန်ဖို့ဆိုပြီးတော့ ကျမတို့ စီစဉ်တာဖြစ်ပါတယ်။ သေသေချာချာလည်း ကျမတို့ အကြောင်းကြားပါတယ်။

(၂၁) ရက်နေ့ မြေနီကုန်းတုန်းကဆိုလို့ရှိရင် ကျမတို့ မဝတရုံးခေါ်ပြီးတော့ ဆွေးနွေးတဲ့အခါတုန်းက ဒီဗိုလ်မှူးကြီးကို ကျမ ပြောခဲ့ပါတယ်။ ကျမတို့ဟာ မတရားတဲ့အမိန့်အာဏာဖြစ်တဲ့ ကျမတို့ရဲ့ လွတ်လပ်စွာ ပုံနှိပ်ထုတ်ဝေပိုင်ခွင့်ကို ဟန့်တားတဲ့အမိန့်ကို ဖီဆန်မလို့ဖြစ်ပါတယ်။ ဒီလိုဖီဆန်တဲ့နေရာမှာ ကျမတို့ဟာ စနစ်တကျ စည်းကမ်းရှိရှိ ဖီဆန်သွားမှာပါ။ ဒီကိစ္စနဲ့ပတ်သက်လို့ တာဝန်ယူမယ့်ပုဂ္ဂိုလ်တွေလည်း ရှိပါတယ်။ အဲ့ဒီတော့ ဒီအာဏာဖီဆန်ရေးနဲ့ပတ်သက်လို့ ဖြစ်ပေါ်လာမယ့်ကိစ္စမှန်သမျှကို ခေါင်းခံမယ့်ပုဂ္ဂိုလ်တွေ ရှိပြီးသားပါ။ ကျမတို့ကို လာပြီးတော့ အကြောင်းကြားပါ။ ဒီလူတွေဟာ တာဝန်ယူပုံ့မယ်လို့ ကျမ သေသေချာချာ ပြောသွားပါတယ်။ ဘာမှ မတရားတဲ့နည်းတွေနဲ့၊ လျှို့ဝှက်တဲ့နည်းတွေနဲ့၊ မှုတွေနဲ့၊ ဆူပူတဲ့နည်းတွေနဲ့ လုပ်ဖို့မဟုတ်ဘူး၊ မရှိဘူးဆိုတာ ရှင်းပါတယ်။ သေသေချာချာကို ကျမတို့ ဘယ်လိုလုပ်မလဲဆိုတာ ပြောသွားပါတယ်။ ကျမတို့ဟာ ဆက်ပြီးတော့ ထုတ်သင့်တဲ့စာရွက်စာတမ်းတွေကို ကျမတို့ ဆက်ပြီးတော့ ထုတ်ပုံ့မယ်။ ဒီစာရွက်စာတမ်းတွေကို ဆက်ပြီးတော့ တတ်နိုင်သမျှ ပြည်သူလူထုက ပြန့်ပွားကြပါလို့ ကျမ တောင်းခံပုံ့မယ်။ ဒီအတိုင်းပဲ လုပ်သွားမယ်ဆိုပြီးတော့ ကျမ ပွင့်ပွင့်လင်းလင်း ပြောသွားပါတယ်။ နောက်ပြီးတော့ ကျမတို့လုပ်မယ့် အခမ်းအနားတွေနဲ့ ကျင်းပမယ့်အခမ်းအနားတွေနဲ့ ပတ်သက်လို့ နောက် တလနှစ်လအတွင်း ဇူလိုင်လ (၇) ရက်နေ့၊ ဇူလိုင်လ (၁၉) ရက်နေ့၊ ဩဂုတ်လ (၈) ရက်နေ့၊ စက်တင်ဘာလ (၁၈) ရက်နေ့ စသဖြင့် အဲ့ဒီနေ့တွေနဲ့ပတ်သက်လို့ ကျမတို့ အခမ်းအနားတွေ ကျင်းပသွားဖို့ အစီအစဉ်တွေရှိပါတယ်။ ဒီအခမ်းအနားတွေနဲ့ပတ်သက်လို့ ဘယ်လ ကျင်းပမယ်ဆိုတာ သိချင်လို့ရှိရင် ကျမတို့ကို ဆွေးနွေးပါ၊ တိုင်ပင်ပါ၊ ညှိနှိုင်းပါ။ ဘယ်လိုဖြစ်စေချင်တယ်ဆိုတာလည်း ကျမတို့ကို ပြောပါ။ ကျမတို့ ဆွေးနွေးပုံ့မယ်။ ကျမ ဒီအထိ ပြောသွားပါတယ်။ ဒါတွေ ဘာဖြစ်လို့ ထည့်ပြီးမပြောလဲ။ အဆင်ပြေနိုင်မှုအတွက် ကျမ ကြိုးစားတဲ့ကိစ္စတွေကို ဖုံးကွယ်ထားတယ်။ ကျမက ဆူပူအောင် လှုံ့ဆော်နေတယ်လို့ တချိန်လုံး ပြောသွားပါတယ်။ ကျမ ဆူပူအောင် တခါမှ မလှုံ့ဆော်ခဲ့ဘူး။ ဆူပူတာကို ကျမ မကြိုက်ဘူး။ သွေးကြွတဲ့ နိုင်ငံရေးလုပ်နည်းကို မကြိုက်ဘူးဆိုတာလည်း ကျမ ခဏခဏ ပြောသွားတယ်။

နောက်တော့လည်း တပ်မတော်ထဲမှာ မဟုတ်တဲ့ ဝါဒဖြန့်ချိရေးတခုဟာ ကျမက ကျောင်းသားတွေကို အမျိုးမျိုးသွေးဆွပေးနေတယ်။ ကျောင်းသားတွေကို အသုံးပြုနေတယ်။ ကျောင်းသားတွေကို ဆူပူအောင်လို့ လုပ်ပေးနေတယ်၊ အားပေးနေတယ်ဆိုပြီးတော့ ပြောနေတယ်။ အဲ့ဒါလည်း လုံးလုံးမမှန်ပါဘူး။ ကျောင်းသားတွေကို ကျမ ပြောတာပဲ။ လက်သီးလက်မောင်းတန်းပြီးတော့ လုပ်တဲ့နိုင်ငံရေးမျိုး မကြိုက်ဘူး။ တချို့ကျောင်းသားများဟာ ဒီကိစ္စနဲ့ပတ်သက်လို့ မကျေမနပ်တောင်မှ ဖြစ်သွားသေးတယ်။ ကျမ ပြောတယ်၊ မကြိုက်ဘူးလို့ ဒါ သွေးထွက်တဲ့ နိုင်ငံရေးမျိုးပဲလို့။ နိုင်ငံရေးလုပ်တယ်ဆိုတာ ခေါင်းအေးအေးနဲ့ လုပ်ရတာ။ စင်ပေါ်တက်ပြီးတော့ လက်ခုပ်ချူတဲ့ နိုင်ငံရေးမျိုး မကြိုက်ဘူးဆိုတာ ကျမ ပြောသွားတယ်။ အခုလည်း ကျမ ဒီအတိုင်းပဲ ဆက်ပြီးတော့ ပြောမှာပဲ။ ကျောင်းသားများဟာ နိုင်ငံရေးလုပ်ဖို့ တာဝန်ရှိတယ်။ ဒါပေမဲ့ နိုင်ငံရေးလုပ်တဲ့နေရာမှာ မှန်မှန်ကန်ကန် လုပ်သွားရမယ်။ ပြည်သူလူထုကို လှုံ့ဆော်ပြီးတော့၊ သွေးဆူအောင်လုပ်ပြီးတော့ ကိုယ့်ကိုကိုယ် ထင်ပေါ်ကျော်ကြားတဲ့ လူတယောက်ဖြစ်ချင်လို့ လုပ်တဲ့ နိုင်ငံရေးမျိုး မဖြစ်ရဘူးဆိုတာ ကျမ ခဏခဏ ပြောတယ်။ ဒါတွေကျတော့ နဝတ က ဘာဖြစ်လို့ ထည့်ပြီးတော့ မပြောသလဲ။ ဒါလည်း သက်သက် မဟုတ်မမှန်တဲ့နည်းနဲ့ ကျမကို တိုက်ခိုက်တာပဲ။

နောက်ပြီးတော့ တခါထဲ ပြောသွားသေးတယ်။ ကျမက မြတ်စွာဘုရားကို စော်ကားပုတ်ခတ်နေသလိုလို။ ဒါလည်း ကျမကို သက်သက်မဲ့ တိုက်ခိုက်တာပဲ။ ဒီကိစ္စနဲ့ပတ်သက်လို့ မြတ်စွာဘုရားဟာ သာမန်လူတယောက်သာဖြစ်တယ်လို့ ပြောတယ်ဆိုပြီးတော့ ကျမကို စွပ်စွဲတယ်။ ဒါ အင်မတန်မှ အောက်တန်းကျတဲ့ စွပ်စွဲချက်ပဲ။ ကျမ ပြောသွားတဲ့ဟာ ကြိုးစားရင် ဘုရားဖြစ်နိုင်တယ်။ ဒါ ကျမတို့ ဆိုရိုးစကားပဲ။ ကျမ တီထွင်တဲ့စကား မဟုတ်ပါဘူး။ ကျမတို့ ဗမာလူမျိုးမှန်သမျှ ဒီစကားကို သိရမယ်။ ကြိုးစားလို့ရှိရင် ဘုရားဖြစ်နိုင်တယ်။ ကြိုးစားကြပါ။ မြင့်မြင့်ကြံကြပါ။ ကျမက ပြောတယ်။ မြတ်စွာဘုရားဟာ လူ့ဘဝကနေပြီးတော့ ဘုရားဖြစ်သွားတာပဲ။ အဲ့ဒီတော့ ကြိုးစားရင် ဘုရားဖြစ်တယ်ဆိုတဲ့ အဆိုကို ခေါင်းထဲမှာ စွဲစွဲမြဲမြဲထားပြီးတော့ ကိုယ့်ကိုကိုယ် မြှင့်တင်ကြပါ။ ဒါကို ကျမ ပြောသွားတာပဲ။ မြတ်စွာဘုရားကို ဘယ်လိုမှ စော်ကားတာမဟုတ်ဘူး။ ဒါကိုလည်း သိလျက်သားနဲ့ နဝတဟာ

www.burmeseclassic.com

www.burmeseclassic.com

ကလေးဆန်ဆန် အောက်တန်းကျကျနဲ့ ကျမကို မမှန်ကန်တဲ့နည်းတွေနဲ့ တိုက်ခိုက်သွားပါတယ်။ ဒီတော့ ဗုဒ္ဓဘာသာမဟုတ်ကြလို့လား။ နဝတများဟာ၊ နဝတ အရာရှိများဟာ ဗုဒ္ဓဘာသာဝင်များ ဖြစ်လို့ရှိရင် သိသင့်သိထိုက်ပါတယ်။ မြတ်စွာဘုရားဆိုတာ လူ့လောကကမှ ပွင့်နိုင်တာ။ ဗြဟ္မာလောကတို့၊ နတ်လောကတို့ကနေ မပွင့်နိုင်ဘူး။ လူ့ဘဝကမှ ဘုရားပွင့်နိုင်တယ်ဆိုတာ နဝတ က လူကြီးများ မသိကြဘူးလား။ နောက် ဒီလောက်တောင်မှ ဗုဒ္ဓဘုရားကို ကိုင်းရှိုင်းတယ်ဆိုလို့ရှိရင် ပထမဦးဆုံး ငါးပါးသီလကိုသာ မြဲအောင်လုပ်ကြပါ။ ကျမဆိုတာလည်း တခါမှ ပါဏာတိပါတာ မကျူးလွန်ခဲ့ပါဘူး။ မုသာဝါဒဆိုတာလည်း တခါမှ မကျူးလွန်ခဲ့ဘူး။ အဲ့ဒီတော့ နဝတ လူကြီးများဟာ တကယ်ပဲ ဗုဒ္ဓဘာသာကို ရိုသေတယ်၊ တကယ်ပဲ ကျမတို့ရဲ့ ဗုဒ္ဓမြတ်စွာဘုရားကို ရိုသေတယ်၊ လေးစားတယ်ဆိုလို့ရှိရင် ပါဏာတိပါတာနဲ့ မုသာဝါဒကိုတော့ ရှောင်ကျဉ်ကြပါလို့ ကျမ ပြောရမှာပဲ။

အဲ့ဒီလို မဟုတ်မမှန်တဲ့နည်းတွေနဲ့ တိုက်ခိုက်နေတာဟာ ပြေလည်မှုရှာနေတာလား။ နဝတ က ပြောသွားတော့ ညှိနှိုင်းဖို့၊ ဆွေးနွေးဖို့၊ တိုင်ပင်ဖို့ စဉ်းစားတဲ့အခါ ကျမတို့အနေနဲ့ အတိုက်အခိုက်တွေ များလွန်းလို့ပဲ မညှိနှိုင်းနိုင်သလိုလို၊ မဆွေးနွေးနိုင်သလိုလို၊ မတိုင်ပင်နိုင်သလိုလို ပြောသွားတယ်။ ဘယ်နှစ်ခါရှိပြီလဲ။ ကျမတို့ ပြောသွားတာ၊ ဆွေးနွေးပါ၊ ညှိနှိုင်းပါ၊ တိုင်ပင်ပါ၊ ပြေလည်မှုရှာပါ။ ဒါမှပဲ တိုင်းပြည်သက်သာမယ်။ ဒါမှလည်း လူထုဟာ သက်သာမယ်။ ခဏခဏ ပြောလျက်နဲ့ နိုင်ငံရေးအဖွဲ့အစည်းများ (၂၀၀) ကျော်တယ်၊ ဘယ်လိုလုပ်ဆွေးနွေးနိုင်မှာလဲ၊ အချိန်မပေးနိုင်ဘူးဆိုပြီးတော့ ပြောသွားတယ်။ အခုကျတော့ ဘယ့်နှယ့် တမျိုးပြောပြန်ပြီ။ အဲ့ဒီလို အခုတမျိုး၊ အခုတမျိုး ပြောလွန်းလို့ ကျမတို့ဟာ နဝတအပေါ်မှာ ယုံကြည်မှုမရှိနိုင်တာပေါ့။ ဒါပေမဲ့ ကျမ ပြန်ပြီးတော့ ပြောပါ့မယ်။ နဝတ အားလုံးပေါ်မှာ မဟုတ်ပါဘူး။ နဝတထဲက လူနည်းစုပဲ။ နဝတထဲက ဦးနေဝင်းရဲ့ သစ္စာခံတချို့ကသာ ဒီလိုလုပ်နေတယ်လို့ ကျမက ယုံကြည်တယ်။ ဒီတော့ ကျမ ယုံကြည်ချက်အတိုင်းတော့ ကျမ ပြောသွားရမှာပဲ။ ဒါဟာ မမှန်ဘူးဆိုလို့ ကျမကို ခေါ်ပြီးတော့ ရှင်းလင်းပါ။ ကျမကို နားလည်အောင်ပြောလို့ရှိရင် ကျမ နားလည်နိုင်ပါတယ်။ ကျမ ဒီလောက် မထုံပါဘူး။ သဘောပေါက်အောင် ပြောနိုင်လို့ရှိရင် ကျမ သဘောပေါက်ပါတယ်။ အဲ့ဒီတော့ ကျမတို့ကို သဘောပေါက်စေချင်လို့ရှိရင် ခေါ်ပါ၊ ဆွေးနွေးပါ၊ ရှင်းပြပါ။ ဒီလို မတရားတဲ့နည်းတွေနဲ့၊ မမှန်ကန်တဲ့နည်းတွေနဲ့ တိုက်ခိုက်တာဟာ တိုင်းပြည်အတွက်လည်း အများကြီး ဂုဏ်သိက္ခာကျပါတယ်။ ကျမတို့နိုင်ငံရဲ့ တခုတည်းသော သတင်းစာက ဒီလိုနည်းတွေနဲ့ တိုက်ခိုက်နေတယ်၊ ဒီလိုအောက်တန်းကျကျ ရေးသားနေတယ်ဆိုတော့ ကျမတို့နိုင်ငံအတွက် ဘယ်လောက်နစ်နာစရာကောင်းသလဲ။ ဘယ်လောက်ဝမ်းနည်းစရာကောင်းသလဲ။ ကျမလည်း ဒီလုံးတို့၊ သာဂစိုးတို့၊ ဒိုးကလေးတို့ ခေါင်းထဲမှာကို လည်နေတာပဲ။ ဘာတွေမှန်းကို မသိဘူး ပြောလိုက်တာတွေကလဲ။ အစမရှိ၊ အဆုံးမရှိ။ ဒါဟာ အပြစ်လား၊ ဟိုဟာ အပြစ်လား။ ကျမကတော့ အားလုံးခြုံပြီးတော့ ပြောလိုက်ချင်တယ်။ တိုင်းသူပြည်သားလူများ စိတ်ဆင်းရဲစေတဲ့ ကိစ္စမှန်သမျှဟာ အပြစ်ပဲ။ ဒါပဲ ကျမပြောမယ်။ ဘာပဲဖြစ်ဖြစ် တိုင်းသူပြည်သားလူများ စိတ်ဆင်းရဲစေချင်တယ်ဆိုရင် စိတ်ဆင်းရဲစေတယ်ဆိုတဲ့ ကိစ္စဆိုတာ အပြစ်ပဲ။ ဒါတွေကို ဆင်ခြင်ကြပါ။ မဟုတ်မမှန်ကန်တာပြောတာလည်း အပြစ်ပဲ။ ကျမတို့ ဗုဒ္ဓဘာသာတွေပဲ။ မုသာဝါဒဆိုတာ အပြစ်ပေါ့။ ဒါ ကျမတို့အားလုံး သိပြီးသားဖြစ်ပါတယ်။ မုသားဆိုတာ မပြောသင့်ပါဘူး။ ဒီတော့ အမျိုးမျိုးနည်းတွေနဲ့ ကျမတို့ကို တိုက်ခိုက်လာတယ်။ ကျမတို့ကို တိုက်ခိုက်လာတဲ့ အထဲမှာလည်း ကျမတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က လူငယ်တယောက် ကိုစိုးသိန်းကိစ္စလည်း ဆွဲပြီးတော့ ထည့်လိုက်သေးတယ်။ ကျမတို့ နားလည်သလောက်က ကိုစိုးသိန်းကို ဒီထောက်လှမ်းရေးတို့၊ အာဏာပိုင်အဖွဲ့အစည်းများက လိုက်နေတယ်လို့ နားလည်ပါတယ်။ နောက်ဆုံးကျတော့ ဒါဟာ လူမှုရေးကိစ္စလို့ ပြောပါတယ်။ လူမှုရေးကိစ္စ ဖောက်ပြားလို့ရှိရင်လည်း ကျမတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှာ စည်းတွေ၊ ကမ်းတွေ ရှိပါတယ်။ ဒီစည်းမျဉ်းတွေအရ၊ ဒီစည်းကမ်းထိန်းသိမ်းရေးဥပဒေအရ ကျမတို့ဟာ အရေးယူမှာဖြစ်ပါတယ်။ ဒီတော့ အခုတမျိုး၊ အခုတမျိုးပြော၊ အရှေ့ကတမျိုးပြော၊ နောက်ကတမျိုးပြော၊ အလုပ်ကတမျိုး အပြောကတမျိုးဆိုတော့ ကျမတို့မှာ အင်မတန်မှ စဉ်းစားရခက်ပါတယ်။

ဒီအာဏာဖီဆန်ရေးဆိုတာလည်း ကျမတို့ ကြေညာခဲ့ပြီးပြီ။ မတရားတဲ့ အမိန့်အာဏာဖီဆန်ရေး။ ဒါကိုလည်း နဝတ က အသိအမှတ်ပြုပါတယ်။ ကျမတို့ဟာ မတရားတဲ့အမိန့်အာဏာ ဖီဆန်မှု စီစဉ်တယ်ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com

အရေးကြီးတာက ဘာလဲ။ လွတ်လပ်စွာ ပုံနှိပ်ထုတ်ဝေပိုင်ခွင့်ပဲ။ အရင်အပတ် သတင်းစာရှင်းလင်းပွဲတုန်းက ဒီကိစ္စနဲ့ပတ်သက်လို့ ကျမတို့ ပြောပြီးသွားပြီးပါပြီ။ ၁၉၆၂ ခုနှစ် ပုံနှိပ်ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေအရ ဆိုလို့ရှိရင် ကျမတို့အဖွဲ့အစည်းဟာ လွတ်လွတ်လပ်လပ် ထုတ်ဝေပိုင်ခွင့်ရှိရမယ့် အဖွဲ့အစည်းပါ။ ဒါပေမဲ့ ဒီအခွင့်အရေးကို ပိတ်ပင်ပြီးတော့၊ ကျမတို့ကို အမိန့်အာဏာနဲ့ ပိတ်ပင်ပြီးတော့ လွတ်လွတ်လပ်လပ် ပုံနှိပ်ထုတ်ဝေပိုင်ခွင့်မရှိဘူး။ ပုံနှိပ်ထုတ်ဝေခြင်း မလုပ်ရဘူးလို့ ပြောတဲ့အခါကျတော့ ကျမတို့အနေနဲ့ တဖြေးဖြေး ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေဟာ မတိုးလာတဲ့အပြင် လျော့လာပါတယ်ဆိုတာ ကွက်ကွက်ကွင်းကွင်း မြင်လာပါတယ်။ ဒါကြောင့်မို့လို့ ဒီအမိန့်အာဏာကိုတော့ ဖီဆန်ရမယ်။ ကျမတို့ ထုတ်သင့်ထုတ်ထိုက်တဲ့ စာရွက်စာတမ်းတွေ ဆက်ပြီး ထုတ်ရမယ်။ အခု သုံး၊ လေးရက်အတွင်းမှာ ဖြစ်တဲ့ကိစ္စတွေ ကြည့်ခြင်းအားဖြင့် ကျမတို့အနေနဲ့ စာရွက်စာတမ်းထုတ်ဖို့ဆိုတာ ဘယ်လောက်လိုလဲဆိုတာ ထင်ရှားပါတယ်။ နဝတအနေနဲ့ သတင်းစာရှင်းလင်းပွဲလုပ်လိုက်တယ်။ မြန်မာ့အသံကနေ ကြေညာလိုက်တယ်။ လုပ်သားပြည်သူ့နေ့စဉ်ထဲမှာ ထည့်လိုက်တယ်။ နှစ်ရက်ဆက်ပြီးထည့်လို့ မကျေနပ်သေးဘူး။ ဒီနေ့ဆိုလို့ရှိရင် အပိုစာရွက်ကလေးအနေနဲ့တောင်မှ ထည့်လိုက်သေးတယ်။ ဒါဟာ ကျမတို့အပေါ်မှာ စေတနာရှိလို့ ဝါဒဖြန့်ချိရေးလုပ်ပေးလို့၊ လုပ်ပေးချင်တာလားဆိုတာ တချို့ကတော့ ထင်မှာပေါ့လေ။ သူရေးထားတာ ကြည့်လိုက်လို့ရှိရင်တော့ စေတနာနဲ့လုပ်တာ မဟုတ်ပါဘူးဆိုတာ ထင်ရှားပါတယ်။ ဒီတော့ လုပ်သားပြည်သူ့နေ့စဉ်နဲ့ မြန်မာ့အသံကို တဖက်သတ် ကျမတို့ကို တိုက်ခိုက်ဖို့ သုံးစွဲနေရင် ကျမတို့မှာ လွတ်လပ်စွာပုံနှိပ်ထုတ်ဝေပိုင်ခွင့် လိုနေတယ်ဆိုတာ ထင်ရှားပါတယ်။ နဝတအနေနဲ့ တကယ်ပဲ မှန်မှန်ကန်ကန် လုပ်ချင်တယ်ဆိုရင် ကျမ အခု သတင်းစာရှင်းလင်းပွဲမှာ ပြောသွားတဲ့အချက်တွေကို မှန်မှန်ကန်ကန် ပြည့်ပြည့်စုံစုံ သတင်းစာထဲမှာ ထည့်ပေးပါ။ မှန်မှန်ကန်ကန် လုပ်သားပြည်သူ့နေ့စဉ်ထဲမှာ ပါလာမယ်၊ မြန်မာ့အသံပေါ်မှာ ပါလာမယ်ဆိုလို့ရှိရင်တော့ ကျမတို့အနေနဲ့ သြော် … ကျမတို့ကတော့ မှားပြီပဲ၊ နဝတဟာ တကယ်ပဲ စေတနာမှန်မှန်နဲ့ လုပ်နေတာပဲလို့ပြောဖို့ ကျမ အဆင်သင့်ပါပဲ။ ဒီတော့ ဒီမှာ လုပ်သားပြည်သူ့နေ့စဉ်က လူကြီးများလည်း ရှိပါတယ်။ ကျမ ပြောတဲ့အချက်အလက်များကို မှန်မှန်ကန်ကန် ပြည့်ပြည့်စုံစုံ ထည့်ပေးပါ။ ထည့်ပေးလို့ရှိရင် ကျမ နဝတကို ထပ်ပြီးတော့တောင်မှ တောင်းပန်လိုက်ဦးမယ်။ ကျမ အထင်မှားသွားပါပြီ။ အထင်လွဲသွားပါပြီ။ နဝတဟာ စေတနာမှန်မှန်နဲ့ လုပ်သွားတာပါလားဆိုပြီး ကျမ ပြောရပါတယ်။

မြန်မာ့အသံမှာလည်း ဒီမြေနီကုန်းကိစ္စနဲ့ပတ်သက်လို့ ပါလာတဲ့ကိစ္စကိုလည်း ကျမ ရှင်းရပါဦးမယ်။ မြေနီကုန်းမှာပေါ့လေ။ အဲဒီလို မြန်မာ့အသံကပြောသလို လုပ်သားပြည်သူ့နေ့စဉ်က ရေးသလိုတော့ ကျမ ကဗျာဆန်ဆန်၊ ဝတ္ထုဆန်ဆန်လေးတော့ မပြောတတ်ပါဘူး။ ကားကလေးတစီးက လာတယ်ပေါ့လေ။ အရောင်လေးကလည်း ဘယ်လိုလဲ မသိပါဘူး။ နံပါတ်ကလည်း ဘယ်လိုလဲ မသိပါဘူး။ ကားကလေးက တခါထဲ တံခါးပွင့်သွားတယ်။ အမျိုးသမီးတယောက်က ဆင်းလာတယ်။ ဆင်းလာတဲ့အခါကျတော့ ပန်းချသွားတယ်။ ပန်းချသွားပြီးတော့ ဒီအမျိုးသမီးကို မဝတ ရုံးရောက်မှ ကျမမှန်းသိတယ်လို့ ဆိုပါတယ်။ အဲ့ဒီတော့ ဒီကိစ္စဟာလည်း ကျမ ပြန်ပြီးတော့ ရှင်းပြရမယ်။ ဒီအတိုင်းဖြစ်တာလဲ မဟုတ်ပါဘူး။ အဲ့ဒီနေ့ စမ်းချောင်းမှာ ကျမတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ (၂၁) ရက်နေ့ ဇွန်လအရေးအခင်း တနှစ်ပတ်လည်အခမ်းအနားကို ကျင်းပခဲ့ပါတယ်။ ဒီအခမ်းအနား ကျင်းပခဲ့ပြီးတဲ့အခါကျတော့ သြော် … အဲဒီအခမ်းအနားမှာလည်း လူက ကျမတို့ မြင်သလောက်တော့ နှစ်ထောင်၊ သုံးထောင်လောက်ရှိတယ်လို့ မြင်ပါတယ်။ ဒါပေမဲ့ မြန်မာ့အသံကတော့ ငါးရာလောက်ပဲမြင်တယ်လို့ ဆိုတယ်။ ကျမတို့အမြင်ချင်းကတော့ သိပ်မတူဘူးပေါ့လေ။ ကျမတို့ ဒီရုံးကနေ ပြန်လာတော့၊ ပြန်လာတဲ့အခါကျတော့ (တိပ်ခွေ ကြားထဲမှာ ပြတ်သွား) ရောက်လာပြီးတော့ ပန်းစည်းလေးချတယ်၊ ပန်းစည်းလေးချပြီးတော့ အလေးပြုတယ်။ သိပ်လည်းမများပါဘူး (၁၅) ယောက်လောက်။ ကျမတို့မှာ ဓါတ်ပုံတွေရှိပါတယ်၊ ကြည့်ချင်လို့ရှိရင်၊ (၁၅) ယောက်လောက်ပဲ။ အားလုံး အေးအေးဆေးဆေးပဲ။ ဘာမှ ရုတ်ရုတ်ရက်ရက်လည်း မရှိဘူး။ ဒါပေမဲ့ ကျမတို့ ဖြတ်လည်းသွားတဲ့အချိန်မှာ ဘာလဲ၊ ဟိုလက်နက်ကိုင်တပ်တွေက လာပြီးတော့ ပြေးပြီးတော့ ကြမ်းကြမ်းတမ်းတမ်းပဲ ဒီကျောင်းသားတွေကို ဖမ်းတာ၊ ဆွဲတာ ကျမတို့ တွေ့လိုက်ရပါတယ်။ အဲ့ဒီတော့ ကျမပြောတယ်။ ပြန်သွားမယ်။ ဒီလို ကျောင်းသားတွေကို ဖမ်းတာဆီးတာ ကျမတို့ လျစ်လျူရှုထားလို့ မဖြစ်ပါဘူး။ ကျမတို့ကျောင်းသားတွေ မဟုတ်ပါဘူး။ ဒါ တခြားတပ်ဦးတခုလို့ ကျမတို့ နားလည်ပါတယ်။ ကျမတို့အဖွဲ့ချုပ်ဝင်များ မဟုတ်ပါဘူး။ ဒါပေမဲ့ ကျမတို့အဖွဲ့ချုပ်ဝင်များမဟုတ်လို့

www.burmeseclassic.com

www.burmeseclassic.com

လျှစ်လျူရှုထားလို့ရှိရင် နဝတ က ကျမတို့ကို ပါတီနိုင်ငံရေးပဲလုပ်တယ်၊ အမျိုးသားနိုင်ငံရေးမလုပ်ဘူးဆိုတာ ပြောမှာကိုလည်း စိုးရသေးတယ်။ ဒ့ါကြောင့်မို့လို့ ကိုယ့်ရဲ့ ဒီမိုကရေစီဘက်တော်သား အချင်းချင်းပဲ။ ကျမအနေနဲ့ ဒီလိုတော့ လျှစ်လျူရှုထားလို့ မရဘူးဆိုပြီး ကျမ ပန်းစည်းတခုသွားယူပြီးတော့ ပြန်ပြီးတော့ချပါတယ်။ ချလာတဲ့အခါကျတော့ ကျမတို့နဲ့ပါလာတဲ့ လူငယ်တယောက်ကို ဖမ်းသွားတယ်။ ကျမ ဘာမှမလုပ်ပါဘူး။ ဖမ်းရင်လည်း ဖမ်းသွားပေ့ါ။ ကျမ ကားထဲဝင်ပြီးတော့ ဆက်ပြီးတော့ ထွက်သွားတယ်။ အဲ့ဒီအချိန်မှာ သေနတ်တွေနဲ့ ပစ်တယ်။ အောက်က၊ အနောက်ကနေ သေနတ်ဖောက်သံတွေကြားတယ်။ အဲ့ဒီတော့ ကျမ ပြောတယ်။ ပြန်လှည့်ရမယ်။ ဒီလို သေနတ်ဖောက်လို့ ကျမတို့ဟာ ဆက်ပြီးထွက်သွားတယ်ဆိုရင် မသင့်တော်ဘူး။ ဒီဟာဟာ သေနတ်ဖောက်နေတာဟာ ပြည်သူလူထုကို ခြိမ်းခြောက်နေတာပဲ။ ပြည်သူလူထုကို ခြိမ်းခြောက်နေတာကို ကျမကနေပြီးတော့ ဥပက္ခာပြုပြီးတော့ ပစ်သွားတယ်ဆိုတာ မသင့်တော်ဘူးဆိုပြီး ကျမ ပြန်ပြီးလှည့်လာပါတယ်။ သေနတ်ပစ်တဲ့နေရာကို ပြန်ပြီးတော့ လှည့်ခဲ့တယ်။ လှည့်တဲ့အခါ အူယားဖားယားနဲ့ ရဲအရာရှိတယောက်က "ဘာလဲ၊ မောင်းမပြေးနဲ့ ပစ်မယ်၊" ဟာ ဘယ်သူက မောင်းပြေးနေလို့လဲ။ တမင်သက်သက်ပြန်လာတာ။ မောင်းပြေးဖို့ မဟုတ်ပါဘူးဆိုတာ။ ဒါကိုလည်း သူက ရိုင်းရိုင်းစိုင်းစိုင်း စကားမရှည်နဲ့ပေ့ါလေ။ ပစ်မယ်၊ ခတ်မယ်နဲ့။ သေနတ်ကြီးကလည်း တရမ်းရမ်းနဲ့ လုပ်နေပါတယ်။ ကျမတို့ကို စခန်းရှေ့မှာ ရပ်ဆိုပြီး၊ ကျမတို့ စခန်းရှေ့မှာရပ်တယ်။ စခန်းရှေ့မှာ ရပ်ပြီးတဲ့အခါကျတော့ ကျမတို့ကို TE 11 ကြီးပေါ်မှာ တက်ခိုင်းပါတယ်။ အဲ့ဒီတော့ ကျမတို့အားလုံး အတူတူတက်ပါတယ်။ အဲ့ဒီအချိန်ကျတော့ ကျမဘယ်သူလဲဆိုတာ ဘေးကအရာရှိများက ကောင်းကောင်းသိတယ်လို့ ကျမ ထင်ပါတယ်။ ဒီမတိုင်ခင်မှာပဲ ဒေါ်အောင်ဆန်းစုကြည်ကို ဖမ်းဆိုပြီး အရာရှိတဦးက အော်နေတာကြားတော့ ကျမ ဘယ်လူမှန်းသိတယ်ဆိုတာ သိပ်ပြီးတော့ ထင်ရှားတယ်။ ဒါပေမဲ့ အများက မသိဘူးဆိုလို့ရှိရင် ကျမ လက်ခံပါတယ်။ ကျမကို လူတိုင်းကသိတယ်လို့ ထင်နေလို့ရှိရင် တော်ကြာ ကျမ သွေးကြီးရာရောက်ဦးမယ်။ မသိလို့ပဲပေ့ါ။ ကျမတို့ကို TE 11 ပေါ်မှာ တက်ဆိုတာ၊ တက်ပါတယ်။ တက်ပြီးတော့ ဗိုလ်မှူးကြီးကိုယ်တိုင် ရောက်လာပါတယ်။ ဗိုလ်မှူးကြီးကတော့ အင်မတန်မှ ယဉ်ယဉ်ကျေးကျေး လူကြီးပီပီသသ ရှိပါတယ်။ ကျမတို့ ဒါ မှန်တာကို မှန်တဲ့အတိုင်း ပြောမှာပါ။ ကျမ သက်သက်မဲ့ နဝတမို့လို့၊ တပ်မတော်အရာရှိမို့လို့ စော်ကားချင်တဲ့စိတ် လုံးလုံးမရှိပါဘူး။ ကျမတို့ကို မဝတရုံးခေါ်သွားတယ်။ မဝတရုံးရောက်တဲ့အခါကျတော့ ကျမတို့အားလုံး ထိုင်ပြီးတော့ ဆွေးနွေးကြတာပေ့ါလေ။ ဆွေးနွေးကြတဲ့အခါကျတော့ ကျမ ပြောပါတယ်။ ဒီ ၂/၈၈ ကိုတော့ လိုက်နာလို့မဖြစ်ပါဘူး။ လူငါးယောက်နဲ့ နိုင်ငံရေးလုပ်ဖို့ဆိုတာကတော့ မဖြစ်ပါဘူး။ ကျမတို့ဟာ ဘာမှ ဆူဆူပူပူလည်း လုပ်မှာမဟုတ်ပါဘူး။ အေးအေးချမ်းချမ်းပဲ လုပ်သွားမှာပါဆိုပြီးတော့ ကျမ ပြောသွားပါတယ်။ ဒီအာဏာဖီဆန်ရေးကိစ္စနဲ့ ပတ်သက်ပြီးတော့လည်း ပြောသွားပါတယ်။ ပြီးတော့ မြေနီကုန်းမှာ ဖြစ်တဲ့ကိစ္စနဲ့ ပတ်သက်လို့လည်း ကျောင်းသားလေးတွေကိုဖမ်းလို့ ကျမ ပြန်လာရတာပါဆိုပြီး ကျမ ရှင်းပြသွားပါတယ်။ ဒီဟာတွေအားလုံး ကျမ ရှင်းပြသွားပြီးသားပါ။ ဒါပေမဲ့ ဒါတွေအားလုံး မြန်မာ့အသံကလည်း မရှင်းပြသွားပါဘူး။ ဒီတော့ ဒီကိစ္စမှာလည်း ကျမဟာ တမင်ဆူပူအောင် လှုံ့ဆော်ချင်လို့ ပန်းစည်းသွားချတယ်ဆိုတာ ကျမဟာ ဆူပူအောင်လှုံ့ဆော်ချင်လို့ မဟုတ်ပါဘူး။ ဒီကျောင်းသားလေးတွေကို ကျမမျက်စိရှေ့မှာ ဖမ်းသွားတာမြင်လို့ပါ။ ကျောင်းသူလေးတယောက်လည်း ပါသွားပါတယ်။ အဲ့ဒီဟာ မြင်လျက်သားနဲ့ ဘာမှမလုပ်ဘူးဆိုရင် မသင့်တော်ဘူးထင်လို့ ဒါ ကျမ ပန်းစည်းချတာပါ။ ဒီကလေးများဟာ အေးအေးဆေးဆေး ပန်းစည်းချပြီးတော့ ပြေးဖို့အဆင်သင့်ပဲ။ ပြေးရင်လည်း ပြေးပါစေပေ့ါ။ မသိချင်ယောင်ဆောင်လို့ရှိရင် ဒီကိစ္စဟာ ပြီးသွားမယ့်ကိစ္စပဲ။ အေးအေးချမ်းချမ်းနဲ့ အားလုံးပြီးသွားမှာ ဖြစ်ပါတယ်။

အဲ့ဒီတော့ မြေနီကုန်းမှာ လူတယောက် ကျဆုံးသွားတယ်ဆိုတဲ့ ကိစ္စနဲ့လည်း ကျမပြောချင်ပါတယ်။ ဒီလူဟာ အလုပ်သမားသွေးစည်းညီညွှတ်ရေးပါတီက စည်းရုံးရေးတာဝန်ခံတယောက် ဖြစ်ပါတယ်။ ဒီလူကျသွားတဲ့အခါကျတော့ သွားပြီးတော့ ကောက်တာ၊ သွားပြီးတော့ ကယ်တာဟာ ကျောင်းသားများပါ။ ကျောင်းသားလေးများဟာ ဒီကျသွားတဲ့ ဦးသိန်းမိုးကို ဘုန်းကြီးကျောင်းကို သယ်သွားတယ်။ ဘုန်းကြီးကျောင်းက သံဃာတော်များနဲ့ အခြားကျောင်းသားများက ဆေးရုံကြီးကို ခေါ်သွားတယ်။ အဲ့ဒီတော့ ဒီကိစ္စကို အားလုံးစဉ်းစားကြပါ။ ဦးသိန်းမိုးကို ပစ်ချလိုက်တာဟာ လက်နက်ကိုင်တပ်ထဲက ပစ်ချလိုက်တာပဲ။ သွားပြီးတော့

www.burmeseclassic.com

www.burmeseclassic.com

ကောက်ယူပြီးတော့ ကယ်ပေးတာဟာ ကျောင်းသားလေးတွေပါပဲ။ ဆေးရုံကို အရောက်ခေါ်သွားတာဟာလည်း ကျောင်းသားများနဲ့ သံဃာတော်များဖြစ်ပါတယ်။ အဲ့ဒီတော့ ကျမတို့ ကျောင်းသားများ၊ ရဟန်းရှင်လူပြည်သူလူထုများဟာ ဆူပူချင်တဲ့လူထုမဟုတ်ဘူး။ သတ်ဖြတ်ချင်တဲ့ လူထုမဟုတ်ဘူး။ တယောက်အပေါ်တယောက် ကြင်နာတဲ့လူထုဆိုတာ အင်မတန်မှ ထင်ရှားပါတယ်။ ဦးသိန်းမိုးဟာ အလုပ်သမား စည်းလုံးညီညွတ်ရေးပါတီထဲက စည်းရုံးရေးတာဝန်ခံဆိုတာ သွားပြီးတော့ ကောက်တဲ့ ကျောင်းသားလေးတွေ သိပါတယ်။ ဒီကျောင်းသားလေးတွေ သွားပြီးကောက်တဲ့ အခါတုန်းက သူ အသက်မထွက်သေးပါဘူး။ သူဘယ်သူဆိုတာ သူပြောနိုင်ပါတယ်။ သူ့ရဲ့ ကဒ်ပြားတွေဘာတွေလည်း ကျောင်းသားတွေက တွေ့ပါတယ်။ ဒါပေမဲ့လည်း ငါတို့ရန်သူကြီးဆိုပြီးတော့ မပစ်ထားပါဘူး။ ကျောင်းသားလေးများက သယ်သွားပါတယ်။ ဆေးရုံအရောက် လိုက်ပို့ပေးဖို့ စီစဉ်ပါတယ်။

အဲ့ဒီတော့ ကျမတို့ရဲ့ ဒီမိုကရေစီလိုလားတဲ့ အင်အားစုတွေကို ဘာဖြစ်လို့ ဒီလောက်တောင်မှ တိုက်ခိုက်နေလဲ။ ကျမတို့ဟာ ဆူပူအောင် လုပ်ချင်တဲ့လူတွေ၊ အကြမ်းဖက်ချင်တဲ့လူတွေ၊ အကြမ်းဖက်ချင်တဲ့လူတွေ ဆိုလို့ရှိရင် ဦးသိန်းမိုးကြီးကို တစည့ကြီးဟဲ့ ဆိုပြီး ပစ်ခဲ့မှာပေ့ါ။ ဒီလိုစိတ်တွေ မရှိပါဘူး။ ကျမတို့ ပြည်သူလူထုအချင်းချင်းပဲ၊ ကျမတို့ စိတ်မကောင်းဘူး။ ဦးသိန်းမိုးတယောက် ကျသွားတယ်။ ဦးသိန်းမိုးဆိုတာဟာ တစည့တို့၊ အလုပ်သမားသွေးစည်းညီညွတ်ရေးပါတီတို့ဆိုတာ ကျမတို့စိတ်ထဲမှာ မထားပါဘူး။ ပြည်သူထဲက တယောက်ကျသွားတယ်။ ဒီလောက်တောင်မှ ကျမတို့မှာ အသက်လုံခြုံမှု မရှိဘူးလား။ ဒီလိုအခြေခံလူ့အခွင့်အရေးတခုဖြစ်တဲ့ အသက်လုံခြုံမှု ကျမတို့ မရှိနိုင်ဘူးလား။ ဒါဟာ အင်မတန်မှ ဝမ်းနည်းစရာကောင်းတဲ့ အခြေအနေဖြစ်ပါတယ်။ ဒီလိုအခြေခံအခွင့်အရေးတွေ လိုချင်လို့ ကျမတို့ ဒီမိုကရေစီလှုပ်ရှားမှုထဲမှာ ပါဝင်နေတာပဲ။ ဒီလိုရည်ရွယ်ချက်တွေနဲ့ ကျမတို့ ဆက်ပြီးတော့ လုပ်သွားမှာပဲ။ ဒါကြောင့်မို့လို့ ကျမတို့ မတရားတဲ့အမိန့်အာဏာ ဖီဆန်တယ်ဆိုတာ၊ ဒီလို မတရားတဲ့ အမိန့်အာဏာတွေကို မဖီဆန်လို့ရှိလို့ရှိရင် တဖြေးဖြေး ကျမတို့မှာ ရှိစုမဲ့စု အခွင့်အရေးလေးတွေတောင်မှ ပျောက်သွားချည်ရဲ့ဆိုပြီးတော့ ယုံကြည်လို့ ဖီဆန်ခြင်းဖြစ်ပါတယ်။ ပုံနှိပ်ထုတ်ဝေခွင့်နဲ့ပတ်သက်လို့ရှိရင်လည်း နိုဝင်ဘာလကတည်းက ကျမတို့ဟာ တရားဝင် သတင်းစာတခုထုတ်ဝေဖို့ တောင်းဆိုခဲ့ပါတယ်။ မပေးခဲ့ပါဘူး။ နောက်ပြီးတော့ကျလို့ရှိရင်လည်း ကျမတို့ဟာ စည်းကမ်းနဲ့၊ စည်းနဲ့ ကမ်းနဲ့ ထုတ်ဝေတဲ့ကိစ္စတွေကို ထုတ်ဝေခဲ့တယ်။ အဖွဲ့ချုပ်ဝင်များအတွက် ကန့်သတ်ဆိုပြီးတော့ ကျမတို့ ထုတ်ဝေခဲ့ပါတယ်။ နောက်ဆုံးကျတော့ စာပေစီစစ်ရေးကနေ အခွင့်တောင်းရမယ်ဆိုလို့ ဒီလအတွင်းမှာပဲ ကျမရဲ့ မိန့်ခွန်းကောက်နုတ်ချက်များ ထုတ်ဖို့အတွက် သွားပြီးတော့ စာပေစီစစ်ရေးကို ကျမတို့ထဲက ခွင့်တောင်းခဲ့ပါတယ်။ ဘာမှ မတုံ့ပြန်ခဲ့ပါဘူး။ ဘာမှ အဖြေမပေးခဲ့ပါဘူး။ ကျမတို့ရဲ့ စာရွက်စာတမ်းတွေကို ထုတ်ဝေတဲ့ ပုံနှိပ်စက်တခုကိုလည်း ချိပ်ပိတ်ခဲ့ပါတယ်။ အမျိုးမျိုးပဲ ခြိမ်းခြောက်လာတယ်ဆိုတာ တွေ့ရပါတယ်။ ဒါ နဝတအနေနဲ့ လွတ်လပ်စွာ ပုံနှိပ်ထုတ်ဝေခွင့် ပေးတော့မလို့၊ ကျမတို့က ဒီလိုလုပ်လိုက်လို့ဆိုတော့၊ ပေးတော့မလိုဆိုလို့ရှိရင် ဘာဖြစ်လို့ အခု တပတ်နှစ်ပတ်အတွင်းကနေပြီးမှာ ၁၉၆၂ ဥပဒေအရ ကျမတို့ ရှိသင့်ရှိထိုက်တဲ့ အခွင့်အရေးတွေကို ပိတ်ပင်တဲ့အမိန့်ကို ထုတ်လိုက်သလဲ။ အဲ့ဒီတော့ အပြောက တမျိုးစီဖြစ်နေတယ်။ အခုတမျိုးပြော၊ အခုတမျိုးပြော။ ဘာကိုတောင်မှ ကျမတို့ ယုံရမှန်းမသိပါဘူး။ တကယ်ပဲ ပြေလည်စေချင်တယ်ဆိုလို့ရှိရင် နည်းတနည်းပဲရှိတယ်။ အဲ့ဒီတော့ ဒါ ကျမ နဝတကို ဒီကနေ ပြောလိုက်ပါတယ်။ တကယ်ပဲပြေလည်စေချင်တယ်၊ တကယ်ပဲ ကျမတို့အဖွဲ့ချုပ်နဲ့ ဒီမိုကရေစီအင်အားစုနဲ့ နဝတကြားမှာ ပြေလည်မှုလိုချင်တယ်ဆိုလို့ရှိရင် ဆွေးနွေးပါ၊ ခေါ်ပါ၊ ခေါ်ပါ။ ကျမတို့က အောက်ကျနောက်ကျ ရှိတယ်ဆိုပြီး လုံးလုံး စိတ်ထဲမှာ မထားပါဘူး။ အခုလာ ဆိုလို့ရှိရင် အခုသွားပါမယ်။ ဆွေးနွေးမယ်။ တိုင်ပင်မယ်။ ဘယ်လိုပြေလည်အောင်လုပ်ရမလဲ။ ကျမတို့ ညှိနှိုင်းမယ်။ ဒါဟာ နိုင်ငံရေးနည်းပါ။ ကျမတို့ဟာ နိုင်ငံရေးနည်းကို ယုံကြည်ပါတယ်။ ဒီ နောက်နှစ်လအတွင်းမှာ ဖြစ်သွားတဲ့ကိစ္စများဟာ နိုင်ငံရေးပြဿနာများကို လက်နက်နဲ့ဖြေရှင်းခဲ့လို့ ဖြစ်တာဆိုတာ ကျမတို့ ယုံကြည်ချက်ဖြစ်ပါတယ်။ ဇူလိုင်လ (၇) ရက်နေ့၊ ဇူလိုင် (၁၉) ရက်နေ့၊ ဩဂုတ်လ (၈) ရက်နေ့၊ စက်တင်ဘာလ (၁၈) ရက်နေ့။ ဒီအရေးအခင်းတွေဟာ ဘာကိုပြသလဲ။ ကျမတို့နိုင်ငံမှာ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းနဲ့ မဖြေရှင်းဘဲနဲ့ လက်နက်ကိုင်နည်းနဲ့ ဖြေရှင်းခဲ့လို့ ဒုက္ခရောက်တယ်ဆိုတာ ပြတာပဲ။ အဲ့ဒီတော့ ဒီလိုကိစ္စမျိုးတွေ ကျမတို့ လုံးလုံးမဖြစ်စေချင်ပါဘူး။ နိုင်ငံရေးနည်းနဲ့ပဲ

www.burmeseclassic.com

www.burmeseclassic.com

ဖြေရှင်းချင်ပါတယ်။ ဒါကြောင့် ကျမတို့ အမိန့်အာဏာကို ဖီဆန်နေတဲ့ နေရာမှာတောင်မှ နိုင်ငံရေးနည်းနဲ့ ဖီဆန်သွားတာပဲ။ ကျမတို့ ပြည်သူလူထုကို ပြောတယ်။ အများပြည်သူ သဘောမတူတဲ့ အမိန့်အာဏာဟူသမျှကို တာဝန်အရ ဖီဆန်ကြပါ။ တာဝန်အရ ဖီဆန်ရမယ်။ လူတိုင်းလူတိုင်းမှာ တာဝန်ရှိတယ်။ လူတိုင်းလူတိုင်းမှာ အခြေခံလူ့အခွင့်အရေးတွေကို ကာကွယ်ဖို့ တာဝန်ရှိတယ်။ ဒီအတိုင်းပဲ ကျမတို့ ပြောသွားတာပဲ။ ဒီအထဲမှာ ဆူပူဖို့ လှုံ့ဆော်တာ မပါပါဘူး။ စောစောက ကျမပြောခဲ့တဲ့အတိုင်းပဲ။ မေမေ့ရှာပနကိစ္စတုန်းကတော့ ဆူပူချင်တဲ့အစိတ်အပိုင်းတွေကို ကျမတို့ ထိန်းသွားပါတယ်။ မလုပ်ပါနဲ့၊ ဒါဟာ မသင့်တော်ပါဘူး။ အခုလည်း ကျမတို့ ထိန်းသွားမှာပဲ။ ကျမတို့ဘက်ကတော့ ကျမတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကိုတော့ ကောင်းကောင်းထိန်းသွားနိုင်ပါတယ်။ ကျမတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လက်တွဲပြီးတော့ လုပ်နေတဲ့အဖွဲ့အစည်းများ၊ ကျောင်းသားများကိုလည်း ထိန်းသွားနိုင်ပါတယ်။ ဒါပေမဲ့လည်း အဖျက်သမားတွေ ရှိတယ်ဆိုတာလည်း ကျမတို့ သိပါတယ်။ ဒီအဖျက်သမားတွေဟာ ဒီမိုကရေစီကို မလိုလားတဲ့ လူတွေကထည့်ထားတဲ့ အဖျက်သမားလို့ပဲ ကျမတို့ ယုံကြည်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ်၊ ဘယ်လောက်ပဲ အေးအေးချမ်းချမ်းလုပ်ဖို့ ကြိုးစား၊ ကြိုးစား၊ တယောက်နှစ်ယောက်က ကြားဝင်ပြီးတော့ လှုံ့ဆော်လိုက်လို့ရှိရင် ပြဿနာတက်တတ်ပါတယ်။ ဒါပေမဲ့လည်း ကျမတို့ အခုအချိန်မှာဆိုရင် စနစ်တကျလုပ်ထားတာကြောင့် ဒီပြဿနာတွေကို ထိန်းသွားနိုင်တဲ့ အခြေအနေရောက်နေပြီဆိုတာ ကျမ ထင်ပါတယ်။ ကျမတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ ညှိနှိုင်းတိုင်ပင်ပြီးတော့ နဝတ က လုပ်မယ်ဆိုရင် အားလုံး အဆင်ပြေနိုင်ပါတယ်။ ဒီတော့ ကျမ အားလုံးခြုံပြီးတော့ ပြောရမယ်ဆိုရင်၊ ဘာဖြစ်လို့ဆိုတော့ သတင်းစာဆရာများကလည်း မေးစရာရှိဦးမှာပါ။ အားလုံးခြုံပြီးပြောရရင် တပ်မတော်ပြိုကွဲရေးကို ကျမ လုံးလုံးမလိုလားပါဘူး။ တပ်မတော်ကို ဂုဏ်သိက္ခာရှိရှိနဲ့ နေစေချင်တယ်။ ဗကပ နဲ့ ကျမဆိုတာလည်း လုံးလုံးအဆက်မရှိပါဘူး။ ကျမ ကွန်မြူနစ်ဝါဒကို ယုံလည်းမယုံကြည်ဘူး။ အားလည်းအားမပေးဘူး။ ကွန်မြူနစ်နည်းလမ်းတွေနဲ့လည်း ကျမတို့ လုပ်နေတာမဟုတ်ဘူး။ ကျမတို့က ဒီမိုကရေစီနည်းလမ်းအရ လုပ်နေတာပဲ။ ကျမတို့ဟာ ဆူပူလှုံ့ဆော်မှုဆိုတာကိုလည်း ဝါသနာမပါပါဘူး။ ဆူပူတာကိုလည်း ကျမတို့ မလိုလားပါဘူး။ အားလုံး အေးအေးချမ်းချမ်း၊ စည်းကမ်းရှိရှိနဲ့ လိုချင်တဲ့ ဒီမိုကရေစီပန်းတိုင်ကို ရောက်သွားစေချင်ပါတယ်။ ကျမဟာ စည်းကမ်းအများကြီး အလေးထားတယ်ဆိုတာ နဝတ သိပါတယ်။ ကျမရဲ့မိန့်ခွန်းတွေ ဒီလောက်တောင်မှ စေ့စေ့စပ်စပ် လေ့လာနေတယ်ဆိုလို့ရှိရင် ဒီလောက်ဆိုရင်တော့ သိကောင်းပါပြီ။ အမြဲပဲ စည်းကမ်းရှိရမယ်၊ စည်းကမ်းရှိရမယ်လို့ ကျမ ပြောပါတယ်။ ညီညွတ်ရမယ်။ စည်းကမ်းရှိရမယ်။ တပ်မတော်ကို သက်သက်မဲ့၊ အလကားသက်သက် ပုတ်ခတ်တာ မရှိရဘူးဆိုတာ ကျမ ခဏခဏပြောတဲ့ကိစ္စဆိုတာ ကျမမိန့်ခွန်းဟောင်းတွေကို ဒီလောက်တောင်မှ စေ့စေ့စပ်စပ်လေ့လာထားတဲ့ နဝတကတော့ သိမှာဖြစ်ပါတယ်။

ဒါ့ကြောင့် ပြေလည်မှု ရှာစေချင်တယ်။ တကယ်ပဲ တိုင်းပြည်အပေါ်မှာ စေတနာထားတယ်၊ တကယ်ပဲ ပြည်သူတွေလိုချင်တဲ့ လွတ်လပ်ပြီးတော့ တရားမျှတတဲ့ရွေးကောက်ပွဲများ လုပ်ပေးချင်တဲ့ဆန္ဒ ရှိတယ်ဆိုလို့ရှိရင် ညှိနှိုင်းပါ။ ဆွေးနွေးပါ။ တိုင်ပင်ပါ။ တဖက်သတ် ပုတ်ခတ်တိုက်ခိုက်တဲ့ ကိစ္စတွေကိုတော့ မလုပ်နေပါနဲ့လို့ ကျမ ပြောချင်ပါတယ်။

၂၃

## ပြည်သူလိုချင်တာ အောင်ဆန်းလမ်းစဉ်

၁၉၈၉ ခု ဇူလိုင်တွင် ပြောကြားသော အာဇာနည်နေ့ အကြိုမိန့်ခွန်း

* * *

www.burmeseclassic.com

www.burmeseclassic.com

ကျမတို့အဖွဲ့ချုပ်ကို ဒီလိုအားပေးတဲ့အတွက် အများကြီးပဲ ကျေးဇူးတင်ပါတယ်။ အခုအချိန်မှာဆိုလို့ရှိရင် ကျမတို့ရဲ့ လုပ်ငန်းတွေကို အမျိုးမျိုးပဲ တိုက်ခိုက်နေတယ်ဆိုတာ အများသိပြီးသား ဖြစ်ပါတယ်။ ဒါပေမဲ့ အခု ဒီလိုပြည်သူလူထုကြီးဟာ စည်းကမ်းရှိရှိနဲ့ ရောက်လာတာမြင်တဲ့အတွက်လည်း ကျမ အများကြီးဝမ်းသာတယ်။ ဒီဘက်မှာ လက်နက်ကိုင်တပ်တွေ မရှိတဲ့အတွက်လည်း ကျမတို့ အများကြီးပဲ ဝမ်းသာပါတယ်။ ကျမတို့ အမြဲပဲပြောပါတယ်။ လက်နက်ကိုင်တပ်များ မရှိရင် ပြည်သူလူထုဟာ အေးအေးချမ်းချမ်းရှိပါတယ်။ လက်နက်ကိုင်တပ်များ ရောက်မှသာ လှုပ်လှုပ်ရှားရှားရှိတာပါ။ ဒါကြောင့် နဝတ အနေနဲ့ တပ်မတော်သားများကိုလည်း သက်သာစေချင်တယ်၊ ပြည်သူလူထုကိုလည်း စိတ်သက်သာစေချင်တယ်ဆိုလို့ရှိရင်တော့ ကျမတို့ စည်းရုံးစုဝေးတဲ့နေရာမှာ လက်နက်ကိုင်တပ်ဖွဲ့များကို မလွှတ်ဖို့ဆိုတာ အင်မတန်မှ အရေးကြီးပါတယ်။ အခုအချိန်မှာ ကျမတို့က မတရားတဲ့အမိန့်အာဏာများ၊ အများပြည်သူ သဘောမတူတဲ့ အမိန့်အာဏာများ ဖီဆန်ရေးနဲ့ပတ်သက်လို့ အမျိုးမျိုး တိုက်ခိုက်ပြောဆိုနေပါတယ်။ ဒီလို မတရားတဲ့ အမိန့်အာဏာများ ဖီဆန်တယ်ဆိုတာ ဗကပ ဆန်တယ်လို့ ပြောပါတယ်။ ဒါဟာ မဟုတ်ပါဘူး။ မတရားတဲ့အမိန့်အာဏာများ ဖီဆန်တယ်ဆိုတာ ဗိုလ်ချုပ်အောင်ဆန်းလမ်းစဉ်ဖြစ်ပါတယ်။ ကျမ ဒီကိစ္စကို ရှင်းပြပါ့မယ်။

စစ်ပြီးတဲ့အခါ ဗြိတိသျှနယ်ချဲ့အစိုးရကနေပြီးတော့ လွတ်လပ်ရေးရအောင်လို့ တိုက်နေရတဲ့အချိန်မှာ မတရားတဲ့ အမိန့်အာဏာများကို ဖီဆန်ရမယ်ဆိုပြီးတော့ ဖေဖေတို့ ဖဆပလ ကနေပြီးတော့ ပြောခဲ့ပါတယ်။ ဒီအတိုင်းပဲ ဆောင်ရွက်ခဲ့ပါတယ်။ ၁၉၄၆ ခုနှစ်မှာဆိုလို့ရှိရင် ဒီလို မတရားတဲ့အမိန့်အာဏာများ ဖီဆန်ရမယ်ဆိုတာဟာ ဖဆပလ ညီလာခံမှာကို ပြောသွားပါတယ်။ ပြည်သူလူထုရဲ့ လွတ်လပ်စွာ ဟောပြောပိုင်ခွင့်၊ စည်းရုံးပိုင်ခွင့်၊ စီတန်းလမ်းလျှောက်ပိုင်ခွင့်ကို ချုပ်ချယ်တဲ့ ဗြိတိသျှအစိုးရရဲ့ အာဏာကို ဖီဆန်တယ်ဆိုပြီးတော့ ဖေဖေကိုယ်တိုင်ပဲ ပြောသွားပါတယ်။ ဒီတော့ ကျမတို့အနေနဲ့ မတရားတဲ့အမိန့်အာဏာများ ဖီဆန်တာ၊ ပြည်သူလူထုရဲ့ လွတ်လပ်မှုအခွင့်အရေးတွေကို ချုပ်ချယ်တဲ့ အမိန့်အာဏာများ ဖီဆန်တာဟာ အောင်ဆန်းလမ်းစဉ်အရ လုပ်တယ်ဆိုတာ ကျမ နဝတကို ပြောပြချင်ပါတယ်။ အခုအချိန်မှာ နဝတအနေနဲ့ ဆုံးဖြတ်ဖို့ဟာ တခုပဲရှိပါတယ်။ အောင်ဆန်းလမ်းစဉ်ကို လိုက်မှာလား၊ နေဝင်းရဲ့ မဆလ လမ်းစဉ်ကို လိုက်မှာလား။ ဒါပဲ ကျမ မေးရမှာပဲ။ ပြည်သူလူထုကို လက်နက်အားကိုးနဲ့ နှိမ်နင်းတယ်ဆိုတာဟာ အောင်ဆန်းလမ်းစဉ် မဟုတ်ပါဘူး။ ပြည်သူလူထုရဲ့ ရသင့်ရထိုက်တဲ့ အခွင့်အရေးများကို ဖိနှိပ်တယ်၊ ဟန့်တားတယ်ဆိုတာလည်း အောင်ဆန်းလမ်းစဉ် မဟုတ်ပါဘူး။ ဖဆပလအနေနဲ့ ဗြိတိသျှနယ်ချဲ့အစိုးရရဲ့ မတရားတဲ့ အမိန့်အာဏာများကို ဖီဆန်နေတဲ့အချိန်မှာ ပြည်သူလူထုဟာ အခုထက် ပိုပြီးတော့ အများကြီး အခွင့်အရေးတွေရှိပါတယ်။

ဒါကို ကျမ ထောက်ပြမယ်။ အဲဒီတုန်းကဆိုလို့ရှိရင် သတင်းစာတွေဟာ လွတ်လွတ်လပ်လပ် ပုံနှိပ်ထုတ်ဝေပိုင်ခွင့်ရှိတယ်။ အဲ့ဒီလိုအချိန်မှာတောင်မှ လွတ်လွတ်လပ်လပ် ပြည်သူလူထုအနေနဲ့ ဟောပြော၊ စီတန်းလမ်းလျှောက်ပိုင်ခွင့် မရှိလို့ဆိုပြီး ဖေဖေဟာ ဖဆပလကို ဦးဆောင်ပြီးတော့ မတရားတဲ့ အမိန့်အာဏာများကို ဖီဆန်ရမယ်ဆိုပြီးတော့ ဆော်ဩခဲ့ပါတယ်။ ဒီအချိန်မှာ ကျမတို့ မြန်မာနိုင်ငံမှာ မြန်မာတွေအုပ်စိုးတဲ့အချိန်မှ လွတ်လပ်စွာ ပုံနှိပ်ထုတ်ဝေပိုင်ခွင့်တောင်မှ မရှိဘူး။ ဒီအခွင့်အရေးဆိုတာလည်း တရားဥပဒေအရ ရှိပါတယ်။ ၁၉၆၂ ခုနှစ် ပုံနှိပ်ထုတ်ဝေပိုင်ခွင့် ဥပဒေအရဆိုလို့ရှိရင် နိုင်ငံရေးအဖွဲ့အစည်းများဟာ လွတ်လွတ်လပ်လပ် ပုံနှိပ်ထုတ်ဝေပိုင်ခွင့်ရှိပါတယ်။ ဒီလိုရှိတဲ့ အခွင့်အရေးတွေကို ဟန့်တားတဲ့အမိန့်အာဏာကို ကျမတို့ ဖီဆန်နေတာပဲ။

ဒီအချိန်မှာဆိုလို့ရှိရင် အာဇာနည်နေ့အကြိုအချိန် ဖြစ်ပါတယ်။ နောက်အပတ်ဆိုလို့ရှိရင် အာဇာနည်နေ့ဖြစ်တယ်။ အာဇာနည်နေ့ဟာ ဘာလဲ။ လက်နက်အားကိုးနဲ့ နိုင်ငံရေးပြဿနာကို ဖြေရှင်းတဲ့နေ့တနေ့ပဲ။ ဦးစောအနေနဲ့ နိုင်ငံရေးအာဏာကို လိုချင်လွန်းအားကြီးလို့ နိုင်ငံရေးနည်းနဲ့ မယူနိုင်တဲ့အခါကျတော့ လက်နက်နည်းနဲ့ ယူမယ်ဆိုပြီးတော့ ကြိုးစားလိုက်တာပဲ။ ဒါပေမဲ့ မအောင်မြင်ခဲ့ပါဘူး။ နောက်ဆုံးကျတော့ ဘယ်လိုပဲ လက်နက်အားကိုး၊ လက်နက်အားကိုး ပြည်သူလူထုရဲ့ ထောက်ခံမှုမရှိတဲ့ စနစ်မှန်သမျှဟာ ကျဆုံးရမှာဖြစ်ပါတယ်။

အာဇာနည်နေ့နဲ့ပတ်သက်လို့လည်း ကျမ နဲနဲပြောချင်ပါတယ်။ အခုဆိုလို့ရှိရင် နဝတ အနေနဲ့ နိုင်ငံရေးအဖွဲ့အစည်းများဟာ (၁၀) ယောက်စီ၊ (၁၀) ယောက်စီ သွားနိုင်တယ်၊ ဒီလို စာရင်းပေးပြီးတော့ သွားပါလို့

www.burmeseclassic.com

www.burmeseclassic.com

ပြောပါတယ်။ ကျမတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ ဒီလိုကန့်သတ်ခြင်းကို ကျမတို့ လုံးလုံးလက်မခံပါဘူး။ ဒီလိုကန့်သတ်တာဟာ အာဇာနည်ခေါင်းဆောင်ကြီးများကို ပြည်သူလူထုက လှိုက်လှိုက်လှဲလှဲ ဂါရဝပြုတာကို မလိုလားလို့လားလို့ ကျမ ပြန်ပြီးတော့ မေးရမှာပဲ။ ကျမတို့ လူထုအနေနဲ့ လွတ်လွတ်လပ်လပ် ဒီအချိန်မှာ အာဇာနည်ခေါင်းဆောင်ကြီးများကို ဂါရဝပြုနိုင်ရမယ်၊ အလေးပြုနိုင်ရမယ်။ ကျမလည်း ပြည်သူလူထု လွတ်လွတ်လပ်လပ် သွားပြီးတော့ ဂါရဝပြုနိုင်တဲ့ အခြေအနေမျိုးကို လိုလားပါတယ်။

အခုဆိုလို့ရှိရင် ဒီအာဇာနည်နေ့နဲ့ပတ်သက်လို့ ကျမတို့လူထုဟာ အဖွဲ့ချုပ်က ဘယ်လိုအစီအစဉ်ရှိလဲလို့ သိနေချင်မယ်လို့ ထင်ပါတယ်။ ကျမတို့ကတော့ ပြည်သူလူထု လွတ်လွတ်လပ်လပ် စီတန်းပြီးတော့ အာဇာနည်ကုန်းကို သွားပြီးတော့ အလေးပြုရမယ့် အခြေအနေကို ကျမတို့ ဦးတည်ပါတယ်။ ဒီလိုလုပ်တာဟာ ဆူပူချင်လို့လည်း မဟုတ်ပါဘူး။ ဖေဖေပြောခဲ့တဲ့အတိုင်းပဲ။ ၁၉၄၆ ခုနှစ်တုန်းက ဗြိတိသျှအစိုးရကို ပြောခဲ့ပါတယ်။ ကျုပ်တို့ဟာ ဆူပူခြင်း မလိုချင်ပါဘူး။ မဆူပူချင်ပါဘူး။ ဒါကြောင့်မို့လို့ အခွင့်အရေးတွေကို မချုပ်ချယ်ပါနဲ့။ အခွင့်အရေးတွေကို ချုပ်ချယ်တဲ့လူများကသာ ဆူပူအောင် လှုံ့ဆော်ခြင်းဖြစ်ပါတယ်။ အာဇာနည်နေ့ကျလို့ရှိရင် ကျမတို့အားလုံးဟာ အေးအေးချမ်းချမ်းနဲ့ အာဇာနည်ကုန်းကို ချီတက်သွားပြီးတော့ အလေးပြုဖို့ ဖြစ်ပါတယ်။

ဘာမှ ဆူပူဖို့ မဟုတ်ဘူး၊ လှုံ့ဆော်ဖို့ မဟုတ်ဘူး၊ ကြွေးကြော်ဖို့ မဟုတ်ပါဘူး။ ကျမတို့ လုပ်စရာရှိတာကို အာဇာနည်ကုန်းကျမှ လုပ်မှာပါ။ ဂါရဝပြုမယ်၊ အလေးပြုမယ်၊ တိုင်တည်ချင်လည်း တိုင်တည်နိုင်ပါတယ်။

ဒီတော့ အာဇာနည်နေ့မှာ ပြည်သူလူထုအားလုံးဟာ တညီတညွတ်တည်းနဲ့ အောင်ဆန်းလမ်းစဉ်ကို ထောက်ခံတယ်ဆိုတာ ပြကြပါ။ ဒါဟာ အင်မတန်မှ အရေးကြီးပါတယ်။ နဝတနဲ့ တပ်မတော်အနေနဲ့ ဖေဖေ့ကို တပ်မတော်ရဲ့ ဖခင်ကြီး၊ ဖခင်ကြီး ပြောပြီးတော့ ဖေဖေ့ရဲ့ ညွှန်ကြားချက်များအရ လိုက်နာကြပါလို့ ကျမ ပြောရမှာပဲ။ ပါးစပ်ကတော့ ဖခင်ကြီး၊ ဖခင်ကြီး ပြောနေပြီးတော့ လက်ကတော့ တခြားလုပ်ခိုင်းတာ လုပ်နေလို့ မဖြစ်ပါဘူး။ ဒါကို ကျမတို့ ပြည်သူလူထုအားလုံး သဘောပေါက်စေချင်ပါတယ်။

အခု နဝတ လုပ်ပုံလုပ်နည်းတွေကတော့ အောင်ဆန်းလမ်းစဉ်နဲ့ မကိုက်ညီပါဘူး။ ဖေဖေဟာ ညှိနှိုင်း၊ ဆွေးနွေး၊ တိုင်ပင်ဖို့ အင်မတန်မှ လိုလားခဲ့ပါတယ်။ ဗြိတိသျှနယ်ချဲ့အစိုးရကိုလည်း ညှိနှိုင်းပါ၊ ဆွေးနွေးပါဆိုပြီး ပြောခဲ့ပါတယ်။ ဘုရင်ခံ ဒေါ်မန်စမစ်ဟာ စစ်ပြီးခါစ ပြန်လာတဲ့အခါတုန်းက ဒီလိုညှိနှိုင်း၊ ဆွေးနွေး၊ တိုင်ပင်ခြင်းကို မလိုလားပါဘူး။ နောက်တော့မှ မဖြစ်သာလို့ဆိုပြီးတော့ ဆွေးနွေး၊ ညှိနှိုင်း၊ တိုင်ပင်သွားတာဖြစ်ပါတယ်။ ဒီလို လူမျိုးခြားအစိုးရကတောင်မှ ဆွေးနွေးနိုင်ရင်၊ ညှိနှိုင်းနိုင်ရင် ဘာဖြစ်လို့ နဝတ က ကျမတို့နဲ့ မဆွေးနွေးနိုင်၊ မတိုင်ပင်နိုင်ရတာလဲ။ လူမျိုးခြားနယ်ချဲ့အစိုးရလောက်မှ သဘောထားမကြီးနိုင်ဘူးလား။ ဒါ ကျမတို့ မေးရမှာပဲ။

အဲဒီတုန်းက ဘုရင်ခံဟာလည်း နဝတ ကျမတို့ကို တိုက်ခိုက်သလို ဖေဖေ့ကိုလည်း တိုက်ခိုက်ခဲ့တယ်။ မဆွေးနွေးချင်ဘူးဆိုတာလည်း ပြောခဲ့တယ်။ ဒီလို မိန့်ခွန်းများကို ပြောလို့ရှိရင် ဖမ်းမယ်၊ ဆီးမယ်ဆိုပြီးတော့လည်း ခြိမ်းခြောက်ခဲ့တယ်။ အခု နဝတ က ဘယ့်နှယ့် နယ်ချဲ့အစိုးရရဲ့ ပုံသဏ္ဌာန်အတိုင်း ထပ်နေတာလဲ။ နယ်ချဲ့အစိုးရထက်တောင်မှ ဆိုးပါသေးတယ်။ မှန်မှန်ပြောရလို့ရှိရင်တော့။ ဒီအချိန်မှာ နဝတနဲ့ တပ်မတော်ဟာ ပြန်ပြီးတော့ ဆင်ခြင်ပါတော့။ အောင်ဆန်းလမ်းစဉ်ကနေပြီးတော့ ပြည်သူလူထုနဲ့ လက်တွဲပြီးတော့ ချီတက်သွားမလား။ မှားနေတဲ့ နေဝင်း မဆလ လမ်းစဉ်နဲ့ပဲ ဆက်ပြီးတော့ သွားမလား။

အခုဆိုလို့ရှိလို့ရှိရင် ဗိုလ်ချုပ်အောင်ဆန်းရဲ့ မိန့်ခွန်းကောက်နုတ်ချက်များဆိုပြီးတော့ သတင်းစာထဲမှာ ထည့်ပါတယ်။ နှစ်ခုတော့ ထွက်လာပြီ။ အဲ့ဒီဟာကို ကျမ နဲနဲထောက်ပြချင်ပါတယ်။

အစိုးရအရာထမ်း၊ အမှုထမ်းတွေဟာ မိမိတို့အပေါ်ကို တရားသဖြင့် ကျရောက်လာတဲ့ တာဝန်ဝတ္တရားတွေကို လူထုနဲ့ တိုင်းပြည်ရဲ့ မျက်နှာကို ထောက်ထားပြီး ပြတ်ပြတ်သားသား ဆောင်ရွက်ကြစေချင်တယ်။ တရားသဖြင့်ဆိုတာ ပါပါတယ်။ တရားသဖြင့်ဆိုတာ အင်မတန်မှ အရေးကြီးပါတယ်။

ဖေဖေဟာ တရားသဖြင့် လုပ်စေချင်တဲ့ဆန္ဒတွေ အများကြီးရှိတယ်။ အဲ့ဒီတော့ ဒီလိုမှ ပြတ်ပြတ်သားသား မဆောင်ရွက်ဝံ့ကြရင်လည်း ဆောင်ရွက်ဝံ့တဲ့လူတွေကို နေရာဖယ်ပေးကြစေချင်တယ်။ ဒီအတိုင်းပဲ ကျမ ပြောရမှာပဲ။ တရားမျှမျှတတနဲ့ ပြည်သူ့ရဲ့အကျိုးကို ပြတ်ပြတ်သားသား မဆောင်ရွက်ဝံ့ရဲရင် ဆောင်ရွက်ဝံ့တဲ့လူတွေကို နေရာမြန်မြန်ဖယ်ပေးပါ။ ဒါမှပဲ အေးမှာပဲ။ အစိုးရအမှုထမ်း၊ အရာထမ်းဆိုတာ အမှန်စင်စစ်တော့ ကိုယ့်ဝတ္တရားကို ကျေပွန်အောင် ထမ်းဆောင်ဖို့ပဲ။

www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်ချုပ်ကြီးစောမောင် ပြောသွားပါတယ်။ တပ်မတော်ဟာလည်း ဝန်ထမ်းတွေပဲတဲ့။ အဲ့တော့ ဝန်ထမ်းများဟာ ကိုယ့်ရဲ့ ဝတ္တရားကို ကျေပွန်အောင် ထမ်းပါ။ တပ်မတော်ရဲ့တာဝန်ဟာ ပြည်သူလူထုကို ကာကွယ်ဖို့၊ စောင့်ရှောက်ဖို့ ဖြစ်ပါတယ်။ ပြည်သူလူထုကို ပစ်သတ်ဖို့ မဟုတ်ပါဘူးဆိုတာ ဒီကနေ့ ကျမတို့ ပြောရမှာပဲ။ ဒီလို ကျမ ပြောရခြင်းအကြောင်းဟာ ဗိုလ်ချုပ်ကြီးစောမောင်ရဲ့ မိန့်ခွန်းဟာ သွယ်ဝိုက်သောနည်းအားဖြင့် ပြည်သူလူထုကို ခြိမ်းခြောက်တယ်လို့ ကျမ နားလည်လို့ ပြောရတာပါ။ ငါတို့နေစေချင်သလို မနေလို့ရှိလို့ရှိရင် ပစ်သတ်မယ်ဆိုတဲ့ သဘောထားရောက်ပါတယ်။ ဒါကို ကျမ နဲနဲမှ လက်မခံနိုင်ပါဘူး။

ပြည်သူလူထုဟာ အစိုးရ နေစေချင်သလိုနေဖို့ မဟုတ်ပါဘူး။ အစိုးရများဟာ ပြည်သူလူထု နေစေချင်သလို နေဖို့ ဖြစ်ပါတယ်။ မနေ့ကဆိုလို့ရှိရင်လည်း ပါပါတယ်။ လုပ်သားပြည်သူ့နေ့စဉ်ထဲမှာ ဖေဖေ့ရဲ့ မိန့်ခွန်းကောက်နုတ်ချက်တခု၊ နိုင်ငံရေးအာဏာကို တရားသောနည်းများထဲက မည်သည့်နည်းနှင့်မဆို တရားအတိုင်း လုပ်ကြပါတဲ့။ တရားသောနည်းများတဲ့။ ကျမတို့ တရားသောနည်းနဲ့ လုပ်နေတာပဲ။ ကျမတို့ ပြောပြီးပြီ။ အဲ့ဒီဟာကို နဝတ ရဲ့ သတင်းစာရှင်းလင်းပွဲမှာတောင် ပါပါတယ်။ ကျမတို့ဟာ မတရားတဲ့ အမိန့်အာဏာတွေကို ဖီဆန်နေတာပါ။ တရားသောနည်းနဲ့ နိုင်ငံရေးအာဏာကိုတောင်မှ ကျမတို့ဟာ ရအောင်လုပ်နေတာ မဟုတ်ပါဘူး။ တရားသောနည်းနဲ့ နိုင်ငံရေးပြဿနာများကို ဖြေရှင်းဖို့ ကြိုးစားနေတာဖြစ်ပါတယ်။ အဲ့ဒီတော့ ဒီလိုလုပ်တဲ့လူတွေကို “တရားဥပဒေနဲ့ လျော်ညီစွာ ကျနော်တို့က အစွမ်းကုန်ကာကွယ်ပေးမည်တဲ့”။ ဘယ်မှာလဲ တရားဥပဒေနဲ့ လျော်ညီစွာ ကျမတို့ကို ကာကွယ်ပေးနေတာ။ ကျမတို့အဖွဲ့ချုပ်ဝင်တွေနဲ့ ပြည်သူလူထုကို မတရားတဲ့နည်းတွေနဲ့ ဖမ်းဆီးနေတယ်။ မတရားတဲ့နည်းတွေနဲ့ ဖမ်းဆီးနေရုံတင်မက ကျမတို့အဖွဲ့ချုပ်ရဲ့ အတွင်းရေးမှူးဖြစ်တဲ့ ဦးဝင်းတင်ဆိုလို့ရှိရင် တရားဥပဒေအရ အာမခံ ပေးရမယ်ဆိုတဲ့ အမှုမှာတောင်မှ တရားဥပဒေကို ဖောက်ချိုးပြီးတော့ အာမခံ မပေးဘူး။ ဒီတော့ ကျမတို့ကို မတရားတဲ့နည်းတွေနဲ့ အုပ်စိုးနေလို့၊ တရားတဲ့နည်းတွေနဲ့ ကာကွယ်မှု မပေးနေလို့ ကျမတို့ဟာ မတရားတဲ့ အမိန့်အာဏာကို ဖီဆန်နေရတာပဲ။ ဒီလို မတရားတဲ့အမိန့်အာဏာတွေကို ဖီဆန်တဲ့နေရာမှာ ကျမတို့ဟာ အေးအေးချမ်းချမ်း၊ စည်းကမ်းရှိရှိနဲ့ လုပ်သွားမယ်ဆိုတာလည်း ထပ်တလဲလဲ ပြောပါတယ်။ ဒီလို ထပ်တလဲလဲပြောနေတဲ့အထဲက သဘောမပေါက်တာတော့ မပေါက်ချင်လို့ဘဲလို့ ကျမ ထင်ပါတယ်။

တပ်မတော်နဲ့ပတ်သက်လို့လည်း တပ်မတော်သားများဟာ ပင်ပင်ပန်းပန်း ရှေ့တန်းမှာ တိုက်ရတယ်ဆိုတာကို ခဏခဏ ပြောပါတယ်။ ရှေ့တန်းမှာ ပင်ပင်ပန်းပန်းတိုက်ရတယ်။ နောက်တန်းမှာ လုံခြုံရေးလုပ်ရတယ်။ လုံခြုံရေးအတွက် ကျမတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က တာဝန်ယူပေးပါတယ်။ တပ်မတော်သားများ အေးအေးဆေးဆေး နေပါ။ ဒီလို ပြည်သူလူထုအစည်းအဝေးတွေ လုပ်တဲ့အခါကျလို့ရှိရင် စည်းကမ်းထိန်းသိမ်းရေး၊ လုံခြုံရေးအတွက် ကျမတို့ တာဝန်ခံရဲတယ်။ တပ်မတော်သားတွေကို ဘာမှ ဒုက္ခမပေးချင်ပါဘူး။ အေးအေးဆေးဆေး တပ်တန်းလျားထဲမှာ ဝင်ကြပါ။

အဲ့ဒီလိုနေမယ်ဆိုရင် တပ်မတော်သားတွေလည်း သက်သာတယ်၊ ကျမတို့ ပြည်သူလူထုလည်း သက်သာတယ်၊ တပ်မတော်အတွက်လည်း အများကြီးဂုဏ်သိက္ခာရှိပါတယ်။ တပ်မတော်ဆိုတာ မလုပ်သင့်၊ မလုပ်ထိုက်တဲ့ကိစ္စတွေ လုပ်နေလို့ရှိရင် ဂုဏ်သိက္ခာ အများကြီးပဲ ကျပါတယ်။ ဒီလို ဂုဏ်သိက္ခာကျစေတဲ့ကိစ္စတွေကို ဆက်ပြီးတော့ မလုပ်ပါနဲ့။ ဗိုလ်ချုပ်ကြီးစောမောင်နဲ့ နဝတ အနေနဲ့ တကယ်ပဲ တပ်မတော်သားတွေအပေါ်မှာ စေတနာရှိတယ်ဆိုလို့ရှိရင် တပ်မတော်သားတွေ ဖတ်ဖတ်မောနေအောင်လို့ တမြို့လုံးကို လှည့်လည်ပြီးတော့ ပြည်သူလူထုကို မခြိမ်းခြောက်ခိုင်းပါနဲ့။

အာဇာနည်နေ့ကိစ္စနဲ့ပတ်သက်လို့လည်း ကျမတို့ရဲ့ ပြည်သူလူထုဟာ လက်နက်ကိုင်တပ်များ မရှိဘူးဆိုလို့ရှိရင် အားလုံး အေးအေးချမ်းချမ်း၊ စည်းကမ်းရှိရှိနဲ့ ဖြစ်စေရမယ်လို့ ကျမ အာမခံရဲပါတယ်။ လက်နက်ကိုင်တပ်များရှိမှသာ လှုပ်လှုပ်ရှားရှားဖြစ်တာပါ။ ဒီတော့ ကျမ ဒီကနေပြီးတော့ ကျမနဲ့ မဆွေးနွေး၊ မညှိနှိုင်း၊ မတိုင်ပင်ချင်တဲ့ နဝတကို ဒီကနေ့ပဲ ပြောရမှာပဲ။ အာဇာနည်နေ့မှာ စည်းကမ်းရှိရှိ၊ အေးအေးချမ်းချမ်းဖြစ်ဖို့အတွက် လက်နက်ကိုင်တပ်များ မချထားပါနဲ့။ ဝေးဝေးကနေပြီးတော့ နေကြပါ။

www.burmeseclassic.com

www.burmeseclassic.com

နောက်တခုလည်း ကျမ ပြောချင်ပါတယ်။ ဒီ နဝတ အစိုးရလက်ထက်မှာ ပိုပြီးတော့ အာဇာနည်နေ့ကို ဂုဏ်ရှိရှိနဲ့ လုပ်သွားမယ်လို့ ပြောပါတယ်။

အာဇာနည်နေ့နဲ့ပတ်သက်ပြီး ကျမ စဉ်းစားပါတယ်။ သမတကြီး မန်းဝင်းမောင် လက်ထက်တုန်းက ပြည်ထောင်စုအစိုးရလက်ထက်တုန်းကပေ့ါလေ၊ ပြည်ထောင်စုပါတီအစိုးရလက်ထက်တုန်းက ဆိုလို့ရှိရင် အာဇာနည်နေ့ကို သမတကြီး ဦးဝင်းမောင်ကိုယ်တိုင် တက်ရောက်ပါတယ်။ နောက်ပိုင်း မဆလအစိုးရ တက်ပြီးတော့ တဖြေး၊ တဖြေး သမတကနေ ဝန်ကြီးချုပ်၊ ဝန်ကြီးချုပ်ကနေ နောက်ဆုံးကျတော့ ဝန်ကြီးတယောက်ပဲ အာဇာနည်နေ့အခမ်းအနားကို တက်ပါတယ်။ ဒါဟာ ဘာသဘောလဲလို့ ကျမတို့ မေးရမှာပဲ။ တနေ့နဲ့တနေ့ အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ ကဏ္ဍကို မှေးမှိန်ဖို့ တမင်သက်သက်လုပ်တာလား။ ဒီလိုလုပ်ချင်တဲ့ စိတ်တွေကတော့ ဦးနေဝင်းရဲ့ စိတ်တွေပဲလို့ ကျမ ထင်ပါတယ်။ ဒီတော့ တကယ်ပဲ အောင်ဆန်းလမ်းစဉ်ကို လုပ်ချင်တယ်။ တကယ်ပဲ တပ်မတော်ရဲ့ ဖခင်ဟာ ဗိုလ်ချုပ်အောင်ဆန်းပါ ဆိုတာကို နားလည်တယ်ဆိုလို့ရှိရင် ဘာဖြစ်လို့ အာဇာနည်နေ့မှာ တပ်မတော်က ကြည်း၊ ရေ၊ လေ (ဦးစီးချုပ်) တွေက အလေးမပြုသလဲ။ ကျမ မေးရမှာပဲ။ တပ်မတော်ရဲ့ ဖခင်ပဲ။ တပ်မတော်ကလာပြီးတော့ အလေးပြုရမှာပေ့ါ။

အဲ့တော့ တကယ်ပဲ ဖခင်ဆိုတာ နားလည်တယ်ဆိုလို့ရှိရင် ကြည်း၊ ရေ၊ လေ ဦးစီးချုပ်များ အားလုံးတက်ပြီးတော့ အာဇာနည်နေ့မှာ အလေးပြုပါ။ ဗိုလ်ချုပ်ကြီးစောမောင်ကိုယ်တိုင်လည်း တက်ပြီးတော့ အလေးပြုပါ။ အဲ့ဒီဟာကို ကြည့်၊ ပြည်သူလူထု ဒါကို လေ့လာကြပါ။ အာဇာနည်နေ့ကျရင် ဘယ်သူတွေ သွားပြီးတော့ အာဇာနည်ခေါင်းဆောင်ကြီးတွေကို အလေးပြုသလဲ။ ဘယ်လောက် အာဇာနည်ခေါင်းဆောင်ကြီးတွေကို လေးစားသလဲဆိုတာ ပြည်သူလူထု သုံးသပ်ကြည့်ကြပါ။ အဲ့ဒီတော့မှ သိပါလိမ့်မယ်။ ကျမတို့အနေနဲ့တော့ အာဇာနည်ခေါင်းဆောင်ကြီးများကို လေးစားသောအားဖြင့် ချီတက်ပြီးတော့ အလေးပြုမှာပဲ။ ဒါကိုလည်း ကျမဟာ နဝတနဲ့ ညှိနှိုင်း၊ ဆွေးနွေး၊ တိုင်ပင်ပြီးတော့ လုပ်ချင်ပါတယ်။ ဒါပေမဲ့ အခုအထိ မညှိနှိုင်းဘူး၊ မဆွေးနွေးဘူး၊ မတိုင်ပင်ဘူးဆိုပြီးတော့ ဘူးကြီးပဲ ငြင်းနေတာပဲ။

အခုအချိန်မှာဆိုလို့ရှိရင် ကျမတို့ နိုင်ငံမှာ ပြဿနာတွေ အများကြီးရှိတဲ့အထဲမှာ ဆန်ပြဿနာဟာ အင်မတန်မှ ကြီးပါတယ်။ ဒီပြဿနာနဲ့ပတ်သက်လို့ ကျမတို့ နိုင်ငံရေးအဖွဲ့အစည်းတွေကပဲ လုပ်လို့ ဆန်ဈေးကြီးသလိုလို၊ ဆန်မရှိသလိုလို ပြောနေပါတယ်။ အဲ့ဒီတော့ ဒီဟာကိုတော့ ကျမတို့ ပြောချင်ပါတယ်။ အစိုးရရဲ့ လက်ထဲမှာ ဆန်တွေရှိပါတယ်။ တကယ်ပဲ ဆန်ပြဿနာကို ပြေလည်စေချင်လို့ရှိရင် အစိုးရဟာ လုပ်နိုင်ပါတယ်။ နဝတ က လုပ်လိုက်ပါ။ နဝတ လက်ထဲမှာရှိတဲ့ ဆန်တွေကို ဖြန့်ဖြူးလိုက်မယ်ဆိုလို့ရှိရင် ဒီတိုင်းပြည်မှာ ဆန်ပြဿနာမတက်ပါဘူး။ ဆန်ပြဿနာကို တကယ်ပဲ ဖြေရှင်းချင်ရင် နဝတမှာ ဖြေရှင်းနိုင်တဲ့ စွမ်းအင်ရှိတယ်။ မဖြေရှင်းချင်လို့သာ မဖြေရှင်းတာပဲ။ ကျမတို့ နိုင်ငံရေးအဖွဲ့အစည်းတွေနဲ့ ဘာမှ မဆိုင်ဘူး။ ဒီနိုင်ငံရေးအဖွဲ့အစည်းတွေအထဲမှာ ဆန်ဝယ်ပြီးတော့ သိုလှောင်နိုင်တဲ့ အနေအထားရှိတာ၊ ပိုက်ဆံရှိတာ တစည တခုပဲ ရှိပါတယ်။ ဒီတော့ ဆန်တွေ ဝယ်ပြီးတော့ သိုလှောင်ပြီးတော့ ဆန်ဈေးတက်အောင်လုပ်တဲ့ အဖွဲ့အစည်း နိုင်ငံရေးအဖွဲ့အစည်းဟာ ဘယ်ဟာလဲလို့ ရှာလိုက်လို့ရှိရင်တော့ တစည တခုပဲ တွေ့မှာပဲ။ အဲ့ဒီတော့ နဝတအနေနဲ့ ဒီလိုဆန်ဈေးကြီးအောင်လုပ်တဲ့ အဖွဲ့အစည်းတွေကို မကျေနပ်လို့ရှိရင်တော့ တစည ကို အရေးယူသင့်တယ်လို့ ကျမ ထင်ပါတယ်။

အခု မေးခွန်းလေးတွေ တက်လာပါတယ်။ တက်လာတဲ့ မေးခွန်းထဲမှာ ဗိုလ်ချုပ်ကြီးစောမောင်ကနေပြီးတော့ သူ့ရဲ့မိန့်ခွန်းမှာ ကျမဟာ တခါတုန်းက (၂) နှစ်လောက်ကြာမှ ရွေးကောက်ပွဲများဖြစ်နိုင်တယ်လို့ ပြောသွားတယ်လို့ ဆိုပါတယ်။ ကျမ အဲ့ဒီတုန်းက ပြောခဲ့တာ မှန်ပါတယ်။ ကျမ ဝန်ခံပါတယ်။ ကျမ ဘယ်တော့မှ လိမ်မပြောပါဘူး။ ဟုတ်တယ်။ အဲ့ဒီတုန်းက ကျွံပြောခဲ့တယ်။ တကယ် ပါတီများ တောင့်တောင့်တင်းတင်း ဖြစ်အောင်လို့ ထောင်ဖို့ဆိုတာ အနည်းဆုံး (၂) နှစ်လောက် လိုမယ်၊ ဒါလည်း မှန်တဲ့အတိုင်းပဲ။ အခုအချိန်မှာဆိုလို့ရှိရင် ကျမတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကော၊ တခြားနိုင်ငံရေးအဖွဲ့အစည်းတွေကော ဖွဲ့စည်းတဲ့နေရာမှာ ပီပြင်သင့်သလောက် မပီပြင်သေးဘူး။ အချိန်ကမှ မရှိသေးဘဲ။ ဒါပေမဲ့လည်း ဒီလောက်တောင်မှ ပြည်သူလူထု ဒုက္ခရောက်နေတဲ့ အခါကျလို့ရှိရင် ပိုပြီးတော့ မြန်မြန်ဆန်ဆန် ရွေးကောက်ပွဲတွေ လုပ်သင့်တယ်လို့ ကျမတို့ ထင်ပါတယ်။ ဒီလို ရွေးကောက်ပွဲတွေ မြန်မြန်ဆန်ဆန်လုပ်မှ ပြည်သူလူထု သက်သာမှာပဲ။ အဲဒီတော့ ကျမ အဲဒီတုန်းက (၂)

www.burmeseclassic.com

www.burmeseclassic.com

နှစ်ကြာအောင် စောင့်ရတယ်လို့ ပြောခဲ့ရင် ကျမ မှားပါတယ်။ ကျမ ဝန်ခံတယ်။ အခုအချိန်မှာတော့ ကျမ မြင်တာကတော့ အမြန်ဆုံး ရွေးကောက်ပွဲတွေ လုပ်ပေးဖို့ လိုပါတယ်။ ဒီတော့ ကျမဘက်က မှားလို့ရှိရင် ကျမ ဝန်ခံဖို့ ဝန်မလေးပါဘူး။ ဝန်ခံပါ့မယ်။ နဝတဘက်ကလည်း အမှားအယွင်းတွေရှိလို့ရှိရင် ဝန်ခံပါလို့ ကျမက တောင်းပန်ချင်ပါတယ်။

ဒါပေမဲ့ ဘာပဲပြောပြော ရွေးကောက်ပွဲတွေဖြစ်တဲ့ အချိန်ကျလို့ရှိရင်တော့ ကျမ ပြောတဲ့အချိန်ကနေ (၂) နှစ်လောက်နီးပါးတော့ ဖြစ်သွားပါပြီ။ အဲ့ဒီတော့ သိပ်လည်း ကျမ မှားတယ်လို့တော့ မဆိုနိုင်ဘူးပေါ့။ ကျမတို့ နိုင်ငံရေးလုပ်တဲ့နေရာမှာ မမှားတဲ့လူဆိုတာ မရှိပါဘူး။ အရေးကြီးတာက မှားလို့ရှိရင် ဝန်ခံရမယ်။ ပြန်ပြီးတော့ ပြင်ရမယ်။ အခုပြဿနာက နဝတ က နေပြီးတော့ အမှားဆိုတာဟာ ဘယ်တော့မှ မရှိဘူးလို့ဆိုပြီးတော့ ထားနေတာပဲ။ ဘယ်တော့မှ မှားတယ်ရယ်လို့ မဝန်ခံဘူး။ လူကြီးတယောက်အနေနဲ့၊ အထူးသဖြင့် လက်နက်၊ အာဏာကို ကိုင်ထားတဲ့ လူကြီးများအနေနဲ့ ကျုပ်တို့တော့ မှားတယ်ဗျာလို့ ဝန်ခံလိုက်ရင် ဘယ်လောက် ဂုဏ်သိက္ခာရှိသလဲ။ ပြည်သူလူထုဟာ ဘယ်လောက် လေးစားသွားမလဲ။ ဒါတွေကို မစဉ်းစားကြဘူး။ အခုအချိန်ကျတော့ ဒီလို ကျုပ်တို့မှားတယ်လို့ မဝန်ခံဘဲနဲ့ ကျုပ်တို့လက်ထဲမှာ သေနတ်ရှိတယ်ချည်းပဲ ပြောနေတာပဲ။ ဒါ အင်မတန်မှ မသင့်တော်တဲ့ ကိစ္စတွေပါ။

ဒါလည်း ခုနကိစ္စကြောင့် မေးတာပဲနဲ့ တူတယ်။ ခဏလေးနော်။ "အာဇာနည်နေ့ ချီတက်အလေးပြုရာ အင်အယ်ဒီ အမည်မပါဝင်၍ ပြည်သူများ သို့လော၊ သို့လော ဖြစ်နေသည်ကို ရှင်းလင်းပေးရန်" တဲ့။ ကျမတို့က ဆယ်ယောက်ထဲနဲ့တော့ မချီတက်ပါဘူး။ ဆယ်ယောက်ထဲနဲ့ ကျမတို့ခေါင်းဆောင်ကြီးများကို အလေးပြုတာဟာ စော်ကားရာရောက်တယ်လို့ ထင်လို့ ဆယ်ယောက်ထဲနဲ့ ကျမတို့ မချီတက်ပါဘူး။

"ကင်းလွတ်ခွင့်မှတ်ပုံတင်တဲ့ အင်အယ်ဒီသဘောထားကို ရှင်းလင်းပေးပါ" တဲ့။ ကျမတို့သဘော စောစောက ပြောခဲ့ပြီးပါပြီ။ ၁၉၆၂ ခုနှစ် တရားဥပဒေအရ ပုံနှိပ်ထုတ်ဝေခွင့်ဥပဒေအရဆိုရင် ကျမတို့အားလုံးဟာ လွတ်လွတ်လပ်လပ် ထုတ်ဝေပိုင်ခွင့်ရှိတယ်။ ဒါကြောင့်မို့လို့ လွတ်လွတ်လပ်လပ် ပုံနှိပ်ထုတ်ဝေခွင့်မရှိဘူးဆိုတဲ့ အမိန့်အာဏာ မတရားတာ။ ကျမတို့ လွတ်လွတ်လပ်လပ် ပုံနှိပ်ထုတ်ဝေတာက မတရားတာ မဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ ကင်းလွတ်ခွင့်ဆိုတာ ကျမတို့ ရှိထိုက်ပါတယ်။ လေ့လာဖို့အတွက် လျှောက်လွှာတွေတောင်မှ သွားပြီးတော့ ယူကြည့်လိုက်ပါတယ်။ ဘယ်လိုကင်းလွတ်ခွင့်ဟာ တောင်းသင့်၊ မတောင်းသင့်၊ ကင်းလွတ်ခွင့်တောင်းတဲ့နေရာမှာ မတရားတဲ့ အမိန့်အာဏာတွေပါတယ်ဆိုတာ ကျမတို့ မြင်ပါတယ်။ ကျမတို့ရဲ့ နိုင်ငံရေးအခွင့်အရေးတွေကို ချုပ်ချယ်တဲ့ ဝန်ခံချက်တွေကို လက်မှတ်ထိုးခိုင်းထားတယ်ဆိုတာ မြင်ပါတယ်။ ဒါကြောင့်မို့လို့ ကျမတို့ ဒီဝန်ခံချက်တွေကိုလည်း မထိုးနိုင်ဘူး။ ကင်းလွတ်ခွင့်လည်း ကျမတို့ မတောင်းနိုင်ဘူး။

"အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အာဏာရရှိပါက ပြည်တွင်းစစ်ကို မည်သို့ သဘောထားပါသလဲ" တဲ့။ ပြည်တွင်းစစ်ကို ကင်းငြိမ်းအောင်၊ ပြီးငြိမ်းအောင် မလုပ်ပဲခဲ့တာကတော့ မဆလပဲ။ ကျမတို့ကတော့ ဒီမိုကရေစီအစိုးရ တက်လို့ရှိရင် ပြည်တွင်းစစ် ကင်းငြိမ်းသွားအောင်လို့ နိုင်ငံရေးနည်းတွေ ရှာရမယ်။ လက်နက်နည်းနဲ့ အနှစ်လေးဆယ်ကျော် ကြိုးစားခဲ့တာ ပြည်တွင်းစစ်ဟာ မပြီးခဲ့ဘူး။ ကျမတို့ နိုင်ငံရေးနည်းနဲ့ပဲ ရှာမယ်။ စေတနာမှန်လို့ နိုင်ငံရေးနည်းနဲ့လည်း ရှာလို့ရမယ်လို့ ကျမတို့ ယုံကြည်ပါတယ်။ အခု တပ်မတော်သားများဟာ ပင်ပန်းနေတာ၊ ရှေ့တန်းမှာ သေနေရတာ၊ ပျက်စီးနေရတာဟာ ဒီ ပြည်တွင်းစစ်ကြောင့်ပဲ။ ဒီပြည်တွင်းစစ် ဖြစ်ပေါ်လာတာဟာလည်း ပြည်သူလူထုကြောင့် မဟုတ်ပါဘူး။ ပြည်တွင်းစစ် မကင်းငြိမ်းတာလည်း ပြည်သူလူထုကြောင့် မဟုတ်ပါဘူး။ မဆလအစိုးရဟာ စေတနာမှန်မှန်နဲ့ ပြည်တွင်းစစ် ကင်းငြိမ်းရေးအတွက် မလုပ်ခဲ့လို့ ဖြစ်ပါတယ်။ ဒီမိုကရေစီအစိုးရလက်အောက်မှာတော့ ဒီပြဿနာကို နိုင်ငံရေးနည်းနဲ့ပဲ ဖြေရှင်းရမှာပဲ။

"စစ်အစိုးရက အလုပ်သမားများ၊ ဝန်ထမ်းများကို နိုင်ငံရေးမလုပ်အောင် တားဆီးဖိနှိပ်မှုများကို ဘာကြောင့် ရှင်းလင်းဖွင့်ချခြင်း မပြုသေးပါသလဲ။ ၎င်းဥပဒေများဟာ လွတ်လပ်ရေးရပြီး ဥပဒေလား၊ ကျွန်သဘောက်ခေတ်က ဥပဒေလား ဖြေကြားပေးပါရန်"။ ကျွန်သဘောက်ခေတ်က ဝန်ထမ်းများဟာ နိုင်ငံရေးလုပ်ပိုင်ခွင့်ရှိတယ်။ နဝတခေတ်ကျမှ ဝန်ထမ်းများဟာ နိုင်ငံရေးလုပ်ပိုင်ခွင့်မရှိတာ။ အဲ့ဒီတော့ ဟိုအရင်တုန်းက ကျွန်သဘောက်ခေတ်ဆိုရင် ဒါကို ဘာခေတ်လို့ ခေါ်ရမှန်းတောင် မသိတော့ဘူး။

www.burmeseclassic.com

www.burmeseclassic.com

“စစ်အစိုးရက လက်ရှိကောက်ခံနေတာ အခွန်အတုပ်များ ၂၀၀ ရာခိုင်နှုန်း တိုးမြှင့်ကောက်ခံနေခြင်းကို ဘာကြောင့် ဖွင့်ချတိုက်ပွဲမဝင်သေးသလဲ” တဲ့။ ခုပြောလိုက်တာ တိုက်ပွဲဝင်ရမှာပေ့ါ။ ပြည်သူလူထုကို နှိပ်စက်ချင်လို့ ဒီ အခွန်အကောက်များကို တိုးမြှင့်ကောက်ခံနေတာလား။ ဒါမှမဟုတ် နဝတဟာ ဒီလောက်တောင်မှပဲ မွဲနေလို့ အခွန်တွေ မြှင့်တင်နေရတာလား။ အဲ့ဒီတော့ နဝတ က မွဲတေနေလို့ဆိုလို့ရှိရင် ပြည်သူလူထုလည်း မွဲတေနေတာပဲ။ ဘဝတူချင်းပဲ။ အမွဲအတေခံပါလို့ ကျမ ပြောရမှာပဲ။ ပြည်သူလူထုကို နှိပ်စက်ချင်လို့ ဒီအခွန်တွေ မြှင့်တယ်ဆိုလို့ရှိရင်တော့ ဒီ နဝတရဲ့ စေတနာမမှန်ဘူးဆိုတာ ရှင်းနေတာပဲ။ ပြည်သူလူထုကို နှိပ်စက်ဖို့ အစိုးရလား။ ပြည်သူလူထုကို ကူညီဖို့ အစိုးရလား။ နဝတဟာ ဆုံးဖြတ်ပါ။ ပြည်သူလူထုကို တကယ်ပဲ ကူညီချင်တဲ့ စေတနာရှိရင်၊ ပြည်သူလူထုအပေါ်မှာ ကြင်နာတဲ့စိတ်တွေ ရှိလို့ရှိရင် အခုအချိန်မှာ အမျိုးမျိုးနိုင်ငံရေးနည်းတွေနဲ့ ဖိစီးနှိပ်စက်တဲ့အပြင် စီးပွားရေးဘက်ကလည်း ပိုပြီးတော့ တင်းကျပ်အောင်လို့၊ အသက်မွေးဝမ်းကျောင်းဘက်ကလည်း ပိုပြီးစိတ်ညစ်အောင်လို့ အခွန်အကောက်ကို မမြှင့်တင်ပါနဲ့လို့ ကျမတို့ ပြောရမှာပဲ။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှာ အဓိက ရန်သူနှစ်ဦးရှိပါတယ်တဲ့။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ရန်သူဟာ စစ်မှန်တဲ့ ဒီမိုကရေစီကိုလိုလားတဲ့ ပြည်သူတွေရဲ့ ရန်သူလို့ နားလည်ပါတယ်။ နံပါတ်တစ်ရန်သူဟာ အများပြည်သူလူထု သိပြီးသားဖြစ်တဲ့ ဦးနေဝင်း အမိန့်အာဏာကို လက်ခံကျင့်သုံးနေတဲ့ စစ်အရာရှိအချို့ ဖြစ်ပါတယ်။ နံပါတ်နှစ်ရန်သူကတော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ အလံတော်အောက်မှာ ဒီမိုကရေစီကြွေးကြော်သံများကို လက်သီးလက်မောင်းတန်းပြီး အော်နေတဲ့ အချောင်သမားတွေ ဖြစ်ပါတယ်။ ဒါလည်း မှန်ပါတယ်။ ကျမတို့ အဖွဲ့ချုပ်ထဲမှာ အချောင်သမားတွေရှိတယ်ဆိုတာ ကျမတို့ မငြင်းပါဘူး။ ဘာဖြစ်လို့လည်းဆိုတော့ ဒီလောက်တောင်မှကြီးတဲ့ နိုင်ငံရေးအဖွဲ့အစည်းထဲမှာ နိုင်ငံရေးအချောင်သမားတွေက ရှိနေမှာပဲ။ နောက်ပြီးတော့လည်း မဆလစနစ်အောက်မှာ (၂၆) နှစ်လုံးလုံး အချောင်သမားတွေ တသွင်သွင်မွေးထုတ်လိုက်တော့ ကျမတို့တိုင်းပြည်ထဲမှာ အချောင်သမားတွေ များနေတာပေ့ါ။ တဖြေးဖြေးနဲ့ ဒီအချောင်သမားစနစ် ပြောင်းလဲအောင်လို့ ကျမတို့ ကြိုးစားပ့ါမယ်။ ကြိုးစားသွားပါမယ်။ ဒါပေမဲ့ (၂၆) နှစ်လုံးလုံး လုပ်ခဲ့တဲ့ကိစ္စတွေကို ကျမတို့က ဆယ်လအတွင်း ပြန်ပြီးတော့ မပြုပြင်နိုင်တဲ့အတွက်တော့ တောင်းပန်ပါတယ်။ အများပြည်သူ သဘောမတူတဲ့ အမိန့်အာဏာမှန်သမျှ တာဝန်အရ ဖီဆန်ကြဟု အပြည့်အစုံဖော်ပြရမယ့်အစား လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ၌ “အများပြည်သူ သဘောမတူတဲ့” ဟူသော နာမဝိသေသန ချန်ထားခဲ့ပြီး ချန်လုပ်ခဲ့ခြင်းဖြင့် အများပြည်သူ အဓိပ္ပာယ်ကောက်လွဲနိုင်ပါတယ်။ ဒီလို မလုပ်သင့်ပါ။ “အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ အထွေထွေ အာဏာဖီဆန်ခြင်း မဟုတ်ဘူးလို့ ထင်ပါတယ်။ ဖီဆန်နေတဲ့ ဥပဒေများကို လက်လှမ်းမီသမျှ ရှင်းပြပေးပါခင်ဗျာ” တဲ့။ လုပ်သားပြည်သူ့နေ့စဉ်သတင်းစာက ဘယ်တုန်းကများ မှန်မှန်ကန်ကန် ရေးသားခဲ့ဖူးလို့လဲ။ ဒါဟာ အံ့သြစရာမလိုပါဘူး။ ဒါပေမဲ့ အာဏာဖီဆန်ရေးနဲ့ပတ်သက်လို့ ကျမ စောစောက ရှင်းသွားပြီဆိုတော့ ကျမ ဆက်ပြီးတော့ မရှင်းတော့ပါဘူး။

“နိုင်ငံရေးပါတီတွေနဲ့ စားပွဲဝိုင်းထိုင်၍ မဆွေးနွေးနိုင်ကြောင်း ဗိုလ်ချုပ်ကြီးစောမောင်ရဲ့ ငြင်းဆိုခြင်းဟာ အပြီးအပြတ်ငြင်းပယ်ခြင်းလို့ ထင်ပါသလား” တဲ့။ အပြီးအပြတ်ဆိုတာ ဘယ်တော့မှ မရှိနိုင်ပါဘူး။ အခြေအနေဟာ ပြောင်းလဲနေသလို ကျမတို့ လုပ်ပုံကိုင်နည်းတွေလည်း ပြောင်းလဲရမှာပဲ။ ဗိုလ်ချုပ်ကြီးစောမောင်အနေနဲ့ အပြီးအပြတ် ငြင်းပယ်တယ်ဆိုလို့ရှိရင်တော့ တိုင်းပြည်အပေါ်မှာ စေတနာမဲ့ရုံတင်မကဘူး၊ အင်မတန်လည်း မိုက်ရာကျမယ်လို့ ကျမ ထင်ပါတယ်။ သူ့အနေနဲ့ အပြီးအပြတ်ငြင်းခဲ့လို့ရှိရင် စောစောက ကျမပြောခဲ့တဲ့အတိုင်းပဲ ကိုလိုနီနယ်ချဲ့အစိုးရတောင်မှ ဆွေးနွေးခဲ့တယ်၊ ညှိနှိုင်းခဲ့တယ်၊ တိုင်ပင်ခဲ့တယ်။ အဲ့တော့ နဝတအနေနဲ့ ကိုလိုနီနယ်ချဲ့အစိုးရလောက်တော့ သဘောထားကြီးပါ၊ အမြင်ကျယ်ပါလို့တော့ ကျမတို့က ပြောရမှာပဲ။

ရရင်ရ မရရင်ချဆိုပြီး ရေးထားတဲ့လူတွေဟာ ဒီမိုကရေစီလိုလားတဲ့လူတွေလား ဆိုပြီး မေးသွားပါတယ်။ ကျမ တခုပဲ သတိပေးချင်တာကတော့ ရရင်ရ မရရင်ချဆိုတာ ဖေဖေပြောသွားတဲ့စကားတွေပါ။ အဲ့ဒီတော့ ဖေဖေ့ကို မစော်ကားပါနဲ့။ ကျမ ဒီကိစ္စနဲ့ပတ်သက်လို့လည်း ခဏခဏ ပြောပါတယ်။ ရရင်ရ မရရင်ချလို့ပြောတဲ့ ခေတ်တုန်းက လူမျိုးခြားအစိုးရကို တော်လှန်တိုက်ခိုက်နေတဲ့ခေတ်ပါ။ ဒါကြောင့် အခုအချိန်မှာ ကိုယ့်အချင်းချင်းကြားထဲမှာ စိတ်ဝမ်းကွဲနေတဲ့အချိန်မှာ ဒီလို ရရင်ရ မရရင်ချဆိုတဲ့ သဘောထားတွေ အင်မတန်မှ ဆင်ခြင်ရပါလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com

ကျမတို့အချင်းချင်း ကျမတို့ မချျင်ပါဘူး။ စဉ်းစားကြည့်လေ ဒီဘက်က အုတ်တခြမ်းတောင် မရှိဘူး။ ဟိုဘက်ကနဲ့ ချလို့ ကျမတို့ ဘယ်ရောက်သွားမှာလဲ။ ဒီတော့ ဒီလိုချချင်တဲ့စိတ်တွေ ကျမတို့ မရှိပါဘူး။ ကျမတို့ဟာ အေးအေးချမ်းချမ်းနဲ့ ညှိနှိုင်းခြင်း၊ ဆွေးနွေးခြင်း၊ တိုင်ပင်ခြင်းများ နည်းလမ်းအရ ပြည်သူလူထုလိုချင်တဲ့ ပန်းတိုင်ကို ချီတက်သွားဖို့ ကြားချင်ပါတယ်။ အဲ့ဒီတော့ နဝတဟာ တကယ်ပဲ ပြည်သူလူထုကို အေးချမ်းချင်သလား၊ တကယ်ပဲ ဆူပူလှုံ့ဆော်မှု မလိုလားဘူးလား။ မလိုလားလို့ရှိရင် ညှိနှိုင်းပါ။ တကယ်ပဲ Confrontaion head on လို့ ဗိုလ်ချုပ်ကြီးစောမောင်က ပြောသွားပါတယ်။ head on ဆိုတာ ထိပ်တိုက်တွေ့တာပေါ့လေ။ ကျမတို့အနေနဲ့ head on လို့ သဘောမထားပါဘူး။ Confrontation ဆိုတာ ထိပ်တိုက်တွေ့တာမဟုတ်ပါဘူး။ ရင်ဆိုင်တာပါ။ တယောက်နဲ့ တယောက် စားပွဲဝိုင်းမှာထိုင်ပြီးတော့ ရင်ဆိုင်တဲ့ Confrontation မျိုးသာ ကျမတို့ လိုချင်ပါတယ်။ အဲ့ဒီတော့ ဗိုလ်ချုပ်ကြီးစောမောင်ရဲ့ နဝတအနေနဲ့ တကယ်ပဲ ထိပ်တိုက်မတွေ့ချင်ဘူး၊ နှာခေါင်းကို ရှောင်ချင်တယ်ဆိုလို့ရှိရင် စားပွဲဝိုင်းမှာ ထိုင်ပြီးတော့ ညှိနှိုင်းပါ။ ဒီလိုလုပ်ခြင်းအားဖြင့် နဝတဟာ တကယ်ပဲ ထိပ်တိုက်မတွေ့ချင်ဘူးဆိုတာ ပြရပါလိမ့်မယ်။ ကျမတို့ကတော့ ထိပ်တိုက်မတွေ့ချင်ပါဘူး။ ကျမမှာလည်း နှာခေါင်းဆိုတာ တချောင်းပဲ ရှိပါတယ်။ ဒီတော့ နှာခေါင်းကို ကျမတို့အားလုံး ရှောင်ချင်ကြတာပေါ့။ ဗိုလ်ချုပ်ကြီးစောမောင်တို့က ရှောင်ချင်ကြရဲ့လား၊ ဒါကို မေးရမှာပဲ။ ရှောင်ချင်လို့ရှိရင် တိုင်းသိပြည်သိပြပါ။ Confrontation ကို ရှောင်ချင်လို့၊ ထိပ်တိုက်တွေ့တာကို ရှောင်ချင်လို့၊ နှာခေါင်းချင်းရိုက်တာကို ရှောင်ချင်လို့ ဆွေးနွေးပွဲမယ်၊ ညှိနှိုင်းပွဲမယ်၊ တိုင်ပင်ပွဲမယ်ဆိုတာ လူကြီးပီပီ သဘောထားကြီးကြီးနဲ့ ကြေညာပါ။ လူကြီးဆိုတာ သဘောထားကြီးရတယ်။ တကယ်ဆိုလို့ရှိရင် ဗိုလ်ချုပ်ကြီးစောမောင် ပြောသွားတာဟာ ကျမတို့နဲ့များ ဆွေးနွေးလိုက်လို့ရှိရင် ကျမတို့ဘက်ကနေပြီးတော့ ထောက်ခံနေတာ ပါတီပေါင်း (၈၀)၊ ဗိုလ်ချုပ်ကြီးစောမောင်က တယောက်ထဲဆိုတော့ ဗိုလ်ချုပ်ကြီးစောမောင်ဘက်ကပဲ အားနည်းသွားမလိုလို ပြောသွားပါတယ်။ တကယ်ဆိုလို့ရှိရင် စဉ်းစားကြည့်ပါ။ ကျမက သွားလို့ရှိရင် တယောက်ထဲ သွားရမှာ။ ဗိုလ်ချုပ်ကြီးစောမောင်နောက်မှာ တပ်မတော်တခုလုံး သေနတ်တွေနဲ့ ရှိပါတယ်။ ပြီးတော့ အင်အားရှိတဲ့လူ၊ အင်အားလည်းရှိတယ်၊ အာဏာလည်းရှိတယ်။ သေနတ်လည်းရှိတယ်။ ဝါအားဖြင့်၊ အသက်အားဖြင့် ကျမထက် အများကြီး ကြီးပါတယ်။ ဒါကြောင့်မို့လို့ သဘောထားကြီးကြောင်း ပြပြီးတော့ ကျမတို့နဲ့ တွေ့ပါ။ ကျမတို့က အားနည်းတဲ့ဘက်ကပါ။ အားကြီးတဲ့ဘက်က အားနည်းတဲ့ဘက်ကို သဘောထားကြီးရမယ်။ အလျှော့ပေးရမယ်။ သီးခံရမယ်။ ညှာတာရမယ်။ ဒီလိုစိတ်တွေထားပါ။ အခုတော့ သေနတ်ကိုင်ထားတဲ့ လူချည်းကပဲ ခြိမ်းခြောက်နေတာပဲ။ ကျမတို့ကကို မခြိမ်းခြောက်ရဘူး။ အဲ့ဒါ မသင့်တော်ပါဘူး။ ရေဖြူသွားတုန်းကလည်း ကျမနဲ့ တွေ့ခဲ့ပါတယ်။ ဆိုင်းဘုတ်တခု၊ အဲ – တပ်မတော်ကို မခြိမ်းခြောက်ပါနဲ့တဲ့။ ဒို့မကြောက်တတ်ဘူးတဲ့။ ကျမက ပြန်ပြောရမယ်။ အဲ့ဒီတုန်းက ပြည်သူလူထုကို မခြိမ်းခြောက်ပါနဲ့၊ ပြည်သူလူထုခမျာ ကြောက်တတ်ပါတယ်လို့၊ ဒီလောက် ဒီလို လက်နက်ကိုင်ပြီးတော့ ခြိမ်းခြောက်နေတယ်ဆိုတာ အင်မတန်မှ မသင့်တော်တဲ့ကိစ္စပဲ။ အင်မတန်မှ ဂုဏ်သိက္ခာကို ကျဆင်းစေတဲ့ကိစ္စတွေပဲ။ ဒီတော့ ဗိုလ်ချုပ်ကြီးစောမောင်နဲ့ နဝတဝင်များဟာ ပြည်သူလူထုကို မခြိမ်းခြောက်ပါနဲ့။ တပ်မတော်နဲ့ ပြည်သူလူထုကြားမှာ ရန်မတိုက်ပေးပါနဲ့။ အေးအေးဆေးဆေးနဲ့ ပြဿနာတွေ ပြေလည်ရေးအတွက် ညှိနှိုင်းပါ။ ကျမတို့နိုင်ငံက ပြဿနာတွေဆိုတာ ၂/၈၈ နဲ့ ၈/၈၈ နှစ်ခုထဲ မဟုတ်ပါဘူး။ ဒီထက်မက ပြဿနာတွေ အများကြီးရှိပါတယ်။ တရားဥပဒေမစိုးမိုးတဲ့ ပြဿနာ၊ ဆန်ပြဿနာ၊ ကုန်ဈေးနှုန်းပြဿနာ။ ခုနကပြောတဲ့အတိုင်း အခွန်အကောက်ပြဿနာ၊ ပြဿနာပေါင်း သောင်းခြောက်ထောင်ရှိပါတယ်။ ဒီပြဿနာတွေကို ဖြေရှင်းဖို့လို့အတွက် ဆွေးနွေးပါလို့ ကျမတို့က ပြောတာပဲ။ ဆွေးနွေးခြင်း၊ တိုင်ပင်ခြင်းဆိုတာဟာ စကားရည်လုပွဲမဟုတ်ပါဘူး။ ကျမတို့အဖွဲ့ချုပ်အတွက် အနိုင်ယူဖို့မဟုတ်ဘူး။ ဒီမိုကရေစီအဖွဲ့အစည်းတွေအတွက် အနိုင်ယူဖို့မဟုတ်ဘူး။ ပြည်သူလူထုအတွက် အနိုင်ယူဖို့ပဲ။ အဲ့ဒီတော့ တကယ်ပဲ တိုင်းပြည်အပေါ်မှာ စေတနာထားတယ် ဆိုလို့ရှိရင် ပြည်သူလူထုအတွက် အကောင်းဆုံးအဖြေကို ဖော်ထုတ်ပါ။ အခွင့်အရေးများကို ချုပ်ချယ်တဲ့အမိန့်အာဏာများကို အောင်ဆန်းလမ်းစဉ်အရသာ ဖီဆန်နေတာဖြစ်ပါတယ်။ ဒီလို မတရားတဲ့အမိန့်အာဏာများ ဖယ်ရှားလိုက်မယ်ဆိုလို့ရှိရင် ကျမတို့ဟာလည်း ဆက်ပြီးတော့ ဖီဆန်ဖို့ဟာ လိုတော့မှာမဟုတ်ပါဘူး။ အမိန့်အာဏာဖီဆန်နေတယ်ဆိုပြီးတော့ ကျမတို့ အဖွဲ့ချုပ်ဝင်တွေကို အခုအချိန်မှာ ဖမ်းလိုက်တာ တနေ့ပြီးတနေ့ပဲ၊ တသုတ်ပြီးတသုတ်ပဲ ဖမ်းနေတာပဲ။ ဒါပေမဲ့လည်း ကျမတို့ ဆက်ပြီးတော့

www.burmeseclassic.com

www.burmeseclassic.com

ဆက်လုပ်သင့်လုပ်ထိုက်တာ လုပ်သွားရမှာပဲ။ ဘာဖြစ်လို့လည်းဆိုတော့ ဒါဟာ အောင်ဆန်းလမ်းစဉ်မို့လို့ပဲ။ မတရားတဲ့ အမိန့်အာဏာများကို ဖီဆန်ဖို့ဆိုတာဟာ ဖေဖေကိုယ်တိုင်က ချမှတ်သွားတဲ့ လမ်းစဉ်ဖြစ်တယ်။ ဒါကြောင့်မို့လို့ ဒီလမ်းစဉ်ကို တသွေမတိမ်း ကျမတို့ ဆက်ပြီးတော့ လျှောက်သွားမှာဖြစ်ပါတယ်။ စည်းကမ်းရှိရှိ အေးအေးချမ်းချမ်းနဲ့ လျှောက်သွားမှာဖြစ်ပါတယ်။ ဒီတော့ ကျမတို့ကို ရန်မရှာပါနဲ့။ ရန်မစပါနဲ့။ ကျမတို့ဟာ ရန်လိုတာမဟုတ်ပါဘူး။ ပြည်သူလူထုကလည်း ရန်လိုတာ မဟုတ်ပါဘူး။ အေးအေးချမ်းချမ်းနဲ့ အခြေခံလူ့အခွင့်အရေးများကိုသာ လိုချင်တဲ့ ပြည်သူလူထုဖြစ်ပါတယ်။ ဒါကြောင့် အာဇာနည်နေ့ကို ဦးတည်တဲ့အချိန်မှာ ကျမတို့အားလုံးဟာ အာဇာနည်ခေါင်းဆောင်ကြီးများရဲ့ လမ်းစဉ်ကနေပြီးတော့ ဆက်ပြီးလျှောက်သွားမယ့် အနေအထားမှာရှိပါတယ်။ ဆက်ပြီးတော့ လျှောက်သွားချင်ပါတယ်ဆိုတာ ကျမက ပြည်သူလူထုကို ပြောချင်ပါတယ်။ ပြည်သူလူထုအနေနဲ့လည်း ယုံယုံကြည်ကြည် ကျမတို့နဲ့ လက်တွဲပြီးတော့ ဒီမိုကရေစီရတဲ့အထိ ချီတက်ကြပါ။ ကျမအနေနဲ့ ပြည်သူလူထုကို ဘယ်တော့မှ မဟုတ်မမှန်တဲ့ကိစ္စတွေလည်း မပြောပါဘူး။ ပြည်သူလူထုကို တပတ်ရိုက်ဖို့ဆိုတာလည်း ကျမ ဘယ်တော့မှ မစဉ်းစားပါဘူး။ ကျမအနေနဲ့ လုပ်ချင်တာ ရှိလို့ရှိရင် ရှင်းပြပါ့မယ်။ ဘာဖြစ်လို့ ကျမ ဒါလုပ်သလဲ၊ ဘာဖြစ်လို့ လုပ်သင့်တယ်လို့ ထင်သလဲ၊ ဒီအမိန့်အာဏာဖီဆန်ရေးလည်း ကျမ ရှင်းပြပြီးပါပြီ။ ဘာဖြစ်လို့ ကျမတို့ လုပ်သင့်တယ်လို့ ထင်သလဲဆိုတာ အာဇာနည်နေ့နဲ့ ပတ်သက်လို့လည်း ကျမကတော့ ကျမတို့အနေနဲ့ ဘာဖြစ်လို့ ဆယ်ယောက်တတွဲ၊ အဖွဲ့တဖွဲ့မှာ ဆယ်ယောက်၊ တက်ရမယ်ဆိုတဲ့ဟာကို လက်မခံသလဲဆိုတာလည်း ကျမ ရှင်းပြပြီးသွားပါပြီ။ တတ်နိုင်သမျှ ကျမတို့ လုပ်သမျှကိစ္စတွေကို ပြည်သူလူထုကို ရှင်းပြသွားပါ့မယ်။ ပြည်သူလူထုကို တင်ပြတယ်ဆိုတာ ဒီမိုကရေစီနည်းပါ။ ဒီလို တင်ပြတဲ့အခါ ပြည်သူလူထုအနေနဲ့ ထောက်ခံချင်ထောက်ခံမယ်၊ မထောက်ခံချင်လို့ရှိရင် ကျမတို့အင်အားဟာ လျော့သွားမှာပေါ့။ ကျမတို့ဟာ လူထုကို အားကိုးပြီးတော့ လုပ်နေတဲ့လှုပ်ရှားမှုကြီးထဲမှာ ပါဝင်နေတဲ့ ပုဂ္ဂိုလ်များဖြစ်ပါတယ်။ ပြည်သူလူထုနဲ့ လက်တွဲများ ပြတ်သွားမယ်၊ ပြည်သူလူထုနဲ့ စိတ်ဝမ်းကွဲသွားမယ်ဆိုလို့ရှိရင် ကျမတို့လည်း ကျဆုံးရုံပဲ။ ကျဆုံးရင်လည်း ကျမတို့ လက်ခံပါတယ်။ ပြည်သူလူထု မလိုလားတဲ့တနေ့မှာ နိုင်ငံရေးအဖွဲ့အစည်းများ၊ နိုင်ငံရေးသမားများဟာ ကျဆုံးကြရမှာပဲ။ ဒါကိုလည်း ကျမတို့ လက်ခံပါတယ်။ ဒါကြောင့် ပြည်သူလူထုအတွက်၊ တိုင်းပြည်အတွက်ဆိုပြီးတော့ ကျမတို့ ကြိုးစားနေတာဖြစ်ပါတယ်။ ဒီလို စေတနာမှန်မှန်နဲ့ လုပ်တယ်ဆိုတာလည်း ပြည်သူလူထုက ယုံကြည်စေချင်ပါတယ်။ သံသယရှိလို့ရှိရင်လည်း ဒီမိုကရေစီအခွင့်အရေးအရ ကျမတို့ကို တင်ပြပါ။ ကျမတို့အနေနဲ့ ရှင်းပြပါ့မယ်။ နောင်လာနောက်သားများ ကောင်းကျိုးအတွက် အခုရှိနေတဲ့ အခုခေတ်မြန်မာနိုင်ငံသူ၊ နိုင်ငံသားများဟာ သတ္တိရှိရှိ မှန်မှန်ကန်ကန်နဲ့ ဒီမိုကရေစီပန်းတိုင်ရောက်တဲ့အထိ ဆက်ပြီးတော့ ချီတက်သွားကြနိုင်ပါစေလို့ ကျမ ဆုတောင်းမေတ္တာပို့ရင်းနဲ့ နိဂုံးချုပ်ပါတယ်။

၂၄

## မိန့်ခွန်းကောက်နုတ်ချက်များ

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ထုတ်ဝေသော မိန့်ခွန်းကောက်နုတ်ချက်များစာအုပ်မှ ထုတ်နုတ်ဖော်ပြသည်။

* * *

ကျမတို့ဟာ ကျမတို့ရဲ့နိုင်ငံထဲမှာ အကျဉ်းသားဖြစ်နေရတယ်ဆိုတာ ကမ္ဘာက သိစေချင်တယ်။ (၂၀-၇-၈၉)

ကျမ ဒီကနေ့ကစပြီးတော့ ပြည်သူလူထုနဲ့ ပွင့်ပွင့်လင်းလင်း ဆက်ဆံပါရစေ။ ကျမ နိုင်ငံခြားမှာ နေခဲ့တယ်ဆိုတာလည်း မှန်ပါတယ်။ နိုင်ငံခြားသားနဲ့ အိမ်ထောင်ကျတယ်ဆိုတာလည်း မှန်ပါတယ်။ ဒါပေမဲ့

www.burmeseclassic.com

www.burmeseclassic.com

ဒါလေးအတွက်နဲ့ ကျမ တိုင်းပြည်အပေါ်မှာထားတဲ့ မေတ္တာဟာ ဘယ်လိုမှ ကျဆင်းမသွားနိုင်ပါဘူး။ (ရွှေတိဂုံစေတီအနောက်ဘက်မုခ် လူထုအစည်းအဝေးပွဲကြီး ၂၆–၈–၈၈)

နိုင်ငံရေးလောကနဲ့ ဝေးဝေးကင်းကင်း နေခဲ့ချင်ပါတယ်။ အဲ့ဒီလို ဝေးဝေးကင်းကင်း နေချင်ခဲ့လျက်သားနဲ့ အခုမှ ဘာဖြစ်လို့ ဒီအရေးအခင်းမှာ ဝင်ပါနေသလဲလို့ မေးစရာရှိပါတယ်။ အဲ့ဒီဟာကတော့ ဒီအရေးအခင်းဟာ တတိုင်းပြည်လုံးနဲ့ဆိုင်တဲ့ အရေးအခင်းဖြစ်နေပါတယ်။ ကျမမှာလည်း ဖေဖေ့ရဲ့သမီး လုပ်နေပြီးတော့ ခေါင်းရှောင်ပြီးတော့ နေလို့မဖြစ်တော့ဘူး။ ဒီအရေးအခင်းကြီးဟာ တကယ်တော့ ဒုတိယလွတ်လပ်ရေးတိုက်ပွဲကြီးလို့ ခေါ်ရင်လည်း ဖြစ်ပါတယ်။ (ရွှေတိဂုံအနောက်ဘက်မုခ် လူထုအစည်းအဝေးပွဲကြီး ၂၆–၈–၈၈)

ကျမဟာ ကျမအဖေရဲ့ အစဉ်အလာအတိုင်း ဒီမိုကရေစီတိုက်ပွဲကို ဝင်လို့နွှဲခဲ့ရပါတယ်။ အဲ့ဒီတော့ ဒီမိုကရေစီရဖို့ရန် ပြည်သူလူထုအားလုံး စည်းလုံးညီညွတ်ဖို့လိုပါတယ်။ ညီညွတ်ရင် ဘာမဆိုဖြစ်နိုင်ပါတယ်။ (ရွှေတိဂုံစေတီအနောက်ဘက်မုခ် လူထုအစည်းအဝေးပွဲကြီး ၂၆–၈–၈၈)

လုပ်ရှားမှုကြီးကို ဦးဆောင်ခဲ့တဲ့ ကျောင်းသားတွေနဲ့ပတ်သက်လို့ ကျမ ပြောစရာလေးတွေရှိပါတယ်။ ကျောင်းသားလူငယ်များဟာ အင်မတန်မှ တော်ပါတယ်။ သူတို့ရဲ့ လက်ရုန်းရည်ကိုလည်း ပြပြီးပါပြီ။ အခုလည်း ဆက်ပြီးတော့ သူတို့ရဲ့ နှလုံးရည်ကို ပြမယ်ဆိုတာ ကျမ ယုံကြည်ပါတယ်။ (ရွှေတိဂုံစေတီအနောက်ဘက်မုခ် လူထုအစည်းအဝေးပွဲကြီး ၂၆–၈–၈၈)

အစိုးရဆိုတာ ပြည်သူလူထုဆန္ဒနဲ့ကိုက်ညီမယ့် တိုင်းပြည်အကျိုးကို ဆောင်ရွက်ဖို့ အချိန်ကန့်သတ် စေခိုင်းထားတဲ့ သစ္စာအရှိဆုံး ပြည်သူ့ဝန်ထမ်းပဲဖြစ်ရမယ်။ (အဖွဲ့ချုပ်ရုံး၊ နတ်မောက်မြို့ ၁–၁၁–၈၈)

အဖွဲ့ချုပ်ရည်ရွယ်ချက်ကိုကလည်း ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ဖို့ သက်သက်မှမဟုတ်ဘဲ။ ၁၈ ရက် စက်တင်ဘာလ စစ်အာဏာသိမ်းပြီးတဲ့နောက်ပိုင်းမှာ ပြန့်ကြဲသွားတဲ့ ဒီမိုကရေစီအင်အားတွေကို တစုတရုန်းတည်းဖြစ်အောင် စုစည်းပြီး၊ အဲ့ဒီစုစည်းထားတဲ့ အင်အားတွေကို စနစ်တကျဖြစ်အောင် ပေါင်းပြီးတော့ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲတွေ ကျင်းပနိုင်မယ့် အခြေအနေမျိုးကို ဖန်တီးပေးဖို့ပါပဲ။ (အဖွဲ့ချုပ်ရုံး၊ ပုဂံမြို့ ၂–၁၁–၈၈)

မြန်မာမင်းတွေထဲမှာ ကျန်စစ်သားနဲ့ ဘုရင့်နောင်ဟာ သိပ်ချီးကျူးဖို့ကောင်းတယ်။ သူတို့နှစ်ယောက်စလုံးဟာ ကျန်စစ်သားဆိုရင် အနော်ရထာ၊ ဘုရင့်နောင်ဆိုရင် တပင်ရွှေထီးကို ပုန်ကန်ခြားနားနိုင်တဲ့ အရည်အချင်းရှိတယ်။ ဒါပေမဲ့ ကျန်စစ်သားရော၊ ဘုရင့်နောင်ပါ သစ္စာရှိကြပါတယ်။ လူတော်တယောက်၊ အရည်အချင်းရှိတဲ့ လူတယောက်ဟာ သစ္စာရှိဖို့ သိပ်အရေးကြီးတယ်။ (အဖွဲ့ချုပ်ရုံး၊ ပုဂံမြို့ ၂–၁၁–၈၈)

စစ်ရှုံးပြီးစ ဂျပန်ဘုရင်ပြောခဲ့တဲ့ စကားတခုရှိပါတယ်။ ကျုပ်တို့ဟာ မခံနိုင်တဲ့ကိစ္စတွေကို ခံနိုင်ရည်ရှိအောင် လုပ်ရမယ်။ မဖြစ်နိုင်တဲ့ကိစ္စတွေကို ဖြစ်နိုင်အောင်လုပ်နိုင်တဲ့ အရည်အချင်းရှိရမယ်တဲ့။ အဲ့ဒီလိုပဲ ကျမတို့ ပြည်သူလူထုကလည်း ဒုက္ခဆင်းရဲခံပြီး ဇွဲရှိရှိ၊ သတ္တိရှိရှိနဲ့ မဖြစ်မနေ ကြိုးစားလုပ်ဆောင်ကြမယ်ဆိုရင် ဘာမှ မအောင်မြင်နိုင်စရာမရှိပါဘူး။ (အဖွဲ့ချုပ်ရုံး၊ ကျောက်ပန်းတောင်း ၂–၁၁–၈၈)

အဆိုးဆုံးအစိုးရဆိုတာ ပြည်သူလူထု ရွံရှာမုန်းတီးတဲ့အစိုးရ၊ ဒီထက် နဲနဲကောင်းတာက ပြည်သူလူထုက ကြောက်တဲ့အစိုးရ၊ ဒီထက်ပိုပြီး ကောင်းတာကတော့ ပြည်သူလူထုက ချီးမွမ်းတဲ့အစိုးရ၊ အကောင်းဆုံးကတော့ ပြည်သူလူထုက ရှိမှန်းတောင် မသိတဲ့အစိုးရတဲ့။ ကျမတို့ အိမ်တအိမ်မှာဆိုလို့ရှိရင် အမေလိုပေါ့။ အမေရှိမှန်းတောင်

www.burmeseclassic.com

www.burmeseclassic.com

သတိမထားမိဘူး။ စားချိန်တန် စားရမယ်။ ဝတ်ချိန်တန် ဝတ်ရမယ်။ အားလုံး အဆင်သင့်ပဲ။ အဲ့ဒီလို ဖြစ်နေရမယ်။ နားလည်ထားရမယ်။ (အဖွဲ့ချုပ်ရုံး၊ မြင်းခြံ ၃–၁၁–၈၈)

(ဓါတ်ပုံများလာပါသည်)
**အပေါ်** – မိတ္ထီလာမြို့နယ်တွင် စည်းရုံးရေးဆင်းနေစဉ်
**အောက်** – ကလေးများချစ်တဲ့ အန်တီစု

ဒီမိုကရေစီစနစ်မှာ အမတ်လုပ်ချင်သူတွေဟာ အပင်ပန်း အဆင်းရဲ ခံနိုင်ရမယ်။ အစွမ်းကုန် အလုပ်လုပ်ရမယ်။ ကိုယ်ကျိုးမငဲ့ဘဲ အများအကျိုးကို ပီပီပြင်ပြင် ကျေကျေပွန်ပွန် ထမ်းဆောင်နိုင်ရမယ်။ (မြတောင်ကျောင်းတိုက်၊ မန္တလေး ၆–၁၁–၈၈)

နိုင်ငံရေးအသိအမြင်ဆိုတာ လူမှုရေးအသိအမြင်ပဲဖြစ်ပါတယ်။ ကိုယ်ဟာ အိမ်နီးနားချင်းတယောက် ပီသလို့ရှိရင် တဖြေးဖြေးနဲ့ လူမှုရေးကနေ စပြီးတော့ နိုင်ငံရေးသမားကောင်းတယောက် ပီသနေမှာပဲလို့ ကျမ မြင်ပါတယ်။ (မြောက်ဉက္ကလာပမြို့နယ် ၁၀–၁၂–၈၈)

ဒီမိုကရေစီစနစ်ဆိုတာ လူတိုင်း တယောက်နဲ့တယောက် လေးစားတဲ့စနစ်ပါပဲ။ (မြောက်ဉက္ကလာပမြို့နယ် ၁၀–၁၂–၈၈)

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ထူထောင်ခဲ့တာဟာ ပြည်သူလူထု လိုချင်တဲ့ ဒီမိုကရေစီလှုပ်ရှားမှု အောင်မြင်ရေးအတွက် ထူထောင်ခဲ့တာပဲဖြစ်တယ်။ ပြည်သူလူထုနဲ့ ကျမတို့ တစည်းတရုံးထဲ မလုပ်နိုင်လို့ရှိရင် ကျမတို့ အဖွဲ့ချုပ်ကြီးဟာ ဖျက်ဖို့ပဲ ရှိတော့တယ်။ အဲဒီတော့ အဖွဲ့ဝင်များဟာ ပြည်သူလူထုရဲ့ သဘောထားကို နားလည်ရမယ်။ ပြည်သူလူထုရဲ့ သဘောအတိုင်း လုပ်ရမယ်။ (အဖွဲ့ချုပ်ရုံး၊ သထုံမြို့ ၁၄–၁၂–၈၈)

လူ့အခွင့်အရေးဆိုတာ လူတိုင်းလူတိုင်း ပိုင်ဆိုင်ခွင့်ရှိတယ်။ ကိုယ်တင်မဟုတ်ဘူး။ ကိုယ့်ရန်သူများပင်လျှင် လူ့အခွင့်အရေးရှိရမယ်။ အဲ့ဒီတော့ တနေ့ ကျမတို့ရဲ့ ဒီမိုကရေစီလှုပ်ရှားမှုကြီး အောင်မြင်သွားတဲ့အခါကျရင် ရှုံးတဲ့လူတွေဟာ သူတို့အခွင့်အရေးတွေကို ပြည့်ပြည့်ဝဝ ခံစားနိုင်ရမယ်။ ဒါဟာ ကျမတို့ရဲ့ ဒီမိုကရေစီတာဝန်ဖြစ်တယ်။ (အဖွဲ့ချုပ်ရုံး၊ သထုံမြို့ ၁၄–၁၂–၈၈)

မက်လုံးပေးပြီးတော့ စည်းရုံးမှုမျိုးကို ကျမ မလိုချင်ဘူး။ ငါတို့အစိုးရတက်ရင် ဒါတွေ လုပ်ပေးမယ်ဆိုတဲ့ စည်းရုံးမှုမျိုးတော့ မလုပ်ကြပါနဲ့။ (အဖွဲ့ချုပ်ရုံး၊ သထုံမြို့ ၁၄–၁၂–၈၈)

ဒီမိုကရေစီစနစ် ထူထောင်တဲ့အခါကျရင် ကျောင်းတိုင်း၊ ကျောင်းတိုင်းမှာ ကိုယ့်တိုင်းပြည်မှာရှိတဲ့ ဘာသာထဲက အနည်းဆုံး ဘာသာနှစ်ရပ်ကို လူတိုင်းလူတိုင်း သင်မယ်။ ဗမာနဲ့ ရှမ်းဖြစ်ဖြစ်၊ ဗမာနဲ့ ကရင်ဖြစ်ဖြစ်၊ ဗမာနဲ့ မွန်ဖြစ်ဖြစ် သင်သင့်တယ်။ (အဖွဲ့ချုပ်ရုံး၊ ကျိုက်ထိုမြို့ ၁၄–၁၂–၈၈)

မွန်၊ ဗမာ၊ ကရင်၊ ကချင်၊ ရှမ်း စသည်ဖြင့် ခွဲခြားပြီးတော့ မတွေးပါနဲ့။ ငါတို့အားလုံးဟာ ပြည်ထောင်စုတိုင်းရင်းသားများဖြစ်တယ် ဆိုပြီးတော့ စိတ်ထဲမှာ ထားပြီး အတူတူလုပ်သွားစေချင်တယ်။ ဒီမိုကရေစီနိုင်ငံတခု ဖြစ်သွားတယ်ဆိုလို့ရှိရင် တိုင်းရင်းသားလူမျိုးအားလုံးရဲ့ အခွင့်အရေးများကို ကျမတို့ ပြည့်ပြည့်စုံစုံ ပေးချင်တယ်။ တိုင်းရင်းသားလူမျိုးများရဲ့ ဘာသာရေး၊ ယဉ်ကျေးမှု စသည်ဖြင့် ကျမတို့

www.burmeseclassic.com

www.burmeseclassic.com

အားပေးချင်တယ်။ ဘာဖြစ်လို့လည်းဆိုတော့ အများ အတွေးအခေါ်၊ အများ ယဉ်ကျေးမှုတွေနဲ့ တည်ဆောက်ထားတဲ့ နိုင်ငံကြီးဟာ ဘယ်သူတွေရဲ့ အတွေးအခေါ်နဲ့ ဘယ်သူတွေရဲ့ ယဉ်ကျေးမှုနဲ့ တည်ဆောက်ခဲ့တဲ့ နိုင်ငံကြီးထက် အများကြီး ခိုင်ခံ့လာပေမယ်၊ အများကြီးလည်း တိုးတက်နိုင်မယ်၊ အများကြီးလည်း ကျမတို့အတွက် အဖိုးတန်နိုင်မယ်လို့ ယုံကြည်ပါတယ်။ (အဖွဲ့ချုပ်ရုံး၊ ကျိုက်ထိုမြို့ ၁၄–၁၂–၈၈)

တချို့က ခု ဒီမှာတမျိုးပြော၊ ဟိုမှာတမျိုးပြော၊ ဒီမှာ ဒီဟာလုပ်မယ်ပြော၊ ခု ဒီမှာ ဟိုဟာလုပ်မယ်ပြော၊ စိတ်တွေက ပြောင်းလိုက်၊ အပြောတွေက ပြောင်းလိုက်၊ ဒါတွေကို သူတို့က ဒါ နိုင်ငံရေးပဲလို့ ပြောတယ်။ ကျမကတော့ ဒါ နိုင်ငံရေးပဲလို့ နားမလည်ဘူး။ ဒါ ကလိမ်ကကျစ်လုပ်တာပဲလို့ နားလည်တယ်။ ဒီလိုနိုင်ငံရေးတွေကို ကျမတို့ လက်ခံလို့ မဖြစ်ဘူး။ (အဖွဲ့ချုပ်ရုံး၊ ပေါင်မြို့ ၁၄–၁၂–၈၈)

နိုင်ငံရေးပရိယာယ်ဆိုတာ တကယ် သေချာကြည့်လိုက်တော့ ကလိမ်ကကျစ်လုပ်တာချည်းပဲ။ ဒီ နိုင်ငံရေးပရိယာယ်ဆိုတာလည်း အထင်မကြီးပါနဲ့။ ပရိယာယ်ဆိုတာ စကားလုံးကို ကျမ မကြိုက်ဘူး။ ကိုယ့်ကို ထိပါးလာရင်လည်း ခံနိုင်ရည်ရှိရမယ်။ မှန်မှန်ကန်ကန်ပဲ လုပ်ပါ။ (အဖွဲ့ချုပ်ရုံး၊ ပေါင်မြို့ ၁၄–၁၂–၈၈)

နောက် တိုင်းပြည်ကောင်းကျိုးအတွက်ဆိုရင် ခုကနေစပြီးတော့ ကျမတို့လက်ခံမယ့် ခေါင်းဆောင်များဟာ စကားတည်ရမယ်။ စကားမှန်ရမယ်။ အများသဘောကို လိုက်နာရမယ်။ အဲ့ဒီလို ခေါင်းဆောင်မျိုးသာ ကျမတို့ လိုချင်ပါတယ်။ (အဖွဲ့ချုပ်ရုံး၊ ပေါင်မြို့ ၁၄–၁၂–၈၈)

ဗမာလူမျိုးများဟာ လူများစုကြီးဖြစ်နေလို့ တိုင်းရင်းသားများကို လေးစားပါ။ တိုင်းရင်းသားများရဲ့ ယဉ်ကျေးမှုကို လေးစားပါ။ စိတ်ဝင်စားကြပါ။ လေ့လာကြပါ။ အဲ့ဒီလို တယောက်နဲ့တယောက်ရဲ့ ယဉ်ကျေးမှု၊ တယောက်နဲ့တယောက်ရဲ့ ယုံကြည်ချက်များကို လေ့လာနားလည်မှ ကျမတို့အချင်းချင်း တကယ့် သဘောထားတူတွေအဖြစ်နဲ့ ရနိုင်မှာပါ။ (မွန်အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ရုံး၊ မော်လမြိုင်မြို့)

တိုင်းပြည်တပြည်ကို အုပ်ချုပ်တဲ့ ခေါင်းဆောင်ဟာ ပြည်သူလူထုရဲ့ ထောက်ခံမှုနဲ့ အုပ်ချုပ်တာပဲဖြစ်ရမယ်။ လက်နက်အားကိုးနဲ့ အုပ်ချုပ်တယ်ဆိုတာ မဖြစ်သင့်ဘူးဆိုတာ မွေးကတည်းက ကျမကို သင်ထားတဲ့၊ သိခဲ့တဲ့ သင်ခန်းစာပါပဲ။ (မြို့နယ်အဖွဲ့ချုပ်ရုံး၊ အောက်လမ်းမကြီး၊ မော်လမြိုင်မြို့)

မှန်ကန်တဲ့ နိုင်ငံရေးစနစ်မှာ ကျမတို့လိုချင်တဲ့ ခေါင်းဆောင်တွေကို ကျမတို့က ဖော်ထုတ်ရမယ်။ လိုချင်တဲ့ပုံ သွင်းရမယ်။ ကိုယ်လိုချင်တဲ့ပုံ ကိုယ်မသွင်းလို့ရှိရင် ခေါင်းဆောင်လုပ်တဲ့သူများက တိုင်းပြည်ကို သူတို့လိုချင်တဲ့ပုံ သူတို့ သွင်းသွားလိမ့်မယ်။ အဓိပ္ပာယ်က ဘာဖြစ်မလဲဆိုတော့ အာဏာရှင်စနစ်ကြီး ဖြစ်သွားမှာပဲ။ (မြို့နယ်အဖွဲ့ချုပ်ရုံး၊ အောက်လမ်းမကြီး၊ မော်လမြိုင်မြို့)

ဒီ မြန်မာပြည်ကြီးဟာ ဘာဖြစ်လို့ ဒီလောက်တောင်မှ နှစ်ဆယ့်ခြောက်နှစ်လုံးလုံး တပါတီအာဏာရှင်စနစ်အောက်မှာ နေခဲ့ရလဲ။ ဘာဖြစ်လို့ ဒီလိုဆင်းရဲဒုက္ခတွေကို ခံခဲ့ရသလဲဆိုတာ ကျမ စဉ်းစားတယ်။ တခါပြန်ပြီးတော့ စဉ်းစားလို့ရှိရင် ပြည်သူလူထုကြီးက အချင်းချင်း မညီလို့ပဲ။ (မွန်အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်၊ သံဖြူဇရပ် ၁၆–၁၂–၈၈)

အစိုးရဟာ မတရားသဖြင့်လုပ်သလား၊ မဟုတ်မမှန်တဲ့ကိစ္စတွေကို လုပ်သလား။ ကိုယ်မလုပ်ဘဲနဲ့ သူများတွေကို လုပ်ရင်လည်း မခံရဘူး။ ကိုယ့်ရန်သူကိုပင် မတရားလုပ်လို့ရှိရင် မခံရဘူး။ ဒီနေ့ ကိုယ့်ရန်သူကိုလုပ်တယ်၊ နောက်နေ့ ကိုယ့်ကိုလုပ်ရင် လုပ်လိမ့်မယ်။ (မွန်အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်၊ သံဖြူဇရပ် ၁၆–၁၂–၈၈)

www.burmeseclassic.com

www.burmeseclassic.com

မတရားသဖြင့် လုပ်တဲ့သူတွေကို မုန်းဖို့ဆိုတာ ကလေးလေးတွေကို သင်ထားရမယ်။ မတရားတဲ့ကိစ္စမှန်သမျှကို ကန့်ကွက်ရမယ်။ မတရားတဲ့ကိစ္စမှန်သမျှကို ငါတို့ အသက်ပေးပြီးတော့ ခုခံမယ်ဆိုတဲ့ စိတ်တွေကို ကလေးလူငယ်တွေထဲမှာ သွင်းထားပါ။ ကျမတို့ကိုယ်တိုင်ကလည်း ဒီလိုစိတ်တွေမွေးပါ။ (မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ သံဖြူဇရပ် ၁၆–၁၂–၈၈)

ဒီမိုကရေစီအပင်ကြီးဟာ ရှင်သန်လို့ရှိရင် ဒီအပွင့်တွေ အသီးတွေဟာ ကျမတို့ လူလတ်ပိုင်း၊ လူကြီးပိုင်းတွေက ခံစားချင်မှ ခံစားရမယ်။ ဒါပေမဲ့ လူငယ်ပိုင်းနဲ့ ကလေးလေးတွေ ကြီးလာလို့ရှိရင် အသီးအပွင့်တွေ ခံစားနိုင်ရမယ်ဆိုရင် ကျမတို့ ကျေနပ်ပါတယ်။ (ကမာဝက် ၁၆–၁၂–၈၈)

လူတယောက်ဟာ မွေးလာပြီးတော့ ကိုယ့်အတွက် ကိုယ်လုပ်ပြီးတော့ ကိုယ်ပဲစားပြီးတော့ သေသွားပြီဆိုရင် ဘာလုပ်တော့မှာလဲ။ လူဖြစ်ရကျိုးမနပ်ဘူး။ အဲ့ဒီတော့ တကိုယ်ကောင်း မကြံကြပါနဲ့။ အများအတွက် လုပ်ကြပါ။ အများအကျိုးဆောင်တဲ့လူများဟာ လူသာသေသွားမယ်။ ဘယ်တော့မှ နာမည်မသေဘူး။ (ကမာဝက် ၁၆–၁၂–၈၈)

လူငယ်တွေရဲ့ဘဝကို သာယာပါစေ။ လူငယ်များရဲ့ဘဝ သာယာမှ ကျမတို့ရဲ့ တိုင်းပြည်ဟာ တိုးတက်နိုင်မှာပါ။ လူငယ်များရဲ့ဘဝ သာယာအောင် ဖန်တီးမပေးနိုင်ရင် နောက်ခေတ်အဆက်ဆက် ကျမတို့လူမျိုးများ သာယာမှု ရနိုင်မှာ မဟုတ်ပါဘူး။ (လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၊ မုဒုံမြို့ ၁၆–၁၂–၈၈)

အရင် လွတ်လပ်ရေးတိုက်ပွဲတုန်းကဆိုလို့ရှိရင် လူမျိုးခြားတယောက်ကို တိုက်ခဲ့ရတာ။ လူမျိုးခြားကို တိုက်ရတာထက် ကိုယ့်အချင်းချင်း ပြန်ပြီးတိုက်ရတာက အင်မတန်မှ စိတ်ညစ်စရာကောင်းတယ်။ မဖြစ်သင့် မဖြစ်ထိုက်တဲ့ ကိစ္စကြီးပဲ။ (ကမာကေး ၁၇–၁၂–၈၈)

တိုင်းပြည်တပြည်မှာ အစိုးရယ်၊ တပ်မတော်ရယ်၊ ပြည်သူလူထုရယ် တပေါင်းတစည်းတည်း မဖြစ်နိုင်လို့ရှိရင် ဘယ်နည်းနဲ့မှ တိုးတက်မှုမရှိနိုင်ပါဘူး။ ပြည်သူလူထုကိုလည်း နှိပ်စက်ညှင်းပမ်းမယ်၊ တပ်မတော်နဲ့ ပြည်သူလူထုကြားမှာလည်း စိတ်ဝမ်းကွဲအောင်လုပ်မယ်ဆိုရင် ဒီတိုင်းပြည်အပေါ်မှာ စေတနာ နည်းနည်းမှ မရှိဘူးလို့ ကျမတို့ သတ်မှတ်ရမှာပဲ။ (ကမာကေး ၁၇–၁၂–၈၈)

ပြည်သူလူထုနဲ့ တပ်မတော်ကြားမှာလည်း စိတ်ဝမ်းကွဲအောင်လုပ်နေတယ်။ ဒီလို စိတ်ဝမ်းကွဲအောင် လုပ်နေတာဟာ ပြည်သူလူထုက လုပ်နေတာမဟုတ်ဘူး။ ကျမတို့ နိုင်ငံရေးလုပ်တဲ့သူတွေကလည်း လုပ်နေတာမဟုတ်ဘူး။ တပ်မတော်ကို ကိုယ်ကျိုးအတွက် သုံးချင်တဲ့သူများက လုပ်နေတာပဲဖြစ်တယ်။ အဲ့ဒီတော့ ဒီလိုစနစ်မျိုးကို ကျမတို့အားလုံးကနေပြီးတော့ အတိုက်အခံလုပ်ရမယ်။ (ကမာကေး ၁၇–၁၂–၈၈)

ဒီမိုကရေစီစနစ်အောက်မှာ ဆိုလို့ရှိရင် အများစုရဲ့ သဘောတူညီချက်အရ အနည်းစုက လုပ်ရတယ်ဆိုပေမယ့် အနည်းစုကို အများစုက အတိုက်အခံလုပ်တယ်၊ နှိပ်စက်တယ်၊ ညှဉ်းပမ်းတယ်၊ အမျိုးမျိုး အနှောင့်အယှက်ပေးတယ်ဆိုတာ လုံးလုံးမရှိရဘူး။ (ကမာကေး ၁၇–၁၂–၈၈)

နိုင်ငံရေးသမားအမျိုးမျိုးရှိတယ်။ တချို့ကတော့ တိုင်းပြည်အကျိုးအတွက် လုပ်ချင်တဲ့ နိုင်ငံရေးသမားများရှိပါတယ်။ တချို့ကတော့ မိမိအကျိုးအတွက် လုပ်ချင်တဲ့ နိုင်ငံရေးသမားများရှိပါတယ်။ တချို့ကတော့ နိုင်ငံရေးသက်သက် လုပ်စားချင်တဲ့ နိုင်ငံရေးသမားများရှိပါတယ်။ နိုင်ငံရေးလုပ်စားတာ အကျင့်ဖြစ်နေပြီးတော့ နိုင်ငံရေးပဲ လုပ်စားတော့မယ်ဆိုတဲ့ နိုင်ငံရေးသမားများလည်းရှိပါတယ်။ ဒီ နိုင်ငံရေးသမားအမျိုးမျိုးထဲမှာ တိုင်းပြည်အကျိုးကို ဆောင်နိုင်မယ့် နိုင်ငံရေးသမားမျိုးကို ရွေးစေချင်ပါတယ်။ အဲ့ဒီလို နိုင်ငံရေးသမားမျိုးဟာ ဗလငါးတန်နဲ့ ပြည့်စုံရပါမယ်။ (အမျိုးသားငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီပါတီ၊ ချောင်းဆုံ ၁၇–၁၂–၈၈)

www.burmeseclassic.com

www.burmeseclassic.com

ခေါင်းဆောင်တယောက်ရဲ့ အရည်အချင်းကို ခန့်မှန်းချင်လို့ရှိရင် အရင်တုန်းက ဒီခေါင်းဆောင်ဟာ ဘယ်လိုလုပ်ခဲ့သလဲ။ တကယ်ပဲ သယ်ပိုးခဲ့သလား။ တိုင်းပြည်ကပဲ ဒီခေါင်းဆောင်ကို သယ်ပိုးခဲ့တာလား။ ဒီခေါင်းဆောင်က တိုင်းပြည်ကို သယ်ပိုးခဲ့တာလားဆိုတာဟာ အများကြီးစဉ်းစားဖို့ လိုပါတယ်။ (ချောင်းဆုံ ၁၇–၁၂–၈၈)

အမှန်ကိုလုပ်ရတာ အမှားကိုလုပ်ရတာထက် အင်မတန်မှကို ခက်ပါတယ်။ ဒါပေမဲ့လည်း နောက်ဆုံးကျတော့ အမှန်လုပ်တဲ့သူကသာ အောင်မြင်ရမှာပါ။ အမှန်တရားလုပ်တဲ့သူတွေကသာ ရှုံးရင်လည်း နိုင်ရမယ်၊ နိုင်ရင်လည်း နိုင်ရမယ်ဆိုတာ ပြောလို့ရပါတယ်။ အမှန်တရားအရ မလုပ်တဲ့သူတွေကတော့ ရှုံးရင်လည်း ရှုံးရမယ်၊ နိုင်ရင်လည်း ရှုံးရမယ်။ (အဖွဲ့ချုပ်ရုံး၊ မအူပင် ၁၄–၁–၈၉)

ကျမတို့ ၁၉၈၈ က ကျဆုံးသွားတဲ့ ကျောင်းသားလေးတွေဆိုရင် အသက်သာပျောက်သွားတယ်၊ သူတို့ကို ဆုံးရှုံးတယ်လို့ မဆိုနိုင်ပါဘူး။ သူတို့ဟာ အောင်မြင်ခြင်းပဲ။ အဲ့ဒီဟာကို စိတ်ထဲမှာ စွဲထားကြပါ။ (အဖွဲ့ချုပ်ရုံး၊ မအူပင် ၁၄–၁–၈၉)

ဒီမိုကရေစီအခွင့်အရေးလိုချင်တယ်ဆိုတာ ဘယ်သူ့ကိုမှ တိုက်ခိုက်ချင်လို့ မဟုတ်ဘူး။ ဘယ်သူ့ကိုမှ စွဲဖြုတ်ချင်လို့ မဟုတ်ဘူး။ ပြည်သူလူထုအများကြီးဟာ စိုးရိမ်ကြောင့်ကြမှုကင်းဝေးစွာနဲ့ ကိုယ့်အသက်မွေးဝမ်းကျောင်းကို လွတ်လွတ်လပ်လပ် လှုပ်ရှားနိုင်အောင်လို့ဆိုတဲ့ စိတ်မျိုးနဲ့ ဒီမိုကရေစီအတွက် တိုက်နေကြတာပဲ။ အားလုံးက ဒီအခွင့်အရေးလိုချင်ရင် အားလုံးက ဝင်ပြီးတော့ လှုပ်ရှားရမှာပဲ။ (အဖွဲ့ချုပ်ရုံး၊ မအူပင် ၁၄–၁–၈၉)

ကျမတို့ခေတ်မှာ ကျမတို့ ကုသိုလ်ကံကြောင့်မို့လို့ ဒီတိုင်းပြည် ပြည်သူလူထုကို အကြောက်တရားကနေပြီးတော့ လွတ်မြောက်အောင် လုပ်ပေးနိုင်တဲ့အခွင့်အရေးတွေ ရလာတယ်။ ဒီအခွင့်အရေးကို လက်လွှတ်ဆုံးရှုံးမခံပါနဲ့။ ဒီလိုပြည်ထောင်စုအသစ် တည်ထောင်ဖို့ အခွင့်အရေးတွေကို လက်လွှတ်လိုက်ရင် ကျမတို့ဟာ သမိုင်းပေးတာဝန် မကျေပွန်သူတွေအဖြစ် သမိုင်းမှာ အင်မတန်မှ အပြစ်တင်စရာဖြစ်မှာပဲ။ (အဖွဲ့ချုပ်ရုံး၊ မအူပင် ၁၄–၁–၈၉)

ကျမတို့က ပြည်သူလူထုကို အားကိုးတယ်။ ပြည်သူလူထုကလည်း ကိုယ့်ကိုကိုယ် အားကိုးကြပါ။ ကိုယ့်ကိုကိုယ် အထင်မသေးကြပါနဲ့။ လူထုရဲ့ အင်အားဆိုတာ အင်မတန်မှ ကြီးပါတယ်။ လူထုရဲ့ အင်အားဆိုတာကို မလေးစားဘဲ မနေနိုင်ပါဘူး။ ကျမတို့ကလည်း လေးစားတယ်။ နောင်လည်း အစိုးရအဆက်ဆက်က လေးစားသင့်တယ်။ ပြည်သူလူထုကို လေးစားတဲ့ အစိုးရမျိုးကို ကျမတို့က ဖြစ်စေချင်ပါတယ်။ ဒါမှ တိုင်းပြည်မှာလည်း အကျိုးဖြစ်စေမယ်။ ပြည်သူလူထုလည်း စိတ်ချမ်းသာလာမယ်။ (အဖွဲ့ချုပ်ရုံး၊ မအူပင် ၁၄–၁–၈၉)

ဒီအချိန်မှာ သတ္တိရှိရှိနဲ့ လုပ်လိုက်လို့ရှိရင် နောင်ကျရင် ကျမတို့ဟာ မကြောက်ကြရတဲ့ခေတ်ကို ရောက်သွားနိုင်ပါတယ်။ ဒီအချိန်မှာ ကြောက်ပြီးတော့ လုပ်သင့်သလောက် မလုပ်ခဲ့လို့ရှိရင် နောက် ဆက်ပြီးတော့ ကြောက်နေရတဲ့စနစ်ကို ရှင်သန်အောင် လုပ်ပေးသလို ဖြစ်သွားပါမယ်။ လူတယောက်အနေနဲ့လည်း အများကြီး ဂုဏ်သိက္ခာကျပါတယ်။ အဲ့ဒီတော့ အားလုံးက မှန်တာလုပ်ရလို့ရှိရင် ကြောက်နေလည်း လုပ်ရမှာပါ။ (မြတ်မေတ္တာသင်္ဘော၊ ရွှေဒဂုံးကျေးရွာ ၁၄–၁–၈၉)

ဒီမိုကရေစီလိုချင်တဲ့လူများဟာ မုန်းတဲ့စိတ်နဲ့ တိုက်နေတာမဟုတ်ဘူး။ မေတ္တာစိတ်နဲ့ တိုက်နေတာပဲ။ ပြည်သူလူထုအပေါ် မေတ္တာရှိလို့၊ တိုင်းပြည်အပေါ် မေတ္တာရှိလို့၊ ပြည်သူလူထုခံနေရတာ၊ တိုင်းပြည်ခံနေရတာ၊ ပြည်ထောင်စုကြီး နစ်နာနေတာကို မကြည့်ရက်လို့ မေတ္တာစိတ်နဲ့ ဒီမိုကရေစီတိုက်ပွဲကို ဝင်နေတာဖြစ်တယ်။ (မြတ်မေတ္တာသင်္ဘော၊ ရွှေဒဂုံးကျေးရွာ ၁၄–၁–၈၉)

www.burmeseclassic.com

www.burmeseclassic.com

ကျမတို့ အခု ဒီမိုကရေစီလှုပ်ရှားမှုအထဲမှာ ပါဝင်လာတာဟာ အာဏာလိုချင်လို့ ပါဝင်လာတာမဟုတ်ဘူး။ တာဝန်ကို ထမ်းဆောင်ချင်လို့ ပါဝင်လာကြတာပဲ။ ကျမတို့ အဖွဲ့ချုပ်အတွက်ရော၊ လှုပ်ရှားမှုအထဲမှာ ပါဝင်နေကြတဲ့ ပြည်သူလူထုအတွက်ရော၊ အဓိကစကားလုံးဟာ အာဏာမဟုတ်ပါဘူး။ တာဝန်ပါ။ ပြည်ထောင်စုနဲ့ ပြည်သူလူထုအပေါ်မှာရှိတဲ့ တာဝန်အရ ဒီလှုပ်ရှားမှုထဲမှာ အားလုံးပါဝင်နေကြတာပါ။ (အဖွဲ့ချုပ်ရုံး၊ ကျုံမငေး ၁၅–၁–၈၉)

ကျမတို့ဟာ မှန်ကန်တဲ့နည်းနဲ့ လိုချင်တာကို လုပ်နိုင်တဲ့ အရည်အချင်းတွေ ရှိအောင်လို့ ကိုယ့်ကိုကိုယ် ပြုစုပျိုးထောင်ရမယ်။ တခြားလူတွေကိုလည်း ဒီလိုအရည်အချင်းတွေရှိအောင် ပြုစုပျိုးထောင်ပေးရမယ်။ ဒီလိုဆိုရင် ကျမတို့ဟာ အဆင့်မြင့်တဲ့နိုင်ငံရေး လုပ်နိုင်မယ်။ အဆင့်မြင့်တဲ့နိုင်ငံရေးလုပ်နိုင်မှ အဆင့်အတန်းမြင့်တဲ့ နိုင်ငံတခုဖြစ်လာမယ်။ (အဖွဲ့ချုပ်ရုံး၊ ကျုံမငေး ၁၅–၁–၈၉)

တချို့က ဒီမိုကရေစီဆိုတာ အားလုံးက ဗိုလ်ချည်းပဲလို့ထင်တယ်။ တကယ်တော့ ဒီမိုကရေစီဆိုတာ အားလုံးတန်းတူရည်တူလို့ ပြောတာမဟုတ်ဘူး။ အားလုံးဟာ တန်းတူညီတူအခွင့်အရေးရှိတယ်လို့ ပြောတာပဲဖြစ်တယ်။ အားလုံးမှာရှိတဲ့ တန်းတူညီတူ အခွင့်အရေးနဲ့ အများအကျိုးဆောင်မယ့် သူတွေကို ရွေးထုတ်ပိုင်ခွင့်ဆိုတာ ရှိတယ်။ ဒါကို ပြောတာပဲ။ (အဖွဲ့ချုပ်ရုံး၊ ကျုံမငေး ၁၅–၁–၈၉)

ရပ်ကွက်ညီလာခံတွေ လုပ်တဲ့အခါ အကျင့်စာရိတ္တကောင်းတဲ့လူကို ရွေးချယ်ပါ။ ပညာအမြော်အမြင်ရှိတဲ့လူကို ရွေးချယ်ပါ။ အကျင့်စာရိတ္တနဲ့ အရည်အချင်း နှစ်ခုကြားမှာ ရွေးရမယ်ဆိုရင်တော့ ကျမကတော့ ပွင့်ပွင့်လင်းလင်း ပြောရရင် အကျင့်စာရိတ္တကောင်းတဲ့လူကို ရွေးကြပါ။ (အဖွဲ့ချုပ်ရုံး၊ ကျုံမငေး ၁၅–၁–၈၉)

အစိုးရဟာ ပြည်သူလူထု ဆင်းရဲနေတဲ့အခါမှာ ဇိမ်နဲ့နေဖို့ မစဉ်းစားသင့်ဘူး။ နောက်တက်မယ့် အစိုးရဟာ အင်မတန်မှ ရုန်းကန်ရမယ့် အစိုးရပါ။ အဲ့ဒီတော့ နောက်တက်မယ့်အစိုးရထဲမှာ ဝိုင်းဝန်းပြီး ကူညီပါဝင်လိုတဲ့ သူများဟာ နေရာလိုချင်လို့မဟုတ်ဘဲ၊ အာဏာလိုချင်လို့မဟုတ်ဘဲ၊ ချမ်းသာချင်လို့မဟုတ်ဘဲ၊ ပြည်သူ့အကျိုးဖို့ အနစ်နာခံလိုတဲ့လူမျိုး ဖြစ်ဖို့လိုပါတယ်။ (အဖွဲ့ချုပ်ရုံး၊ ကျုံမငေး ၁၅–၁–၈၉)

သူများ မှားလို့၊ သူများ မဟုတ်တာလုပ်လို့ ကိုယ်လည်း လိုက်လုပ်ရမယ်ဆိုရင် ကိုယ်လည်း သူတို့နဲ့အတူ တန်းတူဖြစ်သွားမှာပဲ။ ကလေးက ငိုလို့ လူကြီးကပါ လိုက်ပြီး ခြေဆောင့်ငိုလို့ရှိရင် လူကြီးသာ သိက္ခာကျမှာပေ့ါ။ ကလေးကတော့ ကလေးမို့လို့ ငိုတယ်ဆိုပြီး ဘေးကနေ ခွင့်လွှတ်ကြရမှာပေ့ါ။ လူများတွေ ဂုဏ်သိက္ခာမရှိလို့ ကိုယ်က ဂုဏ်သိက္ခာမရှိတဲ့အလုပ်ကို လုပ်ရမယ်ဆိုတာ မဖြစ်စေရဘူး။ မဖြစ်သင့်ဘူး။ အဲ့ဒီတော့ ကျမတို့ စည်းရုံးရေးလုပ်တဲ့အခါ ဘယ်သူ့ကိုမှ ပုတ်ခတ်တာ၊ မမှန်ကန်တဲ့နည်းနဲ့ တိုက်ခိုက်တာ မလုပ်ကြပါနဲ့။ မူတွေကိုပဲ တိုက်ခိုက်ကြရပ့ါမယ်။ (အဖွဲ့ချုပ်ရုံး၊ ကျုံမငေး ၁၅–၁–၈၉)

ဒီမိုကရေစီတိုက်ပွဲဝင်တဲ့အခါမှာ ပထမဦးဆုံး ကျမတို့လိုချင်တာက လွတ်လပ်စွာတွေးတောပိုင်ခွင့်ပဲ။ လူကိုသာ ချုပ်ထားနိုင်မယ်။ စိတ်ကိုတော့ မချုပ်ထားနိုင်ဘူး။ ဒီလို မချုပ်ထားနိုင်တဲ့စိတ်ကြောင့် ဒီလောက်တောင်မှ ၂၆ နှစ်လုံးလုံး လွတ်လပ်စွာ တွေးတောပိုင်ခွင့်မရှိတဲ့အထဲက ပြည်သူလူထုဟာ ဒီမိုကရေစီလှုပ်ရှားမှုကြီးထဲကို သတ္တိရှိရှိနဲ့ ဝင်ခဲ့ပြီ၊ စခဲ့ပြီ။ ဒီလှုပ်ရှားမှုကြီးကို ဆုံးခန်းတိုင်အောင်၊ အောင်မြင်အောင် လုပ်သွားရမယ်။ (အဖွဲ့ချုပ်ရုံး၊ လပွတ္တာ ၁၅–၁–၈၉)

ဖေဖေက ပြောခဲ့တယ်။ လုပ်ရဲတာ သတ္တိမဟုတ်ဘူး။ ခံရဲတာဟာ သတ္တိတဲ့။ ခံရဲတယ်ဆိုတာလည်း အမှန်တရားအတွက် ခံရဲတာကို ပြောတာ၊ မမှန်ကန်တဲ့ကိစ္စအတွက် ခံရဲတာ သတ္တိမဟုတ်ဘူး။ ဒါဟာ လူမိုက်ရဲ့

www.burmeseclassic.com

www.burmeseclassic.com

ထုံးပဲ။ ကျမတို့ဟာ လူမိုက်တွေမဟုတ်ဘူး။ အင်မတန်မှ ပညာအမြော်အမြင်ရှိတဲ့ လူထုဆိုတာ ကျမ ဖြစ်စေချင်တယ်။ ဒီလို အမြော်အမြင်ရှိတဲ့ ပြည်သူလူထုကမှ ခေတ်သစ် မြန်မာနိုင်ငံတော်ကြီးကို တည်ထောင်နိုင်မှာပါ။ (အဖွဲ့ချုပ်၊ လပွတ္တာ ၁၅–၁–၈၉)

ကိုယ့်တိုင်းပြည်အတွက် အသက်ကိုပေးရတယ်ဆိုတာ အင်မတန်မှ ကြည်နူးစရာကောင်းတယ်။ အင်မတန်မှ သင့်တော်တယ်။ ဘာဖြစ်လို့လည်းဆိုတော့ လူတိုင်းလူတိုင်းဟာ မိမိရဲ့တိုင်းပြည်ကို အားလုံးထက်ပိုပြီးတော့ ချစ်ရမယ်။ မိမိရဲ့ ကိုယ်ထက်ပိုပြီး ချစ်ရမယ်။ မိမိရဲ့ မိသားစုထက်ပိုပြီး ချစ်ရမယ်။ မိမိရဲ့ မိဘများထက်လည်း ပိုပြီးချစ်ရမယ်။ ဘာဖြစ်လို့လည်းဆိုတော့ ဒီတိုင်းပြည်က ဒီမိသားစု၊ ဒီမိဘအားလုံးကို မွေးထုတ်လိုက်တဲ့ တိုင်းပြည်ပဲ။ အားလုံးရဲ့ ကျေးဇူးရှင်ပဲဖြစ်တယ်။ ပြည်သူလူထုအားလုံးရဲ့ ကျေးဇူးရှင်ဖြစ်တဲ့ နိုင်ငံကို အမြဲပဲ အထွတ်အမြတ်ထားရမယ်။ ဒီနိုင်ငံအတွက်ဆိုရင် ဘာပဲစွန့်ရ၊ စွန့်ရ စွန့်နိုင်တဲ့ သတ္တိရှိရမယ်။ လူတိုင်းလူတိုင်းအတွက် အစွန့်နိုင်ဆုံး၊ တန်ဖိုးအရှိဆုံးအရာကတော့ မိမိရဲ့ အသက်ပဲ။ အဲ့ဒီတော့ ကိုယ့်ရဲ့တန်ဖိုးအရှိဆုံး အသက်ကို စွန့်လွှတ်သွားတဲ့ ဒီမိုကရေစီရဲဘော်တွေကို ထောက်ထားသောအားဖြင့် ကျမတို့ဟာ ဒီမိုကရေစီအောင်မြင်တဲ့အထိ ချီတက်သွားရမယ်။ (အဖွဲ့ချုပ်ရုံး၊ လပွတ္တာ ၁၅–၁–၈၉)

ဒီခေတ်က ဒီမိုကရေစီအုတ်မြစ်ချတဲ့ ခေတ်ပဲ။ အုတ်မြစ်ချပြီးတော့မှ အပေါ်က အဆောက်အဦကြီးကို တည်ဆောက်ရမှာ။ ကျမတို့ဟာ အုတ်မြစ်ချတဲ့ လူတွေဆိုတော့ ပင်ပင်ပန်းပန်းနဲ့ လုပ်ပြီးတော့ တကယ့်အနှစ်သာရကို ခံစားသွားရချင်မှ ခံစားသွားရမယ်။ ကိစ္စမရှိပါဘူး။ နောင်လာနောက်သားတွေ၊ ပြည်ထောင်စု မြန်မာနိုင်ငံသူနိုင်ငံသားများဟာ ကျမတို့ ချခဲ့တဲ့ အုတ်မြစ်ပေါ်မှာ ဒီမိုကရေစီနိုင်ငံကြီးကို တည်တည်တံ့တံ့ တည်ထောင်ပြီး ဒီမိုကရေစီအခွင့်အရေးတွေကို ခံစားသွားရမယ်ဆိုရင် ကျမတို့အတွက် အများကြီး ဂုဏ်ယူစရာဖြစ်ပါတယ်။ (အဖွဲ့ချုပ်ရုံး၊ လပွတ္တာ ၁၅–၁–၈၉)

ကျောင်းသားလူငယ်များဟာ ဘယ်လိုပဲ ဖိနှိပ်မှုတွေရှိရှိ၊ ဘယ်လိုပဲ သူများတွေ ဘယ်လိုလုပ်လုပ်၊ ဘယ်လိုပဲ သူများတွေ ညစ်ပတ်ညစ်ပတ်၊ တို့တတွေကတော့ သန့်သန့်ရှင်းရှင်း စင်စင်ကြယ်ကြယ်နဲ့ တိုင်းပြည်အကျိုးဆောင်တဲ့ လူငယ်တွေဖြစ်အောင်နေမယ်။ နောင်တခေတ်ကျလို့ရှိရင်လည်း တိုင်းပြည်အကျိုး ဆက်ပြီးဆောင်မယ့် လူကြီးတွေဖြစ်အောင် နေမယ်ဆိုတဲ့ ရည်ရွယ်ချက်တွေ ထားကြပါ။ (အဖွဲ့ချုပ်ရုံး၊ လပွတ္တာ ၁၅–၁–၈၉)

ဒီတိုင်းပြည်၊ ဒီမြေကြီးဟာ အင်မတန်မှ ချမ်းသာတယ်။ ပြည်သူလူထုဟာ အင်မတန်မှ ဆင်းရဲနေတယ်။ ဒါ မဖြစ်သင့်တဲ့ ကိစ္စပဲ။ ဒီတိုင်းပြည်၊ ဒီမြေကြီးဟာ ဒီလောက်တောင်မှ ချမ်းသာနေရင် မှန်မှန်ကန်ကန် လမ်းနဲ့ ပြည်သူလူထုအတွက် အကျိုးဆောင်သွားမယ့် အစိုးရများဟာ ပြည်သူလူထုကိုလည်း ချမ်းသာအောင် လုပ်ပေးနိုင်ရမယ်။ (လွတ်လပ်ရေးကျောက်တိုင်ရှေ့၊ ဘီတွတ်ကျေးရွာ ၁၅–၁–၈၉)

ဝေဿန္တရာဟာဆိုရင် အလွန်တရာမှ မြင့်မြတ်တဲ့ အလောင်းတော်မင်းတရားဖြစ်ပေမယ့်လည်း ပြည်သူလူထုကို ဆန့်ကျင်ပြီး ဆင်ဖြူတော်ကို လှူလိုက်တဲ့အခါ ပြည်နှင်ဒဏ်ခံရတယ်။ ပြည်သူလူထုရဲ့ ဆန္ဒကို မလိုက်လျောတဲ့မင်းဆိုတာ မင်းကျင့်တရားဆယ်ပါးနဲ့လည်း မကိုက်ညီဘူး။ ပြည်သူလူထုကလည်း လက်မခံဘူးဆိုတာ ကျမတို့ ဗုဒ္ဓဘာသာတရားအရလည်း လက်ခံခဲ့တယ်။ ခရစ်ယာန်တရားမှာလည်း မင်းကောင်းမင်းမြတ်များဟာ ဂရုဏာနဲ့ မေတ္တာနဲ့ ဆက်ဆံရမယ်ဆိုတာ ပါပါတယ်။ ဒါကြောင့်မို့လို့ ဘယ်ဘာသာပဲဖြစ်ဖြစ်၊ ဘာသာမရွေး၊ လူမျိုးမရွေး မင်းကောင်းမှန်ရင် ပြည်သူလူထုကို မဆန့်ကျင်သင့်ပါဘူး။ (အဖွဲ့ချုပ်ရုံး၊ မြောင်းမြ ၁၆–၁–၈၉)

အများပြည်သူ စိတ်ဒုက္ခရောက်နေတဲ့ တိုင်းပြည်မှာ စိတ်ချမ်းသာတဲ့လူဆိုတာ အင်မတန်မှ ရှက်စရာကောင်းတယ်။ ဒီလောက်တောင်မှ ကိုယ့်ဘေးကလူအများ ဆင်းရဲဒုက္ခရောက်နေလျက်သားနဲ့ ကိုယ်က စိတ်ချမ်းချမ်းသာသာနဲ့

www.burmeseclassic.com

နေနိုင်တယ်ဆိုတာ ကိုယ့်မှာ လူ့နှလုံးသားမရှိလို့ဘဲလို့ သတ်မှတ်ရပါမယ်။ ကိုယ်တယောက်ထဲ၊ ကိုယ့်မိသားစု၊ ကိုယ့်အသိုင်းအဝိုင်းပဲ စိတ်ချမ်းသာရင် တော်ပြီလို့ဆိုတဲ့ သူများဟာ လူမဆန်ပါဘူး။ (အဖွဲ့ချုပ်ရုံး၊ ဝါးခယ်မ ၁၆–၁–၈၉)

ကျမဟာ တပ်မတော်နဲ့ ပြည်သူလူထုကြားမှာ လုံးလုံး စိတ်ဝမ်းမကွဲစေချင်ဘူး။ အခုအချိန်မှာ တပ်မတော်ဟာ ဖေဖေဖြစ်စေချင်တဲ့ ပြည်သူကို ကာကွယ်မယ့်၊ ပြည်သူကို စောင့်ရှောက်မယ့်၊ နိုင်ငံရဲ့ ဂုဏ်သိက္ခာကို ထိန်းသိမ်းမယ့် တပ်မတော်ကြီးရယ်လို့ ဖြစ်စေချင်တယ်။ မဖြစ်တာကိုတော့ ကျမ ဝမ်းနည်းတယ်။ ဒီလို တပ်မတော်ကြီးပဲ ပြန်ပြီးတော့ ဖြစ်သွားစေချင်တယ်။ (အဖွဲ့ချုပ်ရုံး၊ ဝါးခယ်မ ၁၆–၁–၈၉)

ဖေဖေ အမြဲပဲမှာခဲ့တယ်။ ကလေးတွေကို ဘာကိုမှ မကြောက်စေနဲ့။ သူတို့ကြောက်ဖို့ရာ နှစ်ခုပဲရှိတယ်။ မတရားတဲ့ကိစ္စကိုလုပ်ဖို့ ကြောက်ရမယ်။ မမှန်တဲ့ကိစ္စကိုလုပ်ဖို့ ကြောက်ရမယ်။ လောကမှာ ကြောက်ဖို့ဆိုတာ ဒီနှစ်ခုပဲ ရှိပါတယ်တဲ့။ အဲ့ဒီတော့ ကျမတို့ရဲ့ မိဘပြည်သူများကိုလည်း အဲ့ဒီလိုပဲ နားလည်စေချင်ပါတယ်။ (လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီရုံး၊ ဝါးခယ်မ ၁၆–၁–၈၉)

ကျမတို့လူမျိုးတွေကို သစ္စာရှိတဲ့ လူမျိုး ဖြစ်စေချင်တယ်။ တယောက်နဲ့တယောက် တိုက်ခိုက်တဲ့ နေရာမှာတောင်မှ မြင့်မြင့်မြတ်မြတ် တိုက်ခိုက်တဲ့နည်းများနဲ့ တိုက်ခိုက်နိုင်ပါတယ်။ ရန်သူဆိုတာ မြင့်မြတ်တဲ့ရန်သူနဲ့ ယုတ်မာတဲ့ရန်သူ နှစ်မျိုးရှိပါတယ်။ မြင့်မြတ်တဲ့ ရန်သူဆိုတာ ယုတ်မာတဲ့ မိတ်ဆွေထက် အများကြီးပိုပြီးတော့ တန်ဖိုးရှိပါတယ်။ ဒါကြောင့်မို့လို့ ကျမတို့ဟာ ရန်သူဖြစ်နေတဲ့ သူတွေအပေါ်မှာလည်း မြင့်မြတ်တဲ့ စိတ်ထားရှိရမယ်။ (လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီရုံး၊ ပုသိမ် ၁၇–၁–၈၉)

နောင် တိုင်းပြည်ခေါင်းဆောင်များဖြစ်မယ့် လူငယ်များဟာ အခုကနေစပြီးတော့ ကိုယ်မှားသလား၊ မှန်သလားဆိုတာ သုံးသပ်ရဲတဲ့ သတ္တိလည်းရှိရမယ်။ မှားတဲ့အခါ ကိုယ့်ကိုကိုယ် ပြန်ပြီးတော့ ပြုပြင်နိုင်တဲ့ အရည်အချင်းလည်း ရှိရမယ်။ ဒီလို ကျမတို့တိုင်းပြည်မှ လူငယ်များဟာ ကိုယ့်ကိုကိုယ် မှားလို့ရှိရင် သုံးသပ်နိုင်မယ်၊ ဝန်ခံနိုင်မယ်၊ မမှားအောင် ပြုပြင်နိုင်မယ်ဆိုရင် နှစ်ဆယ့်ခြောက်နှစ်အတွင်းက ပျက်စီးခဲ့တဲ့ကိစ္စမှန်သမျှကို ကျမတို့ ပြန်ပြီးတော့ ပြင်သွားနိုင်မှာ ဖြစ်ပါတယ်။ (လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီရုံး၊ ပုသိမ် ၁၇–၁–၈၉)

အခု ဒီမိုကရေစီလိုချင်တဲ့ စိတ်ဆန္ဒများဟာ မြစ်ကြီးသဖွယ်ပဲ စီးဆင်းနေပါတယ်။ ဒီမြစ်ရေတွေကို ဘယ်သူမှ တားနိုင်မှာ မဟုတ်ပါဘူး။ အဲ့ဒီတော့ ကျမတို့အဖွဲ့ချုပ်ဟာ ဒီမြစ်ရေတွေကို မှန်တဲ့ကန်တဲ့ လမ်းကနေပြီးတော့ သွားနိုင်အောင်လို့၊ မြစ်ရေတွေဟာ လျှံပြီးတော့ အန္တရာယ်မဖြစ်နိုင်အောင်ဆိုတဲ့ တာဝန်တွေရှိပါတယ်။ ပြည်သူလူထုရဲ့ အင်မတန်မှ တက်ကြွတဲ့ စိတ်ဆန္ဒတွေကို ထိန်းထိန်းသိမ်းသိမ်းလုပ်ဖို့ လိုပါတယ်။ ဒါကြောင့်မို့လို့ ဒီလှုပ်ရှားမှုထဲမှာ ညီညွတ်မှုနဲ့ ထပ်တူအရေးကြီးတာကတော့ စည်းကမ်းရှိမှုပဲလို့ ကျမတို့ အတန်တန် ပြောနေတာဖြစ်ပါတယ်။ (အနောက်မြို့နယ်ရုံး၊ ပုသိမ် ၁၇–၁–၈၉)

အခုတိုက်ပွဲဟာ မြန်မာနိုင်ငံသူ နိုင်ငံသားအချင်းချင်း တိုက်ပွဲသဘောမျိုးဖြစ်လို့ အင်မတန်မှ ရင်နာစရာကောင်းပါတယ်။ ဒါပေမဲ့လည်း ဒီမိုကရေစီအတွက် လှုပ်ရှားတယ်ဆိုတာ အမှန်တရားကို အောင်မြင်စေချင်လို့၊ အများအကျိုးအတွက် ဖြစ်စေချင်လို့ လှုပ်ရှားတာပဲ။ ကိုယ်ကျိုးအမြတ်ထွက်ချင်လို့လည်း မဟုတ်ဘူး။ ဘယ်သူ့ကိုမှလည်း မဆိုးရွှံ့ မနစ်နာစေချင်ဘူး။ အဲ့ဒီတော့ အမှန်တရားကို အောင်မြင်စေချင်တဲ့ စိတ်စေတနာသန့်သန့်နဲ့ ကျမတို့အားလုံး ဆက်လုပ်သွားဖို့ လိုပါတယ်။ (အဖွဲ့ချုပ်ရုံး၊ ချောင်းဝ ၁၈–၁–၈၉)

မြန်မာနိုင်ငံလို ဆင်းရဲတဲ့နိုင်ငံမှာ ချမ်းသာနေရတာ အင်မတန် ရှက်ဖို့ကောင်းပါတယ်။ ကျမတို့ နိုင်ငံသူနိုင်ငံသားတွေဟာ မရှက်သင့်တဲ့နေရာမှာ ရှက်နေကြပါတယ်။ တောင်သူလယ်သမား ကျေးလက်လူထုက

www.burmeseclassic.com

www.burmeseclassic.com

ထမင်းနှစ်နပ်ကို အနိုင်နိုင်စားနေရတဲ့ချိန်မှာ တချို့က ငါးနပ်၊ ခြောက်နပ်စားနေတာ ရှက်စရာပါ။ တကယ် အကျင့်စာရိတ္တကောင်းပြီး စိတ်သဘောထား မြင့်မြတ်တဲ့လူများအနေနဲ့တော့ မြန်မာနိုင်ငံမှာ မိမိချမ်းသာဖို့ ကြိုးစားရတာဟာ ရှက်စရာ ဘယ်လောက်ကောင်းမလဲလို့ တွေးထင်ကြမှာပါ။ (အဖွဲ့ချုပ်ရုံး၊ ဟင်္သာတ ၂၄–၁–၈၉)

နေရာလိုချင်တယ်ဆိုတာ ကိုယ့်တယောက်ထဲအတွက်ပါ။ နေရာပေးချင်တယ်ဆိုတာ အများအကျိုးအတွက်ပါ။ အဲ့ဒီတော့ နေရာမလိုချင်ကြပါနဲ့။ နေရာပေးချင်ကြပါ။ အရည်အချင်းရှိပြီး အကျင့်စာရိတ္တကောင်းတဲ့သူတွေကို နေရာပေးကြပါ။ (အဖွဲ့ချုပ်ရုံး၊ ဟင်္သာတ ၂၄–၁–၈၉)

မိဘတွေက ဒီမိုကရေစီလှုပ်ရှားမှုထဲမှာပါတဲ့ လူငယ်တွေကို ဟန့်တားနေကြတယ်ဆိုတာ သိရပါတယ်။ မဟန့်တားကြပါနဲ့။ ကိုယ်ကြောက်လို့ ကိုယ့်သားသမီးတွေပါ ကြောက်ဖို့ သင်ပေးတယ်ဆိုရင် သိပ်ပြီးဆိုးတာပေါ့။ (အဖွဲ့ချုပ်ရုံး၊ ဟိုပုံး ၁၂–၂–၈၉)

ခေါမခေတ်က စပါတာနိုင်ငံမှာ ပြောလေ့ရှိတယ်။ စစ်တိုက်သွားဖို့ ဒိုင်းကိုင်ပြီး ထွက်သွားတဲ့အခါ အိမ်ကနေ အမေတွေ၊ အမတွေက အမြဲပဲမှာလိုက်တယ်။ ဒိုင်းကိုင်ပြီးတော့ ပြန်လာရင်လာ၊ ဒိုင်းပေါ်အိပ်ပြီးတော့ ပြန်လာရင်လာ၊ သေပြီးတော့ ပြန်လာရင်လာ၊ ဒါမှမဟုတ် စစ်ကိုနိုင်ပြီးတော့ ပြန်လာရင်လာ၊ စစ်ရှုံးပြီးတော့ ပြန်မလာပါနဲ့ဆိုတဲ့ အဓိပ္ပာယ်နဲ့ ပြောတာပဲ။ ကျမတို့အားလုံးဟာ ဒီလိုစိတ်ထားမျိုး ရှိရမယ်။ (အဖွဲ့ချုပ်ရုံး၊ ဟိုပုံး ၁၂–၂–၈၉)

ကျမတို့ဟာ နောင် ဒီမိုကရေစီပြည်ထောင်စုသစ် ထူထောင်ရေးအတွက်ကို ပင်လုံညီလာခံလို တိုင်းရင်းသားလူမျိုး အားလုံးပါဝင်တဲ့ ညီလာခံကြီးတခု ခေါ်ဖို့လိုအပ်တယ်လို့ ထင်ပါတယ်။ ဒီ ညီလာခံကနေပြီးတော့ ပြည်ထောင်စုတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားလူမျိုးစုများရဲ့ ရသင့်ရထိုက်တဲ့ အခွင့်အရေးများ၊ ကိုယ်ပိုင်ပြဋ္ဌာန်းချက်များ စတဲ့ကိစ္စတွေကို သေသေချာချာ ဆွေးနွေးပြီးတော့ အားလုံးရဲ့ သဘောတူညီချက်အရ အကောင်းဆုံးအဖြေကို ရှာမယ်ဆိုတဲ့ ရည်ရွယ်ချက်ရှိပါတယ်။ (အဖွဲ့ချုပ်ရုံး၊ ပင်လုံ ၁၂–၂–၈၉)

မြန်မာနိုင်ငံမှာ နှစ်ပေါင်းလေးဆယ်ကျော် လက်နက်ကိုင်နည်းနဲ့ ပြည်တွင်းငြိမ်းချမ်းရေးကို ရှာခဲ့ပါတယ်။ ဒါပေမဲ့ ခုထက်ထိ မရသေးပါဘူး။ ဒါကြောင့်မို့လို့ ကျမတို့အနေနဲ့ ပြည်တွင်းငြိမ်းချမ်းရေးရဖို့ဆိုတာ နိုင်ငံရေးနည်းနဲ့ ရှာရမယ်လို့ ယုံကြည်ပါတယ်။ (အဖွဲ့ချုပ်ရုံး၊ ပင်လုံ ၁၂–၂–၈၉)

ကျမတို့ဟာ အနိုင်ယူချင်ရင် အနိုင်ယူနိုင်တဲ့စိတ်တွေ မွေးရပါမယ်။ (အဖွဲ့ချုပ်ရုံး၊ တောင်ကြီး ၁၃–၂–၈၉)

ဆယ့်ရှစ်ရက် စက်တင်ဘာမှာ စစ်အစိုးရကနေပြီးတော့ အာဏာအရပ်ရပ်ကို သိမ်းပြီးတဲ့နောက် တိုက်ပွဲပုံစံပြောင်းရမယ်လို့ ယုံကြည်လို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဖွဲ့ခဲ့တာ ဖြစ်ပါတယ်။ (အဖွဲ့ချုပ်ရုံး၊ တောင်ကြီး ၁၃–၂–၈၉)

ဘယ်စနစ်မျိုးမဆို အောင်မြင်ဖို့ဆိုတာ ခေါင်းဆောင်ကောင်းလည်း ရှိရမယ်။ နောက်လိုက်ကောင်းလည်း ရှိရမယ်။ အဲ့ဒီတော့ နောက်လိုက်ကောင်းတယောက်ရဲ့ အရည်အချင်းဟာ ဘာလဲဆိုရင် အရေးအကြီးဆုံးကတော့ ခေါင်းဆောင်ကောင်းများ ဖော်ထုတ်နိုင်တဲ့ အရည်အချင်း ရှိရမယ်။ (အဖွဲ့ချုပ်ရုံး၊ တောင်ကြီး ၁၃–၂–၈၉)

လူတယောက်ရဲ့တန်ဖိုးကို ဒီလူရဲ့အသက်ကို ကြည့်ပြီးတော့ မဆုံးဖြတ်နိုင်ပါဘူး။ ဒါကြောင့် ကျမတို့ဟာ လူတိုင်းလူတိုင်းရဲ့ တန်ဖိုးကို မှန်မှန်ကန်ကန် ဝေဖန်ပြီးတော့ ပေးသင့်ပေးထိုက်တဲ့ နေရာကိုပေးကြပါ။ (အဖွဲ့ချုပ်ရုံး၊ တောင်ကြီး ၁၃–၂–၈၉)

www.burmeseclassic.com

www.burmeseclassic.com

ဒီအဖွဲ့ချုပ်ကြီး ဖျက်သိမ်းပေးမှ အမျိုးသားရေးဖြစ်တဲ့ ဒီမိုကရေစီလှုပ်ရှားမှုကြီး အောင်မြင်မယ်ဆိုလို့ရှိရင် ကျမတို့ ဖျက်သိမ်းပေးဖို့ အဆင်သင့်ပါပဲ။ ဒီအဖွဲ့ချုပ်က ရှေ့က နေပေးမှ၊ ကာကွယ်ပေးမှ ဒီလှုပ်ရှားမှုကြီးဟာ အောင်မြင်မယ်ဆိုရင်လည်း ကျမတို့ ရှေ့ကနေပြီး ကာကွယ်ပေးပါ့မယ်။ (အဖွဲ့ချုပ်ရုံး၊ တောင်ကြီး ၁၃–၂–၈၉)

ကျောင်းသားသမဂ္ဂဆိုတာ နိုင်ငံရေးပါတီ အရှိန်အဝါနဲ့လည်း ကင်းဝေးရမယ်။ ပါတီသြဇာနဲ့လည်း ကင်းဝေးရမယ်။ ကျောင်းသားသမဂ္ဂတခု ထူထောင်ပေးပြီးတော့ နိုင်ငံရေးမလုပ်ရဘူးဆိုတာ စစ်မှန်တဲ့သမဂ္ဂတခု ဖြစ်မှာမဟုတ်ဘူး။ ကျောင်းသားသမဂ္ဂဆိုတာ ဒီမိုကရေစီရမှ၊ ကျောင်းတွေအားလုံးဖွင့်မှ ကျောင်းသားအားလုံးရဲ့ သဘောတူညီဆန္ဒအရ တင်မြှောက်ထားတဲ့ သမဂ္ဂမှ ဖြစ်နိုင်မှာပါ။ (အဖွဲ့ချုပ်ရုံး၊ တောင်ကြီး ၁၃–၂–၈၉)

အောင်ဆန်းလမ်းစဉ်ဆိုတာ နိုင်ငံအတွက် အကောင်းဆုံးလမ်းစဉ်ပဲ။ လမ်းစဉ်တခုရယ်လို့မဟုတ်ဘူး။ နိုင်ငံ့အတွက် အကောင်းဆုံးလမ်းစဉ်။ ဒီလမ်းစဉ်ဟာ ကျမတို့ တချိန်လုံး အပြေရှာနေရမယ်။ ဒီနှစ်အတွက် ကောင်းတဲ့လမ်းစဉ်ဟာ နောက်နှစ်အတွက် ကောင်းတဲ့လမ်းစဉ် ဖြစ်ချင်မှဖြစ်မယ်။ နောက်နှစ်အတွက် ကောင်းတဲ့လမ်းစဉ်ဟာ နောင် ဆယ်နှစ်ကြာရင် ကောင်းတဲ့လမ်းစဉ်လည်း ဖြစ်ချင်လည်းဖြစ်မယ်။ ဒါပေမဲ့ ဒီလမ်းစဉ်တွေအားလုံးမှာ တူညီတဲ့ သဘောတခုရှိတယ်။ လမ်းစဉ်တိုင်း၊ လမ်းစဉ်တိုင်းဟာ နိုင်ငံအကျိုးအတွက်၊ အများပြည်သူအကျိုးအတွက် ဦးတည်ပြီးတော့ ခင်းလိုက်တဲ့လမ်းစဉ်ဟာ အောင်ဆန်းလမ်းစဉ်ပဲ။ (အဖွဲ့ချုပ်ရုံး၊ တောင်ကြီး ၁၃–၂–၈၉)

ပြည်သူလူထုက စောင့်ကြည့်မယ်လို့ပြောရင် ကျမက မေးချင်ပါတယ်။ ဘာကို စောင့်ကြည့်မှာလဲ။ သူများတွေ လုပ်သွားပြီးတော့ ဒီမိုကရေစီရတဲ့အထိ စောင့်ကြည့်မှာလား။ ကျမတို့ စောင့်လို့မဖြစ်ပါဘူး။ အဲ့ဒီတော့ အားလုံး ဝိုင်းဝန်းပြီးတော့ လုပ်ကြပါ။ (အဖွဲ့ချုပ်ရုံး၊ အောင်ပန်း ၁၅–၂–၈၉)

ဒီတိုင်းပြည်မှာ တောင်သူလယ်သမား ကျေးလက်ပြည်သူလူထုဟာ တိုင်းပြည်ရဲ့ အများစုကြီးပဲဖြစ်ပါတယ်။ ဒီတော့ ကျေးလက်ပြည်သူတွေဟာ ကိုယ့်ကိုကိုယ် အထင်မသေးကြပါနဲ့။ အားလုံးက ဒီမိုကရေစီလှုပ်ရှားမှုထဲ ပါဝင်လှုပ်ရှားဖို့ လိုပါတယ်။ ကျမတို့ကလည်း ကျေးလက်လူထုကြီးကို အားကိုးနေရတာပါ။ (အဖွဲ့ချုပ်ရုံး၊ ဖယ်ခုံ ၁၆–၂–၈၉)

ဆိုင်းဘုတ်တင်တယ်ဆိုတာ ဘုံရန်သူကို ပြဖို့ပဲဖြစ်တယ်။ ဒါ ငါတို့ရဲ့နေရာလို့ အားလုံးက တစုတစည်းတည်းနဲ့ ဘုံရန်သူကို ပြလိုက်တဲ့အနေနဲ့ ဆိုင်းဘုတ်တင်တာဖြစ်တယ်။ (အဖွဲ့ချုပ်ရုံး၊ ဖယ်ခုံ ၁၆–၂–၈၉)

ပြည်ထောင်စုတခု ထူထောင်ဖို့ဆိုတာ ဗမာတွေရဲ့ ကတိအပေါ်မှာ မတည်ပါဘူး။ ပြည်ထောင်စုတိုင်းရင်းသားများအားလုံး တယောက်ပေါ်တယောက် သစ္စာရှိမှုအပေါ်မှာ မူတည်ပါတယ်။ (မွေတော်ဓာတ်ဆင်စေတီ၊ မိုးပြဲ ၁၆–၂–၈၉)

မြန်မာနိုင်ငံမှာ ဒီမိုကရေစီရရှိဖို့ဆိုတာ ပြည်မမှာပဲ ဒီမိုကရေစီရလို့မဖြစ်ဘူး။ ပြည်နယ်တချို့မှာပဲ ဒီမိုကရေစီရရုံနဲ့လည်း မဖြစ်ဘူး။ မြန်မာနိုင်ငံတဝှမ်းလုံးမှာ ဒီမိုကရေစီရမှ ဒီမိုကရေစီနိုင်ငံတခု ထူထောင်နိုင်မှာပါ။ (မွေတော်ဓာတ်ဆင်စေတီ၊ မိုးပြဲ ၁၆–၂–၈၉)

ကျောင်းသားလူငယ်များ နယ်စပ်ရောက်သွားရတဲ့ကိစ္စ၊ လက်နက်ကိုင်ပြီး ဒီစနစ်ကို တိုက်ခိုက်ချင်တယ်ဆိုတဲ့ ကိစ္စများဟာ လက်ရှိအစိုးရရဲ့ တာဝန်ဖြစ်ပါတယ်။ အရင်နှစ်ကဖြစ်ခဲ့တဲ့ လက်နက်ကိုင်ပြီး ပြည်သူလူထုကို ဒီမိုကရေစီလှုပ်ရှားမှုကို နှိမ်နင်းခဲ့တဲ့ကိစ္စများရဲ့ အကျိုးဆက်ပဲ။ (အဖွဲ့ချုပ်ရုံး၊ ဖရူးဆိုး ၁၇–၂–၈၉)

နိုင်ငံရေးအလုပ် လုပ်တဲ့အခါမှာ ပြည်သူလူထုနဲ့ ကျမတို့ဟာ တတ်နိုင်သမျှ ပွင့်ပွင့်လင်းလင်း ဆက်ဆံချင်ပါတယ်။ (အဖွဲ့ချုပ်ရုံး၊ တပ်ကုန်း ၁၉–၂–၈၉)

www.burmeseclassic.com

www.burmeseclassic.com

ရွေးကောက်ပွဲမှာ လွတ်လပ်ဖို့၊ တရားမျှတဖို့ဆိုရာမှာ ပြည်သူလူထုက လူ့အခွင့်အရေးများရဖို့ လိုပါတယ်။ လွတ်လပ်စွာ ပြောဆိုပိုင်ခွင့်၊ လွတ်လပ်စွာ စည်းရုံးပိုင်ခွင့်၊ လွတ်လပ်စွာ စုရုံးပိုင်ခွင့်၊ လွတ်လပ်စွာ ရေးသားပိုင်ခွင့်ဆိုတဲ့ အခွင့်အရေးတွေ ရဖို့လိုပါတယ်။ ဒီလိုအခွင့်အရေးတွေ မရဘဲနဲ့ လွတ်လပ်ပြီးတော့ တရားမျှတတဲ့ ရွေးကောက်ပွဲတွေ လုပ်ပေးမယ်ဆိုတာ နည်းနည်းမှ အဓိပ္ပာယ်မရှိပါဘူး။ (အဖွဲ့ချုပ်ရုံး၊ တပ်ကုန်း ၁၉–၂–၇၉)

(ဓါတ်ပုံလာပါသည်)

အထိန်းသိမ်းခံနေရစဉ် ၁၉၉၂ ခုနှစ် မေလ၌ သားများနှင့် ပြန်လည်တွေ့ဆုံစဉ်

(နောက်ကျောဖုံး အတွင်းဘက်စာရွက်တခြမ်းတွင် ထည့်သွင်းရမည့် စာသားဖြစ်ပါသည်)

အောင်ဆန်းစုကြည်ကို ဗိုလ်ချုပ်အောင်ဆန်း၏ တဦးတည်းသောသမီးအဖြစ် မြန်မာနိုင်ငံသူနိုင်ငံသားတိုင်း သိရှိကြ၏။ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲ၌ အပြတ်အသတ် အနိုင်ရရှိခဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ဦးစီးတည်ထောင်ခဲ့သူဖြစ်သည်။ ၁၉၉၁ ခုနှစ်တွင် နိုဘဲလ်ငြိမ်းချမ်းရေးဆုကို ရရှိခဲ့သူဖြစ်ပြီး ကမ္ဘာပေါ်တွင် နာမည်အကျော်ကြားဆုံး၊ လူသိအများဆုံး နိုင်ငံရေးအကျဉ်းသားလည်းဖြစ်သည်။ သူမ၏ ရေးသားချက်များနှင့် ဟောပြောချက်များကို မြန်မာဘာသာဖြင့် ထုတ်သင့်သည်မှာ ကြာပြီဖြစ်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ကြန့်ကြာခဲ့ရသည်။ ထို့ကြောင့် အောင်ဆန်းစုကြည်၏ လက်ရွေးစင်စာတမ်းများနှင့် မိန့်ခွန်းများကို မြန်မာဘာသာဖြင့် ပထမဆုံးအကြိမ် စုစည်းတင်ပြထားခြင်းဖြစ်ပါသည်။ ၁၉၉၁ ခုနှစ် စာရေးသူ နိုဘဲလ်ငြိမ်းချမ်းရေးဆု ရရှိချိန်တွင် ထုတ်ဝေခဲ့ပြီး ဘာသာပေါင်းများစွာသို့ ပြန်ဆိုခဲ့သော မူရင်းအင်္ဂလိပ်စာအုပ်ကို အခြေခံ၍ မြန်မာပြန်ဆိုထားသည်။ သို့သော်လည်း ယခုစာအုပ်ကိုမူ မြန်မာစာဖတ်ပရိသတ်အတွက် အဓိကရည်စူး၍ ပြုစုထားသည့်အတွက် မူရင်းစာအုပ်ပါ ဆောင်းပါးအချို့ကို ချန်လှပ်ခဲ့ပြီး နောက်ပိုင်းတွင် ရေးသားခဲ့သော စာတမ်းနှင့် မိန့်ခွန်းအချို့ကို ထပ်မံဖြည့်စွက်ထားသည်။ စာရေးသူသည် လွတ်ရက် မခန့်မှန်းနိုင်သည့် အထိန်းသိမ်းခံဘဝမှ ရည်ညွှန်းချက်နှင့် အမှာစာကို ရေးသားထားပါသည်။ ဤစာအုပ်သည် နေရာအနှံ့အပြားမှ မြန်မာ စာဖတ်ပရိသတ်အတွက် အထူးတလည် စိတ်ဝင်စားဖွယ်ဖြစ်မည်ဟု ထုတ်ဝေသူက ယုံကြည်သည်။

*မျက်နှာဖုံးပန်းချီ ဦးပေါ်သိမ်း*

*(ဤနေရာတွင် စာအုပ်တအုပ်လုံး အဆုံးသတ်ပါသည်)*

www.burmeseclassic.com